# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်

No.135, OCTOBER, 2006

www.foreverspace.com.mm



# နိုင်ငံတည်ဆောက်ရေးနှင့် လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍ



www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

**This magazine is founded and managed**

**by board of directors of Myanmar Partners Think Tank Group in June, 1995**

**underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**


၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ ‘ဈေးကွက်စီးပွားရေးသတင်း’ ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ်ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ(လုံးဝ) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## EDITORIAL

# လူမှုအဖွဲ့အစည်းများ အရည်အသွေးမြှင့်တင်ရေး

ယနေ့ မြန်မာနိုင်ငံတွင် YMBA ကဲ့သို့ နှစ်ပေါင်းရာနှင့်ချီ၍ တည်ရှိနေခဲ့သော အသင်းအဖွဲ့များ၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းကဲ့သို့ ထူးခြားသော သဘာဝရှိသည့်အသင်းအဖွဲ့များမှသည် ရန်ကုန်မြို့တော်ရောက် သက်ဆိုင်ရာမြို့နယ်သူမြို့နယ်သားများက ဖွဲ့စည်းထူထောင်ထားသည့် မြို့နယ်အသင်းများအဆုံး လူမှုအသင်းအဖွဲ့များ မျိုးစုံတည်ရှိနေပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် အသင်းအဖွဲ့အများဆုံးပေါ်ထွန်းရာကာလအဖြစ် သုတေသနစာတမ်းတစ်ခုကဆိုသည်။

ယခုကဲ့သို့ လူမှုအသင်းအဖွဲ့များသည် တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏ဆိုသော သဘောတရားနှင့်အညီ သိသာထင်ရှားသောရလဒ်များ ဖြစ်ပေါ်စေရန် တစ်နည်းအားဖြင့် Collective Action ထွက်ပေါ်စေရန် လူ့အဖွဲ့အစည်းဝင်များ၏ ကြိုးပမ်းမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တစ်ဖက်တွင်လည်း မြန်မာတို့သည် အသိုင်းအဝိုင်းနှင့် နေထိုင်ရခြင်းကို ခုံမင်ပြီး လူမှုဝန်ထမ်းစိတ်အပြည့်အဝရှိသူများဖြစ်ရာ အခြေအနေပေးသည်နှင့်အမျှ ယခုကဲ့သို့ အသင်းအဖွဲ့မျိုးစုံ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။ ယခုနှစ်များအတွင်း ပေါ်ထွန်းလာခဲ့သော အသင်းအဖွဲ့အသစ်များကိုကြည့်လျှင် စီးပွားရေးနှင့်သက်ဆိုင်သောအသင်းအဖွဲ့များဖြစ်ရာ ယခင်က ထိုနယ်ပယ်တွင် ကွက်လပ်ဖြစ်နေခဲ့သည်ကို မြင်နိုင်ပေသည်။

အလားတူပင် မြန်မာနိုင်ငံပြင်ပတွင် အကြောင်းအားလျော်စွာ အလုပ်လုပ်ကိုင်နေသူ မြန်မာနိုင်ငံသားများစွာတို့က မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်အားပေးလိုပါသည်ဟု ဆန္ဒထုတ်ဖော်မှုများကိုလည်း မကြာခဏတွေ့ရပြီး လက်တွေ့အားဖြင့် ငွေအားလူအား ပါဝင်ကူညီနေသူများကိုလည်း ယနေ့ပင် တွေ့မြင်နိုင်ပါသည်။

အဓိကမီးမောင်းထိုးဖော်ပြလိုသောအချက်မှာ အထက်ပါအခြေအနေအရပ်ရပ်ကို နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် စနစ်ကျသောထည့်ဝင်မှုများအဖြစ် အသွင်ပြောင်းလဲပေးနိုင်ရေးလိုအပ်ချက်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တည်ရှိနေသော လူမှုအသင်းအဖွဲ့မျိုးစုံကို ယခုထက်ပိုမိုသော Collective Action ရရှိနိုင်ရေးအတွက် အောက်ပါသွင်းအားစုများ ထည့်သွင်းပေးရန်လိုအပ်သည်ဟု ဖော်ပြလိုပါသည်။

(၁) စနစ်ကျနသော စီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်စေရန် အရည်အသွေးမြှင့်တင်ပေးခြင်း၊
(Capacity Building)

(၂) စနစ်ကျနသော ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ဖြစ်ပေါ်စေရန် အကူအညီပေးခြင်း၊
[Social Re-engineering (Institutionalization) ]

(၃) နိုင်ငံတည်ဆောက်ရေးတွင် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန် ရေခံမြေခံကောင်းများ ဖန်တီးပေးခြင်း၊

**အယ်ဒီတာ**

၁၁–၉–၂၀၀၆

www.foreverspace.com.mm

## မာတိကာ


၃ အယ်ဒီတာ့အာဘော်

၅ ယခုလ စိတ်ကြိုက်ဝန်ဆောင်မှု

၆ ယခုလ အကြိုက်ဆုံးကြော်ငြာ

၇ ယခုလ သတင်းအညွှန်း

၈ မြန်မာ့စီးပွားရေးသတင်း

၃၂ မျက်နှာဖုံးဆောင်းပါး

နိုင်ငံတည်ဆောက်ရေးနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ — အယ်ဒီတာတစ်ဦး

၄၀ မြန်မာ့စီးပွားရေးမြင်ကွင်း

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ်ပညာရေး — ကျော်ဆန်းမင်း

၄၇ ဝင်ရောက်ထိန်းညှိပေးလာရသော မြန်မာနိုင်ငံဆန်ဈေးကွက် — တင်အောင်ကျော်

၅၃ HIV/AIDS ကာကွယ်ရေးနှင့် ပြုစုကူညီရေးလုပ်ငန်းများမှ လူမှုရေးအဖွဲ့အစည်းတို့၏ အခန်းကဏ္ဍ — နိုင်မင်းဝေ

၅၈ မျက်မှောက်မန္တလေးစီးပွားရေးမြင်ကွင်း — ဆန္ဒတေဇ

၆၄ နိုင်ငံခြားကုန်အမှတ်တံဆိပ်များနှင့် မြန်မာဉာဏဆိုင်ရာဥပဒေသစ် — သစ်ထွဋ်

၆၈ တိုးတက်ပြောင်းလဲလာသော ဖက်ရှင်ဒီဇိုင်းရပ်ဝန်း — ဇင်ဇင်သော်


၇၄ အိမ်နီမ့်စံဘဝမှ ပြန်လည်စန်းပွင့်လာသည့် မြန်မာ့စဥ့်ထည်ဈေးကွက် အလားအလာ — နိုင်မင်းဝေ

၇၉ ရန်ကုန်ကုန်စည်ဈေးကွက် — သန်းထိုက်သူ၊ သစ်ထွဋ်

၈၄ မြန်မာ့စီးပွားရေးအမြင်

စက်မှုလုပ်ငန်းများနှင့် ကာလတိုအတွင်း စီးပွားရေးဖွံ့ဖြိုးမှု အဂ္ဂ
၈၆ ၂၁ ရာစု ကမ္ဘာ့ပြဿနာ၊ မြန်မာ့ပြဿနာ — ထင်အောင်ကျော်

၈၉ ရေစီးရေလာ ဂျီဒီပီ — ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)





www.foreverspace.com.mm

# မာတိကာ











၉၄(A) **အာမခံစနစ်လိုအပ်ချက်** — အောင်ထူးထက်

၉၄(D) **စျေးဝယ်လမ်းညွှန်**

၉၆ **ကာတွန်း**
ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

၁၁၃ **ပညာရှင်စာတမ်း**
Transformational Leadership
ပါမောက္ခဒေါက်တာ အောင်ထွန်းသက်

၁၂၀ **တွေ့ဆုံခြင်း**
'Social Donation လုပ်တယ်ဆိုတာ ကိုယ့်အတွက် မဟုတ်ဘူး။ ကိုယ့်နိုင်ငံအတွက် လုပ်နေတာဆိုတာ သတိရှိကြဖို့ လိုတယ်' သီတဂူဆရာတော် ဦးဉာဏိဿရနှင့် တွေ့ဆုံခြင်း
ဉာဏ်လင်း

၁၂၈ **ကုန်စျေးနှုန်း**

၁၃၄ **ရက်စွဲမှတ်တမ်း**

၁၃၆ **တွေ့ဆုံဆွေးနွေး**

၁၃၈ **မြန်မာပြည်တွင်လုပ်သည်**

၁၄၀ **ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်**
Technoland Computer Trading Co., Ltd.

၁၄၂ **တစ်ဦးတည်း ကိုယ်စားလှယ်**

၁၄၃ **ထင်ရှားကျော်ကြား မြန်မာ့စီးပွား**

၁၄၆ **ဘယ်ပစ္စည်းဘာ့ကြောင့်**

၁၅၀ **အတွေးအမြင်**
ကမ္ဘာ့မိသားစုရုပ်ပုံလွှာ (၂) — ကျော်ဝင်း

၁၅၆ အမှန်သိဖို့ အရေးကြီးသည် — ဘုန်းမင်းဝေ

၁၅၈ Google (သို့မဟုတ်) Administrator နှင့် ဆက်သွယ်လိုပါသည် — ချွန်ထူးဟန်

၁၆၀ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း ၃၆ (၈) — လူထုစိန်ဝင်း

၁၆၂ ကျွန်တော်ပန်းချီကုန်သည် (၄၇) — ဦးလှဝင်း(လေသူရဲတစ်ဦး)

www.foreverspace.com.mm

# လုပ်ငန်းမှတ်တမ်း


**Board of Editors**

Chief Editor – ကျော်မင်းဆွေ

Editor In Charge (Production) – မင်းဇင်

Editor In Charge (On Duty) – ကျော်နိုင်

Editor In Charge (News) – မျိုးညွန့်မောင်

Senior Executive Editors – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး၊ ဉာဏ်လင်း

Executive Editors – နွေးအိငြိမ့်၊ ခိုင်ချို့ဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

Research & Development Editor – သီရိဇော်

Editors – စန်းမော်အောင်၊ သီဂီထိုက်

Chief Reporter – သောင်းထိုက်

Staff Reporters – တင်လင်း၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သန်းထိုက်သူ၊ သစ်ထွဋ်၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

**Art Director**

စိုးသော်တာ

**DTP Department**

Supervisor – မခိုင်

Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊ စောအိလိုင်းဂျာ၊ ကျော်လင်းဇော်

**Accountant**

အေးအေးဆင့်

**Advertising Department**

General Manager – ဖေအောင်ဇင်

Assistant Manager (Admin & Marketing) – စန်းသီတာ

Senior Marketing Assistants–စောဂေးနေထူး၊ စောဆာကီးလား

Marketing Assistants–ဖြူဖြူသီ၊ စောမောင်မောင်လေး

**Printing**

Manager – စောမိုးဇက်

**Production**

Manager – တင်ဝင်းထွဋ်

Assistant – ဟန်မြင့်

**Admin**

Office Superintendent – အောင်ကျော်ဆန်း

Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်

Receptionist – ဆုအိန္ဒြေဦး

**Distribution Department**

**Logistics Media Services**

**Cover Design –** စိုးသော်တာ

**Cover Logo –** အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator –** soe thaw dar ၊ Pe Thit Ti



**Publisher**

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**Printer**

Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

**Office**

အမှတ် ၂၇၀၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ဖက်စ်–၅၂၆၃၀၂

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

**Web Site - www.foreverspace.com.mm**

Photographer – K.M.S (Super King), P.A.Z, အောင်အောင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၈၆၉၀၆၀၉
Circulation – ၁၀၀၀
Price – ၁၀၅၀ ကျပ်
Copyright – Living Color
( ကြော်ငြာနှင့်စျေးဝယ်လမ်းညွှန် )


## ကျေးဇူးတင်လွှာ


ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်စျေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျော့ဘက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလ စိတ်ကြိုက်ဝန်ဆောင်မှု

ယခုလစိတ်ကြိုက်ဝန်ဆောင်မှုအဖြစ် ထိုင်းနိုင်ငံအခြေစိုက် Thai Air Asia ၏ ရန်ကုန်–ဘန်ကောက် ခရီးစဉ်များကို ရွေးချယ်လိုက်ပါသည်။ အဆိုပါခရီးစဉ်များသည် စရိတ်သက်သာသော ချေတာရေးလေကြောင်းလိုင်းဖြစ်ပြီး ဘန်ကောက်–ရန်ကုန် ခရီးစဉ်များကို အမေရိကန်ဒေါ်လာ ၂၅++ ဖြင့် ၎င်း၏ Website တွင် တရားဝင်လျှောက်ထားနိုင်ကာ ရန်ကုန်–ဘန်ကောက် အသွားအပြန်အတွက် အမေရိကန်ဒေါ်လာ ၈၀ ခန့်သာ ကျသင့်သည့်အတွက် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။ အဆိုပါ Thai Air Asia လေကြောင်းလိုင်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ပျံသန်းခဲ့ပြီး Air Asia လေကြောင်းလိုင်းကုမ္ပဏီ၏ အဖွဲ့ဝင်လေကြောင်းလိုင်းဖြစ်သည်။ ရန်ကုန်–ဘန်ကောက်ခရီးစဉ်များကို ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်ပျံသန်းပြေးဆွဲခဲ့သည်။

**အယ်ဒီတာ**



www.foreverspace.com.mm

## ADVERTISING OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ထုတ်လွှင့်ပြသလျက်ရှိသည့် Gold Roast Coffeemix ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ လူကြိုက်များသည့် သရုပ်ဆောင်များနှင့် ကြော်ငြာစီးရီးအသွင် ရိုက်ကူးထားခြင်း၊ ကြော်ငြာသည့်ကုန်ပစ္စည်းအတွက် အဓိကကျသည့် အကြောင်းအရာကို ရွေးချယ်တင်ဆက်ထားခြင်း၊ ကြည့်ရှုသူအများစုကြိုက်နှစ်သက်မှုရှိခြင်း စသည့်အချက်များကြောင့် ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။

ထုတ်လုပ်သည့်ကုမ္ပဏီအမည် – Myanmar Distribution Group Company Limited
ဒါရိုက်တာ – ကိုဇော်ဇော်
စိတ်ကူးနှင့် Idea – ဦးအောင်မော်သိန်း၊ ဇော်ဇော် (Future Com)
ကြာမြင့်ချိန် – ၄၀ စက္ကန့်
အဓိကပါဝင်သရုပ်ဆောင်သူများ – နိုင်းနိုင်း၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ

**အယ်ဒီတာ**



www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်း မှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော် ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

ထိုင်းအိမ်စောင့်ဝန်ကြီးချုပ် Caretaker Prime Minister သက်ဆင်သည် ဩဂုတ်လ ၂ ရက်နေ့က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်သို့ နေ့ဝက်ခရီး အလည်အပတ် လာရောက်၍ နိုင်ငံတော်အကြီးအကဲအပါအဝင် ငါးဦးစလုံးနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း . . . . .

၂၀၀၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ထုတ် Weekly Eleven News Journal No.45, Vol. 1 စာမျက်နှာ ၃ ပါ ထိုင်းအိမ်စောင့်ဝန်ကြီးချုပ် သက်ဆင် မြန်မာနိုင်ငံသို့ လာရောက်သည့်သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၃၅

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ

– နျူကလီးယားရူပဗေဒကို တက္ကသိုလ်ကြီးလေးခုတွင် ဘာသာရပ်တစ်ခုအဖြစ်သင်ကြားမည f
– ကြံခင်းမှ ပခုက္ကူအထိ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ရထားလမ်းဖောက်လုပ်
– သီလဝါစက်မှုဇုန်အား တရုတ်ဇင်ကျန်းစက်မှုဇုန်ပုံစံအတိုင်း ထူထောင်ဆောင်ရွက်သွားမည်
– နိုင်ငံအဆင့် အမျိုးသားဇီဝမျိုးစုံမျိုးကွဲနည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုစီမံချက် ရေးဆွဲလျက်ရှိ
– သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဟိုတယ်လုပ်ငန်းလိုင်စင်များ ဖျက်သိမ်းမည်
– ဗုဒ္ဓဂယာဘုရားဖူးများ နိုင်ငံကူးလက်မှတ် ကိုယ်တိုင်လာရောက်ပြုလုပ်ရမည်
– အင်းဝဘဏ်ခွဲများ ထပ်မံဖွင့်လှစ်မည်
– ရန်ကုန် ကုန်သွယ်မှုစင်တာကို ဈေးဝယ်စင်တာအသွင်ပြောင်းမည်

## ရွှေသံလွင်ကုမ္ပဏီ ခရီးသည်တင်ယာဉ် အစီး ၅၀၀ ကျော် တင်သွင်းမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**



ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ရွှေသံလွင်ကုမ္ပဏီက ခရီးသည်တင်ယာဉ်အစီးရေ ၅၀၀ တင်သွင်းမည်ဖြစ်ကြောင်း ကုမ္ပဏီနှင့်နီးစပ်သည့် သတင်းရပ်ကွက်မှ သိရသည်။

အဆိုပါခရီးသည်တင်ယာဉ်များအနက် စီးရေ ၅၀ မှာ ရန်ကုန်ဆိပ်ကမ်းဝင်းအတွင်း ရောက်ရှိနေပြီး သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်နေကြောင်း၊ ရန်ကုန်မြို့တွင်း သွားလာရေးအတွက် ခရီးသည်တင်ယာဉ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရွှေသံလွင်ကုမ္ပဏီက ပုဂ္ဂလိကခရီးသည်တင်ယာဉ်လိုင်းသစ်အဖြစ် ဝင်ရောက်ပြေးဆွဲရန်အစီအစဉ်ရှိကြောင်း၊ ထို့ပြင် လက်ရှိပြေးဆွဲနေသောယာဉ်လိုင်းများတွင် ယာဉ်အင်အားဖြည့်တင်းပေးရန်အတွက် ယာဉ်လိုင်းများအား ခွဲဝေရောင်းချပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

www.foreverspace.com.mm

# မူဆယ်မြို့ကိုပတ်၍ ကြယ်ဂေါင်အထိသွားမည့် ကွန်ကရစ်မြို့ပတ်လမ်း ဖောက်လုပ်ပြီးစီး

**ရန်ကုန်၊ စက်တင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်သွယ်ရာတွင် အဓိကအချက်အချာကျသည့် မူဆယ်မြို့ကိုပတ်၍ တရုတ်နိုင်ငံ ကြယ်ဂေါင်နယ်စပ် ဂိတ်အထိသွားနိုင်မည့် ကွန်ကရစ်မြို့ပတ် လမ်းဖောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ကုန်တင်ယာဉ်များသွားလာနိုင်တော့မည်ဖြစ်ကြောင်း မူဆယ်ဒေသခံကုန်သည်တစ်ဦးက ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြောကြားသည်။

မြို့ပတ်လမ်း မဖောက်လုပ်မီအချိန်က မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းမှ ကြယ်ဂေါင်အထိသွားလိုလျှင် မူဆယ်မြို့တွင်းမှနေ၍ ကွေ့ပတ်သွားလာရသည့်အတွက် အချိန်များစွာပေးရပြီး ခရီးလမ်းနှောင့်နှေးသဖြင့် လုပ်ငန်းများတွင်ကျယ်မှုမရှိကြောင်း၊ ယခုကဲ့သို့မြို့ပတ်လမ်းကိုနှစ်နိုင်ငံညှိနှိုင်းဖောက်လုပ်လိုက်ရာတွင် ခရီးစဉ်ရှစ်မိုင်ခန့် ကျုံ့သွားသည့်အတွက် အချိန် တိုတိုနှင့် သွားလာနိုင်သောကြောင့် မြန်မာဘက်မှထွက်ကုန်အများစုသည် တရုတ်ကုန်သည်လက်ဝယ်သို့ အချိန်မီရောက်ရှိသွားပြီး တရုတ်ငွေဈေးမြင့်တက်မှုပေါ်မူတည်၍ ဈေးကောင်းများရရှိကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။

LIVING COLOR MAGAZINE
526302 , 504496



# နျူကလီးယားရူပဗေဒကို တက္ကသိုလ်ကြီးလေးခုတွင် ဘာသာရပ်တစ်ခုအဖြစ်သင်ကြားမည်

**ရန်ကုန်၊ ဇူလိုင် ၃၀**

အဆင့်မြင့်ပညာဦးစီးဌာနများလက်အောက်ရှိ တက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော ရူပဗေဒဘာသာရပ်သင်ရိုးတွင် ဘာသာရပ်ခွဲတစ်ခု အဖြစ်ပါဝင်သည့် နျူကလီးယားရူပဗေဒကို တက္ကသိုလ်ကြီးလေးခုတွင် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်မှစ၍ ဘာသာရပ်ဌာနတစ်ခုအဖြစ်ဖွင့်လှစ်၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန၏ ဩဂုတ်လ ၂၅ ရက်နေ့ တရားဝင် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နျူကလီးယားရူပဗေဒကို ဘာသာရပ်ဌာနတစ်ခုအဖြစ် ဖွင့်လှစ်သင်ကြားမည့်တက္ကသိုလ်ကြီးလေးခုမှာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့ဖြစ်ကြကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းဘာသာရပ်ကို ရတနာပုံတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့တွင် ၂၀၀၆ ခုနှစ် ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများကို စတင်လက်ခံသင်ကြားပြီး B.Sc ဘွဲ့ကို အပ်နှင်းမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင်မူ ဘွဲ့လွန် M.Sc ကျောင်းသားများကို စတင်လက်ခံ၍ သင်ကြားမည်ဖြစ်ကြောင်း၊ လက်တွေ့သုတေသနပြုဆောင်ရွက်ခြင်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ စာတွေ့ပိုင်းကို တာဝန်ယူသင်ကြားမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် စုံစမ်းသိရှိရသည်။

www.foreverspace.com.mm

# ကြံခင်းမှ ပခုက္ကူအထိ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ရထားလမ်းဖောက်လုပ်

**ရန်ကုန်၊ ဩဂုတ် ၃၁**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ကြံခင်းမြို့မှ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသ ပခုက္ကူမြို့အထိ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ဆက်သွယ်ပေးမည့်ရထားလမ်းသစ်ကို ၂၀၀၆ ခုနှစ် ဇွန်လမှစတင်၍ ဖောက်လုပ်နေပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရှိရသည်။

စုစုပေါင်း မိုင် ၃၀၀ ခန့်ရှည်လျားပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်ရှိ မြို့ရွာများကို ဆက်သွယ်ဖောက်လုပ်မည့် အဆိုပါ ကြံခင်း–ပခုက္ကူ ရထားလမ်းသစ်စီမံကိန်းအတွက် လမ်းအူကြောင်း ရှာဖွေတိုင်းတာရန် မြန်မာ့မီးရထားက ၂၀၀၆ ခုနှစ်ဆန်းပိုင်းတွင် ပြည်တွင်းရှိ မြေတိုင်းတာရေးကုမ္ပဏီကြီးအချို့ကို တင်ဒါများခေါ်ယူခဲ့ပြီး ယခုအခါ လမ်းအူကြောင်းရှာဖွေခြင်းနှင့် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းသစ်သည် ဧရာဝတီတိုင်း ကြံခင်းမြို့၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျှစ်ပင်၊ မကွေးတိုင်း သရက်မြို့၊ မင်းဘူးမြို့၊ စလင်းမြို့နှင့် ပခုက္ကူမြို့တို့ကို ဆက်သွယ်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပုသိမ်မြို့မှ ကြံခင်းမြို့အထိလည်းကောင်း၊ မြေလတ်ဒေသ မကွေးတိုင်းအတွင်း ပခုက္ကူမြို့မှ ဂန့်ဂေါမြို့ကိုဖြတ်၍ စစ်ကိုင်းတိုင်း ကလေးမြို့အထိလည်းကောင်း ရထားလမ်းဆက်သွယ်ဖောက်လုပ်ထားပြီးဖြစ်ရာ အဆိုပါ ကြံခင်း–ပခုက္ကူရထားလမ်းသစ်ပြီးစီးသွားပါက ဧရာဝတီတိုင်း၏မြို့တော် ပုသိမ်မြို့မှ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းတို့ရှိ မြို့ရွာများကို ဖြတ်သန်းပြီး စစ်ကိုင်းတိုင်းအနောက်ဘက်ခြမ်း ကလေးမြို့အထိ ရထားခရီးဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။

# စီးပွားရေးတွက်ခြေကိုက်ဆဲဖြစ်၍ စစ်ကျန်ဘတ်စ်ကို လက်မလွှတ်နိုင်သေး

**သတင်းဆောင်းပါး–နိုင်မင်းဝေ၊ ၁၀–၉–၂၀၀၆**

**လက်ရှိကာလပေါက်ဈေးတစ်စီးလျှင် ကျပ်သိန်း ၆၀ ဝန်းကျင်ခန့်ရှိသော ဗိုက်ပူခေါ် စစ်ကျန်ချက်ဗလက်ကားကြီးများသည် သမိုင်းဝင်ဘတ်စ်ကားကြီးများဖြစ်သော်လည်း သမိုင်းတန်ဖိုးထက် လုပ်ငန်းရှင်များအတွက် စီးပွားရေးအရ တွက်ခြေကိုက်နေခြင်းကြောင့် ကောင်းမွန်စွာထိန်းသိမ်းနေကြခြင်းဖြစ်သည်ဟု အဆိုပါယာဉ်ပိုင်ဆိုင်သူတစ်ဦးက ပြောကြားသည်။**

ရန်ကုန်မြို့တွင်း၌ ယခုအချိန်အထိ ပြေးဆွဲနေသော အဆိုပါကားကြီးများ၏ သက်တမ်းသည် နှစ်ပေါင်း ၆၀ ခန့်ရှိပြီး စစ်အတွင်းမှစ၍ ယခု CNG ခေတ်အထိ ဝင်ငွေကောင်းနေကြောင်း၊ CNG တစ်ကြိမ်ဖြည့်ပြီးလျှင် လေးခေါက်ခန့်ပြေးဆွဲနိုင်၍ တစ်နေ့ဝင်ငွေ ကျပ် ၄၀၀၀၀ အထက်ရရှိနိုင်ကာ ယာဉ်မောင်းသူအတွက် ၆၀၀၀ ကျပ်နှင့် ယာဉ်နောက်လိုက်နှစ်ဦးအတွက် တစ်ဦးလျှင် ၂၅၀၀ ကျပ်ခန့်စီ အနည်းဆုံး ဝင်ငွေရရှိကြောင်း လှိုင်သာယာမြို့နယ်သို့ ပြေးဆွဲနေသော အမှတ် (၅၄)လိုင်းမှ ယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။

အဆိုပါစစ်ကျန်ကားကြီးများသည် Airconbus နှင့် နှိုင်းယှဉ်လျှင် အရင်းလည်းနည်းပြီး ဝင်ငွေလည်းနည်းပါးသည်ဟု အပေါ်ယံသုံးသပ်ကြသော်လည်း ရေရှည်တွင်ပြုပြင်ထိန်းသိမ်းမှုစရိတ်သက်သာခြင်း၊ ပျက်စီးမှုနည်းပါးခြင်း၊ အရန်ပစ္စည်းပေါများခြင်းတို့ကြောင့် ယခုအချိန်အထိ ယာဉ်လိုင်းများပေါ်တွင် ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း၊ အင်ဂျင်ပိုင်းဆိုင်ရာအပိုပစ္စည်းများကို အစားထိုး၍ရနိုင်ကြောင်း၊ ထူးထူးခြားခြားအပိုကုန်ကျသည်မှာ ကားကိုယ်ထည်ပိုင်းသာဖြစ်၍ ကျွန်းသစ်ဈေးကြီးမြင့်မှုကြောင့် ဈေးကြီးခြင်းဖြစ်ကြောင်း၊ ဈေးသက်သာသည့် အဆင့်မြင့် ကျွမ်းကျင်မက်ကင်းနစ်များလည်းရှိကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက အဆိုပါကားများ၏ အားသာချက်၊ အားနည်းချက်များကို ရှင်းပြသည်။

မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်အချို့သည် ၁၉၂၄ ခုနှစ်ခန့်တွင် ဖို့ဒ်မော်တော်ကားကုမ္ပဏီမှ အရစ်ကျဝယ်ယူပြီး မင်းမဟော်၊ ဣန္ဒိတံ၊ ခြသေ့ စသော

www.foreverspace.com.mm



အမည်များနှင့် ရွှေတိဂုံဘုရားမှ သိမ်ကြီးဈေး၊ ငါးထပ်ကြီးဘုရားမှ တိရစ္ဆာန်ဥယျာဉ်သို့ ပြေးဆွဲခဲ့သော်လည်း မြန်မာနိုင်ငံသို့ ၁၉၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ရောက်ရှိခဲ့ပြီး ၁၉၁၅ ခုနှစ်တွင် စီးရေ ရှစ်စီးခန့်ဖြစ်လာသည်ဟု မှတ်တမ်းအချို့အရ သိရသည်။

အဆိုပါကာလက ရန်ကုန်မြို့၌ မော်တော်ကားအစီးရေ ၁၅၅၉ စီးခန့်ရှိ၍ ကားအင်ဂျင်ဟောင်းများကို ကားပစ္စည်းအစိတ်အပိုင်းအသစ်များဖြင့် ပြန်လည်မွမ်းမံထားသောကားကြီးများဖြစ်ကြောင်း၊ ၁၉၄၅ ခုနှစ်ကတည်းက ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ အရေးပါခဲ့ကြောင်း အဆိုပါကာလကို သိမီလိုက်သူများက ရှင်းပြပါသည်။

စစ်ပြီးခေတ်က ကျန်ခဲ့ခြင်းဖြစ်၍ စစ်ကျန်ကားဟု ခေါ်ဝေါ်ကြသည့်အပြင် ကားဝမ်းဗိုက်ပူနေ၍ ဗိုက်ပူကားဟုခေါ်ကြကြောင်း၊ အဆိုပါမော်တော်ယာဉ်များ တွင် ဒီဇယ်ဆီသုံးမော်တော်ယာဉ်အစီးရေ ၁၅၀ ခန့်နှင့် CNG စနစ်သုံးမော်တော် ယာဉ် ၂၀၀ ကျော်ခန့်ရှိပြီး CNG စနစ်သို့ ပြောင်းရန်ဆန္ဒရှိသော်လည်း အင်ဂျင်အနေအထားအရ CNG ပြောင်း၍မရသည့် မော်တော်ယာဉ်များလည်းရှိကြောင်း၊ ယင်းမော်တော်ယာဉ်များကို တိုးချဲ့မြို့သစ်များသို့ အများဆုံးပြေးဆွဲပေးနေကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်များ၏ သက်တမ်းသည် နှစ်ပေါင်း ၆၀ ကျော်သော်လည်း အင်ဂျင်များကောင်းမွန်နေဆဲဖြစ်ပြီး အချို့အစိတ်အပိုင်းများကို အစားထိုးအသုံးပြု မောင်းနှင်၍ရသည့် အနေအထားရှိ၍ လှိုင်သာယာမြို့သစ် စတင်တည်ဆောက်စဉ်ကတည်းက ယခုအချိန်အထိ ပြေးဆွဲနေခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ရပ်ကွက်ဈေးများ၌ အရောင်းအဝယ်လုပ်ကိုင်ကြသည့် လက်လီကုန်စိမ်းရောင်းသူများ၊ သားငါးရောင်းသူများ စီးနင်းမှုများပြားကြောင်း (၅၄) ယာဉ်နောက်လိုက်တစ်ဦးက ရှင်းပြသည်။

ကားများ၏ပြုပြင်ရမှုအနေအထားသည် မောင်းသည့်လမ်းကြောင်းပေါ်မူတည်ပြီး လမ်းကောင်းတွင်မောင်းနှင်ခြင်းသည် ပြုပြင်ရမည့်စရိတ်နည်းပါးကြောင်း၊ လှိုင်သာယာသို့ ပြေးဆွဲသည့် (၅၄) ယာဉ်လိုင်းသည် ဘုရင့်နောင်တံတားကဲ့သို့ ကုန်းအတက်အဆင်းများရှိပြီး အခြားယာဉ်လိုင်းများနှင့်ယှဉ်လျှင် အနည်းငယ်ပိုမိုပြုပြင်ရကြောင်းနှင့် အမှတ် (၃၁)၊ (၄၈)၊ (၃၉) လိုင်းများသည် ဝင်ငွေပိုရကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ရှင်းပြသည်။



အဓိကအားဖြင့် မြို့သစ်များသို့ ပြေးဆွဲပေးနေရခြင်းဖြစ်ပြီး ဝင်ငွေနည်းသူများ အဆင်ပြေစွာသွားလာနိုင်ကြောင်း၊ အတက်အဆင်း တံခါးပေါက်နှစ်ပေါက်ရှိခြင်း၊ ပြင်ပလေအလွယ်တကူဝင်ရောက်နိုင်ခြင်း၊ ထိုင်ခုံများ၌ နေရာရရန်လွယ်ကူခြင်း၊ အခြားကားများနှင့်နှိုင်းယှဉ်လျှင် အချိန်များစွာမကွာခြားဘဲ လိုရာသို့ရောက်နိုင်ခြင်း စသည့်အချက်များကြောင့် ၄၈ ချက်ဗလက်ကားများကိုသာစောင့်ဆိုင်း၍စီးနင်းကြကြောင်း အင်းစိန်ကြို့ကုန်းမှ ပန်းဆိုးတန်းလမ်းသို့ အလုပ်ဆင်းရသူ အမျိုးသမီးတစ်ဦးက ရှင်းပြသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်လည်ပတ်လေ့ရှိသော ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အဆိုပါကားကြီးများကို အထူးအဆန်းသဖွယ်သဘောထားကြပြီး မြင်တွေ့သည့်အခါ အပျော်သဘောလိုက်ပါစီးနင်းကြသူများရှိသကဲ့သို့ မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုရိုက်ကူးခြင်းများ ပြုလုပ်လေ့ရှိကြောင်း ယာဉ်နောက်လိုက်တစ်ဦးက ရှင်းပြသည်။

ရန်ကုန်မြို့သည် ရွှေတိဂုံဘုရားကဲ့သို့ သမိုင်းဝင်အဆောက်အအုံများကြောင့် ကမ္ဘာ၌ လူသိများကျော်ကြားသကဲ့သို့ အခြေအနေအကြောင်းကြောင်းကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်ခြင်းကြောင့်လည်းကောင်း လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်ကတည်းက ဒေသခံများ စီးနင်းနေကြသည့် စစ်ကျန်ကားခေါ် ချက်ဗလက်ကားများ တစ်စုတစ်ဝေးတည်းရှိနေခြင်းသည် နိုင်ငံခြားသားများအဖို့ စိတ်ဝင်စားစရာကောင်းသည့် မြန်မာနိုင်ငံ၏ မြင်ကွင်းတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

■

www.foreverspace.com.mm



# သီလဝါစက်မှုဇုန်အား တရုတ်ဇင်ကျန်းစက်မှုဇုန်ပုံစံအတိုင်း ထူထောင်ဆောင်ရွက်သွားမည်

ရန်ကုန်၊ ဩဂုတ် ၂၃



မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်ဥပဒေအရ ပထမဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစက်မှုဇုန်ဖြစ်လာမည့် သီလဝါစက်မှုဇုန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ နာမည်ကျော် ဇင်ကျန်း(Xinjian)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစက်မှုဇုန်အတိုင်း ထူထောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရန် အထူးစီးပွားရေးဇုန်ဥပဒေကို ရေးဆွဲလျက်ရှိရာ မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း၊ အဆိုပါဥပဒေသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေထက် ပိုမိုလွတ်လပ်သောအခွင့်အရေးများပါဝင်နေရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် များစွာအဆင်ပြေကြောင်း၊ ဥပဒေအတည်ပြုထုတ်ပြန်ပြီးပါက ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ကမ်းလှမ်းသွားရန်ရှိကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

မကြာမီအကောင်အထည်ဖော်တော့မည့် သီလဝါစက်မှုဇုန်အတွက် တောင်ငူမြို့မှ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းရန်ပြင်ဆင်နေရာ အဆိုပါလျှပ်စစ်ဓာတ်ငွေ့သွယ်တန်းရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ကိုရီးယားလုပ်ငန်းရှင်များက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနထံသို့ ကမ်းလှမ်းမှုများရှိနေကြောင်း အဆိုပါဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြောကြား (သတင်းဖော်ပြပြီး ခေတ်မြန်မာ Weekly Vol.3, No.42 ) သည်။

Mass Peafowl News

# တရားဝင်အေဂျင်စီမဟုတ်ဘဲ အလုပ်သမားများကို မလေးရှားသို့ပို့ဆောင်ပေးမည်ဆိုကာ ငွေသိန်းရာကျော်ချီ လိမ်ယူမှုဖြစ်ပွား

**သတင်းဆောင်းပါး–ထားထားမြင့်၊ ၁၀–၉–၂၀၀၆**

**သက်ဆိုင်ရာတွင် မှတ်ပုံတင်ထားသော တရားဝင်အလုပ်သမားအေဂျင်စီမဟုတ်ဘဲ မလေးရှားသို့ ပို့ဆောင်ပေးမည်ဆိုကာ မြန်မာအလုပ်သမားများထံမှ ငွေသိန်း ၃၀၀ ကျော်နီးပါး လိမ်လည်သည့်ကုမ္ပဏီတစ်ခုကို ငွေပေးထားသူများက သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသို့ တိုင်တန်း၍ ငွေပြန်လည်ရရှိရေးကြိုးပမ်းနေကြကြောင်း ယခုလောလောဆယ်တွင် ရန်ကုန်မြို့တွင်နေထိုင်ပြီး မလေးရှားသို့အလုပ်သွားရောက်လုပ်ကိုင်ရန်ကြိုးပမ်းနေသူများထံမှ စက်တင်ဘာလဆန်းတွင် သိရသည်။**

အဆိုပါလိမ်လည်သွားသည့် ကုမ္ပဏီမှာ ကျောက်တံတားမြို့နယ် ၃၈ လမ်းတွင် ရုံးခန်းဖွင့်လှစ်ထားသော အေဂျင်စီတစ်ခုဖြစ်ပြီး မန္တလေးတိုင်း ပုဂံ–ညောင်ဦးမြို့နယ်နှင့် ချင်းပြည်နယ်တို့မှ လူငယ်များ မလေးရှားသို့သွားရောက်ရန်

www.foreverspace.com.mm



အတွက်ပေးထားသော ဝန်ဆောင်ခ ငွေကြေးများကို အလွဲသုံးစားပြုလုပ်သွားခြင်းဖြစ်သည်ဟု အဆိုပါအေဂျင်စီမှ ငွေပြန်ရရန် သက်ဆိုင်ရာသို့ တိုင်တန်းထားသော ဦးထွန်းထွန်းက ပြောကြားသည်။

"အစကတော့ ကျွန်တော်တစ်ဦးတည်းလို့ထင်တာ။ ပတ်စပို့နဲ့ ဗီဇာဝင်ပြီ၊ လေယာဉ်လက်မှတ်မရဘူးဆိုပြီး အကြိမ်ကြိမ်အကြောင်းပြပြီး မပို့ဘူး။ နောက်နေ့တိုင်းသွားပြီး သေသေချာချာစုံစမ်းတော့ ကျွန်တော့်လိုဖြစ်နေသူတွေ အများကြီးပဲဆိုတာသိရတယ်" ဟု ဦးထွန်းထွန်းက ဆိုသည်။ ဦးထွန်းထွန်းကဲ့သို့လူများ အချင်းချင်းတွေ့ဆုံပြီးနောက် ပြောဆိုကြရာမှ လူအတော်များများမှာ အဆိုပါ ကုမ္ပဏီသည် မလေးရှားသို့ မပို့ဆောင်နိုင်ဘဲ အကြောင်းအမျိုးမျိုးပြ၍ ငွေယူထားခြင်းဖြစ်ကြောင်း သိရှိလာရသည်ဟု ငွေလိမ်လည်ခံရသူ အခြားတစ်ဦးက ပြောကြားသည်။

သို့သော်လည်း မူလအစက အဆိုပါအေဂျင်စီသည် ငွေကြေးလက်ခံ၍ အလုပ်သမားများကို အမှန်တကယ်ပို့ဆောင်ပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်၍ အဆိုပါကုမ္ပဏီကြောင့် ၎င်းတို့၏ဆွေမျိုးသားချင်းများမှာ မလေးရှားတွင် အလုပ်လုပ်ကိုင်နေကြပြီး ၎င်းတို့မှ တိုက်တွန်းမှုကြောင့် အဆိုပါကုမ္ပဏီနှင့် ဆက်သွယ်လုပ်ကိုင်ကြခြင်းဖြစ်သည်ဟု ဦးထွန်းထွန်းက ဆိုသည်။

"သူက တခြားနာမည်ကြီး အေဂျင်စီတစ်ခုရဲ့ လက်ခွဲလို့ပြောတယ်ဗျ၊ သူက ကျွန်တော်တို့ကို အဲဒီကုမ္ပဏီအတွက် တစ်ဆင့်ခံ လူရှာပေးတာလို့လည်း ပြောတယ်။ ဒါပေမဲ့ အခုကျတော့ ဟိုကုမ္ပဏီကလည်း သူနဲ့မဆိုင်ဘူးလို့ဆိုတယ်" ဟု ဦးထွန်းထွန်းက ရှင်းပြသည်။

ငွေပေးသွင်းစဉ်ကမူ စာချုပ်စာတမ်းနှင့် ပေးထားခဲ့သည့်အတွက် ငွေလိမ်လည်သည်ဟု မသင်္ကာသည်နှင့် ချက်ချင်းရဲစခန်းသို့ တိုင်တန်းခဲ့ရာတွင် သက်ဆိုင်ရာက ကုမ္ပဏီမှ တာဝန်ရှိသူကို ချက်ချင်းဖမ်းဆီးခဲ့သည်ဟု မကွေးမှလာရောက်သည့်အလုပ်သမားများ၏ အုပ်ထိန်းသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့အုပ်စုကပဲ ဆယ်ယောက်ရှိတယ်။ တကယ်ကိုမှန်မှန်ကန်ကန်ပို့ရင် သူ့ပွဲစားခကလည်း မနည်းပါဘူး။ ဒါကိုအားမရဘဲ လိမ်ဖို့ကြိုးစားတယ်။ ရဲစခန်းမှာစစ်ဆေးကြည့်တော့ တရားဝင်အေဂျင်စီလည်းမဟုတ်ဘူးလို့ သိရတယ်"

သို့ရာတွင် သွားရောက်လုပ်ကိုင်လိုသူများကလည်း ငွေပေးသည့်အခါတွင် တရားဝင်လုပ်ကိုင်နေသော အေဂျင်စီဟုတ်မဟုတ်သေချာစွာ စစ်ဆေးလေ့လာပြီးမှ ငွေပေးသင့်ကြောင်း၊ မလေးရှားသို့ အလျင်အမြန်သွားရရေးအတွက် အပြောကောင်းသူကို အယုံလွယ်ကာ ငွေပေးလိုက်သဖြင့် ၎င်းတို့အတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါ



# ပန်းချီဆရာမောင်ဒီ၏ ငါးကြိမ်မြောက် Solo Show ပြသ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ပန်းချီနှင့် စာပေဆိုင်ရာနယ်ပယ်တွင် သက်တမ်းကြာမြင့်စွာ ဖြတ်သန်းလာခဲ့သူ ပန်းချီဆရာမောင်ဒီ (မျိုးညွန့်) ၏ ငါးကြိမ်မြောက် Solo Show ဖြစ်သော 21st Century D' Art Show ကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဗိဿနိုး ပန်းချီပြခန်းတွင် စက်တင်ဘာလ ၅ ရက်နေ့က စတင်ပြသခဲ့သည်။

ယင်းပွဲတွင် ပန်းချီကားများအပြင် တပ်ဆင်ခြင်းအနုပညာ (Installations) နှင့် သရုပ်ဖော်ပြသခြင်း (Performance) ပြကွက်များကို ပြသသွားခဲ့ပြီး စက်တင်ဘာလ ၉ ရက်အထိ ပြသခဲ့သည်။ ပန်းချီဆရာမောင်ဒီသည် မဂ္ဂဇင်းသရုပ်ဖော်ပုံများကို မျိုးညွန့် အမည်ဖြင့် ရေးသားခဲ့ပြီး ကာတွန်း၊ ကဗျာ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများရေးသားသူလည်းဖြစ်သည်။

www.foreverspace.com.mm

ကုမ္ပဏီနှင့် အလုပ်သမားကြားတွင် ကြားဝင်ဆောင်ရွက်ပေးနေသော သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ အများစုမှာ အခြေခံပညာအထက်တန်းအဆင့်သာ ရှိပြီး နိုင်ငံကူးလက်မှတ်၊ ဗီဇာ၊ D Form စသော ပြည်ပသို့ထွက်ခွာရန်ကိစ္စများကို နားလည်ကျွမ်းကျင်သူများ မဟုတ်ကြရာ လိမ်လည်သူများ၏ လှည့်စားမှုကို အလွယ်တကူနားမလည်နိုင်ဘဲ ငွေကြေးအတော်များများ ဆုံးရှုံးပြီးမှ သိကြသည်ဟု အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။

"ဒါက များများစားစားကုမ္ပဏီပုံစံမျိုးနဲ့မို့ လူသိတာပါ။ တချို့အေဂျင်စီမရှိဘဲ သက်သက်ပွဲစားဆိုပြီးလုပ်တဲ့သူတွေကလည်း ရှိသေးတယ်။ သူတို့ဆီမှာလည်း တစ်ဦးစ နှစ်ဦးစ ဆုံးရှုံးတဲ့သူတွေအများကြီးရှိနေပြီ"

ဩဂုတ်လ နောက်ဆုံးပတ်မှစ၍ မလေးရှားနိုင်ငံသို့လာရောက်သူများအား မလေးရှားနိုင်ငံအစိုးရမှ ဆိုက်ရောက်ဗီဇာပေးလျက်ရှိရာ မိမိတွင် ဆွေမျိုးသားချင်းအခံ မလေးရှားတွင်ရှိပါက ကြားမှအေဂျင်စီကို အခပေးရန်မလိုဘဲ မိမိဘာသာအလုပ်ရနိုင်ပြီဟု မလေးရှားမှ ပြန်လည်ရောက်ရှိလာသူ ဦးကျော်လင်းဦးကဆိုသည်။ သို့သော်လည်း ဆိုက်ရောက်ဗီဇာဖြင့် သွားရောက်အလုပ်ရှာဖွေရန်အတွက် လူရည်လည်သော ရန်ကုန်မြို့မှ လူငယ်များကသာ စွမ်းဆောင်နိုင်ပြီး အညာကျေးလက်ဒေသမှ လူငယ်များကမူ ထိုသို့လုပ်နိုင်ရန် မဖြစ်နိုင်သေးဟု ၎င်းက ပြောကြားသည်။

ထိုသို့သောအခြေအနေများရှိသည့်အတွက် အညာဒေသမှ ရိုးသားသော လူငယ်များမှာ မလေးရှားတွင် အလုပ်သွားလုပ်ရန်အကြောင်းပြချက်ဖြင့် လူလိမ်ပွဲစားများ၏ လိမ်လည်မှုကိုခံနေရကြောင်း မလေးရှားသို့ အလုပ်သွားလုပ်ရန်ကြိုးပမ်းနေသူများထံမှ သိရသည်။

**ထားထားမြင့်**

# ငါးပုစွန်ကန်များကြောင့် ဒီရေတောပျက်စီးပြုန်းတီးမှုသည် အဆိုးဝါးဆုံးဖြစ်

**ရန်ကုန်၊ ဩဂုတ် ၁၂**



ဒီရေတောများပျက်စီးပြုန်းတီးရခြင်းအကြောင်းအရင်းများအနက် ငါးပုစွန်ကန်များကြောင့် ပျက်စီးပြုန်းတီးမှုသည် အဆိုးဝါးဆုံးဖြစ်သည်ဟု ဒီရေတောစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကထားလုပ်ဆောင်နေသည့် အစိုးရမဟုတ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ခုဖြစ်သော ဒီရေတောဝန်ဆောင်မှုအဖွဲ့ (MSN) ၏ ဥက္ကဋ္ဌ ဦးဝင်းစိန်နိုင်က ဩဂုတ်လ ၁၅ ရက်နေ့က ပြောကြားသည်။

ဒီရေတောများ ပျက်စီးပြုန်းတီးရခြင်း အကြောင်းရင်းများစွာရှိသည့်အနက် သစ်တောသဘာဝသယံဇာတကို ထုတ်သုံး၍ ပျက်စီးခြင်းနှင့် ငါးပုစွန်ကန်များကြောင့် ပျက်စီးခြင်းကို နှိုင်းယှဉ်ကြည့်လျှင် ငါးပုစွန်ကန်များကြောင့် ပျက်စီးမှုသည် ပိုမိုကြီးမားကြောင်း၊ ဒီရေတောဆိုသည်မှာ သဘာဝအတိုင်း ဒီရေဝင်ရောက်မှုအပေါ်မူတည်၍ ရှင်သန်ကြီးပြင်းကြကြောင်း၊ ငါးပုစွန်ကန်များ တူးဖော်ရာ၌ ဒီရေတောများကို ခုတ်ထွင်ပြီး တာပိတ်လိုက်သဖြင့် ဒီရေအဝင်အထွက်မရှိတော့သောကြောင့် ဒီရေတောပင်များ ပျက်စီးရကြောင်း ၎င်းက ဆက်လက် ရှင်းပြသည်။

ထို့ပြင် ငါး၊ ပုစွန်ကန်များမှ စွန့်ပစ်သော ဓာတုကြွင်းကျန်ပစ္စည်းကြောင့် အဆိပ်အတောက်ဖြစ်စေကြောင်း၊ ငါးပုစွန်ကန်များ၏ သက်တမ်းသည် သုံးနှစ်မှ ရှစ်နှစ်အတွင်းရှိ၍ မွေးမြူပြီးနောက်ပိုင်း သဘာဝဝန်းကျင်ပျက်စီးခြင်း၊ ရေထုညစ်ညမ်းခြင်းဖြစ်ကျန်နေ၍ ငါး ပုစွန်ကန်နေရာတွင် ဒီရေတောများပြန်ပေါက်ရန် အနှစ် ၂၀ မှ ၃၀ ဝန်းကျင်အထိ စောင့်ဆိုင်းရကြောင်း ၎င်းက ဆိုသည်။

www.foreverspace.com.mm



# နိုင်ငံအဆင့် အမျိုးသားဇီဝမျိုးစုံမျိုးကွဲနည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှု စီမံချက် ရေးဆွဲလျက်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁**

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုမည့် နိုင်ငံအဆင့် အမျိုးသား ဇီဝမျိုးစုံမျိုးကွဲ နည်းဗျူဟာနှင့်လုပ်ငန်းဆောင်ရွက်မှုစီမံချက် (National Biodiversity Strategy and Action Plan-NBSAP) ကို သက်ဆိုင်ရာဌာနဆိုင်ရာနှင့် NGO အဖွဲ့အစည်းများပူးပေါင်း၍ ရေးဆွဲလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရှိရသည်။

အဆိုပါ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် အမျိုးသားဇီဝမျိုးစုံမျိုးကွဲနည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုစီမံချက် (NBSAP) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာန၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) (Asia-Pacific)၊ ဆက်စပ်လျက်ရှိသော အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်း (NGO) များမှ ကိုယ်စားလှယ်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၆ ခုနှစ် ဇူလိုင်လ ၇ ရက်မှ ၉ ရက်နေ့အထိ ရန်ကုန်မြို့ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ Natural Resource Use၊ Conservation and Ecology နှင့် Sustainable Development, Policy, Law, Environmental Education and Public Awarness ဟူသည့် ခေါင်းစဉ်သုံးခုဖြင့် လုပ်ငန်းအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းပြီး ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာအချက်အလက်များ စုဆောင်းရေးနှင့် သက်ဆိုင်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ အထက်ပါ ဘာသာရပ်အလိုက်လုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်များဖြင့် ဇီဝမျိုးစုံမျိုးကွဲ အချက်အလက်များစုဆောင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် အမေရိကန်အခြေစိုက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)(မြန်မာနိုင်ငံအစီအစဉ်) နှင့် ပူးပေါင်း၍ ကျားသတ္တဝါထိန်းသိမ်းစောင့်ရှောက်ရေးအမျိုးသားစီမံချက် (National Tiger Action Plan) ကို ၂၀၀၃ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အမေရိကန်အခြေစိုက် Smithsonian Institution အဖွဲ့အစည်းနှင့်ပူးပေါင်း၍ အမျိုးသားဆင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ကို ၂၀၀၇ ခုနှစ်တွင် ပြီးစီးအကောင်အထည်ဖော်နိုင်ရန် ရေးဆွဲလျက်ရှိသည်။ ယခုထပ်မံရေးဆွဲမည့် အမျိုးသားဇီဝမျိုးစုံ မျိုးကွဲနည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုစီမံချက် (National Biodiversity Strategy and Action Plan) မှာမူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သက်ရှိမျိုးစိတ်များအားလုံးနှင့် သက်ဆိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူတစ်ဦးက ဆိုသည်။

# နိုင်ငံလေးနိုင်ငံမှ မော်တော်ယာဉ် ၁၄ စီးပါယာဉ်တန်း ရှမ်းပြည်နယ်သို့ လာရောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁**

မလေးရှားခရီးသွားကုမ္ပဏီတစ်ခု၏ ဦးဆောင်မှုဖြင့် နိုင်ငံလေးနိုင်ငံမှ မော်တော်ယာဉ် ၁၄ စီးပါ ယာဉ်တန်းသည် ရှမ်းပြည်နယ်အတွင်းရှိ ထင်ရှားသော မြို့များကို လှည့်ပတ်ရန် နိုဝင်ဘာ ပထမအပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဟု ပြည်တွင်းခရီးသွားကုမ္ပဏီအချို့ထံမှ သိရသည်။

အဆိုပါ မော်တော်ယာဉ် ၁၄ စီးပါ ယာဉ်တန်းသည် မလေးရှား၊ စင်ကာပူ၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ခရီးသွား ၂၈ ဦးပါဝင်သည့် Overland Friendship Expedition China 2006 အမည်ရှိ ခရီးစဉ်ဖြစ်ပြီး တရုတ်နိုင်ငံ ဒါလော့မှ မိုင်းလား၊ မိုင်းလားမှတစ်ဆင့် ကျိုင်းတုံမြို့သို့ ဝင်ရောက်လှည့်ပတ်ပြီး ၎င်းမှတစ်ဆင့် တာချီလိတ်၊ တာချီလိတ်မှ တစ်ဆင့် မယ်ဆိုင်မြို့များသို့ ပြန်လည်ထွက်ခွာမည်ဟု ယင်းကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm



# ၂၄ နာရီခါတ်အားရရှိရေး ဗို့အားမြင့်ထရန်စဖော်မာများ လဲလှယ်ရန်လိုအပ်

**သတင်းဆောင်းပါး–သစ်ထွန်း၊ ၇–၉–၂၀၀၆**

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လာမည့် ၂၀၀၈ ခုနှစ်ဆန်းမှ စတင်၍ ၂၄ နာရီပတ်လုံး လျှပ်စစ်ဓါတ်အားရရှိရေးအတွက် သက်ဆိုင်ရာက မဟာဓါတ်အားလိုင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါကာလတွင် လျှပ်စစ်ဓါတ်အား အပြည့်အဝဖြန့်ဖြူးနိုင်ရေးအတွက် လက်ရှိထရန်စဖော်မာများထက် ဗို့အားမြင့်သည့် ထရန်စဖော်မာများဖြင့် လဲလှယ်သွားရန် လိုအပ်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

မဟာဓါတ်အားလိုင်းစီမံကိန်းအရ သာစည်မှတစ်ဆင့် မိတ္ထီလာနှင့် ကျောက်ဆည်ကိုဖြတ်၍ ပဲခူးသို့ ၅၀၀ KV ဓါတ်အားလိုင်းတစ်လိုင်း၊ ယင်းနှင့်အပြိုင် မုံရွာမှ ဟသ်ာတသို့ ၅၀၀ KV ဓါတ်အားလိုင်းတစ်လိုင်း၊ မုံရွာမှ ကျောက်ဆည်သို့ ၂၃၀ KV ဓါတ်အားလိုင်းတစ်လိုင်း၊ ဟသ်ာတမှ မြောင်းတကာသို့ဖြတ်၍ ပဲခူးသို့ ၂၃၀ KV ဓါတ်အားလိုင်းတစ်လိုင်း ချိတ်ဆက်သွယ်တန်းမည်ဖြစ်သည်။

လက်ရှိရန်ကုန်မြို့တော်တွင် သုံးစွဲလျက်ရှိသည့် ၆.၆ ထရန်စဖော်မာများကို ယင်းထက်ဗို့အားမြင့်သုံးစွဲနိုင်သည့် ၁၁.၆ ထရန်စဖော်မာများဖြင့် လဲလှယ်တပ်ဆင်အသုံးပြုခြင်းဖြင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရာတွင် များစွာအထောက်အကူရမည်ဖြစ်ကြောင်း အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြောကြားသည်။

ရန်ကုန်မြို့တော်ရှိ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် တွင် ဩဂုတ်လ ၂၁ ရက်နေ့က ကျင်းပခဲ့ သော ဒဂုံဆိပ်ကမ်းစက်မှုကော်မတီက အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သို့ 33/11 10 MVA ထရန်စဖော်မာတစ် လုံး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ဝန်ကြီးက အထက်ပါအတိုင်းပြောကြား ခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ်ဆန်းတွင် မြန်မာတစ်နိုင်ငံလုံး ၂၄ နာရီ လျှပ်စစ်ဓါတ်အားရရှိနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်ခြင်းအပါအဝင် အခြား သဘာဝဓါတ်ငွေ့သုံးစက်ရုံများမှ လျှပ်စစ်ဓါတ်အား တိုးထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓါတ်အား ၂၄ နာရီ ဖြန့်ဖြူးချိန်တွင် ဓါတ်အားအပြည့်အဝဖြန့်ဖြူးရန် လက်ရှိ ၆.၆ ထရန်စဖော်မာများကို ဗို့အားမြင့် ၁၁.၆ ထရန်စဖော်မာများဖြင့် လဲလှယ်တပ်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထိုသို့ ထရန်စဖော်မာများ လဲလှယ်ရာတွင် စက်မှုဇုန်လုပ်ငန်းရှင်များ ကိုယ်ထူကိုယ်ထလဲလှယ်ခြင်း၊ အများပြည်သူကိုယ်ထူကိုယ်ထလဲလှယ်ခြင်းနှင့် နိုင်ငံတော်မှ မတည်လဲလှယ်ခြင်း စသည့်နည်း

## သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိသောဟိုတယ်လုပ်ငန်းလိုင်စင်များ ဖျက်သိမ်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**


ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုထုတ်ပေးလျက်ရှိသော လုပ်ငန်းလိုင်စင်များကို ထုတ်ယူရမည့်သတ်မှတ်ရက် ကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ယင်းဝန်ကြီးဌာနမှ ဟိုတယ်နှင့် တည်းခိုခွင့်ရိပ်သာလုပ်ငန်းလိုင်စင်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်တို့ကို ထုတ်ပေးလျက်ရှိပြီး ယခင်က အဆိုပါလိုင်စင်များ သတ်မှတ်ရက်ထက်ကျော်လွန်ထုတ်ယူလျှင် ရက်လွန်ဒဏ်ကြေးသာ ကောက်ခံကြောင်း အဆိုပါကြေညာချက်အရ သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အထက်ဖော်ပြပါလုပ်ငန်းများ၏ လိုင်စင်ကြေးနှင့် လိုင်စင်အသစ်လဲလှယ်ကြေးနှုန်းထားများကို ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ ပြောင်းလဲကောက်ခံ (သတင်းဖော်ပြပြီး The Voice Weekly Vol.2, No.46) ခဲ့သည်။

www.foreverspace.com.mm





လမ်းညွှန်းသွယ်ဖြင့် လဲလှယ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။ ထိုသို့လဲလှယ်ရာတွင် လက်ရှိ ထရန်စဖော်မာများကို ပြည်တွင်းထုတ် ထရန်စဖော်မာလုပ်ငန်းများသို့ အဟောင်းပေးအသစ်လဲလှယ်သွားခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းရှင်များပါဝင်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ဖြစ်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးက ထရန်စဖော်မာများ လဲလှယ်မည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်ရှိ စက်မှုဇုန်များတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဗို့အားမြင့် ထရန်စဖော်မာများ လဲလှယ်တပ်ဆင်မှုများ ဆောင်ရွက်ခဲ့ရာ လဲလှယ်ပြီးစက်မှုဇုန်များတွင် ၂၄ နာရီ ဗို့အားမြင့်လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်၍ ကုန်ထုတ်လုပ်ငန်းများ အချိန်ပြည့်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"အရင် လျှပ်စစ်မီးကို အချိန်နဲ့ ပိုင်းသုံးနေရတာ။ ပေးတဲ့နေရာက အချိန်ပြည့်ပေးပေမယ့်လည်း တပ်ထားတဲ့ ထရန်စဖော်မာက ဗို့အားနည်းတော့ သုံးတဲ့အခါမှာ ဆွဲအားအပြည့်အဝမရဘူး။ အခု ထရန်စဖော်မာ လဲတပ်လိုက်တော့ ၂၄ နာရီကြိုက်သလောက်ဆွဲလို့ရသွားပြီ။ ထရန်စဖော်မာလဲလိုက်တဲ့အကျိုးကတော့ လက်ငင်းပဲ။ အခုဆိုရင် ကျွန်တော့်စက်ရုံမှာ နှစ်ဆိုင်းခွဲပြီး လုပ်နေရပြီ" ဟု လှိုင်သာယာစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် နေ့စဉ်လျှပ်စစ်ဓာတ်အား ၉၀၀ မဂ္ဂါဝပ်ကျော် သုံးစွဲနေရာ ယခင် ရန်ကုန်မြို့မှ ၄၅၀ မဂ္ဂါဝပ်သုံးစွဲခဲ့ပြီး အခြားဒေသများမှ ၄၅၀ မဂ္ဂါဝပ်သုံးစွဲရာမှ လျှပ်စစ်ဓာတ်အားသုံးစွဲခများ မြှင့်တင်လိုက်ပြီးနောက်ပိုင်း ရန်ကုန်မြို့မှ သုံးစွဲမှု မဂ္ဂါဝပ် ၁၀၀ လျော့ကျသွားသော်လည်း အခြားဒေသများမှ မဂ္ဂါဝပ် ၅၅၀ သုံးစွဲလျက်ရှိသည်။

လက်ရှိမြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံ ၁၀ ရုံ၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိုးရုံ၊ စွန့်ပစ်အပူပေး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ခြောက်ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၂၅ ရုံခန့်ရှိပြီး ယင်းဓာတ်အားပေးစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၁၅၄၆ မဂ္ဂါဝပ် ရရှိနိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် မဂ္ဂါဝပ် ၉၀၀ ကျော်သာ ရလျက်ရှိသည်။

ရန်ကုန်မြို့တော်တွင် ထရန်စဖော်မာလုံးရေ ၁၀၀၀၀ ခန့်ရှိရာ အဆိုပါ ထရန်စဖော်မာများကို ဗို့အားမြင့် ထရန်စဖော်မာများလဲလှယ်ပြီးပါက လျှပ်စစ်ဓာတ်အားလေလွင့်မှုကို ကာကွယ်နိုင်ပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ထရန်စဖော်မာများလဲလှယ်ခြင်းမှာ Infrastructure ဟုခေါ်သော အခြေခံအဆောက်အဦများကို တည်ဆောက်ခြင်းတွင် တစ်စိတ်တစ်ဒေသပါဝင်လျက်ရှိကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အသုံးပြုထရန်စဖော်မာများမှာ ၂၂.၆ ဗို့အားရှိကြောင်း၊ သို့ဖြစ်၍ ဗို့အားမြင့် ထရန်စဖော်မာများ လဲလှယ်ခြင်းဖြင့် ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်အင်ဂျင်နီယာတစ်ဦးက သုံးသပ်သည်။ ■

www.foreverspace.com.mm

## ဗုဒ္ဓဂယာဘုရားဖူးများ နိုင်ငံကူးလက်မှတ် ကိုယ်တိုင်လာရောက်ပြုလုပ်ရမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဗုဒ္ဓဂယာဘုရားဖူးသွားမည့်သူများသည် နယ်မှဖြစ်စေ၊ ရန်ကုန်မှဖြစ်စေ နိုင်ငံကူးလက်မှတ်ပြုလုပ်ရမည့်အဆင့်များကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကူးလက်မှတ်ရုံးတွင် ကိုယ်တိုင်ပြုလုပ်ရန် သက်ဆိုင်ရာက သတ်မှတ်ညွှန်ကြားထားကြောင်း ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့များထံမှ သိရသည်။

ယခင်ကမူ ဗုဒ္ဓဂယာဘုရားဖူးသွားမည့်သူများသည် ဓာတ်ပုံ၊ မှတ်ပုံတင်နှင့် လိုအပ်သည့်စာရွက်စာတမ်းကိုသာ ဘုရားဖူးအဖွဲ့သို့ပေးရန်လိုအပ်ပြီး နိုင်ငံကူးလက်မှတ်ကို ဘုရားဖူးအဖွဲ့များက အစအဆုံး တာဝန်ယူဆောင်ရွက်ပေးလေ့ရှိသည်ဟု အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ တာဝန်ရှိသူ ဒေါ်သဇင်မြင့်အောင်က ပြောကြားသည်။

ထိုကဲ့သို့ နိုင်ငံကူးလက်မှတ်ပြုလုပ်ရေးပုံစံစနစ် ပြောင်းလဲလိုက်သော်လည်း မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာဘုရားဖူးသွားလိုသူအရေအတွက်မှာ လျော့ပါးသွားခြင်းမရှိဘဲ နှစ်စဉ် ပို၍တိုးတက်များပြားလာကြောင်း အောင်ချမ်းသာဘုရားဖူးအဖွဲ့ထံမှ သိရသည်။

အသက် ၆၅ နှစ်ကျော်သူ ဘုရားဖူးများအနေဖြင့် ဆရာဝန်၏ ခရီးသွားခွင့်ပြုချက်ပါမှသာ လျှောက်လွှာတင်သွင်းခွင့်လက်ခံကြောင်း ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့များထံမှ စုံစမ်းသိရှိရသည်။

**ထားထားမြင့်**

## မြဝတီရုပ်သံမှ ဝါသနာရှင်အဆိုပြိုင်ပွဲ အပတ်စဉ်ထုတ်လွှင့်မည်

**ရန်ကုန်၊ စက်တင်ဘာ ၉**

အဆိုဝါသနာရှင်များပါဝင်ဖျော်ဖြေနိုင်မည့် အဆိုပြိုင်ပွဲအစီအစဉ်တစ်ခုကို မြဝတီရုပ်မြင်သံကြားမှ အပတ်စဉ်ထုတ်လွှင့်တင်ဆက်ရန် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအစီအစဉ်ကို စီစဉ်လျက်ရှိသည့် ဇိုမီရာကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

အဆိုပါအစီအစဉ်ကို အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်လျက်ရှိသည့် အမေးကမ္ဘာတွေးစရာအစီအစဉ်၏ နေရာတွင် အစားထိုးအစီအစဉ်တစ်ခုအနေဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး လတ်တလောတွင် အစီအစဉ်တင်ဆက်မှုကို အစမ်းရိုက်ကူး၍ မြဝတီရုပ်မြင်သံကြားသို့တင်ပြထားကြောင်း ဇိုမီရာကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ဆိုသည်။ ယင်းအစီအစဉ်ကို ခေတ်မီရုပ်သံအစီအစဉ်တစ်ခုအဖြစ် တင်ဆက်သွားရန် ရည်ရွယ်ထားပြီး မကြာမီထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ၎င်း၏အဆိုရ သိရသည်။

## *Logistics Centre* ထိုင်းနိုင်ငံဖြစ်လာ၍ မြန်မာနိုင်ငံအတွက် အကျိုးအမြတ်များစွာရှိလာနိုင်

ရန်ကုန်၊ ဩဂုတ် ၇

အာဆီယံနိုင်ငံများ၏ ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အချာ Logistics Centre အဖြစ် ထိုင်းနိုင်ငံကို သတ်မှတ်ပြီးပါက မြန်မာနိုင်ငံအတွက် အကျိုးအမြတ်များစွာရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) ၏ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းက Living Color သို့ ပြောကြားသည်။

Logistics Centre အဖြစ် ရွေးချယ်သတ်မှတ်ရန် အာဆီယံနိုင်ငံများကို လေ့လာကြည့်လျှင် စင်ကာပူနိုင်ငံသည် သေးငယ်သော ကျွန်းနိုင်ငံတစ်ခုဖြစ်နေခြင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျွန်းစုများ ပေါများနေခြင်းတို့ကြောင့် အာဆီယံနိုင်ငံများ၏ အလယ်ဗဟိုအဖြစ် တည်ရှိသော ထိုင်းနိုင်ငံသည် ရွေးချယ်ရန်အသင့်လျော်ဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ဆုံး အိမ်နီးချင်းနိုင်ငံတစ်ခုကို ကုန်သွယ်ရေးအချက်အချာ Logistics Centre အဖြစ် သတ်မှတ်လျှင် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများစွာ ရှိလာမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အရှေ့တောင်အာရှတွင် အကြီးဆုံးလေဆိပ်ဖြစ်လာမည့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ် ဖွင့်လှစ်ပြီးစီးပါက Logistics Centre အဖြစ် သတ်မှတ်ခံရသော ယင်းနိုင်ငံ၏ စီးပွားရေးမှာ တစ်ရှိန်ထိုးဖွံ့ဖြိုးလာနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



# အင်းဝဘဏ်ခွဲများ ထပ်မံဖွင့်လှစ်မည်

**ရန်ကုန်၊ ဩဂုတ် ၃၁**




မြန်မာနိုင်ငံ၏ မြို့ကြီးငါးမြို့တွင် အင်းဝဘဏ်ခွဲများ ထပ်မံဖွင့်လှစ်ရန်ရှိကြောင်း အဆိုပါဘဏ်၏ကြေညာချက် တစ်ရပ်အရ သိရသည်။

အင်းဝဘဏ်ခွဲများကို တောင်ငူ၊ ပုသိမ်၊ မော်လမြိုင်၊ မကွေး၊ ပခုက္ကူမြို့ကြီးများတွင် ထပ်မံဖွင့်လှစ်ရန်ရှိကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။ ပြီးခဲ့သည့် စက်တင်ဘာလ ၁ ရက်နေ့က ကလေး၊ စစ်တွေ၊ ပြည်၊ မိတ္ထီလာ၊ လွိုင်ကော်၊ မြိတ်၊ မြင်းခြံ မြို့ကြီးခုနစ်မြို့တွင်လည်း အင်းဝဘဏ်ခွဲသစ်များ တစ်ပြိုင်နက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုလက်ရှိ၌ မြန်မာနိုင်ငံနေရာအနှံ့အပြား၌ အင်းဝဘဏ်ခွဲပေါင်း ၁၈ ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ဘဏ်အချင်းချင်း ငွေပို့၊ ငွေလွှဲ စသည့်ဘဏ်လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

# နာရေးကူညီမှုအသင်းအား လွှဲပြောင်းပေးရမည့် သတင်းမမှန်

**စစ်တွေ၊ ဩဂုတ် ၁၆**



လူမှုရေးအကူအညီများကို အခမဲ့ ကူညီပေးနေသော အသင်းအဖွဲ့တစ်ခုဖြစ်သည့် နာရေးကူညီမှုအသင်း၏လုပ်ငန်းများကို ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့ အစည်းတစ်ခုအား လွှဲပြောင်းဆောင်ရွက်မည်ဆိုသည်မှာ မဟုတ်မှန်ဘဲ အသင်းအနေနှင့် ပုံမှန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အသင်း ဒု–ဥက္ကဋ္ဌ ဦးကျော်သူက ပြောကြားသည်။

ပြင်ပတွင် နာရေးကူညီမှုအသင်းနှင့် ပတ်သက်၍ သတင်းမျိုးစုံထွက်ပေါ်နေပြီး အဖွဲ့အစည်းတစ်ခုသို့ မကြာမီ လွှဲပြောင်းတော့မည်ဆိုသော သတင်းများကို ၎င်းတို့လည်းကြားနေရကြောင်း၊ လတ်တလောတွင် ယင်းသို့လွှဲပြောင်းရန် အစီအစဉ်မရှိကြောင်း ဦးကျော်သူက ဆိုသည်။

နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်း လက်ရှိတွင် နာရေးကူညီမှုများ၊ ချို့တဲ့သူများကို ဆေးဝါးကူညီမှုများ ပုံမှန်ပေးနေပြီး အသင်းသို့လည်း အကူအညီများ ဆက်လက်တောင်းခံနိုင်ကြောင်း ပြောကြားသည်။

နာရေးကူညီမှုအသင်းသည် ရန်ကုန်မြို့တော်တွင် နာရေးကူညီမှုယာဉ် ၁၄ စီးဖြင့် နေ့စဉ် ပိတ်ရက်မရှိ အကူအညီပေးနေကြောင်း ၎င်း၏အဆိုအရ သိရသည်။

နာရေးကူညီမှုအသင်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

Associated News

www.foreverspace.com.mm

# ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်ရှိ ကုလသမဂ္ဂရုံးများအားလုံး Dusit Inya Lake ဟိုတယ်သို့ ၂၀၀၇ ခုနှစ်တွင် ပြောင်းရွှေ့မည်

ရန်ကုန်၊ ဩဂုတ် ၃၁



ရန်ကုန်မြို့ အလုံလမ်းရှိ အင်တာနေရှင်နယ်ဟိုတယ်တွင် ရုံးခန်းဖွင့်လှစ်ထားသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ရုံးများသည်

ရန်ကုန်မြို့ ကမ္ဘာ့အေးဘုရားလမ်းရှိ Dusit Inya Lake ဟိုတယ်သို့ ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်ရန် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း Dusit Inya Lake ဟိုတယ်၏ အထွေထွေမန်နေဂျာ Mr.Edward Hoogeweegen က ပြောကြားသည်။

ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်၌ လက်ရှိရုံးခန်းများ ဖွင့်လှစ်နေသော ကုလသမဂ္ဂရုံးများမှာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၊ Joint United Nations Programme on HIV/AIDS တို့ဖြစ်ပြီး ကမ္ဘာ့အလုပ်သမားအဖွဲ့ (ILO) ၏ Lasin Officer ရုံးကိုလည်း ဖွင့်လှစ်ထားရှိရာ ပြောင်းရွှေ့မည့်ရုံးများတွင် အဆိုပါရုံးပါပါဝင်မည်ဟု ၎င်းက ဆိုသည်။

မကြာခင်ပြောင်းရွှေ့လာမည့် ရုံးခန်းများအတွက် Dusit Inya Lake ဟိုတယ်မှ ရုံးခန်းနေရာအချို့ကို ပြင်ဆင်ဆောက်လုပ်သွားမည်ဟု ဟိုတယ်တာဝန်ရှိသူများထံမှ သိရသည်။

Dusit Inya Lake ဟိုတယ်မှာ မြန်မာနိုင်ငံတွင် အခြားဟိုတယ်ကြီးများ မဖွင့်လှစ်မီက အကောင်းဆုံးဟိုတယ်များတွင် ပါဝင်ခဲ့ပြီး Renaissance ဟိုတယ်အုပ်စုထံမှ Dusit အုပ်စုက တာဝန်လွှဲယူကာ စီမံခန့်ခွဲနေသော ဟိုတယ်တစ်ခုဖြစ်သည်။

**ထားထားမြင့်**

## ရန်ကုန် ကုန်သွယ်မှုစင်တာကို ဈေးဝယ်စင်တာအသွင်ပြောင်းမည်

**ရန်ကုန်၊ ဩဂုတ် ၁၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးပေါ်ရှိ ရန်ကုန် ကုန်သွယ်မှုစင်တာကို ဈေးဝယ်စင်တာ(Shopping Mall)တစ်ခု အသွင်ပြောင်းရန် နာမည်ကြီး Super Market လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရှိရသည်။

ရန်ကုန် ကုန်သွယ်မှုစင်တာသည် ရန်ကုန်မြို့၏ အချက်အချာကျသော နေရာတွင်ရှိပြီး ဈေးဝယ်စင်တာ (Shopping Mall) ဖွင့်လှစ်သင့်သောနေရာတစ်ခုဖြစ်သည်ဟု အဆိုပါဌာနထံမှ သိရသည်။

ရန်ကုန် ကုန်သွယ်မှုစင်တာကို ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် တည်ဆောက်ခဲ့ပြီး ပြည်ပကုန်စည်ပြပွဲများကိုသာ လက်ခံကျင်းပသောနေရာတစ်ခုဖြစ်သည်။ အဆိုပါ ကုန်သွယ်မှုစင်တာ၌ နောက်ဆုံးကျင်းပခဲ့သော ကုန်စည်ပြပွဲမှာ ၂၀၀၅ ခုနှစ် ထိုင်းကုန်စည်ပြပွဲဖြစ်သည်။

**ထားထားမြင့်**

www.foreverspace.com.mm



# ပုံမှန်နှင့် နယ်စပ်ကုန်သွယ်ရေးနှစ်ခုစလုံးတွင် ကြားခံကုမ္ပဏီ (Agent) များ ခွင့်ပြုတော့မည်မဟုတ်

**ရန်ကုန်၊ ဩဂုတ် ၁၀**

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် အိမ်နီးနားချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ကြားခံကုမ္ပဏီ (Agent) များဖြင့် ကုန်သွယ်ခြင်းကို လုံးဝခွင့်ပြုတော့မည်မဟုတ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ပြောကြားသည်။

ရန်ကုန်မြို့ အဆိုပါဦးစီးဌာန၌ ဩဂုတ်လဆန်းပိုင်းက ကျင်းပခဲ့သော နယ်စပ်ကုန်သွယ်ရေးကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ် ၂/ ၂၀၀၆ တွင် ၎င်းကအထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကုန်သွယ်မှုလုပ်ရာတွင် ကုန်သွယ်မှုပြုလုပ်လိုသည့် ကုမ္ပဏီမှ ဝန်ထမ်းကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး ကုမ္ပဏီဝန်ထမ်းကတ် မဖြစ်မနေပါရှိရမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်ရာတွင် ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ကိုယ်စားလှယ်လွှဲစာ ခန့်အပ်ထားသူများကသာ လိုင်စင်လျှောက်ထားနိုင်ကြောင်း၊ Agent များအားခွင့်ပြုချက်ပေးလျှင် ခွင့်ပြုချက်ပေးသည့်ဝန်ထမ်းနှင့် Agent ဆိုသူများကိုပါ ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း ဦးစံပြည့်က ထပ်လောင်းပြောကြားသည်

Mass Peafowl News

# လှည်းတန်းမီးပွိုင့်အနီးတွင် ခြေဖမိုးကားကြိတ်ခံ၍ ငွေတောင်းခံမှုများ မကြာခဏဖြစ်ပေါ်

**ရန်ကုန်၊ ဩဂုတ် ၅**

ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီး ယာဉ်ကြောပိတ်ဆို့၍ ယာဉ်ကျပ်ချိန်များတွင် ဖြည်းညင်းစွာမောင်းလာသော ကိုယ်ပိုင်ယာဉ်များအောက်သို့ ခြေဖမိုးထိုးသွင်း၍ ကားကြိတ်ခံပြီး ငွေကြေးတောင်းရမ်းမှုများ မကြာခဏဖြစ်ပေါ်နေကြောင်း လှည်းတန်းမှတ်တိုင်အနီးရှိ အငှားယာဉ်ဂိတ်မှ ယာဉ်မောင်းများက တညီတညွတ်တည်း ပြောကြားသည်။ ဩဂုတ်လ ၃ ရက်နေ့ညနေတွင် အဆိုပါကဲ့သို့ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်မှာ ငွေကြေးတောင်းသည့် ကလေးငယ်သုံးဦးမှာ မှန်အလုံပိတ်မောင်းလာသော ဆလွန်းကား(ခဲရောင်)တစ်စီး မီးပွိုင့်အနီး ယာဉ်ကြောပိတ်ဆို့၍ အရှိန်လျှော့မောင်းလာစဉ် ကလေးငယ်တစ်ဦးက ဘီးအောက်သို့ ခြေဖမိုးထိုးသွင်းပြီး ကားကြိတ်နေပြီဟု အော်သည့်အတွက် ကားအတွင်းမှ ယာဉ်မောင်းဆင်းလာပြီး ငွေ ၃၀၀၀ ကျပ် ထုတ်ပေးမှ ကျန်နှစ်ယောက်ကတွဲ၍ ထွက်ခွာသွားကြောင်း ၎င်းတို့ကဆိုသည်။

အဆိုပါကလေးငယ်များမှာ လှည်းတန်းမီးပွိုင့်နှင့် တာမွေအဝိုင်းထိပ်မီးပွိုင့်တို့တွင် ကားကြိုကားကြား၌ နေ့ညမရှောင် တောင်းရမ်းနေပြီး ယင်းသို့ မသမာမှုများလည်း မကြာခဏပြုလုပ်တတ်ကြောင်း၊ ယာဉ်ပိုင်ရှင်များမှာ လိမ်လည်သည်ကို သိရှိသော်လည်း အချိန်ကုန်၊ ပြဿနာဖြစ်မည်ကို မလိုလား၍ ငွေပေး၍ ဖြေရှင်းကြခြင်းဖြစ်ကြောင်း ယင်းသို့ကြုံတွေ့ခဲ့ရသူ ယာဉ်မောင်းတစ်ဦးထံမှ သိရသည်။ ■

# ပုစွန်သားပေါက်များ ပြည်ပဈေးကွက်မှ မှာယူ

**ရန်ကုန်၊ ဩဂုတ် ၈**

ရေချိုပုစွန်များ မွေးမြူနေသည့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်ရှိ ရေချိုပုစွန်မွေးမြူသူများထံသို့ ပြည်ပဈေးကွက်များမှ ရေချိုပုစွန်သားပေါက်များ မှာယူမှုရှိကြောင်း ရေချိုပုစွန်မွေးမြူသည့် လုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လ ၂၅ ရက်နေ့တွင် ပြောကြားသည်။ မူလက ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းရှင်များသည် ရေချိုပုစွန်ကို ပြည်ပသို့ တင်ပို့ရာ၌ အကောင်လိုက်သော်လည်းကောင်း၊ ခေါင်းဖြုတ်၍သော်လည်းကောင်း တင်ပို့ပြီး ပုစွန်အခွံအမှုန့်များကိုပါ တင်ပို့ရောင်းချရာမှ ယခုအခါ ပြည်ပဈေးကွက်မှ ပုစွန်သားပေါက်များပါ ဝယ်ယူရန် ကမ်းလှမ်းလာခြင်းကြောင့် စတင်ပေါက်ဖွားသည့်အရွယ်မှစ၍ မွေးကန်အတွင်းသို့ မထည့်မီ အရွယ်အစားရှိ သားပေါက်များကို တင်ပို့ရန်စီစဉ်နေကြောင်း၊ သို့သော်ပြည်ပသို့တင်ပို့လျှင် ပြည်တွင်းမွေးမြူရေးသမားများ အနေဖြင့် သားပေါက်များ ရရှိနိုင်မှုလျော့နည်းသွားမည်ဖြစ်၍ ပြည်ပတွင် သင့်လျော်သည့် ဈေးနှုန်းရရှိမှသာ တင်ပို့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm

# ဩဂုတ်လအတွင်း အခြေခံပညာကျောင်း ၁၁၃ ကျောင်း၌ ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောခဲ့

ရန်ကုန်၊ ဩဂုတ် ၃၁



မြန်မာငှက်ဝါသနာရှင်အသင်း၏စီစဉ်မှုဖြင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဩဂုတ်လအတွင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်ရှိ ကျေးရွာများမှ အခြေခံပညာကျောင်းစုစုပေါင်း ၁၁၃ ကျောင်း၌ ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟာပြောခဲ့ကြောင်း အသင်းအမှုဆောင်တစ်ဦးက Living Color သို့ ပြောကြားသည်။

အသင်းအနေဖြင့် ကချင်ပြည်နယ် တနိုင်းမြို့နယ်၊ မံစီမြို့နယ်နှင့် မိုးမောက်မြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်းကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်း စုစုပေါင်း ၁၁၃ ကျောင်းမှ ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၃၀၆၇ ဦးတို့အား သက်ဆိုင်ရာ ဒေသအလိုက် နေထိုင်ကျက်စားလျက်ရှိသည့် ငှက်မျိုးစိတ်များ၊ မြန်မာနိုင်ငံရှိ သစ်ပင်သစ်တောများ၊ ရေတိမ်ဒေသများ၊ ယင်းတို့၏ အရေးပါပုံနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းတို့ကို ကွင်းဆင်းပညာပေးဟောပြောခဲ့ကြောင်း၊ ယင်းသို့ ပညာပေးဟောပြောရာ၌ အသင်းမှ တာဝန်ရှိသူများနှင့်အတူ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၊ သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း (CTRD)တို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်းပါဝင်ကူညီခဲ့ကြကြောင်း၊ ထို့အပြင် ကချင်ပြည်နယ် ပူတာအိုမြို့

## ပြင်သစ်ပရိုင်းမိတ်ပညာရှင်များ လူတူမျိုးနွယ်စုများရှာရန် စစ်ကိုင်းတိုင်းကိုရွေးချယ်

ရန်ကုန်၊ ဩဂုတ် ၉

ကမ္ဘာပေါ်တွင် လူသားအစဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံ၌ လူတူမျိုးနွယ်စုများထပ်မံရှာဖွေရန် ပြင်သစ်ပရိုင်းမိတ်ပညာရှင်များက စစ်ကိုင်းတိုင်းကို ရွေးချယ်ထားကြောင်း ရန်ကုန်တက္ကသိုလ်မှ ဘူမိဗေဒဌာနမှပညာရှင်တစ်ဦးက ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောကြားသည်။

စစ်ကိုင်းတိုင်း ချင်းတွင်းချိုင့်ဝှမ်းရှိ ဧရာဝတီကျောက်စဉ်စုအလွှာသည် လူသားအဆင့်မရောက်မီ ကျင်လည်ခဲ့သည့် သတ္တဝါအမျိုးအစား လူတူမျိုးနွယ်စုများ၊ ကျောရိုးရှိ နို့တိုက်သတ္တဝါများနှင့် ခန္ဓာကိုယ်သေးအုပ်စုလိုက်သင်းဖွဲ့နေထိုင်သည့် နေရာအမျိုးအစားဖြစ်နေခြင်းနှင့် ကွင်းပြင်ကျယ်ပြန့်ပြီး မြစ်ချောင်းများနှင့်နီးသော ဒေသများဖြစ်နေခြင်းကြောင့် အဆိုပါ ချင်းတွင်းချိုင့်ဝှမ်းကို လူတူမျိုးနွယ်စုများပေါက်ဖွားရန် အခြေအနေရှိသည်ဟူ၍ ပညာရှင်များက စစ်ကိုင်းတိုင်းကို မူလရှာဖွေခဲ့သည့် မကွေးတိုင်းအစား ရွေးချယ်ထားခြင်းဖြစ်ကြောင်းနှင့် ချင်းတွင်းချိုင့်ဝှမ်းတွင်ရှိသည့် ဧရာဝတီကျောက်စဉ်စု အလွှာတွင် ဆင်ရုပ်ကြွင်းများကို မကြာခဏရခဲ့ဖူးကြောင်း အဆိုပါဘူမိဗေဒပညာရှင်က ထပ်လောင်းပြောကြားသည်

www.foreverspace.com.mm



နယ်နှင့် မချမ်းဘောမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့လည်း သက်ဆိုင်ရာ CTRD ရုံးများမှ တစ်ဆင့် ပညာပေးပိုစတာများကို ဖြန့်ဝေခဲ့ကြောင်း ၎င်းကဆိုသည်။

မြန်မာငှက်ဝါသနာရှင်အသင်းကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ငှက်မျိုးစိတ်များကို လေ့လာခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ တက္ကသိုလ်များ၌ ငှက်နှင့်စပ်လျဉ်းပြီး မဟာသိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ ကျမ်းပြုစုနေသည့် ကျောင်းသူကျောင်းသားများနှင့် ဆရာဆရာမများ ကွင်းဆင်းသုတေသနပြုရာ၌ ပံ့ပိုးကူညီခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ငှက်ကြည့်ခြင်းအခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ အခြေခံပညာကျောင်းများနှင့် ဘေးမဲ့တောများတည်ရှိရာဒေသများ၌ ငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောဆွေးနွေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ်အထိ အခြေခံပညာကျောင်းပေါင်း ၄၀၀ ကျော်၌ ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောမှုများပြုလုပ်ခဲ့ပြီး အခြေခံပညာကျောင်းပေါင်း ၆၀၀ ကျော်၌ ယင်းနှင့်စပ်လျဉ်းသည့် ပညာပေးပိုစတာများနှင့် သင်ထောက်ကူပစ္စည်းများကို ဖြန့်ဝေပေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# စင်ကာပူတွင် မြန်မာဆောက်လုပ်ရေး လုပ်သားတစ်ဦး တိုက်ပေါ်မှပြုတ်ကျ

**ရန်ကုန်၊ ဩဂုတ် ၁၄**

စင်ကာပူနိုင်ငံ၌ တရားဝင် Work Permit ရရှိထားသူ မြန်မာဆောက်လုပ်ရေးအလုပ်သမားတစ်ဦး ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ခင်းပိုင်းတွင် တိုက်ပေါ်မှ ပြုတ်ကျသေဆုံးနေသည်ဟူသော သတင်းပေးပို့ချက်ကို စင်ကာပူရဲအဖွဲ့မှ ၉ နာရီ ၅၀ မိနစ်တွင် လက်ခံရရှိခဲ့ကြောင်း Channel News Asia သတင်းဌာနက ဖော်ပြသည်။

Beach Road ရှိ Blk.17 မှ ပြုတ်ကျခဲ့သည်ဟု ဖော်ပြထားသည့် အဆိုပါ ပုဂ္ဂိုလ်သည် တတိယထပ်တွင် မှောက်လျက်အနေအထားဖြင့် လဲနေကြောင်း၊ အစိမ်းရောင် T-Shirt ၊ အညိုရောင်အကျႌ လက်ရှည်နှင့် အနက်ရောင်ဘောင်းဘီရှည်ဝတ်ဆင်ထားပြီး ၎င်းလဲကျနေသော ကိုယ်ပေါ်တွင် ဘေးသိုင်းလွယ်အိတ်တစ်လုံးပါ လွယ်ထားကြောင်း အထက်ပါသတင်းတွင် ဖော်ပြထားသည်။

ဆေးစစ်ချက်များပြုလုပ်ပြီး ယင်းနေ့ နံနက် ၁၀ နာရီတွင် သေဆုံးသူကို အတည်ပြုခဲ့ပြီး ရဲအဖွဲ့ကမူ သေဆုံးရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိသည်ဟု Channel News Asia ၏ သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ MZN

# မြန်မာ့စီးပွားရေးဘဏ်များမှ ငွေစုဘဏ်အပ်ငွေကို တစ်ပတ်လျှင် တစ်ကြိမ်သာထုတ်ယူခွင့်ပြုမည်

ရန်ကုန်၊ စက်တင်ဘာ ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စီးပွားရေးဘဏ်ငွေစုဘဏ်လုပ်ငန်းဌာနမှ ငွေစုဘဏ်အပ်ငွေများကို ၂၀၀၆ ခုနှစ် စက်တင်ဘာလ တစ်ရက်နေ့မှစ၍ တစ်ပတ်လျှင် တစ်ကြိမ်သာ ငွေထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း ငွေစုဘဏ်လုပ်ငန်းဌာနမှ ဩဂုတ်လ ၂၄ ရက်နေ့ရက်စွဲဖြင့် မြန်မာ့စီးပွားရေးဘဏ်များတွင် ထုတ်ပြန်ကြေညာထားသည်။



ယခင်ကမူ ငွေစုဘဏ်၌ ငွေသွင်းငွေထုတ်လုပ်ငန်းများကို သတ်မှတ်ထားသော ဘဏ်လုပ်ငန်းအချိန်အတွင်း အကန့်အသတ်မရှိငွေသွင်းနိုင်ထုတ်နိုင်ကြောင်း ငွေစုဘဏ်လုပ်ငန်းဌာနထံမှ သိရသည်။

မြန်မာ့စီးပွားရေးဘဏ်ငွေစုဘဏ်လုပ်ငန်းဌာနတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အခြားအရွယ်ရောက်ပြီးသူများနှင့် တွဲဖက်၍လည်းကောင်း၊ အရွယ်မရောက်သေးသူကိုယ်စား အုပ်ထိန်းသူကလည်းကောင်း ငွေစုဘဏ်စာရင်းဖွင့်လှစ်နိုင်ပြီး ငွေကျပ်တစ်ရာ လျှင် အတိုးနှုန်း တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်းဖြင့် လစဉ်အနည်းဆုံးလက်ကျန်ငွေပေါ်တွင် တွက်၍ပေးလေ့ရှိကြောင်း ငွေစုဘဏ်လုပ်ငန်းဌာနထံမှ သိရသည်။

**ထားထားမြင့်**

www.foreverspace.com.mm

# အင်းလေးဒေသ ခရမ်းချဉ်စိုက်ပျိုးမှု ဓာတ်ကြွင်းအာနိသင်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းနိုင်

ရန်ကုန်၊ စက်တင်ဘာ ၁



ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသ၏ ရေခံ့ (ကျွန်းမျော)စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သော ခရမ်းချဉ်စိုက်ပျိုးမှုတွင် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲနေသဖြင့် တစ်ဧကကုန်ကျစရိတ်ကြီးမြင့်ပြီး ဓာတ်ကြွင်းအာနိသင်များကြောင့် စားသုံးသူများအတွက် အန္တရာယ်ရှိစေသည့်အပြင် အင်းလေးကန်ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုပါ ဖြစ်ပေါ်စေကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောကြားသည်။

အင်းလေးကန်ဒေသစိုက်ပျိုးရေးလုပ်ငန်းများတွင် ရေခံ့ (ကျွန်းမျော)နှင့် ကုန်းခံ့ (ကုန်းမြေ)ဟူ၍ စိုက်ပျိုးမှုနှစ်မျိုးရှိရာ ကုန်းခံ့စိုက်ပျိုးမှုကို တောင်ပေါ်ဒေသများတွင် မိုးစပါး၊ နွေစပါး၊ ကြက်သွန်ဖြူ၊ နေကြာ၊ မိုးကြိုမြေပဲ စသည့်သီးနှံများစိုက်ပျိုးပြီး ရေခံ့စိုက်ပျိုးရေးတွင် ခရမ်းချဉ်သီးသည် အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည်ဟု ဟဲယာရွာမမှ ခံ့စိုက်တောင်သူတစ်ဦးက ဆိုသည်။

ခရမ်းချဉ်စိုက်ပျိုးမှုတွင် တစ်ဧကအသုံးပြုသောသွင်းအားစုပမာဏ (ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး) များပြားလာခြင်းကြောင့် မလိုလားအပ်သောငွေကြေးကုန်ကျမှုများပြားပြီး ခရမ်းချဉ်ဈေးနှုန်းအရနည်းသောနှစ်များတွင် အရှုံးပေါ်တတ်သည်ဟု အဆိုပါတောင်သူကဆိုသည်။ သို့ဖြစ်၍ အင်းလေးဒေသစိုက်ပျိုးသီးနှံများအထူးသဖြင့် ခရမ်းချဉ်သီးတစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးပြည့်မီပြီး အထွက်နှုန်းတည်ငြိမ်ရေးတို့အတွက် တောင်သူများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပညာပေးစခန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။

ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် စီမံကိန်းဒေသနှစ်ခုကို ရေခံ့အဖြစ် ငါးဖယ်ချောင်းကျေးရွာအုပ်စုနှင့် ကုန်းခံ့အဖြစ် မီးသွေးဖုတ်ကျေးရွာနှင့် မိုင်းသောက်ကျေးရွာအုပ်စုတို့ကို ရွေးချယ်သတ်မှတ်ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ဟု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အင်းလေးကန် ခရမ်းချဉ်သီးစိုက်ပျိုးထုတ်လုပ်မှုတွင် နှစ်အလိုက် စိုက်ပျိုးသည့် ကျွန်းမျောမြေများကို ဓာတ်ခွဲစမ်းသပ်ချက်အရ ရေခံ့(ကျွန်းမျော)မြေတွင် ရုက္ခအာဟာရဓာတ် (Organic Matter) ပါဝင်မှုများပြားပြီး မြေချဉ်ငံကိန်း (PH) မျှတသောကြောင့် ခရမ်းချဉ်ပင်စိုက်ပျိုးထုတ်လုပ်မှုအတွက် သင့်လျော်ကြောင်း၊ သို့ရာတွင် မြေတည်ဆောက်မှုအရ သဲနှင့်

| သီးနှံအမည် | ထည့်သွင်းရမည့်သွင်းအားစုနှုန်းထားပမာဏ | | | | | |
|---|---|---|---|---|---|---|
| ခရမ်းချဉ်သီး | နိုက်ထရိုဂျင် kg/ha | ဖော့စဖားရပ် kg/ha | ပိုတက်ဆီယမ် kg/ha | မဂ္ဂနီဆီယမ် kg/ha | ဆာလဖာ kg/ha | နွားချေး kg/ha |
| ၁၀ တန် | ၈၀ | ၈၀ | ၉၀ | ၁၀ | ၁၀ | ၁၀ |
| ၂၀ တန် | ၁၂၀ | ၁၅၀ | ၂၀၀ | ၂၀ | ၂၀ | ၁၀ |

www.foreverspace.com.mm



မြေဩဇာပါဝင်မှုနည်းသော သစ်ဆွေးမြေ (Peat Soil) ဖြစ်သည့်အတွက် ခရမ်းချဉ်ပင်၏လိုအပ်သောအာဟာရဓာတ်များကို လိုအပ်မှုအတိုင်းအတာပမာဏ၊ အချိန်၊ ရာသီဥတုတို့ကို သေချာစွာဆန်းစစ်ပြီးမှ ထည့်သွင်းခြင်းဖြင့် တစ်ဧကကုန်ကျစရိတ်ကြီးမြင့်မှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

# မြန်မာ - တရုတ် နယ်စပ်ကူးလူးဆက်ဆံမှု အပြန်အလှန်အကျိုးပြုနေ

**ရန်ကုန်၊ ဩဂုတ် ၁၅**



ရှမ်းပြည်နယ်ရှိ ကွမ်လုံကဲ့သို့သော နယ်စပ်ဒေသများသည် တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အား၊ တယ်လီဖုန်းများ ဝယ်ယူသုံးစွဲပြီး တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်၊ စက်မှုကုန်ကြမ်းများ ပြန်လည်တင်ပို့ရောင်းချနေသောကြောင့် မြန်မာ–တရုတ်နယ်စပ်ရှိ မြန်မာနိုင်ငံဘက်မှ ဒေသများသည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဒေသများအဖြစ် ပါဝင်နေကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

ကွမ်လုံ၌ ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားပေးဌာန၏ စက်ချို့ယွင်းမှုကြောင့် တရုတ်နိုင်ငံဘက်မှ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲလျက်ရှိရာ ကွမ်လုံမြို့ရှိ အစိုးရဌာနဆိုင်ရာတစ်ခုတည်းမှပင် တစ်လလျှင် ကျပ်သိန်း ၆၀ ခန့် သုံးစွဲနေရကြောင်း၊ ဒေသခံလူထု၏သုံးစွဲမှုပါ ပါဝင်ပါက ယခုထက် ပိုများကြောင်း ဒေသခံအကြီးအကဲတစ်ဦးက ပြောကြားသည်။ ယင်းဒေသရှိ မိသားစုတစ်စု၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်လလျှင် ကျပ်သုံးသောင်းဝန်းကျင်တွင်ရှိပြီး လျှပ်စစ်ဓာတ်အားအပြင် တရုတ်နိုင်ငံမှ တယ်လီဖုန်းများကို ဝယ်ယူသုံးစွဲလျက်ရှိကြောင်း ၎င်းက ဆိုသည်။ ဖုန်းပြောဆိုခနှုန်းထားများမှာ တစ်မိနစ်လျှင် မြို့တွင်းအတွက် ၃၅ ကျပ်ဝန်းကျင်၊ နယ်ဝေးခေါ်ဆိုမှုအတွက် ၁၀၀ ကျပ်ဝန်းကျင်နှင့် ပြည်ပခေါ်ဆိုမှုအတွက် ၃၂၀ ကျပ်ဝန်းကျင်တို့ဖြင့် သုံးစွဲလျက် ရှိကြသည်။

တစ်ဖန် မြန်မာတောင်သူများအား တရုတ်နိုင်ငံဘက်မှ ထောက်ပံ့မှုများရှိနေပြီး မြန်မာပိုင်မြေပေါ်တွင် ရော်ဘာဧက ၁၀၀ စိုက်ပျိုးသူများအား စိုက်ပျိုးစရိတ်အဖြစ် ယွမ်ငွေ ၅၀၀၀၀ (ကျပ် သိန်း ၈၀ ကျော်)ခန့် ထုတ်ချေးလျက်ရှိသည့်အပြင် မျိုး၊ ပိုးသတ်ဆေးနှင့် မြေဩဇာများ စိုက်ထုတ်ပေးလျက်ရှိကြောင်း အဆိုပါဒေသမှ ပြန်လာသူတစ်ဦးက ပြောကြားသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိလာမည့် ရာသီချိန်တွင် ၎င်းတို့မှ ကောက်ယူမည့် အခြေခံဈေးနှုန်းကို ကြိုတင်သတ်မှတ်ပေးထားပြီး အမှန်တကယ် ထွက်ရှိချိန်တွင် ကာလပေါက်ဈေးမြင့်နေပါက ကာလပေါက်ဈေးအတိုင်း တိုးမြှင့်ဝယ်ယူရမည်ဖြစ်ကြောင်း ဝယ်ယူသူ တရုတ်ကုန်သည်နှင့် စိုက်ပျိုးသူ မြန်မာတောင်သူတို့အကြား စာချုပ်ချုပ်ဆိုထားသည်ဟု ၎င်းက ပြောကြားသည်။ အထူးသဖြင့် လောက်ကိုင်ခရိုင်တွင် ကြံကိုအဓိကစိုက်ပျိုးပြီး ကွမ်လုံတွင် ရော်ဘာစိုက်ပျိုးကြောင်း၊ လောက်ကိုင်နှင့် မျက်နှာချင်းဆိုင်ရှိ တရုတ်နိုင်ငံတွင် သကြားစက်ရုံများ တည်ဆောက်ထားပြီး ယခင်နှင့် မတူသော နည်းပညာများဖြင့် သကြားတိုးတက်ထုတ်လုပ်သွားရန် ရည်ရွယ်ထားသည်ဟု အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။ တရုတ်နိုင်ငံပိုင်မြေများတွင်မူ ပိုမိုအကျိုးဖြစ်ထွန်းမည့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိသည့်အပြင် ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပေါ်ပေါက်လာမည့် လွတ်လပ်စွာကုန်သွယ်မှုအတွက် ပြင်ဆင်ထားခြင်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နယ်စပ်အစွန်အဖျားဒေသများ၊ တောင်ပေါ်ဒေသများအထိ လမ်း၊ မီး၊ ရေ ရောက်ရမည်ဟူသောမူကို အကောင်

www.foreverspace.com.mm



အထည်ဖော်နိုင်ခြင်းကြောင့် အဆိုပါဒေသများနှင့် ထိစပ်နေသော မြန်မာနယ်စပ်ဒေသများတွင်ပါ အဆင်ပြေမှုများ ရရှိနေခြင်းဖြစ်ကြောင်း အဆိုပါဒေသခံက ထပ်လောင်းပြောကြားသည်။

ထိုကဲ့သို့ မြန်မာ–တရုတ်နယ်စပ်များတွင် အပြန်အလှန်ကူးလူးဆက်ဆံမှုများကြောင့် ဒေသခံများမှာ ကောင်းကျိုးများခံစားနေရသော်လည်း မြန်မာနိုင်ငံအနေဖြင့် စက်မှုကုန်ကြမ်းအဖြစ် တင်ပို့မည့်အစား ပြည်တွင်းတွင် စက်ရုံများတည်ဆောက်ခွင့်ပြုပါက စက်ရုံ၊ နည်းပညာနှင့် ဈေးကွက်များလက်ဝယ် ပိုင်ဆိုင်နိုင်မည်ဖြစ်သည်ဟု အဆိုပါဒေသခံက လေ့လာသုံးသပ်သည်။ သို့ရာတွင် မြန်မာနိုင်ငံဘက်မှ အကောက်ခွန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှော့ပေါ့ပြင်ဆင်ပေးသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

**စိုးယုဝေ**

# ကိုယ်ပိုင်ဘာသာရပ်သင်သင်တန်းကြေးများ သုံးပုံတစ်ပုံခန့်ပြောင်းလဲ

**ရန်ကုန်၊ ဩဂုတ် ၈**

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက် ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘာသာရပ်သင်တန်းများသာမက တက္ကသိုလ်တက်ရောက်နေသူများအတွက် ဖွင့်လှစ်သည့်သင်တန်းများပါ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် သင်တန်းကြေးများ သုံးပုံတစ်ပုံခန့် မြင့်တက်ပြောင်းလဲခဲ့ကြောင်း အဆိုပါသင်တန်းအများစုထံမှ စုံစမ်းသိရှိရသည်။

တက္ကသိုလ်ဝင်တန်းတွင် ဘာသာအားလုံးအတွက် ယခင်က ကျပ်ငါးထောင်ဝန်းကျင်သာယူသော သင်တန်းများသည် ကျပ်ရှစ်ထောင်ဝန်းကျင်သို့လည်းကောင်း၊ ကျပ်ရှစ်ထောင်ဝန်းကျင်ယူသော သင်တန်းများသည် ကျပ် ၁၂၀၀၀ ဝန်းကျင်သို့လည်းကောင်း ပြောင်းလဲခဲ့ကြောင်း ရန်ကင်းမြို့နယ်မှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသားတစ်ဦးက ပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ရူပဗေဒကျောင်းသူတစ်ဦး၏အဆိုအရ ယခင်နှစ်က သင်တန်းကြေး တစ်ဘာသာလျှင် ကျပ်ငါးထောင်နှုန်းဖြင့် ခြောက်ဘာသာအတွက် သုံးသောင်းသာကျသင့်သော်လည်း ယခုနှစ်တွင် တစ်ဘာသာလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့် ခြောက်ဘာသာအတွက် ကျပ် ၄၂၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ယခုနှစ်တွင် သင်တန်းမတက်နိုင်သဖြင့် ကျောင်းမှန်မှန်တက်နေရကြောင်း သိရသည်။

# မုံရွာတွင် မွေးမြူရေးသီးသန့်ဇုန် တည်ထောင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၇**

အထက်မြန်မာနိုင်ငံရှိ စီးပွားရေးအချက်အချာမြို့တစ်မြို့ဖြစ်သော မုံရွာမြို့တွင် မွေးမြူရေးသီးသန့်ဇုန်တစ်ခုကို မကြာမီတည်ထောင်သွားရန်ရှိကြောင်း မုံရွာမြို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မုံရွာမြို့အရှေ့ဘက် ၁၀ မိုင်ကျော်သာ ကွာဝေးသော ကျောက္ကာရွာအနီး တွင်အဆိုပါမွေးမြူရေးဇုန်ကို တည်ထောင်သွားမည်ဖြစ်ပြီး ဇုန်မြေနေရာတွင် မြေတစ်ကွက်လျှင် ကျပ်ငါးသိန်းနှင့်ရောင်းချသွားရန် စီစဉ်ထားကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

မွေးမြူရေးဇုန်တည်ထောင်ပြီးပါက မုံရွာမြို့တွင်းရှိ မွေးမြူရေးလုပ်ငန်းအားလုံးသည် အဆိုပါဇုန်သို့ ပြောင်းရွှေ့ရမည်ဖြစ်ပြီး လတ်တလောတွင် ပြောင်းရွှေ့ရမည့်ကာလကို မသတ်မှတ်ရသေးကြောင်း ၎င်း၏အဆိုအရ သိရသည်။

မုံရွာမြို့သည် ကုန်သွယ်မှုကို အဓိကစီးပွားရေးအနေနှင့် လုပ်ကိုင်သည့် မြို့တစ်မြို့ဖြစ်သော်လည်း မွေးမြူရေးလုပ်ကိုင်သူအများအပြားရှိပြီး ကြက်ခြံအရေအတွက် တစ်ရာကျော်ရှိကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

ယခုနှစ် နှစ်ဆန်းပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါပိုးကို မုံရွာမြို့အနီးဝန်းကျင်ဒေသတစ်ဝိုက်တွင် မွေးမြူထားသော ကြက်ခြံများရှိ ကြက်၊ ငှက်များ၌ တွေ့ရှိခဲ့ရသဖြင့် ကြက်သားဈေးနှုန်းများ အဆမတန်ကျဆင်းခဲ့သည်။ ယင်း၏အကျိုးဆက်ကြောင့် မုံရွာမြို့ရှိ ကြက်ခြံများတွင် ရောဂါပိုးမတွေ့ရှိသော်လည်း အစာကုန်ကျစရိတ် မတတ်နိုင်သဖြင့် ကြက်ခြံအချို့မှ ကြက်များကို ဖျက်ဆီးခဲ့ရသည်များရှိခဲ့ကြောင်း ဒေသခံကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

သို့သော် ကြက်များကို ဖျက်ဆီး၍ ငွေကြေးနစ်နာဆုံးရှုံးခဲ့ရသော ကြက်ခြံလုပ်ငန်းရှင်အချို့ကို သက်ဆိုင်ရာက လွန်ခဲ့သောလအတွင်း ဂျီအက်စ်အမ်ဖုန်းများငှားရမ်းကိုင်ဆောင်ခွင့်ပေးခဲ့ကြောင်း စုံစမ်းသိရသည်။

Associated News

www.foreverspace.com.mm

# ၁၃၇ နှစ်သက်တမ်းရှိ မီးသင်္ဘောကြီးကို ကမ္ဘာလှည့်ခရီးသွားများအတွက် ရေးမှုမပျက်ပြုပြင်ပြေးဆွဲမည်

**ရန်ကုန်၊ စက်တင်ဘာ ၁**

မြန်မာနိုင်ငံအလယ်ပိုင်းရှိရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ထားသော ပုဂံဒေသတွင် နှစ်ပေါင်း ၁၃၇ နှစ်သက်တမ်းရှိ မင်းသမီး ခေါ် မြတ်ရတနာ မီးသင်္ဘောကြီးအား ရှေးမှုမပျက်ပြန်လည်ပြုပြင်မွမ်းမံ၍ ၂၀၀၇ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါသင်္ဘောတွင် စက်ခန်းမှူးတာဝန်ယူထားသူ ဦးအောင်မောင်းက ပြောကြားသည်။

နှစ်ယောက်ခန်း ၂၆ ခန်းပါဝင်သော အဆိုပါမီးသင်္ဘောကြီးကို ရန်ကုန်တွင် ပြေးဆွဲမည်ဆိုပါက ရေနွေးငွေ့ကို အဓိက အသုံးပြုပြေးဆွဲမည်ဖြစ်ကြောင်း၊ ပုဂံတွင် ပြေးဆွဲမည်ဆိုပါက ဒီဇယ်အင်ဂျင် (သို့) ရေနွေးငွေ့နှင့် ပြေးဆွဲမည်ဖြစ်ကြောင်း ဦးအောင်မောင်းက ဆိုသည်။

အဆိုပါသင်္ဘောကို ယခုနှစ် မေလ ၃၀ ရက်နေ့မှစ၍ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ ပုဂံဆိပ်ကမ်းတွင် ခေတ္တရပ်နားထားသည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင် မီးသင်္ဘောအဖြစ် Small-Boat အနည်းငယ်သာရှိပြီး နှစ်ပေါင်း ၁၃၇ နှစ်ကြာ ပေ ၂၀၀ ရှည်သော မီးသင်္ဘောကြီးမှာ မြန်မာနိုင်ငံ၌ တစ်စီးသာလျှင် ကျန်ရှိကြောင်း၊ အဆိုပါမီးသင်္ဘောကြီးကို ဖွားစောစံပြကျေးရွာခရီးသွားလုပ်ငန်း ပုဂံကုမ္ပဏီမှ ပိုင်ဆိုင်ကြောင်း စက်ခန်းမှူးက ပြောကြားသည်။

အဆိုပါမီးသင်္ဘောကြီးကို ၁၈၆၉ ခုနှစ်၌ Yarrow & Co (Built In Scotland) Limited Engineers & Shipbuilders Glasgow England ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ အသုံးပြုလက်စအနေနှင့် ရောက်ရှိလာရာ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ပြီဖြစ်ကြောင်း၊ ထိုစဉ်က မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော သင်္ဘော ၁၀ စီးအနက် အကြီးဆုံးမီးသင်္ဘောကြီးဖြစ်ပြီး 'မင်းသမီး'ဟု ခေါ်ဝေါ်ခဲ့ကြ၍ နောက်ပိုင်းတွင် 'မြတ်ရတနာ' မီးသင်္ဘောဟု ပြောင်းလဲခေါ်ဆိုခဲ့ကြကြောင်း၊ ကျန်ရှိနေသေးသော မီးသင်္ဘောငယ်များ၏အမည်များမှာ (၁) မင်းသား၊ (၂) မင်းကြီး၊ (၃) မင်းလေး၊ (၄) မင်းလတ်၊ (၅) မင်းနန်း၊ (၆) မဟာ၊ (၇) မင်းတုန်း၊ (၈) သိန္နီ၊ (၉) သီပေါတို့ဖြစ်ကြကြောင်း ၎င်းထံမှ ထပ်မံသိရှိရသည်။

အဆိုပါမီးသင်္ဘောများထဲမှ မြတ်ရတနာမီးသင်္ဘောကြီးကို ၁၉၆၅ ခုနှစ်၌ VIP အဖြစ် ရွေးချယ်သတ်မှတ်၍ ပြည်တွင်းပြည်ပခေါင်းဆောင်များ အများဆုံးစီးနင်းခဲ့ကြကြောင်း၊ ၁၉၉၉ နှစ်ကုန်ပိုင်းတွင် 'ဖွားစော စံပြကျေးရွာ ခရီးသွားလုပ်ငန်း ပုဂံ' ကုမ္ပဏီသို့ ရောင်းချပြီး ပုဂံဒေသဝန်းကျင်တွင် ပြေးဆွဲစေခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း၌ ပြေးဆွဲနေသော မီးသင်္ဘော အနည်းငယ်သာ ကျန်ရှိကြောင်း၊ ရန်ကုန်ကမ်းနားတွင် မင်းလတ်(မြဒီပါ) ပြေးဆွဲနေပြီး မင်းကြီး(မြသီတာ)သင်္ဘောပေါ်တွင် (ပြည်တွင်းသင်္ဘောသားသင်တန်းကျောင်း) ဖွင့်လှစ်ထားကြောင်း၊ မင်းသား (မြမာလာ) သင်္ဘောတွင် ဒီဇယ်အင်ဂျင်ပြောင်းလဲတပ်ဆင်၍ မန္တလေး–ဗန်းမော်လိုင်း ပြေးဆွဲလျက်ရှိပြီး မြတ်ရတနာမီးသင်္ဘောကြီးကိုမူ ပုဂံတွင် အခြေစိုက်၍ နိုင်ငံခြားဧည့်သည်တော်ကြီးများအား အထူးတလည် ပြေးဆွဲပေးခဲ့ကြောင်း ၎င်းက ဆိုသည်။

မီးသင်္ဘောများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိချိန်၌ နိုင်ငံခြားသားပိုင် ဖလိုတီလာကုမ္ပဏီမှတာဝန်ယူပြေးဆွဲခဲ့ပြီး နောက်ပိုင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ဆက်လက် တာဝန်ယူပြေးဆွဲခဲ့ကြောင်း သိရသည်။

မြတ်ရတနာမီးသင်္ဘောကြီး မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည့်အချိန်၌

**မြတ်ရတနာမီးသင်္ဘောကြီး၏ ခရီးတိုဈေးနှုန်းများ**

| ခရီးတိုအမျိုးအစား | ဦးရေ | နှုန်း |
|---|---|---|
| Sunset & Sight Seeing | 1 | 15 USD |
| Sunset & Sight Seeing | 75 | 750 USD |
| Sunset & Sight Seeing & Dinner | 25 | 325 USD |
| | 75 | 1500 USD |
| Bagan-Pakkoku - / Tankyi Taung - / Bagan Tour - (Day TRIP) | 25 | 1375 USD |
| | 75 | 3375 USD |

www.foreverspace.com.mm

ကျောက်မီးသွေးနှင့်လည်ပတ်ခဲ့၍ဘွိုင်လာခေါ် ရေနွေးငွေ့ဖြင့် အဓိကထားခုတ်မောင်းခဲ့ကြောင်း၊ နောက်ပိုင်း၌ ကျောက်မီးသွေးမှ FO သို့ ပြောင်းလဲခုတ်မောင်းခဲ့ပြီး FO မှာ Fine-Oil (မီးထိုးဆီ) ဖြစ်၍ အဆိုပါမီးထိုးဆီကို ရေနံစိမ်းကျိုချက်ရာ နောက်ဆုံးအဆင့်တွင်ရရှိကြောင်း၊ ယင်းသင်္ဘောကြီးသည် ပေ ၂၀၀ ရှည်ပြီး ၃၂ ပေကျယ်၍ အမိုးအမြင့် ၇.၆ ပေနှင့် ရေစူးလေးပေရှိကြောင်းလည်း ဦးအောင်မောင်းက ဆက်လက်ပြောကြားသည်။

အဆိုပါမြစ်ရတနာမီးသင်္ဘောကြီး ပုဂံဒေသတွင် စတင်ပြေးဆွဲစဉ်က နိုင်ငံခြားဧည့်သည်တော်များ အဆင်ပြေချောမွေ့စေရေးအတွက် ခရီးရှည်များရပ်နားပြီး ခရီးတို (Sunset) ကိုသာ အဓိကထားပြေးဆွဲပေးခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

**ဘာသနာ(ပုဂံ)**

# သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် အသုံးချကွန်ပျူတာပညာရပ်များအကြောင်း ဟောပြောသွားမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာနိုင်ငံ၌ ကွန်ပျူတာပညာပြန့်ပွားရေးကို အဓိကထားဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) သည် ယခင်က ကွန်ပျူတာကျွမ်းကျင်သူနယ်ပယ် (Professional Level)အလိုက်သာ ကွန်ပျူတာနှင့် IT ပညာရပ်ဆိုင်ရာဟောပြောပွဲ (Seminar) များကို မကြာခဏကျင်းပခဲ့ရာမှ ယခုအခါ စီးပွားရေး၊ စက်မှုလက်မှု၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း စသည့်လုပ်ငန်းနယ်ပယ်အသီးသီးအတွက် ယင်းနယ်ပယ်များနှင့်သက်ဆိုင်သည့် အသုံးချကွန်ပျူတာပညာရပ်များနှင့်ပတ်သက်၍ ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း MCPA ဥက္ကဋ္ဌ ဦးခွန်ဦးက ဩဂုတ်လအတွင်း ထုတ်ဖော်ပြောကြားသည်။

သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းနယ်ပယ်အလိုက် အသုံးချကွန်ပျူတာပညာရပ်များနှင့်စပ်လျဉ်း၍ ဟောပြောပွဲများလက်ခံကျင်းပပေးစေလိုပါကလည်း အသင်းသို့ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း ၎င်းက ဆိုသည်။

ထိုကဲ့သို့ ကွန်ပျူတာနှင့် IT ပညာရပ်ဆိုင်ရာဟောပြောပွဲများကို ကျွမ်းကျင်မှုနယ်ပယ် (Professional Level) အဆင့်မှ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ် (Application Level) အဆင့်အထိ လိုက်လံဟောပြောပို့ချပေးခြင်းဖြင့် မြန်မာနိုင်ငံ၌ ရင်ဆိုင်ကြုံတွေ့နေရသော နည်းပညာကွာဟမှု (Digital Divide) ကို လျော့ကျစေမည်ဖြစ်ကြောင်း အသင်းအမှုဆောင်တစ်ဦးဖြစ်သူ ဦးဇော်နိုင်က သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ သတင်းအချက်အလက်နည်းပညာ (Information Technology) စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကို ၁၉၉၈ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကွန်ပျူတာနှင့် IT ပညာရပ်ဆိုင်ရာဟောပြောပွဲများကို လစဉ် စီစဉ်ကျင်းပပေးလျက်ရှိသည်။

# ဟင်္သာတမြို့အနီး စက်မှုဇုန်မြေနေရာ သတ်မှတ်ဖွင့်လှစ်မည်

**ဟင်္သာတ၊ ဇူလိုင် ၂၈**

ဧရာဝတီတိုင်း ဟင်္သာတမြို့ဝန်းကျင် ဟင်္သာတ–ပုသိမ် အဝေးပြေးကားလမ်းမကြီးပေါ်၌ စက်မှုဇုန်သစ်တစ်ခုကို မြေနေရာသတ်မှတ်၍ ဖွင့်လှစ်ရန်ပြင်ဆင်လျက်ရှိကြောင်း ဟင်္သာတစက်မှုဇုန်ကော်မတီ အတွင်းရေးမှူး ဦးအောင်ဖုန်းက Living Color နှင့် ဇူလိုင်လ ၂၈ ရက်နေ့က တွေ့ဆုံစဉ်ပြောကြားသည်။

အဆိုပါမြေနေရာမှာ ဟင်္သာတမြို့နှင့် ငါးမိုင်ခန့်အကွာတွင်တည်ရှိပြီး ဟင်္သာတမြို့ရှိစက်မှုလုပ်ငန်းရှင်များကို ပေ ၁၀၀ ပတ်လည်မြေကွက်များ သတ်မှတ်၍ နေရာချထားပေးပြီးဖြစ်ကြောင်း၊ ယင်းမြေကွက်များအား တစ်ကွက်လျှင် ကျပ် ၁၀ သိန်းသတ်မှတ်ထားပြီး ပထမအရစ်အဖြစ် လုပ်ငန်းရှင်များမှ ကျပ်ငါးသိန်းပေးသွင်းထားပြီးဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

စက်မှုဇုန်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် 550 KVA ထရန်စဖော်မာ နှစ်လုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ယူခွင့်ရရှိထားပြီး အခြားအခြေခံလိုအပ်ချက်များသည်လည်း စက်မှုဇုန် စတင်ဖွင့်လှစ်မည့် ၂၀၀၇ ခုနှစ်အတွင်း အချိန်နှင့်တစ်ပြေးညီရရှိလာဖွယ်ရှိကြောင်းလည်း ၎င်းက ဆိုသည်။ ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် ယခုအခါ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ၇၅ ခု လုပ်ငန်းလည်ပတ်လျက်ရှိပြီး ဟင်္သာတစက်မှုဇုန်သည် ၁၀ ဘီးကုန်တင်ယာဉ်ထုတ်လုပ်ခြင်းအပါအဝင် စပါးခွဲသုံးဓာတ်ငွေ့အင်ဂျင်ထုတ်လုပ်ခြင်းလုပ်ငန်းကိုပါ အောင်မြင်စွာထုတ်လုပ်နိုင်သည့် စက်မှုဇုန်ဖြစ်သည်။

Associated News

www.foreverspace.com.mm

# သွေးလှူရှင် Website လွှင့်တင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၉**

မြန်မာနိုင်ငံ၌ သွေးလှူရှင်စေတနာရှင်များ တိုးပွားလာစေရန်နှင့် သွေးလှူဒါန်းခြင်း၏ အကျိုးကျေးဇူးကို မြန်မာလူငယ်ထုအတွင်း ပျံ့နှံ့သိရှိစေရန် ရည်ရွယ်လျက် www.myanmarblooddoner.com အမည်ရှိ မြန်မာသွေးလှူရှင် အင်တာနက် Website တစ်ခုကို မကြာမီ လွှင့်တင်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း စီစဉ်သူတစ်ဦးဖြစ်သူ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအမှုဆောင်ဦးဇော်နိုင်က Living Color သို့ပြောကြားသည်။

အဆိုပါ မြန်မာသွေးလှူရှင် Website ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနနှင့် ပူးပေါင်း၍ Inforithm Maze Ltd. က ဒီဇိုင်းရေးဆွဲ ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး Website အတွင်း အမျိုးသားသွေးဌာနအကြောင်း၊ သွေးလှူရှင်များအား ဖိတ်ခေါ်စည်းရုံးခြင်း၊ HIV/AIDS ရောဂါပညာပေးမှုများ၊ သွေးလှူဒါန်းခြင်း၏ အကျိုးကျေးဇူးများ၊ သွေးလှူရှင်များနှင့် တွေ့ဆုံမေးမြန်းမှု (Interview) များ၊ သွေးလှူရှင်များနှင့် စိတ်ပါဝင်စားသူများအတွက် Forum များ စသည်တို့ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံရှိ ဆေးရုံအသီးသီးတွင် သွေးလိုအပ်မှု (Demand) နှင့် သွေးလက်ခံရရှိမှု (Supply) သည် ညီမျှမှုမရှိကြောင်း၊ ပုံမှန်သွေးလှူဒါန်းသည့် အဖွဲ့အစည်း အရေအတွက်သည်ပင် နည်းပါးနေသေးကြောင်း၊ အဆိုပါ Website လွှင့်တင်ခြင်းဖြင့် ပြည်သူလူထုအတွင်း သွေးလှူဒါန်းလိုသည့်စိတ်ဆန္ဒများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါ Website မှတစ်ဆင့် သွေးလှူဒါန်းကြသူအချင်းချင်း၏ ဆက်သွယ်မှုကွန်ရက် (Donor Network) တစ်ခု ပေါ်ပေါက်လာစေရန် တည်ဆောက်သွားမည်ဖြစ်ကြောင်း (၃၇) ကြိမ်မြောက် သွေးလှူရှင်တစ်ဦးဖြစ်သူ ဦးဇော်နိုင်က ဆိုသည်။

# Website လွှင့်တင်ထားသော Yadanapura ပန်းချီပြခန်းဖွင့်လှစ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရှိ ပန်းချီပြခန်း၊ ပန်းချီဆရာများနှင့် ပန်းချီကားများကို ဖော်ပြ၍ www.yadanapura.com အမည်ဖြင့် အင်တာနက်ပေါ်၌ Website လွှင့်တင်ထားရာမှ Yadnapura (ရတနာပူရ) အမည်ဖြင့် ပန်းချီပြခန်းတစ်ခုကို ဩဂုတ်လ ၈ ရက် နေ့က ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း၌ စတင်ဖွင့်လှစ်လိုက်ကြောင်း ပြခန်းစီစဉ်သူများထံမှ သိရှိရသည်။ အဆိုပါပြခန်းကို နာမည်ကျော်ပန်းချီဆရာများဖြစ်သော ဝင်းဖေမြင့်နှင့် ကြီးမြင့်စောတို့၏ ပန်းချီကားများဖြင့် စတင်ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်ပြီး ပြပွဲကို စက်တင်ဘာလ ၂ ရက်နေ့အထိ ပြသထားခဲ့သည်။

Yadanapura Art Gallery ပါဝင်သော အဆိုပါ Website တွင် ဈေးပြိုင်စနစ်ဖြင့် ပန်းချီကားများရောင်းချရန် အစီအစဉ်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

# အနောက်ဥရောပနိုင်ငံများ မြန်မာနိုင်ငံမှ အော်ဂဲနစ်ချင်း(ဂျင်း) ဝယ်ယူ

**ရန်ကုန်၊ စက်တင်ဘာ ၃**

အပင်ကြီးထွားစေရန် အသုံးပြုသော ဓာတုဗေဒစိုက်ပျိုးရေးပစ္စည်းများ မပါဝင်ဘဲ စိုက်ပျိုးထားသည်ဟုဆိုသော အော်ဂဲနစ်ချင်းများကို အနောက်ဥရောပနိုင်ငံများက ဝယ်ယူလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံမှ အော်ဂဲနစ်ချင်းခြောက်လွှာများကို အနောက်ဥရောပနိုင်ငံများဖြစ်သော ဂျာမနီ၊ ဂရိ စသော နိုင်ငံများမှ ပုံမှန်ဝယ်ယူနေကြောင်း သိရသည်။

ပြည်ပတင်ပို့ရန်အတွက် ချင်းများကို တင်ပို့သူများက အပြိုင်အဆိုင်ဝယ်ယူနေ၍ ယခင်ပြည်တွင်းချင်းဈေးကွက်ဖြစ်သော ချင်းသုပ်လုပ်ငန်းနှင့် မီးဖိုချောင်သုံးဟင်းခတ်အမွှေးအကြိုင်ချင်းဈေးကွက်အတွက် ချင်းဈေးနှုန်းမြင့်မားလာ၍ ချင်းသုပ်အတွက် ချင်းထိုး (လှီး) ရောင်းသူအချို့မှာ လုပ်ငန်းရပ်နားထားရကြောင်း သီရိမင်္ဂလာဈေးရှိ ချင်းကုန်သည်များထံမှ သိရသည်။

၂၀၀၄–၂၀၀၅ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ချင်းစိုက်ဧက တစ်သောင်းလေးထောင်ကျော်ရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နယ်နှင့် အနီးတစ်ဝိုက်တွင် အများဆုံးစိုက်ပျိုးထားကြောင်းသိရသည်။

**ထားထားမြင့်**

www.foreverspace.com.mm

# မန္တလေးမြို့တော်တွင် ပန်းပုလုပ်ငန်း လုပ်ကိုင်သူနည်းပါး

**ရန်ကုန်၊ စက်တင်ဘာ ၈**

မန္တလေးမြို့တော်ရှိ မြန်မာလက်မှုပညာထွန်းကားရာ တမွဝတီရပ်မှ ပန်းပုလုပ်ငန်းများ ထိုင်းနိုင်ငံနှင့် နီးစပ်သည့် မြဝတီမြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ကြသည့်အတွက် အဆိုပါအရပ်တွင် ပန်းပုလုပ်ကိုင်သူများ နည်းပါးလာသည်ဟု တမွဝတီရှိ ပန်းပုလုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။

တမွဝတီမှ ပြောင်းရွှေ့လုပ်ကိုင်သူများသည် ပန်းပုပစ္စည်းများ အများဆုံးဝယ်ယူသည့် ထိုင်းဝယ်လက်များနှင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ထိုင်းဝယ်လက်များသည် များသောအားဖြင့် ကနုတ်ပန်းပါထိုင်ခုံနှင့် ကားချပ်များမှာယူလျှင် သိန်းရာချီ၍ မှာယူလေ့ရှိသဖြင့် ကရင်ပြည်နယ်ထွက် သစ်တောများမှသစ်များ မြဝတီမြို့တွင် အလွယ်တကူရရှိနိုင်ခြင်းနှင့် မြန်မာပန်းပုကုန်သည်အများစုသည် ထိုင်းနိုင်ငံသို့သွားရောက်ရောင်းချရန် မလိုတော့ဘဲ ထိုင်းဝယ်လက်တို့လာရောက်ဝယ်ယူခြင်းတို့ကြောင့် တမွဝတီရပ်မှ ပန်းပုလုပ်ငန်းလုပ်ကိုင်သူများ မြဝတီမြို့တွင် လုပ်ငန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ထိုင်းကုန်သည်တို့ ကြိုက်နှစ်သက်ရာပုံစံနှင့် ထုလုပ်ရောင်းချနိုင်သဖြင့် မန္တလေးမြို့ခံ ပန်းပုထုကျွမ်းကျင်သူ လူငယ်များကိုပါ ခေါ်ယူ၍ မြဝတီမြို့တွင် ပြောင်းရွှေ့လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ တမွဝတီနှင့် အမရပူရမြို့တို့တွင် ဆင်ရုပ်ငယ်များ ထုလုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် လုပ်ငန်းငယ်များသာ ကျန်ရှိတော့ပြီး ၎င်းတို့သည် ကမ္ဘာလှည့်နိုင်ငံခြားသားဈေးကွက်ကို အားကိုးနေရကြောင်း အဆိုပါဒေသခံက ထပ်လောင်းပြောကြားသည်။

# နေပြည်တော်သွားရန်မလိုဘဲ e-Banking စနစ်ဖြင့် လိုင်စင်ကြေးသွင်းနိုင်

**ရန်ကုန်၊ ဩဂုတ် ၁၅**



အများပိုင်ဘဏ်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံသားများဘဏ်၏စာရင်းများမှနေ၍ နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပို့ကုန်လိုင်စင်ကြေးများကို ငွေစာရင်းလွှဲပြောင်းပေးနိုင်သည့် e-Banking ခေါ် အီလက်ထရွန်နစ်ဘဏ်စနစ်တစ်ရပ်ကို မကြာမီက စတင်ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သော သတင်းတစ်ရပ်အရ သိရှိရသည်။

ယင်းကဲ့သို့ ချိတ်ဆက်ဆောင်ရွက်လိုက်ခြင်းကြောင့် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် အစိုးရရုံးစိုက်ရာနေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကိုယ်တိုင်သွားရောက်ရန် မလိုဘဲ သွင်းကုန်လိုင်စင်ကြေး၊ ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်ကြေး စသည်တို့ကို ရန်ကုန်ရှိ မြန်မာနိုင်ငံသားများဘဏ်မှတစ်ဆင့် ပေးသွင်းနိုင်ပြီဖြစ်ကြောင်းလည်း ယင်းသတင်းတွင် ဖော်ပြပါရှိသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းများကို Online မှ လျှောက်ထားသည့်စနစ် ကျင့်သုံးရာ၌ စီးပွား/ကူးသန်းဝန်ကြီးဌာနသည် Payment စနစ်ဖြင့် လုပ်ကိုင်သွားရန်ရှိပြီး အဆိုပါစနစ် ကျင့်သုံးနိုင်ရန်အတွက် ဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားများဘဏ်ကို ကြားခံဘဏ်အဖြစ် ဆောင်ရွက်သွားမည်ဟုလည်း ယင်းသတင်းက ဆိုသည်။

စက်တင်ဘာလဆန်းတွင် စတင်

www.foreverspace.com.mm

ပြည့် အီလက်ထရွန်နစ်ဘဏ်စနစ်ဖြင့် မြန်မာနိုင်ငံသားများဘဏ်ငွေစာရင်းဖွင့်ထားသော ပို့ကုန်သွင်းကုန်ကုမ္ပဏီများမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လိုင်စင်လျှောက်ထားရာ၌ ဌာနသို့ လိုင်စင်ကြေးအပါအဝင် ပေးသွင်းရမည့်အခွန်အခများကို နေပြည်တော်သို့ ကိုယ်တိုင်ယူဆောင်ပေးသွင်းစရာမလိုဘဲ ဘဏ်ရှိ ငွေစာရင်းမှ နုတ်ယူသွားမည်ဖြစ်သည်။ လိုင်စင်လျှောက်ထားသည့်အတွက် ကုမ္ပဏီများမှာ ဌာနသို့ပေးသွင်းရန်ငွေကို မြန်မာနိုင်ငံသားများဘဏ်တွင် စာရင်းဖွင့်ထားသော ထိုကုမ္ပဏီစာရင်းမှ ငွေမည်မျှနုတ်ယူ၍ ဌာန၏ ငွေစာရင်းထဲသို့ မည်မျှထည့်ရမည်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညွှန်ကြားမည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူကရှင်းလင်းပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် အွန်လိုင်းမှဝန်ဆောင်မှုပေး၍ ထိုဘဏ်မှ အီလက်ထရွန်နစ်ဘဏ်စနစ်ဖြင့် ဆောင်ရွက်သည်ဆိုသော်လည်း ဘဏ်တွင် ငွေစာရင်းကို အွန်လိုင်းမှာပင် ဖွင့်နိုင်မည်မဟုတ်ဘဲ လူကိုယ်တိုင် ငွေစာရင်းဖွင့်ရမည်ဖြစ်၍ ရာနှုန်းပြည့် အီလက်ထရွန်နစ်ဘဏ်စနစ်ဆောင်ရွက်နိုင်ခြင်းမဟုတ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံသားများဘဏ်၏အစုရှယ်ယာ ၅၅ ရာခိုင်နှုန်းကို စီးပွား/ကူးသန်းဝန်ကြီးဌာနက ပိုင်ဆိုင်လျက်ရှိပြီး အစိုးရမှ ခန့်အပ်ထားသော ဒါရိုက်တာအဖွဲ့ဝင်ခြောက်ဦးခန့်ပါရှိကြောင်းလည်း အစုရှယ်ယာဝင်တစ်ဦးထံမှ သိရှိရသည်။

Associated News

■

# သန်းချီပမာဏရှိ နိုင်ငံကူးလက်မှတ်များ မြန်မာ - ထိုင်းနယ်စပ်စခန်းသုံးခုတွင် ထုတ်ပေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၃**

ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေသည့် ၁၀ သိန်းခန့်ရှိသည်ဟု ခန့်မှန်းရသော မြန်မာနိုင်ငံမှ အလုပ်သမားများနှင့် ထပ်မံသွားရောက်လုပ်ကိုင်လိုသူများအတွက် နိုင်ငံကူးလက်မှတ်ထုတ်ပေးမည့် အစီအစဉ်ကို စက်တင်ဘာလကုန်ပိုင်းတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးမှ သတင်းရရှိသည်။

ထိုင်းနိုင်ငံသို့ သွားရောက်လိုသူများအတွက် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့တွင် နိုင်ငံကူးလက်မှတ်(ယာယီ)များ နေ့ချင်းပြီးထုတ်ပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း နေပြည်တော်မှလာသော သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါမြို့များတွင် စိစစ်ရေးစခန်းသုံးခုဖွင့်လှစ်၍ နိုင်ငံကူးလက်မှတ်(ယာယီ)များ ထုတ်ပေးသွားမည့်အပြင် ယင်းမြို့များမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်နိုင်ရန်စီစဉ်သွားမည်ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုင်းနိုင်ငံအတွင်း ရောက်ရှိလုပ်ကိုင်နေသူများအနေဖြင့် အဆိုပါစခန်းသုံးခုသို့ ကိုယ်တိုင်လာရောက်ရန်ပင်မလိုအပ်ဘဲ လုပ်ငန်းခွင်မှ မန်နေဂျာတစ်ဦးက အများကိုယ်စားလှယ်အဖြစ်လာရောက်၍ ဆောင်ရွက်ခြင်းကိုပင် ခွင့်ပြုပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးမှ သတင်းရရှိသည်။

အထက်ပါအကြောင်းအရာများကို ဩဂုတ်လအတွင်း ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ တာဝန်ရှိသူများ သွားရောက်ခဲ့စဉ် ထိုင်းနိုင်ငံအလုပ်သမားရေးရာဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်ခေါင်းဆောင်သော ထိုင်းအလုပ်သမားကိုယ်စားလှယ်အဖွဲ့တို့နှင့်တွေ့ဆုံစဉ် ဆွေးနွေးညှိနှိုင်း သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်လိုသူများသည် မလေးရှားနိုင်ငံသို့သွားရောက်ခြင်းထက် စက်ရုံ၊ အလုပ်ရုံဝန်ထမ်းတစ်ဦးလျှင် တစ်လဘတ် ၇၀၀၀ ဝန်းကျင် ရရှိလာသော ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသူများပြားနေကြောင်း၊ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့တွင် နိုင်ငံကူးလက်မှတ်နေ့ချင်းရယူပြီး ယင်းမြို့များမှ တိုက်ရိုက်သွားရောက်နိုင်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းအတွက် များစွာအကျိုးရှိစေပြီး ယင်းကဲ့သို့ လွယ်ကူသောနည်းလမ်းဖြင့် သွားရောက်နိုင်ပါက ယခင်ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်မှုများလည်း လျော့ကျသွားနိုင်ကြောင်း၊ ယခုအခါ ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားတစ်သောင်းကိုလည်း တရားဝင်ခေါ်ယူရန်လည်းရှိကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ အကြီးအကဲတစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးကို ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ မြန်မာနိုင်ငံသား မည်သူ့ကိုမဆို လွယ်ကူလျင်မြန်စွာထုတ်ပေးလာ၍ လစဉ် ပြည်ပခရီးသွားသူတစ်သောင်းခန့်ရှိ (သတင်းဖော်ပြပြီး ခေတ်မြန်မာ Weekly Vol.2/No.12) သည်။

Living Color, Associated News

www.foreverspace.com.mm





# အဝေးသင်တက္ကသိုလ် အနီးကပ်ပို့ချရက် တိုးမြှင့်မည်

**ရန်ကုန်၊ ဩဂုတ် ၁၈**

အဝေးသင်တက္ကသိုလ်တက်ရောက်နေသော ကျောင်းသူကျောင်းသားများကို အနီးကပ်ပို့ချပေးမည့်ရက် တိုးမြှင့်မည်ဖြစ်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်မှ လက်ထောက်ကထိကတစ်ဦးက ပြောကြားသည်။

အဝေးသင်တက္ကသိုလ်အနီးကပ်ကျောင်းတက်ရက်မှာ ၁၀ ရက်သာရှိသဖြင့် တစ်လအထိ တက်ရောက်ရန် ရက်တိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ အနီးကပ်ပို့ချသော ၁၀ ရက်မှာ ကျောင်းသူကျောင်းသားများ စာသင်ချိန်နည်းသည့်အတွက် စာမေးပွဲဖြေဆိုရာတွင် အောင်ချက်ရာခိုင်နှုန်းနည်းကြောင်း၊ အဝေးသင်တက်ရောက်သူများတွင် အလုပ်လုပ်ရင်း ကျောင်းတက်နေကြသူ အများဆုံးပါဝင်နေ၍ စာကျေညက်မှုမရှိကြောင်း ၎င်းက ဆိုသည်။

အနီးကပ်ပို့ချမည့်ရက်တိုးမြှင့်ပြီးပါက ကျောင်းခေါ်ချိန်ပြည့်မီအောင် တက်ရောက်ရမည်ဖြစ်ပြီး ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းမပြည့်မီပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်မပြုကြောင်း၊ အဝေးသင်ကျောင်းသားများ စာမေးပွဲတွင် ရှုံးနိမ့်မှုများပြားခြင်းမှာ စာသင်ချိန်နည်းပါးနေသည့်အတွက် ကျောင်းသားများ စာမလိုက်နိုင်ခြင်းဖြစ်ကြောင်း ယူဆ၍ ရက်တိုးမြှင့်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# မြန်မာသင်္ဘောသားများ ဟောင်ကောင်အခြေစိုက် သင်္ဘောလိုင်းများတွင် ပွဲစားဖြင့်ဝင်ရောက်လုပ်ကိုင်ပါက လစာကိစ္စပွင့်လင်းစွာမေးမြန်းသင့်

**ရန်ကုန်၊ ဩဂုတ် ၉**

မြန်မာနိုင်ငံမှ သင်္ဘောသားများ အနေဖြင့် ဟောင်ကောင်အခြေစိုက်သင်္ဘောလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်ရာတွင် ကြားပွဲစားများနှင့် ဆက်သွယ်ပါက ၎င်းတို့အား လစာကိစ္စကို ပွင့်လင်းစွာ မေးမြန်းသင့်သည်ဟု ပြည်ပသင်္ဘောတွင် ဝင်ရောက်လုပ်ကိုင်ဖူးသူတစ်ဦးက ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြောကြားသည်။

ဟောင်ကောင်အခြေစိုက်သင်္ဘောလိုင်းများတွင် လုပ်ကိုင်မည့်သင်္ဘောသားများသည် တရားမဝင်ပွဲစားက ပြောကြားသည့်လစာကို ယုံကြည်မိပြီး သင်္ဘောတက်သည့်အခါတွင်မှ မိမိရရှိမည့်လစာအမှန်ကို သင်္ဘောပေါ်ရှိ နိုင်ငံခြားသားသင်္ဘောသားများထံမှ သိရသဖြင့် သက်ဆိုင်ရာသင်္ဘောလိုင်းကုမ္ပဏီကို တောင်းဆိုသောအခါ သင်္ဘောကုမ္ပဏီမှ ကြားပွဲစားများပြောထားသည့်လစာကို ထုတ်ပေးနိုင်မည်မဟုတ်ဟု အကြောင်းပြန်ပြီး သင်္ဘောလိုင်းကုမ္ပဏီနှင့် ကြားပွဲစားတို့ညှိနှိုင်း၍ မိမိရရှိမည့်လစာ၏ထက်ဝက်ခန့်ကို ခြောက်လစာခန့် ကြိုတင်ထုတ်ယူထားမှုနှင့် ကြုံတွေ့ရကြောင်း၊ သင်္ဘောကုမ္ပဏီအား လစာတောင်းမိသောကြောင့် သင်္ဘောကပ္ပတိန်က ၎င်းအားကျော်လွန်ဆောင်ရွက်သည်ဟုဆိုကာ ဖိနှိပ်မှုများရှိခြင်းကြောင့် မြန်မာသင်္ဘောသားအများစုသည် ရောက်သည့်နိုင်ငံတွင် သင်္ဘောပေါ်မှ ခုန်ချထွက်ပြေးမှုနှင့် သင်္ဘောလိုင်းပြောင်းရွှေ့မှုများ မကြာခဏဖြစ်ပွားနေကြောင်း အဆိုပါသင်္ဘောသားက ထပ်လောင်းပြောကြားသည်။

■

www.foreverspace.com.mm



# အရောင်းသမားသည် ဖောက်သည်ကို ရေရှည်ထိန်းသိမ်းတတ်ရန်လိုအပ်

**ရန်ကုန်၊ စက်တင်ဘာ ၂**

**ပါမောက္ခဒေါက်တာ ဒေါ်ခင်စန်းရီ**

ကုမ္ပဏီလုပ်ငန်းအသီးသီး၌ အရောင်းတာဝန်ယူနေကြရသောအရောင်းတာဝန်ခံ (Saleman) များသည် မိမိတို့၏ ဖောက်သည် (Customer) အား မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းချရုံတင်မကဘဲ ရေရှည်ထိန်းသိမ်းတတ်ရန်ပါ လိုအပ်ကြောင်းနှင့် မိမိ၏ အမြဲတမ်းဖောက်သည်တစ်ဦးအဖြစ်သာမက လုပ်ဖော်ကိုင်ဖက် (Partner) တစ်ဦးအနေဖြင့်ပါ စည်းရုံးထိန်းသိမ်းတတ်ရန်လိုအပ်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခဒေါက်တာဒေါ်ခင်စန်းရီက စက်တင်ဘာလ ၂ ရက်နေ့တွင် ပြောကြားသွားသည်။

ထိုနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ (လှိုင်နယ်မြေ) ရှိ Myanmar Info-Tech ခန်းမ၌ အခွင့်အလမ်းဂျာနယ်တစ်နှစ်ပြည့်အထိမ်းအမှတ်ကျင်းပသော 'Selling' ခေါင်းစဉ်ဖြင့် Seminar ၌ ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အရောင်းတာဝန်ခံများအနေဖြင့် ဖောက်သည်၏ဝယ်ယူမှုပမာဏ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ After Sale Service ကို ဂရုစိုက် ဝန်ဆောင်မှုပေးသင့်ကြောင်း၊ မိမိတို့၏ ဖောက်သည်များအား အဆက်အသွယ်မပြတ်စေရန် Network ချိတ်ဆက်၍ အမြဲတမ်းဆက်သွယ်ဝန်ဆောင်မှုပေးနေသင့်ကြောင်း၊ အရောင်းတာဝန်ခံတစ်ဦးတွင် စိတ်ခံစားနားလည်မှု (Empathy) နှင့် ရောင်းချချင်စိတ် (Ego Drive) သည် အရေးကြီးကြောင်း၊ ယခုအခါ မည်သည့်ဈေးကွက်တွင်မဆို ထုတ်လုပ်ရောင်းချသူဦးရေကများပြီး ဝယ်ယူစားသုံးသူဦးရေနည်းလာနေကြောင်း ၎င်းကဆိုသည်။

အခွင့်အလမ်းဂျာနယ်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့လွန်စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (DMA) ဘွဲ့ရသင်တန်းဆင်းလူငယ်များက စုစည်းထုတ်ဝေခြင်းဖြစ်ပြီး အလားတူ ပါမောက္ခ ဌာနမှူး ဒေါက်တာဒေါ်နုနုယဉ်၏ Enterpreneur- ship and Small Business Management ခေါင်းစဉ်ဖြင့် Seminar တစ်ခုကို အခွင့်အလမ်းဂျာနယ် အမှတ် ၄၀ ပြည့် အထိမ်းအမှတ် ၂၀၀၆ ခုနှစ် ဇွန်လ ၁၀ ရက်က စီစဉ်ကျင်းပခဲ့သည်။

# မြရောဈေးသဘော် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း သုံးခေါက်ပြေးဆွဲမည်

**ရန်ကုန်၊ ဩဂုတ် ၃၁**

ရန်ကုန်မှ မန္တလေးသို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ခုတ်မောင်း ပြေးဆွဲရောင်းချနေသည့် မြဧရာဈေးသဘော်ကို ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ခရီးစဉ်သုံးခေါက်ပြည့်မီအောင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါဈေးသဘော်ကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် အသွားအပြန်လေးခေါက်ပြေးဆွဲရန် လျာထားသော်လည်း ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တို့တွင် နှစ်ခေါက်စီသာ ပြေးဆွဲနိုင်ခဲ့ပြီး၊ ယခုနှစ်တွင်မူ ခရီးစဉ်သုံးခေါက် ပြေးဆွဲမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းဈေးသဘော်သည် ယခုနှစ်ဘဏ္ဍာရေးနှစ်အတွက် ဒုတိယမြောက်ခရီးစဉ်အဖြစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ကြောင်း၊ ခရီးစဉ်တစ်ခုစီအတွက် အဆန်ခရီး ၂၄ ရက်၊ အစုန်ခရီး ၁၉ ရက်နှင့် ကုန်တင်ကုန်ချ ၁၀ ရက် စုစုပေါင်း ၅၃ ရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့ ၂၆ မြို့၌ ရပ်နားဆိုက်ကပ်၍ ကုန်စည်များရောင်းချပေးမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သိရသည်။

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့များမှ ပြည်သူများအနေဖြင့် ကုန်စည်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးနှင့် ကုန်စည်များဈေးနှုန်းသက်သာစွာ ပို့ဆောင်သွားလာနိုင်ရေးအတွက် ရည်ရွယ်၍ အဆိုပါသဘော်ကို ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ သဘော်ပေါ်၌ စားသောက်ကုန်နှင့် လူသုံးကုန်၊ အထွေထွေကုန်ပစ္စည်းရောင်းချသည့် ပုဂ္ဂလိကဆိုင်ခန်းပေါင်း ၄၀ ပါရှိကြောင်း အဆိုပါဌာနမှ သိရသည်။

မြဧရာဈေးသဘော်ကို ၁၉၉၃ ခုနှစ်တွင်စတင်ပြေးဆွဲခဲ့ပြီး ကုန်တန်ချိန် ၃၅၀

www.foreverspace.com.mm



| ဘဏ္ဍာရေးနှစ် | ခရီးသည် | ကုန်တန်ချိန် (ကျပ်ငွေ) | ခရီးသည်ခ (ကျပ်ငွေ) | ကုန်တင်ခ (ကျပ်ငွေ) | ဆိုင်ခန်းခ (ကျပ်ငွေ) | ကုန်ကျစရိတ် (ကျပ်ငွေ) | အရှုံးအမြတ် (ကျပ်ငွေ) |
|---|---|---|---|---|---|---|---|
| **၂၀၀၃–၂၀၀၄** | | | | | | | |
| ခရီးစဉ်–၁ | ၂၆၃ ဦး | ၂၁၄၈ | ၄၇၄,၀၄၅ | ၇,၉၇၇,၇၀၅ | ၁၄၂,၀၀၀ | ၂,၄၀၄,၀၀၀ | (+) ၆,၁၈၉,၇၅၀ |
| ခရီးစဉ်–၂ | ၂၁၆ ဦး | ၁၉၇၄ | ၃၆၄,၉၁၀ | ၆,၅၉၀,၂၉၀ | ၁၃၂,၀၀၀ | ၂,၅၃၆,၀၉၁ | (+) ၄,၅၅၁,၁၀၉ |
| ခရီးစဉ်–၃ | ၂၆၁ ဦး | ၂၀၀၄ | ၃၆၃,၃၇၅ | ၆,၁၁၅,၅၅၅ | ၁၃၂,၀၀၀ | ၂,၂၄၉,၁၆၂ | (+) ၄,၃၆၁,၇၆၈ |
| **၂၀၀၄–၂၀၀၅** | | | | | | | |
| ခရီးစဉ်–၁ | ၂၅၂ ဦး | ၁၈၄၃ | ၃၄၈,၇၉၀ | ၆,၁၂၀,၈၂၀ | ၁၁၂,၀၀၀ | ၃,၂၁၁,၇၁၅ | (+) ၃,၃၆၉,၈၉၅ |
| ခရီးစဉ်–၂ | ၂၃၀ ဦး | ၂၁၀၈ | ၂၆၉,၆၀၀ | ၇,၄၆၄,၁၇၀ | ၁၁၂,၀၀၀ | ၃,၃၁၃,၂၃၁ | (+) ၄,၅၃၂,၅၃၉ |
| **၂၀၀၅–၂၀၀၆** | | | | | | | |
| ခရီးစဉ်–၁ | ၂၅၃ ဦး | ၂၂၆၉ | ၂၉၂,၅၈၀ | ၈,၂၁၀,၆၂၅ | ၁၁၂,၀၀၀ | ၃,၁၁၇,၀၅၆ | (+) ၅,၄၉၈,၁၄၉ |
| ခရီးစဉ်–၂ | ၂၄၃ ဦး | ၂၁၀၀ | ၂၉၁,၆၄၀ | ၁၂,၂၅၀,၆၂၀ | ၁၁၂,၀၀၀ | ၁၂,၃၂၅,၂၈၈ | (+) ၃၂၈,၉၇၂ |
| **၂၀၀၆–၂၀၀၇** | | | | | | | |
| ခရီးစဉ်–၁ | ၂၂၂ ဦး | ၂၅၄၁ | ၂၈၈,၉၅၀ | ၁၄,၁၃၉,၂၂၀ | ၁၁၂,၀၀၀ | ၁၀,၃၇၉,၂၇၂ | (+) ၄,၁၆၁,၈၉၈ |

**( Source: ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)**

တင်ဆောင်နိုင်သည့် သင်္ဘောတွဲနှင့် ကုန်တန်ချိန် ၄၅၀ တင်ဆောင်နိုင်သော သင်္ဘောတွဲနှစ်စင်းပါဝင်သည်။ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှ ယခု ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ပထမခရီးစဉ်အထိ မြဇရာဈေးသင်္ဘော၏ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရောင်းချရမှုနှင့် ဝင်ငွေများကို ဇယားဖြင့်ဖော်ပြထားသည်။



# CNG ဆိုင်မရွေးထုတ်ယူနိုင်သည့်စနစ် ရပ်နား

**ရန်ကုန်၊ ဩဂုတ် ၂၈**

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော CNG စီးတီးတက္ကစီယာဉ်များ၊ တက္ကသိုလ်ကြိုပို့ယာဉ်များ၊ စု–ပုံ–ရှင်းယာဉ်များနှင့် ခေါက်တိုယာဉ်များမှာ ယခင် ဓာတ်ငွေ့ထုတ်ယူရာတွင် ဆိုင်မရွေးဘဲထုတ်ယူခွင့်ပြုထားရာမှ ဩဂုတ်လ ၂၈ ရက်နေ့မှစတင်၍ CNG ဓာတ်ငွေ့ထုတ်ယူရမည့် ဆိုင်များကို အသီးသီးခွဲခြားသတ်မှတ်ပေးလိုက်ပြီဖြစ်သည်။

CNG တက္ကသိုလ် ကြိုပို့ယာဉ်များ၊ စု–ပုံ–ရှင်းယာဉ်များနှင့် ခေါက်တိုယာဉ်များအတွက် ဓာတ်ငွေ့ထုတ်ယူဖြည့်တင်းရန် ဓာတ်ငွေ့ဆိုင် ငါးဆိုင်သတ်မှတ်ပေးခဲ့သည်။ ယင်းဆိုင်များမှာ လှိုင်သာယာရှိ CNG အရောင်းဆိုင်အမှတ် ၀၀၉၊ ပျဉ်းမပင်ရှိ ဆိုင်အမှတ်–၀၁၀၊ ရွှေပြည်သာရှိ ဆိုင်အမှတ်–၀၁၄၊ ဒဂုံ (အရှေ့)ရှိ ဆိုင်အမှတ်–၀၁၅၊ သန်လျင်ရှိ ဆိုင်အမှတ်–၀၁၈ တို့ဖြစ်ကြောင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ CNG အရောင်းဆိုင်များတွင် ဩဂုတ်လ နောက်ဆုံးအပတ်၌ ကြေညာချက်ထုတ်ပြန်ထားသည်။

တက္ကသိုလ် ကြိုပို့ယာဉ်များနှင့် အထက်ပါယာဉ်များအတွက် ဓာတ်ငွေ့ဖြည့်ရန် ယခုသတ်မှတ်ပေးခဲ့သော ဆိုင်ငါးဆိုင်မှာ အဆိုပါယာဉ်များ ကျောင်း ကြို/ပို့ပြုလုပ်ရသော လမ်းများနှင့် သင့်ရာဆိုင်

www.foreverspace.com.mm

များဖြစ်ပြီး ဓာတ်ငွေ့ထုတ်ယူမှုတွင် ပိုမိုအဆင်ပြေနိုင်ကြောင်း CNGသုံးခရီးသည်ယာဉ်မောင်းနှင်သော ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။ အထက်ပါယာဉ်များကို သတ်မှတ်ဆိုင် ငါးဆိုင်တွင် အမြဲဦးစားပေး အစဉ်လိုက် သတ်မှတ်ရောင်းချပေးမည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အလားတူ CNG စီးတီးတက္ကစီယာဉ်များမှာ ပုလဲမြို့သစ်ရှိ ဆိုင်အမှတ်–၀၀၈၊ ကြည့်မြင်တိုင်ရှိ ဆိုင်အမှတ်–၀၁၆၊ တောင်ဥက္ကလာပရှိ ဆိုင်အမှတ်–၀၁၇၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆိုင် အမှတ်–၀၂၀ တို့တွင်သာ ဓာတ်ငွေ့ဖြည့်တင်းရမည်ဖြစ်ပြီး ထိုဆိုင်များတွင် ဓာတ်ငွေ့ဖြည့်တင်းရာ၌ အနည်းဆုံး အပေါက်သုံးပေါက်ကို CNG ယာဉ်များအတွက် အမြဲဦးစားပေးရောင်းချပေးမည်ဖြစ်သည်။

ကျန်ယာဉ်များအားလုံးမှာ ယခင်နည်းတူ CNG ဆိုင်အားလုံးတွင် စနစ်တကျတန်းစီ၍ ဓာတ်ငွေ့ဖြည့်တင်းရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုသို့ဓာတ်ငွေ့အရောင်းဆိုင်များခွဲခြားသတ်မှတ်ပေးခြင်းမှာ ယခင် CNG ယာဉ်အားလုံး ဆိုင်မရွေးထုတ်ယူနိုင်သည့်စနစ်ကြောင့် ဓာတ်ငွေ့ဆိုင်များတွင် တန်းစီကာ အချိန်များစွာပေးနေရခြင်းကို အဆင်ပြေစေရန် အဖြေရှာ၍ သက်ဆိုင်ရာမှ ဖြေရှင်းပေးသော နည်းလမ်းတစ်ခုဖြစ်ကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့တွင် CNG သဘာဝဓာတ်ငွေ့သုံးယာဉ် စုစုပေါင်း ၈၀၀၀ ကျော်ရှိပြီး CNG တက္ကစီယာဉ်သက်သက်ပင် အစီးရေ ၁၇၀၀ နီးပါးရှိပြီးဖြစ်ကာ ဓာတ်ငွေ့အရောင်းဆိုင် စုစုပေါင်းမှာ ဆိုင် ၂၀ ရှိသည်။

Associated News

# ပြည်တွင်းဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်ဈေးကွက်၌ Noritsu ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက် ဈေးကွက်ဝေစု ၆၂ ရာခိုင်နှုန်း ရယူထား

**ရန်ကုန်၊ ဩဂုတ် ၁၆**

ကမ္ဘာတစ်ဝန်းရှိ ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်ဈေးကွက်အတွင်း Noritsu အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များသည် ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းကျော်ဖြင့် နံပါတ် (၁)နေရာကို ရယူထားပြီး မြန်မာနိုင်ငံအတွင်း၌လည်း ဈေးကွက်ဝေစု ၆၂ ရာခိုင်နှုန်းဖြင့် နံပါတ်(၁) နေရာကို ရယူထားကြောင်း ဈေးကွက်သုတေသနပြုချက်များကို ကိုးကား၍ အဆိုပါဓာတ်ပုံကူးစက်တင်သွင်းသည့် Accel International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာအယ်လ်ဗင်လောက ပြောကြားသည်။

ဩဂုတ်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ Noritsu Singapore Pte., Ltd. ၊ Accel International Co., Ltd. နှင့် Kodak (Singapore) Pte., Ltd. တို့ ပူးပေါင်းကျင်းပသော Noritsu QSS-3501 ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက် မိတ်ဆက်ရှင်းလင်းသည့်အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း၌ Accel International Co., Ltd. နှင့် ဖရန်ချိုက်စ်စနစ်ဖြင့်ဖွင့်လှစ်ထားသော Kodak ဓာတ်ပုံကူးဆိုင်စုစုပေါင်း ၅၇ ဆိုင်ရှိပြီး Noritsu အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အရေအတွက် ၃၇ လုံးနှင့် Analog ဓာတ်ပုံကူးစက်အရေအတွက် ၅၇ လုံးအသုံးပြုလျက်ရှိကြောင်း ၎င်းကဆိုသည်။

ယခုထပ်မံတင်သွင်းမိတ်ဆက်လိုက်သည့် Noritsu QSS-3501 ဒစ်ဂျစ်တယ်ပုံကူးစက်သည် ယခင် QSS ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များထက် အရွယ်အစားပိုမိုသေးငယ်ပြီး တစ်မီတာပတ်လည်ခန့်နေရာကျဉ်းကျဉ်းတွင်ပင် ထားရှိအသုံးပြုနိုင်ကြောင်း၊ Software မှာ အမျိုးအစားသစ်ဖြစ်ပြီး တစ်နာရီလျှင် ဓာတ်ပုံ ၆၀၀ ကူးယူထုတ်လုပ်ပေးနိုင်ကာ စက်ဖွင့်ထားပါက Automatic Daily Setup ပြုလုပ်ပေးသဖြင့် အချိန်ကုန်သက်သာစေကြောင်း Accel International Co., Ltd. မှ ဈေးကွက်မန်နေဂျာ ဦးသီဟဇော်က ရှင်းပြသည်။

Accel International Co., Ltd. သည် ပြည်တွင်းဓာတ်ပုံကူးစက်ဈေးကွက်အတွင်းသို့ ဂျပန်နိုင်ငံလုပ် Noritsu QSS-2901 ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်ကို ၂၀၀၂ ခုနှစ်တွင် ပထမဦးဆုံးတင်သွင်းမိတ်ဆက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် QSS 3011 နှင့် QSS 3202 ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် QSS 3300 ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် QSS-3411 နှင့် ဩဂုတ်လတွင် အဆိုပါ QSS-3501 ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များကိုလည်းကောင်း အသီးသီးတင်သွင်းဖြန့်ချိခဲ့သည်။

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm

မြန်မာ့စီးပွားရေးသတင်း

# နာရေးကူညီမှုအသင်း(ရန်ကုန်) ၂၀၀၆ ဩဂုတ်လအတွင်း နာရေးကူညီမှု အများဆုံးဆောင်ရွက်ပေးခဲ့ရ

**ရန်ကုန်၊ စက်တင်ဘာ ၂**

မြန်မာနိုင်ငံ၌ နာရေးကိစ္စကူညီမှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော လူမှုရေးအဖွဲ့အစည်းများအနက် အင်အားအကြီးဆုံးအဖွဲ့အစည်းဖြစ်သည့် နာရေးကူညီမှုအသင်း(ရန်ကုန်)သည် ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်း သေဆုံးသူ ၉၄၄ ဦးကို ကူညီပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့ရရာ အသင်းစတင်တည်ထောင်ခဲ့သည့် ၂၀၀၁ ခုနှစ်နောက်ပိုင်း တစ်လအတွင်း ပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့ရသည့် အများဆုံးအရေအတွက်ဖြစ်ကြောင်း အဆိုပါအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးစန်းမြင့်ထွန်း က Living Color သို့ ပြောကြားသည်။

အသင်းအနေဖြင့် တစ်နေ့လျှင် ပျမ်းမျှသေဆုံးသူ ၃၀ ဦးခန့်ကို ကူညီပို့ဆောင်သင်္ဂြိုဟ်ပေးနေရပြီး အသင်းစတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအထိ ငါးနှစ်အတွင်း သေဆုံးသူ ၃၂,၄၆၄ ဦးကို ကူညီပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့ရကြောင်း ၎င်းက ဆိုသည်။

**နာရေးကူညီမှုအသင်း(ရန်ကုန်)**
**နှစ်အလိုက် ကူညီပို့ဆောင်သင်္ဂြိုဟ်ပေးမှုမှတ်တမ်း**

| စဉ် | လအမည် | ၂၀၀၁ | ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ | ၂၀၀၆ |
|---|---|---|---|---|---|---|---|
| ၁။ | ဇန်နဝါရီ | ၄၀ | ၄၀၄ | ၅၅၅ | ၅၄၇ | ၇၇၂ | ၈၀၉ |
| ၂။ | ဖေဖော်ဝါရီ | ၆၃ | ၃၈၀ | ၄၆၃ | ၅၀၇ | ၆၂၆ | ၇၁၉ |
| ၃။ | မတ် | ၈၁ | ၄၃၂ | ၅၅၇ | ၅၅၈ | ၆၉၅ | ၇၉၇ |
| ၄။ | ဧပြီ | ၁၂၂ | ၄၇၅ | ၅၆၀ | ၆၅၂ | ၇၂၉ | ၈၂၈ |
| ၅။ | မေ | ၁၃၆ | ၄၆၀ | ၅၀၃ | ၆၁၇ | ၇၀၈ | ၈၇၂ |
| ၆။ | ဇွန် | ၁၅၀ | ၄၇၅ | ၄၆၈ | ၆၂၇ | ၇၀၆ | ၈၃၃ |
| ၇။ | ဇူလိုင် | ၁၉၄ | ၅၀၃ | ၅၉၉ | ၇၄၃ | ၇၂၆ | ၉၄၂ |
| ၈။ | ဩဂုတ် | ၃၁၆ | ၅၅၄ | ၅၉၉ | ၇၂၀ | ၈၇၃ | ၉၄၄ |
| ၉။ | စက်တင်ဘာ | ၃၆၉ | ၅၅၄ | ၅၈၃ | ၇၁၁ | ၈၆၆ | |
| ၁၀။ | အောက်တိုဘာ | ၄၄၅ | ၅၅၆ | ၅၉၁ | ၇၁၆ | ၈၆၇ | |
| ၁၁။ | နိုဝင်ဘာ | ၄၈၆ | ၅၄၉ | ၅၉၃ | ၆၇၅ | ၇၉၁ | |
| ၁၂။ | ဒီဇင်ဘာ | ၄၇၈ | ၅၆၅ | ၅၇၂ | ၇၅၈ | ၈၄၄ | |
| | စုစုပေါင်း– | ၂၈၈၀ | ၅၉၀၇ | ၆၆၄၃ | ၇၈၃၁ | ၉၂၀၃ | |

# ကျေးလက်ဒေသဇီဝလောင်စာထုတ်လုပ်ရေးစီမံကိန်းတွင် အဆင့်မြင့်နည်းပညာသုံးစက်ရုံများတည်ထောင်ရန် ACMECS ဆွေးနွေးပွဲ အဆိုပြု

**ရန်ကုန်၊ ဩဂုတ် ၁၁**

ထိုင်းနိုင်ငံ ချင်းရိုင်မြို့တွင် ကျင်းပခဲ့သည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ***(ACMECS)*** ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် ဇီဝလောင်စာထုတ်လုပ်ရေးစီမံကိန်း၌ အဆင့်မြင့်နည်းပညာသုံး၍ စက်ရုံများ တည်ထောင်ရန် အဆိုပြုခဲ့ကြောင်း ဩဂုတ်လ ၃၀ ရက်နေ့က ထိုင်းနိုင်ငံမှ လာသော သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါစီမံကိန်းသည် ***ACMECS*** အဖွဲ့ဝင်ငါးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ဘုံစီမံကိန်းဖြစ်၍ အသေးစားခေတ်မီစက်ရုံတည်ထောင်ရန် မြန်မာနိုင်ငံအား အခြား မိတ်ဖက်နိုင်ငံများမှ နည်းပညာအကူအညီများပေးမည်ဖြစ်ပြီး စက်မှုဇုန်များသို့လည်း နည်းပညာဖြန့်ဝေပေးမည်ဖြစ်ကြောင်းနှင့် ဇီဝလောင်စာထုတ်လုပ်ရေး အဆင့်မြင့်နည်းပညာများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စက်မှုလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများအား သင်တန်းပို့ချပေးရန်အတွက် ထည့်သွင်းတင်ပြခဲ့ကြကြောင်းလည်း ယင်းသတင်းတွင် ထပ်လောင်းဖော်ပြထားသည်။

အဆိုပါတင်ပြချက်၊ အဆိုပြုချက်များသည် ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ ကျင်းပခဲ့သော စက်မှုဆိုင်ရာ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ဆွေးနွေးပွဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ■

www.foreverspace.com.mm



# မန္တလေးမြို့ ပြင်ဦးလွင်လမ်းခွဲအနီး ငှက်မျိုးစိတ် ၄၀ ကျော်တွေ့ရှိ

**မန္တလေး၊ စက်တင်ဘာ ၄**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်အနီးနှင့် ပြင်ဦးလွင်ကားလမ်း လမ်းခွဲအနီး ပန်းရန်ချောင်းတစ်လျှောက်ရှိ လယ်တောများ၊ ရေအိုင်များတစ်ဝိုက်၌ ရေပျော်ငှက်မျိုးစိတ်အများစုအပါအဝင် ငှက်မျိုးစိတ် စုစုပေါင်း ၄၀ ကျော် ရှာဖွေတွေ့ရှိထားကြောင်းနှင့် မန္တလေးမြို့ပတ်ဝန်းကျင်၌ ငှက်ကြည့်လေ့လာရန် နေရာကောင်းတစ်ခုဖြစ်ကြောင်း မန္တလေးမြို့ ဒေသခံခရီးသွားဧည့်လမ်းညွှန် ဦးကျော်ကျော်ဦးက Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် အုပ်စုလိုက် အမြောက်အမြား တွေ့ရခဲသည့် ခရုစုတ်ငှက် (Glossy Ibis) များကို ယင်းဒေသတွင် ကောင်ရေထောင်နှင့်ချီ၍ တွေ့မြင်ရကြောင်း၊ ထို့အပြင် ဆတ်ဖျိုင်း (Cinnamon Bittern)၊ စစ္စလီ (Lesserf Whistling-Duck)၊ မြီးညှောင့်မွဲ (Grey Wagtail) စသည့် ငှက်များလည်း တွေ့မြင်နိုင်ကြောင်း၊ အဆိုပါနေရာသည် မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ငှက်ကြည့်လေ့လာနိုင်သည့် နေရာများဖြစ်သော ပလိပ်အင်း၊ တောင်သမန်အင်း၊ စွန်ရဲအင်းတို့ကဲ့သို့ ငှက်ကြည့်လေ့လာရန် နေရာတစ်ခုအဖြစ် သတ်မှတ်နိုင်ကြောင်း ၎င်းက ဆိုသည်။

ငှက်မျိုးစိတ်စုံလင်ပေါများစွာ ရှာဖွေတွေ့ရှိရသည့် မြန်မာနိုင်ငံတွင် ဧည့်လမ်းညွှန်အများစုမှာ နိုင်ငံခြားဧည့်သည်က စိတ်ဝင်စား၍မေးမြန်းသည့် ငှက်မျိုးစိတ်၏အမည်ကိုပင် မှန်ကန်အောင် မရှင်းပြနိုင်ကြကြောင်း၊ မန္တလေးမြို့ပေါ်၌ ဒေသခံဧည့်လမ်းညွှန် ၄၀ ဦးခန့်ရှိသော်လည်း ငှက်များအကြောင်းကို ကျွမ်းကျင်စွာ ရှင်းလင်းပြသပေးနိုင်သည့် ဧည့်လမ်းညွှန် အရေအတွက်မှာမူ အင်မတန်နည်းပါးနေသေးကြောင်း၊ မန္တလေးမြို့နှင့်ပတ်ဝန်းကျင်သည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် ယဉ်ကျေးမှုအခြေခံခရီးသွားဒေသအဖြစ်သာမက ငှက်ကြည့်လေ့လာခြင်းကဲ့သို့သော သဘာဝကိုအခြေခံသည့် ခရီးသွားဒေသအဖြစ်ပါ ဖော်ထုတ်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်း အသင်းဝင် ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူက သုံးသပ်ပြောကြားသည်။

# နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို ကျောင်းသင်ရိုးတွင်ထည့်သွင်း

**ရန်ကုန်၊ ဩဂုတ် ၂၁**

အခြေခံပညာကျောင်းများတွင် သင်ကြားလျက်ရှိသော ဘဝတွက်တာကျွမ်းကျင်စရာသင်ရိုးတွင် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်ခန်းစာကို ထည့်သွင်းထားကြောင်း ဩဂုတ်လ ၂၀ ရက်နေ့က ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနကပြုလုပ်သည့် ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်သင်တန်းဖွင့်ပွဲ၌ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျောင်းသားလူငယ်များအား ဆေးလိပ်၊ မူးယစ်ဆေးဝါး၊ အေအိုင်ဒီအက်စ်အန္တရာယ်များခြိမ်းခြောက်လျက်ရှိပြီး ယင်းတို့အတွက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းသည် အလွန်အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ၏ အန္တရာယ်ရှိသော အပြုအမူများကို ရှောင်ရှားနိုင်ရန်၊ မှန်ကန် သောဆုံးဖြတ်ချက်ချနိုင်ရန်၊ စိတ်ခွန်အားမြင့်မားတိုးတက်စေရန် သင်ကြားပေးပြီးဖြစ်၍ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်ခန်းစာသည် သီးခြားလုပ်ငန်းစဉ်တစ်ရပ်မဟုတ်ကြောင်း၊ ဆက်သွယ်အားကိုး၊ ကြင်နာ၊ နားလည်၊ ကူညီ၊ ဖြေရှင်းအကြံပေးဆိုသည့်အတိုင်း နှစ်သိမ့်ဆွေးနွေးပညာပေးရေးလုပ်ငန်းတွင် လူမှုရေးပံ့ပိုးမှုလုပ်ငန်း ပါဝင်ပြီးဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ရှင်းပြသည်။

ကျောင်းသားမိဘများက သားသမီးများကို ၎င်းတို့ဘဝတွင် မရရှိခဲ့ဖူးသည့် အောင်မြင်မှုမျိုးရရှိရန် ဖိအားပေးခြင်းများသည် သားသမီးများ၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာများကို ထိခိုက်စေနိုင်သည့် ဆိုးကျိုးများဖြစ်ပေါ်လာစေကြောင်း၊ ကလေးများ၏ စွမ်းဆောင်ရည်အတိုင်းအတာကို အရေးမထားဘဲ မိမိတို့ဖြစ်စေချင်သောဆန္ဒအတိုင်းဖြစ်စေရန် သားသမီးများ၏ ပညာရေးကို ဖိအားပေးခြင်းသည် ကလေးများကို စက်ရုပ်တစ်ရုပ်ကဲ့သို့ဖြစ်လာစေ၍ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းလိုအပ်လာကြောင်း၊ အခြေအနေအရပ်ရပ်ကိုမူတည်၍ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို မည်သူမဆိုဆောင်ရွက်နိုင်ပြီး ကျောင်းသားလူငယ်များအတွက် ဆရာ၊ ဆရာမများ၊ မိဘဆွေမျိုးများ၊ ကျန်းမာရေးဝန်ထမ်းများသာမက ကျောင်းသားလူငယ်အချင်းချင်းလည်း ဆောင်ရွက်နိုင်ကြောင်း ၎င်းကဆိုသည်။

www.foreverspace.com.mm

# ဦးဆောင်သူသည် အများအကျိုးဆောင်ရွက်နိုင်သည့်စိတ်ထားရှိရန် လိုအပ်

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

**ရန်ကုန်၊ ဩဂုတ် ၂၈**

ဦးဆောင်မှုပေးသူတစ်ယောက်သည် အများအကျိုးအတွက် ဆောင်ရွက်နိုင်သည့် စိတ်ထားရှိရန်လိုအပ်ကြောင်းနှင့် တကယ်တမ်းတွင် ဦးဆောင်သူသည် အစေခံတစ်ဦးပင်ဖြစ်ကြောင်း စီမံခန့်ခွဲမှုပညာရှင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ဩဂုတ်လ ၂၅ ရက်တွင် ပြောကြားသွားသည်။

ထိုနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များနယ်မြေရှိ Myanmar Info-Tech ခန်းမ၌ Myanmar Information Technology Pte., Ltd. u ကြီးမှူးကျင်းပသော 'Transformational Leadership' ခေါင်းစဉ်ဖြင့် Seminar တွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးဆောင်မှုပေးသူတစ်ဦး၏ အောင်မြင်မှု/မအောင်မြင်မှုသည် ၎င်းအပေါ်တွင်မမူတည်ဘဲ နောက်လိုက်များပေါ်တွင်မူတည်နေကြောင်း၊ နောက်လိုက်များအပေါ် အောင်မြင်မှုကိုသာ မျှဝေသင့်ပြီး ဆုံးရှုံးမှုများကို မိမိဘာသာမိမိထိန်းသိမ်းထားသင့်ကြောင်း၊ မည်သည့်ဆောင်ရွက်မှုမျိုးမဆို ဦးဆောင်သူနှင့် နောက်လိုက်သူများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်ကြောင်း၊ နောက်လိုက်သူမရှိဘဲ ဦးဆောင်သူတစ်ဦးဖြစ်လာနိုင်စရာမရှိကြောင်း ၎င်းက ဆိုသည်။

အီတလီနိုင်ငံ တူရင်မြို့ရှိ ကုလသမဂ္ဂ သင်တန်းကျောင်း၌ Principal Officer အဖြစ် တာဝန်ထမ်းဆောင်နေသူ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်သည် တစ်နှစ်တစ်ကြိမ် နှစ်စဉ် မြန်မာနိုင်ငံသို့ပြန်လာစဉ် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြောပွဲ (Seminar) များ ပြုလုပ်ကျင်းပပေးလျက်ရှိရာ ယခုနှစ် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေစဉ်အတွင်း ဩဂုတ်လ ၁၂ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမ၌ ‘Leadership Challenges’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဩဂုတ်လ ၁၈ ရက်နေ့က Y.M.C.A ခန်းမ၌ ‘Servant Leadership in Life and Work’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်နေ့က Myanmar Info-Tech ခန်းမ၌ ‘Tranformational Leadership’ ခေါင်းစဉ်ဖြင့်လည်း၊ ဩဂုတ်လ ၃၀ ရက်နေ့က မန္တလေးမြို့ ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်းခန်းမ၌ ‘Challenges of Business Leader’ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပွဲ လေးကြိမ်ပြုလုပ်ကျင်းပခဲ့သည်။

# ရေထွက်ကုန် ပြည်ပတင်ပို့မှု ပုံမှန်တိုးတက်

**ရန်ကုန်၊ စက်တင်ဘာ ၈**

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုပုံမှန်တိုးတက်လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးမှ အများဆုံးတင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ စက်တင်ဘာလဆန်းတွင် စုံစမ်းသိရှိရသည်။

၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လ ၁၈ ရက်နေ့ထိ ရေထွက်ကုန်တင်ပို့မှုတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇၁.၉၆၃ သန်းရှိခဲ့ရာ ယမန်နှစ် အဆိုပါကာလအတွင်း ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၁၆၂.၈၅၇ သန်းထက် ကုန်သွယ်မှုတန်ဖိုးမြင့်တက်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် အဆိုပါကာလအတွင်းတွင် နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၈၈.၃၅၃ သန်း၊ ပုံမှန်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၇၆.၃၉၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များတင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုမှာ တန်ဖိုးအများဆုံးဖြစ်ခဲ့ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

ရေထွက်ကုန်များတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးမှ တရုတ်နိုင်ငံသို့ တင်ပို့မှု အများဆုံးဖြစ်ပြီး ပုံမှန်ကုန်သွယ်ရေးတွင် ဂျပန်၊ စင်ကာပူ၊ မလေးရှား အစရှိသည့် အာရှနိုင်ငံများသို့ တင်ပို့မှု အများဆုံးဖြစ်ကာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံနှင့် ဥရောပဈေးကွက် ဗြိတိန်သို့လည်း တင်ပို့လျက်ရှိကြောင်း အဆိုပါဌာနထံမှ စုံစမ်းသိရှိရသည်။

■

www.foreverspace.com.mm



# လယ်ယာထွက်ကုန် တစ်ပတ်အတွင်း ဒေါ်လာငါးသန်းဖိုး တင်ပို့

**ရန်ကုန်၊ စက်တင်ဘာ ၉**

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများကို တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငါးသန်းကျော်ဖိုး ပြည်ပသို့တင်ပို့ခဲ့ရာ နှမ်းဖြူတန်ချိန်အများဆုံး တင်ပို့ခဲ့ကြောင်း စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနထံမှ စုံစမ်း သိရှိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ ဒုတိယပတ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ LT/TT စနစ်ဖြင့် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု တန်ချိန်စုစုပေါင်း ၉၀၅၅ တန်တင်ပို့ခဲ့ရာ နှမ်းဖြူတန်ချိန် ၂၅၂၁ တန်ကို တန်ဖိုး အမေရိကန်ဒေါ်လာ ၂.၁၄၄ သန်းဖြင့် ကုန်သွယ်မှုတန်ဖိုးအများဆုံး တင်ပို့ခဲ့ပြီး၊ ပဲတီစိမ်း ၂၀၈၉ တန် တန်ဖိုး အမေရိကန် ဒေါ်လာ ၁.၃၁၅ သန်း၊ ပြောင်းဖူးစေ့ ၂၉၂၃ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၃၉၈ သန်း၊ နှမ်းနက် ၃၅၄ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၃၁၈ သန်း၊ သခွားမွှေး လေးတန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၀၀၉ သန်းနှင့် အခြားလယ်ယာထွက်ကုန်များ တင်ပို့ခဲ့ရာတွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း အဆိုပါဌာနထံမှ သိရှိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် စက်တင်ဘာလလယ်မှစတင်၍ နယ်စပ်ကုန်သွယ်ရေးစနစ်မှ ပုံမှန်ကုန်သွယ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန်ရှိပြီး လက်ရှိတွင်မူ နယ်စပ်ကုန်သွယ်ရေးဖြင့်သာ ကုန်သွယ်မှုအများဆုံးပြုလုပ်လျက်ရှိသည်။

---

# ဥယျာဉ်ခြံမြေသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ရန်ကုန်တိုင်း) ဖွဲ့စည်း

**ရန်ကုန်၊ စက်တင်ဘာ ၉**

ဥယျာဉ်ခြံထွက်သီးနှံများ ပြည်ပတင်ပို့မှုမြှင့်တင်ရေးအတွက် ဥယျာဉ်ခြံမြေသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ရန်ကုန်တိုင်း) ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT) ထံမှ စုံစမ်းသိရှိရသည်။

ဥယျာဉ်ခြံထွက်သီးနှံများအထွက်တိုးစေရန်နှင့် ပြည်ပတင်ပို့မှု စနစ်တကျရှိစေရန်ရည်ရွယ်၍ တိုင်းအလိုက် ဥယျာဉ်ခြံမြေသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းများဖွဲ့စည်းရန်ရှိရာ ရန်ကုန်တိုင်းအတွက် အသင်းကို ယာယီဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း MAPT ၏အဆိုအရ သိရသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တစ်စုတစ်စည်းတည်း စုပေါင်းရောင်းချနိုင်မည့် အရောင်းစင်တာကြီးတစ်ခုကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းကဦးစီး၍ တည်ဆောက်ရန်ရှိကြောင်း (The Voice Weekly Vol.2/ No 48 တွင်သတင်းဖော်ပြပြီး)၊ ဥယျာဉ်ထွက်သီးနှံများ စနစ်တကျ ရောင်းချတင်ပို့နိုင်ရန်အတွက် ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း အဆိုပါအသင်း၏ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။ ■

---

# အင်း၀ e-Library & Resource Center တွင် အင်တာနက် ဝင်ရောက်ကြည့်ရှုနိုင်

**ရန်ကုန်၊ စက်တင်ဘာ ၉**

ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း ဖွင့်လှစ်ထားသည့် အင်း၀ e-Library & Resource Center တွင် အင်တာနက် Website များ ဝင်ရောက်ရှာဖွေနိုင်ရန် Public Access Center (PAC) အဆင့်သို့ မြှင့်တင်ထားသည်ဟု ယင်းစင်တာမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြောကြားသည်။

အဆိုပါ PAC အဆင့်သို့ မမြှင့်တင်မီက ပါရဂူနှင့် မဟာတန်းတက်ရောက်နေသူ သုတေသနနှင့် ကျမ်းပြုစုလိုသူများကို ဘန်ကောက်ရှိ အေးရှားပစိဖိတ်စင်တာမှ ရရှိသည့်အချက်အလက်များ ဝင်ရောက်ကြည့်ရှုနိုင်ရန်စီစဉ်ထားရာမှ ယခုအခါ Web Browsing ၊ E-mail နှင့် Chatting တို့ကိုအသုံးပြုနိုင်ပြီး နိုင်ငံတကာတက္ကသိုလ်များ၏ သင်ရိုး၊ သင်ခန်းစာနှင့် ပို့ချချက်များကို အလွယ်တကူ ကူးယူနိုင်သည့်အပြင် ပါရဂူနှင့် မဟာတန်းများအတွက် သုတေသနနှင့် သုတေသနကျမ်းပြုစုလိုသူများ အနေဖြင့် Academic Database တွင် အလွယ်တကူဝင်ရောက်လေ့လာနိုင်ကြောင်းနှင့် လိုအပ်လျှင် Google ၊ Yahoo စသော အင်တာနက် Website များသို့ အလွယ်တကူဝင်ရောက်ရှာဖွေနိုင်ကြောင်း အဆိုပါစင်တာ၏ လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

www.foreverspace.com.mm

# မြေငလျင်အခြေပြမြေပုံထွက်ပေါ်လာလျှင် ဆောင်ရွက်ရမည့်အကြံပြုချက် ၁၃ ချက်စာတမ်း တင်ပြ

**ရန်ကုန်၊ ဩဂုတ် ၃၁**

မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ ရေးဆွဲထားသည့် မြေငလျင်အခြေပြမြေပုံ ထွက်ပေါ်လာလျှင် ဆက်လက်ဆောင်ရွက်ရမည့်အကြံပြုချက် ၁၃ ချက်ပါစာတမ်းကို အစိုးရအဖွဲ့သို့ တင်ပြထားသည်ဟု ဩဂုတ်လ ၃၁ ရက်နေ့၌ မြန်မာနိုင်ငံ မြေငလျင်ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါအကြံပြုချက်စာတမ်းပါ အချက် ၁၃ ချက်အနက် ၁၂ ချက်သည် မြေငလျင်ကော်မတီ၏ လုပ်ဆောင်မှုအပိုင်းကို တင်ပြထားပြီး နောက်ဆုံးအချက်တစ်ချက်ကို တင်ပြထားရာတွင် မြေငလျင်လှုပ်ရှားမှုအတွက် ဆောင်ရွက်ပေးရန် အပိုင်းလိုက်ခွဲ၍ တင်ပြထားကြောင်း၊ ယင်းတင်ပြချက်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုရှိလျှင် ပူးပေါင်းလက်ခံဆောင်ရွက်ပေးရန်၊ တိုင်းတာရေးစက်ကိရိယာများအနက် ဟောင်းနွမ်းနေသည့် ပစ္စည်းများကို အနည်းဆုံး မြို့ကြီး ၁၀ မြို့တွင် လဲလှယ်တပ်ဆင်ပေးရန်၊ အမြဲတမ်းလှုပ်ရှားနေသည့် မြေလွှာလှုပ်ရှားမှုကို တိုင်းတာနိုင်ရန် အမေရိကန်ဒေါ်လာ တစ်သန်းကုန်ကျမည့် တိုင်းတာရေးဌာနတစ်ခု ဖွင့်ပေးရန်၊ မျိုးဆက်သစ်လူငယ် မြေငလျင်ပညာရှင်များကို ပြည်ပသို့စေလွှတ်၍ ပညာသင်ပေးရန်နှင့် ငလျင်အန္တရာယ်ကျရောက်သည့် မြို့ကြီးများတွင် ငလျင်ရပ်ဝန်းပြမြေပုံများဆွဲပေးထားရန်တို့ပါဝင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# သုံးနှစ်အတွင်း ခွဲစိတ်လူနာ ၆၆၅ ဦးအား နာရေးကူညီမှုအသင်း ဆေးဝါးကူညီမှုပေး

**ရန်ကုန်၊ စက်တင်ဘာ ၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၀၁ ခုနှစ်မှစတင်၍ နာရေးကူညီမှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော နာရေးကူညီမှုအသင်း (ရန်ကုန်)သည် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း အရေးပေါ်ခွဲစိတ်ကုသရမည့် ဆင်းရဲနွမ်းပါးသူနှင့် မွေးလူနာစုစုပေါင်း ၆၆၅ ဦးအား ဆေးဝါးကူညီမှုပေးခဲ့ကြောင်း အသင်း၏ ပြန်ကြားရေးတာဝန်ခံ ဦးစန်းမြင့်ထွန်းက Living Color သို့ ပြောကြားသည်။

နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၇ ရက် (ကမ္ဘာ့ကျန်းမာရေးနေ့) မှစတင်ပြီး အင်းစိန် အထွေထွေရောဂါကုဆေးရုံ၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံ၊ သင်္ကန်းကျွန်း စံပြဆေးရုံ၊ တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံနှင့် ရန်ကုန်အနောက်ပိုင်းဆေးရုံတို့ရှိ အရေးပေါ်ခွဲစိတ်ကုသရမည့် ဆင်းရဲနွမ်းပါးသူနှင့် မွေးလူနာများအား ခွဲစိတ်ခစရိတ်ကျခံပြီး ဆေးဝါးကူညီမှုပေးခဲ့ရာ ၂၀၀၅ ခုနှစ်ကုန်အထိ လူနာ ၆၆၅ ဦးအား ဆေးဝါးကူညီမှုပေးခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း လူနာ ၃၃၇ ဦးအားလည်း ဆေးဝါးကူညီမှုပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အသင်းအနေဖြင့် နာရေးကူညီမှုအပြင် ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ ဧရိယာ ၂.၁၅ ဧကကျယ်ဝန်းသောမြေနေရာ၌ အသင်းရုံးချုပ် နှစ်ထပ်အဆောက်အအုံနှင့်အတူ ဆေးပေးခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးရုံငယ်တို့ကိုပါ ၂၀၀၆ ခုနှစ် ဩဂုတ်လမှစတင်ပြီး ပူးတွဲတည်ဆောက်လျက်ရှိကြောင်း သိရသည်။

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm



# မြန်မာနိုင်ငံမှ နွားအရှင်များ မလေးရှား ဝယ်ယူမည်

**ရန်ကုန်၊ ဩဂုတ် ၃၁**

မြန်မာနိုင်ငံမှ အသားစားနွားအရှင်များကို စက်တင်ဘာလမှစတင်၍ မလေးရှားနိုင်ငံက တရားဝင် ဝယ်ယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အိန္ဒိယနိုင်ငံမှ နွားများကို ပြည်တွင်းရိက္ခာအတွက် တင်သွင်းနေသော မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံမှ ခွာနာလျှာနာကင်းစင်သော နွားများကို ဝယ်ယူလိုကြောင်း ကမ်းလှမ်းနေသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း မြန်မာနိုင်ငံမှ နွားများကို အပြိုင်အဆိုင်တင်သွင်းလိုသူများပြားနေသဖြင့် မလေးရှားအစိုးရမှ တင်သွင်းခွင့်လိုင်စင်ချပေးရန် နှောင့်နှေးနေသည့်အတွက် ယခုအခါမှ တင်သွင်းခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းစိန်က ပြောကြားသည်။

အစိုးရရုံးများ ပြောင်းရွှေ့ရုံးစိုက်ရာနေပြည်တော်အနီးတစ်ဝိုက်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဦးဆောင်၍ နွားမွေးမြူရေးဇုန်များ ပြုလုပ်ရန် ကြိုးပမ်းနေရာ မလေးရှားဈေးကွက်သို့ ပုံမှန်တင်ပို့ခွင့်ရရှိပါက လိုအပ်သောနွားများကို အလုံအလောက် မွေးမြူရရှိနိုင်မည်ဟု ဦးဝင်းစိန်က ထပ်လောင်းပြောကြားသည်။

**ထားထားမြင့်**

# ရေပူ-မရမ်းချောင်း စစ်ဆေးရေးဂိတ်များ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာဝန်ယူ

**ရန်ကုန်၊ ဩဂုတ် ၁၀**

သိမ်ဇရပ်–ကျိုက်ထိုလမ်းရှိ မရမ်းချောင်းစစ်ဆေးရေးဂိတ်နှင့် လားရှိုး–သိန္နီလမ်းရှိ ရေပူစစ်ဆေးရေးဂိတ်တို့ကိုယခုနှစ် ဩဂုတ်လဆန်းပိုင်းမှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက စတင်၍ တာဝန်လွှဲပြောင်းယူလိုက်ကြောင်း အဆိုပါဝန်ကြီးဌာနရှိ ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

အဆိုပါစစ်ဆေးရေးဂိတ်နှစ်ခုတွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများမှာ နယ်စပ်ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် ၂/၂၀၀၆ မှသင်တန်းဆင်းဝန်ထမ်းများဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန စသည့် ဌာနဆိုင်ရာများနှင့်အတူ စစ်ဆေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရေပူစစ်ဆေးရေးဂိတ်စခန်းတွင် သွားရောက်တာဝန်ထမ်းဆောင်မည့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ရေပူနှင့် မရမ်းချောင်းစစ်ဆေးရေးဂိတ်များတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကုန်သည်နှင့် ခရီးသွားများ စိတ်အနှောင့်အယှက်မဖြစ်စေရန် တိကျမှန်ကန်မြန်ဆန်စွာစစ်ဆေးစေလိုကြောင်း၊ အချိန်အားဖြင့် တတ်နိုင်သမျှ မြန်ဆန်စွာ ဆောင်ရွက်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုကို မြန်ဆန်စေမည်ဖြစ်ပြီး ကုန်သွယ်ရေးမြှင့်တင်နိုင်ကြောင်း၊ ထူးခြားဖြစ်စဉ်ပေါ်ပေါက်ပါက သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံပြည့်က ပြောကြားသည်။

Mass Peafowl News

■

# ကွန်ပျူတာဈေးကွက် ကိုယ်တိုင်တင်သွင်းသည့်စနစ်မှ တစ်ဆင့်ပြန်ယူရောင်းချသည့်စနစ်သို့ ပြောင်းလဲ

**ရန်ကုန်၊ စက်တင်ဘာ ၉**

ရန်ကုန်မြို့တော်အခြေစိုက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်အတွင်း ယခင်က ကိုယ်တိုင်တင်သွင်း၍ ရောင်းချဖြန့်ဖြူးသည့်စနစ်ကို ကျင့်သုံးခဲ့ကြရာမှ ယခုအခါ တစ်ဦးတည်းကိုယ်စားလှယ်ရယူထားသည့် ပြည်တွင်းကုမ္ပဏီကြီးများမှတစ်ဆင့် မှာယူပြီး လက်လီပြန်လည်ရောင်းချသည့်စနစ်သို့ ပြောင်းလဲလာကြောင်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ဖြန့်ဖြူးရောင်းချလျက်ရှိသော Technoland Computer Sales and Services မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်စိုးဝင်းက ပြောကြားသည်။

ယင်းကုမ္ပဏီအနေဖြင့် ယခင်က

www.foreverspace.com.mm

ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ကိုယ်တိုင်တင်သွင်းရောင်းချခဲ့သော်လည်း ယခုအခါတွင်မူ ပြည်တွင်းရှိ နာမည်ကျော်အမှတ်တံဆိပ်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တစ်ဦးတည်းကိုယ်စားလှယ်ရယူတင်သွင်းဖြန့်ဖြူးနေသော ကုမ္ပဏီ ၁၀ ခုခန့်နှင့် ချိတ်ဆက်၍ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၌ ပြီးခဲ့သည့် ဇူလိုင်လဆန်းမှစတင်၍ နယ်စပ်ကုန်သွယ်ရေးဂိတ်များနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို သက်ဆိုင်ရာက တားမြစ်စိစစ်ကန့်သတ်လိုက်သဖြင့် ကွန်ပျူတာ Hardware ပစ္စည်းများ ဈေးကွက်အတွင်း မကြုံစဖူးပြတ်လပ်သွားခဲ့ရပြီး ကွန်ပျူတာဆက်စပ်ပစ္စည်းများမှာလည်း ဈေးနှုန်းမြင့်တက်ခဲ့သည်။

# ရခိုင်ကမ်းရိုးတန်းဒေသ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ အတွင်း ဆူနာမီဖြစ်ပွားဖူးခြင်းမရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁**

ဆူနာမီနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေသည့် မြန်မာနိုင်ငံ မြေလျှင်ကော်မတီနှင့် ဂျပန်ဘူမိဗေဒပညာရှင်များ၏ ရှာဖွေတွေ့ရှိချက်တွင် ရခိုင်ကမ်းရိုးတန်းဒေသသည် လက်ရှိအချိန်မှစ၍ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀ အတွင်း၌ ဆူနာမီဖြစ်ခဲ့ဖူးသည့် အထောက်အထားမတွေ့ရဟု မြေလျှင်ကော်မတီအတွင်းရေးမှူးဦးတင့်လွင်ဆွေက ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြောကြားသည်။

ရခိုင်ကမ်းရိုးတန်းရှိ သဲ၊ ရွှံ့နှင့် သစ်ဆွေးစတို့ကို ကောက်ယူပြီး ဂျပန်နိုင်ငံရှိ ဓာတ်ခွဲခန်းများတွင် သုတေသနပြုချက် အရ ကာဗွန်ပြိုကွဲမှုနှုန်းဖြင့် ပြန်တွက်သည့်နည်းအပါအဝင် ကမ်းရိုးတန်းပြောင်းလဲမှု၊ သဲသောင်ပြင်ဖြစ်ထွန်းမှုအနေအထားတို့ကိုပါ ထည့်သွင်းတွက်ချက်ခြင်းကိုကြည့်၍ ဆူနာမီသည် ရခိုင်ကမ်းရိုးတန်းတွင်ဖြစ်ခဲ့ဖူးသည့် အထောက်အထားမတွေ့ရကြောင်းနှင့် ၂၀၀၇ ဇန်နဝါရီတွင် နောက်တစ်ကြိမ် ပြန်လည်သုတေသနပြုမည့်အစီအစဉ်တွင် အနှစ် ၃၀၀၀ အတွင်း အထောက်အထားသည် သိပ်ပြီးဝေးလွန်းသဖြင့် ဆယ်စုနှစ်၊ ရာစုနှစ်အတွင်းမှ ဆူနာမီဖြစ်နိုင်မည့် သဲပို့ချမှုနှင့် သဲအမျိုးအစားကို အဓိကထား၍ ရှာဖွေသွားမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

# မြန်မာနိုင်ငံ စားနပ်ရိက္ခာ သတင်းအချက်အလက်လေ့လာခြင်းလုပ်ငန်း FAO ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ Dr.Palo Santacrocc (Food Security Analysis Expert) ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးသတင်းအချက်အလက်ဖွံ့ဖြိုးမှုလေ့လာခြင်းနှင့်စပ်လျဉ်း၍ ၈၈ ရက်ကြာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု စက်တင်ဘာလ ၁ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရှိရသည်။

စားနပ်ရိက္ခာသတင်းအချက်အလက်အတွက် လေ့လာခြင်းလုပ်ငန်းကို FAO သည် ဥရောပကော်မရှင် (Europen Commission) ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ယင်းကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပါအဝင် အဆိုပါစီမံကိန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ကျွမ်းကျင်မှုနည်းပညာအဖွဲ့ကို ဖွဲ့စည်းခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနမှ ထပ်မံသိရှိရသည်။ ■

LIVING COLOR MAGAZINE - 526302 , 504496



www.foreverspace.com.mm

www.foreverspace.com.mm



**လူမှုအဖွဲ့အစည်းများဆိုသည်မှာ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားတစ်ခုခုကို လူတစ်ဦးချင်း သဘောတရားဖြင့် ဆောင်ကြဉ်းရန်မဖြစ်နိုင်သောအခါ Collective Action ရရှိရန်အလို့ငှာ လူ့အဖွဲ့အစည်းအတွင်းရှိနေသူအချင်းချင်း လူမှုဝန်ထမ်းအသိစိတ်ဖြင့် ငွေကြေးအကျိုးအမြတ်အလို့ငှာမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသော အသင်းအဖွဲ့မျိုးကို ဆိုလိုပါသည်။**

မြန်မာတို့သည် အမျိုးသားစရိုက်လက္ခဏာအားဖြင့်ပင် အသိုက်အမြုံဖြင့် နေထိုင်လုပ်ကိုင်ရခြင်းကို နှစ်သက်သူများဖြစ်ရာ မြန်မာနိုင်ငံတွင် လူမှုအဖွဲ့အစည်းအမျိုးမျိုးသည် ကိုလိုနီခေတ်ကပင် တိမ်ကောသွားခြင်းမရှိဘဲ ဖြစ်ထွန်းနေခဲ့သည်ဟု သုတေသနပြုခဲ့သူများက ဆိုသည်။ တဖြည်းဖြည်း ဆက်နွယ်မှုများပြားလာသောကမ္ဘာကြီးတွင် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းရန် နည်းနာနှင့် ဆော်ဩမှုများလည်း ပိုမိုများပြားလာခဲ့ရာ မြန်မာနိုင်ငံအတွင်း ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် အသင်းအဖွဲ့မျိုးစုံ သိသာစွာများပြားလာခဲ့ပြီး ယနေ့အချိန်သည် သမိုင်းတစ်လျှောက် အများဆုံးဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

လူမှုအဖွဲ့အစည်းဆိုသည်များကို ဥပမာပြရလျှင် မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာရှိနေသော စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ (ဥပမာ–မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်)၊ ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များ(မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း)ကို ပြရမည်ဖြစ်ပေသည်။ လူမှုအဖွဲ့အစည်းဟုသတ်မှတ်ရာတွင် အောက်ပါတန်ဖိုးများ ပါဝင်လေ့ရှိသည်ဟု ဆိုသည်။

(၁) ငွေကြေးအကျိုးအမြတ်မျှော်ကိုးခြင်းမရှိ

(၂) ကိုယ်ပိုင်ဆန္ဒဖြင့် လုပ်အားပေးခြင်းဖြစ်သည်

(၃) အနှောင်အဖွဲ့ကင်းသည်

(၄) လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆန္ဒတစ်ခုပါရှိသည်။

ထိုသို့သော လူမှုအဖွဲ့အစည်းမျိုးစုံသည် လမ်းစဉ်ပါတီအစိုးရလက်ထက် ၁၉၈၈ ခုနှစ်အထိတွင် အနည်းဆုံးဖြစ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် နှစ်စဉ်အသင်းအဖွဲ့များ နှစ်အလိုက် တိုးတက်လာနေသည်ကို တွေ့ရသည်။

ဇယား(၁)တွင် ဖော်ပြထားသော အသင်းအဖွဲ့များသည် ၂၀၀၂ ခုနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောစာရင်းကို Update ပြုလုပ်ထားခြင်းဖြစ်ပြီး စီးပွားရေးနှင့်သက်ဆိုင်သော အသင်းအဖွဲ့အများဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုသို့သော လူမှုအဖွဲ့အစည်းများသည် သက်တမ်းရှည်ကြာစွာ တည်ရှိနေခဲ့ခြင်းဖြစ်သည်ဆိုသော အချက်ကို လွန်ခဲ့သောမေလအတွင်း ကျင်းပခဲ့သော YMBA နှစ်တစ်ရာပြည့်အခမ်းအနားက သက်သေခံလျက်ရှိပါသည်။ ယနေ့ကာလသည် ထိုသို့သော လူမှုအဖွဲ့အစည်းများ နိုးကြားလာသောအချိန်ဖြစ်ပါသည်ဟု မြန်မာနိုင်ငံနှင့်ပတ်သက်၍ သုတေသနစာတမ်းတစ်စောင် ရေးသားခဲ့သူ Brian Heidel က ရေးသားခဲ့သည်။ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ လမ်းစဉ်ပါတီခေတ်များနှင့်နှိုင်းယှဉ်လျှင် ၁၉၉၀ နောက်ပိုင်း ယနေ့ကာလသည် သမိုင်းကြောင်းတစ်လျှောက် ထိုသို့သော လူမှုအဖွဲ့အစည်း များစွာ ပေါ်ပေါက်လာနေသည်ကို တွေ့ရပါသည်ဟု ၎င်း၏စာတမ်းတွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် အကျိုးပြုနေသော လူမှုအဖွဲ့အစည်းပေါင်း (အားကစားနှင့် မြို့နယ်အသင်းအဖွဲ့များမပါ) တစ်ရာကျော်ရှိနေပြီး နယ်ပယ်ပေါင်း ၁၄ ခုတွင် ပါဝင်အကျိုးပြုနေသည်ဟု ဆိုသည်။ ယင်းနယ်ပယ်များမှာ–

(၁) ပညာရေး

(၂) ကျန်းမာရေး

(၃) ဘာသာရေး



www.foreverspace.com.mm



ဇယား(၁)

## ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် |
|---|---|
| ၁။ | မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ် |
| ၂။ | မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) |
| ၃။ | အရှိုချင်းနှစ်ခြင်းခရစ်ယာန်အသင်း |
| ၄။ | မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း |
| ၅။ | ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ |
| ၆။ | ဓမ္မသကသီလရှင်သင်ပညာရေးကျောင်း |
| ၇။ | ဓမ္မသိဒ္ဓိပရိယတ္တိစာသင်တိုက် |
| ၈။ | ဒေဝမသန်မစွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ |
| ၉။ | သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) |
| ၁၀။ | ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအသင်း |
| ၁၁။ | နာရေးကူညီမှုအသင်း |
| ၁၂။ | သစ်တောမိတ်ဆွေအသင်း (FORM) |
| ၁၃။ | ဂုရုနာနတ်အခမဲ့ဆေးကုခန်း |
| ၁၄။ | မှန်ကင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း |
| ၁၅။ | ဇီဝိတဒါန သံဃဆေးရုံကြီး |
| ၁၆။ | ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် |
| ၁၇။ | ကရုဏာမြန်မာလူမှုရေးလုပ်ငန်း |
| ၁၈။ | ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် |
| ၁၉။ | သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ |
| ၂၀။ | လောကတ္ထစရိယဖောင်ဒေးရှင်း |
| ၂၁။ | မဒ်ရစဟ်မဂျီဒီယာမိဘမဲ့ဂေဟာနှင့် ဟာဖိဇ်ကျောင်း |
| ၂၂။ | မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း |
| ၂၃။ | မေတ္တာဖွံ့ဖြိုးမှုဖောင်ဒေးရှင်း |
| ၂၄။ | မင်္ဂလာဗျူဟာပရဟိတအဖွဲ့ |
| ၂၅။ | မွတ်(စ်)လင်(မ်)ဗဟိုရန်ပုံငွေအဖွဲ့ |
| ၂၆။ | မွတ်ဆလင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ဇီဝိတဒါနအသင်း |
| ၂၇။ | မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း |
| ၂၈။ | မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ် |
| ၂၉။ | မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ် (အမ်၊ ဘီ၊ စီ) |
| ၃၀။ | မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ AIDS ဆိုင်ရာ ညွှန့်ပေါင်းအဖွဲ့ |
| ၃၁။ | မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ |
| ၃၂။ | မြန်မာနိုင်ငံ ခရစ်ယာန်ကျန်းမာရေးလုပ်သားများ ဝန်ဆောင်မှုအသင်း |
| ၃၃။ | မြန်မာနိုင်ငံ ခရစ်ယာန်အနာကြီးရောဂါသာသနာလုပ်ငန်း |
| ၃၄။ | မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ |
| ၃၅။ | မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း |
| ၃၆။ | မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုအသင်း |

www.foreverspace.com.mm



| စဉ် | အဖွဲ့အစည်းအမည် |
|---|---|
| ၃၇။ | မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို) |
| ၃၈။ | မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း |
| ၃၉။ | မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း |
| ၄၀။ | မြန်မာနိုင်ငံ လူငယ်ခရစ်ယာန်များအဖွဲ့ |
| ၄၁။ | မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ |
| ၄၂။ | လူငယ်ဖွံ့ဖြိုးရေးမေတ္တာဝါဒီ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း |
| ၄၃။ | နန်းဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း |
| ၄၄။ | မြန်မာနိုင်ငံ ကလျာဏယုဝ ခရစ်ယာန်အသင်းများကောင်စီ |
| ၄၅။ | မြန်မာနိုင်ငံ ယုဝတီခရစ်ယာန်အသင်း |
| ၄၆။ | ငှက်ပျောကျွန်းသီလရှင်များသင်ပညာရေးကျောင်း |
| ၄၇။ | ပိတောက်ရွှေဝါဘုန်းတော်ကြီးသင်ပညာရေးကျောင်း |
| ၄၈။ | ပိုးကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် |
| ၄၉။ | ပညာတန်ဆောင် |
| ၅၀။ | ပညာသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်း |
| ၅၁။ | ရတနာ့မေတ္တာအဖွဲ့ |
| ၅၂။ | မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (REAM) |
| ၅၃။ | ကမ္ဘာ့ဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင် မိဘမဲ့အခြေခံမူလတန်းသာသနရက္ခိတကျောင်း |
| ၅၄။ | ငြိမ်းဖောင်ဒေးရှင်း |
| ၅၅။ | ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ |
| ၅၆။ | ရွှေပြည်ဟိန်းကျန်းမာရေးယာဉ် အလှူအသင်း |
| ၅၇။ | ရွှေသံလွင်ဘိုးဘွားရိပ်သာ |
| ၅၈။ | မေတ္တာအားမာန်အဖွဲ့ |
| ၅၉။ | ကယ်တင်ခြင်းတပ် |
| ၆၀။ | သုံးထပ်(ပရဟိတ)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း |
| ၆၁။ | ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း |
| ၆၂။ | ဝေနေယျသုခရေချမ်းစင်အသင်း |
| ၆၃။ | ရတနာ့ဗိမ္မာန်ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ |
| ၆၄။ | ရတနာပုံရိပ်ငြိမ် |
| ၆၅။ | ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်အမျိုးသမီးများအသင်း |
| ၆၆။ | ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း |
| ၆၇။ | အနန္တမေတ္တာကလေးရိပ်မွန် |
| ၆၈။ | မေတ္တာအေးရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာ |
| ၆၉။ | အေအိုစီကလေးများရိပ်မြုံ |
| ၇၀။ | အင်ဒရူးကလေးများရိပ်သာ |
| ၇၁။ | ရောင်စုံပန်းကလေးများဥယျာဉ် |
| ၇၂။ | ဂရေ့(စ်)ကလေးများရိပ်မြုံ |
| ၇၃။ | မြတ်မေတ္တာမိဘမဲ့ ခိုကိုးရာမဲ့ကလေးများရိပ်မြုံ |
| ၇၄။ | ဧမာနွေလခိုလှုံရာဂေဟာ |

www.foreverspace.com.mm

## မျက်နှာဖုံးဆောင်းပါး

| စဉ် | အဖွဲ့အစည်းအမည် |
|---|---|
| ၇၅။ | ဝမ်းမြောက်ခြင်းကလေးများဂေဟာ |
| ၇၆။ | ဂျတ်စတီနာမိဘမဲ့ဂေဟာ |
| ၇၇။ | လပြည့်ဝန်းကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးမိသားစုဂေဟာ |
| ၇၈။ | အသက်ရှင်သောယုံကြည်ခြင်းဂေဟာ |
| ၇၉။ | 'မျိုးဆက်သစ်'ချစ်ခြင်းမေတ္တာ လူငယ်ပြုစုပျိုးထောင်ရေး |
| ၈၀။ | အချင်းချင်းချစ်ခြင်းမေတ္တာသင်ကြားရေးဌာန |
| ၈၁။ | စိန်မေရီမိဘမဲ့ဂေဟာ |
| ၈၂။ | တော့မဲပါ |
| ၈၃။ | ဝိတိုရိယကလေးများပြုစုစောင့်ရှောက်ရေးပရဟိတဂေဟာ |
| ၈၄။ | မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် |
| ၈၅။ | မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း |
| ၈၆။ | မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း |
| ၈၇။ | မြန်မာနိုင်ငံ ဗိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ |
| ၈၈။ | မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ |
| ၈၉။ | မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးလုပ်ငန်းပညာရှင်အဖွဲ့ |
| ၉၀။ | မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း |
| ၉၁။ | မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) |
| ၉၂။ | မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း |
| ၉၃။ | မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ |
| ၉၄။ | မြန်မာနိုင်ငံ ဘဏ်များအသင်း |
| ၉၅။ | မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် |
| ၉၆။ | မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း |
| ၉၇။ | မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၉၈။ | မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း |
| ၉၉။ | ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့ရောင်းချသူများအသင်း |
| ၁၀၀။ | ဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း |
| ၁၀၁။ | မြန်မာနိုင်ငံ ပျားလုပ်ငန်းအသင်း |
| ၁၀၂။ | ဘဲဥ၊ ကြက်ဥထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း |
| ၁၀၃။ | မင်္ဂလာဇျူဟာအသင်းချုပ် |
| ၁၀၄။ | မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း |
| ၁၀၅။ | မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်းသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း |
| ၁၀၆။ | မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း |
| ၁၀၇။ | မြန်မာငှက်ဝါသနာရှင်အသင်း |
| ၁၀၈။ | မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း |
| ၁၀၉။ | မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် |
| ၁၁၀။ | မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း |
| ၁၁၁။ | မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း |
| ၁၁၂။ | မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း |

www.foreverspace.com.mm



| စဉ် | အဖွဲ့အစည်းအမည် |
|---|---|
| ၁၁၃။ | မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း |
| ၁၁၄။ | ကဏန်းလုပ်ငန်းရှင်များအသင်း |
| ၁၁၅။ | ငါးရှဥ့်လုပ်ငန်းရှင်များအသင်း |
| ၁၁၆။ | မြန်မာ့အလှမွေးငါး ဝါသနာရှင်များအသင်း |
| ၁၁၇။ | မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း |
| ၁၁၈။ | မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း |
| ၁၁၉။ | မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း |
| ၁၂၀။ | မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း |
| ၁၂၁။ | မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်း စိုက်ပျိုးထုတ်လုပ်သူများအသင်း |
| ၁၂၂။ | မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း |
| ၁၂၃။ | မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း |
| ၁၂၄။ | ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) |
| ၁၂၅။ | ခရစ်ယာန်ကလျာဏယုဝအသင်း (YMCA) |
| ၁၂၆။ | မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း |
| ၁၂၇။ | မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း |
| ၁၂၈။ | မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း |
| ၁၂၉။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း |
| ၁၃၀။ | မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ |
| ၁၃၁။ | မြန်မာနိုင်ငံ ကြက်ခြေနီအသင်း |
| ၁၃၂။ | မြန်မာနိုင်ငံ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း |
| ၁၃၃။ | မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ် |
| ၁၃၄။ | မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း |
| ၁၃၅။ | မြန်မာနိုင်ငံ ပန်းပညာရှင်များအသင်း |
| ၁၃၆။ | မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး |
| ၁၃၇။ | မြန်မာနိုင်ငံ ဂီတအစည်းအရုံး |
| ၁၃၈။ | မြန်မာနိုင်ငံ ဓာတ်ပုံအသင်း |
| ၁၃၉။ | မြန်မာနိုင်ငံ အားကစားပညာရှင်များအသင်း |
| ၁၄၀။ | မြန်မာနိုင်ငံ သဘင်ပညာရှင်အစည်းအရုံး |
| ၁၄၁။ | မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး |
| ၁၄၂။ | ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) |
| ၁၄၃။ | မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း |
| ၁၄၄။ | မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း |
| ၁၄၅။ | မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း |
| ၁၄၆။ | မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ |
| ၁၄၇။ | အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များအသင်း |
| ၁၄၈။ | အပြည်ပြည်ဆိုင်ရာ ကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းရှင်များအသင်း |
| ၁၄၉။ | မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း |
| ၁၅၀။ | မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း |

www.foreverspace.com.mm

## မျက်နှာဖုံးဆောင်းပါး

| စဉ် | အဖွဲ့အစည်းအမည် |
|---|---|
| ၁၅၁။ | မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း |
| ၁၅၂။ | အထည်ချုပ်လုပ်ငန်းရှင်များအသင်း |
| ၁၅၃။ | ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း |
| ၁၅၄။ | နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း |
| ၁၅၅။ | ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် မီးဖိုချောင်သုံးပစ္စည်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း |
| ၁၅၆။ | မြန်မာရေကြောင်းဖွံ့ဖြိုးတိုးတက်ရေးအသင်း |
| ၁၅၇။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း |
| ၁၅၈။ | တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း |
| ၁၅၉။ | မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း |
| ၁၆၀။ | မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း |
| ၁၆၁။ | မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း |
| ၁၆၂။ | မြန်မာနိုင်ငံ စဥ့်အသင်း |
| ၁၆၃။ | မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း |
| ၁၆၄။ | မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာအသင်း |


မှတ်ချက်။ ။ အားကစားအဖွဲ့ချုပ်များနှင့် မြို့နယ်အသင်းများ မပါဝင်ပါ။

(၄) လူမှုဖူလုံရေး
(၅) ရေနှင့် သန့်ရှင်းရေး
(၆) ခုခံအားကျဆင်းမှုကူးစက်ရောဂါ
(၇) လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး
(၈) အသေးစားချေးငွေ
(၉) အရေးပေါ်ကယ်ဆယ်ရေး
(၁၀) ပတ်ဝန်းကျင်ထိန်းသိမ်းရေး
(၁၁) အာဟာရ
(၁၂) အထွေထွေစွမ်းရည်မြှင့်တင်ရေး/ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး
(၁၃) စည်းလုံးညီညွတ်ရေး
(၁၄) စီးပွားရေး



မြန်မာနိုင်ငံအတွင်း နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူမှုဝန်ထမ်းစိတ်အပြည့်အဝဖြင့် ပါဝင်လုပ်အားပေးလျက်ရှိသော လူမှုအဖွဲ့အစည်းများအနက် အများစုသည် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖူလုံရေးနှင့် စီးပွားရေးလုပ်ငန်းစဉ်များတွင် အများဆုံး ပါဝင်လုပ်အားပေးလျက် ရှိကြသည်ဟု ဆိုသည်။

စီးပွားရေးနယ်ပယ်တွင် လူမှုအဖွဲ့အစည်းသစ်များ ဖွဲ့စည်းခြင်းသည် ယခုနှစ်များအတွင်း များစွာသိသာထင်ရှားပြီး သက်ဆိုင်ရာနယ်ပယ်အတွက် အသီးအပွင့်များ၊ အစိုးရနှင့်လက်တွဲ၍ ဖန်တီးပေးနိုင်ခဲ့သော အသင်းအဖွဲ့များလည်း တဖြည်းဖြည်း ပေါ်ပေါက်လာနေသည်ကို တွေ့ရသည်။ အထက်ပါလုပ်ငန်းစဉ်




အတွက် ထူးခြားသိသာသော ဥပမာမှာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဖြစ်သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် Public Sector ခေါ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ၎င်းတို့၏ အဖွဲ့ချုပ်တို့ ပူးတွဲညှိနှိုင်းအစည်းအဝေးများ အပတ်စဉ် အင်္ဂါနေ့တိုင်းကျင်းပ၍ အဆိုပါနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့နိုင်ပါသည်။

မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်တည်ဆောက်ရာတွင် အထူးသဖြင့် အောက်ပါနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်မည့် လူမှုအဖွဲ့အစည်းများစွာ ပေါ်ပေါက်ရန် လိုအပ်လျက်ရှိသည်။ ၎င်းတို့မှာ–

(၁) လူသားအရင်းအမြစ်အရည်အသွေးတည်ဆောက်ရေး၊
(၂) စီးပွားရေး
(၃) ပညာရေး

မကြာသေးမီက ရရှိသောစာရင်းများအရ စီးပွားရေးနယ်ပယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အပါအဝင် အသင်းအဖွဲ့ပေါင်း ၂၀ ခန့်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းခြောက်ခု၊ ပညာရေးနှင့်ပတ်သက်၍ ၃၀ ကျော် ပါဝင်လုပ်အားပေးလျက်ရှိသည်ဟု ဆိုသည်။ အခြားအရေးကြီးသော Micro Credit ကဲ့သို့ အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်လျက်ရှိသော လူမှုအဖွဲ့အစည်း ၁၁ ခုခန့် ရှိသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ထိုသို့သော လူမှုအဖွဲ့အစည်းများ၏ ဆောင်ကြဉ်းမှုကို သိသာစွာမြင်တွေ့ရသောနယ်ပယ်မှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး၊ တားဆီးကာကွယ်စောင့်ရှောက်ရေးနယ်ပယ် ဖြစ်ပါသည်။ ထိုနယ်ပယ်တွင် မြန်မာနိုင်ငံသားများ ဖွဲ့စည်းထူထောင်ထားသည့် လူမှုအဖွဲ့အစည်းများအပြင် INGO ဟုခေါ်သော နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများလည်း ပါဝင်ကူညီလျက်ရှိရာ သိသာသောရလဒ်များ မြင်တွေ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ အစိုးရမှ အဆိုပါလူမှုအဖွဲ့အစည်းများ နိုင်ငံတကာ INGO ခေါ် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များကိုလည်း ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ရာ နောက်ထပ် လူမှုအဖွဲ့အစည်းသစ်များပေါ်ပေါက်လာဦးမည်ဟု ရှုမြင်ရပေသည်။ ပြောရလျှင် မြန်မာနိုင်ငံသားများ ဖွဲ့စည်းထူထောင်ထားသော လူမှုအဖွဲ့အစည်းအများစု (ဥပမာ–ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း)သည် နိုင်ငံသားစေတနာရှင်များ ထည့်ဝင်ငွေများဖြင့် ထူထောင်လုပ်ကိုင်နေကြခြင်းဖြစ်ပြီး INGO များကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံမှ အကူအညီရရှိနေကြခြင်း မဟုတ်ပါ။

လူမှုအဖွဲ့အစည်းများသည် တစ်ခုနှင့်တစ်ခု အဓိကထားလုပ်ဆောင်သည့် ပစ်မှတ်ပရိသတ် မတူကြပေ။ စီးပွားရေးနှင့်ပတ်သက်သည့် လူမှုအဖွဲ့အစည်းအများစုသည်လည်း သက်ဆိုင်ရာစီးပွားရေးနယ်ပယ်အတွင်းရှိ လုပ်ငန်းရှင်များကိုသာ ရည်စူးကြသည်ကို တွေ့ရသည်။ ဇယား(၂)တွင် စီးပွားရေးနှင့် ဆက်နွှယ်နေသော လူမှုအဖွဲ့အစည်းများမပါ ကျန်အဖွဲ့အစည်းများ၏ ပစ်မှတ်ပရိသတ်ကို ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

နိုင်ငံတည်ဆောက်ရေးဆိုရာတွင် Public Sector ခေါ် အစိုးရ၏ အခန်းကဏ္ဍသက်သက်ဖြင့် တည်ဆောက်၍မဖြစ်နိုင်သောကြောင့် နိုင်ငံသားအားလုံး၊ နိုင်ငံတွင်းရှိ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရလေ့ ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ပါဝင်ဆောင်ရွက်မှုသည်လည်း အရေးပါသောကြောင့် Public Private Relationship သည်လည်း ယခုအခါ များစွာအရေး

**ဇယား(၂)**

**Types of Primary Beneficiaries Served by NGOs**

| Type of Primary Beneficiaries | Percentage |
|---|---|
| General population | 31% |
| Poor communities | 21% |
| Pre-school and school children | 18% |
| Orphans and handicapped | 18% |
| Poor children | 16% |
| Communities of a particular region | 16% |
| Women | 11% |
| Poor elderly people | 6% |
| Persons in poor health | 6% |
| Persons affected by leprosy | 3% |
| Communities affected by disasters | 3% |
| Persons affected by HIV/AIDS | 2% |
| Drug abused persons | 2% |
| Illiterates | 2% |

www.foreverspace.com.mm





ပါလာသည်ကို တွေ့ရပါသည်။ သို့သော် Private Sector ခေါ် ပုဂ္ဂလိကကဏ္ဍ၏ အခြေခံသဘောတရားသည် Profit Maximization ခေါ် အကျိုးအမြတ်ရရှိရေးပါဝင်နေရာ အကျိုးအမြတ်မျှော်ကိုးရန် မသင့်လျော်သည့် သို့မဟုတ် ဖြစ်နိုင်ခြေမရှိသည့် နယ်ပယ်များတွင် လူ့အဖွဲ့အစည်းအတွင်းရှိ ငွေကြေးအကျိုးအမြတ် မျှော်ကိုးမှုမရှိသည့် လူမှုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍမှာလည်း များစွာ အရေးပါလာနေသည်ကို တွေ့ရသည်။ သို့တိုင်အောင် မြန်မာနိုင်ငံအတွင်းရှိ လူမှုအဖွဲ့အစည်းများစွာတို့သည် စနစ်ကျနစွာ ဖွဲ့စည်းတည်ထောင်အုပ်ချုပ်နိုင်ခြင်း၊ ဘဏ္ဍာငွေတောင့်တင်းခြင်း စသည့်အခြေအနေများသို့ မရောက်ရှိသေးရာ လူ့အဖွဲ့အစည်းကို ထိရောက်သောအကျိုးပြုမှုများ မမြင်တွေ့ရသေးဘဲ ရှိနေပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကူးလူးဆက်ဆံမှုလည်း များစွာနည်းပါးနေသေးသည်ကို တွေ့ရသည်။ ယခုကဲ့သို့ ငွေကြေးအကျိုးအမြတ်ကို မျှော်မှန်းခြင်းမရှိသည့် လူမှုအသင်းအဖွဲ့များ၏ ရည်ရွယ်ချက်သည် များစွာမွန်မြတ်သည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်များတွင် ကူညီထောက်ပံ့လိုသော နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံရှိနေသော်လည်း စနစ်တကျဖွဲ့စည်းထူထောင်လုပ်ကိုင်နေကြခြင်းမဟုတ်သောကြောင့် ရသင့်ရထိုက်သော နိုင်ငံတကာအကူအညီများ မရရှိနိုင်ဘဲရှိနေသည်ကို တွေ့ရသည်။ နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံအတွင်းသို့ ကူညီနေသောပမာဏ၏ ရာခိုင်နှုန်း ၈၀ ကျော်မှာ မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်နေသော INGO ခေါ် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့သာ ရောက်ရှိသွားသည်ဟု မြန်မာ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းတစ်ခုမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။ နိုင်ငံတကာ INGO များ ကလည်း မြန်မာနိုင်ငံအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများလုပ်ကိုင်ရာတွင် မြန်မာလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အထူးပင်နည်းပါးရာ စနစ်တကျစီမံခန့်ခွဲသည့်နည်းစနစ်နှင့် အခြား လူသားအရင်းအမြစ်ဆိုင်ရာ လေ့ကျင့်ပေးမှု၊ နည်းပညာလွှဲပြောင်းမှုများ မရှိသလောက်ပင်ဖြစ်သည်ကို တွေ့ရသည်။

ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့မှုများ ပေးအပ်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရန်ကုန် Traders Hotel တွင် ကျင်းပသော ဆွေးနွေးပွဲတစ်ရပ်တွင် မြန်မာပညာရှင်တစ်ဦးက ၎င်းတို့၏ကူညီမှုများ၊ INGO ခေါ် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများသို့သာ ရောက်ရှိသွားပြီး မြန်မာနိုင်ငံသားများ ထူထောင်ထားသည့် လူမှုအဖွဲ့အစည်းများသို့ အဘယ်ကြောင့် မရောက်ရှိရပါသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။ ဥရောပသမဂ္ဂတာဝန်ရှိသူတစ်ဦးက ၎င်းတို့တွင် စည်းကမ်းသတ်မှတ်ချက်တစ်ခုရှိကြောင်း၊ ၎င်းတို့အကူအညီပေးမည့် အဖွဲ့အစည်းမှာ တရားဝင်မှတ်ပုံတင်ထားရန်လိုအပ်ကြောင်း၊ ထို့နောက် Project Proposel တင်သွင်းရမည်ဖြစ်ကြောင်း၊ မြန်မာလူမှု အဖွဲ့အစည်းအများစုသည် ထိုသို့လျှောက်ထားရမည်ကိုပင် မသိကြကြောင်း ပြောကြားခဲ့ပါသည်။

## အရှေ့တောင်အာရှလူမှုအဖွဲ့အစည်းများ

အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံအသီးသီးတွင်လည်း ယခုကဲ့သို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ကဏ္ဍနယ်ပယ်အမျိုးမျိုးမှ ဝင်ရောက်လုပ်အားပေးနေသော လူမှုအဖွဲ့အစည်းများစွာ ရှိနေပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ၂၀၀၅ ခုနှစ်အတွင်း ထုတ်ပြန်ထားသောစာရင်းများအရ အလားတူ လူမှုအဖွဲ့အစည်း ၂၀၀ ခန့်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၆၀၀၀ အထိ ရှိနေသည်ဟု ဆိုသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အလားတူလူမှုအဖွဲ့အစည်းပေါင်း ၄၀၀ ခန့် ရှိနေသည်ဆိုသည်။

ယခုအခါ အရှေ့တောင်အာရှနိုင်ငံအားလုံးလိုလို အာဆီယံအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများဖြစ်လာခဲ့ရာ အာဆီယံအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အာဆီယံ NGO ခေါ် အဖွဲ့အစည်းများလည်း ပေါ်ပေါက်လာနေသည်ကို တွေ့ရသည်။ ဇယား(၃)တွင် အာဆီယံ NGO များ၏ အမည်စာရင်းကို တွေ့မြင်နိုင်ပါသည်။

www.foreverspace.com.mm



ဇယား(၃)

| No | NAME of NGO |
|---|---|
| 1. | Federation of ASEAN Public Relations Organizations **(FAPRO)**<br>43-B South Bridge Road<br>Singapore 058677<br>ph. : 65. 534.18.41 / fax. : 65.534.46.91<br>email: iprsnet@singnet.com.sg<br>http: //www.iprs.org.sg |
| 2. | ASEAN Bankers Association (ABA)<br>c/o AFC Merchant Bank<br>180 Cecil Street#17-00<br>Bangkok Bank bldg<br>Singapore 069546<br>ph. 65.224.71.55; fax. 65.225.07.02<br>email: aseanbc@pacific.net.sg//<br>home.pacific.net.sg/-ASEANBC |
| 3. | ASEAN Association for Planning and Housing **(AAPH)**<br>Unit 704, One Maginificent Mile Condominium<br>San Miguel Av, Ortigas Center<br>1600 Pasig City, Metro Manila<br>Philippines<br>ph.632.637.48.19/47.75;fax. 632.637.20.67<br>email: aaphsec@manila-online-net |
| 4. | ASEAN Confederation of Employers **(ACE)**<br>Employers Conf. Of the Philippines<br>MCC PO Box 2280<br>Makati, Metro Manila<br>Philippines |
| 5. | Medical Association of Southeast Asian Nations Committee **(MASEAN)**<br>c/o Singapore Medical Association<br>2 College Road - Singapore 169850<br>ph. 65.223.1264 ; fax. 65.224.78.27<br>email:sma_org@pacific.net.sg/<br>masean@masean.org<br>web : //www.masean.org.sg |
| 6. | Federation of ASEAN Shipowners Association **(FASA)**<br>c/o Singapore Shipping Association<br>456 Alexandra Road #09-02, NOL Bldg<br>Singapore 119962<br>ph. 65.278.34.64 ; fax. 274.50.79<br>email: fasa@pacific.net.sg |

| No | NAME of NGO |
|---|---|
| 7. | ASEAN Music Industry Association **(AMIA)**<br>163 Tras Street<br>#04-00 Lian Huat Building<br>Singapore 079024<br>ph. 65.220.41.66<br>fax.65.220.41.77 |
| 8. | ASEAN University Sports Council **(AUSC)**<br>MABA House (PMS)<br>Jl. Hang Jebat<br>Kuala Lumpur 50150<br>Malaysia |
| 9. | ASEAN Federation of Furniture Manufacturers Association **(AFFMA)**<br>IWMA Office<br>Sri Buwana Craft<br>Jl. Raya Bekasi km 18, Pulo Gadung<br>Jakarta<br>Indonesia<br>ph. 62.21.481.933 |
| 10. | ASEAN Chambers of Commerce and Industry **(ACCI)**<br>37, Jalan Kia Peng - 50450 Kuala Lumpur<br>Malaysia<br>Ph. 603.243.46.57 / fax. : 241.80.15<br>email : joecon@rfm.com.ph (president of CCI)<br>Ph : 632.634.56.04 / 56.07<br>Fax. : 632. 634.51.36 |
| 11. | ASEAN Federation of Engineering Organizations **(AFEO)**<br>Office of ASEAN Affairs<br>Department of Foreign Affairs<br>Roxas Boulevard, Pasay City<br>Philippines<br>ph. : 632.834.42.67 / 831.89.33<br>fax: 632.832.16.67 |
| 12. | ASEAN Association of Radiologists **(AAR)**<br>PO Box 1284<br>Makati Central Post Office<br>Makati, Metro Manila<br>Philippines 3117 |

www.foreverspace.com.mm

| No | NAME of NGO |
|---|---|
| 13. | ASEAN Handicraft Promotion and Development Association **(AHPADA)**<br>AHPADA Regional Office<br>4th Floor, 999 Ploenchit Road<br>Bangkok 10330<br>Thailand<br>ph. 665.656.19.29 / 11.11<br>fax.665.253.98.89<br>email: ahpadabkk@hotmail.com |
| 14. | ASEAN Law Association **(ALA)**<br>c/o Oehlers and Choa<br>63 Market Street HEX 10-03/05<br>Tat Lee Bank Building<br>Singapore 0140<br>or :<br>SKRINE & Co., Straits Trading Bldg no 4<br>Leboh Pasar Besar<br>50050 Kuala Lumpur<br>Malaysia<br>ph. 603.294.51.11 ; fax. 293.43.27 |
| 15. | ASEAN Valuers Association **(AVA)**<br>c/o Valuation and Property Service Department<br>20th Fl - Wisma Cyclecarry<br>Jl. Raja Laut, Kuala Lumpur 50592<br>Malaysia<br>ph. 603.293.52.55 ; fa. 291.06.35<br>email: ism@po.jaring.my |
| 16. | Southeast Asia Association Seismology and Earthquake Engineering **(SEASEE)**<br>c/o PAGASA<br>1424 Quezon Avenue<br>Quezon City<br>Philippines<br>ph. 95.10.59 / 98.06.61-65 |
| 17. | ASEAN Insurance Council **(AIC)**<br>c/o PT Maskapai Asuransi Sari Sumber Agung<br>Wisma Argo Manunggal 8th fl<br>Jl. Jend. Gatot Subroto, kav 22<br>Jakarta, 12930<br>Indonesia<br>ph. 6221. 514.853 / 520.17.06 |

| No | NAME of NGO |
|---|---|
| 18. | ASEAN Ports Association **(APA)**<br>c/o. Philippine Ports Authority<br>Marsman Bldg, South Harbor<br>Port Area, Manila<br>Philippines<br>ph. 632. 527.47.46 / 64.32<br>fax. 632. 527.47.49<br>email.aida@ppa.gov.ph//beth@ppa.gov.ph<br>http: //www.ppa.com.ph.apa/apa.htm |
| 19. | Committee for ASEAN Youth Cooperation **(CAYC)**<br>c/o International Youth Centre<br>Jl. Tenteram, Bandar Tun Razak, Cheras<br>56000 Kuala Lumpur<br>Malaysia<br>ph. 6003.971.73.73 ; fax. 971.67.00 |
| 20. | ASEAN Football Federation **(AFF)**<br>All Indonesian Footbal Federation<br>Stadion Utama Senayan Pintu VII<br>Kotak Pos 2305, Jakarta<br>Indonesia<br>ph. 6221. 581.541 / 582.511 |
| 21. | ASEAN Federation for Psychiatric and Mental Health **(AFPMH)**<br>c/o Philippines National Centre for Mental Health<br>Mandaluyong, Metro Manila<br>Philippines |
| 22. | ASEAN Cooperation Organization**(ACO)**<br>Wisma Koperasi Lt. II<br>Jl. Let.Jen. S. Parman, Kav.80 Slipi<br>Jakarta<br>Indonesia |
| 23. | ASEAN Federation of Electrical Engineering Contractors **(AFEEC)**<br>373 Boni Ave., Mandaluyong<br>Metro Manila<br>Philippines<br>PO Box 1381 Manila<br>632.783.046 - 47 / 783.538 / 721.21.49 |

www.foreverspace.com.mm



| No | NAME of NGO |
|---|---|
| **24.** | ASEAN Confederation of Women's Organization **(ACWO)**<br>c/o. Singapore Council of Women's Org<br>BLK 24 Outram Park # 03-115<br>Singapore 163024<br>ph. 65.224.34.05 ; fax. 224.34.06 |
| **25.** | Rheumatism Association of ASEAN **(RAA)**<br>Jl. Seroja Dalam no 7<br>Semarang 50241<br>Jawa Tengah<br>Indonesia<br>ph. 62.024.22496 |
| **26.** | ASEAN Orthopaedic Association **(AOA)**<br>c/o University Dept of Orthopaedic Surgery<br>Singapore General Hospital<br>Outram Road<br>Singapore 0316 ; or :<br>Orthopaedic Clinic<br>3 Mt. Elizabeth #05-07/08, Mt. Elizabeth Medical Centre, Singapore 0922<br>ph. 65.734.22.44 / 235.44.88 |
| **27.** | ASEAN Neurosurgical Society **(ANS)**<br>Dept. of Neurosurgery<br>University of Padjadjaran<br>Jl. Pasteur 38<br>Bandung, Jawa Barat<br>Indonesia |
| **28.** | ASEAN Constructors Federation **(ACF)**<br>Singapore Contractors Association Ltd<br>Construction House<br>1 Bukit Merah Lane 2 - Singapore 159760<br>ph. 65.278.95.77; fax. 65.273.39.77<br>email: scal@pacific.net.sg |
| **29.** | ASEAN Paediatric Federation **(APF)**<br>Singapore Paediatric Society<br>Alumni Medical Center - 2 College Road<br>Singapore 169850 |
| **30.** | ASEAN Federation of Mining Association **(AFMA)**<br>Jl. Prof. Dr. Supomo no 10<br>Jakarta, 12870<br>Indonesia<br>ph. 6221. 830.36.32 / 828.07.63<br>fax. 6221. 830.36.32 |

| No | NAME of NGO |
|---|---|
| **31.** | Federation of ASEAN Economic Associations **(FAEA)**<br>Jl. Sultan Hasanuddin 47-48<br>Jakarta 12160<br>ph. 6221.71.38.10 |
| **32.** | Veterans Confederation of ASEAN Coontries **(VECONAC)**<br>Veterans Federation of the Philippines<br>PVAO Annex - Arroceros Street<br>Manila<br>Philippines<br>ph. : 528.06.09 / 528.06.10<br>fax.: 528.07.49 |
| **33.** | ASEAN Council of Teachers **(ACT)**<br>National Allience of Teachers and Office Workers<br>Rm. 317 Poenix Building, Recoletos Str<br>Intramuros, Manila<br>Philippines ; or :<br>Gedung Guru Indonesia (PGRI)<br>Jl. Tn. Abang Tiga no 24<br>Jakarta, Indonesia<br>ph. 6221. 341121, 340.598 |
| **34.** | Federation of ASEAN Consulting Engineers **(FACE)**<br>No. 63 & 65-2, Medan Setia 1<br>Damansara Heights<br>50490 Kuala Lumpur<br>Malaysia<br>ph. 603.255.00.31 / 00.79 / 01.58<br>fax. 603. 255.34.99<br>email : sec@acem.po.my |
| **35.** | ASEAN Fisheries Federation **(AFF)**<br>ASEAN Secretariat Bldg<br>Jl. Sisingamangaraja 70A<br>Jakarta Selatan, Indonesia<br>ph. 62.21.726.2991; fax. : 725.79.16<br>email: aff@asean.or.id |
| **36.** | ASEAN Federation of Forwarders Associations **(AFFA)**<br>c/o Indonesian Forwarders Association (INFA)<br>Jl. Iskandarsyah Raya no 7, Jakarta<br>ph. 720.45.97 / 739.43.09 / 711310 |

www.foreverspace.com.mm



| No | NAME of NGO |
|---|---|
| **37.** | ASEAN Non-Governmental Organizations for the Prevention of Drugs and Substance Abuse<br>(International Federation of Non-Government Organisations for the Prevention of Drug and Substance Abuse - **IFNGO**)<br>Jalan Ledang no 8<br>50470 - Kuala Lumpur<br>Malaysia<br>603.255.1896/2540.11.90 / 255.1897 |
| **38.** | ASEAN Association of Medical Laboratory Technologists **(AAMLT)**<br>Faculty of Medicine<br>Dept. of Microbiology, Univ of Indonesia<br>Jl. Pegangsaan Timur no 16<br>Jakarta 10320, Indonesia or<br>c/o Singapore Association for Medical Lab. Sciences Alumni (SB) Medical Centre<br>2 College Road<br>Singapore 0316<br>fax.65.779.47.53 (O&G Dept. National Univ. Hospital) |
| **39.** | ASEAN Federation of Accountants**(AFA)**<br>Suite 2-E Columbian International Towers<br>#500 Santol St, PO Box SM120<br>Sta Mesa<br>Manila Philippines<br>ph. 632. 716.57.13 / 716.57.54-55<br>fax. 632. 716.56.93<br>Email:acyatan@pworld.net.ph |
| **40.** | ASEAN Law Students Association **(ALSA)**<br>Faculty of Law<br>University of Indonesia<br>Depok 16424<br>Indonesia<br>62.21.727.00.03/727.00.52 |
| **41.** | ASEAN Vegetable Oils Club **(AVOC)**<br>c/oThe Palm Oil Refiners Association of Malaysia (PORAM)<br>801C/802 A Block B, Kelana Business Ctr<br>97 Jalan SS7/2, 47301, Kelana Jaya |
| **42.** | ASEAN Forum on Credit Ratings Agencies **(AFCRA)** |

| No | NAME of NGO |
|---|---|
| **43.** | ASEAN Business Forum **(ABF)**<br>302, Orchard Road #18-01<br>Tong Building<br>Singapore 238862<br>ph. 65. 730.11.17 ; fax. 65.836.35.16 |
| **44.** | ASEAN Federation of Land Surveying and Geomatics **(ASEAN Flag)**<br>116 Jalan Radin Anum Satu<br>Bandar Baru Seri Petaling<br>57000 Kuala Lumpur<br>Malaysia<br>603.958.54.88 // 603.958.27.86 |
| **45.** | ASEAN Intellectual Property Association**(AIPA)**<br>c/o Haq & Namazie Partnership<br>20 Cecil Street #22-03<br>The Exchange<br>Singapore 049705<br>ph. : 65.438.66.13, fax.: 65.438.73.83 / 93 |
| **46.** | ASEAN Federation of Heart Foundation**(AFHF)**<br>Jl. Teuku Umar no 58<br>Jakarta Pusat 10350<br>Indonesia<br>ph. : 390.95.67 / 91.76, fax.: 314.46.70 |
| **47.** | ASEAN Thalassaemia Society **(ATS)**<br>Jl. Kalibata Tengah no 3A<br>Jakarta 12740, Indonesia<br>ph. 6221. 724.68.28 / 790.19.25<br>fax. 723.79.52 / 797.56.59 |
| **48.** | Southeast Asia Regional Institute for Community and Education **(SEARICE)**<br>Unit 331 Eagle Court Condominium<br>26 Matalino St., Diliman<br>Quezon City, Philippines<br>ph. : 632.924.75.44 / 433.71.82<br>fax.: 632.922.67.10<br>email: searice@philonline.com.ph |
| **49.** | ASEAN NGO Coalition on Ageing<br>c/o. Asia Regional Development Centre<br>Chiang Mai University<br>Faculty of Nursing<br>Chiang Mai 50200, Thailand<br>ph. : 66.53.89.48.05/22.12.94<br>fax.: 66.53.89.42.14<br>email: helpage@chmai.loxinfo.co.th |

www.foreverspace.com.mm



| No | NAME of NGO |
|---|---|
| **50.** | ASEAN Oleochemical Manufactures Group **(AOMG)**<br>c/o. Federation of Malaysian Manufacturers<br>Wisma FMM no 3, Persiaran Dagang, PJU 9<br>Bandar Sri Damansara<br>52200 Kuala Lumpur<br>Malaysia<br>ph.: 03.636.12.11<br>fax.:03.637.67.14 |
| **51.** | ASEAN Council for Japan Alumni **(ASCOJA)**<br>Jl. Radin Inten II<br>Komp. Universitas Darma Persada, Buaran<br>Pondok Kelapa<br>Jakarta Timur 13450<br>Indonesia<br>ph. : 62.21.864.73.73 / 90.51<br>fax.: 62.21. 8690.02.41 |
| **52.** | ASEAN Federation of Flying Clubs**(AFFC)**<br>Johor Flying Club - Cargo Complex<br>Sultan Ismail International Airport<br>Senai<br>Malaysia<br>ph. : 607.333.50.55; fax.: 333.56.33 |
| **53.** | ASEAN Forestry Students Association **(AFSA)**<br>Faculty of Foresty<br>Bogor Agricultural University (IPB)<br>Jl. Dermaga, Bogor 16680<br>Indonesia<br>ph. : 62.251.622.202<br>email: sifahut@bogor.wasantara.net.id |

| No | NAME of NGO |
|---|---|
| **54.** | ASEAN Chess Confederation **(ACC)**<br>51 Bishan Str. 13, #02-01A SIGC<br>Singapore 579799<br>Ph. : 65. 9633.79.46<br>Fax: 65. 352.96.91 - 753.53.46<br>Email ; ignatiusleong@pacific.net.sg<br>30 Nguyen Van Troi Str<br>Phu Nhuan Dist<br>HCM City - Viet Nam<br>Ph. : 848.845.25.68 / 847.67.15<br>Fax : 848.844.71.62<br>Email : intourco@hcm.vnn.vn |
| **55.** | ASEAN Cosmetic Association **(ACA)**<br>BLK 163, Bukit Merah Central,<br>#03-3595<br>Singapore 150163<br>Telp : 65.276.69.75 ; fax. : 65.278.97.96<br>Http:www.aca1.com,<br>email : asean@acal.com |
| **56.** | ASEAN Academies of Science, Engineering, **and Technology (ASEAN CASE)**<br>902-4, Jalan Tun Ismail<br>50480 Kuala Lumpur<br>Ph. : 603. 294.98.96<br>Fax. : 603. 294.58.58<br>email : admin@akademisains. Gov.my |
| **57.** | ASEAN Forest Products Industry Club **(AFPIC)**<br>Lembaga Perindustrian Kayu Malaysia<br>Level 13-17, Menara PGRM<br>No 8, Jl. Pudu Ulu, Cheras<br>50728, Kuala Lumpur<br>Malaysia<br>Ph. : 603.9282.22.35<br>Fax: 603.9200.37.69 / 9285.14.77<br>email: info@mtib.gov.my |

www.foreverspace.com.mm








မြန်မာနိုင်ငံတွင် အမျိုးအစားတူ လူမှုအသင်းအဖွဲ့များ ရှိနေသော်လည်း ယခုတိုင် အာဆီယံအဆင့်ဖွဲ့စည်းထူထောင်ထားသော ဇယား(၃)ပါ အသင်းများသို့ ဝင်ရောက်ထားသော မြန်မာအသင်းအဖွဲ့များမရှိသေးကြောင်း စင်ကာပူနိုင်ငံမှ အာဆီယံရေးရာပညာရှင်တစ်ဦးက ရေးသားခဲ့သည်။ **ဇယား(၃)**

## နိဂုံး

မည်သို့ပင်ဖြစ်စေ ယခုအခါ မြန်မာနိုင်ငံတွင် လူမှုအသင်းအဖွဲ့များစွာ ပေါ်ပေါက်လာနေသည်ဆိုသောအချက်မှာ များစွာထင်ရှားပြီး ယခုထက် ပိုမိုစနစ်ကျနသော စီမံခန့်ခွဲမှုစနစ်များနှင့် သက်ဆိုင်ရာနယ်ပယ်၊ ရည်မှန်းထားရာ လူထုတို့အား အကျိုးပြုရန် ကြိုးစားကြရဦးမည်ဆိုသောအချက်ကို အထူးပင်ဖော်ပြလိုပါသည်။

ထိုသို့ အလားတူလူမှုအဖွဲ့အစည်းများ ထူထောင်ရန် စဉ်းစားနေသူများအနေဖြင့်လည်း ယခုအခါ စနစ်တကျ မှတ်ပုံတင်ထူထောင်နိုင်ရန် လုပ်ထုံးလုပ်နည်းများ အသေးစိတ်ထုတ်ပြန်ထားပြီးဖြစ်သည်ကို ဖော်ပြလိုပါသည်။ အဆိုပါ လူမှုအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ယခုအခါ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေကြခြင်း ဖြစ်ပါသည်။

နိုင်ငံတကာတွင် ယခုကဲ့သို့ မွန်မြတ်သောရည်ရွယ်ချက်နှင့် ငွေကြေးအလို့ငှာမဟုတ်ဘဲ ထူထောင်ထားသည့် လူမှုအဖွဲ့အစည်းများသို့ ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည့် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများစွာရှိနေရာ စနစ်တကျမှတ်ပုံတင်ခြင်း၊ စနစ်တကျစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စနစ်တကျစီမံခန့်ခွဲခြင်း စသည့် လုပ်ငန်းစဉ်များ ပြင်ဆင်ထားခဲ့ပါလျှင် မြန်မာလူထုအနေဖြင့် နိုင်ငံတကာအကူအညီရရှိရန် အလားအလာကောင်းများစွာ ရှိနေပါသည်။

လူ့အဖွဲ့အစည်းတစ်ခုကို Civilized Society ခေါ် အဆင့် အတန်းမြင့်မားသော လူ့ဘောင်တစ်ခုအဖြစ် ထူထောင်ရာတွင် Law and Order, Political Order ကို ပြဋ္ဌာန်းသော အုပ်ချုပ်ရေး ယန္တရားတစ်ခု

**အများနမူနာယူရမည့် အသင်းအဖွဲ့တစ်ခုဖြစ်သည်**



www.foreverspace.com.mm

Myanmar Bird & Nature Society



တည်ရှိရုံဖြင့် မလုံလောက်ဘဲ လူသားတို့၏ နေ့စဉ်ဘဝအတွင်းမှထွက်ပေါ်လာသော Social Activities ခေါ် လူမှုဘဝကိုပုံဖော်သည့် လူ့ဘောင် သို့မဟုတ် ၎င်းကိုကိုယ်စားပြုသည့် လူမှုအဖွဲ့အစည်းများနှင့်ပေါင်းစပ်နိုင်ရမည်ဟု သီအိုရီများက ဆိုသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ယဉ်ကျေး၍ စည်းကမ်းရှိသောလူ့ဘောင်တစ်ခုဖြစ်ရန် အုပ်ချုပ်ရေးယန္တရားနှင့် လူမှုအဖွဲ့အစည်းများနှစ်ခုလုံးလိုအပ်ပြီး ထိုနှစ်ခုအကြားရှိနေသော Social Contract ခေါ် လူမှုပဋိညာဉ်က အဆိုပါလူ့ဘောင်၏ Civilization အဆင့်အတန်းကို ပြဋ္ဌာန်းခြင်း ဖြစ်ပေသည်။ လူ့ဘောင်ကို လူသားတစ်ဦးချင်းစီက ကိုယ်စားပြုနိုင်ခြင်း၊ ကိုယ်စားပြုခွင့် မရှိသောကြောင့် ထိုသို့ ကိုယ်စားပြုနိုင်ရန် လူမှုအဖွဲ့အစည်းများ လိုအပ်လာခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော ပဋိညာဉ် ကောင်းမွန်စေရန် ခိုင်ခံ့၍အားကောင်းသော လူမှုအဖွဲ့အစည်းများ လိုအပ်ရာ ထိုလူမှုအဖွဲ့အစည်းများ တည်ရှိနေရုံသက်သက်ထက် ပိုမို၍ အရည်အသွေးမြင့်တက်လာရန်လည်း လိုအပ်လျက် ရှိပါသည်။ ယနေ့အချိန်သည် မြန်မာနိုင်ငံတွင် တည်ရှိနေသော လူမှုအဖွဲ့အစည်းအားလုံး အရေအတွက်မှအရည်အချင်းသို့ ကူးပြောင်းကြရမည့်အချိန်လည်း ဖြစ်ပါသည်။



အထူးသဖြင့် မြန်မာနိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူသားအရင်းအမြစ်အရည်အသွေးတည်ဆောက်ရေး၊ ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားချေးငွေ စသည့် လုပ်ငန်းစဉ်များတွင် အစိုးရမဟုတ်သော၊ ပုဂ္ဂလိကလုပ်ငန်းမဟုတ်သော၊ အကျိုးအမြတ်မမျှော်ကိုးသော လူမှုအဖွဲ့အစည်းများ၏ ကူညီဆောင်ရွက်မှုများစွာ လိုအပ်လျက် ရှိပါသည်။ စနစ်ကျနသော စီမံခန့်ခွဲမှုပုံသဏ္ဌာန် ဖြစ်ပေါ်လာသည်နှင့်အမျှ နိုင်ငံတကာအကူအညီများလည်း ရရှိနိုင်ခြေများစွာ ရှိနေပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့်လည်း မိမိတို့၏ ငွေအား၊ လူအား၊ အသိဉာဏ်စွမ်းအား စသည်ဖြင့် မိမိတို့ထည့်ဝင်နိုင်သည့် စွမ်းအားများကို အဆိုပါအကျိုးအမြတ်မမျှော်ကိုးသည့် လူမှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သင့်ကြပါကြောင်း ဖော်ပြလိုက်ရပါသည်။

**အယ်ဒီတာတစ်ဦး**

■

www.foreverspace.com.mm



ဤကဏ္ဍတွင်......


၄၂ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ်ပညာရေး
၄၇ ဝင်ရောက်ထိန်းညှိပေးလာရသော မြန်မာနိုင်ငံ ဆန်ဈေးကွက်
၅၃ HIV/AIDS ကာကွယ်ရေးနှင့် ပြုစုကူညီရေး၌ လူမှုရေးအဖွဲ့အစည်းတို့၏ အခန်းကဏ္ဍ
၅၈ မျက်မှောက်မန္တလေး စီးပွားရေးမြင်ကွင်း
၆၄ နိုင်ငံခြားကုန်အမှတ်တံဆိပ်များနှင့် မြန်မာ့ဉာဏဆိုင်ရာ ဥပဒေသစ်
၆၈ တိုးတက်ပြောင်းလဲလာသော ဖက်ရှင်ဒီဇိုင်းရပ်ဝန်း
၇၄ အိမ်နီမှ့်စံဘဝမှ ပြန်လည်စန်းပွင့်လာသည့် မြန်မာစဥ့်ထည်ဈေးကွက်အလားအလာ
၇၉ ရန်ကုန်ကုန်စည်ဈေးကွက်


# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ်ပညာရေး

ကျော်ဆန်းမင်း

ယနေ့ကမ္ဘာလူသားတို့မှာ ၂၁ ရာစု၏ Global Age (သို့) Knowledge Age ဟုခေါ်သည့် ပညာခေတ်ထဲသို့ ရောက်ရှိနေပေရာ နိုင်ငံတစ်နိုင်ငံတွင် နေထိုင်သော ပြည်သူတို့၏ ပညာတတ်ခြင်း၊ မတတ်ခြင်းသည် ယင်းနိုင်ငံ၏ ဆင်းရဲ၊ ချမ်းသာမှုကို တိုက်ရိုက်ပုံဖော်နေပြီဖြစ်သည်။ နိုင်ငံတစ်ခုတည်းတွင်ပင် ပညာတတ်သူနှင့် မတတ်သူတို့၏ လူနေမှုပုံစံမှာများစွာ ကွာဟလာပြီး၊ ပညာမဲ့လူတန်းစားတို့မှာ ပညာမဲ့ခြင်းကြောင့် ဆင်းရဲနွမ်းပါးရသကဲ့သို့ ဆင်းရဲခြင်းကြောင့် ပညာမသင်နိုင် ဖြစ်ရသည်။ ယင်းကြောင့် မြန်မာနိုင်ငံရှိ ငွေကြေးချို့တဲ့သူကလေးငယ်များ ပညာရည်နို့သောက်စို့နိုင်ရန် အားကိုးမှီတွယ်ရာတစ်ခုဖြစ်နေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်ဖွံ့ဖြိုးလာမှုမှာ အားရကျေနပ်ဖွယ်ပင်ဖြစ်သည်။

## ဘုန်းတော်ကြီးကျောင်းအစ

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓဘုရား၏ သားတော်များ (သို့) သာသနာအခွန့်ရှည်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နေသည့် သံဃာတော်များ သီတင်းသုံးနေထိုင်ရာ နိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းကိုကြည့်လျှင် ဘာသာရေးတွင်သာမက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး အခန်းကဏ္ဍများတွင် ဘုန်းတော်ကြီးများသည် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် တစ်တပ်တစ်အားပါဝင်ခဲ့ကြသလို မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကားချိန်မှစ၍ ဘုန်းတော်ကြီးကျောင်းများတွင် လောကီနှင့် လောကုတ္တရာစာပေသင်ကြားမှုလုပ်ငန်းများဖွံ့ဖြိုးလာခဲ့သည်။ ရှေးခေတ်ကျေးလက်နေပြည်သူများအဖို့ ပညာတတ်ဖြစ်စေရန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မှီခိုရသကဲ့သို့ မြန်မာ့သမိုင်းတွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်အများစုသည်ပင် ဘုန်းတော်ကြီးကျောင်းများမှ ပေါက်ဖွားလာကြခြင်းဖြစ်သည်။

www.foreverspace.com.mm





မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်ရည်ရွယ်သည်

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို တော်လှန်ရေးအစိုးရ လက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် ဖွင့်ခွင့်မပြုတော့ပေ။ မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့သည့် အချိန်မှစ၍ မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုများမှ တစ်စတစ်စ ကင်းကွာလာပြီး ယခုအခါ လူငယ်လူရွယ်များ၏ သဏ္ဍာန်၌ ဗုဒ္ဓယဉ်ကျေးမှုနှင့် ဆန့်ကျင်သော စရိုက်ဆိုးများ လွှမ်းမိုးကိန်းအောင်းနေကြသဖြင့် သာသနာရေးဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံညှိနှိုင်းခဲ့ရာ ပညာရေးဝန်ကြီးဌာနက သဘောတူခွင့်ပြုခဲ့သည့်အတွက် ၁၉၉၂ ခုနှစ်တွင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်သည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်အစည်းအဝေးခန်းမတွင် ဘုန်းတော်ကြီးကျောင်းပညာရေးရှင်းလင်းပွဲကို ၁၃၅၄ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်နှင့် ၆ ရက် (၁၉၉၂ ခုနှစ် အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်) နေ့များတွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းပညာရေးရှင်းလင်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ "ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ယနေ့တွေ့ကြုံနေရတဲ့ မြန်မာ့ရိုးရာကွယ်ပျောက်သွားမည့် အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်ကြပါ" ဟု တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သာသနာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ယင်းပွဲတွင် ထိုစဉ်ကသာသနာရေးဝန်ကြီးဌာနဝန်ကြီးက အသိဉာဏ်နှင့်ပြည့်စုံပြီး တိုင်းပြည်ငြိမ်းချမ်းလာစေရန်၊ အကျင့်စာရိတ္တကောင်းမွန်လာစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်လာစေရန် အတွက် ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဖွင့်လှစ်သည့်အတွက် သာသနာတော်အတွက်သာမက တိုင်းပြည်နှင့်လူမျိုးအတွက်ပါ အစစအရာရာအကျိုးရှိကြောင်း ပြောကြားသွားခဲ့သည်။

## မျက်မှောက်ခေတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအခြေအနေ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ၁၉၉၃–၉၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅–၂၀၀၆ ပညာ

www.foreverspace.com.mm

သင်နှစ်တွင် ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းပေါင်း ၁၂၉၁ ကျောင်းခန့် တိုးတက်လာခဲ့ကာ ကျောင်းသားကျောင်းသူပေါင်း ၁၈၄,၇၄၉ ဦးတက်ရောက်သင်ကြားခဲ့ကြောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မတ်လ ၃၁ ရက်နေ့က ထုတ်ပြန်သည့် သာသနာရေးဝန်ကြီးဌာန၏ ကြေညာချက်အရ သိရသည်။ **(ဖယား)**

ယင်းထုတ်ပြန်ချက်ကို ကြည့်ခြင်းဖြင့် ယနေ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပေါ် လူတန်းစားတစ်ရပ်၏ အားကိုးအားထားပြုနေမှုကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ရွှေဟင်္သာဝံသညောင်

## ရည်ရွယ်ချက်

**ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်း၏ ရည်ရွယ်ချက်**

(က) ဆင်းရဲချမ်းသာမရွေး လူတိုင်း အရေး၊ အဖတ်၊ အတွက် အခြေခံပညာနှင့် ခေတ်ပညာတတ်မြောက်စေရန်၊

(ခ) ပညာသင်ကြားရေး၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးလိုသည့် သားကောင်းသမီးကောင်းများ ဖြစ်လာစေရန်၊

(ဃ) မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်၊

(င) ဗုဒ္ဓဘာသာသာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သားသိရှိလိုက်နာပြီး အနာဂတ်သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်ကြစေရန်၊

(စ) အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

**ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းသားစာရင်းချုပ်**
**၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်နှစ်၊ မတ်လ ၃၁ ရက်**

| စဉ် | ပြည်နယ်/ တိုင်း | မြို့နယ် ပေါင်း | ကျောင်းအရေအတွက် | | | | | ကျောင်းသားအရေအတွက် (မူလတန်း) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မူလ တန်း | မူလွန် တန်း | လယ် တန်း | ထက် တန်း | ပေါင်း | သာမ ဏေ | သီ | ကျား | မ | ပေါင်း |
| ၁ | ကချင် | ၇ | ၁၄ | – | – | – | ၁၄ | ၈၈ | ၅၁ | ၉၃၄ | ၈၅၀ | ၁၉၂၃ |
| ၂ | ကယား | ၄ | ၈ | – | – | – | ၈ | – | ၁၁၆ | ၂၅၀ | ၂၁၁ | ၅၇၇ |
| ၃ | ကရင် | ၈ | ၂၄ | ၁ | – | – | ၂၅ | ၁၀၁ | ၁၆ | ၂၀၃၈ | ၁၉၄၃ | ၄၀၉၈ |
| ၄ | ချင်း | ၇ | ၁၃ | – | – | – | ၁၃ | ၂၅ | ၁ | ၂၉၇ | ၁၅၈ | ၄၈၁ |
| ၅ | စစ်ကိုင်း | ၃၄ | ၁၄၁ | ၁၉ | ၁၄ | – | ၁၇၄ | ၅၀၅ | ၁၀၅ | ၈၅၈၇ | ၇၆၁၆ | ၁၆၈၁၃ |
| ၆ | တနင်္သာရီ | ၈ | ၃၀ | – | ၈ | – | ၃၈ | ၁၅၅ | ၂၄ | ၃၀၁၅ | ၂၄၉၁ | ၅၆၈၅ |
| ၇ | ပဲခူး(ရ) | ၁၃ | ၇၁ | ၁ | ၁၁ | – | ၈၃ | ၄၃၄ | ၁၄ | ၅၇၂၄ | ၄၈၇၃ | ၁၁၀၄၅ |
| ၈ | ပဲခူး (န) | ၅ | ၂၂ | ၃ | ၁ | – | ၂၆ | ၁၀၈ | ၈ | ၁၅၀၄ | ၁၃၃၂ | ၂၉၅၂ |
| ၉ | မကွေး | ၂၂ | ၁၀၀ | ၈ | ၈ | – | ၁၁၆ | ၃၃၆ | ၅ | ၄၈၀၀ | ၃၈၁၀ | ၈၉၅၁ |
| ၁၀ | မန္တလေး | ၃၁ | ၂၄၇ | ၁၆ | ၃၄ | ၂ | ၂၉၉ | ၁၅၃၅ | ၃၅၃ | ၂၂၂၃၆ | ၂၀၃၁၆ | ၄၄၄၄၀ |
| ၁၁ | မွန် | ၁၀ | ၅၄ | ၁၂ | ၅ | – | ၇၁ | ၅၈၃ | ၉ | ၃၆၃၀ | ၃၄၅၅ | ၇၆၇၇ |
| ၁၂ | ရခိုင် | ၁၅ | ၆၃ | ၂ | ၁၁ | – | ၇၆ | ၁၀၄ | – | ၃၇၄၈ | ၂၆၀၅ | ၆၄၅၇ |
| ၁၃ | ရန်ကုန် | ၃၈ | ၁၄၃ | ၁၆ | ၁၀ | – | ၁၆၉ | ၂၅၅၆ | ၃၇၉ | ၁၄၄၁၁ | ၁၂၀၃၈ | ၂၉၃၈၄ |
| ၁၄ | ရှမ်း (ရ) | ၄ | ၆ | ၁ | – | – | ၇ | ၁၁၇ | – | ၃၁၂ | ၁၈၁ | ၆၁၀ |
| ၁၅ | ရှမ်း (မ) | ၇ | ၁၅ | ၄ | – | – | ၁၉ | ၂၀၁ | – | ၁၃၂၃ | ၁၂၂၈ | ၂၇၅၂ |
| ၁၆ | ရှမ်း (တ) | ၁၀ | ၁၈ | ၁ | – | – | ၁၉ | ၉၁၄ | ၂၂၈ | ၁၇၆၉ | ၁၄၁၉ | ၄၃၃၀ |
| ၁၇ | ဧရာဝတီ | ၂၅ | ၁၁၂ | ၉ | ၁၃ | – | ၁၃၄ | ၅၂၀ | ၁ | ၆၃၆၇ | ၅၃၆၉ | ၁၂၂၅၇ |
| | စုစုပေါင်း | ၂၄၈ | ၁၀၈၁ | ၉၃ | ၁၁၅ | ၂ | ၁၂၉၁ | ၈၂၈၂ | ၁၃၁၀ | ၈၀၉၄၅ | ၆၉၈၉၅ | ၁၆၀၄၃၂ |

www.foreverspace.com.mm



## ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းသားစာရင်းချုပ်
## ၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်နှစ်၊ မတ်လ ၃၁ ရက်

| စဉ် | ပြည်နယ်/ တိုင်း | မြို့နယ် ပေါင်း | ကျောင်းသားအရေအတွက် (အလယ်တန်း) | | | | | ကျောင်းသားအရေအတွက် (အထက်တန်း) | | | | | ကျောင်း သား ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမဏေ | သီ | ကျား | မ | ပေါင်း | သာမဏေ | သီ | ကျား | မ | ပေါင်း | |
| ၁ | ကချင် | ၇ | – | – | – | – | – | – | – | – | – | – | ၁၉၂၃ |
| ၂ | ကယား | ၄ | – | – | – | – | – | – | – | – | – | – | ၅၇၇ |
| ၃ | ကရင် | ၈ | – | – | ၃၀ | ၂၀ | ၅၀ | – | – | – | – | – | ၄၁၄၈ |
| ၄ | ချင်း | ၇ | – | – | – | – | – | – | – | – | – | – | ၄၈၁ |
| ၅ | စစ်ကိုင်း | ၃၄ | ၁၂၂ | ၅၂ | ၅၂၉ | ၄၅၁ | ၁၁၅၄ | – | – | – | – | – | ၁၇၉၆၇ |
| ၆ | တနင်္သာရီ | ၈ | ၁၉ | ၂ | ၅၁၀ | ၅၂၈ | ၁၀၅၉ | – | – | – | – | – | ၆၇၄၄ |
| ၇ | ပဲခူး (ရ) | ၁၃ | ၁၆၄ | ၁၁ | ၄၀၅ | ၃၀၄ | ၈၈၄ | – | – | – | – | – | ၁၁၉၂၉ |
| ၈ | ပဲခူး (န) | ၅ | ၈ | – | ၆၇ | ၃၅ | ၁၁၀ | – | – | – | – | – | ၃၀၆၂ |
| ၉ | မကွေး | ၂၂ | ၇၁ | ၃ | ၄၉၁ | ၄၈၀ | ၁၀၄၅ | – | – | – | – | – | ၉၉၉၆ |
| ၁၀ | မန္တလေး | ၃၁ | ၉၀၈ | ၁၈ | ၄၂၅၄ | ၃၉၂၁ | ၉၁၀၁ | ၃၇၈ | ၁၈ | ၁၇၁၁ | ၁၃၃၀ | ၃၄၃၇ | ၅၆၉၇၈ |
| ၁၁ | မွန် | ၁၀ | ၅၇ | – | ၃၈၅ | ၄၀၉ | ၈၅၁ | – | – | – | – | – | ၈၅၂၈ |
| ၁၂ | ရခိုင် | ၁၅ | ၉၅ | ၂ | ၄၂၁ | ၃၇၀ | ၈၈၈ | – | – | – | – | – | ၇၃၄၅ |
| ၁၃ | ရန်ကုန် | ၃၈ | ၉၄၇ | ၂၉၅ | ၁၁၉၄ | ၁၀၃၇ | ၃၄၇၃ | – | – | – | – | – | ၃၂၈၅၇ |
| ၁၄ | ရှမ်း (ရ) | ၄ | ၁၀ | – | ၁ | ၉ | ၂၀ | – | – | – | – | – | ၆၃၀ |
| ၁၅ | ရှမ်း (မ) | ၇ | ၂ | – | ၄၄ | ၇၀ | ၁၁၆ | – | – | – | – | – | ၂၈၆၈ |
| ၁၆ | ရှမ်း (တ) | ၁၀ | ၁၃ | – | ၅၀ | ၅၈ | ၁၂၁ | – | – | – | – | – | ၄၄၅၁ |
| ၁၇ | ဧရာဝတီ | ၂၅ | ၃၂ | – | ၁၀၄၄ | ၉၃၂ | ၂၀၀၈ | – | – | – | – | – | ၁၄၂၆၅ |
| | စုစုပေါင်း | ၂၄၈ | ၂၄၄၈ | ၃၈၃ | ၉၄၂၅ | ၈၆၂၄ | ၂၀၈၈၀ | ၃၇၈ | ၁၈ | ၁၇၁၁ | ၁၃၃၀ | ၃၄၃၇ | ၁၈၄၇၄၉ |



တုန်းပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဦးပညာဇောကလည်း "ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေ၊ အတန်းကျောင်းမနေနိုင်တဲ့ ကလေးတွေအတွက် ဆွမ်းဖိုးကွမ်းဖိုးနဲ့ အခြား ဝတ္ထုအလှူငွေတွေ မြီးခြစ်စုဆောင်းပြီး ဆရာ၊ ဆရာမတွေကို လစာပေးတာတို့ ကလေးတွေအတွက် ခဲတံ၊ ခဲဖျက်၊ စာအုပ်စတဲ့ လိုအပ်တာလေးတွေ ထောက်ပံ့ပြီးကလေးတွေပညာရေးအတွက် လုပ်နေတာပါ။ တချို့ကျောင်းတိုက်တွေကတော့ NGO တွေရဲ့ အထောက်အပံ့တွေရတော့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်တာပေါ့။ ဘုန်းဘုန်းတို့ကျောင်းကတော့ မြို့ပေါ်မှာ ဆိုပေမယ့် သိပ်မသိကြသေးလို့နဲ့တူ

www.foreverspace.com.mm





ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ခုမြင်ကွင်း

တယ်။ NGO တွေရဲ့ အထောက်အပံ့တော့ မရပါဘူး။ ဒါပေမဲ့ တစ်နှစ်တစ်တန်းတိုးပြီး ဖွင့်လာတာ အခုဆို ဆဋ္ဌမတန်းအထိ ဖွင့်လာနိုင်ပြီ" ဟု မိန့်ကြားတော်မူသည်။

နိုင်ငံတကာမှ NGO အဖွဲ့အစည်းများအနေဖြင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အမှန်တကယ်လိုအပ်နေမှုများကြောင့် လက်လှမ်းမီသမျှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ လာရောက်လှူဒါန်းလေ့ရှိသော်လည်း မထင်မှတ်သည့်နေရာများတွင်တည်ရှိနေသောကျောင်းများကိုမူ သိရှိမှုနည်းသည့်အတွက် အကူအညီရလေ့မရှိကြောင်း တွေ့ရသည်။

## စာသင်သားများ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားကြသည့် စာသင်သားများမှာ မိဘဆင်းရဲနွမ်းပါးသည့်အတွက် ကျောင်းမထားနိုင်သူများနှင့် မိဘမဲ့ကလေးငယ်များဖြစ်ကြသည်။ မိဘမဲ့ကလေးငယ်များမှာ ကျောင်းအိပ်ကျောင်းစားပညာသင်ယူရပြီး ၎င်းတို့၏ တာဝန် (စားဝတ်နေရေး) ဟူသမျှကို ဘုန်းတော်ကြီးကျောင်းကပင် တာဝန်ယူ၍ ပညာသင်ပေးရသည်။

ကော့မှူးမြို့နယ်ရှိ အောင်ဇမ္ဗူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသူတစ်ဦးက "ရွာထဲမှာ အများစုက ကျောင်းအပ်လို့ကုန်မယ့် စရိတ်စကကို မတတ်နိုင်ကြတော့ ကျောင်းမနေဖြစ်ဘူး။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေက ကျောင်းဝင်ခမပေးရတဲ့အပြင် ခဲတံ၊ ဘောပင်၊ ခဲဖျက်၊ စာအုပ်လိုအပ်တာ အကုန်အလကားရတော့ စရိတ်မကုန်တာနဲ့ ကျောင်းတက်ဖြစ်တဲ့သူတွေ အများကြီးပဲ။ ကိုယ့်ဘာသာကိုယ်အပ်ရမယ်ဆိုရင် တက်ဖြစ်ကြမယ်မထင်ဘူး" ဟု ပညာတတ်ရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပေါ် မှီခိုအားထားနေရသူ လူတန်းစား

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားကြသည့် စာသင်သားများမှာ မိဘဆင်းရဲနွမ်းပါးသည့်အတွက် ကျောင်းမထားနိုင်သူများနှင့် မိဘမဲ့ကလေးငယ်များ ဖြစ်ကြသည်။**

www.foreverspace.com.mm

တစ်ရပ်အပေါ် ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ အသက်မွေးဝမ်းကျောင်းအဖြစ် ပန်းရန် အလုပ်လုပ်ကိုင်နေသူတစ်ဦးက "ကျွန်တော့်မှာ သားသမီးငါးယောက်ရှိတယ်။ ကျွန်တော့် မိန်းမက ဈေးရောင်းတယ်။ ကျွန်တော် ရတဲ့ ဝင်ငွေနဲ့ သူရတဲ့ဝင်ငွေပေါင်းမှ စားဖို့တောင် မလောက်ဘူး။ ပညာသင်ပေးဖို့ ဆိုတာ ဘယ်ဖြစ်နိုင်မလဲ။ ကျွန်တော် ပညာမတတ်လို့ အခုလို ဆင်းရဲနေရတာ။ ကျွန်တော့်သားသမီးတွေကို ပညာတတ် စေချင်တာပေါ့။ ဒါပေမဲ့ မဖြစ်မှမဖြစ်နိုင် တာ။ ဘုန်းတော်ကြီးသင်ကျောင်းတွေက လည်း အလယ်တန်းအထိပဲဆိုတော့ ၅ တန်း၊ ၆ တန်းအောင်ရင် ကျွန်တော်နဲ့ အလုပ်လိုက်လုပ်ခိုင်းတော့ အိမ်စရိတ် ကာမိတာပေါ့" ဟု ၎င်း၏ အခြေအနေကို ရှင်းပြသည်။

## အနာဂတ်ပညာရေး

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံ များအတွင်း စီးပွားရေးဖွံ့ဖြိုးရန် ဆောင် ရွက်သည့်စီမံကိန်းများတွင် ပါဝင်လျက် ရှိရာ မကြာသေးမီကာလတစ်ခုတွင် နိုင်ငံ တကာရင်းနှီးမြှုပ်နှံမှုများ၊ ပြည်ပရှိ NGO အဖွဲ့များ၏ Project များ၊ ဖွံ့ဖြိုးလာသည့် ကူးသန်းရောင်းဝယ်ရေးအတွက် အခြေခံ အဆောက်အဦများပါ လိုက်ပါတိုးတက် ရမည်ဖြစ်သည်။ ယင်းတို့တွင် လူ့စွမ်း အားအရင်းအမြစ်ဖွံ့ဖြိုးမှု (Human Resource Development - HRD) မှာ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်။

HR ဖွံ့ဖြိုးရေးအတွက် ပညာရေး တိုးတက်မှုမှာ အခြေခံကျလှသည်။ နိုင်ငံ တကာရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးလာသည်နှင့်အမျှ ပညာတတ်များ ၏အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာပြီး



ပညာမဲ့၊ ပညာတတ်တို့၏ ဆင်းရဲချမ်းသာ ကွာဟမှုမှာလည်း ပိုမိုကြီးမားလာမည်ဖြစ် သည့်အတွက် 'ဆင်းရဲ၍ စာမသင်နိုင်၊ စာ မသင်နိုင်၍ ပညာမတတ်၊ ပညာမတတ် ၍ ဆင်းရဲ' ဆိုသလို ဆင်းရဲမှုဝဲသြဃမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။

ယင်းကြောင့် ငွေကြေးချို့တဲ့သူ လူငယ်များအတွက် လွတ်မြောက်ရာလမ်းသို့ ထွက်ပေါက်တစ်ခုဖြစ်သည့် ဘုန်းတော် ကြီးသင်ပညာရေးကျောင်းများဖွံ့ဖြိုးလာ ရေးမှာ နိုင်ငံနှင့် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဟု ခံယူပြီး တတ်စွမ်းသမျှ ဖွံ့ဖြိုးစေရန် ဝိုင်းဝန်းဆောင်ရွက်ဖို့ လိုအပ် လှပေသည်။

## နိဂုံး

ယခုအခါ ပြည်ပမှ NGO များ သာမက ပြည်တွင်းမှ မြန်မာလူငယ်များ သည် NGO အဖွဲ့ငယ်များဖွဲ့၍ ဘုန်းတော် ကြီးသင်ပညာရေးကျောင်းများဖွံ့ဖြိုးရေး အတွက် စာသင်ချိန်ပြင်ပတွင် ထပ် ဆောင်းအချိန်ပိုခေါ်ယူသင်ကြားပေးခြင်း၊ ကျောင်းသားလူငယ်များဘက်စုံဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ခြင်းများ ပြုလုပ်လာ ကြသည်ကို တွေ့ရသည်။

ဘုန်းတော်ကြီးကျောင်းများသည် လည်း ဘာသာစကားသင်တန်းကျောင်း မှ ဆရာများခေါ်ယူ၍ ဘာသာစကား သင်တန်းများအပြင် ကွန်ပျူတာ၊ အီလက် ထရွန်နစ်သင်တန်းများကဲ့သို့ လုပ်ငန်း ခွင်ဝင်ပညာရပ်များကို နေရာအနှံ့ တိုးချဲ့ ဖွင့်လှစ်လာသည်မှာ အားရဖွယ်ကောင်း လှသည်။

မြန်မာနိုင်ငံသူနိုင်ငံသားများအနေ ဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကမ္ဘာ့အလယ်တွင် မျက်နှာမငယ်စေရန်၊ ပညာတတ် လူ့ ဘောင်တစ်ခုတည်ထောင်နိုင်ရန်၊ သူ့ တာဝန် ကိုယ့်တာဝန်မခွဲဘဲ စည်းစည်း လုံးလုံးညီညီညွတ်ညွတ်ဖြင့် ကိုယ်ကျိုး မကြည့်ဘဲ တက်ညီလက်ညီဆောင်ရွက် ပါက ပညာတတ်လူ့ဘောင်တစ်ခုမကြာမီ ပေါ်ပေါက်လာမည်ဟု ယုံကြည်မိသည်။

**ကျော်ဆန်းမင်း**

■

www.foreverspace.com.mm





# ဝင်ရောက်ထိန်းညှိပေးလာရသော မြန်မာနိုင်ငံဆန်ဈေးကွက်

တင်အောင်ကျော်

၂၀၀၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက နိုင်ငံ၏ အဓိကသီးနှံဆန်စပါးကို ၂၀၀၄ ခုနှစ်တွင်းမှစ၍ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့်ပြုသည့် ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ် ကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးကူးပြောင်းချိန် ၁၀ နှစ်ကျော်ကြာပြီဖြစ်သည့်အတိုင်း အထူးဆန်ဆိုင်များဖွင့်၍ ဈေးကွက်ကို ဝင်ရောက်ထိန်းသိမ်းနေရသည်များရှိရာ ပီပြင်သောဈေးကွက်ဖြစ်လာရေးအတွက် လိုအပ်သောမူဝါဒများချမှတ်နိုင်ရန် ဈေးကွက်အခြေအနေမှန်ကို သိရှိအောင် ဦးစွာဆောင်ရွက်ရမည်ဖြစ်သည်။

www.foreverspace.com.mm

နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်မည်ဟု အတည်ပြုသတင်းထွက်ပေါ်လာခဲ့သည့် ၂၀၀၆ ဧပြီလအတွင်း တစ်ရက်၌ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၅) ရပ်ကွက်တွင် နေထိုင်သူ အိမ်ရှင်မ ဒေါ်မြတ်မြတ်စိုးသည် သူမတို့မိသားစု စားသုံးရန်အတွက် ဧည့်မထဆန် ၂၄ ပြည်ဝင် ဆန်အိတ်တစ်အိတ်ကို ယခင်ဝယ်နေကျဆိုင်မှ အပြေးအလွှား ထပ်မံဝယ်ယူလိုက်သည်။

သူမ၏အိမ်တွင် လွန်ခဲ့သော ၁၀ ရက်ခန့်က ဝယ်ယူထားသော ဆန်အိတ်မှာ ယခုလအတွက် လုံလောက်စွာရှိနေသော်လည်း နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ခံစားခွင့်ပြုသည့်နောက်ပိုင်း ဆန်ဈေးနှုန်းများ တိုးလာမည်ကို စိုးရိမ်၍ ထပ်မံဝယ်ယူခြင်းဖြစ်သည်ဟု သူမက ဆိုသည်။

"ကောလာဟလသံတစ်ခုခုကြားရင် ကျွန်မ ဆန်အမြဲဝယ်ထားတယ်။ ဒါ့အပြင် ကျွန်မက အိမ်မှာ ဆန်နဲ့ဆီရှိနေရင် လုံခြုံသလို စိတ်မှာခံစားနေရတယ်" ဟု ဒဂုံတက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် ဘွဲ့ရရှိခဲ့သူ အသက် ၃၅ နှစ်အရွယ် ဒေါ်မြတ်မြတ်စိုးက ဆိုပါသည်။

ဒေါ်မြတ်မြတ်စိုးတစ်ဦးတည်းသာ မဟုတ်။ ယခုကဲ့သို့ ကောလာဟလသတင်းများ ထွက်ပေါ်လာသည်နှင့် မရှေးမနှောင်းပင် ဆန်ဈေးများတိုးမြှင့်လေ့ရှိသည့်အတွက် ရန်ကုန်မြို့ရှိ အိမ်ရှင်မအများစုသည် ဆန်ကို ကြိုတင်ဝယ်ယူလေ့ရှိကြသည်ဟု ဘုရင့်နောင်ပွဲရုံမှ ဝါရင့်ဆန်ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သောနိုင်ငံအဖြစ် ၁၉၂၀ မှ ၁၉၄၁ ခုနှစ်အထိ နှစ် ၂၀ ကျော်ခန့် ရပ်တည်နိုင်ခဲ့ပြီး ဆန်စပါး အဓိကစိုက်ပျိုးသော မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်မည်ဟု သတင်းစတင်ထွက်ရှိချိန်မှ ဩဂုတ်လလယ်အထိ ဈေးနှုန်းများ အလွန်အမင်း လှိုင်းထပြောင်းလဲခဲ့ပြီးနောက် ဆန်ဈေးနှုန်းများ ပြန်လည်တည်ငြိမ်လာစေရန် အစိုးရ၏ ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီက ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ (Market Failure) ဟု ခေါ်ဆိုသည့် ဆန်ဈေးနှုန်းများ ကမောက်ကမဖြစ်ရခြင်းကို မည်သည့်အတွက်ကြောင့်ဟု သုံးသပ်၍ ပေါ်လစီတစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့စီးပွားရေးလေ့လာသုံးသပ်သူတို့က ဆိုသည်။

သို့ရာတွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ၂၀၀၆ ခုနှစ် ဧပြီလနောက်ပိုင်း ဆန်ဈေးနှုန်းများ ယင်းကာလမတိုင်မီထက် ၃၅ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ခြင်းသည် စားသုံးသူအများစုက မလိုအပ်ဘဲ ဆန်ဝယ်ယူသိုလှောင်ခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ မငြိမ်သက်သော အခြေအနေများ ဖြစ်ပေါ်လာချိန်တွင် ဆန်ကုန်သည်အများစုက ဆန်ဈေးနှုန်းကြီးမြင့်လာစေရန် ဈေးကစားခြင်း၊ ဆန်သိုလှောင်ထားခြင်းများ ပြုလုပ်ခြင်းတို့ကြောင့် ဆန်ဈေးနှုန်းပိုမိုမြင့်တက်လာရခြင်းဖြစ်ကြောင်း ပြောကြားသည်။

## မဟာဗျူဟာကျသော အဓိကစားသုံးကုန်နှင့် ဈေးနှုန်းလှိုင်းထရခြင်းအကြောင်းရင်း

မြန်မာပါဝင်သော အရှေ့တောင်အာရှနိုင်ငံများသည် ဆန်ကို နိုင်ငံ၏ နိုင်ငံရေးချိန်ခွင်အနေအထားအား ပုံဖော်စေနိုင်သည့် 'Political Food'ဟု တင်စားခေါ်ဆိုကြပြီး မြန်မာနိုင်ငံအတွက်လည်း ဆန်သည် 'Staple Food'ဟု ခေါ်ဆိုရမည့် အဓိက စားသောက်ကုန်ဖြစ်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာ မောင်မောင်စိုးက သုံးသပ်ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာများ တိုးမြှင့်မည်ဟု သတင်းအတည်ပြုပြီးသည့်နောက်ပိုင်း တစ်စတစ်စမြင့်တက်လာခဲ့သော ကုန်ဈေးနှုန်းအခြေအနေနှင့် ပတ်သက်၍ ကျင်းပပြီးစီးခဲ့သည့်(၃/၂၀၀၆) သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တစ်နှစ်လျှင် စပါးတင်း သန်း ၁၀၀၀ ထွက်ရှိသော မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှုမှာ တင်းသန်း ၆၀၀

**ဈေးကစားခြင်း၊ သိုလှောင်ထားခြင်းတို့ကြောင့်**
**ဆန်ဈေးနှုန်းပိုမိုမြင့်တက်လာရခြင်းဖြစ်သည်**



www.foreverspace.com.mm

သာရှိ၍ ဝယ်လိုအား (Demand) ထက် ရောင်းလိုအား (Supply)က များစွာ ပိုမိုနေသဖြင့် လစာတိုးမြှင့်ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်းမှာ သဘာဝမကျကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဆန်ဈေးတက်ရခြင်း၏ အဓိကအကြောင်းအရင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ မက်ခရိုဘောဂဗေဒပညာရှင်အချို့က သုံးသပ်ရာတွင် ပြဿနာကြောင့် ဆန်ဈေးတက်ခြင်းနှင့် ပြဿနာဖန်တီးလိုသောကြောင့် ဆန်ဈေးတက်ခြင်းဟူ၍နှစ်မျိုးတွေ့နိုင်ကြောင်း သုံးသပ်ပြောဆိုကြပါသည်။

"ပြဿနာကြောင့် ဆန်ဈေးတက်တဲ့အထဲမှာ ပထမအချက်က ထုတ်လုပ်မှုပြဿနာရယ်၊ မူဝါဒပြဿနာရယ်ဆိုပြီး နှစ်မျိုးတွေ့ရပါတယ်။ ထုတ်လုပ်မှုပြဿနာကတော့ Cost of Production လို့ဆိုတဲ့ ထုတ်လုပ်မှုစရိတ်ပါပဲ။ ထုတ်လုပ်မှုစရိတ်တက်ရင် ဆန်ဈေးက တက်မှာပဲ။ ဆန်စိုက်တဲ့လူတွေမှာ လိုအပ်တဲ့ သွင်းအားစုမန်သမျှအနည်းဆုံး သူတို့ရဲ့ စားဝတ်နေရေးစရိတ်တွေ တက်မယ်ဆိုလည်း ဆန်ဈေးက လိုက်တက်မှာပဲ။ ဥပမာ–ဓာတ်မြေဩဇာဈေးနှုန်းတက်မယ်ဆိုလည်း ဆန်ဈေးတက်မှာပဲ။ အဆိုးဆုံးကတော့ လုပ်အားခဈေးနှုန်းတွေပဲ။ စက်နဲ့လုပ်ပြန်လည်း စက်စရိတ်တက်ရင် ဆန်ဈေးတက်မှာပဲ။ စရိတ်တွေအားလုံးတက်မှ မဟုတ်ပါဘူး၊ စရိတ်တစ်မျိုးမျိုးတက်ရင် ဆန်ဈေးက တက်ဦးမှာပဲ" ဤသည်မှာ မက်ခရိုဘောဂဗေဒပညာရှင် ဒေါက်တာမောင်မောင်စိုး၏ အမြင် ဖြစ်ပါသည်။

## ဈေးနှုန်းတိုးမြှင့်ခြင်း ကန့်လန့်ကာနောက်ကွယ်

ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ်(၄၄) ရပ်ကွက်မှ လက်ကားဆန်ဆိုင်ပိုင်ရှင်တစ်ဦး၏အမြင်ကမူ "ဆန်ဈေးက စက်တင်ဘာ၊ အောက်တိုဘာ ဆန်သစ်ပေါ်ရင် အလိုလိုကျသွားမှာပါ။ ခင်ဗျားက ဆန်ဈေးတက်တဲ့အကြောင်းပြောလို့ အခြားကုန်စည်ဈေးနှုန်းတွေကိုရော မတက်ဘူးတဲ့လား၊ အားလုံးတက်နေတာပဲ"ဟု တုံ့ပြန်ပြောဆိုသည်။

စီးပွားရေးပညာရှင်တို့က ထိုဖြစ်ရပ်ကို Spiral Problem (ရစ်နွယ်ပြဿနာ)ဟု ခေါ်ဆိုပြီး ဈေးကွက်အတွင်း လယ်ယာကဏ္ဍ၏ သွင်းအားစုများ ဝယ်ယူသုံးစွဲနေရသည့်စရိတ်မြင့်တက်လာပါက ဆက်စပ်၍ ဆန်ဈေးများ မြင့်တက်လာနိုင်သည်ဟု သုံးသပ်သည်ကို တွေ့ရှိရပါသည်။

ဒဂုံမြို့သစ်မြောက်ပိုင်း လူစည်ကားသည့် ဘတ်စ်ကားမှတ်တိုင်အနီးရှိ ဆန်ဆိုင်တစ်ဆိုင်တွင် ဆန်အပြည့်ထည့်ထားသော ရောင်စုံပလတ်စတစ်ပုံးများအတွင်းရှိ ဆန်ပုံပေါ်တွင် ၇၀၀၊ ၆၅၀၊ ၅၂၀၊ ၄၇၀ ကျပ်ဟု ဈေးနှုန်းများ အသီးသီးစိုက်ထူထားသည်ကို တွေ့ရသည်။

အဆိုပါဆိုင်သည် လဆန်းရက်များတွင် တစ်ရက်လျှင် ဆန် ၁၅ အိတ်ပျမ်းမျှ ရောင်းချရလေ့ရှိပြီး ကျန်ရက်များတွင် လေးအိတ်မှ ရှစ်အိတ်အထိ ရောင်းချရလေ့ရှိသည်ဟု အဆိုပါဆိုင်ဖွင့်လှစ်ထားသူ ဒေါ်အိတုံက ဆိုပါသည်။

ဆိုင်၏ နေ့စဉ် အဓိကဖောက်သည်များမှာ နို့ဆီဘူး လေးလုံးနှင့် တစ်ပြည်စီ ဝယ်ယူသူများဖြစ်ကြပြီး အိတ်လိုက်ဝယ်ယူသူများမှာ လဆန်းရက်များတွင်သာ ပုံမှန်ဝယ်ယူလေ့ရှိကြောင်းလည်း သူမက ဆိုပါသည်။

ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းအပြောင်းအလဲဖြစ်ရခြင်းမှာ လက်လီဆိုင်များမှရောင်းချသော ဈေးနှုန်းကြောင့်ဟု ဇူလိုင်လအတွင်းက ပုံနှိပ်မီဒီယာများတွင် ဖော်ပြခဲ့သော်လည်း သူမသည် ဘုရင့်နောင်ဆန်ပွဲရုံမှ ဆန်မှာယူ၍ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းသာဖြစ်ကြောင်းလည်း ဒေါ်အိတုံက ရှင်းပြသည်။

"ရန်ကုန်မှာ ဒီလစာတိုးတဲ့သတင်းတွေအပြီး စားသုံးသူတွေ စိုးရိမ်ပြီး ဝယ်လိုအားတက်လာပါတယ်။ ဝယ်လိုအားတက်လာတဲ့အခါ ရပ်ကွက်ထဲက လက်လီဆိုင်တွေ ဈေးအရမ်းမြင့်တက်လာတယ်။ အဲဒီလိုမြင့်တက်လို့မရအောင် အသင်းအနေနဲ့ ဧည့်မထတစ်ပြည်ကို ဈေးနှုန်း ၃၅၀နဲ့ ၄၀၀ ကျပ်အတွင်း၊ ဇီယာကို ၃၇၅ ကျပ်ကနေ ၅၅၀ အတွင်း၊ ပေါ်ဆန်းမွှေးကို ၅၅၀ ကျပ်ကနေ ၇၀၀ အတွင်း ထိန်းထိန်းသိမ်းသိမ်းရောင်းဖို့ ညှိနှိုင်းဆောင်ရွက်ပေးပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌက ပြောကြားသည်။

ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းကမူ "ရန်ကုန်တစ်မြို့လုံးမှာ ဆန်အိတ်ပေါင်း ၂၅ သိန်းလောက်ရှိနေပါတယ်။ အဲဒီရှိနေတဲ့ ပမာဏအတိုင်း ထိုင်စားရင်ကို ရန်ကုန်မှာရှိတဲ့ လူဦးရေ ၆.၂ သန်းက ခုနစ်လတိတိစားနိုင်တဲ့အနေအထား ရှိပါတယ်"ဟု ဘုရင့်နောင်တွင် ဩဂုတ်လအတွင်း ကျင်းပသည့် အစည်းအဝေးတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

"သေချာတာကတော့ဗျာ အစိုးရက ဆန်ကိုလှောင်ထားတာမျိုး မရှိပါဘူး၊ အဲဒါတွေက သိုလှောင်တဲ့သူတွေဆီမှာပါ" ဟုလည်း ဦးအောင်သန်းဝင်းက ပြောကြားသည်။

"ဆန်လှောင်တယ်ဆိုတာ ဒီထဲရှိတာပဲ။ ဘယ်မှ ထွက်သွားတာမှမဟုတ်ပဲ။ ရောင်းမကုန်ရင် လှောင်ထားတာ ဘာလုပ်မှာလဲ။ ဆန်သစ်ကလည်း ပေါ်တော့မှာပဲ။ အဓိကဈေးကိုလှုပ်တဲ့ဝယ်လိုအား ရှိတယ်ဗျ။ အဲဒါ ဘုရင့်နောင်က ဆန်သမားတိုင်း သိပါတယ်။ မပြောကြလို့ ရှိမှာပါ"ဟု ဘုရင့်နောင်ပွဲရုံခတ္တာလမ်းရှိ ဆန်ပွဲရုံတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဘောဂဗေဒသီအိုရီများအရ လစာများတိုးမြှင့်လာပါက စားသုံးသူလက်အတွင်း လှည့်ပတ်နေသော ငွေကြေး

www.foreverspace.com.mm

ပမာဏများ တိုးမြင့်လာတတ်ပြီး ယင်းနှင့်ဆက်စပ်၍ ကုန်ဈေးနှုန်းများ လက်တွေ့တွင် မြင့်တက်လာကြသည်ကိုလည်း တွေ့ရှိရသည်။

"လစာတိုးလို့ ကုန်ဈေးနှုန်းတက်တာဟာ မဟုတ်ဘူးလို့ ဆိုချင်ပါတယ်။ တစ်နည်းအားဖြင့် လူတွေလက်ထဲမှာ ရှိသင့်တဲ့ ငွေကြေးပမာဏတွေ များလာလို့ ဈေးတွေက တက်လာတာပါဆိုတဲ့ ကောက်ချက်တော့ ဆွဲလို့မရဘူးပေါ့။ Money Supply များကောင်းများမယ်။ Demand for Money က နည်းနေသေးတယ်" ဟု ဒေါက်တာမောင်မောင်စိုးက ဆိုပါသည်။

လစာတိုးမြှင့်ပြီးနောက် ဆန်ဈေးများ မြင့်တက်လာရခြင်းနှင့်ပတ်သက်၍ ဈေးကွက်အတွင်းပြတ်လပ်မှုဖြစ်သွားခြင်း၊ ကုန်ပစ္စည်းလုံလောက်စွာရှိသော်လည်း လှောင်ထားပြီး ဈေးကစားကြခြင်းနှင့် ကုန်စည်စီးဆင်းမှုမှာ အကျပ်အတည်းဖြစ်နေခြင်းဟု အကြောင်းအရင်းသုံးမျိုးရှိနိုင်ကြောင်း ဒေါက်တာမောင်မောင်စိုးက ကောက်ချက်ချပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးကမူ "ဈေးကြီးတယ်ဆိုတာ လူရဲ့ ပယောဂကြောင့် ဈေးကြီးတာပါ။ သဘာဝသာတော့ ဈေးကြီးစရာ မရှိပါဘူး"ဟု ဆိုပါသည်။

## အထူးနှုန်းဆန်ဆိုင်များ

တစ်ရက်လျှင် ဧည့်မထဆန် ရှစ်အိတ်ကျော်ခန့် အရောင်းသွက်နေသော ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဒေါ်အိတုံဆိုင်တွင် လူအဝယ်နည်းသော ဆန်တစ်မျိုးရှိသည်ဟု သူမက ဆိုပါသည်။

ဖြူဖြူဖွေးဖွေးနှင့် ဆန်ကွဲ၊ ဖွဲ၊ စပါးလုံးမပါသလောက်ဖြစ်သော တစ်ပြည်လျှင် တစ်ထောင်ကျပ် ရောင်းချရသည့် ဖျာပုံဆန်သည် ဝယ်သူနည်းပါးကြောင်း၊ ရက်ကြာမြင့်သည့်အခါ မှိုတက်လာ၍ ၈၀၀ ကျပ်နှုန်းဖြင့် ဈေးလျှော့ရောင်းချရကြောင်း သူမက ဆိုပါသည်။

ဤသည်မှာ Supply Excess Demand ဟု ခေါ်ဆိုသည့် ရောင်းလိုအားသည် ဝယ်လိုအားထက် ပိုမိုများပြားနေ၍ ဖြစ်သည်ဟုလည်း ဘောဂဗေဒသီအိုရီများက ဆိုပါသည်။

"ဘောဂဗေဒသီအိုရီအရဆို ပိုတဲ့နေရာက လိုတဲ့နေရာကိုသာ စီးပါစေ။ ဈေးကြီးတယ်ဆိုတာ မရှိတော့ဘူး"ဟု ဘောဂဗေဒပညာရှင်တစ်ဦးက ထောက်ပြ

**ဆန်ပိုလျှံသောဒေသနှင့် ဆန်လိုသောဒေသများ ရှိနေသည်ဟုဆိုသည်**



www.foreverspace.com.mm

**ဈေးကွက်စီးပွားရေးစနစ်မှာ ယှဉ်ပြိုင်မှုက အသက်ပဲ။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရင် လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ခွင့်ပေးလိုက်ပါ။ ဒါကို အချို့ စီးပွားရေးလုပ်ငန်းရှင်တွေက လက်ဝါးကြီးအုပ်ထားမယ်ဆိုရင် ဈေးနှုန်းတွေတက်နေမှာပဲ။**

ပြောဆိုသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ဆန်ပိုလျှံသောဒေသနှင့် ဆန်လိုသောဒေသများ ရှိနေပြီး ယခုအခါ ဆန်လိုဒေသများသို့ တင်ပို့နိုင်ရေးအတွက် ပါမစ်များဖြင့်စိစစ်၍ ခွင့်ပြုလျက်ရှိသည်ဟု ဘုရင့်နောင်ရှိ ဆန်ကုန်သည်များက ဆိုသည်။

"ဆန်ရှားတဲ့ဒေသဆီကို ဆန်ပေါတဲ့အရပ်ဒေသက သွားရောင်းချပါ။ ဒါမှ ပြည်တွင်းလည်ပတ်မှု မှန်လာမယ်"ဟု စီးပွားရေးပညာရှင်အချို့က ဆိုပါသည်။

မက်ခရိုဘောဂဗေဒပညာရှင်တစ်ဦးကမူ "ဈေးကွက်စီးပွားရေးစနစ်မှာ ယှဉ်ပြိုင်မှုက အသက်ပဲ။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရင် လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ခွင့်ပေးလိုက်ပါ။ ဒါကို အချို့စီးပွားရေးလုပ်ငန်းရှင်တွေက လက်ဝါးကြီးအုပ်ထားမယ်ဆိုရင် ဈေးနှုန်းတွေတက်နေမှာပဲ"ဟု သုံးသပ်သည်။ စားသုံးသူများကို ဈေးကွက်ယှဉ်ပြိုင်မှုဖြင့် ပြိုင်ဆိုင်ရောင်းချခြင်းက သိသာစွာ အကျိုးပြုသည့်အချက်မှာ စားသုံးသူအား ဈေးနှုန်းသက်သာစေခြင်းဟု ယူဆရမည် ဖြစ်ပါသည်။

အစိုးရသည် ပြီးခဲ့သည့် ဇွန်လအတွင်းမှစ၍ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေးမြို့များတွင် အထူးဆန်ဆိုင်များဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိကြောင်းလည်း ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးက ဆိုပါသည်။

"လိုအပ်ရင် လိုအပ်သလို ဆက်ဖွင့်ပေးသွားမှာပါ"ဟု တစ်ပြည် ၄၀၀ ကျပ်ဖြင့် ရောင်းချပေးသည့် ၁၀၄ ဆိုင်မြောက် အထူးဆန်ဆိုင်ဖွင့်လှစ်အပြီးတွင် အဆိုပါ အတွင်းရေးမှူးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဘုရင့်နောင်ရှိ ဆန်ကုန်သည်ကြီးများကို တွေ့ဆုံခေါ်ယူဆွေးနွေးခဲ့ခြင်းသာဖြစ်ကြောင်း သတင်းစာဆရာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဘုရင့်နောင်ဆန်ပွဲရုံမှ ဆန်ကုန်သည်အချို့၏အဆိုအရ OK ၊ လွင် (ပြည်) ၊ အကယ်ဒမီ၊ ကြယ်နီ ဆန်ပွဲရုံမှ ဆန်ကုန်သည်ကြီးများကို ခေါ်ယူတွေ့ဆုံပြီးနောက်ပိုင်း ဆန်ဈေးနှုန်းမှာ ထပ်မံမြင့်တက်ခြင်းမရှိတော့ကြောင်းလည်း ပြောဆိုကြသည်။

လက်ရှိရန်ကုန်ဆန်ဈေးနှုန်း ထပ်မံမြင့်တက်ခြင်းမရှိသော်လည်း ဆန်ဈေးနှုန်းမှာ နှုန်းထားတစ်ရပ်တွင် ရပ်တန့်နေပြီး ဆန်ဈေးကျဆင်းရန်မှာ ယခုနှစ်အစောဆုံးဝင်ရောက်လာမည့် ကောက်သစ်စပါးများကသာ ဖြစ်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူအချို့က သုံးသပ်ပြောဆိုသည်။

ရန်ကုန်တွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက တစ်ပြည် ၄၀၀ ကျပ်ဖြင့် အထူးနှုန်းဆိုင်များတွင် ရောင်းချရန်အတွက် ဦးအောင်သန်းဦး (မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ)က ဆန်အိတ်တစ်သောင်း၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆန်အိတ်တစ်သောင်း၊ Diamond Star Co., Ltd. မှ ဦးကိုကိုကြီးက ဆန်အိတ်တစ်သောင်း စသည်ဖြင့် လှူဒါန်းခဲ့ကြသည်။

OK ဆန်ပွဲရုံမှလည်း ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများအပြီး ဆန်အိတ်များ ထပ်မံလှူဒါန်းခဲ့သည်ဟုလည်း ဘုရင့်နောင်မှ ထပ်မံရရှိသောသတင်းများက ဆိုသည်။

## သက်ဆိုင်ရာ၏ ဈေးကွက်တွင် ဝင်ရောက်ထိန်းညှိပေးမှုများ

လွတ်လပ်သော ယှဉ်ပြိုင်မှုများကို ဦးစားပေးရသည်ဆိုသည့် ဈေးကွက်စီးပွားရေးစနစ်သည်လည်း ရံဖန်ရံခါ Market Failure ဟု ခေါ်သည့် ဈေးကွက်အားနည်းချက်များ ဖြစ်ပေါ်တတ်ပြီး ယင်းသို့ဖြစ်ပေါ်က အစိုးရမှ ဝင်ရောက်ထိန်းညှိပေးရသည်ဟုလည်း ဈေးကွက်စီးပွားရေးသီအိုရီများက ဆိုသည်။

"ဒီအခြေအနေမှာ အစိုးရက ထိန်းကိုထိန်းရမှာပဲ။ အစိုးရမထိန်းရင် ဘယ်သူထိန်းမလဲ။ ဒါပေမဲ့ ထိန်းတဲ့နေရာမှာ နည်းစနစ်မှန်ကန်ဖို့ လိုပါတယ်"ဟုလည်း မက်ခရို ဘောဂဗေဒပညာရှင် ဒေါက်တာ မောင်မောင်စိုးက ဆိုပါသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးကလည်း မြန်မာနိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်းခန့် နေထိုင်သော ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးဒေသများနှင့် လက်လုပ်လက်စားများ နေထိုင်သည့်နေရာ မြို့နယ် ၂၅ မြို့နယ်၌ အထူးနှုန်းဆန်ဆိုင်တစ်ရာကျော် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မန္တလေးမြို့တွင်လည်း ထပ်မံရောင်းချလျက်ရှိသည်ဟု ဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လတွင် ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေး

www.foreverspace.com.mm

ကော်မတီသည် ဘုရင့်နောင်ဆန်ပွဲရုံမှ ဆန်ကုန်သည်ကြီး ၁၀၀ ကျော်ကို နယ်စပ်သို့ ဆန်တင်ပို့ခြင်းမပြုလုပ်ရန် ခေါ်ယူ အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဩဂုတ်လ ၁၆ ရက်မှ ၂၁ ရက်အထိ ရန်ကုန်သို့ ဆန်ပုံမှန်ဝင်ရောက်ရန် ဇရာဝတီတိုင်း ဆန်ကုန်သည်များကို လိုက်လံစည်းရုံးလျက်ရှိသည်ဟုလည်း UMFCCI မှတစ်ဆင့် သိရသည်။

"ဆန်ဈေးတက်တိုင်း ဆန်ဈေးကျအောင်မလုပ်ခင် ဆန်ဈေး ဘာကြောင့်တက်ရသလဲဆိုတဲ့ ပြဿနာကိုရှာဖို့က အရေးကြီးဆုံးနဲ့ ပထမဆုံးလုပ်ရမယ့် အချက်ပါ" ဟု စီးပွားရေးပညာရှင်များက ဆိုကြသည်။

ထုတ်လုပ်မှုပြဿနာ၊ ဈေးနှုန်းမြင့်လိုသည့်ဆန္ဒဖြင့် သိုလှောင်ရောင်းချသူများ၏ပြဿနာ၊ ကုန်စည်စီးဆင်းမှု အဟန့်အတားပြဿနာဟူ၍ သုံးမျိုးရှိနိုင်ပြီး ကွဲပြားစွာ ရှုမြင်သုံးသပ်ရေးမှာလည်း အထူးအရေးကြီးပါသည်။

ထိန်းသိမ်းမှုမှန်ကန်မှသာလျှင် အနာနှင့်ဆေးတည့်၍ ပျောက်ကင်းနိုင်မည်ဖြစ်သည်။

အခြားနိုင်ငံများတွင် ပြည်တွင်းဆန်ဈေးနှုန်းသည် ကမ္ဘာ့ဆန်ဈေးနှုန်းထက်နိမ့်နေပါက ပို့ကုန်မြှင့်တင်ရေးပေါ်လစီကို စူးစိုက်လုပ်ကိုင်ကြပြီး အစိုးရသည်လည်း ပို့ကုန်မှအခွန်ငွေများရရှိနိုင်သည်။ ပြည်တွင်းဆန်ဈေးနှုန်းသည် ပြည်ပကမ္ဘာ့ပေါက်ဈေးထက် မြင့်မားနေပါက မြင့်မားသည့်အကြောင်းရင်းကိုရှာ၍ ဆန်ဖူလုံအောင် ထုတ်လုပ်မှုနည်းပညာတိုး၍ အထွက်နှုန်းတိုးအောင်ပြုလုပ်ကြခြင်း ဖြစ်သည်။

လူဦးရေ ၆.၂ သန်း နေထိုင်သော မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ ဆန်ဖူလုံမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူးက ၁၁၅.၆၂ ရာခိုင်နှုန်း ဖူလုံမှုရှိသည်ဟု ဆိုပါသည်။

ပညာရှင်တစ်ဦးကမူ ကုန်ဈေးနှုန်းတက်ခြင်းထက် ဈေးကွက်တွင် ကုန်ပစ္စည်းမပြတ်လပ်ရေးက ပိုမိုအရေးကြီးကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ကုန်စည်ပြတ်လပ်ခြင်းမှာ ဒွန်တွဲပြဿနာဖြစ်နိုင်စရာရှိကြောင်း သုံးသပ်ပါသည်။

## တည်ငြိမ်သောဈေးကွက်ဖြစ်ပေါ်ရေးအတွက် အဖြေ

လှိုင်းထခဲ့သော မြန်မာနိုင်ငံ ဆန်စပါးဈေးကွက် တည်ငြိမ်လာရေးမှာ အစိုးရသာမက ပြည်သူလူထုတစ်ရပ်လုံးက အလိုရှိနေသောအရာ ဖြစ်ပါသည်။ ရိုးရှင်းသောအခြေခံဈေးကွက်စီးပွားရေးသဘောတရား၏အဖြေမှာလည်း ထိုအတွက်လွတ်လပ်သော ယှဉ်ပြိုင်မှုပေးရန်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးကလည်း ဈေးကွက်စီးပွားရေးသည် သူ့သဘောသူဆောင်ပြီး စိုက်ပျိုးသူ တွက်ခြေကိုက်သည့်ဈေးနှင့် စားသုံးသူ ဝယ်ယူစားသုံးနိုင်သည့်ဈေးတွင်ရှိနေရန်လိုအပ်ကြောင်း ပြောကြားသည်။ ဒဂုံမြို့သစ်မြောက်ပိုင်း၌ တစ်ရက်လျှင် ဆန် ၁၅ အိတ်ခန့်ရောင်းချရသော ဆန်လက်လီအချို့သည်ပင် ဆိုင်မှ ၁၀ ပြည်အထက်ဝယ်ပါက အိမ်အရောက်ပို့ ဝန်ဆောင်စနစ်များဖြင့် ယှဉ်ပြိုင်နေသည်ကိုတွေ့ရပြီး ယင်းယှဉ်ပြိုင်မှုသည် ဈေးကွက်စီးပွားရေး၏ သဘောသဘာဝပင်ဖြစ်သည်။

သီအိုရီနှင့် လက်တွေ့များအရ မြန်မာနိုင်ငံတွင် တည်ငြိမ်သောဈေးကွက်ဖြစ်ပေါ်ရေးအတွက် အချက်သုံးချက်ရှိသည်ဟုဆိုရာ–

(၁) ဈေးကွက်အတွင်း ပစ္စည်းများရောင်းချနေခြင်းနှင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုမရှိခြင်း၊

(၂) ထုတ်လုပ်ရောင်းချသူအချင်းချင်းလွတ်လပ်သော ယှဉ်ပြိုင်ခွင့်ပြုခြင်း၊

(၃) ကုန်သွယ်စီးဆင်းမှုတွင် ပိုသည့်နေရာ လိုသည့်နေရာရောက်အောင် စီးဆင်းခွင့်ပေးခြင်းတို့ ဖြစ်ကြသည်။

ဒေါ်မြတ်မြတ်စိုးကဲ့သို့ အိမ်ရှင်မများ ကောလာဟလကြောင့် ဆန်ဝယ်စုခြင်းသည် တည်ငြိမ်သောဆန်ဈေးကွက်ဖြစ်ပေါ်ရေးကို အဟန့်အတားကောင်းစွာဖြစ်ပေါ်စေပြီး ဈေးကွက်အတွင်း ဆန်များလုံလောက်စွာ ရှိနေသည့်သတင်းအချက်ကို ဒေါ်မြတ်မြတ်စိုးအပါအဝင် လူတိုင်းသိရှိနိုင်ရန်မှာလည်း အထူးလိုအပ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသော ယနေ့အချိန်အခါတွင် ယင်းကဲ့သို့ သတင်းအချက်အလက်မျိုး လွယ်လင့်တကူလူတိုင်းရရှိပါက လတ်တလော ကောလာဟလအပါအဝင် ပြဿနာများကို ဖြေရှင်းနိုင်ရုံသာမက ဈေးကွက်ကို တည်ငြိမ်စေရန် လုပ်ကိုင်နိုင်သည်အထိ အကျိုးများရရှိနိုင်မည်ဖြစ်သည်။ သတင်းအချက်အလက်မရရှိခြင်းကြောင့် ဖြစ်ပေါ်ရသော ကမောက်ကမဖြစ်မှုများကို အစိုးရအနေဖြင့် အချိန်မကုန်လူမပန်းဘဲ ပြုပြင်တည့်မတ်ပေးနိုင်ပါက အကျိုးများရရှိနိုင်မည် ဖြစ်ပါသည်။

"ဈေးက အမြဲတမ်း ပုံမှန်နဲ့ အလွယ်တကူ ဝယ်လို့ရရင် ဆန်ကို အိမ်မှာ မထားချင်ပါဘူး။ ကြွက်တို့ ပုရွက်ဆိတ်တို့ တောင်လာသေးတယ်" ဟု ဒေါ်မြတ်မြတ်စိုးက ဆိုသည်။

**တင်အောင်ကျော်**

■

www.foreverspace.com.mm



# HIV/AIDS ကာကွယ်ရေးနှင့် ပြုစုကူညီရေးလုပ်ငန်းများမှ လူမှုရေးအဖွဲ့အစည်းတို့၏ အခန်းကဏ္ဍ

နိုင်မင်းဝေ

**HIV/AIDS ပြဿနာသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၏ ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍတွင်ရင်ဆိုင်နေရသော ပြဿနာသက်သက်မဟုတ်ဘဲ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့်ပါ သက်ဆိုင်လာသော အလွန်တရာကြီးမားကျယ်ပြန့်လှသည့် ပြဿနာအစုအဝေးကြီးတစ်ရပ်လည်း ဖြစ်ပေသည်။**



ပုံ – UNICEF

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေး၊ ပြုစုကုသရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ HIV ရောဂါပိုး ကူးစက်ခံရသူများ အပါအဝင် ပြည်သူလူထုများ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ စသည့်လူတန်းစားအားလုံး၊ လူ့အလွှာအားလုံး ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဟု HIV/AIDS ကျွမ်းကျင်သူများက တညီတညွတ်တည်း ပြောဆိုကြသည်။

## ခွဲခြားလျက်တည်ရှိနေသည့် လူ့အဖွဲ့အစည်းများ

မည်သည့်နိုင်ငံ၊ မည်သည့်အုပ်ချုပ်ရေးစနစ်၌မဆို လူ့အဖွဲ့အစည်းကို ပိုင်းခြားစိတ်ဖြာကြည့်လျှင် အခြေခံအကျဆုံး လူ့အဖွဲ့အစည်းအနေဖြင့် မိသားစုများနှင့် အပေါ်ဆုံး ဦးဆောင်အဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်သူအစိုးရဟူ၍ တွေ့မြင်နိုင်

www.foreverspace.com.mm




**HIV/AIDS ၏ အကြီးမားဆုံး ရိုက်ခတ်မှုသည် နှိမ့်ချခွဲခြားဆက်ဆံမှုဖြစ်ပြီး HIV ပိုးရှိသူ လျင်မြန်စွာသေဆုံးရခြင်းသည် ရောဂါပိုးကြောင့်မဟုတ်ဘဲ ပတ်ဝန်းကျင်၏အမြင်သဘောထားအပြုအမူကြောင့် အများဆုံးဖြစ်သည်။ နှိမ့်ချခွဲခြားဆက်ဆံမှုကို လျှော့ချရန် ဝိုင်းဝန်းဆောင်ရွက်ရာ၌ ကျန်းမာရေးအသိ ပညာပေးခြင်းနှင့် ဘာသာရေး၊ လူမှုရေး အသိပညာပေးခြင်းတို့ကို အချိုးညီညီ ဆောင်ရွက်သွားရပါမည်။**

ပြီး ၎င်းတို့နှစ်ခုကြားတွင် လူထုအခြေပြု လူ့အဖွဲ့အစည်းများဟူ၍ ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားသတ်မှတ်နိုင်သည်။

HIV/AIDS အန္တရာယ်သည် မိသားစုတစ်စုချင်းဆီကို ခြိမ်းခြောက်အန္တရာယ်ပြုနေသလို လူ့အဖွဲ့အစည်းတစ်ခုချင်းဆီကိုလည်း ခြိမ်းခြောက်အန္တရာယ်ပြုနေပြီး တစ်ချိန်တည်း၌ နိုင်ငံတစ်နိုင်ငံချင်းစီအတွက်လည်း စိန်ခေါ်ချက်တစ်ရပ်ဖြစ်နေသည်။ ဤရောဂါဆိုးကြီးကို တူရာတူရာ၊ သန်ရာသန်ရာ အစုအဖွဲ့ငယ်လေးများအဖြစ် တစ်နည်းအားဖြင့် လူထုအခြေပြုလူ့အဖွဲ့အစည်းငယ်လေးများဖြင့် ရင်ဆိုင်ဖြေရှင်းကြလျှင် ပိုမိုထိရောက်နိုင်သည်ဟု မြန်မာနိုင်ငံတွင် HIV/AIDS ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ကိုင်နေသူ ဒေါက်တာထိန်ဝင်းက ပြောကြားပါသည်။

လူထုအခြေပြုလူ့အဖွဲ့အစည်းများကို ထပ်မံခွဲခြားကြည့်လျှင် အကျိုးအမြတ်မျှော်ကိုးသည့်အဖွဲ့အစည်းများနှင့် အကျိုးအမြတ်မမျှော်ကိုးသည့်အဖွဲ့အစည်းများဟူ၍ နှစ်မျိုးနှစ်စားတွေ့ရှိနိုင်ပြီး ယင်းအဖွဲ့အစည်းများသည် လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်တတ်သော သဘာဝဘေးအန္တရာယ်များကိုဖြစ်စေ၊ ရောဂါဆိုးများကိုဖြစ်စေ ရင်ဆိုင်ဖြေရှင်းရာ၌ အုပ်ချုပ်သူအစိုးရနှင့် အခြေခံအကျဆုံးမိသားစုများကြား ဆက်စပ်ပေးနိုင်သည့်အဖွဲ့အစည်းများအဖြစ် တည်ရှိနေကြကြောင်း၊ ယင်းအဖွဲ့အစည်းများသည် အားကောင်းလျှင်ကောင်းသလို ပြဿနာများစွာကို ရင်ဆိုင်ဖြေရှင်းနိုင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြပါသည်။



## အဘယ်ကြောင့် အရေးယူဆောင်ရွက်သင့်သနည်း

HIV/AIDS သည် ကူးစက်ခံရသူဝေဒနာရှင်၏ ကာယသုခ၊ စိတ္တသုခနှင့် မိသားစုဘဝများကို ထိခိုက်စေနိုင်ခြင်း၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ခြင်း၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးကို ထိခိုက်စေခြင်း၊ လူ့ဂုဏ်သိက္ခာအဆင့်အတန်းကို ညှိုးနွမ်းစေနိုင်ခြင်းတို့ကြောင့် ထိုရောဂါဆိုးကို အရေးတယူအလေးအနက်တိုက်ဖျက်သင့်သည်ဟု ဒေသတွင်းရှိ ဘာသာရေးအခြေခံ HIV/AIDS ကာကွယ်တားဆီးရေး NGO တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါရောဂါဆိုးကြီးအတွက် ကျန်းမာရေးကဏ္ဍတစ်ခုတည်းမှ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း၊ လူငယ်လူရွယ်များကြား ရောဂါကူးစက်ပြန့်ပွားမှု တစ်နေ့တခြားတိုးပွားလာပြီး ရောဂါနှင့်သက်ဆိုင်သည့် အသိပညာဗဟုသုတနည်းပါးနေကြကြောင်း၊ ရောဂါဖြစ်နေသူများအား အဆင့်အတန်းခွဲခြားမှု၊ ရောဂါပိုးရှိသူများအား နှိမ့်ချဆက်ဆံမှုများကြောင့် လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံက ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်နေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

www.foreverspace.com.mm



## မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်နည်း

လူဆိုသည်မှာ Social Animal များသာဖြစ်၍ သဘာဝဘေးအန္တရာယ် များ၊ ကပ်ရောဂါများ ခြိမ်းခြောက်အန္တရာယ်ပြုမှုဟူသမျှကို အစုအဖွဲ့၊ စိတ်ဓာတ်အသင်းအဖွဲ့ သဏ္ဍာန်များအဖြစ် ရင်ဆိုင်ဖြေရှင်းလျှင် ပိုမိုအောင်မြင်နိုင်မည်ဟု Marie Stopes International (မြန်မာ) မှ အစီအစဉ်ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က ပြောကြားသည်။

လူ့အလွှာအလိုက်၊ လူတန်းစားအလိုက်၊ ကိုးကွယ်ယုံကြည်ရာအလိုက် လူထုအခြေပြုလူ့အဖွဲ့အစည်းများ ဖွဲ့စည်း၍ ပါဝင်ဆောင်ရွက်ခြင်းကြောင့် လူ့ကျင့်ဝတ်သိက္ခာ၊ လူ့တန်ဖိုးများ မြင့်တက်လာစေနိုင်ခြင်း၊ ဘဝကိုပိုတန်ဖိုးထားလာခြင်း၊ လူလူချင်း လေးစားသောတာဝန်သိအပြုအမူများ ကျင့်သုံးလာစေခြင်း၊ အများပြည်သူ အသိပညာတိုးတက်လာစေခြင်း၊ ခံယူချက်၊ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်များခိုင်မာပြတ်သားလာစေခြင်း၊ လှူဒါန်းငွေများ၊ ရန်ပုံငွေများ ရှာဖွေနိုင်ခြင်း၊ လုပ်ငန်းဆောင်တာများကို အောက်ခြေအဆင့်မှ နိုင်ငံအဆင့်အထိ ကဏ္ဍအသီးသီးတွင် မြှင့်တင်ပေးနိုင်ခြင်းကို လူထုအခြေပြု လူ့အဖွဲ့အစည်းများက ပိုမိုလုပ်ဆောင်နိုင်ခြင်းဆိုသည့် အားသာချက်များရှိကြောင်း HIV/AIDS ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသော NGO အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လူထုအခြေပြုလူ့အဖွဲ့အစည်းများကပင် HIV/AIDS နှင့်သက်ဆိုင်သည့် အသိပညာမဲ့မှုကို အဆုံးသတ်ပေးနိုင်ခြင်း၊ HIV/AIDS ရှိသူများနှင့် လက်တွဲဆောင်ရွက်နိုင်ခြင်း၊ ဖွင့်ဟပြောဆိုလာနိုင်ရန် တိုက်တွန်းပေးခြင်း၊ လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်များက လက်ခံလာစေရန် ဆောင်ရွက်ပေးနိုင်ခြင်း၊ နည်းပညာများ၊ စီမံချက်များ စတင်နိုင်ရန် ကြိုးပမ်း၍ စုစည်းလုပ်ကိုင်နိုင်ခြင်း စသည့်ကဏ္ဍများကို ဆောင်ရွက်ပေးနိုင်သည်ဟု ဒေါက်တာထိန်ဝင်းက ဆက်လက်ရှင်းပြသည်။


## လူမှုရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ပေးမှုများ

လူထုအခြေပြု လူ့အဖွဲ့အစည်းများအနေဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ သွေးသွင်းခြင်းမှတစ်ဆင့် ကူးစက်ခြင်းကို ကာကွယ်နိုင်ရန် စိတ်ချရသော သွေးလှူရှင်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ မူးယစ်ဆေးဝါးထိုးသွင်းခြင်းမှတစ်ဆင့် ကူးစက်ခြင်းနှင့် အခြားနည်းများဖြင့် ကူးစက်နည်းများကိုလည်း ပညာပေးမှုပြုလုပ်ခြင်း၊ ရောဂါကြောင့် ကူးစက်နည်း၊ ကာကွယ်နည်းများကို ပညာပေးရှင်းပြခြင်း၊ စိတ်ချယုံကြည်ရသော သွေးစစ်မှုခံယူနိုင်ရန် လမ်းညွှန်ပေးခြင်း၊ နေထိုင်မကောင်းသူများ၊ ဝေဒနာခံစားနေရသူများ၊ ပူဆွေးနေသည့်မိသားစုများ၊ မိဘမဲ့များအတွက် နှစ်သိမ့်ဆွေးနွေးမှုများကို ပြုလုပ်ပေးနိုင်ပါသည်။



AIDS ရောဂါသည် ပျောက်ကင်းရန် ဆေးမရှိသေးသော်လည်း လူ့သက်တမ်းရှည်ရှည်နေထိုင်သွားနိုင်စေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ရန်လမ်းညွှန်ခြင်းနှင့်လိုအပ်သည်များ ပံ့ပိုးပေးနိုင်ခြင်း၊ သာမန်ထိတွေ့ရုံဖြင့် မကူးစက်နိုင်သဖြင့် ပြုစုစောင့်ရှောက်နိုင်ရန် ကူညီပေးနိုင်ပြီး မိသားစုများကို လူနာပြု

**လူတန်းစား ပေါင်းစုံ၊ အလွှာပေါင်းစုံက ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်**



www.foreverspace.com.mm

စုနည်းများ သင်ပြပေးနိုင်သည့်အပြင် ဆေးကုသမှုပေးနိုင်မည့် ဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် စီစဉ်ပေးခြင်းတို့ကိုလည်း လူထုအခြေပြုလူ့အဖွဲ့အစည်းများက ပိုမိုလုပ်ဆောင်ပေးနိုင်သည်ဟု ဆိုပါသည်။

ထို့ပြင် ဝေဒနာရှင်ကွယ်လွန်သွားပါက ဘဝကူးကောင်းရန် ပြင်ဆင်ပေးခြင်း၊ မိဘမဲ့ကလေးများအား ပြုစုပျိုးထောင်ပေးခြင်း၊ မိမိအဖွဲ့အစည်းအတွင်း၊ ရပ်ရွာအတွင်း စည်းရုံးဆောင်ရွက်နိုင်မည့် ခေါင်းဆောင်မှုပေးနိုင်သူများကို စည်းရုံးလေ့ကျင့်ပေးခြင်းတို့ကိုလည်း လူထုအခြေပြုအသင်းအဖွဲ့များက ဆောင်ရွက်ပေးနိုင်ပါသည်။

## ပြဿနာများအတွက် အဖြေရှာခြင်း

AIDS ရောဂါပြဿနာများအတွက် အဓိကဆောင်ရွက်ရမည့်အချက်လေးချက် ရှိပါသည်။

(၁) ပြန့်ပွားမှုကို လျှော့ချခြင်း၊

(၂) နှိမ့်ချခွဲခြားမှုကို လျော့ပါးစေခြင်း၊

(၃) ဒုက္ခဆင်းရဲများကို လျှော့ချခြင်း၊

(၄) ဆိုးကျိုးများကို လျှော့ချခြင်း၊

ကမ္ဘာပေါ်၌ HIV ပိုးကို စတင်သတိထားမိသည့် ၁၉၈၁ ခုနှစ်မှစပြီး HIV ပိုး၏ ကူးစက်ပျံ့နှံ့မှုသည် ပို၍ပို၍သာ များပြားခဲ့သည်။ HIV ပိုး ကူးစက်ရာ၌ လိင်မှတစ်ဆင့် ကူးစက်ခြင်း၊ သွေးမှတစ်ဆင့်ကူးစက်ခြင်း၊ မိခင်မှ သန္ဓေသားသို့ကူးစက်ခြင်းဟူ၍ နည်းအမျိုးမျိုးရှိရာ လိင်မှတစ်ဆင့်ကူးစက်ခြင်းသည် ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရသည်။ ရောဂါပြန့်ပွားမှုလျှော့ချရန်အတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းသည် ပထမဆုံးလုပ်ဆောင်ရမည့်အလုပ်တစ်ခုဖြစ်ပြီး HIV/AIDS ဆိုင်ရာ ပညာပေးလုပ်ငန်းများကို ထိရောက်စွာလုပ်ကိုင်ရာ၌ ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်း၏ဟူသော စကားအရ စနစ်တကျကြိုတင်ကာကွယ်တတ်အောင် အသိပညာပေးရပါမည်။ လိင်မှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် တစ်လင်တစ်မယားစနစ်ကျင့်သုံးရေး၊ လူပျိုအပျိုဘဝကို တန်ဖိုးထားရေး၊ လိုအပ်လျှင် အကာအကွယ်ပစ္စည်းအသုံးပြုရေးတို့ကို ပြည်သူလူထုအတွင်း နားလည်လက်ခံလာအောင် စည်းရုံးပြောကြားရာ၌လည်းကောင်း၊ စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း လူထုအခြေပြု လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အထူးအရေးပါပါသည်။

HIV/AIDS ၏ အကြီးမားဆုံး ရိုက်ခတ်မှုသည် နှိမ့်ချခွဲခြားဆက်ဆံမှုဖြစ်ပြီး HIV ပိုးရှိသူ လျင်မြန်စွာသေဆုံးရခြင်းသည် ရောဂါပိုးကြောင့်မဟုတ်ဘဲ ပတ်ဝန်းကျင်၏အမြင်သဘောထားအပြုအမူကြောင့် အများဆုံးဖြစ်သည်။ နှိမ့်ချခွဲခြားဆက်ဆံမှုကို လျှော့ချရန် ဝိုင်းဝန်းဆောင်ရွက်ရာ၌ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဘာသာရေး၊ လူမှုရေးအသိပညာပေးခြင်းတို့ကို အချိုးညီညီဆောင်ရွက်သွားရပါမည်။ HIV ပိုးသည် ခန္ဓာကိုယ်ပြင်ပ၌ မကူးစက်နိုင်ပါ။ အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း၊ ရောဂါပိုးရှိသော သွေးသွင်းခြင်းနှင့် ဆေးထိုးအပ်တို့မှတစ်ဆင့်သာ ကူးစက်တတ်ပါသည်။ အန္တရာယ်ရှိသောအပြုအမူများမဟုတ်သည့် သာမန်ထိတွေ့ဆက်ဆံမှုများသည် HIV ပိုးလုံးဝမကူးစက်နိုင်သဖြင့် ဝေဒနာရှင်များအား ခွဲခြားခြင်း၊ နှိမ်ချခြင်းမပြုသင့်ပေ။ လူမှုအသိုင်းအဝိုင်းတွင်း၌ ချစ်ခင်ရင်းနှီးစွာလက်တွဲနေထိုင်နိုင်ပါသည်။ အလုပ်အတူတူလုပ်နိုင်ပါသည်။



## ဒုက္ခဆင်းရဲများကို လျှော့ချခြင်း

HIV ပိုးကူးစက်ခံထားရသူများသည် ဒုက္ခဆင်းရဲအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရပါသည်။ “ရုပ်ခန္ဓာသည် ရောဂါကြောင့် ဝေဒနာများခံစားနေရသကဲ့သို့ နာမ်ခန္ဓာမှာလည်း ရောဂါ၏ရိုက်ခတ်မှုကြောင့် နာကြည်းခြင်း၊ ရှက်ရွံ့ခြင်း၊ စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း ဝေဒနာများ တစ်ပြိုင်နက်ခံစားနေကြရပါသည်”ဟု ဗုဒ္ဓနည်းဖြင့် HIV/AIDS ကာ

www.foreverspace.com.mm

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်မှ ထိခိုက်ဖျက်ဆီးနေသော AIDS ရောဂါဆိုးအား ထိန်းချုပ်နိုင်စေရန် လူသားအားလုံး အသိရှိရှိ၊ သတိရှိရှိ ပူးပေါင်းဆောင်ရွက်ကြရမည့်ကိစ္စ ဖြစ်ပါသည်။**

ကွယ်ရေးပြုလုပ်သည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ဒုက္ခဆင်းရဲများကို လျှော့ချရန်အတွက် လူအားလုံး၌တာဝန်ရှိ၏။ အခြားလူများကလည်းကောင်း၊ ရောဂါကူးစက်ခံနေရသူ (PLHA)အချင်းချင်းကလည်းကောင်း အောက်ဖော်ပြပါလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းလုပ်ဆောင်သွားရန် လိုအပ်ပါသည်။ စောင့်ရှောက်မှုပေးရာ၌ PLHA များ၏ ကျန်းမာရေး အတွက်လိုအပ်သောဆေးဝါးများကို အပြည့်အဝ အခမဲ့ရရှိရန် ဆေးခန်းများ၊ ဆေးရုံများဖွင့်လှစ်ပေးရပါမည်။ ဆေးခန်း၊ ဆေးရုံသို့ သွားလာရေးအတွက် ကူညီပေးရပါမည်။ PLHA များနှင့် ဆက်နွှယ်သော မိသားစုဝင်များအားလည်း တတ်အားသမျှစောင့်ရှောက်မှုပေးရပါမည်။ PLHA များကို ကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ပေးရပါမည်။ PLHA များကို ကူညီပံ့ပိုးနိုင်သော အဖွဲ့အစည်းသစ်များပေါ်ပေါက်လာရန် ဝိုင်းဝန်းကြိုးစားပေးဖို့လည်း လိုအပ်ပါသည်။

လူမှုအသိုင်းအဝိုင်းအတွင်း၌ လူသားအားလုံးပါဝင်စေရမည်ဖြစ်သည်။ PLHA များ၏အိမ်သို့ အလည်အပတ်သွားရောက်ခြင်းသည် ၎င်းတို့၏စိတ်ဒုက္ခဆင်းရဲမှုများကို လျော့ပါးစေပါသည်။ စကားစမြည်ပြောခြင်း၊ နွေးထွေးမှုပေးခြင်း၊ နှစ်သိမ့်အားပေးခြင်းများပြုလုပ်ရန် အလည်အပတ်သွားရောက်ရမည်ဖြစ်ပါသည်။ ၎င်းတို့နှင့် စကားပြောခြင်းဖြင့် ၎င်းတို့၏ လိုအပ်ချက်များကိုလည်း သိရှိနိုင်သည်။ ၎င်းတို့ပါဝင်ကူညီနိုင်သော အခန်းကဏ္ဍများကို သိရှိနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်မှု၊ နားလည်မှုများ တိုးပွားလာနိုင်ပါသည်။ ၎င်းတို့အား ကူညီပံ့ပိုးနိုင်သော အဖွဲ့အစည်းများ၏ သတင်းကို ပေးနိုင်ပါသည်။ ကျန်းမာရေးအသိ၊ ဘာသာရေးအသိများကို ပြောပြနိုင်ပါသည်။ အတွေ့အကြုံများဖလှယ်နိုင်ပါသည်။ လူအများစုအတွက် အလွယ်တကူလုပ်နိုင်သောအလုပ်လည်း ဖြစ်ပါသည်။

## ဆိုးကျိုးများကို လျှော့ချခြင်း

AIDS ၏ ရိုက်ချက်ကား ပြင်းထန်လှပါသည်။ ရုပ်ပိုင်းဝေဒနာ၊ စိတ်ပိုင်းဆင်းရဲဒုက္ခအပြင် လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဆိုးကျိုးများလည်း ခံစားကြရပါ၏။ AIDS ပြဿနာများအတွက် အဖြေရှာရာတွင် ဆိုးကျိုးများကို လျှော့ချခြင်းမှာ မဖြစ်မနေ ကိုင်တွယ်ဖြေရှင်းကြရမည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ အကယ်၍ PLHA များ အလုပ်အကိုင်မရှိခဲ့လျှင် အလုပ်အကိုင်များ ရှာဖွေပေးရပါမည်။ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးပေးရပါမည်။ မိသားစုဘဝကို ပြန်လည်ထူထောင်ပေးရမည်ဖြစ်ပြီး၎င်းတို့၏သားသမီးများ ပညာသင်ကြားနိုင်ရေး အတွက် အစီအစဉ်များ ရေးဆွဲပေးခြင်း၊ ကူညီပံ့ပိုးခြင်းများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

HIV/AIDS ဆိုင်ရာ ဆောင်ရွက်သော အဖွဲ့အစည်းအသီးသီးရှိရာ အချို့အဖွဲ့များသည် ကာကွယ်ရေးကို အလေးထားဆောင်ရွက်ကြသည်။ အချို့အသင်းများသည် ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးကို အလေးထားဆောင်ရွက်ကြ၏။ အချို့အဖွဲ့များသည် ကာကွယ်ရေး၊ ကုသရေးအပြင် ထောက်ပံ့ရေးတို့ကိုပါ ဆောင်ရွက်ကြပါသည်။ လှုပ်ရှားမှုများဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်၍ လက်တွဲဆောင်ရွက်ကြရန်လိုအပ်သည်။ အဖွဲ့အစည်းအသီးသီးက နားလည်မှုအပြည့်ဖြင့် တတ်စွမ်းသမျှ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် HIV/AIDS ၏ဆိုးကျိုးများကို အမှန်တကယ် လျှော့ချနိုင်မည်ဖြစ်ပြီး AIDS ဆိုင်ရာပြဿနာများ၏အဖြေကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်ဟု ဗုဒ္ဓနည်းလမ်းဖြင့် HIV/AIDS ကာကွယ်တားဆီးရေးပြုလုပ်နေသည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

## နိဂုံး

HIV/AIDS ရောဂါသည် မည်သည့်နိုင်ငံကိုမဆို ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် သက်ဆိုင်သည့် ကြီးမားသောပြဿနာများ၊ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို ပြုလုပ်နေသော ရောဂါဆိုးကြီးတစ်ခုဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့အလယ်၌ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် သိက္ခာရှိရှိ ရပ်တည်နိုင်ရန် နိုင်ငံသားအားလုံး၌ တာဝန်အပြည့်အဝရှိပါသည်။ အထူးသဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်မှ ထိခိုက်ဖျက်ဆီးနေသော AIDS ရောဂါဆိုးအား ထိန်းချုပ်နိုင်စေရန် လူသားအားလုံး အသိရှိရှိ၊ သတိရှိရှိ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ရာ HIV/AIDS ချုပ်ငြိမ်းရေးအတွက် လူထုအခြေပြုလူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အထူးအရေးပါနေမည်မှာ သေချာလှပါသည်။

**နိုင်မင်းဝေ**

www.foreverspace.com.mm





# မျက်မှောက်မန္တလေးစီးပွားရေးမြင်ကွင်း

ဆန္ဒတေဇ

**မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးယန္တရားအဖွဲ့အစည်းများအားလုံးသည် မန္တလေးတိုင်းတောင်ဘက်တွင် နေပြည်တော်မြို့အဖြစ် ဖွဲ့စည်း၍ ပြောင်းရွှေ့ရုံးစိုက်အုပ်ချုပ်နေပြီဖြစ်ရာ အောက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့အဖြစ် ရန်ကုန်မြို့တော်ကို ရည်ရွယ်စီမံဆောင်ရွက်နေသကဲ့သို့ အစဉ်အဆက်ဖြစ်တည်နေခဲ့ပြီးဖြစ်သော အထက်မြန်မာနိုင်ငံစီးပွားရေးမြို့တော် မန္တလေး၏ အနာဂတ်အလားအလာများကို လေ့လာဆန်းစစ်ရန် လိုအပ်လာပါသည်။**

## အဘွားတို့မန္တလေး၊ ဆရာတို့မန္တလေး

မန္တလေးမြို့တော်သည် ကုန်းဘောင်ခေတ်နောက်ဆုံးမင်းဆက်များ စိုးစံခဲ့ရာမြို့ဖြစ်သည့်အားလျော်စွာ မန္တလေးမြို့သူမြို့သားတို့သည် ရှေးရိုးစဉ်လာကြီးမားကြသူများဖြစ်ခဲ့ကြသည်။ မျက်မှောက်ကာလတွင် ပတ်ဝန်းကျင်နယ်ပယ်ဒေသတို့မှ လူမျိုးပေါင်းစုံရောနှောဝင်ရောက်အခြေချနေထိုင်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာကြသည့်အတွက် ဒေသခံမန္တလေး မြို့တော်သူမြို့တော်သားများ၏ ရှေးရိုးအစဉ်အလာဟောင်းများသည် ယဉ်ကျေးမှုသစ်များအောက်တွင် ရောနှောပျော်ဝင်သွားကြသည်ကို တွေ့ရမည်ဖြစ်သည်။

မန္တလေးစာနယ်ဇင်းနယ်ပယ်မှ ပုဂ္ဂိုလ်များရေးသားသည့်စာများတွင် ၎င်းတို့၏အတိတ်စံနှုန်းများအပေါ် အလေးထားမှုနှင့် ရှေးရိုးအစဉ်အလာ အရှိတရားဟောင်းများကို စွဲလမ်းတွယ်တာနေကြဆဲဖြစ်ကြောင်း တွေ့ရသည်။ ယင်းသည်ပင်ခေတ်သစ်မန္တလာဖြစ်တည်မှု (Modern Mandalarization) အတွင်းမှ ယဉ်ကျေးမှုများတိုးတိုက်မိခြင်း (Clash of Civilization) ဟု ဆိုရမည်ပင်ဖြစ်သည်။

မန္တလေးမြို့တော်သည်မူလကတည်းကပင် မြန်မာနိုင်ငံ၏ဗဟိုကူးသန်းရောင်း

www.foreverspace.com.mm



ဝယ်ရေးစင်တာကြီးဖြစ်သည့် တရုတ်၊ အိန္ဒိယနယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကုန်စည်ဖလှယ်ရာမြို့ဖြစ်သကဲ့သို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းမှသည် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့တော်တိုင် အဓိကကုန်စည်ဖြန့်ဖြူးလျက်ရှိသည်။ ယင်း၏တည်နေရာသည် သဘာဝပထဝီအနေအထားအရ ကုန်သွယ်ရေးမြို့ အဖြစ်ဖြစ်တည်နေသည်ကို တွေ့ရမည်ဖြစ်သည်။

စီးပွားရေးကဏ္ဍအရ အကျိုးဖြစ်ထွန်းမှုရှိလာခဲ့သကဲ့သို့ ဒေသစုံမှ လူမျိုးစုံတို့ ရောနှောဝင်ရောက်လာသည့်အတွက် ခေတ်လွန်ယဉ်ကျေးမှု အမူအကျင့်တို့နှင့် စရိုက်များစိမ့်ဝင်မှု၏ဒဏ်ကိုလည်း မလွဲမသွေခံစားရမည်မှာ အမှန်ပင်ဖြစ်သည်။ အောက်မြန်မာနိုင်ငံစီးပွားရေးမြို့တော်ဖြစ်လာမည့် ရန်ကုန်မြို့တော်၌ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အယူဝါဒပေါင်းစုံရောနှောပေါင်းစပ်မှုမှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှုတိုးတိုက်မိမှု (Clash of Civilization)သဘောထက် ယဉ်ကျေးမှုများပေါင်းစပ်ပျော်ဝင်မှု (Harmonical Combination of Civilization) သို့ ရောက်ရှိနေပြီဟုဆိုနိုင်ပြီး အသားကျနေခဲ့ပြီးဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း မန္တလေးမြို့တော်သို့ တိုးဝင်စီးမျောလာသော ယဉ်ကျေးမှုဓလေ့စရိုက်စုံက ဂုဏ်ဒြပ်၊ ရှေးရိုးစဉ်လာတို့နှင့် ကိန်းခန်းကြီးစွာရှိခဲ့ကြသော မန္တလေးမြို့တော်သူ မြို့တော်သားတို့အတွက် မချင့်မရဲ အလိုမကျဖြစ်လာစေမည်မှာ ယုံမှားဖွယ်မရှိပေ။ ယင်းဓလေ့စရိုက်အမူအကျင့်များကို အလုံးအရင်းနှင့် ထိတွေ့ဆက်ဆံလာရသည့်အတွက် ၎င်းတို့၏သံလွင်ပင်များ အနုတ်ခံရသည်၊ ဖယ်ရှားခံရသည်ဟု ထင်မြင်ယူဆနေကြပေမည်။ အသားကျ၊ နေသားတကျဖြစ်သွားလျှင်မူ ကမ္ဘာပြုမှုဖြစ်စဉ် (Globalization) နှင့် အံဝင်ခွင်ကျ ဖြစ်လာလိမ့်မည်ဟု လူမှုစီးပွားပညာရှင်တို့က ဆိုသည်။

## မြို့ပြအနေအထား

စနစ်တကျအကွက်ချ၍ တည်ထားသော ရန်ကုန်မြို့၏ မြို့တွင်း ခြောက်မြို့နယ် ဧရိယာထက် မန္တလေးမြို့တော်၏ အကွက်ကျကျယ်ဝန်းမှုက သာလွန်ပါသည်။ မူလမန္တလေးသည် မြို့တော်ဟောင်း ရန်ကုန်ထက် ရှေးဆန်မှု လွန်ကဲသယောင်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျဟန်ရှိသော်ငြား သူ့ရစ်သမ်နှင့်သူ အေးအေးငြိမ့်ငြိမ့် စီးမျောလျက်ရှိခဲ့သည်ကို တွေ့ရသည်။

မန္တလေးမြို့သည် အလျားနှစ်မိုင်ပတ်လည်ကျယ်ဝန်းသော နန်းမြို့ဟောင်းကြီး၏ဝန်းကျင်တွင် လမ်းဖြောင့်များဖြင့် စတုရန်းကွက်ကျကျတည်ထားရာ မြို့

**ဒေသခံ မန္တလေးမြို့တော်သူမြို့တော်သားများ၏ ရှေးရိုးစဉ်လာဟောင်းများသည် ယဉ်ကျေးမှုသစ်များအောက်တွင် ရောနှောပျော်ဝင်သွားကြသည်**



www.foreverspace.com.mm

တည်ရှိနေစ်ကျသောမြို့ဟု ဆိုရမည်ပင်။ မြို့တွင်းသွားလာရေးအတွက် ယခင်က မြို့ခံများသည် မော်တော်ကားများထက် စက်ဘီးကို ပိုမိုစီးနင်းခဲ့ကြရာမှ မျက်မှောက်ကာလတွင် မော်တော်ဆိုင်ကယ်ကို အများဆုံးစီးနင်းလာကြသည်ကို တွေ့ရသည်။

မြို့တွင်းပြေးကားလိုင်းများ၊ နယ်မြို့များမှ ပြေးဆွဲသော လိုင်းကားများရှိကြသော်လည်း မြို့တွင်းပြေးကားလိုင်းများကိုမူ နယ်ဧည့်သည်များ၊ ကျောင်းသားများနှင့် ဆိုင်ကယ်ပိုင်မရှိသောမြို့ခံများက အဓိကစီးနင်းကြသည်ကို တွေ့ရသည်။ မန္တလေးလိုင်းကားများမှာ ဘတ်စ်ကားကြီးများမရှိဘဲ ဟိုင်းလတ်၊ ဒိုင်နာ၊ ချက်ပလက် စသည့်ယာဉ်များသာ ဖြစ်သည်။

ကုန်စည်ကူးသန်းရာမြို့နှင့် ရှေးဟောင်းမြို့တော်ဖြစ်သည့်အားလျော်စွာ ဘုရားဖူးလေ့လာရေးခရီးသွားများ၊ ကုန်သည်၊ စီးပွားရေးလုပ်ငန်းရှင်ဧည့်သည်များ အမြဲမပြတ်ဝင်ထွက်သွားလာနေသည့်အတွက် နေ့စဉ်စည်ကားရှုပ်ထွေးနေသည့်မြို့တစ်မြို့လည်း ဖြစ်သည်။

မန္တလေးမြို့တော်ရှိ အထင်ကရကုန်စည်ဖလှယ်ရာဈေးကြီးများမှာ မန္တလေးဈေးချိုတော်၊ မလွန်ဈေး၊ ရဟိုင်းဈေး၊ ကိုင်းတန်းဈေးတို့ဖြစ်ပြီး နန်းတော်ရှေ့ဈေး၊ တရုတ်တန်းဈေးတို့သည်လည်း အထိုက်အလျောက်အရေးပါလျက်ရှိသည်။ မလွန်ဈေးသည် သစ်သီးတန်း၊ ကွမ်းသီးတန်း စသည်ဖြင့် ကုန်စည်အမျိုးတူပစ္စည်းများကို လမ်းတစ်လမ်းစီတွင် သီးခြားရောင်းချရာ၌ နာမည်ရခဲ့သကဲ့သို့ မန္တလေးဈေးချိုတော်ဟောင်းတွင်လည်း ပရဆေးရုံ၊ အထည်ရုံ၊ ရွှေဆိုင် စသဖြင့် ရုံများအလိုက် အမျိုးအစားသီးခြားခွဲ၍ ရောင်းချခဲ့ကြသည်။ ယခုအခါ မန္တလေးဈေးချိုသစ်ကို ခေတ်မီအဆောက်အအုံအဖြစ် ဆောက်လုပ်ပြီးဖြစ်ရာ မူလရောင်းချကြသူများရော ဈေးသည်အသစ်များပါ အုံနှင့်ကျင်းနှင့် ဝင်ရောက်ရောင်းဝယ်လျက်ရှိသည်။

မြန်မာနိုင်ငံအစိုးရမှ နိုင်ငံတစ်ဝန်း စက်မှုဇုန်များ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ မန္တလေးစက်မှုမြို့သစ်နှင့် စက်မှုဇုန်သည်လည်း အပါအဝင်ဖြစ်သည်။ အထူးသဖြင့် ယခင်စိန်ပန်းရပ်မှ စက်မှုလက်မှုလုပ်ငန်းများကို အဓိကပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး အခြားစားသောက်ကုန်လုပ်ငန်း၊ အရက်ချက်စက်ရုံများ၊ ဘိလပ်မြေစက်ရုံများ စသည်ဖြင့် ထူထောင်လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ဈေးကွက်စီးပွားရေးတံခါးအဖွင့်နှင့်အတူ နယ်စပ်အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နှင့် ပိုမိုကူးသန်းမှုရှိလာကြပြီး တရုတ်နိုင်ငံမှ ဈေးသက်သာသော ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အသေးစားစက်များ၊ အဝတ်အထည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံဘက်မှ ကုန်ကြမ်းပစ္စည်းအမျိုးစုံ အများအပြားနှင့် ဆန်၊ သစ်၊ ကြိမ်၊ ကျောက်စိမ်း၊ ပတ္တမြားတို့ကို တရုတ်ဘက်သို့ တင်ပို့ခဲ့ကြသည်။ အဓိကကုန်သွယ်ရေးနယ်စပ်မြို့မှာ မူဆယ်ဖြစ်ပြီး အိန္ဒိယမှလည်း အိမ်သုံးပစ္စည်း၊ ကွမ်းစားဆေးနှင့် ဆေးဝါးများ တင်သွင်း၍ မန္တလေးမြို့မှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးလျက်ရှိသည်။

## ဈေးကွက်စီးမျောမှုပုံသဏ္ဍာန်

ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်တို့၏ ကူးသန်းရောင်းဝယ်မှုပုံသဏ္ဍာန်မှာ အတန်ငယ်ကွဲပြားခြားနားမှုရှိကြောင်း စီးပွားရေးလေ့လာဆန်းစစ်သူ ဦးစိုင်းမင်းနိုင်က ဆိုသည်။ ရန်ကုန်မြို့တော်သို့ ထိုင်းနယ်စပ်ကုန်သွယ်ရေးဖြင့် ထိုင်းကုန်စည်များဝင်ရောက်လာပြီး လေကြောင်း၊ ရေကြောင်းတို့မှ ပမာဏများပြားသည့်ကုန်စည်များကို ကုမ္ပဏီအဖွဲ့အစည်းများ ထူထောင်၍ လိုင်စင်ရယူလုပ်ကိုင်မှု ပိုမို များပြားသော်လည်း မန္တလေး၌မူ ယင်းသို့သော အနေအထားအနည်းငယ်သာရှိကြောင်း ၎င်းတို့က ဆိုသည်။

မန္တလေးမြို့တွင် သွင်းကုန်ထုတ်ကုန်ကုမ္ပဏီအများအပြားမရှိသော်လည်း ဒေသတွင်းကုန်စည်ထုတ်လုပ်ဖြန့်ဖြူးသည့်ကုမ္ပဏီနှင့် ဆောက်လုပ်ရေးကုမ္ပဏီများရှိကြသည်။ လက်ရှိအစိုးရလက်ထက်တွင် စီးပွားရေးကဏ္ဍအတော်အတန်ပွင့်လင်းလာသည့်အတွက် နိုင်ငံတစ်ဝန်း တည်ဆောက်ရေးလုပ်ငန်းအားကောင်းခဲ့ရာ



www.foreverspace.com.mm





**အထက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးအဖြစ် ခေတ်မီမီဖော်ဆောင်နိုင်ရန် နိုင်ငံတကာစီးပွားရေးမြို့တော်များ၏ စံနှုန်းများကို လေ့လာရဦးမည်ဖြစ်သည်**

မန္တလေးမြို့တော်တွင်လည်း ဟိုတယ်ကြီးများ၊ ပုဂ္ဂလိကဆေးရုံကြီးများ၊ ဆေးခန်းကြီးများ၊ လူနေတိုက်တာများ၊ ဈေးကြီးများ၊ ကွန်ဒိုများ စသည်ဖြင့် တည်ဆောက်ခဲ့ကြသကဲ့သို့ မန္တလေးမြို့သစ်ကိုလည်း တိုးချဲ့ဖော်ထုတ်နေရာချထားပေးလာသည်ကို တွေ့ရသည်။

မူလကတည်းကပင် မန္တလေးမြို့သည် ကုန်စည်ဖလှယ်ရာ စီးပွားရေးပွဲစားမြို့ဖြစ်သည့်အားလျော်စွာ ဒေသမျိုးစုံမှ ကုန်စည်များကို မတူကွဲပြားသော အရပ်ဒေသတို့မှ လိုအပ်သောကုန်စည်များကို ဖလှယ်ပေးခြင်း၊ ပြည်ပပို့ကုန်များကို ရန်ကုန်ပွဲရုံ များ၊ ပြည်ပတင်ပို့သူများနှင့် ဆက်သွယ်တင်ပို့ခြင်း၊ ရန်ကုန်မြို့တော်မှ တစ်ဆင့် ရေကြောင်း၊ လေကြောင်းတို့မှ တင်သွင်းလာသောကုန်စည်များကို အထက်မြန်မာနိုင်ငံရုံးခွဲများဖွင့်လှစ်၍ အထက်မြန်မာနိုင်ငံဒေသအတွင်း ဈေးကွက်သို့ ဖြန့်ဖြူးခြင်းတို့ ပြုလုပ်လျက်ရှိကြသည်ကို တွေ့ရမည်ဖြစ်သည်။

မန္တလေးမြို့တော်တွင် ကူးသန်းရောင်းဝယ်နေသော ကုန်စည်လုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များစုပေါင်း၍ မန္တလေးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (MDCCI) ကို ဖွဲ့စည်းကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး နေ့စဉ် မန္တလေးကုန်စည်ပေါက်ဈေးသတင်းလွှာကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါဈေးနှုန်းသတင်းလွှာသည် နေ့စဉ်ပေါက်ဈေးနှင့် အနည်းငယ်ကွာဟမှုရှိကြောင်းသိရပြီး ရွှေဈေး၊ ဆန်၊ ဆီ စသည့် ကုန်စည်တို့၏ ဈေးနှုန်းတို့ကို စုံစုံလင်လင်ဖော်ပြထားသည်ကိုတွေ့ရသည်။ မန္တလေးမြို့တော်ကို ဈေးမြို့တော်အဖြစ်လည်း တင်စားခေါ်ဆိုနိုင်ကြောင်း၊ အကြောင်းမှာ အထင်ကရဈေးကြီးများ၊ ပွဲရုံကြီးများရှိသော်လည်း မြို့တွင်း လမ်းတိုင်းလမ်းတိုင်းရှိ အိမ်များ၊ တိုက်တာများတွင် ဈေးဆိုင်၊ စားသောက်ဆိုင်၊ ကုန်ပစ္စည်းဖြန့်ချိရာစတိုး၊ အထက်မြန်မာနိုင်ငံ ကုန်စည်ဖြန့်ဖြူးရာရုံးခန်းတို့ဖြင့် ပြည့်နှက်နေကြောင်း လူမှုစီးပွားလေ့လာဆန်းစစ်သူ ဦးစောထွန်းက ပြောကြားသည်။

အဆိုပါဝန်ဆောင်မှုလုပ်ငန်းများကြောင့် ကုန်ပစ္စည်းဝယ်ယူသူများ၊ ဆိုက်ကား၊ တွန်းလှည်း၊ ထော်လာဂျီ၊ အဝေးပြေးယာဉ်လိုင်းများဖြင့် နေ့စဉ်အမြဲရှုပ်ထွေးလျက်ရှိသကဲ့သို့ မြို့တွင်းခရီးသွားလာသူများမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ဆိုက်ကား၊ မော်တော်ကား၊ မြို့တွင်းယာဉ်လိုင်းများဖြင့် အဆင်ပြေသလို မောင်းနှင်သွားလာနေကြသည်ကို တွေ့ရ

www.foreverspace.com.mm



သည်။

ယင်းကဲ့သို့ စနစ်ကျနမှုအားနည်းသောမြို့တွင်းသွားလာရေးစနစ်နှင့် ပတ်သက်၍ ဒေသခံဦးဉာဏ်ဝင်းက မန္တလေးသူ မန္တလေးသားတို့သည် မိမိတို့၏ယာဉ်များကို အချင်းချင်းနားလည်မှုများဖြင့်သာ မောင်းနှင်နေကြခြင်းဖြစ်ပြီး ရှုပ်ထွေးမှုများကြားတွင် အစီအစဉ်တကျဖြစ် (Order in Chaos) နေကြပြီဖြစ်ကြောင်း၊ ရန်ကုန်မှ ယာဉ်မောင်းများအဖို့ မန္တလေးတွင် မောင်းနှင်ရန်အခက်အခဲရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

## မျက်မှောက်အခြေအနေ

မြန်မာနိုင်ငံအုပ်ချုပ်ရေးရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့သွားခဲ့ရာ မန္တလေးမြို့တော်နှင့် အနီးဆုံးနေရာတွင်ရှိနေသော်လည်း လက်ရှိကာလတွင် မန္တလေးမြို့အတွက် သိသာထင်ရှားသော အကျိုးသက်ရောက်မှုတစ်စုံတစ်ရာပေါ်ထွက်လာခြင်းမရှိသေးကြောင်း မန္တလေးဒေသခံ လုပ်ငန်းရှင်ဦးဝင်းနိုင်က ပြောကြားသည်။ မန္တလေးမြို့တော်တွင် အဓိကလွှမ်းမိုးနေသော ကုန်စည်များမှာ တရုတ်နိုင်ငံလုပ် ပစ္စည်းများဖြစ်ရာ ဈေးနှုန်းအရလည်း သက်သာသည့်အတွက် များစွာတွင်ကျယ်မှုရှိနေကြောင်း ၎င်းက ဆိုသည်။

အထူးသဖြင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ စီဒီ၊ ဗီစီဒီ၊ ဒီဗီဒီ၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများမှာ ဈေးကွက်တွင် လွှမ်းမိုးနေပြီဖြစ်ရာ ပြည်တွင်းထုတ်ကုန်စည်အချို့အတွက် နစ်နာမှုများ ကြုံတွေ့နေရကြောင်း မန္တလေးဈေးကွက်ရေးရာကျွမ်းကျင်သူတစ်ဦးကဆိုသည်။ အဆိုးဝါးဆုံးမှာ အနုပညာထုတ်ကုန်များဖြစ်ပြီး တရုတ်မှတင်သွင်းလာသော ဈေးအပေါဆုံးစီဒီအလွတ်များက ခိုးကူးခွေဈေးကွက်ကို အားပေးရာရောက်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံတွင်း ထုတ်လုပ်သည့် တရားမဝင်ဗီစီဒီ၊ ဒီဗီဒီ၊ ပြည်ပရုပ်ရှင်၊ သီချင်းခွေ အတွဲတစ်တွဲလျှင် ပြည်တွင်းထုတ် မူရင်းခွေထက်သက်သာသည့်ဈေးနှုန်းဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကြရာ ပြည်တွင်းအနုပညာဈေးကွက်အတွက် အဓိကထိုးနှက်ချက်ဖြစ်နေသည်ဟု မန္တလေးဈေးကွက်ရေးရာကျွမ်းကျင်သူတို့ကဆိုသည်။

ထို့အပြင် ကုန်စည်ဈေးကွက်တွင်လည်း ပြည်ပမှ တင်သွင်းလာသည့် ကုမ္ပဏီအဖွဲ့အစည်းလုပ်ငန်းရှင်များက ကိုယ်စားလှယ်ပေးရောင်းချစေသည့်အပြင် ၎င်းတို့ကိုယ်တိုင် နယ်ကျေးလက်အထိ ဆင်းကာ အိမ်တိုင်ရာရောက် ရောင်းချခြင်းမျိုးတွင်ကျယ်လာသည့်အတွက် ဈေးချိုကဲ့သို့သော အထင်ကရနေရာများရှိ ကိုယ်စားလှယ်ဆိုင်ကြီးများမှာ ရောင်းအားကျဆင်း၍ အလုပ်မဖြစ်တော့သည့် အခြေအနေသို့ ရောက်ရှိလာကြောင်း၊ အထူးသဖြင့် ဆေးဝါးနှင့် စားသောက်ကုန်၊ လူသုံးကုန်များတွင် သိသာထင်ရှားဆုံးဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

မန္တလေးစက်မှုဇုန်များရှိ လုပ်ငန်းအများစုမှာလည်း ၎င်းတို့အဆိုပြုတင်ပြထားသော မူလလုပ်ငန်းများကို ရပ်ဆိုင်းကာ အခြားအလုပ်ဖြစ်မည့် လုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်နေကြသည်များရှိကြောင်း၊ ဥပမာအနေဖြင့် မန္တလေးစက်မှုဇုန်တွင် ယခင်က အရက်ချက်စက်ရုံ ၁၀ ရုံခန့်ရှိရာ ယခုအခါ သုံးရုံမျှသာလည်ပတ်နေပြီး ကျန်စက်ရုံများမှာ လုပ်ငန်းရပ်ထားကြောင်း၊ ချက်နေသောစက်ရုံမှ အဆီများဝယ်ယူ၍ ပုလင်းသွတ်တံဆိပ်ကပ်ပြီး မိမိတို့အမည်ဖြင့် ဘီအီး၊ ရမ်ထုတ်လုပ်ခြင်းလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်နေကြခြင်းမျိုးသာရှိတော့ကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ထုတ်လုပ်မှုစရိတ်နှင့် ကုန်ကြမ်းဈေးနှုန်းများ ကြီးမြင့်မှုနှင့် ဈေးကွက်အခြေအနေတို့ကြောင့်ဖြစ်ကြောင်း စက်မှုဇုန်အသိုင်းအဝိုင်းက ပြောကြားသည်။

လက်ရှိအခြေအနေမှာ ငွေကြေးကြီးမားစွာရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းထူထောင်လုပ်ကိုင်ရန် မဝံ့ရဲသည့်အနေအထားတွင်ရှိနေပြီး အငယ်စား၊ အလတ်စားလုပ်ငန်းအချို့သာ အတိုင်းအတာတစ်ရပ်အထိ အလုပ်ဖြစ်နေကြောင်း၊ ထို့ကြောင့် ငွေကြေးပိုင်ဆိုင်သူအချို့မှာ ငွေထုပ်ပိုက်၍ ထိုင်နေကြသည့်အနေအထားတွင်ရှိပြီး ဇွတ်တရွတ်ထူထောင်လုပ်ကိုင်နေကြသူအချို့ရှိသော်လည်း မကြာခဏလုပ်ငန်းရပ်ဆိုင်းသွားကြသည်များကိုတွေ့ရှိနေရကြောင်း မန္တလေးဈေးကွက်ရေးရာလေ့လာသူတို့က ဆိုသည်။

www.foreverspace.com.mm

## အနာဂတ်အလားအလာ

မန္တလေးမြို့တော်တွင် ယခုအခါ မြန်မာစီလီကွန်ဗယ်လီကို အိန္ဒိယနိုင်ငံ၏ ပံ့ပိုးမှုဖြင့် စီစဉ်လျက်ရှိရာ အထက်မြန်မာနိုင်ငံတွင် အိုင်တီနယ်ပယ်တစ်ခေတ်ဆန်းလာဖွယ်ရှိပါသည်။ စီးပွားရေးကူးသန်းရောင်းဝယ်မှုနယ်ပယ်တွင် လက်ရှိကာလ၌ 'အိ' နေသော်လည်း မကြာသောကာလတွင် စနစ်ကျနသော စီမံခန့်ခွဲမှုအသစ်များဖြင့် လုပ်ငန်းသစ်များ ပိုမိုထူထောင်လာနိုင်ဖွယ်ရှိကြောင်း၊ အထူးသဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာနိုင်ကြောင်း စီးပွားရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သူ ဦးစိုင်းမင်းနိုင်က သုံးသပ်သည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံသူတို့ အလုံးအရင်းဖြင့် ဝင်ရောက်လာလျှင် အရင်းအနှီးနည်းပါးသူဒေသခံများအနေဖြင့် အခြေခိုင်မာမှုရှိအောင် စုစည်းဆောင်ရွက်ထားရန်လိုအပ်ပြီး ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေါင်းစည်းလုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မန္တလေးမြို့အနီးတွင် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ် ဖွင့်လှစ်ထားရှိပြီးဖြစ်သကဲ့သို့ ဒေသတွင်းရထားလမ်း၊ ကားလမ်းဆက်သွယ်ရေးဗဟိုချက်မနေရာတွင်ရှိနေရာ ယင်းအားသာချက်ကို အမိအရဆုပ်ကိုင်၍ ပြည်ပဈေးကွက်ဖော်ဆောင်ရေးကို ဆောင်ရွက်နိုင်ပေသည်။ အရည်အသွေးမမီသော်လည်း အသုံးဖြစ်သည့် တရုတ်နိုင်ငံမှ တင်သွင်းလာသောဈေးပေါသည့်ကုန်စည်များကို အစားထိုးနိုင်ရန် ပြည်တွင်းတွင် စရိတ်စကသက်သာစွာဖြင့် သွင်းကုန်အစားထိုးရေးအတွက် အားထုတ်နိုင်ရန် အလားအလာကောင်းများရှိနေကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်စည်ထုတ်လုပ်သူများအချင်းချင်း ရိုင်းပင်းပံ့ပိုးကြပြီး စည်းစနစ်ကျနသော စီးပွားရေးလုပ်ငန်းများ၊ ကုန်လုပ်ဆက်ဆံရေးကောင်းများ ထူထောင်သင့်ကြောင်း လူမှုစီးပွားပညာရှင်တို့က ရှုမြင်ကြသည်။




အထက်မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ကြီးအဖြစ် ခေတ်မီမီဖော်ဆောင်နိုင်ရန် နိုင်ငံတကာစီးပွားရေးမြို့တော်များ၏ စံနှုန်းများကို လေ့လာ၍ ဒေသနှင့်လျော်ညီသော စီးပွားရေးဆိုင်ရာ အချင်းချင်းနားလည်မှု (Gentleman Understanding) များကို လိုက်နာကျင့်ကြံအကောင်အထည်ဖော်သင့်ကြောင်း ၎င်းတို့က သုံးသပ်သည်။

ရန်ကုန်မြို့တော်၌လည်း နိုင်ငံတကာစီးပွားရေးမြို့တော်၏ စံနှုန်းများ၊ အကျိုးစီးပွားအာမခံချက်နှင့် စီးပွားဘဝလုံခြုံမှုတို့အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်အကောင်အထည်ဖော်ရန်လိုအပ်သကဲ့သို့ မန္တလေးမြို့တော်၌လည်း ယင်းကဲ့သို့ စတင်ပြင်ဆင်အခြေပြုကြရန် လိုအပ်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသည် ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးကို အထူးဆောင်ရွက်လျက်ရှိနေရာ စီးပွားရေးလုပ်ကိုင်သူ၊ လုပ်ငန်းရှင်များသည် တစ်ဦးတစ်ဖွဲ့၏အကျိုးစီးပွားတစ်ခုတည်းကို ရှေးရှုရန်မသင့်ကြောင်း၊ လက်ရှိအခြေအနေတွင် စီးပွားရေးနယ်ပယ် 'အိ' ဆင်းနေခြင်းသည် ယင်းသို့သော ကိုယ်ကျိုးစီးပွားဖော်ဆောင်မှု၏ရလဒ်ဆိုးများဖြစ်သည့်အတွက် အချိန်မီပြုပြင်ထိန်းညှိကြမှသာ တည်ငြိမ်သော စီးပွားရေးဘဝနှင့် နိုင်ငံဖွံ့ဖြိုးမှုကို ဦးတည်ရာရောက်မည်ဖြစ်ကြောင်း ဆန်းစစ်သူတို့က ရှုမြင်သုံးသပ်သည်။

**ဆန္ဒတေဇ**

**Photo – MNM**

www.foreverspace.com.mm



# နိုင်ငံခြားကုန်အမှတ်တံဆိပ်များနှင့် မြန်မာဉာဏဆိုင်ရာ ဥပဒေသစ်

သစ်ထွဋ်

**ကမ္ဘာ့ ကျော်မဂ္ဂဇင်းများဖြစ်သည့် Time, Newsweek နှင့် Life မဂ္ဂဇင်းများက ၎င်းတို့ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလျှောက်ထားခဲ့ရာ နိုင်ငံခြားဝင်ငွေများ တစ်ဖက်တစ်လမ်းက ရရှိခဲ့ပြီး စျေးကွက်စီးပွားရေးပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတကာကုန်အမှတ်တံဆိပ်များ မြန်မာနိုင်ငံတွင် မူပိုင်ခွင့် လျှောက်ထားလာကြခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည်။**

## နိုင်ငံခြားကုန်အမှတ်တံဆိပ်များ မူပိုင်ခွင့်ရယူလာခြင်း

ဆိုခဲ့ပါအတိုင်း Time, Newsweek နှင့် Life မဂ္ဂဇင်းကြီးများအပါအဝင် ကမ္ဘာ ကျော် ရုပ်သံလိုင်းများဖြစ်သည့် HBO, Cinemax အစရှိသည့် ရုပ်သံလိုင်းများမှ ပါ ယင်းတို့၏ ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ရရှိရန် လျှောက် ထားလာခဲ့ရာ ကုန်ပစ္စည်းအသုံးပြုမှု တွင် ကျယ်ခြင်းကို အကြောင်းပြု၍ ကုန်အမှတ် တံဆိပ်မူပိုင်ခွင့်လျှောက်ထားလာမှုများ ပိုမို တိုးပွားလာဖွယ်ရှိသည်။

“ဒီ Time တို့ Newsweek စတဲ့ မဂ္ဂဇင်းတွေက ကမ္ဘာကျော် ကုန်ပစ္စည်း

www.foreverspace.com.mm

တွေပါ။ သူတို့ကို ဉဏပစ္စည်းဆိုင်ရာ နိုင်ငံတကာစာချုပ်များအရ Well-known mark လို့ခေါ်ပါတယ်။ ဆိုလိုတာ က ကုန်အမှတ်တံဆိပ်တစ်ခုဟာ ကမ္ဘာ အနှံ့ ကြာရှည်စွာ အောင်မြင်လာပြီး စီးပွားရေးလုပ်ငန်းများမှာ နာမည်ကျော်ကြားလူသိများလာပြီဆိုရင် အဲဒီကုန်အမှတ်တံဆိပ်ဟာ Well-known mark အဆင့်ကိုရရှိနိုင်မှာ ဖြစ်တယ်။ သာမန်ကုန်အမှတ်တံဆိပ်တွေထက် ကာကွယ်မှုဆိုင်ရာ အခွင့်အရေး ပိုရပြီး သူတို့ကို တချို့နိုင်ငံတွေမှာ Famous Mark လို့ခေါ်ကြတယ်။ ဒီရပိုင်ခွင့်ဟာ ဉဏဆိုင်ရာ နိုင်ငံတကာစာချုပ်များအနက် Paris Convention 1967 မှာပါရှိတဲ့ ပုဒ်မ ၆ အရ ရရှိတဲ့ ရပိုင်ခွင့် ဖြစ်ပါတယ်။ ဒါပေမဲ့ သူ တို့က ဒီလိုအခွင့်အရေးတွေရရှိနေပေမယ့် နိုင်ငံတကာမှာရှိတဲ့ မူပိုင်ခွင့်မူပိုင်ရုံးတွေမှာ သူတို့ရဲ့ ကုန်အမှတ်တံဆိပ်တွေကို မူပိုင်ခွင့်ရယူထားလေ့ရှိတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံမူပိုင်ခွင့် အခွင့်အရေးတွေက မတူတော့ သူတို့လို ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းတွေက နိုင်ငံတိုင်းမှာ မူပိုင်ခွင့်မှတ်ပုံတင်ထားလေ့ရှိတယ်။ ဒီသဘောအတိုင်း မြန်မာနိုင်ငံမှာလည်း ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို ရယူလျှောက်ထားခြင်းဖြစ်တယ်” ဟု International Law Firm တစ်ခုဖြစ်သည့် Kelvain Chai Yangon Co.,Ltd. မှ Legal Associate ရှေ့နေ ဦးသန်းမောင်က နိုင်ငံခြားကုန်အမှတ်တံဆိပ်များ မူပိုင်ခွင့် ရယူခြင်းအနေအထားကို ရှင်းပြသည်။

## လျှောက်ထားသည့်ပုံစံ

နိုင်ငံခြားကုန်အမှတ်တံဆိပ်များ ကို မူပိုင်ခွင့်မှတ်ပုံတင်ပေးရာတွင် ကုန်အမှတ်တံဆိပ်၏ မူလပိုင်ရှင် ကုမ္ပဏီ (သို့) အဖွဲ့အစည်း၊ လုပုဂ္ဂိုလ်၏ တိုက်ရိုက်လျှောက်ထားခြင်းကိုသာ မြန်မာနိုင်ငံရှိ International Law Firm တစ်ခုအနေ ဖြင့်ဆောင်ရွက်ပေးကြောင်း၊ တစ်ဆင့်ကိုယ်စားလှယ်ရောင်းချသူများ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကို ဆောင်ရွက်မှုမပြုကြောင်း၊ မြန်မာနိုင်ငံရှိ ကုန်ပစ္စည်းကိုယ်စားလှယ်အဖြစ် ရောင်းချသူများမှ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားခြင်းမှာ နိုင်ငံတကာမူပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အကျုံးမဝင်ကြောင်း၊ ထိုသို့အကျုံးမဝင်သည့်အပြင် အကြောင်းကြောင်းကြောင့် မူရင်းကုန်ပစ္စည်းပိုင်ရှင်ထံမှ တရားဝင်ခွင့်ပြုချက်မရယူဘဲ ဆောင်ရွက်ပါက မိမိကိုယ်စားလှယ်ယူရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းရောင်းချခွင့်ကိုပါ မူရင်းကုမ္ပဏီမှ ရုပ်သိမ်းသည်အထိ ဖြစ်ပျက်ခဲ့သည့် သာဓကများ ရှိခဲ့ကြောင်း ဦးသန်းမောင်၏ အဆိုအရ သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ရုံးသီးခြားဖွဲ့စည်းထားခြင်းမရှိဘဲ လက်ရှိမှတ်ပုံတင်မှုများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးက မှတ်ပုံတင်အက်ဥပဒေ (The Registration Act. 1908) နှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက် အမှတ် ၁၃/၁၉၆၂ (Direction 13 of the Inspector General of the registration 1962) တို့နှင့်အညီ ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ပေးလျက်ရှိသည်။

“နိုင်ငံခြားကုန်အမှတ်တံဆိပ်တွေကို မူပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုရင် ကုန်အမှတ်တံဆိပ်ကို ပိုင်ဆိုင်ကြောင်း အထောက်အထားတွေကိုရယူပါတယ်။ ဘယ်လိုရယူသလဲဆိုတော့ ဥပမာ–သူတို့ဆီက ဒီကို မလာနိုင်ဘူးဆိုရင် သူတို့ဒီကုန်အမှတ်တံဆိပ်ကို ထုတ်လုပ်ပိုင်ဆိုင်ကြောင်း အထောက်အထားကို သူတို့ဆီက နိုတြီပတ်ဘလစ်တစ်ဦးရဲ့ရှေ့မှာ မူရင်းပိုင်ဆိုင်တဲ့ ကုမ္ပဏီ၊ အဖွဲ့အစည်းက တာဝန်ရှိသူတစ်ဦးက တရားဝင်နိုတြီလုပ်ခဲ့ရပါတယ်။ နိုတြီလုပ်ပြီးရင် သူတို့နိုင်ငံမှာရှိတဲ့ မြန်မာသံရုံးမှာ အတည်ပြုချက် ရယူရတယ်။ ဒီလိုအတည်ပြုချက်တွေရယူပြီးရင် သူတို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို တစ်ဖန်ပြန်လျှောက်ထားခြင်းခွင့်ပြုချက်ရရှိမှ သူတို့ဆီကပို့တာပေါ့။ ဥပမာ–အမေရိကန်နိုင်ငံအခြေစိုက်ဆိုရင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်လွှာတွေမှာ ကွန်ဒိုလီဇာရိုက်စ်ရဲ့လက်မှတ်ကအစရေးထိုးပြီး ခိုင်မာစွာကုန်အမှတ်တံဆိပ်လျှောက်ထားလာတာပါ။ ခွင့်ပြုချက်အားလုံးရပြီဆိုတော့မှ ဖက်စ်ဒါမှမဟုတ်အမြန်ချောပို့စနစ်နဲ့ ပို့ပေးပြီး ဆောင်ရွက်တာပါ။ ကျွန်တော်တို့က သူ့ရဲ့ကိုယ်စား ဒီမှာ မူပိုင်ခွင့်မှတ်ပုံတင်မှာ လျှောက်ထားပေးပါတယ်” ဟု နိုင်ငံခြားကုန်အမှတ်တံဆိပ်များ လျှောက်ထားရသည့်အနေအထားကို ဦးသန်းမောင်က ရှင်းပြသည်။

## ရရှိမည့်ဝင်ငွေနှင့်အခြားအခွင့်အရေးများ

လက်ရှိတွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားကုန်အမှတ်တံဆိပ်များ မူပိုင်ခွင့်လျှောက်ထားလာခြင်းကြောင့် အများဆုံးဝင်ငွေရရှိသည့်လုပ်ငန်းမှာ ကြော်ငြာလုပ်ငန်းဖြစ်သည်။ ယင်းကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကြော်ငြာများကို နိုင်ငံခြားငွေဖြင့်ကောက်ခံလျက်ရှိရာ နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာပါက တစ်လက်မတစ်ကော်လံလျှင် အမေရိကန်ဒေါ်လာတစ်ထောင်ခန့်ကျသင့်လျက်ရှိပြီး အပတ်

www.foreverspace.com.mm



စဉ်ထုတ်ဂျာနယ်များတွင် ကြော်ငြာပါက တစ်လတစ်ကော်လံလျှင် FEC 50 ခန့် ကျသင့်ကြောင်း စုံစမ်းသိရှိရသည်။ သတင်းစာများတွင် အများဆုံးကြော်ငြာလေ့ရှိပြီး ယမကာနှင့် စီးကရက်ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကြော်ငြာများကို အပတ်စဉ်ထုတ်ဂျာနယ်များတွင် ထည့်သွင်းလေ့ရှိကြောင်း ဦးသန်းမောင်၏ အဆိုအရ သိရ သည်။

လက်ရှိ မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အဖြစ် လျှောက်ထားရာ၌ တရားဝင်ပေးဆောင်ရသည့် ကျသင့်ငွေမှာ နိုင်ငံခြားကုန်အမှတ်တံဆိပ်ဖြစ်စေ၊ ပြည်တွင်းကုန်အမှတ်တံဆိပ်ဖြစ်စေ ၆ ကျပ်သာကျသင့်မည်ဖြစ်သည်။ တခြား ဝင်ငွေအဖြစ်မူ ဥပဒေအကြံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခရရှိမည်ဖြစ်သည်။ အခြားအခွင့်အရေးအနေဖြင့် မူရင်းကုမ္ပဏီများမှ ယင်းတို့၏ ကုန်အမှတ်တံဆိပ်များကို သေချာခိုင်မာစွာ ထုတ်လုပ်၍ မိမိနိုင်ငံအတွင်း လာရောက်ရောင်းချသည့် အနေအထားတစ်ရပ်ကို ရရှိနိုင်မည်ဖြစ်သဖြင့် ကုန်ပစ္စည်းသုံးစွဲသူများအနေဖြင့် ကုန်ပစ္စည်းအတုအပအန္တရာယ်မှ ကင်းလွတ်နိုင်မည်ဖြစ်ကြောင်း ဝါရင့်ရှေ့နေတစ်ဦးက သုံးသပ်ပြောကြားသည်။

## မြန်မာနိုင်ငံရှိ ကုန်အမှတ်တံဆိပ်ဥပဒေများ

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် ဥပဒေသီးခြားပြဋ္ဌာန်းခဲ့ခြင်းမရှိသေးဘဲ ကုန်အမှတ်တံဆိပ်ဆိုင်ရာ ကိစ္စရပ်များအတွက် ရာဇဝတ်ကြောင်း၊ တရားမကြောင်း အငြင်းပွားမှုများကို ရာဇသတ်ကြီးဥပဒေ (Penal Code)၊ မှတ်ပုံတင်အက်ဥပဒေ (Registration Act)၊ တရားမကျင့်ထုံးဥပဒေ၊ သီးခြားသက်သာခွင့်အက်ဥပဒေ (Specific relief Act)၊ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ အမှတ်အသားများဥပဒေ၊ (Merchandise Marks act)၊ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ (Sea Customs Act) စသောတည်ဆဲဥပဒေများမှ စပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဆီလျော်စွာ သုံးစွဲအရေးယူနိုင်ကြောင်း ဦးသန်းမောင်က ဆိုသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်း ကုန်အမှတ်တံဆိပ်အပါအဝင် ပြည်ပကုန်အမှတ်တံဆိပ်များအတွက်ပါ ခွဲခြားထားမှု မရှိဘဲ ကုန်အမှတ်တံဆိပ်တရားမဝင် တုပသုံးစွဲသူကို တရားရုံးများတွင် တရားစွဲဆိုနိုင်သည့်အခွင့်အရေးများရှိသည်။ လက်ရှိမြန်မာနိုင်ငံ၏ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်များမှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်အတွက် အလုံးစုံ သက်သေအထောက်အထား Conclusive Proof ဖြစ်လာခြင်း (ဝါ) မူပိုင်ခွင့် Proprietorship ရရှိခြင်းမဟုတ်ကြောင်း၊ Right of Early User သဘောတရားနှင့်အညီ စောစီးစွာသုံးစွဲသူသည် ယင်း နောက်မှသုံးစွဲသူအပေါ် ကုန်အမှတ် တံဆိပ်တစ်ခုအနေဖြင့် တုပလာခြင်းကို တရားစွဲဆိုနိုင်သည့် အခွင့်အရေးများ ရရှိလျက်ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ခြင်းဆိုင်ရာ စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်အမှတ် ၁၃/၁၉၆၂ ပါတားမြစ်ချက်များအရ မှတ်ပုံတင်ခွင့်မရှိသော တံဆိပ်များတွင် ကျင့်ဝတ်သိက္ခာကြောင်း သို့မဟုတ် ဥပဒေကြောင်းအရ မသင့်လျော်ဟုယူဆရသောတံဆိပ်များ၊ မြန်မာနိုင်ငံသားများ ကိုးကွယ်သော ဘာသာရေးအမျိုးအစားတစ်ရပ်၏ယုံကြည်မှုကို ထိခိုက်ဖွယ်ရှိသည်ဟု ယူဆရသောတံဆိပ်များ၊ လိမ်လည်လှည့်ဖြား၍ပြုလုပ်သော စာရွက်စာတမ်းများဖြင့် လျှောက်ထားလာသောတံဆိပ်များနှင့် ငွေစက္ကူတစ်မျိုး၏ အရောင်အသွေးကို တုပထားသော တံဆိပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံ ပါဝင်သော တံဆိပ်များပါဝင်လျက် ရှိသည်။

## ကမ္ဘာကျော် ဂျော်နီဝေါကား ကုန်အမှတ်တံဆိပ်အမှု

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားသည့် ကမ္ဘာကျော် ဂျော်နီဝေါကားဝီစကီမှ မြန်မာနိုင်ငံတွင်း ထုတ်လုပ်ခဲ့သည့် ဂျော်နီဝေါကားသွေးဆေးမှာ ယင်းတို့၏ ကုန်အမှတ်တံဆိပ်

**ယင်းတို့၏အမှတ်တံဆိပ်များကို မူပိုင်ခွင့်ရရှိရန်လျှောက်ထားလာကြသည်**






www.foreverspace.com.mm

မှတ်ပုံတင်ထားခြင်းကို ချိုးဖောက်ခဲ့ သည် ဟု တရားစွဲဆိုခဲ့ရာ အခြားသူ၏ ကုန်အမှတ်တံဆိပ်နှင့် အမည်တူသော်လည်း ကွဲပြားသော ကုန်ပစ္စည်းအတွက်ဖြစ်လျှင် သုံးစွဲခွင့်ရှိကြောင်း၊ သို့ဖြစ်၍ မူရင်း ဝီစကီ အတွက်သုံးသည့် ဂျော်နီဝေါကားအမှတ်တံဆိပ်ကို အခြားသူတစ်ဦးက သွေးဆေး အတွက် သုံးစွဲခွင့်ရှိသည့် (Jonnie Walker & son Ltd., U Than Shwe 1968 BLR (cc) 73) အခွင့်အရေးရရှိခဲ့ကြောင်း ဦးသန်းမောင်ကဆိုသည်။

## မြန်မာနိုင်ငံ MIPO နှင့် WTO WIPO

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည့် ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ မူလအဖွဲ့ဝင်ဖြစ်လာသည်နှင့်အညီ WTO ၏ Agreement on Trade-Related Aspects of Intellectual Property Rights (TRIPS Agreement) သဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်ဖြစ်သည်။ သို့ရာတွင် TRIPS Agreement အပိုဒ် ၆၅ နှင့် ၆၆ တို့အရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံ အနေနှင့် WTO အဖွဲ့ဝင်ဖြစ်ပြီး ၁၁ နှစ်အထိ ဆိုင်းငံ့ကာလ ခွင့်ပြုချက်ကို ခံစားခွင့်ရရှိခဲ့ကြောင်း၊ နိုင်ငံတကာဉာဏပစ္စည်း ကာကွယ်မှုဆိုင်ရာ ကိစ္စများတွင် အဓိကကျသော ကုလသမဂ္ဂ လက်အောက်ခံ အေဂျင်စီတစ်ခုဖြစ်သည့် World Intellectual Property Organization (WIPO) အဖွဲ့သို့ ၂၀၀၁ ခုနှစ် မေလ ၁၅ ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့ပြီးဖြစ်ရာ မြန်မာနိုင်ငံ ဉာဏဆိုင်ရာပစ္စည်း မူပိုင်ခွင့်ဥပဒေသစ်ရေးဆွဲ နိုင်ရန်အတွက် Myanmar Intellectual Property Organization (MIPO) ကို ဖွဲ့စည်းခဲ့ပြီး ရှေ့နေချုပ်ရုံး၊ တရားရုံးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အကြံပေး ဥပဒေပညာရှင်များ ပါဝင်ရေးဆွဲခဲ့ရာ ဥပဒေမူကြမ်းကို ရေးဆွဲပြီးစီးခဲ့ပြီး နည်းဥပဒေများ ဆက်လက်ရေးဆွဲလျက်ရှိကြောင်း MIPO မှ တာဝန်ရှိသူတစ်ဦး ကဆိုသည်။

အသစ်ရေးဆွဲလျက်ရှိသည့် ဉာဏဆိုင်ရာပစ္စည်းမူပိုင်ခွင့်ဥပဒေတွင် မူပိုင်ခွင့်ဥပဒေသစ် လေးခုပါဝင်မည်ဖြစ်ရာ ကုန်အမှတ်တံဆိပ်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေအနုပညာမူပိုင်ခွင့်ဥပဒေများပါဝင်မည်ဖြစ်ပြီး ယင်းဥပဒေတစ်ခုစီလျှင် သီးခြားအချက်အလက်လုပ်ထုံးလုပ်နည်းများ ပါဝင်မည်ဖြစ်သည်။

"ဒီလိုဥပဒေသစ်ရေးဆွဲပြီးရင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်ရုံးသစ်လည်း ဖွင့်လှစ်ရမှာဖြစ်ပြီး ကုန်အမှတ်တံဆိပ်တွေအားလုံး အဲဒီရုံးမှာ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေစည်းမျဉ်းများအရ မှတ်ပုံတင်ရမှာဖြစ်တယ်။ အဲဒီမှာ အရင်က မှတ်ပုံတင်တဲ့ပုံစံမျိုးမှာမရရှိဖူးတဲ့ အခွင့်အရေးဖြစ်တဲ့ ကုန်အမှတ်တံဆိပ်တစ်ခုကို စတင်မူပိုင်ခွင့်လျှောက်ထားတာနဲ့ အရင် မှတ်ပုံတင်ထားတဲ့ ကုန်အမှတ်တံဆိပ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ဆင်တူယိုးမှား တုပပြုထားတာမျိုးတွေကိုတွေ့ရင် မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားခြင်းကို ခွင့်ပြုမှာမဟုတ်တဲ့စည်းမျဉ်းတွေပါတယ်။ ဒါ့အပြင် မှတ်ပုံတင်ကြေးဒဏ်ငွေတွေလည်းပြောင်းလဲသွားမှာဖြစ်လို့ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေတိုးပွားလာနိုင်မှာပါ။ ဥပဒေသစ်ကြောင့် ကုန်ပစ္စည်း ထုတ်လုပ်သူ မူရင်းကုန်အမှတ်တံဆိပ်ပိုင်ရှင်များအနေနဲ့ မရရှိဖူးတဲ့ မူပိုင်ခွင့် ကာကွယ်နိုင်တဲ့ အခွင့်အရေးတွေရရှိ နိုင်မှာပါ" ဟု ဥပဒေသစ်ရေးဆွဲရာတွင် ပါဝင်ခဲ့သည့် ဥပဒေပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## နိဂုံး

အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဥပဒေသစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) မှ Agreement on Trade Related Aspects of Intellectual Property Rights (TRIPS) စာချုပ်၏ အပိုဒ် ၆၆-၁ အရ မြန်မာနိုင်ငံအား ဥပဒေရေးဆွဲမှု ကြားကာလခွင့်ပြုချိန်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်းမှ ၂၀၁၃ ခုနှစ်အထိ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ရာ မကြာမီအချိန်တွင် မြန်မာနိုင်ငံ၌ ကုန်အမှတ်တံဆိပ် ဥပဒေသစ်ပေါ်ထွက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ ယင်းဥပဒေသစ်တွင် ရပိုင်ခွင့်များ၊ ကာကွယ်ပိုင်ခွင့်များလက်ရှိထက် ပိုမိုခိုင်မာလာဖွယ်ရှိပြီး နိုင်ငံတကာမှလည်း ယင်းတို့၏ ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံတွင် လာရောက်မှတ်ပုံတင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးပွားလာဖွယ်ရှိရာ ယင်းဥပဒေကို အမြန်ဆုံး အကောင်အထည်ဖော်ပြဋ္ဌာန်းနိုင်ရန် ကြိုးစားသင့်ကြောင်း ပညာရှင်များက သုံးသပ်ကြသည်။ လက်ရှိသုံးသပ်ချက်များအရ အသစ်ပြဋ္ဌာန်းမည့် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ပါဝင်မည့် ဥပဒေသစ်လေးခုတွင် တစ်ခုချင်း ထုတ်ပြန်ပြဋ္ဌာန်းခြင်းဖြင့်သာ ပိုမိုတိကျစိစစ်ပြီး ထိရောက်သော ဥပဒေတစ်ရပ်ဖြစ်လာမည်ဟု ပါဝင်ရေးဆွဲလျက်ရှိသည့် ပညာရှင်များက မျှော်မှန်းထားရာ ဈေးကွက်စီးပွားရေးတွင် အရေးပါသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေမှာ လျင်မြန်စွာပြဋ္ဌာန်းရန် သင့်လျော်သော ဥပဒေတစ်ရပ်ဖြစ်သည် ဟု ဆိုရပေမည်။

**သစ်ထွန်း**

www.foreverspace.com.mm






ပညာစွမ်းပြသမှုရော ဈေးကွက်မြှင့်တင်ရာပါရောက်သည်

# တိုးတက်ပြောင်းလဲလာသော ဖက်ရှင်ဒီဇိုင်းရပ်ဝန်း

ဇင်ဇင်သော်

**မြန်မာနိုင်ငံရှိ ဝတ်စားဆင်ယင်မှုဖန်တီးရေးရပ်ဝန်းသည် အဝတ်အစားချုပ်လုပ်သူ (Tailor) နှင့် အဝတ်အစားပုံစံထုတ်သူ (Designer) ဟူ၍ မကွဲပြားသော အနေအထားကို ကျော်လွန်လာခဲ့ပြီးနောက် ဈေးကွက်အသွင်သစ်တစ်ခုအဖြစ်သို့ သိသိသာသာ ရောက်ရှိလာသည့်အပြင် ယင်းနယ်ပယ်၏ တိုးတက်မှုပြယုဂ်တစ်ခုဖြစ်သည့် အဝတ်အစားဖက်ရှင်ဆိုင်ရာ ဒီဇိုင်းပြပွဲများလည်း ယခုနှစ်အတွင်း အများဆုံးကျင်းပလာခဲ့သည်ကို တွေ့ရပါသည်။**

မြန်မာနိုင်ငံရှိ ဖက်ရှင်ဒီဇိုင်းနယ်ပယ်၏ ယခုနှစ်အတွင်း တိုးတက်မှုနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာရပ်တည်လာခဲ့သော ဒီဇိုင်နာတို့က တညီတညွတ်တည်း မှတ်ချက်ပြုပြောကြားကြရာ "ဖက်ရှင်ဒီဇိုင်းကို ဒီနှစ်ပိုင်းတွေမှာ အရမ်းကို လူတွေပိုစိတ်ဝင်စားလာကြတယ်။ စာနယ်ဇင်းတွေကလည်း ဖက်ရှင်ဒီဇိုင်းကို ပိုပြီး အသားပေး ရေးသားလာကြတယ်" ဟု Dõzo ဖက်ရှင်သင်တန်းကျောင်း ဖွင့်လှစ်ထားသူ ဒေါ်သီတာဝင်းက ပြောကြားပြီး "၂၀၀၆ ထဲမှာ လူတွေက ဒီဇိုင်နာကို လက်ခံလာကြတယ်၊ အားပေးလာကြတယ်၊ ပြီးတော့ သူတို့တွေလည်း ယုံကြည်မှုရှိလာကြတယ်" ဟု ဒီဇိုင်နာ ဒေါ်လတ်လတ်က ဖက်ရှင်ဒီဇိုင်နာတို့၏ ရပ်တည်မှုအနေအထားကို ပြောပြသည်။ အချိန်တိုအတွင်း ကျော်ကြားလာသော Ivy Style n' Design မှ ဒေါ်ပုလဲသူဇာကမူ မြန်မာဖက်ရှင်ဒီဇိုင်းနယ်ပယ်တွင် ဒီဇိုင်နာအရေအတွက် များပြားလာသည်ဟု မှတ်ချက်ပြုသည်။

## ဈေးကွက်အသွင်ပြောင်းလာခြင်း

ယခင်က မင်္ဂလာအခမ်းအနားအတွက် သတို့သမီးထိုင်မသိမ်းဝတ်စုံများ ချုပ်လုပ်ပေးခြင်းဖြင့် အောင်မြင်နေခဲ့သော ဝါရင့်အမျိုးသားဖန်တီးရှင်တို့သည် ယခင် အတိုင်း ဆက်လက်ရှင်သန်နေခဲ့ပြီး ပြည်ပမှ နည်းပညာသယ်ဆောင်လာသူများက အဆိုပါနည်းစနစ်ဖြင့် ဒီဇိုင်းစုံ ချုပ်လုပ်ခြင်း၊ သင်တန်းကျောင်းဖွင့်လှစ်ခြင်းများ ပြုလုပ်လွှမ်းမိုးလာကြသည်။ ထို့ပြင် အောင်မြင်မှုရရှိလာသော ဝတ်စုံဖန်တီး

www.foreverspace.com.mm






သင်တန်းများ စနစ်တကျဖွင့်လှစ်သည်

ရှင်တို့ကြားတွင် ဈေးကွက်အသွင်သစ်တစ်ရပ်ကို တွေ့မြင်လာရရာ ဒီဇိုင်းကြေးသီးသန့်ယူ၍ရသည့်အခြေအနေမဟုတ်သော်ငြား လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုအသစ်များ ဖြစ်ထွန်းလာခဲ့သည်။ ယခုနှစ်အနည်းငယ်အတွင်း ရှယ်ယာများဖြင့် ဖွဲ့စည်း၍ ကြော်ငြာအားများစွာကို ထူးခြားစွာ အသုံးပြုဖွင့်လှစ်လုပ်ကိုင်လာသည့် လုပ်ငန်းမျိုးရှိသကဲ့သို့ နာမည်ကျော် လုပ်ငန်းများအတွက် ဝတ်စုံဒီဇိုင်း သီးသန့်ရေးဆွဲပေးရခြင်း၊ ဟိုတယ်တစ်ခုတွင်ကျင်းပမည့် အခမ်းအနားများအတွက် Package အလိုက် တာဝန်ယူချုပ်လုပ်ပေးရန် ယင်းဟိုတယ်နှင့် စာချုပ်ချုပ်ဆိုခြင်းများ ရှိလာသည်။ ထို့အပြင် လုပ်ငန်းအတွက် အိမ်နီးချင်း ထိုင်းနိုင်ငံမှ ပညာရှင်ငှားရမ်းမှုမျိုးပင်ရှိလာရာ ချုပ်လုပ်ရန် ပိတ်စညှပ်သူ (Cutter)တစ်ဦးကို လုပ်ငန်း စတင်ချိန်မှ ယခုအထိ ငှားရမ်းထားဆဲဖြစ်သည်ဟု Ivy မှ ဒေါ်ပုလဲသူဇာက ဆိုသည်။ “ဒီလိုလုပ်တာ တော်တော်လေး အကျိုးသက်ရောက်မှုရှိပါတယ်။ သူက Pattern ထုတ်၊ ကျွန်မက ဒီဇိုင်းချ၊ ပြီးရင် သူ့ရဲ့နည်းစနစ်နဲ့ ချုပ်တယ်” ဟု ၎င်းက ပြောကြားသည်။ ယခုအခါ ဈေးကွက်အတွင်းသို့ ဒီဇိုင်နာ၏ကျော်ကြားမှု မပါဝင်ဘဲ အသွင်သစ်လုပ်ငန်းတစ်ရပ်အနေဖြင့် ဝင်ရောက်လာသော Door to Door Service အနည်းငယ်ကိုလည်း တွေ့ရပါသည်။

## နည်းပညာရွှေ့လျားမှု

အဝတ်အစားဖန်တီးချုပ်လုပ်မှု၌ မြန်မာနည်း၊ ဂျပန်နည်းနှင့် ထိုင်းနည်းစနစ်များကို အသုံးပြုကြပြီး ဒီဇိုင်းပေါ်မူ တည်၍ မြန်မာနည်းနှင့် အခြားနည်းတို့ ရောစပ်ချုပ်လုပ်မှုများလည်းရှိသည်။ မြန်မာနည်းပညာကို နီးစပ်မှုအရလည်းကောင်း၊ သင်တန်းများဖွင့်လှစ်ခြင်းဖြင့်လည်းကောင်း လက်ဆင့်ကမ်းသယ်ဆောင်လာကြပြီး နိုင်ငံရပ်ခြားမှ နည်းစနစ်များကို သွားရောက်သင်ယူ၍ မိမိနိုင်ငံတွင်တစ်ဆင့် ပြန်လည်ပို့ချခြင်းများလည်းရှိလာခဲ့သည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ဂျပန်နိုင်ငံရှိ ဖက်ရှင်ဒီဇိုင်းကျောင်းမှ ပညာဆည်းပူးခဲ့သူ ဒေါ်သီတာဝင်းက ယခုအခါတွင် နိုင်ငံရပ်ခြားမှ နည်းစနစ်များကို အတော်များများက လေ့လာလိုကြသဖြင့် သင်တန်းငယ်များ၊ ကာလတိုသင်တန်းများကို တက်ရောက်ကြကြောင်း၊ ဒီဂရီနှင့် ဒီပလိုမာတို့ကိုရယူရန် လူငယ်များ စိတ်အားထက်သန်နေသောကြောင့် ၎င်း၏သင်တန်းတွင် တက်ရောက်သူအချို့ နိုင်ငံရပ်ခြား၌ ပညာဆက်လက်ဆည်းပူးရန် ကြိုးစားနေကြပြီး မလေးရှား၊ စင်ကာပူကဲ့သို့ နီးသော နိုင်ငံများသို့ သွားရောက်လေ့ရှိကြောင်း ဆိုသည်။ Ivy မှ ဒေါ်ပုလဲသူဇာကမူ မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသော နည်းစနစ်များနှင့် ပတ်သက်၍ “အခုနောက်ပိုင်း ဂျပန်က လူသိများတယ်။ အဆင့်အတန်းမြင့်တယ်၊ ပုံကျပြီး သက်သောင့်သက်သာရှိလို့ မြန်မာနဲ့ကိုက်ညီတယ်။ နောက်တစ်ခါ ယိုးဒယားနဲ့ မြန်မာက ပွဲတက်ဝတ်စုံတွေဝတ်တဲ့အခါ ယဉ်ကျေးမှုနဲ့ ကိုယ်လုံးကိုယ်ထည်နီးစပ်တော့ သူ့နည်းပညာက နောက်ပိုင်းပိုပြီး စိမ့်ဝင်လာတယ်၊ ဒီတော့ အဲဒီနည်းကိုသုံးတဲ့

www.foreverspace.com.mm

အခါ မော်တော်လေးအောင်မြင်မှု ရလာတာကို တွေ့ရတယ်" ဟု သုံးသပ်သည်။ ထို့အပြင် နည်းပညာနှင့် လက်တွေ့ပေါင်းစပ်ကြည့်မှသာလျှင် ပြုပြင်ရန်လိုသည်များကို သိလာကြောင်း၊ နည်းစနစ်တစ်ခုတည်းကို ပုံသေ စွဲကိုင်ထား၍ မဖြစ်နိုင်ဘဲ များသောအားဖြင့် ထိုင်းနည်းနှင့် မြန်မာနည်း ရောစပ်အသုံးပြုကြောင်း ၎င်းက ဆိုသည်။ ၁၀ နှစ်ကျော် လုပ်ငန်းအတွေ့အကြုံရှိသူ ဒေါ်လတ်လတ်က ပညာဆည်းပူးမှုနှင့် ပတ်သက်ပြီး အခြေခံကျကျ သေချာစွာသင်ကြားထားမှသာ ထပ်ဆင့်လေ့လာလိုက်စားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ နည်းပညာဖြန့်ဝေရာ သင်တန်းကျောင်းများနှင့် ပတ်သက်၍ "ကောင်းပေမယ့် သူများနိုင်ငံတွေနဲ့ယှဉ်ရင် လိုသေးတယ်၊ အခုက တစ်နိုင်တွေပဲ လုပ်နေကြတဲ့ ပုံစံမျိုးဖြစ်နေတယ်။ တကယ့်ကျောင်းကြီးအနေနဲ့ ထူထောင်ဖို့က လိုသေးတယ်" ဟု ဒေါ်သီတာဝင်းက မှတ်ချက်ပြုသည်။ ထို့ပြင် ကျောင်းတစ်ကျောင်းသီးသန့်ထူထောင်ရာ၌ Facility အပြည့်ဖြင့် ထူထောင်နိုင်ရမည်ဖြစ်ပြီး တတ်ကျွမ်းသောဆရာ၊ ဆရာမများကို ခန့်ထားနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် နှစ်နှင့်ချီသော သင်တန်းများ တက်ရောက်နိုင်သော်လည်း မြန်မာနိုင်ငံတွင်မူ သင်တန်းကာလ လေးငါးလခန့်သာ ဖွင့်လှစ်နိုင်သေးကြောင်း ၎င်းက ဆိုသည်။ ထို့ပြင် ၎င်းက "ခေတ်မီတဲ့ပစ္စည်းတွေသုံးဖို့လိုတယ်၊ ပညာရပ်တွေလည်း နိုင်ငံရပ်ခြားမှာ တိုးတက်နေသလောက် ပြန်ပြီးလုပ်နိုင်ရမယ်" ဟု ပြောကြားသည်။ ဖက်ရှင်ဒီဇိုင်းနယ်ပယ်တွင် သင်တန်းပို့ချခြင်းနှင့် ဒီဇိုင်းဖန်တီးမှုလုပ်ငန်းတို့၏ အပြန်အလှန် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍မူ ယင်းတို့နှစ်မျိုးစလုံးအား တစ်ပြိုင်နက်တည်း လုပ်ကိုင်သူ ဒေါ်သီတာဝင်းက ဤကဲ့သို့ ဆိုပါသည်။ "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဖြစ်နေတယ်၊ သင်တန်းချည်းပဲ ပေးနေရင် ကိုယ့်လက်ရာကို လူမသိဘူး၊ နောက်တစ်ခုက သင်တန်းဆိုရင် ဒါချည်းပဲ ပုံမှန်ပဲ။ အပ်ထည်တွေ လက်ခံလိုက်တော့ ခေါင်းကပိုပြီး အလုပ်လုပ်ရတယ်၊ ပိုပြီး တီထွင်တာပေါ့။ အမြဲဖန်တီးနေရတော့ သင်တန်းဘက်မှာလည်း ကိုယ့်ရဲ့အတွေ့အကြုံနဲ့ရလာတဲ့ဟာတွေကို ပိုပြီး သင်ပေးနိုင်တယ်"။ နည်းပညာနှင့် ဒီဇိုင်းဖန်တီးမှု နှစ်ခုစလုံးက အရေးကြီးကြောင်း ဒီဇိုင်နာတို့က တညီတညွတ်တည်း ဆိုကြပါသည်။

## ဒီဇိုင်နာ Show များ

ယခင်က သတို့သမီးဝတ်စုံများကိုသာ Bridal Show အဖြစ် ဟိုတယ်များတွင် ပုံမှန်ပြုလုပ်လေ့ရှိပြီး ဖက်ရှင်ရှိုး၊ ဒီဇိုင်နာရှိုးများ ကျင်းပမှုသည် ယခုနှစ်အတွင်းအများဆုံးဖြစ်၍ ဒီဇိုင်နာတစ်ဦးချင်း၏ လက်ရာပြပွဲများက အများစုဖြစ်ပြီး စုစုပေါင်း စက်တင်ဘာလအထိ ခုနစ်ပွဲ

**အဝတ်အစားဖန်တီးမှုဒီဇိုင်းပညာ စိတ်ဝင်စားသူများလာသည်**



www.foreverspace.com.mm



ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါ ပြသမှုများသည် အရည်အချင်းထုတ်ဖော်ပြသမှုဖြစ်ပြီး Customer မြှင့်တင်ခြင်းလည်းဖြစ်သည်ဟု ဒီဇိုင်နာအချို့က ဆိုသည်။ ထိုသို့ပြပွဲများပြုလုပ်ရာတွင် ပံ့ပိုးမှု (Sponsor) ပေးသူများလည်း ယခုနှစ်အတွင်း ပိုမိုများပြားလာပြီး ကုန်ကျစရိတ် များပြားသောပြပွဲများကို ဒီဇိုင်နာကိုယ်တိုင် အကုန်အကျခံပြုလုပ်မှုများလည်းရှိကြောင်း ဒေါ်သီတာဝင်းက ပြောပြသည်။ ယင်းကဲ့သို့ ပြပွဲများပြုလုပ်လာသဖြင့် မြန်မာဖက်ရှင်ဒီဇိုင်းနယ်ပယ်အနေဖြင့် ပညာရပ်နယ်ပယ်အနေဖြင့်ရော စီးပွားရေးအရပါ တိုးတက်လာသည်ဟု ဆိုနိုင်ကြောင်း ဒေါ်လတ်လတ်က ပြောကြားသည်။ ပြပွဲ ပြုလုပ်ရခြင်း၏ ကုန်ကျစရိတ်နှင့် ပတ်သက်၍ "ဝတ်စုံဖိုးမပါဘူးဆိုရင် အနည်းဆုံးသိန်း ၅၀ နဲ့ ၁၀၀ ကြား ရှိတယ်လို့ထင်တယ်" ဟု ၎င်းကဆိုသည်။

ပြပွဲများပြုလုပ်ရာ၌ ဒီဇိုင်နာတို့သည် မြန်မာနိုင်ငံ၏ ဈေးကွက်အနေအထားအရ ပုံမှန်အလားအလာရှိသော မင်္ဂလာအခမ်းအနားသတို့သမီးဝတ်စုံ၊ ညနေခင်းဝတ်စုံတို့ကို အများဆုံးဦးစားပေးပြသကြသည်ကို တွေ့ရှိရသည်။ သို့သော် ခေတ်ပေါ်ဝတ်စုံများနှင့် တီထွင်မှုဦးစားပေးပြပွဲများကိုမူ ထုတ်ဝေဖြန့်ချိခြင်း မပြုကြသည့်အတွက် လွတ်လပ်စွာပြသလေ့ရှိသည်ဟု ဒေါ်ပုလဲသူဇာကဆိုသည်။ ထို့ပြင် "ဒီဇိုင်နာရှိုးလုပ်တဲ့အခါ ကိုယ်က Internationally လုပ်ချင်တဲ့အခါ ယဉ်ကျေးမှုနဲ့မကိုက်ညီတာတွေက ပါလာတယ်၊ တကယ့်ယဉ်ကျေးမှုနဲ့ ကိုက်ညီတာကို လုပ်မယ်ဆိုရင်လည်း ဒီဇိုင်နာစိတ်တိုင်းကျဖြစ်ချင်မှဖြစ်မယ်၊ ကိုယ်က International ကို တိုးဝင်ချင်တယ်ဆိုရင်တော့ နည်းနည်းလေးစဉ်းလွတ်ဝါးလွတ်လေးဖြစ်သွားတာမျိုးတော့ ရှိတတ်ပါတယ်၊ ဒါကတော့ ကိုယ်လည်းရှိတာပဲ၊ သူများတွေလည်းရှိမှာပါ။ ဒါပေမဲ့ သိပ်ပြီး အလွန်အကျွံမဖြစ်အောင်တော့ ကြိုးစားရမှာပေါ့" ဟု သုံးသပ်ပြသည်။ ဖက်ရှင်ရှိုး ပုံမှန်ကြည့်လေ့ရှိသူတစ်ဦးကမူ ထူးခြားသည့်ဝတ်စုံကြောင့် Catwalk လျှောက်ရင်း မော်ဒယ်လ်တို့၏ ရှိသင့်သည့် Confidence လျော့ကျသွားသည့် အပြုအမူပြုလုပ်လိုက်မိသည့် မြန်မာမော်ဒယ်လ်ကလေးများကို တွေ့မြင်ခဲ့ရကြောင်း ပြောပြပါသည်။



ပြည်တွင်းတွင်မက ပြည်ပ၌ပါ သင်ယူလိုကြသည်

ပြပွဲများပြုလုပ်ရာတွင် လိုအပ်ချက်များ၊ အခက်အခဲများနှင့် ပတ်သက်၍ ဒေါ်ပုလဲသူဇာက ၎င်း၏အတွေ့အကြုံကို ယခုလို သုံးသပ်ပြသည်။ "ပွဲလုပ်မယ် ဆိုရင် နံပါတ်တစ်အချက်က သေသေချာချာ အချိန်ယူပြီး ပြင်ဆင်ရမယ်ဆိုတာပါ။ နောက်တစ်ခုက ရွေးချယ်တဲ့ မော်ဒယ်လ်တွေ၊ ကိုယ့်ရဲ့အဝတ်အစားနဲ့ လိုက်ဖက်ဖို့ တော်တော်လေးစဉ်းစားရမယ်၊ ကိုယ့်ရဲ့အဝတ်အစားက ဘယ်လမ်းကြောင်းပေါ်မှာရှိလဲ၊ အဲဒါနဲ့ လိုက်ဖက်တဲ့မော်ဒယ်လ်ရွေးရမယ်။ အချိန်ပေးနိုင်မှ ကိုယ်ရဲ့ဝတ်စုံနဲ့လိုက်ဖို့ အကြိမ်ကြိမ် ဝတ်ကြည့်နိုင်မယ်။ နိုင်ငံခြားက မော်ဒယ်လ်တွေရဲ့ လှုပ်ရှားပုံကိုကြည့်ပြီး ဒီပွဲမှာ အများကြီးလိုအပ်နေတာ တွေ့ရတယ်"။ ပွဲပြုလုပ်ခြင်း၏ အကျိုးရလဒ်ကို ဒေါ်သီတာဝင်းက "ပညာထုတ်ပြခွင့်ရတယ်၊ ဒီဟာကိုကြိုက်တဲ့ Customer တွေလည်း ဆက်သွယ်လာမယ်ပေါ့" ဟု မှတ်ချက်ချသည်။ ဖက်ရှင်ဒီဇိုင်းနယ်ပယ်တွင် Promotion အဓိကကျသောပြပွဲများပြုလုပ်ခြင်းအပြင် အခြားသော ကြော်ငြာအင်အားများကို

**ပွဲလုပ်မယ်ဆိုရင် နံပါတ်တစ်အချက်က သေသေချာချာ အချိန်ယူပြီးပြင်ဆင်ရမယ် ဆိုတာပါ။ နောက်တစ်ခုက ရွေးချယ်တဲ့ မော်ဒယ်လ်တွေ၊ ကိုယ့်ရဲ့အဝတ်အစားနဲ့ လိုက်ဖက်ဖို့ တော်တော်လေးစဉ်းစားရမယ်၊ ကိုယ့်ရဲ့အဝတ်အစားက ဘယ်လမ်းကြောင်းပေါ်မှာရှိလဲ၊ အဲဒါနဲ့ လိုက်ဖက်တဲ့ မော်ဒယ်လ်ရွေးရမယ်။**

www.foreverspace.com.mm

လည်း သုံးလေ့ရှိကြသည်ကို တွေ့ရသည်။ ထူးခြားမှုတစ်ခုအနေဖြင့်မူ Ivy Style 'n Design အနေဖြင့် နာမည်ကျော် အနုပညာရှင်စုံတွဲ၏ မင်္ဂလာအခမ်းအနားတွင် ဝတ်စားဆင်ယင်ရန် Pakage အလိုက်တာဝန်ယူခဲ့ပြီး ၃၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့သည်ဟု ဒေါ်ပုလဲသူဇာက ဆိုသည်။

## Customer နှင့် ဈေးကွက်အလားအလာ

လတ်တလော မြန်မာဖက်ရှင်ဒီဇိုင်းရပ်ဝန်းသည် ယင်းနယ်ပယ်နှင့် ပုံမှန်ထိတွေ့မှုရှိသူများဖြင့် တိုးတက်အောင်မြင်မှုရှိနေသည်ကို တွေ့ရပြီး ပြည်တွင်းထုတ်အဆင့်မြင့် Branded ပွဲတက်ဝတ်စုံ ပုံမှန်ထုတ်လုပ်မှုများ၊ ဝန်ဆောင်မှုနှင့်နွှယ်သော ချုပ်လုပ်မှုများနှင့် ရင်းနှီးဖွံ့ဖြိုးမှု မရှိသေးသည်ကို တွေ့ရပါသည်။ မြန်မာလူမှုနယ်ပယ်တွင် ကိုယ်တိုင်စီစဉ်ရမှု ကျေနပ်သည့်သဘာဝရှိသဖြင့် ဝန်ဆောင်မှုကို နှစ်သက်သည့် အလေ့အထနည်းနေသေးကြောင်း Grand Plaza Parkroyal Hotel တွင် မင်္ဂလာအခမ်း အနားပြုလုပ်မည့်သူများအတွက် ချုပ်လုပ်ပေးရန် စာချုပ်ချုပ်ဆိုထားသည့် ဒီဇိုင်နာ လတ်လတ်က ပြောကြားသည်။ Regular Product ထုတ်လုပ်ရေးနှင့်ပတ်သက်၍မူ ဒေါ်ပုလဲသူဇာက "Measurement အရ အပ်ဝတ်တာကို အားသန်ကြတယ်၊ ဒါပေမဲ့ ဈေးကွက်မှာ လူတန်းစားတစ်ရပ်အနေနဲ့တော့ လက်ခံမှု ရှိနိုင်တယ်။ ဒါပေမဲ့ တစ်ခါတလေကျရင် ကိုယ့်ပွဲမှာ သူများနဲ့မတူတာကို ဝတ်ချင်တယ်ဆိုရင် မကြိုက်တာမျိုးရှိပြန်ရော" ဟု ဆိုသည်။ ပြည်ပတွင် အနေကြာခဲ့သည့် အမျိုးသမီးငယ်တစ်ဦးကမူ "ပွဲတက်ဖို့အတွက် ချုပ်ဖို့အချိန်မရဘူး၊ ဒါကြောင့် ရယ်ဒီမိတ်ပဲဝတ်တယ်၊ ပြည်တွင်းဖြစ်ကိုတော့ မသိဘူးပေါ့။ နိုင်ငံခြားဖြစ်ထဲကဆိုရင် Size ရော၊ ဒီဇိုင်းရော အဆင်ပြေတာ ဒီမှာရပါတယ်" ဟု ၎င်း၏ ဝတ်ဆင်မှုအနေအထားကို ပြောပြသည်။ မည်သို့ပင်ဖြစ်စေ မင်္ဂလာအခမ်းအနားဝတ်စုံများကမူ အကောင်းဆုံးနှင့် မိမိအတွက် သီးသန့်အဖြစ်လိုဆုံးဝတ်စုံများဖြစ်ရာ ယင်းဝတ်စုံ တို့ဖန်တီးမှုမြှင့်တင်နိုင်ရေးကိုသာ ပိုမို အာရုံစိုက်ကြလေ့ရှိသည်ဟု ဒီဇိုင်နာအချို့က ဆိုပါသည်။ ၎င်းတို့သည် ပွဲတက်ဝတ်စုံများကို Regular Product အဖြစ် ထုတ်လုပ်ရန် စိတ်ဝင်စားလျက်ရှိသည်ကို တွေ့ရသည်။ တိုးတက်သော နိုင်ငံကြီးများကဲ့သို့ Regular Product ပြည်ပဈေးကွက်သို့ ဝင်ရောက်နိုင်ရေးဆိုသည်ကိုမူ "တကယ်တော့ အနောက်တိုင်းကို ဝင်တိုးဖို့ဆိုတာ တော်တော်လေးကို ဝေးပါသေးတယ်၊ ကုန်ကျစရိတ်လည်း အရမ်းကိုကွာပါတယ်" ဟု ဒေါ်ပုလဲသူဇာက မှတ်ချက်ပြုသည်။

ယခုအခါ မြန်မာဖက်ရှင်ဒီဇိုင်းရပ်ဝန်းတွင် ပုံမှန် Customer နှင့် အနုပညာနယ်ပယ်မှ နာမည်ကျော် Customer ဟူ၍ Customer နှစ်မျိုးနှစ်စားရှိရာ ဒီဇိုင်နာတို့၏ ဖန်တီးမှုကွာဟသော အပိုင်းများရှိကြောင်းကို ဒီဇိုင်နာလတ်လတ်က ယခုကဲ့သို့ ရှင်းပြသည်။ "Customer တွေရဲ့ အနေအထား၊ ပွဲတက်မယ့်အပေါ်မူတည်ပြီး အစွမ်းကုန်ကြိုးစားပေးလိုက်တယ်၊ သူတို့စိတ်ကျေနပ်တဲ့အထိပေါ့၊ မင်းသမီးတွေ၊ နာမည်ရှိသူတွေအတွက် လုပ်တဲ့အချိန်ကျတော့လည်း သူတို့တွေလှဖို့ အာရုံထားတယ်။ အဲဒါက လူပိုသိတဲ့အတွက် ကိုယ့်ပညာကို ပိုအားစိုက်ပေးရတယ်၊ တစ်မျိုးစီပေါ့။ မင်းသမီးအတွက် ချုပ်ရတာကျတော့ ကိုယ်လုပ်တဲ့အရည်အချင်းကို လူပိုသိတယ်၊ ပြီးတော့ Creation ပိုင်း ပိုလွတ်လပ်တယ်၊ ကိုယ့်လုပ်ပိုင်ခွင့် အကုန်ရှိတယ်"။

ဒီဇိုင်နာတို့၏ ဈေးကွက်အတွင်း တိုးဝင်ရန် သတင်းနည်းပညာများလည်း အဆင်သင့်ရှိနေရာ မြန်မာဒီဇိုင်းနယ်ပယ်တွင် ပထမဆုံး ဝက်ဘ်ဆိုက်လွှင့်တင်ထားသူ Dõzo Fashion Technical School မှ ဒေါ်သီတာဝင်းက လူအတော်များ များကဝက်ဘ်ဆိုက်ကြည့်ပြီး လာအပ်ကြကြောင်း၊ အချို့က နိုင်ငံရပ်ခြားမှ Order မှာယူခြင်းများ ပြုလုပ်လာကြပြီး ဈေးကွက်တင်ရန် နမူနာအရွယ်အစားနှင့် ဒီဇိုင်းပေးပို့ရန် ကမ်းလှမ်းမှုများလည်း ကြုံရကြောင်း ဆိုပါသည်။

**မင်္ဂလာအခမ်းအနားဝတ်စုံများ ဦးစား ပေးပြသလေ့ရှိသည်**



www.foreverspace.com.mm

## ဝတ်စုံဒီဇိုင်းတီထွင်သူ၊ ချုပ်လုပ်သူနှင့် ပိုင်ဆိုင်မှု

ဝတ်စုံဒီဇိုင်းတီထွင်သော ဒီဇိုင်နာ ဟုဆိုရာ၌ မည်သူက တီထွင်သူအစစ်အမှန်ဖြစ်၍ မည်သူက လိုက်လံတုပချုပ်လုပ်သဖြင့် မည်သူက တရားဝင်ပိုင်ဆိုင်သော ဒီဇိုင်းဖြစ်သည်ဟူ၍ ပြောရန်မှ အတော်ပင်ခက်ခဲလှပါသည်။ ယင်းနှင့် ပတ်သက်၍ ဒေါ်သီတာဝင်းက "သူတို့က ဒီတစ်ယောက်ကို ချုပ်ပေးရင် နောက်တစ်ယောက်ကို ချုပ်မပေးဘူး၊ ဒီမှာ ဒါမျိုးမရှိဘူး၊ သူကလုတယ်ဆိုရင် ကိုယ့်ဒီဇိုင်းလည်းယူချုပ်ရင်ချုပ်မယ်၊ ကိုယ့်ဒီဇိုင်း သူများကယူရင် ဘာမှပြောပိုင်ခွင့်မရှိဘူး။ တစ်ခါတလေ ကျွန်မအကြိုဒီဇိုင်းလေးကို ဘယ်သူကကြိုက်လို့ ငှားသွားတယ်ဆိုတာမျိုးတွေရှိတယ်" ဟု ဖြစ်လေ့ဖြစ်ထရှိသည်ကိုပြောပြသည်။ Copy Right နှင့် ပတ်သက်၍ "မြန်မာနိုင်ငံမှာတော့ မကျယ်ပြန့်သေးဘူးလေ၊ ကိုယ့်ဒီဇိုင်းကို သူများ Copy လုပ်လည်း ဘာမှပြောဆိုလို့မရသေးဘူးပေါ့နော်။ ခု အဲဒီလိုတော့ ဖြစ်နေပါတယ်။ တစ်ခါတလေကျတော့ အဲဒီလိုလုပ်တာလည်း ကျေနပ်စရာတစ်ခုပါပဲ။ ကိုယ့်ဒီဇိုင်းကိုကြိုက်လို့ ယူကြတယ်ဆိုရင် ဒါလည်း အောင်မြင်မှုတစ်ခုပဲပေါ့" ဟု ပြောကြားသည်။ ဒေါ်ပုလဲသူဇာကမူ ဒီဇိုင်းဆွဲ၍ ဈေးကွက်သို့ ဖြန့်မည်ဆိုပါက ဒီဇိုင်နာ၏ ဒီဇိုင်းဆွဲထားမှုအပေါ်တွင် Copy Right ရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် Copy Right ကို နားလည်သူ သိပ်မရှိဟုထင်ကြောင်း၊ ၎င်းအနေနှင့် လိုအပ်ပါက Ivy ကိုမူ မှတ်ပုံတင်ရန် အစီအစဉ်ရှိကြောင်း ဆိုသည်။ ကုမ္ပဏီ ယူနီဖောင်းများအတွက် သီးသန့်ဒီဇိုင်း ထုတ်လုပ်မှုတွင်မူ မူပိုင်ခွင့်အတွက် မည်သည့် ဥပဒေမျှ မရှိသေးသော်ငြား ယင်းဝန်ထမ်းများမှအပ မည်သူမျှဝတ်ဆင်လိုခြင်း ရှိကြမည်မဟုတ်ရာ အားသာချက်တစ်ခု ရှိနေသည်ဟု ဆိုနိုင်ပါသည်။




## သုံးသပ်ချက်နှင့် နိဂုံး

မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ ပိုမိုကျော်ကြားလာသော ဒီဇိုင်နာဈေးကွက် ကို တိုးတက်ရန် အလားအလာရှိကြောင်း ကိုမူ ဒီဇိုင်နာတို့က ခန့်မှန်းထားကြပြီး တိုးတက်သောနိုင်ငံကြီးများကဲ့သို့ ဒီဇိုင်းကြေး သီးသန့်ယူ၍ရသော ဈေးကွက်အနေအထားတစ်ရပ်သို့ ရောက်ရှိမလာသော်ငြား မြင့်တက်လာသော ဖန်တီးချုပ်လုပ်မှု တန်ကြေးများက ၎င်းတို့၏ အနေအထားတစ်ရပ်ကို ဖော်ပြနေပါသည်။ ပြပွဲပြုလုပ်ခြင်းများ အရှိန်မြင့်တက်လာခြင်းကလည်း ဒီဇိုင်နာတို့၏ စိတ်အားထက်သန်မှုကို ဖော်ပြနေရာ ၎င်းတို့ရရှိလာနိုင်သော အခွင့်အလမ်းသစ်များ၊ ဈေးကွက်အတွင်းသို့ တိုးဝင်ရန် နည်းလမ်းသစ်များ အကောင်အထည်ပေါ်လာပါက ဖွံ့ဖြိုးတိုးတက်သော နယ်ပယ်သစ်တစ်ရပ်သို့ ရောက်ရှိလာမည်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**ဇင်ဇင်သော်**

www.foreverspace.com.mm





# အိမ်နိမ့်စံဘဝမှ ပြန်လည်စန်းပွင့်လာသည့် မြန်မာ့စဉ့်ထည်ဈေးကွက်အလားအလာ

နိုင်မင်းဝေ

**မြန်မာနိုင်ငံတွင် စတင်သည်ဟု ကမ္ဘာကအသိအမှတ်ပြုလာသည့် စိမ်းဖြူ (Celadon) စဉ့်ထည်များကို တွံတေးဒေသ၌ အများအပြား တွေ့ရှိခဲ့ပြီး တစ်ချိန်ကလူ့အသုံးအဆောင်ပစ္စည်းအဖြစ်သာထုတ်လုပ်ခဲ့သည့် စဉ့်ထည်များကို ယခုအခါ တန်ဖိုးကြီးအဆောက်အအုံများ၏ အလှဆင်ပစ္စည်းအဖြစ် ပြောင်းလဲထုတ်လုပ်လာကြသည်။ ကမ္ဘာ့နိုင်ငံအများအပြားက လူသားအငွေ့အသက်ပါရှိသည့် လက်မှုပစ္စည်းများကို တန်ဖိုးထားအသုံးပြုလာခြင်းသည်လည်း တိမ်မြုပ်ခဲ့ရသော မြန်မာ့စဉ့်ထည်လုပ်ငန်းအတွက် အလှည့်အပြောင်းတစ်ရပ်ပင်ဖြစ်သည်။**

## မြန်မာ့စဉ့်သမိုင်းအစ

အေဒီ ၇ ရာစုက ရေးထိုးခဲ့သော သရေခေတ္တရာမြို့ဟောင်း၌ တွေ့ရှိခဲ့ရသည့် သက္ကတကျောက်စာတွင် ပါဝင်သော ကလသာပူရ (ကလာသာ=အိုး+ပူရ= နေရာ၊ မြို့) အိုးမြို့ကို မြန်မာနိုင်ငံအောက် ပိုင်းရှိတွံတေးမြို့ဟုယူဆထားကြောင်းနှင့် စဉ့်အိုးလုပ်ငန်း၊ မြေအိုးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန်အတွက် အချိန်အများအပြားယူရကြောင်း၊ တွံတေးကစခဲ့လျှင် မြန်မာ့စဉ့်သမိုင်းကို ၂ ရာစုခန့် တိုးပြီး ၅ ရာစုခန့်ကဟု ခန့်မှန်းတွက်ချက်

www.foreverspace.com.mm

ထားကြောင်း မြန်မာနိုင်ငံစဥ့်အသင်း ဥက္ကဋ္ဌ စဥ့်သုတေသနပညာရှင် ဒေါက်တာမျိုးသန့်တင်က မြန်မာ့စဥ့်သမိုင်းအစကို ကောက်ပြသည်။

ဆက်လက်၍ တွံတေးဒေသရှိ ရှေးဟောင်းစဥ့်ဖိုများကို တူးဖော်လေ့လာသည့်အခါ စဥ့်ပစ္စည်းများ၊ စဥ့်ပန်းကန်ပြားများ ကျောဘက်တွင် အိုးလုပ်သူများအနေနှင့် သူ့အိုး၊ ကိုယ့်အိုးသတ်မှတ်ထားသည့် အမှတ်အသားများကို စတင်တွေ့ရှိချိန်၌ သာမန် Potten Mark ဟု ယူဆထားကြောင်း၊ နောက်ပိုင်းအမှတ်အသား ၃၅၀ ကျော်ကို အုပ်စုများခွဲကြည့်သည့်အခါ မျဉ်းဖြောင့်အုပ်စု၊ မျဉ်းကွေးအုပ်စု၊ စာအုပ်စုဟူ၍ မျိုးတူအုပ်စုသုံးအုပ်စုခွဲခြားနိုင်ကြောင်း၊ စာအုပ်စုတွင်ပါရှိသည့် စာများသည် ပျူကျောက်စာများပေါ်တွင် ပါရှိသည့် အက္ခရာများအတိုင်းဖြစ်နေသည်ကို တွေ့ရ၍ ကလသာပုရဒေသသည် တွံတေးဒေသဆိုသည့် ဒုတိယအထောက်အထားကို တွေ့ရှိရကြောင်း ၎င်းက မြန်မာ့စဥ့်သမိုင်းအစကို ဆွဲထုတ်ရှင်းပြသည်။

## နှစ် ၆၀၀ က ကမ္ဘာကျော်သည့် စဥ့်အိုး

'အင်္ဂလိပ်မှတ်တမ်းတွေထဲမှာ အေဒီ ၁၃၅၀ လောက်ကစပြီး ပဂိုးအိုး၊ ပဒမအိုးဆိုပြီး စဥ့်အိုးတွေအကြောင်းဖတ်နေရတယ်၊ အိုးတွေက ကြီးကြီးလှလှ ခိုင်ခံ့တယ်။ စဥ့်သုတ်ထားလို့ သိုလှောင်အိုးအဖြစ် သုံးတဲ့နေရာမှာ ဟိုအခါက အကောင်းဆုံးပေါ့။ တွံတေးကလုပ်ပြီး မဒမမှာ နိုင်ငံခြားပင်လယ်ကူးသင်္ဘောတွေကို ရောင်းတယ်လို့ထင်တယ်။ အိန္ဒိယသမုဒ္ဒရာထဲ သွားလာနေတဲ့ သင်္ဘောတွေမှာ ရေလှောင်တယ်။ ဒီသင်္ဘောတွေကပဲ အိန္ဒိယအနှံ့သုံးဖို့ ဝယ်သွားသေးတယ်။ အိန္ဒိယကိုလွန်ပြီး အနောက်ဘက် အာရေဗျအထိ ပေါက်ရောက်တယ်' ဟု လွန်ခဲ့သော နှစ် ၆၀၀ က ကမ္ဘာ့ဈေးကွက်ကို



အဆောက်အအုံများတွင် အလှဆင်ပစ္စည်းအဖြစ် ပြောင်းလဲထုတ်လုပ်လာသည်

ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည့် မြန်မာ့မုတ္တမစဥ့်အိုးအကြောင်းကို ဒေါက်တာသန်းထွန်းက မြန်မာ့အိုးသမိုင်းစာအုပ်တွင် ရေးသားခဲ့သည်။

## အိမ်နီးနိမ့်စံဘဝရောက်ခဲ့ရသည့် စဥ့်ထည်ပစ္စည်းများ

"နိုင်ငံခြားက ကြွေခွက်ဝယ်ရပြန်တော့ သစ်သားဒေါင်းလန်းကို ပစ်လိုက်ကြပြန်တယ်ပေါ့။ ဒီလိုနဲ့ပဲ တချို့တိုင်းရင်းသားပစ္စည်းလုပ်ငန်းတချို့ဟာ ဆက်လက်ပြီး ကြီးထွားရှင်သန်ခွင့်မရကြတော့ဘူး" ဟု သုတေသနပညာရှင်ကြီးတစ်ဦးသုံးသပ်သကဲ့သို့ အခြေအနေမျိုးကို စဥ့်ထည်ပစ္စည်းလုပ်ငန်းက ကြုံတွေ့ခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

စဥ့်ထည်အသုံးအဆောင်များနေရာတွင် ပလတ်စတစ်ဘူးများ၊ ဒန်အိုးဒန်ခွက်များ၊ စတီးခွက်များ၊ သောက်ရေသိုလှောင်ရာတွင်လည်း ဘိလပ်မြေနှင့် ပြုလုပ်သည့် ရေတိုင်ကီများ၊ သံပီပါများ အစားထိုးဝင်ရောက်လာသည်။ စဥ့်ထုတ်လုပ်မှုစရိတ်များမြင့်တက်လာပြီး ကုန်ကြမ်းပစ္စည်းများကလည်း ဈေးတက်လာခဲ့သည့်အပြင် အစားထိုးပစ္စည်းများကြောင့် စဥ့်ဝယ်လိုအားကျဆင်းလာပြီး စဥ့်ထည်ပစ္စည်းထုတ်လုပ်မှုသည်လည်း ကျဆင်းလာခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က တွံတေးမြို့တွင် စဥ့်လုပ်ငန်းလုပ်ကိုင်သူ အိုးလုပ်ငန်းရှင် ၆၀ ဦးခန့်ရှိခဲ့ရာမှ ယခု ငါးဦးခန့်သာကျန်ရှိတော့ကြောင်း တွံတေးမြို့ အိုးဖိုရပ်မှ ဦးရွှန်းက စဥ့်လုပ်ငန်းတိမ်ကောလာရခြင်းအကြောင်းကို ရှင်းပြသည်။

## ပြန်လည်စန်းပွင့်လာသည့် စဥ့်ထည်ပစ္စည်းလုပ်ငန်းအစ

မြန်မာနိုင်ငံ၌ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံရှိ ရှေးဟောင်း

www.foreverspace.com.mm






**တွံတေးမြို့ရှိ Tradistyle Ceramic Project**

သင်္ချိုင်းတစ်ခုကို တူးဖော်ကြရာ၌ စိမ်းဖြူ (Celadon) စဥ့်ထည်အမြောက်အမြား တွေ့ရှိခဲ့သည်။ ယင်းစိမ်းဖြူစဥ့်ထည်များသည် ထိုင်းနိုင်ငံလုပ်မဟုတ်၍ ထုတ်လုပ်သည့် နိုင်ငံကိုသိရှိရန် ဂျပန်ပညာရှင်များက ကြိုးစားခဲ့ကြသည်။ အောက်ခံနို့နှစ်ဖြူရောင်စဥ့်သည် သံဖြူအခြေခံစဥ့်ဖြစ်၍ ပဲခူးမြို့ ရွှေဂူကြီးဘုရား မာနတ်စစ်သည်များစဥ့်ချပ်နှင့် ပုဂံစဥ့်နမူနာများကို ဓာတ်ခွဲစမ်းသပ်ကြည့်ရာ မြန်မာနိုင်ငံအောက်ပိုင်း မြိတ်၊ တနင်္သာရီဒေသထွက်သတ္တုများနှင့် အိုင်ဆိုတုပ်အချိုးတူညီနေသည်ကို တွေ့ရ၍ စိမ်းဖြူစဥ့်ထည်၏ မူလဇာစ်မြစ်မှာ မြန်မာနိုင်ငံကဟု ကမ္ဘာ့စဥ့်ပညာရှင်များက အသိအမှတ်ပြုလာသည်။ ထိုအချိန်နောက်ပိုင်း မြန်မာ့စဥ့်ထည်များကို ကမ္ဘာတစ်ဝန်းလုံး ပြန်လည်စိတ်ဝင်စားလာကြသည်ဟု ဒေါက်တာမျိုးသန့်တင်က ဆိုသည်။

၂၀၀၅ ခုနှစ် မေလလယ်က တွံတေးဒေသ တံခွန်တိုင်ကျေးရွာတွင် ရှေးဟောင်း ဘုရားသုံးဆူပေါ်ပေါက်လာသည်။ ၎င်း ဘုရားသုံးဆူထဲမှ တစ်ဆူ၏ ရင်ဘတ်တွင် စဥ့်သုတ်ထားသည်ကိုတွေ့ရကြောင်း၊ အဆိုပါဘုရားများ ကိန်းဝပ်စံပယ်နိုင်မည့် ဘုရားတည်ရန် ဆွေးနွေးကြသည့်အခါ အေဒီ ၅ ရာစု၊ ၆ ရာစုခန့်က ဆံချီ စေတီပုံစံ လုံးတော်ပြည့်စဥ့်ထည်ချပ်များဖြင့် ပူဇော်တည်ဆောက်ရန် သဘောတူညီခဲ့ကြသည်။ ယင်းဖြစ်စဉ်သည် စဥ့်ထုတ်လုပ်မှုပုံစံနှင့်ပတ်သက်၍ သိသာသော အလှည့်အပြောင်းတစ်ရပ်ဖြစ်သည်။ တစ်ချိန်က လူ့အသုံးအဆောင်ပစ္စည်းသာ ထုတ်လုပ်ရာမှ အလှဆင်ပစ္စည်းများအဖြစ်ပါ တိုးချဲ့ထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ ယင်းသို့ပြန်လည်ထွန်းကားလာသော စဥ့်ပညာနှင့်ပတ်သက်၍ "ဒါနဲ့ပဲ ပြီးခဲ့တဲ့နှစ် ဇွန်လလောက်ကစပြီး တွံတေးမှာ Tradistyle Ceramic Project ကို စဆောင်ရွက်ခဲ့တယ်" ဟု တိမ်ကောပပျောက်လုနီးပါး စဥ့်လုပ်ငန်း စန်းပွင့်လာပုံကို ဒေါက်တာမျိုးသန့်တင်က ရှင်းပြခဲ့သည်။

## စဥ့်ထည်နည်းပညာ

စဥ့်ထည်ပစ္စည်းများထုတ်လုပ်ရာတွင် ချော်သည်အဓိကဖြစ်ပြီး ချော်များကို ခဲအခြေခံချော်နှင့် ရက္ခမူချော်ခေါ် သစ်ပင်မှ ရသည့်ပြာနှင့် ပြုလုပ်သည့်ချော်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ စဥ့်ထည်ပစ္စည်းဆိုသည်မှာ မြေထည်ပေါ်တွင် ဖန်နှင့်ချော်အုပ်ထားခြင်းဖြစ်သည်။ ဖန်ချက်ရာတွင် သဲ (ဆီလီကွန်) အရည်ပျော်မှတ် ၇၁၅၀ ဒီဂရီစင်တီဂရိတ်ခန့် လိုအပ်သည်။ ထိုအပူချိန်ကို မြေထည်များက မခံနိုင်၍ ဆီလီကွန်ပျော်မှတ် Fluh ကို ထိန်းနိုင်သော အကူပစ္စည်း (ဓာတုဗေဒ) ထည့်သည့်အခါ ထိုအကူပစ္စည်းပါဝင်မှု

**စဥ့်ဖုတ်ရာတွင်အသုံးပြုကြသည့် မီးဖို**



www.foreverspace.com.mm



ကိုလိုက်၍ စွမ်းအင်သတ္တိနှင့် အရောင်များကွာခြားတတ်သည်။ ချော်စပ်ရာတွင် အစွမ်းထက်သည့်ပစ္စည်းမှာ ခဲဖြစ်သည်။ ချော်စပ်သည့်အခါ သဲလည်းပါဝင်၍ ၇၁၅၀ စင်တီဂရိတ်တွင်မှ ပျော်သည့်သဲကို ခဲက ၉၀၀ ဒီဂရီခန့်၌သာပျော်စေသည်။ အဆိုပါအပူချိန်သည် မြေထည်များအတွက်သင့်တော်သည်။ ထိုသို့ခဲအခြေခံသည့်စဥ့်များတွင် အစိမ်းရောင်ရရှိစေရန် သံဖြူထည့်သွင်းလျှင် အစိမ်းရောင်ရသော်လည်း ခဲဆိပ်မကင်းပေ။

## ခဲဆိပ်ကင်းသည့် စိမ်းဖြူစဥ့်ထည်

စဥ့်ဖုတ်ရာတွင်အသုံးပြုကြသည့် ဖိုနှစ်မျိုးရှိသည်။ အောက်မှပင့်ထိုးရသည့် ပျားအုံဖိုနှင့် အရှည်လိုက်ထိုးရသည့် Cross ဖိုခေါ် နဂါးဖိုဟူ၍ရှိသည်။ ပျားအုံဖိုသည် အပူချိန် ၉၀၀ ဒီဂရီနှင့် ၁၀၀၀ အောက်သာရရှိပြီး နဂါးဖိုအရှည်များသည် အပူချိန် ၁၃၀၀ ကျော်ရရှိသည်။ တရုတ်ပြည်ရှိနဂါးဖိုများဖြင့် စဥ့်ဖုတ်ကြသည့်အခါ Celadon များကို ဖိုနံရံများတွင် တွေ့ရသည်။ ခဲမပါဘဲ ချော်ဖြစ်နေခြင်းကို တွေ့ရသည်။ မီးထိုးသည့်အခါ လွင့်စင်သည့်ပြာများက အပူရှိန်ကြောင့် စဥ့်ဖြစ်လာပြီး ပြာနှင့် ဆီလီကွန်ချော်လုပ်၍ (Lime) ဓာတ်ကြောင့် (Fluh) ပြာချော်များသည် စိမ်းဖြူစဥ့်ထည်ချော်ဖြစ်လာကြောင်း သို့ဖြစ်၍ စိမ်းဖြူစဥ့်ထည်များသည် ခဲဆိပ် ကင်းစင်နေခြင်းဖြစ်ပြီး ကမ္ဘာက ပိုမိုစိတ်ဝင်စားခြင်းဖြစ်သည်ဟု ဒေါက်တာမျိုးသန့်တင်က စိမ်းဖြူစဥ့်ထည်၏ ခဲဓာတ်ကင်းစင်ရပုံကို ရှင်းပြသည်။

## လူနေမှုအဆင့်အတန်း၊ အိမ်များ အလှဆင်ခြင်းနှင့် စဥ့်ထည်ပစ္စည်း

ခေတ်သစ်လူနေထိုင်မှုပုံစံများတွင် မိမိနေထိုင်ရာပတ်ဝန်းကျင်ကိုလှပသာယာစေရန် ဖန်တီးရယူနိုင်ကြောင်း သိရှိလာ



**မြန်မာ့စဥ့်ထည်များသည် သီးခြားဟန်နှင့် ကိုယ်ပိုင်နည်းပညာဖြစ်သည်ဟုဆိုသည်**

ကြသည်။ မိမိနေထိုင်သည့်အိမ်အပြင်အဆင်၊ ဝင်းခြံအပြင်အဆင်များက လူနေမှုအဆင့်အတန်းကို ဖော်ညွှန်းရာရောက်သည်ဟု ယူဆလာကြသဖြင့် ခြံတွင်းအလှဆင်ရန် ဥယျာဥ်ငယ်များဖန်တီးခြင်း၊ ရေတံခွန်များဖန်တီးခြင်းများ ပြုလုပ်လာကြပြီး ယင်းတို့တွင် စဥ့်ထည်ပစ္စည်းများ မပါမဖြစ်ပါဝင်လာကြရသည်။ ရုံးခန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင်လည်း စဥ့်ထည်များမှာ အလှဆင်ပစ္စည်းများ ဖြစ်လာရသည်။

ရွှေဘိုအနီးတစ်ဝိုက် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ရွှေတိုက်၊ ရွှေကွန့်၊ နွယ်ငြိမ်း၊ မခေါက် ကျေးရွာများတွင် စဥ့်ဖိုအမြောက်အမြားရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ကျောက်မြောင်းဒေသထွက် စဥ့်ထည်များထင်ရှားကျော်ကြားလာသည့်နောက်ပိုင်းတွင် ကျောက်မြောင်းဒေသထွက်စဥ့်ထည်များကို အနုပညာမြောက်ထုတ်လုပ်လာကြပြီး ပုံသဏ္ဍာန်များကိုလည်း လှသည်ထက်လှစေရန် လုပ်ကိုင်လာကြသည်။ ကျောက်မြောင်းဒေသထွက် စဥ့်ထည်များ၏ ဈေးကွက်ဝေစု ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်းဈေးကွက်ဖြစ်နေပြီး ၂၀ ရာခိုင်နှုန်းခန့်သည်သာ ပြည်ပနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။ ပြည်ပသို့တင်ပို့သည့် လက်ရာအများစုသည် Decoration ကို ဦးစားပေးလုပ်ကိုင်ထားကြသည်ဟု ကန်တော်ကြီးသဘာဝဥယျာဥ်မှ ဂုဏ်ကြီးစဥ့်မြန်မာမှုစဥ့်ထည်အရောင်းဆိုင်မှ ဦးသိန်းထွန်းက ပြောကြားသည်။

## အလားအလာကြီးမားသည့် စဥ့်ဈေးကွက်

မြန်မာ့စဥ့်ထည်၊ စဥ့်အိုးပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ၁၉၉၀ ခုနှစ်ကျော်ဝန်းကျင်မှစတင်၍ တင်ပို့ရောင်းချခဲ့ရာ အရှေ့တောင်အာရှနိုင်ငံအများစုသို့ အိမ်တွင်းအလှဆင်ပစ္စည်းအဖြစ် အများဆုံးတင်ပို့ပြီး ဥရောပနိုင်ငံများဖြစ်သည့် ဂျာမနီ၊ ပြင်သစ်နိုင်ငံများ

www.foreverspace.com.mm



ကလည်း စင်ကာပူမှတစ်ဆင့် ဝယ်ယူကြသည်။ တင်ပို့သော စဥ့်ထည်အများစု၏ တန်ဖိုးမှာ ပစ္စည်းတစ်ခုလျှင် အမေရိကန်ဒေါ်လာ ဝ.၅ ဒေါ်လာခန့် တန်ဖိုးအနိမ့်ဆုံးရှိပြီး အရွယ်အစားအကြီးဆုံးမှာ ၅ ပေကျော် ၆ ပေခန့်ရှိသည်။ ဈေးကွက်တွင် စုံစမ်းမှုများအရ စင်ကာပူတစ်နိုင်ငံတည်းသို့ပင် တစ်နှစ်လျှင် ကွန်တိန်နာအလုံး ၃ဝ ခန့်စာ တင်ပို့လျက်ရှိပြီး ကွန်တိန်နာတစ်လုံးစာလျှင် အမေရိကန်ဒေါ်လာ ၂၅ဝဝ ခန့် တန်ဖိုးရှိသည်။

မြန်မာ့စဥ့်ထည်များကို အရှေ့တောင်အာရှတစ်လွှားအနှံ့အပြားတွေ့ရှိရကြောင်း၊ တူးဖော်တွေ့ရှိချက်အများစုကလည်း မြန်မာ့စဥ့်ထည်များသည် သီးခြားဟန်နှင့် ကိုယ်ပိုင်နည်းပညာဖြစ်နိုင်သည်ဟု Independent Researchers of Art History of Southeast Asia မှ Dr. Down Rooney က ညွှန်းဆိုခဲ့သည်။ တွံ့တေးနယ်အတွင်း တိမ်မြုပ်စပြုနေသည့် စဥ့်နည်းပညာရပ်များကို ပြန်လည်ဖော်ထုတ်ရန်အတွက် နည်းပညာပံ့ပိုးမှုများဖြင့် မြန်မာနိုင်ငံစဥ့်အသင်းမှ ပညာရှင်များက ဆောင်ရွက်နေကြသည်။ ရိုးရာစဥ့်ပညာကို အခြေခံသည့် Tradi-Style Ceramics Project ကို ၂ဝဝ၅ ခုနှစ် ဇွန်လမှ စတင်ခဲ့ကြောင်း၊ မြန်မာ့စဥ့်အသင်းမှ သင်တန်းအဆောက်အအုံ တစ်ခုကို တွံ့တေးမြို့ ရွှေဆံတော်ဘုရားအနောက်ဘက်ညောင်တံခါးရပ်တွင် ဖွင့်လှစ်ထားရှိသည်။

"နိုင်ငံတကာမှာရှိတဲ့ ဟိုတယ်တိုင်းမှာ စဥ့်အိုးမရှိတဲ့ ဟိုတယ်ဆိုတာမရှိဘူး။ စဥ့်ထည်ပစ္စည်းတွေကိုလည်း ကြွေထည်ပစ္စည်းတွေထက်ကို ကမ္ဘာက စိတ်ဝင်စားတယ်။ အဲဒီအတွက်လည်း လုပ်ငန်းအလားအလာအများကြီးရှိတယ်" ဟု အိမ်တွင်းအလှဆင်လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံရှိသူ ဦးသန်းဝင်းက ဆိုသည်။

'ယခုခေတ်တယ်လီဖုန်းရှင်းကချောင်ကျတဲ့ တောရွာတွေအထိ ပျံ့နှံ့နေပြီဖြစ်လို့ တောနေလူတွေရဲ့ လူနေမှုစရိုက်ပြောင်းလဲမှုရှိပေမယ့် မီးဖုတ်မြေအိုးအပါအဝင် စဥ့်ထည်တွေကိုတော့ သုံးနေဦးမှာပါ။ စတီးအိုးခွက်တွေကောင်းပေမယ့် ဈေးကြီးလို့ လူတိုင်းမဝယ်နိုင်ဘူး။ မြေအိုးကတော့ ပေါတယ်။ ဒန်အိုး၊ ပလတ်စတစ်တွေ မြေအိုးကို ဖယ်ထုတ်နေကြလို့ နောက်ဆိုလုံးဝပျောက်သွားမလားလို့ စိုးရိမ်တယ်။ ဒါပေမဲ့ သောက်ရေအိုးကတော့ မြေအိုးမှ ကြိုက်ကြတယ်။ သောက်ရေအိုးဒီဇိုင်းကလည်း အရင်နှစ် ၁၅ဝဝ ကနေ အခုထိ မရိုးနိုင်တဲ့ဒီဇိုင်းပါ' ဟု မြန်မာ့မြေမီးဖုတ်လုပ်ငန်းနှင့်ပတ်သက်၍ ဒေါက်တာသန်းထွန်းက မြန်မာ့အိုးသမိုင်းစာအုပ်တွင် သုံးသပ်ပြခဲ့သည်။

## စိန်ခေါ်ချက်များ

"ထုတ်လုပ်မှုစရိတ်က တစ်စတစ်စ မြင့်တက်လာတယ်။ ရွှံ့ဆိုရင်မြစ်ကမ်းဘေးက ရွှံ့နဲ့တောင်မြေကိုရောရတာမို့ သယ်ယူရတဲ့ ထော်လာဂျီစရိတ်က တက်လာတယ်။ ရွှံ့မရှားဘူးဆိုတာတောင် ထင်းကတော့ရှားလာတယ်။ အစားထိုးပစ္စည်းတွေကြောင့်လည်း ဈေးကွက်ကကျဆင်းလာတယ်" ဟု စဥ့်ထည်ပစ္စည်းထုတ်လုပ်မှု၏ အခက်အခဲအချို့ကို တွံ့တေးအိုးဖိုရပ်မှ ဦးရွှန်းကရှင်းပြသည်။

"အခုဆို ထင်းရှားလာလို့ ဝါးထင်းပြောင်းသုံးနေရတယ်။ ဖြစ်နိုင်လို့ရှိရင်တော့ Gas နဲ့ဖုတ်လို့ရရင်ပိုကောင်းတာက ထင်းမီးအပူချိန်က အတိုးအလျှော့လုပ်လို့သိပ်မကောင်းဘူး။ Gas နဲ့ဆိုရင်တော့ အပူချိန်ကို လိုသလိုထိန်းပြီးလုပ်လို့ရတယ်။ Gas သုံးတဲ့အတွက်လည်း သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာ ရောက်တယ်။ သက်ဆိုင်ရာကနေ အိုးလုပ်ငန်းရှင်တွေအတွက် Gas တွေကို လွယ်လွယ်ကူကူထုတ်ပေးရင်တော့ လုပ်လို့ကိုင်လို့ပိုကောင်းလာမယ်" ဟု ဦးရွှန်းက သူ၏ မျှော်လင့်ယုံကြည်ချက်များကို ပြောပြသည်။

လက်ရှိကမ္ဘာ့စဥ့်ဈေးကွက်တွင် ဈေးကွက်ဝေစုလက်ဦးမှုရရှိထားသည်မှာ ထိုင်းနိုင်ငံဖြစ်ပြီး စဥ့်ဖုတ်နည်းပညာအရလည်း ဖွံ့ဖြိုးလျက်ရှိသည်။ ထိုင်းနိုင်ငံသို့ စဥ့်လုပ်ငန်းသွားရောက်လုပ်ကိုင်နေသူ စဥ့်ပညာရှင်များတွင် မြန်မာနိုင်ငံမှ ရှမ်းလူမျိုးက အများစုပါဝင်ပြီး မူလဇာစ်မြစ်စဥ့်လုပ်ငန်းသည် မြန်မာနိုင်ငံဖြစ်သည်ကို ကမ္ဘာကတဖြည်းဖြည်းသိရှိလာကြကြောင်း၊ ပုံမှန်ပန်းအိုးတစ်လုံးကို ကျပ် ၂ဝဝ နှင့် ရောင်းပါက ပုဂံခေတ်ကြာဖူးပုံစံပါသော အရွယ်တူပန်းအိုးသည် ကျပ် ၂ဝဝဝ ခန့် ရနိုင်ကြောင်း၊ ဥရောပမှ ခေတ်မီဖွံ့ဖြိုးပြီးနိုင်ငံများသည် သမိုင်းကြောင်းနှင့် ဆက်စပ်၍ ရှေးဟောင်းပစ္စည်းများကို တန်ဖိုးထားအသုံးပြုလာကြသည်ဟု ဒေါက်တာမျိုးသန့်တင်က ရှင်းလင်းပြောကြားသည်။

## နိဂုံး

ထိုကဲ့သို့ အသုံးအဆောင်ပစ္စည်းအဖြစ် အမြတ်တနိုးသုံးစွဲလာမှုနှင့် ဈေးကွက်အတွင်းမှ ဝယ်လိုအားတို့အပြင် ၂ဝဝ၆ ခုနှစ် ဇွန်လ ၅ ရက်နေ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁ဝ၅-၂ဝဝ၆ ကုန်သွယ်လုပ်ငန်းဥပဒေပြင်ဆင်ချက်တွင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းပေးဆောင်ရမည့် ကုန်စည်အမည်သစ် ၂၇ မျိုးကို ထပ်မံဖြည့်စွက်ရာ၌ စဥ့်အိုး၊ မြေအိုးများပါဝင်လာခြင်းသည် စဥ့်ထည်ပစ္စည်းများကို တရားဝင်အခွန်ဆောင်၍ ပြည်ပနိုင်ငံများသို့လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်ရန် အလားအလာကောင်းတစ်ရပ်ဟု ယူဆနေကြပါသည်။

**နိုင်မင်းဝေ**

■



# ရန်ကုန် ကုန်စည် ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွင့်

**အခြေခံစားသောက်ကုန်မျိုးစုံ လက်လီ၊ လက်ကားရောင်းချရာ ညောင်ပင်လေးဈေးကြီးအတွင်း ယခင်ကျဆင်းလျက်ရှိသော ရောင်းအားများအနည်းငယ် ပြန်လည်မြင့်တက်လာကြောင်းနှင့် အဓိကဝယ်လိုအားမှာ နယ်ဒေသများမှဖြစ်ပြီး မိုးလေပြင်းထန်သော ရာသီဥတုမှ လွတ်မြောက်လာခြင်းကြောင့် ကုန်သွယ်မှုခရီးလမ်းများ ပြန်ပွင့်လာ၍ ရောင်းအားအနည်းငယ်တက်ခြင်းဖြစ်ကြောင်း အဆိုပါဈေးရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။**

ယင်းဈေးကြီးနှင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းတို့တွင် ဆန်၊ ဆီအပါအဝင် အခြေခံစားသောက်ကုန်များကို မြန်မာတစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံအောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်းရှိ ကုန်ဈေးနှုန်းကော်မတီသုံးခုမှ ဆက်စပ်အကောင်အထည် ဖော်ဆောင်ရွက်ရန်ရှိကြောင်း ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းက ပြောကြားခဲ့ပြီးဖြစ်သော်လည်း ယခုလက်ရှိတွင်မူ ညောင်ပင်လေးဈေးအတွင်း ဈေး နှုန်းထိန်းသိမ်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ခြင်းမရှိသေးကြောင်း အဆိုပါဈေးမှ စုံစမ်းသိရှိရသည်။

## အချိုရည်မျိုးစုံ

ညောင်ပင်လေးဈေးအတွင်းရှိ အချိုရည်ဈေးကွက်အတွင်း စက်တင်ဘာလဆန်းပိုင်းအရောက် ယခင် အရောင်းကျ

www.foreverspace.com.mm

လျက်ရှိသည့် အချိုရည်မျိုးစုံရောင်းအားများ အနည်းငယ်တက်ရိပ်ပြလာကြောင်း အဆိုပါဈေးမှ အချိုရည်မျိုးစုံအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။ အချိုရည်မျိုးစုံ ရောင်းအားတက်လာသော်လည်း ဈေးနှုန်းများမှာမူ ကျရိပ်မပြဘဲ ယခင်ဈေးနှုန်းအတိုင်းသာ အရောင်းအဝယ်ဖြစ်နေပြီး ပြည်ပမှတင်သွင်းလာသည့် အချိုရည်များမှာမူ မထင်မှတ်သည့် ဈေးနှုန်းအမြင့်သို့ ရောက်ရှိနေကြောင်း စုံစမ်းသိရှိရသည်။ စက်တင်ဘာလဆန်းတွင် ဆန်းကစ်တစ်ကတ်ဈေးနှုန်း ၂၇၀၀၀ ကျပ်၊ 100 Plus ၂၄၀၀၀ ကျပ်၊ Coke (ထိုင်း) ၁၄၅၀၀ ကျပ် ဈေးပေါက်လျက်ရှိသည်။ ပြည်တွင်းထုတ်အချိုရည်များမှာမူ ကော်ဈေးနှုန်းနှင့် Chemical ဝယ်ယူရရှိမှုအခြေအနေကြောင့် ယခင်ဈေးနှုန်းများအတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။ ယခုနှစ်မိုးတွင်း အချိုရည်ရောင်းအားမှာ ယမန်နှစ်အချိုရည်ရောင်းအား၏ ၅၀ ရာခိုင်နှုန်းသာ ရောင်းချရပြီး ယမန်နှစ်မိုးတွင်းအကုန်တွင် ထွက်ရှိခဲ့သည့် ပြည်တွင်းထုတ်အချိုရည်အမှတ်တံဆိပ်အချို့ ဈေးကွက်တွင် ပျောက်သွားကာ ကွန်တိန်နာဖြင့် ဝင်ရောက်သည့် စင်ကာပူ Cokeကဲ့သို့ ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ပြတ်လပ်လျက်ရှိသည်။

**ယခုလဆန်ဈေးနှုန်းသည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသော သဘာဝထက် အမြင့်ဆုံးနှုန်းထားတစ်ရပ်သို့ ရောက်ရှိနေခြင်းကြောင့် ဆန်အထွက်စောရန်လိုအပ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက ပြောကြားသည်။**

## နို့ဆီ ၊ သကြား

နို့ဆီဘူးဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်သည့် Dawnနို့ဆီများ အဝယ်ပုံမှန်ရှိပြီး ကုန်ပစ္စည်းဝင်ရောက်မှုပုံစံအချို့ကြောင့် ဈေးကွက်အတွင်း ကုန်ပစ္စည်းကို ကြိုဝယ်ယူသည့် အခြေအနေရောက်ရှိနေသည်။ စက်တင်ဘာလဆန်းအရောက်တွင် Dawn နို့ဆီ ၁၀ လုံးဈေးအနေဖြင့် တစ်လုံးလျှင် ၆၆၅ ကျပ် ဈေးပေါက်လျက်ရှိရာ ဈေးနှုန်းများ အမြင့်ရောက်ရှိနေသည်။ Dawn နို့စိမ်းများလည်း ကျပ် ၆၅၀ ဖြင့် အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြည်တွင်းထုတ် နို့ဆီဘူးများဖြစ်သည့် OK ကဲ့သို့ အမှတ်တံဆိပ်များလည်း ရောင်းအားအနည်းငယ်ပိုသွက်လာကြောင်း သိရသည်။ သကြားဈေးနှုန်းများမှာမူ ဈေးမာလျက်ရှိပြီး ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်မှုလျော့ကျသည့်အတွက် ဈေးမာခြင်းဖြစ်ကြောင်း သိရသည်။ သကြားမှာမူ စက်တင်ဘာလဆန်းတွင် ဝယ်လိုအားပုံမှန်ရှိပြီး ပွင့်လင်းရာသီတွင် ဈေးနှုန်းရောင်းအားများ ပိုတက်လာဖွယ်ရှိကြောင်း အဆိုပါဈေးမှ ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



## ဆပ်ပြာ ၊ ဆပ်ပြာမှုန့်

ပြည်တွင်းထုတ်ကာဘော်လစ်ဆပ်ပြာမှာ စက်တင်ဘာလဆန်းပိုင်းတွင် ၁၀ ပိုင်းလျှင် ၂၀၀ ကျပ် ဈေးပေါက်ခဲ့ပြီး ဝယ်လိုအားပုံမှန်ရှိကြောင်း သိရသည်။ ရွှေဝါ (အဖြူ) မှာ လူကြိုက်များပြီး ရွှေဝါ (ညို) မှာ တစ်ဖာ ၉၉၀၀ ကျပ်ခန့် ဈေးပေါက်လျက်ရှိကြောင်း ဆပ်ပြာအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ပြည်တွင်းဆပ်ပြာမွှေးဈေးကွက်အတွင်းတွင် ကျန်းမာရေးဆေးဆပ်ပြာအဖြစ်

www.foreverspace.com.mm



ထုတ်လုပ်ထားသည့် Family Care မှာ အထူးရောင်းကောင်းလျက်ရှိသည်။


အဓိကအားဖြင့် ထုပ်ပိုးမှုသပ်ရပ်ပြီး ဒီဇိုင်းဆွဲဆောင်မှုရှိခြင်းကြောင့် ဝယ်လက်များကြိုက်နှစ်သက်ခြင်းဖြစ်ကြောင်း ဆပ်ပြာအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ ပြည်တွင်းထုတ် ဆပ်ပြာမှုန့်များ အပြိုင်အဆိုင်ရောင်းချလျက်ရှိပြီး ရောင်းအားသိသာစွာ ကွာခြားမှုမရှိကြောင်း၊ ဆပ်ပြာမှုန့်ဝယ်ယူမှုပမာဏများမှာမူ မနှစ်ကထက် ကောင်းမွန်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

## ငါးသေတ္တာ

ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချလျက်ရှိသည့် ငါးသေတ္တာများမှာ ကြော်ငြာအား၊ ထုပ်ပိုးမှုပုံစံနှင့် အရည်အသွေးကောင်းမွန်မှုကြောင့် ရောင်းအားတက်လာရာ ထိုင်းငါးသေတ္တာများကို သုံးစွဲသူအနည်းငယ်လျော့ကျခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ချက်ပြုတ်ရာတွင် အချိန်ပေးရသည့် မြန်မာအကြိုက် ငါးသလောက်ကို ငါးသေတ္တာအဖြစ် ထုတ်လုပ်ခဲ့ရာ ဈေးကွက်တွင် ငါးသလောက်ငါးသေတ္တာများ ဝယ်လိုအားကောင်းလျက်ရှိကြောင်း သိရသည်။ ပြည်တွင်းငါးသေတ္တာဈေးကွက်တွင် Ready နှင့် 2000 အမှတ်တံဆိပ် ငါးသေတ္တာများမှာ အရောင်းသွက်ကြောင်း သိရသည်။ စက်တင်ဘာလဆန်းတွင် ငါးသေတ္တာဈေးနှုန်းများမှာ Ready ရိုးရိုး ၃၇၀ ကျပ်၊ ငါးသလောက် ၅၀၀ ကျပ်၊ 2000 ရိုးရိုး ၂၇၀ ကျပ်၊ ငါးသလောက် ၇၈၀ ကျပ် ဈေး ပေါက်လျက်ရှိသည်။

## ဆန်


ယခုလဆန်ဈေးနှုန်းသည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသော သဘာဝထက် အမြင့်ဆုံးနှုန်းထားတစ်ရပ်သို့ ရောက်ရှိနေခြင်း



www.foreverspace.com.mm



ကြောင့် ဆန်အထွက်စောရန် လိုအပ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက ပြောကြားသည်။ မာလာမုန်တိုင်းကြောင့် မိုးအကျစောခဲ့သဖြင့် ပုံမှန်ထက်စောပြီး စပါးစိုက်ပျိုးနိုင်ခဲ့ရာ ယခုလ ၅ ရက်၊ ၆ ရက်နေ့များကဲ့သို့ ဆက်တိုက်နေပူပါက ယခုလလယ်တွင်ပင် ဆန်အသစ်ဝင်ရောက်နိုင်ကြောင်း ၎င်းတို့က ဆိုသည်။



ဆန်ဈေးနှုန်းသည် ဩဂုတ်လအတွင်းက ဆန်အကြမ်းတစ်အိတ် ၉၆၀၀ ကျပ်မှ ၁၂၅၀၀ ကျပ်ဝန်းကျင်ရှိခဲ့ရာမှ စက်တင်ဘာလဆန်းပိုင်းတွင် အနိမ့်ဆုံး ၁၀၀၀၀ ကျပ်မှ အမြင့်ဆုံးဈေး ၁၂၈၀၀ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။ ဆန်အချောဈေးမှာလည်း ၁၈၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်အတွင်းရှိရာ စက်တင်ဘာလဆန်းတွင် ၁၉၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ် ဖြစ်ပေါ်လာခဲ့သည်။ လက်ရှိအခြေအနေအောက် ကျဆင်းရန်မရှိသော ဆန်ဈေးသည် စက်တင်ဘာလလယ် သို့မဟုတ် လအကုန်တွင် ဝင်ရောက်လာမည့် ဆန်အသစ်ဈေးပေါ်တွင် မူတည်ကြောင်း၊ ဩဂုတ်လ ဒုတိယပတ်တွင် လမ်းကြောင်းပြန်ဖွင့်ပေးခဲ့သော်လည်း နယ်ဆန်တင်ပို့ခွင့်လိုင်စင် တရားဝင်လျှောက်ထားပြီးမှ အမှန်တကယ် ဆန်လိုဒေသ ဟုတ်မဟုတ် စစ်ဆေးကြပ်မတ်၍ တင်ပို့ခွင့်ပြုသည်ဟု စုံစမ်းသိရှိရသည်။


## ဆီ

အရပ်ရပ်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ စားသုံးဆီဈေးနှုန်းလည်း မြင့်တက်လာခဲ့ရာ ဩဂုတ်လအတွင်းက ဆီကုန်သည်များကို ဈေးနှုန်းထိန်းသိမ်းရောင်းချရန် သက်ဆိုင်ရာက ခေါ်ယူအသိပေးခဲ့သည်ဟု ဆီကုန်သည်များက ပြောကြားသည်။ ယင်းကာလအတွင်း စားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာ ၁၄၀၀ ကျပ်ဝန်းကျင်ဈေးရှိပြီး ဈေး သက်သာသော အရည်အသွေးနိမ့်ပဲဆီ များလည်း ပေါ်ထွက်ခဲ့သည်။ အမှန်တကယ်ပဲဆီစစ်စစ်ကိုစားသုံးသူများသည် တစ်ပိဿာလျှင် ၂၆၀၀ ကျပ်ဝန်းကျင်ဈေးရှိသော နာမည်ရပဲဆီပုံးများကို ပိုမိုဝယ်ယူလာကြသည်ဟု စုံစမ်းသိရှိရသည်။

## ပဲမျိုးစုံ

ယခုလ ပဲမျိုးစုံဈေးကွက်တွင် ပြည်ပပို့ကုန်ပဲများ ပစ္စည်းလက်ကျန်နည်းပါးခြင်းကြောင့် ပုံမှန်သဘာဝအတိုင်း ဈေးနှုန်းအမြင့်သို့ ရောက်ရှိလာခဲ့သည်။ ပြည်တွင်းသုံးပဲများတွင်လည်း စားသုံးမှုများသောပဲအချို့ ဦးမော့လာခဲ့ပြီး ကုန်ပစ္စည်းရှားပါးလာသော စားတော်ပဲသည် စက်တင်ဘာလဆန်းပိုင်းတွင် မြန်မာစားတော်ပဲတစ်အိတ် ၇၅၀၀၀ ကျပ်၊ တရုတ်စားတော်ပဲတစ်အိတ် ၆၃၀၀၀ ကျပ် ဈေး

များအထိဖြစ်လာပြီး ဈေးနှုန်းဆက်လက်မြင့်တက်သွားရန်ရှိကြောင်း ပဲမျိုးစုံပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ စက်တင်ဘာလ ၆ ရက်နေ့အထိ ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံဈေးနှုန်း အသီးသီးမှာ ပဲစင်းငုံတစ်တန်လျှင် ၃၁၅၀၀၀ ကျပ်၊ မတ်ပဲလက်ငင်းတစ်အိတ်လျှင် ၇၂၀၀၀ ကျပ်၊ ပဲတီစိမ်း ဝါးခယ်မ ၇၃၀၀၀ ကျပ်၊ ပဲကြီးလက်ရွေးသန့် ၇၅၀၀၀ ကျပ်၊ ပဲကြီး (ရိုင်း) ၇၀၀၀၀ ကျပ်၊ ပဲနီပြား ၄၀၀၀၀ ကျပ်၊ ပဲထောပတ် ၄၅၀၀၀ ကျပ်၊ ဘိုကိတ် ၃၆၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၅၀၀၀၀ ကျပ်၊ ပဲလွန်းနီ ၃၆၀၀၀ ကျပ်နှင့် မြေပဲဆန်နီ ၁၅၀၀ ကျပ်၊ အဖြူ ၁၂၅၀ ကျပ်တို့ဖြစ်သည်။ ဩဂုတ်လတစ်လလုံးတွင် မတ်ပဲတစ်မျိုးသာ သုံးတင်းဝင်တစ်အိတ်လျှင် ၁၀၀၀ ကျပ် နီးပါးအထိ ဈေးမြင့်တက်ခဲ့သည်ဟု စုံစမ်းသိရှိရသည်။



## ငရုတ် ၊ အာလူး ၊ ကြက်သွန်

ပျော်ဘွယ်မှ ငရုတ်များ နောက်လတွင် ဝင်လာရန်ရှိသော်လည်း ရာသီဥတုကြောင့် အပျက်အစီးများခြင်းနှင့် စိုက်ပျိုးမှုနည်းခဲ့ခြင်းတို့ကြောင့် ဈေးကျရန်မရှိကြောင်း ငရုတ်ပွဲရုံလုပ်ငန်းရှင်တို့က ပြောကြားသည်။ ဈေးကွက်အတွင်းတွင် ကျောက်ဆည်ထွက် မိုးထောင်ငရုတ်မှာ ပစ္စည်းကုန်သလောက်ဖြစ်နေပြီး ဈေးနှုန်းမှာ တစ်ပိဿာ ၂၆၀၀ ကျပ်ဝန်းကျင် ရှိသည်။ ငရုတ်ပွ (စိမ်းစား)မှာလည်း ပစ္စည်းကုန်သလောက်ဖြစ်နေပြီး တစ်ပိဿာ ၄၀၀၀၊ ၄၂၀၀ ကျပ်ဈေးရှိသည်။ ငရုတ်ရှည်ဈေးနှုန်းမှာ တစ်ပိဿာ ၂၅၀၀ ကျပ်မှ ၃၅၀၀ ကျပ်အတွင်း ရှိသည်။

အခြေခံစားသောက်ကုန်များတွင် ဈေးအသက်သာဆုံးဟုဆိုနိုင်သာ အာလူးမှာ တစ်ပိဿာလျှင် ၁၉၀ ကျပ်မှ ၃၈၀ ကျပ်ဈေးရှိပြီး ပုံမှန်အရောင်းအဝယ်ရှိသည်ဟု စုံစမ်းသိရှိရသည်။

နယ်စပ်လမ်းကြောင်းမှ တရားဝင်တင်ပို့ခွင့်ပြုနေခြင်းကြောင့် ကြက်သွန်နီအရွယ်စုံကို အိမ်နီးချင်းနိုင်ငံများမှ ဝယ်ယူသဖြင့် ဈေးကွက်အတွင်းတွင် ကြက်သွန်နီပိုမိုရှားပါးလာခဲ့သည်။ လက်ရှိသတ်မှတ်ချက်အရ ရောင်းချနေသောဈေးနှုန်းမှာ တစ်ပိဿာလျှင် ၅၇၅ ကျပ်မှ ၆၉၅ ကျပ်အတွင်းဖြစ်ရာ ယင်းဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်စရိတ်တို့ကို စုပေါင်းတွက်ချက်လျှင် တောင်သူအတွက် အမြတ်အစွန်းမရှိသောဈေးဖြစ်နေသည်။

တောင်ပေါ်ဒေသတွင်ပင် ပစ္စည်းရှားပါးနေသော ကြက်သွန်ဖြူ(ရှမ်းသီး)မှာ တစ်ပိဿာလျှင် ၁၅၅၀ ကျပ်မှ ၂၀၀၀ ကျပ်ဝန်းကျင်ဈေးရှိပြီး ယခုလအတွင်း ဘုရင့်နောင်ပွဲရုံသို့ ပစ္စည်းဝင်ရောက်မှုနည်းပါးသည်ဟု စုံစမ်းသိရှိရသည်။

အထက်ပါအခြေအနေများကို ခြုံငုံသုံးသပ်လျှင် သူ့သဘောသူဆောင်သော ဈေးကွက်ကို အခြေအနေအရ ဈေးနှုန်းသတ်မှတ်ထိန်းသိမ်းခြင်းများ ပြုလုပ်ရောင်းချနေရသည်ကို တွေ့ရသည်။

**သန်းထိုက်သူ ၊ သစ်ထွန်း**

■

www.foreverspace.com.mm

www.foreverspace.com.mm



ဤကဏ္ဍတွင် .....

၈၄ စက်မှုလုပ်ငန်းများနှင့် ကာလတိုအတွင်း စီးပွားရေးဖွံ့ဖြိုးမှု
၈၆ ၂၁ ရာစု ကမ္ဘာ့ပြဿနာ၊ မြန်မာ့ပြဿနာ
၈၉ ရေစီးရေလာဂျီဒီပီ
၀၀ အာမခံစနစ်လိုအပ်ချက်

# စက်မှုလုပ်ငန်းများနှင့် ကာလတိုအတွင်း စီးပွားရေးဖွံ့ဖြိုးမှု

အဂ္ဂ

**မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း လက်ရှိကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေ အထူးသဖြင့် ယနေ့ခေတ် စက်မှုနည်းပညာဆိုင်ရာအခြေအနေများနှင့်ပတ်သက်ပြီး မည်ရွေ့မည်မျှ လက်တွေ့အသုံးချနိုင်စွမ်း ရှိ၊မရှိဆိုသည်မှာ ကာလတိုအတွင်း စီးပွားရေးဖွံ့ဖြိုးမှု (ခုန်ပျံကျော်လွှား) မဟာဗျူဟာတစ်ရပ်ဖြစ်လိမ့်မည်ဟု စီးပွားရေး ပညာရှင်တစ်ဦးက ဆိုသည်။**



ကာလတိုအတွင်း မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပညာရေးနှင့် စက်မှုနည်းပညာသင်ကြားလေ့လာမှုသည် မရှိမဖြစ်လိုအပ်သည်ဟု ၎င်းက ဆိုသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နိုင်ငံများအဖို့ အခွင့်အလမ်းတစ်ရပ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နှစ်ပေါင်းများစွာကျော်ဖြတ်ခဲ့ရသည့်အတွေ့အကြုံအချို့နှင့် အသိပညာများကို ကာလတိုအတွင်း တစ်ပြိုင်နက်ရယူနိုင်သောကြောင့်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ဖြစ်ထွန်းလျက်ရှိသည့် သတင်းနည်းပညာခေတ်တွင် စက်မှုဖွံ့ဖြိုးရေးအတွက် ယခင်စက်မှုဖွံ့ဖြိုးရေးလမ်းကြောင်းများကို မလွဲမသွေ ကျင့်သုံးရန် မလိုအပ်တော့ခြင်းပင်ဖြစ်သည်။

www.foreverspace.com.mm



မြန်မာ့စက်မှုနည်းပညာနှင့် လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နည်းပညာအဆင့်ကိုလိုက်၍ အသုံးပြုရာတွင် ရှိရင်းစွဲအရင်းအမြစ်များကိုကြည့်၍ ဖန်တီးရမည်ဖြစ်သည်။ ပထမဦးစွာ လက်ရှိထုတ်လုပ်နိုင်သော ထုတ်ကုန်ပစ္စည်းများ၏ ဈေးကွက်အတွင်း ပြိုင်ဆိုင်နိုင်သော ဈေးနှုန်းကို အခြေခံရမည်ဟု စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။ နောက်တစ်ဆင့်တွင်ခေတ်မီနည်းပညာများကို အသုံးပြုသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာသည်နှင့်အမျှ စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု အရည်အသွေးအတွက် အလုပ်သမားများ၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်စွာ အသုံးပြုလာနိုင်ရေးပင် ဖြစ်သည်။ နောက်ဆုံးအဆင့်မှာ နိုင်ငံကိုယ်စားပြု တီထွင်ထုတ်လုပ်သော စက်မှုနည်းပညာနှင့် ပိုမိုအဆင့်တန်းမြင့်သော ထွက်ကုန်များထုတ်လုပ်လာနိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိစက်မှုကုန်ထုတ်လုပ်ငန်းများ၏အခြေအနေသည် ဖွံ့ဖြိုးမှု၏ အစပျိုးအဆင့်တွင် ရှိနေသေးသည်မှန်သော်လည်း လုပ်အားအင်အားစုများကို အခြေခံအသုံးပြုရသော နည်းပညာ၊ စက်ရုံများဖြင့်သာ တွယ်ကပ်မနေသင့်ကြောင်း လေ့လာသူတစ်ဦးက ဆိုသည်။ ဆိုလိုသည်မှာ ကျွမ်းကျင်မှုအရည်အသွေးနှင့် စက်မှုနည်းပညာသစ်များရရှိအောင် ကြံဆောင်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းသစ်များ ထူထောင်သွားရန်ပင်ဖြစ်သည်။ လက်ရှိကာလတွင် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကဲ့သို့ အစဉ်အလာလုပ်ငန်းများဖြင့် စတင်သကဲ့သို့ တစ်ပြိုင်နက်တည်းမှာပင် နည်းပညာအရ ပို၍မြင့်မားသော တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semi-conductor) လုပ်ငန်းများကဲ့သို့ ခေတ်မီစက်မှုလုပ်ငန်းများကိုလည်း စတင်ထားနိုင်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံသား စီးပွားရေးပညာရှင်တစ်ဦးကမူ အနာဂတ်တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယနေ့အချိန်တွင် သတင်းနည်းပညာလုပ်ငန်းများဖြင့်သာ လုပ်ဆောင်သွားရန်သင့်သည်ဟု ၎င်း၏အမြင်ကို ပြောကြားသည်။ မြန်မာနိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများကိုကြည့်ပါက အသေအချာလေ့ကျင့်ထားသည့်အလုပ်သမားများဖြစ်ပြီး အားသာချက်တစ်ရပ်အနေဖြင့် စက်ပစ္စည်းများကို ပြန်လည်ပြင်ဆင်သုံးစွဲတတ်သော မွေးရာပါ ဉာဏ်ရည်များနှင့် ပေါင်းစပ်မည်ဆိုပါက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အလုပ်သမားအင်အားစု ရရှိလာနိုင်သည်ဟု အကဲခတ်သူတစ်ဦးက ဆိုသည်။

ဤနေရာတွင် ဒေသတွင်းနိုင်ငံတစ်ခုဖြစ်သည့် စင်ကာပူနိုင်ငံသည် နမူနာကောင်းတစ်ခုပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စင်ကာပူသည် သတင်းနည်းပညာနယ်ပယ်အတွင်းသို့ လွန်ခဲ့သော ၁၅ နှစ်တာကာလအတွင်း ဝင်ရောက်ခဲ့ပြီး နိုင်ငံ၏ အခြေခံစက်မှုလုပ်ငန်းအခြေအနေမှ လုံးဝအောင်မြင်သော စက်မှုလုပ်ငန်းအခြေအနေသို့ ရောက်ရှိအောင် ဖန်တီးနိုင်ခဲ့သည်ဟု အရှေ့တောင်အာရှရေးရာ စီးပွားရေးလေ့လာသူများက ဆိုသည်။ စင်ကာပူနိုင်ငံအနေဖြင့် ၁၉၇၀ ပြည့်လွန်နှစ်များကပင် သမားရိုးကျစက်မှုထွက်ကုန်များ ထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုတွင် အသာစီးမရရှိနိုင်ဟူသော အခြေအနေကို သဘောပေါက်သည်နှင့် အညီ လူသားအရင်းအမြစ်၊ သယံဇာတနှင့် ပြည်ပဈေးကွက်သေးငယ်ခြင်း စသည့် အခြေအနေများကိုတွက်ဆပြီး သတင်းနည်းပညာကဲ့သို့ နည်းပညာနယ်ပယ်အသစ်တွင် အခြေချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ကံကောင်းမှု တစ်ရပ်မှာ ပေါကြွယ်ဝသော သယံဇာတများကြောင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကိုအပြန့်ကျယ်ကျယ်ဖြင့် တစ်ပြိုင်နက်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးဟူသည်ကား တရားသေသဘောမရှိသောကြောင့်ပင် ဖြစ်သည်။ အထူးသဖြင့် ပထဝီအနေအထားနှင့် ပြည်တွင်းဈေးကွက်ပမာဏအရပါ အချက်အချာကျသည်ဟု ဆိုရမည် ဖြစ်သည်။

ယခုအခါ မြန်မာ့စက်မှုလုပ်ငန်းကဏ္ဍ၏ အချို့သော ခေတ်မီစက်မှုလုပ်ငန်းများတွင် Micro Processor ကွန်ပျူတာချစ်(ပ်စ်)နှင့် ကွန်ပျူတာနည်းပညာများ စတင်အသုံးပြုနေပြီဖြစ်သည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်လုပ်ကိုင်မည်ဆိုပါက အဆိုပါ နည်းပညာဖြင့် စတင်နိုင်ရန် ကြိုးပမ်းသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် သစ်နှင့်သံဖြတ်တွင်ခုံလုပ်ငန်းမျိုး၌ပင် မိုက္ကရို ပရိုဆက်ဆာများ တပ်ဆင်အသုံးပြုနေကြပြီး သတင်းနည်းပညာကဏ္ဍ၏ ကွန်ပျူတာပရိုဂရမ်များကို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင် ထုတ်လုပ်နေသည်ဟု အာရှဖွံ့ဖြိုးရေးအစီရင်ခံစာတစ်ခုတွင် ရေးသားခဲ့သည်။

သို့ဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းများအရ နှစ်ပေါင်းရာချီဖြတ်သန်းခဲ့ကြရသော အခြေအနေများကို ချုံ့၍ကာလတိုအတွင်း လိုအပ်သောအရင်းအမြစ်များ ဥပမာ–ပညာရေးနှင့် စက်မှုနည်းပညာများ သင်ကြားလေ့လာမှုမှသည် နိုင်ငံမှ မဟာဗျူဟာမြောက် ပံ့ပိုးကူညီမှုလုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် သမားရိုးကျစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အချိန်ယူစောင့်ဆိုင်းမှုများမပြုလုပ်သင့်တော့ဟူ၍ စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

**အဂ္ဂ**

■

www.foreverspace.com.mm



# ၂၁ ရာစု ကမ္ဘာ့ပြဿနာ မြန်မာ့ပြဿနာ

ထင်အောင်ကျော်

**၂၁ ရာစုအတွက် ကမ္ဘာကြီးဆိုင်ရာ ရှုမြင်ချက်များတွင် သဘာဝပတ်ဝန်းကျင်ရေးရာသည် အဓိကတစ်နေရာမှ ပါဝင်လာတော့မည်ဖြစ်သည်။**

မကြာသေးမီက အင်္ဂလိပ်ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းတစ်ခုတွင် အင်္ဂလိပ်စာဖတ်စွမ်းရည် တိုးတက်ရေးလေ့ကျင့်ခန်းအဖြစ် ကမ္ဘာ့အရေးအရာကိစ္စရပ်များအကြောင်းကို ဖတ်ရှုကြရသည်။ ယင်းတွင် Global Thinking in the 21st Century ဆိုသော စာတမ်းငယ်တစ်စောင်ပါလာသည်။ သည်တွင် သင်တန်းဆရာက သင်တန်းသားများကို ၂၁ ရာစုကမ္ဘာကြီးအတွက် အရေးကြီးသောအန္တရာယ်က ဘာလဲဟု Brain Storming လုပ်ခိုင်းသည်။

သင်တန်းသားများက ကမ္ဘာကြီးအတွက် အဓိကအန္တရာယ်ဖြစ်နိုင်မည့်ကိစ္စရပ်များကို တွေးဆကြသည်။ စဉ်းစားကြည့်ကြသည်။ ဒဗလျူအမ်ဒီ (WMD: Weapons of Mass Destruction) ခေါ် အဖျက်စွမ်းအားကြီး လက်နက်များလေလား။ မဟုတ်ပါ။ အကြမ်းဖက်မှုအန္တရာယ်လား။ သည်အန္တရာယ်ကလည်း တစ်ကမ္ဘာလုံးအထိ ဒုက္ခရောက်လောက်အောင်ထက် ကမ္ဘာ့တစ်နေရာရာမှသာ စပြီးဖြစ်ဖို့များသည်။ ခွဲထွက်ရေးစစ်ပွဲများလား။ ထိုစစ်ပွဲများကလည်း ဒေသန္တရပဋိပက္ခများသာဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အတိဒုက္ခရောက်လောက်အောင် အန္တရာယ်ပေးနိုင်သည်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများပင် ဖြစ်တော့သည်။ သည်အကြောင်းကို အဆိုပါ စာတမ်းငယ်မှာ ဖော်ပြထားသည်။

စင်စစ် ယနေ့ကမ္ဘာကြီး၏အနေ

www.foreverspace.com.mm

အထားသည် လျင်မြန်စွာပြောင်းလဲလျက်ရှိသည်။ မကြာသေးသော အတိတ်တစ်ချိန်ကအထိ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့ဘာသာ သီးခြားရပ်တည်၊ သီးခြားလုပ်ဆောင်နိုင်ခဲ့ကြသည်။ မိမိနိုင်ငံစီးပွားရေးကို မိမိဘာသာလုပ်၊ မိမိနိုင်ငံ့ပြဿနာများကို မိမိဘာသာရှင်းဖို့ကြိုးစားခဲ့ကြသည်။

သို့ရာတွင် သည်ကနေ့ အနေအထားများက ထိုကဲ့သို့မဟုတ်တော့ပါ။ တစ်ကမ္ဘာလုံးယှက်နွယ်နေသော စီးပွားရေးပုံသဏ္ဍာန်နှင့် ဆက်သွယ်ရေးနည်းပညာ၏ အံ့မခန်းဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် ကမ္ဘာအဝန်းပြည်သူများ၏အတွေးအမြင်များသည် အတိတ်ကနှင့်မတူ ခြားနားစွာပင်ပြောင်းလဲလာသည်။ ပြဿနာအတော်များများသည်လည်း ယခင်ကလို နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်စည်းအတွင်းမှာပဲ စည်းခတ်ခံထားရသလို တည်ရှိနေခြင်းမျိုးမဟုတ်တော့ဘဲ တစ်ကမ္ဘာလုံးနှင့် ဆက်စပ်ပတ်သက်နေသောပြဿနာများဖြစ်လာသည်။ ထို့ကြောင့် အဆိုပါပြဿနာများကို နိုင်ငံတစ်နိုင်ငံချင်းက မိမိတို့ဘာသာ ဖြေရှင်းဖို့ဆိုသည်မှာလည်း မဖြစ်နိုင်တော့ပါ။

၂၁ ရာစုအတွက် ဆိုခဲ့ပါပြဿနာရပ်များထဲတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာနေခြင်းက အဓိကတစ်ခုအဖြစ် ပါဝင်နေသည်။ ယခုဆိုကမ္ဘာ့လူဦးရေက သန်းခြောက်ထောင်ကျော်သွားပြီ။ တစ်ချိန်တည်းမှာ နည်းပညာများကလည်း ယခင် ဘယ်တုန်းကနှင့်မှ မတူအောင်ကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သည်မှာ ခံစားနေရသည်က သဘာဝပတ်ဝန်းကျင်ပင်ဖြစ်သည်။ သာဓကအဖြစ် သည်နှစ် မြန်မာနိုင်ငံ မိုးရာသီကိုပဲကြည့်ပါ။ နေရာအတော်များများမှာပင် မိုးရေချိန်တွေ စံချိန်ချိုးခဲ့သည်။ မြေလတ်ဒေသကျောင်းတော်ရာမှ ပြန်လာသူတစ်ဦးက သူတို့၏ မိုးပါးရေရှားရပ်ဝန်းမှာပင် သည်နှစ်တော့ ရက်ဆက်မိုးရွာသွန်းနေကြောင်း ပြောပြသည်။ ကြံခင်းဒေသတစ်ဝိုက် ရေကြီးခဲ့သလို ပင်ကိုယ်အားဖြင့် မိုးများလေ့ရှိသော ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲကဲ့သို့မြို့များတွင်လည်း ယခင်ကနှင့်မတူ မြို့ထဲရေဝင်ခဲ့သည်။ သည်ဖြစ်စဉ်များက ဒေသတွင်း သဘာဝပတ်ဝန်းကျင် ချိန်ခွင်လျှာပျက်အောင် လုပ်ဆောင်မှုများကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သလို မိမိတို့ဘာမှ မတတ်နိုင်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကြောင့်လည်း ဖြစ်နိုင်သည်။

မြစ်ချောင်းများ၏ ရေဝေရေလဲ နေရာများမှ တောများကို မဆင်မခြင်ခုတ်ယူသုံးစွဲမှုများကြောင့် မိုးကြီးသောအခါ ပြောင်တလင်းခါနေသောမြေပြင်မှ မြေသားများသည် မြစ်ချောင်းများထဲ မိုးရေနှင့်အတူစီးပါလာတတ်သည်။ ထိုအခါ မြစ်ချောင်းကြမ်းပြင်မြင့်တက်လာသည်။ သည်မှာပင် မိုးကြီး၍ မြစ်ရေချောင်းရေကလည်း မြင့်တက်လာရာ မြစ်ရေလျှံ၊ ချောင်းရေလျှံဖြစ်လာတော့သည်။


သို့သော် ယခုက ထို့ထက်ပိုလာသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုများကြောင့် အယ်လ်နီညိုနှင့် လာနီညာခေါ် ရေပူရေအေးစီးကြောင်းများ အပြောင်းအလဲဖြစ်ပြီး တစ်ကမ္ဘာလုံးပင် ရာသီဥတုဖောက်ပြန်မှုများကို ရင်ဆိုင်နေရသည်။ မကြာသေးမီကပင် ဥရောပတိုက်နေရာအချို့တွင် အပူလှိုင်းဖြတ်မှုကြောင့် လူအသေအပျောက်ရှိခဲ့သည်။ လူတွေ အပူသက်သာအောင် ရေပန်းများအောက်ဝင်ခိုရသော အခြေဆိုက်ခဲ့သည်။

သည်လို သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းအကြောင်းကို ၁၉၈၀ ပြည့်လွန်ဆန်းစကာလကစပြီး တက်ကြွလှုပ်ရှားသူများက တစ်ကမ္ဘာလုံး သတိထားမိလာအောင် ပုံစံအမျိုးမျိုးဖြင့် ဆော်ဩခဲ့ကြသည်။ ပထမတော့ အရင်းရှင်လုပ်ငန်းကြီးများကရော၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျားကုတ်ကျားခဲလုံးပန်းနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများကပါ သူတို့ဆော်ဩမှုကို လျစ်လျူရှုခဲ့ကြသည်။ မကြာခဏဆိုသလို ထိုသို့တက်ကြွလှုပ်ရှားသူများအား အသက်အန္တရာယ်ပေးခြင်းမျိုး အထိ ရှိခဲ့သည်။

သို့သော် သဘာဝတရားကြီးကမူ အလွန်အကျွံလုပ်ရပ်များကို ဆက်ပြီးသည်းမခံနိုင်တော့ပါ။ မကြာမတင်မှာပင် ကမ္ဘာနှင့်အဝန်း သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးလာနေသည်ကို မျက်ဝါးထင်ထင်တွေ့လာကြရသည်။ ပြဿနာများက လေထု၊ ရေထုညစ်ညမ်းမှုများ၊ ကမ္ဘာမြေ ပူနွေးလာမှုများ၊ ရာသီဥတုဖောက်ပြန်မှုများနှင့် အိုဇုန်းလွှာပေါက်ခြင်းများ စသည်တို့ဖြစ်သည်။ သည်ပြဿနာများက မိမိနိုင်ငံမှလုပ်ဆောင်ခြင်းကြောင့် ဖြစ်လာခြင်း မဟုတ်စေကာမူ ကမ္ဘာ့လေထု၊ သမုဒ္ဒရာထုတို့ကို စည်းခြားမရကောင်းရကား ဆိုးကျိုးများကို နည်းများမဟူ ခံစားကြရမည်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် သည်သဘာဝ ပတ်ဝန်းကျင်ယိုယွင်းမှုပြဿနာကို ကမ္ဘာကြီးဆိုင်ရာရှုမြင်ချက်ဖြင့် စဉ်းစားအဖြေရှာရမည်ဟု စာတမ်းငယ်က ဆိုထားခြင်း ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပြဿနာရပ်များက ကမ္ဘာကြီးတစ်ခုလုံး ယှက်နွယ်ပတ်သက်နေပုံကိုသမုဒ္ဒရာများဖြင့် အကောင်းဆုံးဥပမာပြနိုင်သည်။ ကမ္ဘာပေါ်ရှိသမုဒ္ဒရာရေထုသည် တစ်သားတည်းဖြစ်သည်။ ညစ်ညမ်းမှုက စဖြစ်သောနေရာမှာပဲ စုပြုံမနေပါ။ ကမ္ဘာ့တစ်နေရာရှိ မြစ်တစ်မြစ်၊ ဆိပ်ကမ်းတစ်ခုမှထွက်ရှိလာသော ညစ်ညမ်းပစ္စည်းများ၊ အဆိပ်ဓာတ်များသည် သမုဒ္ဒရာရေထုတစ်ခုလုံးသို့ ပျံ့နှံ့သွားသည်သာဖြစ်သည်။

ပင်လယ်သမုဒ္ဒရာများထဲသို့ လူတွေကစွန့်ပစ်ပစ္စည်းများကို ရာစုနှစ်များချီပြီး စွန့်ပစ်နေခဲ့ကြသည်။ မြို့ကြီးအများအပြားသည် အမှိုက်သရိုက်တန်ပေါင်းများစွာကို ပင်လယ်ထဲစွန့်ပစ်နေခြင်းမှာ

www.foreverspace.com.mm



**လေထုညစ်ညမ်းမှုအတွက် ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့များကို ဖွံ့ဖြိုးပြီးနိုင်ငံများက ထိန်းချုပ်ဖို့ ကြိုးစားလာသည်**

လုပ်ရိုးလုပ်စဉ်တစ်ရပ်သာဖြစ်သည်။ သို့သော် ထိုသို့ စွန့်ပစ်နေမှုပမာဏ ကိန်းဂဏန်းများကို လေ့လာကြည့်မည်ဆိုလျှင်မူ မည်မျှကြောက်စရာကောင်းကြောင်း သတိထားမိလာပေမည်။ ပလတ်စတစ်အိတ်နှင့် ဘူးခွံများစွန့်ပစ်မှုပမာဏကိုပဲ ကြည့်ပါ။ ကမ္ဘာတစ်ဝန်း ပလတ်စတစ်အိတ်နှင့် ဘူးခွံပေါင်းငါးသန်းကို နေ့စဉ်စွန့်ပစ်လျက်ရှိသည်။ ထို့ပြင် အဆိပ် ပစ္စည်းအမြောက်အမြားကိုလည်း ပင် လယ်ထဲသို့ စွန့်ပစ်ခဲ့ကြသည်။ ယင်းတို့ထဲ တွင် လူ့မစင်နှင့် စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများပါ အပါအဝင်ဖြစ်သည်။ နောက်ပြီး နှစ်စဉ်ပင် ရေနံတင်သင်္ဘောကြီးများ မတော်တဆ တစ်ခုခုဖြစ်ပြီး ရေနံဂါလန်သန်းပေါင်းများစွာ သမုဒ္ဒရာရေထုထဲ ဖိတ်ကျလေ့ရှိသည်။

သမုဒ္ဒရာကြီးများဟူသည် ကြီးမားလွန်းရကား အညစ်အကြေးများနှင့် အဆိပ်ဓာတ်များသည် အလိုအလျောက်ပျက်ပြယ်သွားလိမ့်မည်ဟု အချို့က ယူဆတတ်သည်။ သို့ရာတွင် ပလတ်စတစ်နှင့်ဓာတုပစ္စည်းအချို့သည် ရေထဲတွင် ကာလတာရှည် တည်ရှိနေနိုင်ပြီး ယင်းတို့ကြောင့်ပင် အန္တရာယ်များဖြစ်လာရသည်။ အဆိုပါအဆိပ်ပစ္စည်းများသည် နောက်ဆုံးတွင် ကမ်းခြေဆီရိုက်ပုတ်လာသော လှိုင်းများနှင့်အတူ ပါရှိလာတော့သည်။ ယင်းတို့ကို ရေသတ္တဝါငယ်များက စားမိပြီး အဆိပ်သင့်သေဆုံးကုန်သည်။ ယင်းတို့ကို တစ်ဖန်ငါးကြီးများက စားမိပြီး ၎င်းတို့သည်လည်း အဆိပ်သင့်သေဆုံးရပြန်သည်။ သည်ပုံဖြင့် ကမ္ဘာတစ်ဝန်း ဆိပ်ကမ်းနှင့်ကမ်းခြေနေရာများသည် လူတို့အတွက် အန္တရာယ်မကင်းသည့်နေရာများ ဖြစ်လာတော့သည်။ သမုဒ္ဒရာ ရေထုညစ်ညမ်းမှု၏ အခြားမြင်သာသောဆိုးကျိုးတစ်ရပ်မှာ ငါးကောင်ရေ လျင်မြန်စွာကျဆင်းလာနေခြင်းပင်ဖြစ်သည်။

ပြည်တွင်းမှာဆိုလျှင်လည်း ဧရာဝတီကဲ့သို့ အဓိကမြစ်ကြီးများထဲသို့ မြစ်ကမ်းနံဘေးရှိမြို့ရွာများက အမှိုက်ပစ်စရာအဖြစ်သဘောထားပြီး စွန့်ပစ်ပစ္စည်းတွေ စွန့်ပစ်နေကြသည်ကို မြစ်ကြောင်းတစ်လျှောက်မတွေ့ချင်၊ မမြင်ချင်မှအဆုံးပါ။ သည်အလေ့အထများကို စနစ်တကျထိန်းချုပ်ရန်လိုအပ်နေပေပြီ။

အရေးကြီးသည်က မိမိတို့၏သဘာဝသယံဇာတများကို မိမိတို့က ဥစ္စာရင်လို ဥစ္စာရင်ခဲ ထိန်းသိမ်းစောင့်ရှောက်ဖို့ပင်ဖြစ်သည်။ ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ ပီကင်းမှ ပြန်လည်ရောက်ရှိလာသော သံတမန်တစ်ဦးက ပီကင်းမြို့တော်ကြီး၏ အံ့မခန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ယင်း၏ အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်နေသော ဆောက်လုပ်ရေးလုပ်ငန်းများတွင် မြန်မာ့ကျွန်းနှင့် အခြားသစ်မာများစွာကို အခြေတည်ကာ ဆောက်လုပ်နေကြောင်း ပြောပြသည်။ ယင်းမှာ သဘာဝတရားကြီးက မိမိတို့နိုင်ငံအား ပေးအပ်ထားသော အားသာချက်ပင်ဖြစ်သည်။ သည်အားသာချက်ကို ဂုဏ်ယူရမည်ဖြစ်သလို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်လည်း ရှိပြီးသား သစ်တောများကို စနစ်တကျ ပြုစုပျိုးထောင် ထိန်းသိမ်းရပေမည်။

တစ်ဖက်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်လုပ်ဆောင်ရာ၌ ပါဝင်ဖို့လည်း လိုအပ်သည်။ ဥပမာ–လေထုညစ်ညမ်းမှုအတွက် အဓိကဓာတ်ငွေ့တစ်မျိုးဖြစ်သော ကလိုရိုဖလူရိုကာဗွန်ခေါ် စီအက်ဖ်စီဓာတ်ငွေ့များကို ဖွံ့ဖြိုးပြီးနိုင်ငံများက ထိန်းချုပ်ဖို့ ကြိုးစားလာသည်။ ထိန်းလည်း ထိန်းချုပ်ခဲ့ကြသည်။ ရလဒ်အဖြစ် ကမ္ဘာမြေကို ကာကွယ်ထားသော အိုဇုန်းလွှာတွင် အပေါက်ဖြစ်နေမှုများ ပြန်စေ့သွားခဲ့သည်။ သည်အောင်မြင်မှုမှာ နိုင်ငံတစ်နိုင်ငံတည်း၏လုပ်ဆောင်မှုကြောင့် မဟုတ်ပါ။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စုပေါင်းလုပ်ဆောင်မှုကြောင့်ဖြစ်သည်။

ထိုအချက်ကို သင်ခန်းစာယူရပေမည်။ တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာများကို အားလုံးက ဝိုင်းဝန်းဖြေရှင်းမှသာ အောင်မြင်နိုင်ပေမည်။ သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ရှုမြင်ချက်ကို နိုင်ငံတိုင်းက လက်ခံရှုမြင်ကြရန်လိုအပ်ပါသည်။

**ထင်အောင်ကျော်**


www.foreverspace.com.mm

**ရေစီးရေလာကောင်းလျှင် ခြင်မဝပ်တော့ပါ။ တစ်နေရာရာတွင်ရေအိုင်နေလျှင် ရေစီးရေလာကောင်းအောင် ပြုပြင်ရစမြဲဖြစ်သည်။ တိုင်းပြည်တစ်ပြည်၏ တိုင်းပြည်ဝင်ငွေလည်ပတ်စီးဆင်းမှုသဘောတရားကိုလည်း ယင်းအတိုင်းကြည့်နိုင်ပါသည်။ တိုင်းပြည်ဝင်ငွေစီးဆင်းမှုပုံမှန်လည်ပတ်နိုင်စေရန်အတွက် ပေါ်လစီချမှတ်လုပ်ကိုင်ဆောင်ရွက်နေသူများအဖို့ အမြဲလုပ်ဆောင်နေရသောသဘော ရှိပါသည်။ ရေစီးရေလာကောင်းနေသရွေ့ ပုံမှန်လည်ပတ်စီးဆင်းမှုရှိမည်ဖြစ်သော်လည်း ရေစီးရေလာသည် တစ်နေရာရာတွင် Bottleneck သဘောမျိုး တစ်ဆို့နေမည်ဆိုပါက လည်ပတ်မှုမှန်အောင်လုပ်ဆောင်ရစမြဲဖြစ်သည်။ မည်သည့်အချိန်တွင် လုပ်ကိုင်ရမည်ဆိုသည်ကား မဖြစ်မီအချိန်နှင့် ဖြစ်လာနိုင်မည့်အချိန်တွင် လုပ်ကိုင်ခြင်းသည်အကောင်းဆုံးဖြစ်သည်။ ကာကွယ်ခြင်းသည်ကုသခြင်းထက် ပိုမိုကောင်းသည်ဆိုသည်ကား ဆေးပညာအတွက်သာမဟုတ်တော့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ပါလာသည်။ စီးပွားရေးပြဿနာများကိုရှင်းလင်းခြင်းထက် ရေစီးရေလာကောင်းအောင် ကြိုတင်ချမှတ်လုပ်ကိုင်ခြင်းက ပိုကောင်းသည်။**

# ရေစီးရေလာ ဂျီဒီပီ

ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

စီးပွားရေးပေါ်လစီများတွင် အဓိကအားဖြင့် ပေါ်လစီနှစ်မျိုးချမှတ် ကျင့်သုံးလေ့ ရှိပါသည်။ ပထမတစ်ခုမှာ စီးပွားရေးပြဿနာများ ဖြစ်ပေါ်လာမှုအပေါ်အခြေခံချမှတ်သည့် ပေါ်လစီများ ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ ဖြစ်လာမည့် စီးပွားရေးပြဿနာများအပေါ် ကြိုတင် ကာကွယ်ထားပြီး ယင်းပြဿနာများကို ကျော်လွှား၍ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သည့် ပေါ်လစီများဖြစ်သည်။ ပထမပေါ်လစီမျိုးသည် အစားထိုးခြင်း သို့မဟုတ် ကုသခြင်းသဘောမျိုး Replacement Policy များဖြစ်ပြီး၊ ဒုတိယအမျိုးအစားသည် Recruitment Policy များသာဖြစ်သည်။ ဒုတိယအမျိုးအစားပေါ်လစီများကို ဖွံ့ဖြိုးတိုးတက်မှု ပေါ်လစီ (Development Policy) များဟုလည်း ခေါ်ကြသည်။ နိုင်ငံတစ်နိုင်ငံ အနေဖြင့် ထိုပေါ်လစီများကို ချမှတ် ကျင့်သုံးလုပ်ဆောင်ရာတွင် အလေးပေးပုံချင်းသည် အခြေအနေအရ မတူကြသောသဘောရှိသည်။ ပထမအမျိုးအစားပေါ်လစီ များလေလေ ဒုတိယအမျိုးအစားပေါ်လစီ ကျင့်သုံးရန်အတွက် အခက်အခဲရှိလေလေ ဖြစ်သည်။ ဒုတိယ အမျိုးအစားပေါ်လစီကို ကျင့်သုံးနေပြီဆိုပါက ပထမအမျိုးအစားအတွက် ခက်ခက်ခဲခဲ လုပ်ဆောင်စရာမလိုသောအနေအထားမျိုးများ ရှိတတ်ကြပါသည်။





တိုင်းပြည်တိုင်းတွင် သူတို့နှင့်သက်ဆိုင်သော အမျိုးသားငွေကြေး (National Currency) ရှိကြသည်။ ထိုတိုင်းပြည်၏ National Currency သည် ထိုတိုင်းပြည်အတွင်း နေရာအနှံ့စီးဆင်းနိုင်သည်။ ငွေကြေးလည်ပတ်စီးဆင်းမှုမှန်ကန်၊ မြန်ဆန်လာသည်နှင့်အမျှ စီးပွားရေးလုပ်ဆောင်ချက်များလည်း မှန်ကန်၊ မြန်ဆန်လာပါသည်။ များသောအားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ငွေကြေးများအိုင်နေလျှင် စီးပွားရေးစီးဆင်းမှု အခက်အခဲ ရှိလာမည်ဖြစ်သည်။ အစိုးရထံတွင် ငွေကြေးများအိုင်နေလျှင်ဆိုသော အနေအထားကားမရှိနိုင်ပါ။ ရှိနေလျှင်လည်း အိုင်သည်ဟုပြော၍မရပါ။ အကြောင်းမှာ အစိုးရသည် ငွေကြေးပမာဏ (Money Supply) ကို ချုပ်ကိုင်ထားသူဖြစ်သည်။ အစိုးရ

www.foreverspace.com.mm

သည့် ငွေကြေးလည်ပတ်စီးဆင်းမှုလမ်းကြောင်းမှန်ကန်၊ မြန်ဆန်စေရန် လုပ်ဆောင်ပေးရသူဖြစ်သောကြောင့် အစိုးရကဏ္ဍ (Government Body or Government Sector) ထံ ငွေကြေးပမာဏများ ပြန်ဝင်လာခြင်းသည် ကောင်းသောလက္ခဏာဖြစ်သည်။

အဓိကမှာ စီးပွားရေးလုပ်ငန်းများနှင့်ပြည်သူလူထုလက်ဝယ်တွင် အိုင်မနေရန်သာအရေးကြီးသည်။ ထိုအိုင်နေမှုများသည်နှင့်အမျှ ဝင်ငွေလည်ပတ်မှု (Circular Flows of Income) ရော၊ ဝင်ငွေခွဲဝေဖြန့်ဖြူးမှု (Distribution of Income)ပါ ထိခိုက်သည့်သဘော ရှိလာပါသည်။

ငွေကြေး၏ပင်မတာဝန်သည် ဖလှယ်ရန်အတွက်သာ အဓိကတာဝန်ဖြစ်သည်။ သာမန်အားဖြင့် ငွေကြေးတာဝန် သို့မဟုတ် ငွေကြေးလုပ်ဆောင်ချက်လေးချက်ရှိသည့်အနက် ဖလှယ်မှုမဏ္ဍိုင်အဖြစ် အလုပ်လုပ်ပေးနိုင်စွမ်းမရှိသော ငွေကြေးသည် ခိုင်မာသောငွေကြေးဖြစ်လာမည်မဟုတ်တော့ပါ။ ငွေကြေး၏ ဒုတိယအလုပ်ဖြစ်သော တန်ဖိုးကိုသိုလှောင်သောအရာအဖြစ် လွန်ကဲစွာပြုလုပ်မည်ဆိုလျှင် ငွေကြေးသည် အိုင်သောသဘောသက်ရောက်သွားပါသည်။ တစ်နေရာရာတွင်အိုင်နေမည်ဆိုပါက ထိုငွေကြေးသည်လည်း အခြေခံလုပ်ငန်းကြီးဖြစ်သော ဖလှယ်မှုမဏ္ဍိုင်လည်း ပျက်သွားနိုင်ပါသည်။ ဖလှယ်မှုမဏ္ဍိုင်ပျက်



သောငွေကြေးကို ငွေကြေးဟူ၍လည်း မခေါ်ထိုက်တော့ပါ။ ဆိုလိုသည်ကတော့ ငွေကြေးသည် စီးဆင်းမှုသဘောရှိရမည်။ စီးဝင်မှုများ (Inflows)နှင့် စီးထွက်မှုများ (Outflows)မှန်ကန်ရမည်၊ ဘက်ညီရမည်ဖြစ်သည်။ ဘက်ညီရမည် (Balancing) ဟူသော သဘောတရားတွင်လည်း စီးဝင်မှုနှင့်စီးထွက်မှုများတူညီရမည်ဆိုသော အချက်တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်သေးပါ။ အားမျှခြေဖြစ်ရန်နှင့် တည်ငြိမ်မှုရှိစေရန်တို့သည်လည်း ဘက်ညီမှုသဘောတရားတွင် ပါဝင်ပါသည်။

## ရေစီးရေလာသဘောတရားဂျီဒီပီ

ဂျီဒီပီကိုလေ့လာကြရာတွင် စုစုပေါင်းပြည်တွင်းထုတ်ကုန် (Gross Domestic Product) ကို ညွှန်းခြင်းဖြစ်သည်။ တိုင်းပြည်ဝင်ငွေဟူ၍သာ အလွယ်ခေါ်ကြသည်။ ဂျီဒီပီတွင် ပီ ‘P’ ဟူသော ထုတ်ကုန်ဟု မြန်မာမှုပြုထားသော Product သည် ‘ဝင်ငွေ’ သာ ဖြစ်သည်။ ဘောဂဗေဒသီအိုရီအရ ထုတ်ကုန် (Product)နှင့် ဝင်ငွေ (Income) တို့သည် အတူတူပင်ဖြစ်သည်။

ထိုဂျီဒီပီ ခေါ် တိုင်းပြည်ဝင်ငွေသည် စီးဆင်းမှုသဘောတရား ရှိပါသည်။ ထိုစီးဆင်းမှုသဘောတရားတွင် ဝင်ငွေနှင့် အသုံးစရိတ်တို့တူညီသည်ဟူသော သဘောတရားပင်ဖြစ်သည်။ စာရင်းအင်းသဘောတရားအရ မိမိထံမှ ထွက်သွားသောငွေတိုင်းသည် အခြားသူများထံရောက်သွားမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လူတစ်ဦး၏အသုံးစရိတ်သည် အခြားသူအတွက်ဝင်ငွေဖြစ်စေသည်ဟူသော သဘောတရားပင်ဖြစ်သည်။ ယင်းသဘောတရားသည် ဝင်ငွေစီးဆင်းမှုသဘောတရားလည်းဖြစ်သည်။ တိုင်းပြည်ဝင်ငွေတွက်နည်း၏အခြေခံလည်းဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်ဝင်ငွေ ဂျီဒီပီကိုတွက်ရာတွင် အဓိကအားဖြင့် အမြင်

www.foreverspace.com.mm




နှစ်မျိုးဖြင့် တွက်လေ့ရှိသည်။ ပထမအမြင်မှာ စီးပွားရေးလုပ်ငန်းများမှ စုစုပေါင်းဝင်ငွေမည်မျှရှိမည်ကို ရှာခြင်းဖြစ်သည်။ ဒုတိယနည်းမှာ လူများအနေဖြင့် စုစုပေါင်းအသုံးစရိတ်မည်မျှသုံးစွဲလိုက်ခြင်းအပေါ်မူတည်ပြီး တိုင်းပြည်ဝင်ငွေရှာခြင်းဖြစ်သည်။ ထို့ကြောင့် ပထမနည်းကို Income Method National Income Accounting ဟုခေါ်ဆိုပြီး ဒုတိယနည်းလမ်းကို Expenditure Method National Income Accounting ဟုခေါ်ဆိုကြခြင်းဖြစ်သည်။ မည်သည့်နည်းဖြင့် တွက်သည်ဖြစ်စေ၊ တိုင်းပြည်ဝင်ငွေတွက်နည်းမှန်မည်ဆိုပါက ဂျီဒီပီရလဒ်လည်း တူညီမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဂျီဒီပီကို စီးပွားရေးလုပ်ဆောင်ချက်များ၏ ကိုက်တံ (ဂိတ် သို့မဟုတ် စံအဖြစ် Gauge) သတ်မှတ်ကြခြင်းဖြစ်သည်။ များသောအားဖြင့် တိုင်းပြည်ဝင်ငွေ ဂျီဒီပီကို မည်မျှထုတ်လုပ်နိုင်သည်။ မည်မျှဝင်ငွေရရှိသည်ဟူသော ဝင်ငွေရှုထောင့်အရသာ တွက်ချက်ကြသည်။ အပြန်အလှန်အားဖြင့် အုပ်ချုပ်သူ အစိုးရအနေဖြင့် အသုံးစရိတ်ရှုထောင့်ဖြင့်လည်း ပြန်လည်ချိန်ကိုက်လေ့ရှိပါသည်။

ဂျီဒီပီတွက်ချက်ရာတွင် ထိုနည်းနှစ်နည်းအနက် မည်သည့်နည်းက ပိုမှန်နိုင်သနည်းဟူသောမေးခွန်းအတွက် အဖြေမှာ အတူတူပင်ဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ သို့သော်လည်း တွက်ချက်သူများ၏ စွမ်းဆောင်ရည်အရည်အချင်းပေါ်တွင် မူတည်တတ်ပါသေးသည်။ တွက်ချက်သူများအနေဖြင့် အားနည်းချက်ရှိသည်နှင့်အမျှ စာရင်းကောက်ယူမှုလည်း အားနည်းမည်ဖြစ်သည်။ စာရင်းကောက်ယူမှုအားနည်းသည်နှင့်အမျှ တွက်ချက်မှုလည်း အားနည်းသောသဘောကို တိုင်းပြည်အတော်များများတွင် တွေ့ရှိနိုင်ပါသည်။ လူ့သဘောသဘာဝအရ ကြည့်မည်ဆိုပါကလည်း ဝင်ငွေကိုအခွန်ရှောင်တိမ်းလိုသောသဘောဖြင့် လျှော့ပြောလေ့ရှိကြပြီး အသုံးစရိတ်ကိုမူ ကြွားလိုသောသဘောဖြင့် ပိုပြောတတ်သည့်သဘောတွင် စာရင်းကောက်ယူမည်ဆိုပါက တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် အသုံးစရိတ်နည်းက ပိုနေတတ်သည့်သဘောမျိုးလည်း ရှိနိုင်ပါသည်။ သို့သော်လည်း လျာထားချက်ပြည့်မီအောင်ပြုလုပ်ရသောသဘောနှင့်ပြောပါလျှင်လည်း ဝင်ငွေနည်းက ပိုမိုနေပြန်ပါသည်။ ယင်းအခြေအနေနှစ်ခုကြားတွင် စာရင်းကောက်ယူသူအနေဖြင့်လည်း အခက်အခဲရှိနိုင်သလိုတွက်ချက်သူအနေဖြင့်လည်း အားနည်းသောစာရင်းပေါ် မူတည်တွက်ချက်ရသောကြောင့် ဂျီဒီပီတွက်ချက်ရာတွင်လည်း အားနည်းနေမည်သာဖြစ်သည်။

အားနည်းမှုများနှင့်တွက်ချက်ထားသော ဂျီဒီပီအတွက် ဝင်ငွေလည်ပတ်စီးဆင်းမှုတွင်လည်း တစ်နေရာရာတွင် တစ်ဆို့နေတတ်မည်ဖြစ်ပါသည်။ ထိုသဘောတရားကို နားလည်စေရန်အတွက် တိုင်းပြည်ဝင်ငွေလည်ပတ်မှုစီးဆင်းခြင်းသဘောတရားကို အောက်ဖော်ပြပါပုံအရ လေ့လာနိုင်ပါသည်။

အထက်ပါတိုင်းပြည်ဝင်ငွေစီးဆင်းမှု



www.foreverspace.com.mm



သဘောတရားပုံအရလေ့လာလျှင် အဖွဲ့အစည်း (Institutions) များအရ လေ့လာမည်ဆိုပါက စုစုပေါင်း အုပ်စုခြောက်စုအဖြစ် တွေ့ရှိနိုင်ပါသည်။

၁။ အိမ်ထောင်စုများ
၂။ စီးပွားရေးလုပ်ငန်းများ
၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်များ
၄။ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ
၅။ အစိုးရကဏ္ဍနှင့်
၆။ အပြည်ပြည်ဆိုင်ရာဈေးကွက်တို့ပင်ဖြစ်သည်။

အထက်ပါအဖွဲ့အစည်းများကို သီအိုရီပိုင်းဆိုင်ရာအရသာ ခွဲခြားထားသော်လည်း လက်တွေ့အခြေအနေတွင် အမြင်တစ်မျိုးတည်း ဖြစ်နိုင်ပါသည်။ ဥပမာ–အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများဟူသော သဘောတရားတွင် မည်သည့်နေရာသည် အိမ်ထောင်စုခေါ်သည်၊ မည်သည့်နေရာကို စီးပွားရေးလုပ်ငန်းခေါ်သည်ဆိုရာ၌ သူ၏လုပ်ဆောင်ချက် (Behavior and Action) ပေါ်မူတည်ပြီးမှ သတ်မှတ်နိုင်ပါမည်။

အဆောက်အအုံတစ်ခုကိုကြည့်ပြီး အိမ်ထောင်စုအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း စသည်ဖြင့်ခွဲခြားရန်မှာ ထိုအဆောက်အအုံတွင် မည်သည့်လုပ်ဆောင်ချက်ကို လုပ်နေသည်ကိုကြည့်ပြီး ပြောရမည်ဖြစ်သည်။ စားသုံးမှုပြုနေမည်ဆိုပါက ထိုအဆောက်အအုံသည် အိမ်ထောင်စုဖြစ်ပြီး ထုတ်လုပ်ဆောင်ရွက်မှုများပြုနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းဖြစ်သွားပါမည်။ ခေါက်ဆွဲလုပ်ရောင်းသောအိမ်၌ ခေါက်ဆွဲရောင်းနေသော အချိန်များတွင် ထိုအိမ်သည် စီးပွားရေးလုပ်ငန်းဖြစ်ပြီး ခေါက်ဆွဲစားနေသော ထိုအိမ်သည်ပင်လျှင် အိမ်ထောင်စုဖြစ်သွားနိုင်ပါသည်။ တစ်နေရာတည်း သို့မဟုတ် အဆောက်အအုံတစ်ခုတည်းပင်လျှင် အိမ်ထောင်စုလည်းဖြစ်နိုင်သလို စီးပွားရေးလုပ်ငန်းလည်းဖြစ်နိုင်သည့်သဘောပင်

> **ထုတ်လုပ်သူနှင့်စားသုံးသူဆိုသည်မှာလည်း စာရင်းအရသာခွဲခြားနိုင်သည်။ လူတစ်ယောက်အနေဖြင့် ထုတ်လုပ်ဆောင်ရွက်မှုပြုနေချိန်တွင် ထုတ်လုပ်သူဖြစ်နိုင်ပြီး စားသုံးမှုလုပ်ဆောင်နေမည်ဆိုပါက ထိုလူပင်လျှင် စားသုံးသူဖြစ်နိုင်ပါသည်။**

ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုသို့သောအသွင်သဏ္ဌာန်မျိုးများကို အများဆုံးတွေ့ရှိနိုင်ပါသည်။ လုပ်ငန်းသီးသန့်နေရာမရှိဘဲ ကုမ္ပဏီလည်းအိမ်၊ အိမ်လည်းကုမ္ပဏီသဘောမျိုးများဖြင့် နေထိုင်လုပ်ကိုင်သူများ များစွာတွေ့ရှိရသည်။ အလုပ်ရုံ၊ ရုံးခန်းသီးသန့်မရှိသော စီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။ ထိုသို့သောအခြေအနေတွင် တိုင်းပြည်ဝင်ငွေစာရင်းဇယားအတွက် ကောက်ယူရာတွင် စာရင်းကောက်သူ၏ ကျွမ်းကျင်မှုအပေါ် များစွာမူတည်နေပါသည်။ မကျွမ်းကျင်ပါက ထိုစီးပွားရေးလုပ်ငန်းများသည် ဂျီဒီပီသို့စာရင်းမရောက်ဘဲ Underground Economy သို့ ရောက်သွားနိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဂျီဒီပီစာရင်းမဝင် သောတိုင်းပြည်၏ဝင်ငွေများစွာ ရှိတတ်ပါသည်။ ထိုမှောင်ခိုစီးပွားရေးသဘောကြောင့် သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်တင်ပြထားသောဂျီဒီပီထက် အမှန်ရှိမည့်တိုင်းပြည်ဝင်ငွေက ပိုမိုများနေသည့်သဘောဖြစ်တတ်ပါသည်။ အမေရိကန်နှင့်အင်္ဂလန်နိုင်ငံတို့ပင်လျှင်ရှိသည့်ဂျီဒီပီတွင် (၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ) ထိုမှောင်ခိုစီးပွားရေးကြောင့် ပေါင်းပေးရသည်။ အီတလီတွင် ၃၀ ရာခိုင်နှုန်းအထိ ပေါင်းပေးရသည်။ ရုရှားအတွက်ဆိုလျှင် ၁၉၉၀ ခုနှစ်နှောင်းပိုင်းကာလများတွင် မှောင်ခိုစီးပွားရေးပမာဏသည် ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းအထိလောက်ပင် ရှိသည်။

ထုတ်လုပ်သူနှင့်စားသုံးသူဆိုသည်မှာလည်း စာရင်းအရသာခွဲခြားနိုင်သည်။ လူတစ်ယောက်အနေဖြင့် ထုတ်လုပ်ဆောင်ရွက်မှုပြုနေချိန်တွင် ထုတ်လုပ်သူဖြစ်နိုင်ပြီး စားသုံးမှုလုပ်ဆောင်နေမည်ဆိုပါက ထိုလူပင်လျှင် စားသုံးသူဖြစ်နိုင်ပါသည်။ ကုန်စည်တစ်မျိုးတည်းပင်လျှင် ပြုမူဆောင်ရွက်မှု Action ပေါ်မူတည်ပြီး Commodity နှင့် Goods ဟူ၍ ခွဲခြားကြပြန်သည်။ ဥပမာ 'ဆန်'ဆိုပါစို့။ အိမ်တွင်စားသုံးသောဆန်အိုးထဲမှ ဆန်သည် Goods အမျိုးအစားတွင်ပါဝင်ပြီး ထိုဆန်ကိုပင်လျှင် ဈေးတွင်ရောင်းချမည်ဆိုပါက Commodity ဖြစ်သွားပါသည်။



www.foreverspace.com.mm

## ဝင်ငွေနည်းဖြင့်တွက်မည့်တိုင်းပြည်ဝင်ငွေ

ဝင်ငွေနည်းဖြင့်တွက်မည့်တိုင်းပြည် ဝင်ငွေသည် ပုံအရလေ့လာမည်ဆိုပါက စီးပွားရေးလုပ်ငန်းများမှ အိမ်ထောင်စုများဆီသို့ စီးဆင်းသွားသောဝင်ငွေအဖြစ် ဖော်ပြထားသော 'မြား' အတိုင်း တွက်ချက်ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများမှ အိမ်ထောင်စုများဆီသို့ စီးဆင်းသွားသော ဝင်ငွေများတွင် လုပ်ခ၊ လစာများ၊ ငှားရမ်းခများ၊ အတိုးနှင့် အမြတ်များသာ ပါဝင်ပါသည်။ အခြားမှရငွေများ မပါဝင်ပါ။

| ဝင်ငွေရရှိသည့်ဇာစ်မြစ် | ဝင်ငွေအမျိုးအစား |
|---|---|
| လုပ်အား(ကာယ+ဉာဏ) | လုပ်ခနှင့်လစာများ |
| အရင်းအနှီး | အတိုး |
| မြေယာအဆောက်အအုံများ | ငှားရမ်းခ |
| လုပ်ငန်းများ | အမြတ် |

ဥပမာ–လွှဲပြောင်းပေးငွေများထည့်သွင်းထားခြင်းမရှိပါ။ လွှဲပြောင်းပေးငွေကို ဝင်ငွေဟုသတ်မှတ်၍မရပါ။ လွှဲပြောင်းဝင်ငွေသဘောသည် အလုပ်လုပ်ရာမှ ရသောဝင်ငွေများမဟုတ်ပါ။ တစ်ဖက်မှ ကောက်ခံရရှိသောငွေကို အခြားတစ်ဖက်သို့ လွှဲပေးလိုက်ခြင်းဖြစ်သည်။ ဥပမာ–အစိုးရထံမှရသောထောက်ပံ့ကြေးများသည် အစိုးရကောက်ခံသော အခွန်ဘဏ္ဍာမှ ပြန်ပေးခြင်းဖြစ်၍ လွှဲပြောင်းပေးငွေသာဖြစ်သည်။ ထီပေါက်ခြင်းမှရရှိသည့် 'ဆု' ငွေသည်လည်း ထီလက်မှတ်ရောင်းချခြင်းမှရရှိသော ရောင်းရငွေမှပြန်ပေးခြင်းဖြစ်၍ လွှဲပြောင်းပေးငွေသာဖြစ်သည်။ အလှူပြုသောငွေများ၊ ပုဂ္ဂလိကထောက်ပံ့ငွေများသည်လည်း လွှဲပြောင်းပေးငွေများဖြစ်၍ ဝင်ငွေစာရင်းတွင် မပါဝင်ပါ။ စီးပွားရေးလုပ်ငန်းများမှ အိမ်ထောင်စုထံသို့ စီးဆင်းသွားသော ငွေများကိုသာဝင်ငွေအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ လွှဲပြောင်းပေးငွေ (Transfer)ထက် အပေးအယူပြုလုပ်သောငွေ (Exchange) သဘောမျိုးမှရရှိသောငွေများကိုသာ ဝင်ငွေ (Income)ဟု ခေါ်ခြင်းသာ ဖြစ်သည်။

## ဝင်ငွေရရှိအောင်လဲလှယ်ကြခြင်း

ဝင်ငွေရရှိစေရန်အတွက် ဝင်ငွေဇာစ်မြစ်လေးခု ရှိပါသည်။ ထို့ကြောင့်လည်း ဝင်ငွေအမျိုးအစားလေးမျိုး သတ်မှတ်ခြင်းလည်းဖြစ်သည်။ ယင်းတို့သည် အောက်ပါအတိုင်းဖြစ်သည်။

တိုင်းပြည်တစ်ပြည်တွင် အရေအတွက်အများဆုံး (Quantity)တွင် လုပ်အားမှရသော လုပ်ခနှင့်လစာများဖြစ်ပြီး တန်ဖိုး (Value) အများဆုံးအနေဖြင့် အခြားသော ဝင်ငွေရှိရာဇာစ်မြစ်များမှ ဖြစ်နေမည်ဆိုပါက ဝင်ငွေခွဲဝေဖြန့်ဖြူးမှု ကွာဟချက်ရှိနိုင်ပါသည်။ တိုင်းပြည်ဝင်ငွေအခြေအနေကို ထိုလေးမျိုးပေါ်တွင် မူတည်ပြီးတွက်ခြင်းသာ ဖြစ်သည်။ ဝင်ငွေနည်းဖြင့် တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် ဝင်ငွေအမျိုးအစား လေးမျိုးပါဝင်သည့် သဘောပေါ်မူတည်ပြီး သုံးသပ်ချက်များလည်း ပြုလုပ်နိုင်ပါသည်။ ပထမသုံးသပ်ချက်မှာ ဝင်ငွေရရှိသည့်အချိုးအစားကို ကြည့်ပြီး သုံးသပ်နိုင်သလို ဝင်ငွေရရှိရာဇာစ်မြစ်ပိုင်ဆိုင်မှုဦးရေနှင့် ပိုင်ဆိုင်သူဦးရေတို့အပေါ်တွင်လည်း လေ့လာသုံးသပ်နိုင်သည်။ ဝင်ငွေနှင့်လွှဲပြောင်းပေးငွေမှား မတွက်မိစေရန်လည်း အရေးကြီးသကဲ့သို့ စာရင်းမပေါက်သောဝင်ငွေမည်မျှရှိနိုင်သည်ကိုလည်း ခန့်မှန်းနိုင်ရမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် အသုံးစရိတ်နည်းအရ ပြန်ချိန်ထိုးကြည့်လျှင် များသောအားဖြင့် ဝင်ငွေနည်းမှ ရရှိသည့်တိုင်းပြည်ဝင်ငွေရလဒ်သည် အသုံးစရိတ်နည်းထက်နည်းနေတတ်သည်ကို တွေ့ရှိရသည်။ သဘာဝအရလည်း ဖြစ်နိုင်ပါသည်။ ဥပမာ–မိသားစုတစ်စုအသွင်ဖြင့်ကြည့်မည်ဆိုပါက တစ်လအတွက် အိမ်သုံးစရိတ်သည် ကျပ်သုံးသိန်းဖြစ်မည်ဆိုပါစို့။ ထိုမိသားစု ရှာဖွေနိုင်သောဝင်ငွေစာရင်းကို ကောက်ယူမည်ဆိုပါက စုစုပေါင်းဝင်ငွေသည် ကျပ် ၁.၅ သိန်းဖြစ်မည်ဆိုလျှင် ဝင်ငွေနည်းအရတွက်ခြင်းကိုလည်း ပြန်လည်သုံးသပ်ရမည်ဖြစ်သလို အသုံးစရိတ်နည်းအရကောက်ယူထားသော အသုံးစရိတ်များကိုလည်း သုံးသပ်ရတော့မည်ဖြစ်ပါသည်။ အသုံးစရိတ်နည်းအရကောက်ယူထားသောစာရင်းဇယားသည် မှန်နိုင်သည်ဟု ထင်မြင်ပါက ဝင်ငွေသည်လည်း အနည်းဆုံး ကျပ်သုံးသိန်းအထိရှိသော အိမ်ထောင်စုဖြစ်ဖို့ များနေပါမည်။ ချေးငှားပေါင်နှံစားသောက်နေရသည်ဟုဆိုသည့်တိုင် ယင်းဆင်ခြေသည် မည်မျှအထိ ရပ်တည်နိုင်မည်နည်းဟူသော သုံးသပ်ချက်လည်း ရှိနိုင်သည်။ ဆိုလိုသည်မှာ တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် ဝင်ငွေနည်းဖြင့်တွက်ခြင်းကို အသုံးစရိတ်နည်းဖြင့် ပြန်လည်ချိန်ကိုက်ရသည့်နည်းတူ၊ အသုံးစရိတ်နည်းဖြင့်တွက်ထားသော တိုင်းပြည်ဝင်ငွေကိုလည်း ဝင်ငွေနည်းဖြင့် ပြန်လည်ချိန်ကိုက်ရစမြဲ ဖြစ်ပါသည်။ ယင်းမှသာ တိုင်းပြည်ဝင်ငွေတွက်ချက်မှုသည် အနီးစပ်ဆုံးအခြေအနေကို ရရှိနိုင်မည်ဖြစ်ပါသည်။

(အသုံးစရိတ်နည်းဖြင့်တွက်ချက်သော တိုင်းပြည်ဝင်ငွေသဘောသဘာဝကို ဆက်လက်တင်ပြပါမည်။)

**ဒေါက်တာမောင်မောင်စိုး**
**(ဘောဂဗေဒ)**

www.foreverspace.com.mm





# အာမခံစနစ်လိုအပ်ချက်

အောင်ထူးထက်

**အာမခံလုပ်ငန်းဆိုသည်မှာ အရပ်အခေါ်လောင်းကြေးထပ်ကြသည့် သဘောတရားမျိုးကို စနစ်တကျပြုပြင်စီရင်ထားသည့် ဝန်ဆောင်မှု တစ်ရပ်ဖြစ်ပါသည်။ ၎င်းသဘောသဘာဝကို ထင်ရှားစေရန် အောက်ပါဥပမာ တစ်ခုဖြင့် ဖော်ပြလိုပါသည်။**

ဆိုင်ကယ်တက္ကစီအစီး (၁၀၀) စုစည်းထားသည့် လုပ်ငန်းတစ်ခုက ၎င်းတို့ဆိုင်ကယ်တက္ကစီတစ်စီးစီး ထိခိုက်ပျက်စီးခဲ့လျှင် နစ်နာမှုမရှိစေရန် တစ်ယောက်လျှင် ကျပ် တစ်သောင်းထည့်ဝင်၍ တစ်စုံတစ်ယောက်ထံတွင် လောင်းကြေးထပ်သည့်သဘောမျိုးဖြစ်သည်။ ကျွန်တော်တို့ဆိုင်ကယ်တက္ကစီတစ်စီးကို တစ်နှစ်တစ်သောင်းနဲ့ ထိခိုက်မှုဖြစ်ခဲ့လျှင် အစားပြန်လျော်ရမည်ဟု လောင်းကြသည့် သဘောဖြစ်သည်။ တစ်ဖက်တွင် လောင်းကြေးလက်ခံသူက တစ်စီးတစ်နှစ် ၁၀၀၀၀ နှုန်းဖြင့် အစီး ၁၀၀ ထံမှ ငွေဆယ်သိန်းကို လက်ခံထားပြီး တစ်စီးစီး ထိခိုက်ပျက်စီးပါက အစားလျော်ပေးရမည်ဖြစ်ပြီး တစ်စီးမျှ ထိခိုက်မှုမဖြစ်ပါက လောင်းကြေး ကျပ် ၁၀ သိန်းကို ၎င်းက ရသွားခြင်း ဖြစ်သည်။ ဆိုင်ကယ်တက္ကစီပိုင်ရှင်အသီးသီးအနေဖြင့်လည်း တစ်နှစ်လျှင် ၁၀၀၀၀ ပေးသွင်းထားပြီး တစ်စုံတစ်ခုဖြစ်ခဲ့လျှင် ဆိုင်ကယ်အသစ်တစ်စီး ပြန်ရမည်ဖြစ်၍ ပေးပျော်သည်ဆိုရမည် ဖြစ်သည်။ ဤသဘောတရားကို စနစ်ကျန

www.foreverspace.com.mm




သော စည်းမျဉ်းစည်းကမ်းများ၊ ပရီမီယံ ခေါ်လောင်းကြေးနှုန်းထားများ သတ်မှတ်လိုက်သောအခါ အာမခံစနစ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဤစနစ်ကို ယခုအခါ ကမ္ဘာပေါ်တွင် ကျယ်ပြန့်စွာ အသုံးပြုလျက် ပြည်သူလူထု၏ ဘဝလုံခြုံမှုကို အာမခံကုမ္ပဏီကြီးများက ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်မူ သူတစ်ပါးထိခိုက်မှုအာမခံဆိုသော အာမခံတစ်မျိုးကို မော်တော်ယာဉ်ပိုင်ရှင်အားလုံး ထားရှိကြရပြီး ဘဏ်ချေးငွေရယူလိုသူအားလုံး မီးအာမခံထားရှိကြရသည်ကိုတွေ့ရှိရသော်လည်း အခြားအာမခံဝန်ဆောင်မှု အမျိုးမျိုးကို ကျယ်ပြန့်စွာ မြင်တွေ့ရခြင်းမရှိပေ။

ဥရောပတိုက်ရှိ နိုင်ငံများသို့ သွားရောက်လည်ပတ်ရန် ဥရောပ သမဂ္ဂဘုံ ဗီဇာစနစ် (ရှင်ဂန်နန်စကာတန်) ဗီဇာလျှောက်ထားသော မြန်မာနိုင်ငံသား အားလုံးသည် ၎င်းသွားရောက်မည့်ကာလ အပိုင်းအခြားအတွက် Travel Insurance ခေါ် ခရီးသွားအာမခံတစ်ခုတင်ပြကြရသည်ကို အားလုံးအသိဖြစ်သည်။

ဆိုလိုသည်မှာ အဆိုပါခရီးသည် ဥရောပသမဂ္ဂနိုင်ငံတစ်ခုခုတွင် လည်ပတ်စဉ် ကျန်းမာရေး၊ မတော်တဆမှုတစ်ခုဖြစ်ပေါ်ပါက အဆိုပါအိမ်ရှင်နိုင်ငံအနေဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ခရီးသွားအားလုံးက ငွေကြေးထည့်ဝင်၍ ငွေပဒေသာပင်တစ်ခုစိုက်ထူပေးရသည့် သဘောပင်ဖြစ်သည်။ တစ်စုံတစ်ယောက် ကျန်းမာရေးအရ စောင့်ရှောက်မှုလိုအပ်ပါက ခရီးသွားအားလုံးက နည်းနည်းစီမျှတကျခံပေးသည့် စနစ်ဖြစ်သည်။

ထိုလုပ်ထုံးလုပ်နည်းကို ကျန်းမာရေးဝန်ဆောင်မှုစရိတ်စကများတဖြည်းဖြည်းမြင့်တက်လာနေသော မြန်မာနိုင်ငံတွင်လည်း အမြန်ဆုံး ကျင့်သုံးရန် လိုအပ်နေပြီဖြစ်ပါသည်။ မြင့်တက်လာနေသော ကျန်းမာရေးဝန်ဆောင်မှု စရိတ်စကများကို ကျန်းမာသူနှင့် မကျန်းမာသူ မျှတကျခံပေးသည့်သဘောဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့်ရှိမည့် အာမခံဥပဒေသစ်ကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး၊ နည်းဥပဒေများကို ၁၉၉၆ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့သော်လည်း ယခုအခါ ပုဂ္ဂလိကအာမခံကုမ္ပဏီတစ်ခုတလေပင် ပေါ်ထွန်းလာခြင်းမရှိသေးပါ။

**အထူးသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စရိတ်စကများကို မျှတကျခံပေးသည့် အာမခံစနစ်များ လိုအပ်လျက်ရှိနေပါသည်။**

မြန်မာနိုင်ငံတွင် ယနေ့အာမခံလုပ်ငန်းဝန်ဆောင်မှုကို ပေးအပ်နေသူမှာ နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် အားလျော်စွာ Innovation ခေါ်အထူးတီထွင်ဖန်တီးမှုများ လိုအပ်သည့်အာမခံလုပ်ငန်းများအတွက် အဆင်မပြေနိုင်သော အခြေအနေများရှိနေသည်ကို တွေ့ရသည်။

Innovative ခေါ် အထူးတီထွင်ထားသော အာမခံဆိုသည်မှာ စားသုံးသူများ၏ လိုအင်အမျိုးမျိုးကို နှုန်းထားအမျိုးမျိုးနှင့် အာမခံဝန်ဆောင်မှုပေးရခြင်း ကိုဆိုလိုပါသည်။ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် နှုန်းထားအမျိုးမျိုးရှိနေရာ မည်သည့်နှုန်းထားနှင့် ပရီမီယံကြေးခေါ်လောင်းကြေးကို သတ်မှတ်မည်နည်း၊ ပန်းလှိုင်ကဲ့သို့သော ဆေးရုံမျိုးကို အသုံးပြုလိုသူများအတွက် မည်သို့သော အာမခံစနစ်ထားရှိမည်နည်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများက အမှန်အကန်ကုသတောင်းခံခြင်း ဟုတ် မဟုတ် မည်သို့စစ်ဆေးမည်နည်း စသော Risk ခေါ် အခက်အခဲများ



ရှိရာ ပုဂ္ဂလိကအာမခံလုပ်ငန်းများသာ လုပ်သာကိုင်သာသော အာမခံစနစ်များ ကို မြန်မာနိုင်ငံတွင် မရရှိနိုင်သေးခြင်း ဖြစ်သည်။

နိုင်ငံပိုင်ဆေးရုံများ၏ ကုန်ကျစရိတ်ကို အခြေခံသော ပရီမီယံကြေးများဖြင့် ကျေးလက်နေပြည်သူလူထုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်မျိုးကိုမူ နိုင်ငံပိုင်အာမခံလုပ်ငန်းများ အနေနှင့် အလွယ်တကူဝန်ဆောင်မှုပေး နိုင်သည်ဖြစ်ရာ ထိုသို့သောအခြေခံလူတန်းစားများအတွက် ရည်စူးသည့် အာမခံစနစ်မျိုးကိုမူ မဖြစ်မနေအကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိပါသည်။ လိုအပ်ပါက ထိုပရီမီယံကြေးများကို အစိုးရက ဝင်ရောက်၍ အခုအခံများ ထည့်သွင်း ပေးနိုင်ပါသည်။ တစ်လလျှင် တစ်ထောင်၊ တစ်နှစ်လျှင် ၁၂၀၀၀ ကျပ် ကျသင့်မည့် ပရီမီယံတွင် အစိုးရက ၅၀ ရာခိုင်နှုန်း ဝင်ရောက်ထည့်ဝင်၍ အခြေခံလူတန်းစားများအတွက် စရိတ်သက်သာရေး ကျန်းမာရေး ဝန်ဆောင်မှုကို ပေးအပ်ခြင်း မျိုးဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် သက်ဆင် အစိုးရက အလားတူစနစ်မျိုးကို လွန်ခဲ့သော နှစ်အနည်းငယ်က မိတ်ဆက်ပေးခဲ့သည်ကို တွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏ တဖြည်းဖြည်းဖွံ့ဖြိုးလာနေသော နယ်ပယ်အသီးသီးတွင် နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော နှုန်းထားများနှင့် မတိမ်းမယိမ်းဈေးနှုန်းများ တဖြည်းဖြည်းဖြစ်ပေါ်လာနေရာ နည်းပညာနှင့် ဝန်ဆောင်မှုများ အဆင့်မြင့်လာသည်ဖြစ်၍ ထိုနှုန်းထားများကို လျှော့ချရန် ကြိုးစားခြင်းထက် စနစ်ကျနသော စီမံခန့်ခွဲမှုစနစ်များနှင့် ရင်ဆိုင်ခြင်းက အကောင်းဆုံး အဖြေဖြစ်ပါသည်။ အထူးသဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စရိတ်စကများကို မျှတကျခံပေးသည့် အာမခံစနစ်များ လိုအပ်လျက်ရှိနေပါသည်။ ထိုသို့ ပုဂ္ဂလိကအာမခံလုပ်ငန်းများ ပေါ်ပေါက်လာနေခြင်းသည် နိုင်ငံသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်ခြင်း၊ လူတစ်ဦးချင်းဝင်ငွေ မြှင့်တင်ပေးခြင်း စသည့် အဓိပ္ပာယ်ကိုလည်း ဆောင်ပေရာ ပုဂ္ဂလိကအာမခံလုပ်ငန်းများ ပေါ်ပေါက်ရေးကို ဝိုင်းဝန်းအားထုတ်ကြရမည်ဖြစ်ပေသည်။

**အောင်ထူးထက်**

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၃၅

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ





## ငပလီကမ်းခြေက နာဂအစားအစာရနိုင်မယ့်ဆိုင်

မြန်မာတိုင်းရင်းသားလူမျိုးစုတွေထဲက ကမ္ဘာလှည့်ခရီးသည်တွေနဲ့ နိုင်ငံခြားသားဧည့်သည်တွေစိတ်ဝင်စားမှုအရှိဆုံး လူမျိုးစုတစ်ခုဖြစ်တဲ့ နာဂတိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာအစားအစာတွေကို မြည်းစမ်းသုံးဆောင်လိုသူများအတွက် နာဂတိုင်းရင်းသားတွေနေထိုင်တဲ့ နာဂတောင်တန်းဒေသတွေဆီကို သွားရောက်စရာမလိုဘဲ ငပလီကမ်းခြေမှာ အပန်းဖြေအနားယူရင်း သုံးဆောင်နိုင်အောင် စီစဉ်ထားတယ်လို့ ဆိုပါတယ်။

နာဂတောင်တန်းဒေသတွေမှာ ရှာဖွေတွေ့ရှိရတဲ့ ဆေးဖက်ဝင်ဟင်းခတ် အမွှေးအကြိုင်တွေကို အသုံးပြုပြီး ချက်ပြုတ်ထားတဲ့ နာဂရိုးရာဟင်းလျာ ၁၄ မျိုးခန့်ကို ငပလီကမ်းခြေ ပုလဲကျွန်းအနီးမှာရှိတဲ့ သဲဖြူဖြူကျွန်းငယ်ကလေးပေါ်မှာ တည်ဆောက်ထားတဲ့ Pleasant View Islet BBQ စားသောက်ဆိုင်ကလေးမှာ အပန်းဖြေနားနေရင်း သုံးဆောင်နိုင်မှာပါ။

အဆိုင်အပြင်အဆင်အခင်းအကျင်းက ခေတ်မီဆန်းသစ်သပ်ရပ်မှုရှိပြီး ငပလီကမ်းခြေရှုခင်းနဲ့ နေဝင်ဆည်းဆာရှုခင်းတို့ကို တစ်ဝကြီး ခံစားကြည့်ရှုနိုင်မယ့် ကျွန်းငယ်ကလေးပေါ်မှာတည်ရှိပါတယ်။ ပင်လယ်အစားအစာ၊ ရခိုင်ရိုးရာအစားအစာ၊ တရုတ်အစားအစာ၊ အကင်မျိုးစုံ၊ ယမကာနဲ့ အချိုရည်မျိုးစုံတို့ကိုပါ သုံးဆောင်နိုင်ပြီး မနက် ၉း၀၀ နာရီကနေ ည ၉း၀၀ နာရီအထိ ဆိုင်ဖွင့်ပါတယ်။

လိပ်စာ –


Pleasant View Islet BBQ Restaurant

ငပလီကမ်းခြေ၊ မြပြင်ကျေးရွာအနီး၊ သံတွဲမြို့နယ်၊

ရခိုင်ပြည်နယ်။ ဖုန်း – ၀၄၃-၄၄၇၃၃

E-mail : pvi@sstmyanmar.com

www.foreverspace.com.mm




**Qatar Airways**

**www.qatarairways.com**

အရှေ့အလယ်ပိုင်းဒေသတွင်း အာရေဗျပင်လယ်ကွေ့နိုင်ငံတစ်ခုဖြစ်တဲ့ ကာတာနိုင်ငံရဲ့ လေကြောင်းလိုင်း Qatar Airways ဟာ ကမ္ဘာပေါ်မှာ တိုးတက်ထွန်းကားမှုအရှိဆုံး လေကြောင်းလိုင်းတစ်ခုအဖြစ် ထင်ရှားပါတယ်။ ကာတာလေကြောင်းလိုင်းမှပြေးဆွဲလျက်ရှိသော မြို့အသီးသီးကို Online ပေါ်မှတစ်ဆင့် လက်မှတ်များ Booking လုပ်ခြင်း၊ ဝယ်ယူခြင်းအပြင် လေယာဉ်အချိန်တို့ကို လေ့လာနိုင်ရန်အတွက် ကာတာလေကြောင်းလိုင်းရဲ့ Website ကို ညွှန်ပြပေးလိုက်ပါတယ်။

ကာတာလေကြောင်းလိုင်းရဲ့ Website မှတစ်ဆင့် ကာတာလေကြောင်းလိုင်း ပြေးဆွဲရာ မြို့အသီးသီးကို သွားလိုတဲ့ရက်များအတွင်း Booking လုပ်ပြီး Online ပေါ်ကနေပဲ တိုက်ရိုက်ဝယ်ယူနိုင်ပါတယ်။ ဒါ့အပြင် ကာတာလေကြောင်းလိုင်းရဲ့ Promotion အထူးအစီအစဉ်တွေကိုလည်း ဖော်ပြထားပါတယ်။ ကာတာလေကြောင်းလိုင်းနဲ့ မကြာခဏခရီးသွားလာသူတွေအတွက် ကာတာလေကြောင်းလိုင်းရဲ့ အထူး Membership အစီအစဉ်ကိုဝင်ရောက်ကာ အထူးအခွင့်အရေးများကို ခံစားနိုင်မှာပါ။ ကာတာလေကြောင်းလိုင်းရဲ့ Website ပေါ်ကနေ လေယာဉ်လက်မှတ်ကိစ္စသက်သက်တင်မကဘဲ ခရီးစဉ်တစ်ခုလုံးအတွက် ဟိုတယ်ရှာဖွေ Booking လုပ်ခြင်း၊ လေယာဉ်ကွင်းမှ ကားငှားရမ်းဖို့ ကားဝန်ဆောင်မှုကုမ္ပဏီတွေနဲ့လည်း ချိတ်ဆက်ထားတဲ့အတွက် ခရီးစဉ်တစ်ခု လုံးစလယ်ဆုံး ဒီ Website ပေါ်ကနေပဲ စိတ်ကြိုက်ကိုယ်တိုင် စီစဉ်နိုင်ပါတယ်။ ခရီးသွားရင်း တွေ့ကြုံနိုင်တဲ့အန္တရာယ် မျိုးစုံအတွက်လည်း Travel Insurance ကိုပါ ဒီ Website ကနေပဲ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။

ဒါ့အပြင် ကာတာနိုင်ငံတကာ လေဆိပ်အကြောင်းနဲ့ ကာတာလေဆိပ် Duty Free Department ကနေ လေယာဉ်ပေါ်မှာ အခွန်ကင်းလွတ်ခွင့်နဲ့ ဝယ်ယူနိုင်တဲ့ ပစ္စည်းတွေကိုပါ ကြည့်ရှုနိုင်ပြီး မိမိဝယ်လိုတဲ့ပစ္စည်းတွေ့ရင် မိမိစီးနင်းမယ့် Flight ပေါ်မှာ ဝယ်ယူနိုင်အောင် Request လုပ်နိုင်တဲ့ ဝန်ဆောင်မှုကိုပါပေးထားပါတယ်။ ခရီးသွားခြင်းနဲ့ပတ်သက်တဲ့ဝန်ဆောင်မှုတွေအပြင် ကာတာလေကြောင်းလိုင်း Website မှတစ်ဆင့် ကာတာလေကြောင်းလိုင်းအကြောင်း အသေးစိတ်လေ့လာနိုင်ပြီး သတင်းအချက်အလက်တွေ၊ ကာတာနိုင်ငံအကြောင်း၊ ကာတာနိုင်ငံရဲ့ အဓိကလည်ပတ်သွားရောက်နိုင်တဲ့နေရာတွေကိုပါ ညွှန်ပြထားပါတယ်။ ကာတာလေကြောင်းလိုင်းမှာ အလုပ်လုပ်လိုသူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို Careers Section ကနေ ရှာဖွေနိုင်တဲ့အတွက် လေယာဉ်လက်မှတ်သာမက သတင်းအချက်အလက်တွေ စုံလင်စွာ ရှာဖွေရရှိနိုင်တဲ့ Website တစ်ခု ဖြစ်ပါတယ်။

# ဗီဒီယိုတိပ်တွေမှာစာတန်းထိုးပြီး နောက်ခံသီချင်းထည့်မယ်ဆိုရင်

ကိုယ်တိုင်ရိုက်ကူးထားတဲ့ မှတ်တမ်းဗီဒီယိုတိပ်တွေကို တည်းဖြတ်ခြင်း၊ စာတန်းထိုးခြင်း၊ နောက်ခံတေးဂီတထည့်သွင်းခြင်း စတဲ့ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒါ့အပြင် Digital ဓာတ်ပုံ ရိုက်ကူးနိုင်ခြင်းနဲ့ ကွန်ပျူတာစာစီဒီဇိုင်းနဲ့ မိတ္တူကူးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးတယ်လို့လည်း သိရပါတယ်။

လိပ်စာ
SUNDANCE Digital Photo Studio
အမှတ်-၉၅၀၊ သုဓမ္မာလမ်းမကြီး၊
(၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်။ ဖုန်း-၇၂၈၄၃၃

www.foreverspace.com.mm

# အမျိုးသမီးဖက်ရှင်ဝတ်စုံချုပ်သောလုပ်ငန်းများ

အမျိုးသမီးအများစုဟာ ဈေးကွက်ထဲကရယ်ဒီမိတ်အဝတ်အထည်တွေနဲ့ သူလိုငါလိုဒီဇိုင်းတွေဝတ်ရမှာကို မရောင့်ရဲနိုင်သူတွေပါ။ အဲဒီအထဲ ဝါကျွတ်ပြီဆိုရင်ဖြင့် သူတို့အတွက် ပွဲတက်ဝတ်စုံတွေက ပိုပြီးအရေးကြီးကောင်း အရေးကြီးလာပါလိမ့်မယ်။ မင်္ဂလာဆောင်မယ့် သတို့သမီးကိုယ်တိုင်ပဲဖြစ်စေ၊ ဒီအခမ်းအနားတွေကိုတက်ရောက်မယ့် အမျိုးသမီးတွေပဲဖြစ်စေပေါ့ သူတို့အတွက် လိုအပ်မယ့်ဝတ်စုံဒီဇိုင်း ဖန်တီးပေးနိုင်မယ့်နေရာအချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

❑ DÕZO

အမှတ်–၅၈၄၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၆၈၆၁၊ ၀၉–၅၀၀ ၄၈၃၀
E-mail-customerservice@dozofashion.com
www.dozofashion.com

❑ Zu Zu Collection (Ma Myint Zu)

အမှတ်–၃၈ (C-1)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၂၇၅
E-mail-zuzu@baganmail.net.mm

❑ Ivy Style 'n Design

အမှတ်–၇၅၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၄၂၅၀၊ ၀၉–၅၀၀၂၅၇၂

❑ Latt Latt Lady Boutique Special

တိုက်–၆၉၊ အခန်း–၁၁၊ ကမ္ဘာအေးဘုရားလမ်း (ပါရမီလမ်းထောင့်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၅၈၆၉

❑ **ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)**

အမှတ်–၆၆၊ ၆၈၊ ၆၉၊ ၈၀၊ အရှေ့ (D) ရုံ၊
ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၅၆၄၁၁ (လိုင်းခွဲ–၆၀၄)

❑ Tatee

အမှတ်–၃၂(၄ ထပ်)၊ အမှတ်–၈၂(၃ထပ်)၊ FMI Center၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑ Lu Di

အမှတ်–၂၃(B)၊ မြေညီထပ်၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၄၂၃၈

❑ **ခင်စန်းဝင်း**

အမှတ်–၂၄၇ (ဒုတိယထပ်)၊ ၃၅ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၁၃၁၀၊ ၃၈၃၇၈၉



www.foreverspace.com.mm



# ဆေးဆိုင်ဖွင့်ဖို့ သင်တန်းတက်မယ်ဆိုရင်

စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်နိုင်တဲ့ဆေးဆိုင်ဖွင့်လှစ်လိုသူတွေအတွက် လက်တွေ့အသုံးချအိမ်သုံးဆေးဝါးသင်တန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒီလုပ်ငန်းလုပ်ကိုင်ဖို့ စီစဉ်နေသူတွေအတွက် သင့်လျော်တဲ့သင်တန်းဖြစ်လို့ ဖော်ပြပေးရခြင်း ဖြစ်ပါတယ်။

လိပ်စာ –

ဝင်းမေတ္တာဆေးကုခန်း/ဆေးဆိုင်
အိုးဘိုလမ်းနှင့် ကမ်းနားလမ်းထောင့်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၁၉၊ ၀၉–၉၉၂၂၆၈၃

# Cell Phone ဝန်ဆောင်မှု

ဆက်သွယ်ရေးကဏ္ဍမှာ မရှိမဖြစ်လို့ ပြောရလောက်အောင် အရေးပါတဲ့ Hand Phone တွေနဲ့ ပတ်သက်ပြီး ဝန်ဆောင်မှုတွေပေးနေတဲ့ ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ ဒီဆိုင်မှာရနိုင်တဲ့ဝန်ဆောင်မှုတွေကတော့ GSM Hand Set အသစ်နဲ့ အပိုပစ္စည်းတွေ ရောင်းချခြင်း၊ GSM Phone ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ Hardware Servicing လုပ်ငန်းတွေနဲ့ MP3, Mp4 သီချင်းတွေ Ring Tone တွေ၊ ဓာတ်ပုံတွေ ထည့်သွင်းပေးခြင်း စတဲ့ Software Servicing လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ အထူးဝန်ဆောင်မှုတစ်ရပ်အနေနဲ့ Hand Set တွေ လွတ်ကျလို့ အတွင်းပိုင်း Circuit တွေ ထိခိုက်တာ၊ ရေစိုတဲ့ Hand Set တွေမှာ ဖြစ်တတ်တဲ့ ခလုတ်နှိပ်မရတာ စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

လိပ်စာ –

**လူကြီးမင်း** Cell Phone Villa
အမှတ်–၁၄၈၊ လသာလမ်း၊
လသာမြို့နယ်၊ ရန်ကုန်။

# အိမ်အရောက်ပြင် ကွန်ပျူတာဝန်ဆောင်မှု

မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ မရှိမဖြစ်အသုံးပြုနေရတဲ့ ကွန်ပျူတာတွေ ပျက်သွားရင် Service Centre တွေမှာ သွားပြင်လို့ အဆင်မပြေသူတွေနဲ့ အိမ်မှာ ကွန်ပျူတာရှိပြီး အိမ်အရောက်ပြင်ကွန်ပျူတာဝန်ဆောင်မှုကို ရယူလိုသူတွေ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်နဲ့ လိပ်စာကို ဖော်ပြပေးလိုပါတယ်။ ဒီလို လာရောက်ပြုပြင်တဲ့အခါမှာ ပြုပြင်ခနဲ့ စစ်ဆေးခအတွက် ခရီးစရိတ်ပါအပါအဝင် ၄၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး အပိုပစ္စည်းတွေထည့်ရမယ်ဆိုရင်တော့ ပစ္စည်းတန်ဖိုးအလိုက် ကျသင့်မှာပါ။

လိပ်စာ –

အမှတ်–၄၂၊ မပိုလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၁၅၄၄၊ ၅၃၆၃၇၂
e-mail-atu@myanmar.com.mm



www.foreverspace.com.mm

## နေရာပြောင်း ၊ လိပ်စာသစ်

- **MODERN HOUSE Furniture**
  အမှတ်–၇၂၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၇၈၆၅၆၊ ၂၅၄၉၁၈၊ ၂၅၀၃၁၁

- **မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း**
  အမှတ်–၂၉၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မြေညီထပ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၄၈၃၉၊ ၂၁၄၈၄၀
  E-mail: mfptma@mptmail.net.mm

- **တော်ဝင်ဖိနပ်ဆိုင်**
  အမှတ်–၅၄၂၊ လမ်း ၈၀၊ ၃၅× ၃၆ လမ်းကြား၊ မန္တလေး။
  ဖုန်း–၀၂–၃၁၉၀၈၊ ၀၉–၂၀၀၂၅၂၁

- **FAC System Co., Ltd.**
  အမှတ်–၇၀၈၊ အလံပြဘုရားလမ်း၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၃၁၉၀၊ ၃၇၀၈၃၆–၉ (လိုင်းခွဲ–၇၀၈)၊ ၇၀၀၇၄၀၊ ၇၀၀၇၅၅၊ ၀၉–၅၁၂၇၅၃၉၊ ၅၅၄၉၆၇၊ ၀၉–၉၉၂၂၄၁၁၊ ၀၉–၅၀၀၅၁၁၇

- Koo's Beauty Culture Cosmetic and Food
  အမှတ်–၃ (B)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

## ကြွက်ပြေးစက်

မိမိရဲ့နေအိမ်၊ ရုံးခန်း စတာတွေမှာ ကြွက်တွေပေါများနေပြီး အကုသိုလ်ဖြစ်မှာကိုစိုးရိမ်လို့ သတ်မပစ်လိုသူတွေ အတွက် ကြွက်ပြေးစက်ဝယ်ယူနိုင်မယ့် နေရာကို လမ်းညွှန်လိုပါတယ်။ Solar Pest-Digital စနစ်နဲ့ ပြုလုပ်ထားတာဖြစ်လို့ အလင်းရောင် အနည်းငယ်ရှိရုံနဲ့ ပြန်လည်အားသွင်းနိုင်မှာပါ။ လျှပ်စစ်မီးလည်း မလိုအပ်ဘူးလို့ ဆိုပါတယ်။ အသုံးပြုပုံကတော့ အလင်းရောင်ရတဲ့နေရာမှာ ချထားလိုက်ရုံပါပဲ။

ဝယ်ယူနိုင်မယ့်နေရာ – အမှတ်–၂၅၉၊
မဟာဗန္ဓုလပန်းခြံ(အထက်)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၉၀၃၁၊ ၀၉–၅၀၁၉၃၂၉၊ ၀၉–၉၉၂၁၄၉၁

ဖုန်း–၀၉–၅၁၂၉၄၀၉

- Hallmark Gems & Jewellery
  အမှတ်–၂၃/၁၂၊ အင်းလျားမြိုင်လမ်း (ရွှေတောင်ကြား)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

- **အောင် (တိရစ္ဆာန်ဆေးကုခန်း)**
  အမှတ်–၂၁၊ ၈ ထပ်တိုက်၊ အောင်ဇေယျလမ်း၊ စည်ပင်ရုံးနံဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm

## Mini Encyclopedia ဝယ်မလား

ကိုယ်တိုင်လေ့လာဖို့အတွက် သိမ်းထားလိုရင်ပဲဖြစ်ဖြစ်၊ လက်ဆောင်ပေးလိုရင်ပဲဖြစ်ဖြစ် အသုံးတည့်စေမယ့် Mini Encyclopedia စာအုပ် ၁၂ အုပ်တွဲ ဝယ်ယူရရှိနိုင်မယ့်နေရာကို လမ်းညွှန်လိုက်ပါတယ်။ သိပ္ပံနဲ့ နည်းပညာ၊ ငှက်များအကြောင်း၊ အပင်နဲ့ ငှက်တွေအကြောင်း၊ ကမ္ဘာကြီးနဲ့ အာကာသအကြောင်း၊ ပုဂ္ဂိုလ်ကျော်များနဲ့ ထင်ရှားတဲ့ဒေသများ၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ထင်ရှားတဲ့ ဒေသတွေနဲ့ အထင်ကရနေရာတွေ စတဲ့ အကြောင်းအရာတွေအပြင် အခြား စိတ်ဝင်စားဖွယ်ရာကဏ္ဍတွေလည်း စုံစုံလင်လင်ပါဝင်တာ တွေ့ရပါတယ်။ တစ်အုပ်ချင်းခွဲပြီးဝယ်မယ်ဆိုရင် ၅၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး ၁၂ အုပ် တစ်စုံလုံး ဝယ်မယ်ဆိုရင်တော့ ၄၅၀၀ ကျပ်သာ ကျသင့်မယ်လို့ သိရပါတယ်။ ၁၂ အုပ် တစ်စုံကို ကတ်ဘူးလေးနဲ့ ထည့်ပေးထားတာမို့လို့ လက်ဆောင်ပေးဖို့ အကောင်းဆုံး ဖြစ်တဲ့အတွက် လမ်းညွှန်လိုက်ရခြင်းပါ။

ဝယ်ယူရရှိနိုင်မယ့်လိပ်စာ –
စာပေလောကစာအုပ်တိုက်
အမှတ်–၁၇၃၊ ၃၃ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၄၃၉၁

## ဘွဲ့ဝတ်စုံငှားမလား

ဘွဲ့နှင်းသဘင်တက်ရောက်မယ့်သူများအတွက် ဈေးနှုန်းသက်သာစွာနဲ့ ဘွဲ့ဝတ်စုံငှားရမ်း၊ ရောင်းချပေးနေတဲ့နေရာ ဖြစ်ပါတယ်။ ဘွဲ့ဝတ်စုံသွားထုတ်ဖို့ အဆင်မပြေသူတွေလည်း သွားရောက်ငှားရမ်းနိုင်မှာပါ။ ရုံးချိန် အတွင်းမှာပဲ ငှားရမ်းရောင်းချမှုတွေ ဆောင်ရွက်ပေးနေ တယ်လို့လည်း သိရပါတယ်။

လိပ်စာ – **မြန်မာ့ကုန်တိုက်** (ဘွဲ့ဝတ်စုံလုပ်ငန်း)
အမှတ်–၅၄၊ ဗိုလ်ရွှေလမ်း (ယခင် မောင်ခိုင်လမ်း)
လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၂၈၅၁၊ ၃၈၆၉၃၁

## ကားအပိုပစ္စည်း လက်လီ လက်ကား ဖြန့်တဲ့နေရာ

အရည်အသွေးကောင်းမွန်တဲ့ ကားအပိုပစ္စည်းတွေကို တစ်နေရာတည်းမှာ စုံစုံလင်လင်ရနိုင်တဲ့ ဘုရင့်နောင်ဈေးလမ်းထဲက ဆိုင်တစ်ဆိုင်ဖြစ်ပါတယ်။ လက်လီဝယ်ယူမယ့်သူတွေအပြင် တစ်ဆင့်ပြန်လည် ရောင်းချလိုသူတွေအတွက် လက်ကားလည်း ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။ စိတ်ဝင်စားသူတွေ သွားရောက်ကြည့်ရှုနိုင်ဖို့အတွက် လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ – Moe Myay Thit
တိုက်–၉၆၊ ဘုရင့်နောင်ဈေးလမ်း၊
(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၂၁၃၆၆



www.foreverspace.com.mm



# Web 2 SMS ဝန်ဆောင်မှု (သို့မဟုတ်) အင်တာနက်မှ SMS သတင်းအချက်အလက်ရယူလိုလျှင်

အင်တာနက် Website တွေပေါ်က မိမိသိလိုတဲ့ သတင်းအချက်အလက်တွေကို ကွန်ပျူတာနဲ့ အင်တာနက်တပ်ဆင်ထားစရာမလိုဘဲ GSM ဖုန်းကိုအသုံးပြုပြီး SMS စနစ်နဲ့မေးနိုင်တဲ့ ဝန်ဆောင်မှုတစ်ခုကို မိတ်ဆက်ဖော်ပြလိုပါတယ်။ အဆိုပါစနစ်ကို ဝန်ဆောင်မှုပေးမယ့် Intelligent Agent ကုမ္ပဏီက Internet မှ အချိန်နဲ့တစ်ပြေးညီရှာဖွေပေးပြီး SMS စနစ်ဖြင့် ပြန်လည်ဖြေဆိုပေးပါတယ်။




မေးမြန်းလိုသူက GSM ဖုန်းကနေ Standard Code များကိုသုံး၍ဖြစ်စေ၊ မိမိစိတ်ကြိုက် Code များကို သတ်မှတ်၍ ဖြစ်စေ သိရှိလိုတဲ့မေးခွန်းတွေကို မေးမြန်းနိုင်ပါတယ်။ စီးပွားရေးသမားတွေအတွက် ရွှေဈေး၊ ပဲဈေး စတဲ့ ကုန်ဈေးနှုန်းတွေကနေ အားကစားဝါသနာရှင်တွေအတွက် ဘောလုံးပွဲများနဲ့ အားကစားသတင်းများရဲ့ နောက်ဆုံးသတင်းများကို SMS စနစ်ကိုသုံး၍ အချိန်တိုတိုအတွင်း သိရှိနိုင်မှာဖြစ်ပါတယ်။

Web 2 SMS လို့ နာမည်ပေးထားတဲ့ အဆိုပါ Mobile Service မှာ ရိုက်ရိုက်ခြင်းဖြေဆိုပေးတဲ့ On Demand၊ မိမိ သိချင်တဲ့မေးခွန်းကို မိမိသိလိုတဲ့အချိန်မှာ ဖြေဆိုပေးတဲ့ On Schedule နဲ့ မိမိသိချင်တဲ့မေးခွန်းတွေကို ထူးခြားရင် ထူးခြားသလို Intelligent Agent က လှမ်းအကြောင်းကြားပေးတဲ့ On Alert ဆိုပြီး ဝန်ဆောင်မှု အမျိုးအစားသုံးမျိုး ခွဲခြားထားပါတယ်။ ဝန်ဆောင်မှု ရယူလိုသူများအဖို့ Member ဝင်ရမှာဖြစ်ပြီး Member အမျိုးအစားနဲ့ Code နမူနာတွေကို ဇယားများနဲ့ ဖော်ပြထားပါတယ်။

| Member Type | သတ်မှတ်ဖုန်းအရေအတွက် | မေးခွန်းအကြိမ်အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| Personal | ၁ လုံး | ၃၀ | ၁,၅၀၀ |
| Business | ၃ လုံး | ၆၀ | ၃,၀၀၀ |
| Corporate | ၁၀ လုံး | ၃၀၀ | ၁၅,၀၀၀ |

Standard Code ဖြင့် မေးလိုလျှင် q ကို အရင်ရိုက်ပြီးမှ မိမိမေးလိုရာ Standard Code ကို ရိုက်ရပါမယ်။ ဥပမာ–ရွှေဈေးနှုန်းကိုမေးလိုလျှင် q Gold လို့ ရိုက်ရပါမယ်။ ပြီးရင် ဖုန်းနံပါတ်–၀၉–၅၀၀၂၇၄၅ ကို Message ပေးပို့ရပါမယ်။

ဆက်သွယ်ရန်လိပ်စာ –
Myanmar Information Technology Pte., Ltd. (MIT)
အခန်း(၂/၄)၊ အဆောင်(၃)၊ Myanma Info-Tech၊ လှိုင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၆၅၂၂၆၅၊ ၆၅၂၃၀၂၊ ၆၅၀၁၂၄

www.foreverspace.com.mm

| Description | Standard Code | Description | Standard Code |
|---|---|---|---|
| **(I) Price** | | 3. Penut Oil Price | Q LPO |
| 1. Gold Price | Q Gold | 4. Oil Price | Q LO1 |
| 2. Silver Price | Q Silver | 5. Mat Pe Price | Q LMP |
| 3. Platinum Price | Q Platinum | 6. Potato Price | Q LPT |
| 4. Corn Price | Q Corn | 7. Red Onion Price | Q LRO |
| 5. Copper Price | Q Copper | 8. Garlic Price | Q LGL |
| 6. Soya Bean Price | Q SBean | 9. Diesel Price | Q LD1 |
| 7. Wheat Price | Q Wheat | 10. Gasoline Price | Q LGSL |
| 8. Rubber Price | Q Rubber | 11. Gold Price | Q LGold |
| 9. Diesel Price | Q Diesel | | |
| 10. Natural Gas Price | Q Ngas | | |
| 11. Crude Oil Price | Q Crude | **(III) Currency Rate** | |
| 12. Unleaded Gas Price (Gasoline) | Q Ulgas | 1. EUROPE Rate per One USD | q EUR |
| 13. Lead Price | Q Lead | 2. SINGAPORE Rate per One USD | q SGD |
| 14. Zinc Price | Q Zinc | 3. Thailand Baht Rate per One USD | Q THB |
| 15. Nickel Price | Q Nickel | 4. JAPAN YEN Rate per One USD | Q YEN |
| 16. Tin Price | Q Tin | 5. Russia Ruble Rate per One USD | Q RUB |
| 17. Turmeric Finger Price | Q TF | 6. Hong Kong Rate per One USD | Q HKD |
| 18. Turmeric Bulb Price | Q TB | 7. British Pound Rate per One USD | Q GBP |
| 19. Green Peas Price | Q GP | 8. Indian Rupee Rate per One USD | Q INR |
| **(II) Local Price** | | 9. China Yuan Rate per One USD | Q CNY |
| 1. Rice Price (Ei Ma Hta) | Q LR1 | 10. Malaysia Ringgit Rate per One USD | Q MYR |
| 2. Rice Price (Nga Sein) | Q LR2 | | |

# အပ်ချုပ်စက်မျိုးစုံ ရနိုင်တဲ့နေရာ

အထည်ချုပ်လုပ်ငန်းသုံး အပ်ချုပ်စက်မျိုးစုံကို တစ်နေရာတည်းမှာ စုံစုံလင်လင်ရရှိနိုင်တဲ့နေရာ ဖြစ်ပါတယ်။ ဒါ့အပြင် ဝယ်ယူတဲ့သူတွေကို ကျွမ်းကျင်ပညာရှင်တွေရဲ့ နည်းပညာအကူအညီတွေနဲ့ တာဝန်ယူဆောင်ရွက်ပေးနေတယ်လို့လည်း သိရပါတယ်။ လက်လီလက်ကားရောင်းချပေးနေတာမို့ ကိုယ်စားလှယ်ယူလိုသူတွေလည်း ဆက်သွယ်နိုင်ပါတယ်။ အထူးဝန်ဆောင်မှုတစ်ခုအနေနဲ့ အထည်ချုပ်လုပ်ငန်းနဲ့သက်ဆိုင်တဲ့ ကိရိယာအဝဝကို တာဝန်ယူအကြံပေးမှုတွေလည်း ဆောင်ရွက်ပေးနေတယ်လို့ဆိုပါတယ်။

လိပ်စာ – K.A Industrial Sewing Machine Co., Ltd.
အမှတ်–၀၀၄၊ ၀၀၅၊ Building ၁၀၊ ဗန်းမော်အတွင်းဝန်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၃၅၅၅၇၊ ၆၈၅၃၉၂၊ ၄၄၁၀၂၇၂၊ ၀၉–၅၀၀၃၇၁၄၊ ဖက်စ် – ၆၈၅၃၉၂
E-mail: essential @mptmail.net.mm
E-mail: center@ mptmail.net.mm

# နားဖောက်မယ်ဆိုရင်

Fancy နားကပ်လှလှလေးတွေကို ဝတ်ဆင်ဖို့အတွက် နားဖောက်မယ်ဆိုရင်ပဲဖြစ်ဖြစ်၊ နားပေါက်မရှိသေးလို့ဖောက်ချင်ရင်ပဲဖြစ်ဖြစ် မနာကျင်အောင် ဖောက်ပေးမယ်ဆိုတဲ့ဆိုင်ကိုလမ်းညွှန်လိုပါတယ်။ ဒါ့အပြင် ကျယ်နေတဲ့နားပေါက်နဲ့ ပုံမကျတဲ့နားပေါက်တွေကိုလည်း နဂိုအတိုင်း ဖြစ်အောင်ပြုပြင်ပေးနေ တယ်လို့သိရပါတယ်။

စိတ်ဝင်စားသူတွေအတွက် လိပ်စာ ဖော်ပြပေးလိုက်ပါတယ်။

**မင်္ဂလာ နားအလှပြုပြင်ရေး**
အမှတ်–၂၊ ဓိဇဝါလမ်း၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၉၈၃၉၊ ၂၉၆၀၀၄၊ ၀၉–၅၀၁၇၉၉၄

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm

# ခန်းဝင်ပစ္စည်းဝယ်ယူလိုသူများအတွက်

ဝါလကင်းလွတ်သီတင်းကျွတ်ကာလကို ရောက်လာပြီဖြစ်တာကြောင့် မင်္ဂလာပွဲဆင်နွှဲသူတွေရဲ့ မင်္ဂလာဆောင်အခမ်းအနားတွေများပြားစွာကြုံတွေ့ရတော့မှာပါ။ ဒါကြောင့်မို့ ကိုယ်တိုင်မင်္ဂလာဆောင်မယ့်သူတွေပဲဖြစ်ဖြစ်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေထဲက မင်္ဂလာဆောင်မယ့်သူကို ထိုက်ထိုက်တန်တန်လက်ဖွဲ့လက်ဆောင်ပေးအပ်လိုရင်ပဲဖြစ်ဖြစ် လိုအပ်လေ့ရှိတဲ့ အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်တွေထဲမှာ မင်္ဂလာခန်းဝင်ပစ္စည်းရောင်းချပေးတဲ့ဆိုင်ဆိုတာဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ဒီလို မင်္ဂလာခန်းဝင်ပစ္စည်းရောင်းတဲ့ဆိုင်တွေထဲက အချို့ကို ဈေးနှုန်းစုံစမ်းချင်ရင်ပဲဖြစ်ဖြစ်၊ သွားရောက်စနည်းနာဝယ်ယူချင်ရင်ပဲဖြစ်ဖြစ် အဆင်ပြေနိုင်အောင်လို့ လိပ်စာရယ် ဖုန်းနံပါတ်တွေရယ်ကို ဖော်ပြပေးလိုက်ပါတယ်။ ဈေးနှုန်းအလိုက် ပစ္စည်းအရည်အသွေးတွေကတော့ အနည်းငယ်စီကွာခြားနိုင်ပါတယ်။

❑ Dunlopilo, Lorenzo

– အမှတ် –၂၂၊ ပြည်လမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၆၆၄၃၆၃၊ ၆၆၀၇၆၉

– စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်

– အမှတ် – ၆၊ ၂၆ ဘီလမ်း၊ ၇၈ × ၇၉ လမ်းကြား၊ မန္တလေး။ ဖုန်း – ၀၂–၂၈၀၇၆

❑ Sweety Home

– အမှတ် – ၄၇၃၊ ပြည်လမ်း၊ အသံလွှင့်ရုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၀၁၆၁၁၊ ၅၀၁၆၂၂၊ ၅၃၆၁၃၉

E-mail : sweetyhomeygn@mptmail.net.mm

– ဗညားဒလလမ်း၊ စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ လိုင်းခွဲ–၅၅၉၉၊ ၅၅၂၂

– အမှတ်–၂၃၆၊ ၃၃ လမ်း၊ ၈၁ × ၈၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၄၀၂၁၊ ၆၀၈၁၀၊ ၆၁၆၆၈

– အမှတ်–၂၄၃၊ လမ်း ၈၀၊ ၃၁× ၃၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၆၆၃၇၃

❑ Dream World Mattress & Furniture

– စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇၊ လိုင်းခွဲ–၅၇၈၆

– အမှတ်–၁၁၉၊ မြေညီထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၅၂၅၂၀၊ ၀၉–၉၉၂၁၆၇၁

❑ မြင့်မြတ်သူ လဲမှို့၊ မွေ့ရာ၊ မင်္ဂလာခန်းဝင်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး

အမှတ်–၁၈၊ ကမာရွတ်ဘူတာရုံလမ်း၊ ၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၁၆၀၂၁

❑ KKMK

အမှတ် – ၁၈၃၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၉–၅၁၂၆၄၆၀

❑ Thein Myanmar

– အမှတ် – ၁၄၄/၁၄၅၊ လမ်း ၅၀ (အပေါ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၉၉၈၁၇

– အမှတ် – ၁၁၇၊ အနော်ရထာလမ်း၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၉၇၄၆၉

❑ Smile

အမှတ် – ၅၊ ၁၁၇ လမ်း၊ မြေညီထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၉၈၉၂၅၊ ၂၉၀၆၂၇

❑ အောင်နန်းသစ်

အမှတ် – ၄၂၁၊ သုမင်္ဂလာလမ်း၊ (၇) ရပ်ကွက်၊ အင်းဝမှတ်တိုင်နှင့် နန္ဒဝန်ဈေးမှတ်တိုင်ကြား၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၇၉၆၅၀၊ ၅၇၈၇၅၃

❑ Holiday Polyurethane Foam Products

အမှတ် – စီ(၀၁/၀၆)၊ ၁၇ လမ်း(အထက်)၊ လမ်းမတော်ပလာဇာ၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၁၂၀၆၆၊ လိုင်းခွဲ – ၃၄၆

❑ စိန်နှင့်မြမွေ့ရာဆိုင်

– အမှတ် – ၂၂၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၄၈၆၅၃

– အခန်း – ၁၁၊ မြေညီထပ်၊ တာမွေပလာဇာ၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

❑ စိန်နှင့်မြ (Darling Mattress)

– အမှတ် – B-7၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၇၂၁၅၁၄

– အမှတ် – F-5၊ စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၀၀၇၄၇ လိုင်းခွဲ – ၅၉၉၉

– အမှတ် – ၁၄၄၊ ၃၄ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ မန္တလေး။ ဖုန်း – ၀၂–၃၄၂၁၇

– အမှတ်–၁၁၊ ၂၆ ဘီလမ်း၊ ၇၈× ၇၉ လမ်းကြား၊ မန္တလေး။ ဖုန်း – ၀၉–၅၀၁၁၆၉၉

E-mail : sein.mya@mptmail.net.mm

www.foreverspace.com.mm

# နာရေးကူညီမှုရယူလိုလျှင်

ပုထုဇဉ်မြန်မာလူမျိုးတို့ပီပီ မိမိတို့ မိသားစုဝင်ထဲကပဲဖြစ်ဖြစ်၊ ဆွေမျိုးသားချင်းတွေထဲကပဲဖြစ်ဖြစ်၊ မိတ်ဆွေအပေါင်းအသင်းတွေထဲကပဲဖြစ်ဖြစ် နာရေးနဲ့ ရင်ဆိုင်ကြုံတွေ့ရပြီဆိုရင် ပူပင်သောကများပြီး ဈာပနကိစ္စဆောင်ရွက်တဲ့အခါမှာ အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့ကြရလေ့ရှိပါတယ်။ အဲဒီအခက်အခဲတွေ ပပျောက်ပြီး ဈာပနကိစ္စကို ချောချောမောမော ဆောင်ရွက်နိုင်ဖို့အတွက် စေတနာ့ဝန်ထမ်း အခမဲ့ကူညီဆောင်ရွက်ပေးနေတဲ့ နာရေးကူညီမှုအသင်းတွေထဲက ထင်ရှားတဲ့အသင်းတစ်ခုဖြစ်တဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်) ရဲ့ ဝန်ဆောင်မှုနဲ့ ဆက်သွယ်ရမယ့်လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

နာရေးကူညီမှုအသင်း (ရန်ကုန်) အနေနဲ့ နာရေးမော်တော်ယာဉ်စေလွှတ်၍ အလောင်းသယ်ပေးခြင်း၊ အလောင်းထည့်သွင်းရန် အလူမီနီယံအခေါင်းစီစဉ်ပေးခြင်း၊ သုသာန်၌ အအေးခန်းထား၍ ပေးဆောင်ခြင်း၊ မီးသင်္ဂြိုဟ်စရိတ်ပေးဆောင်ခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နာရေးရှင်တွေရဲ့ဆန္ဒအရ ကွယ်လွန်သူအား နေ့ချင်းမီးသင်္ဂြိုဟ်ပေးခြင်း၊ နှစ်ရက်မြောက်နေ့မှာ မီးသင်္ဂြိုဟ်ခြင်း၊ အအေးခန်းမှာထားပြီး သုံးရက်မြောက်နေ့မှာ မီးသင်္ဂြိုဟ်ခြင်းတို့ကို အခမဲ့ ကူညီဆောင်ရွက်ပေးပါတယ်။ နာရေးရှင်တွေအနေနဲ့ ကြိုတင်စီစဉ်ထားရမှာက နေအိမ်မှာသေဆုံးပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနနဲ့ ဆေးရုံမှာ သေဆုံးပါက သက်ဆိုင်ရာဆေးရုံကနေ သေချိုင်းလက်မှတ် (မီးသင်္ဂြိုဟ်ခွင့်လက်မှတ်) ကို ထုတ်ယူပြီး မိတ္တူသုံးစောင် ကူးထားရပါမယ်။

ဒါ့အပြင် ရပ်ဝေးဒေသများမှ ရန်ကုန်ကို လာရောက်ရင်း သေဆုံးပါကလည်း သက်ဆိုင်ရာမြို့နယ်ဒေသဆီ အလောင်းပြန်သယ်ယူဖို့ နာရေးမော်တော်ယာဉ်စီစဉ်ငှားရမ်းပေးတယ်လို့ ဆိုပါတယ်။ နာရေးကိစ္စကူညီဆောင်ရွက်ပေးခဲ့ရတဲ့ ကုန်ကျစရိတ်မှတ်တမ်းကိုလည်း နာရေးရှင်တွေသိစေဖို့ ပြန်လည်ပေးအပ်ပါတယ်။

နေ့စဉ်ပိတ်ရက်မရှိ နံနက် ၈း၃၀ နာရီမှ သုသာန်တွေ မပိတ်မီ ညနေ ၅း၀၀ နာရီအထိ လက်ခံကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။

လိပ်စာ – နာရေးကူညီမှုအသင်း (ရန်ကုန်)
ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၇၈၁၈၄၊ ၅၆၀၃၃၃၊ ၇၀၉၂၇၇၊ ၆၃၉၄၉၀

# Fire Fox မှာ Internet Speed တင်မယ်ဆိုရင်

Internet browser မှာ နာမည်ကြီးပြီး Security ကောင်းမွန်စိတ်ချရတဲ့ Fire Fox ရဲ့ လုပ်ဆောင်ချက်တွေ ပိုမြန်ဆန်လာစေချင်တယ်ဆိုရင် အောက်ပါအချက် အလက်ကလေးတွေ ပြင်ပေးဖို့လိုပါတယ်။

(၁) address bar မှာ about:config ဟု ရိုက်ပြီး go ကို Click လုပ်ပါ။

(၂) ပေါ်လာသော စာတန်းများမှ network. http.pipelining နှင့် network. http.proxy.pipelining ကို false မှ True ဟုပြောင်းပါ။ network.http.pipelining. amaxrequests ကို 4 မှ 8 သို့ ပြောင်းပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဝက်ဘ်ဆိုက်များကို Loading လုပ်ရာတွင် ပိုမြန်လာမည်ဖြစ်သည်။

(၃) လွတ်နေသော နေရာတစ်ခုခုတွင် Right Click နှိပ်၍ New ကိုရွေးပြီး Integer ကို ရွေးပါ။ ပေါ်လာသော box ထဲတွင် layout.initialpaint.delay ဟု ရိုက်ပါ။ value ကို (.)ဟု ထားပါ။ Internet Connection အရင်ထက် ပိုမြန်လာပါလိမ့်မယ်။

Source: http:// Forums.mozillazine.org

# စားသောက်ဆိုင်သစ်

- **Mr.Guitar Suki House**
  Delta Plaza၊ အမှတ်–၂၄၇/၂၆၉၊ ရွှေဂုံတိုင်လမ်း၊ ဗန်ဒါပင်မှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊
  ဖုန်း – ၅၅၂၇၃၀၊ ၇၀၉၅၈၂
- **Feel မြန်မာထမင်းဆိုင်(၂)**
  အမှတ်–၁၆၉(က)၊ အနောက်ရွှေဂုံတိုင်(၅)လမ်း၊ ဗဟန်း အားကစားကွင်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၉၉၂၁၇၂၀
- **MR. POEM - 3**
  အမှတ်–၂(A)၊ ပါရမီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **ကောင်းကြိုက်ရသာဒံပေါက် (ဆိုင်ခွဲသစ်)**
  အမှတ်–၁၇၊ အင်းစိန်လမ်း၊ အောင်ဓမ္မရိပ်သာလမ်းထိပ်၊ သမိုင်းလမ်းဆုံမှတ်တိုင်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **သပြေညို Food & Drink**
  အမှတ်–၁၈၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# တစ်စထက်တစ်စပို၍ အသုံးတွင်ကျယ်ခေတ်စားလာတဲ့ PDA



ယနေ့ခေတ်အင်တာနက်နဲ့ ကွန်ပျူတာတို့ဟာ လူသားတို့ရဲ့ နိစ္စဓူဝကိစ္စရပ်အဝဝအတွက် ပို၍မရှိမဖြစ် အရေးပါအသုံးဝင်လာတဲ့နောက်ပိုင်းမှာ ကွန်ပျူတာ Function နဲ့ အင်တာနက်တို့ကို ပူးတွဲအသုံးပြုနိုင်ပြီး အလွယ်တကူသယ်ဆောင်အသုံးပြုနိုင်တဲ့ PDA အကြောင်းကို ပိုမိုသိရှိနားလည်စေရန် PDA တွေရဲ့အသုံးဝင်ပုံနဲ့ Function တွေအကြောင်းကို စုဆောင်းရေးသားလိုက်ပါတယ်။

**PDA တွေရဲ့အသုံးဝင်ပုံ**

Personal Digital Assistant (PDA) ဆိုတဲ့အတိုင်း တစ်နေ့တာလုပ်စရာရှိတဲ့ ကိစ္စတွေနဲ့ သတင်းအချက်အလက်တွေကို အလွယ်တကူသယ်ဆောင်သွားနိုင်တဲ့ Electronic Device ပဲဖြစ်ပါတယ်။ ပြီးတော့ ကွန်ပျူတာနဲ့လည်း ချိတ်ဆက်ပြီး သတင်းအချက်အလက်သိမ်းဆည်းစရာရှိတာတွေကို ကူးယူဖလှယ်နိုင်ပါတယ်။ ဒီနေ့ခေတ် PDA တွေဟာ ဒိုင်ယာရီနဲ့ Appointment တွေမှတ်ဖို့တင်မကဘဲ အင်တာနက်နဲ့ ဆက်သွယ်နိုင်သလို Global Positioning System (GPS) တို့ Multimedia Player တွေစတဲ့ Program တွေကိုပါ ထည့်သွင်းလာကြပြီး မိုဘိုင်းဖုန်းတွေနဲ့ပါ ပူးတွဲထုတ်လုပ်လာကြတဲ့အတွက် ပိုပြီး အသုံးတွင်ကျယ်လာပါတယ်။ PDA တွေမှာ ပါဝင်တဲ့ အခြေခံ Function တွေကတော့ –

- အဆက်အသွယ်တွေရဲ့ နာမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ E-mail တွေ သိမ်းဆည်းနိုင်ခြင်း၊
- နေ့စဉ်လုပ်ရန်ရှိသည်များကို မှတ်သားခြင်း၊
- မှတ်စုရေးသားသိမ်းဆည်းနိုင်ခြင်း၊
- Calender နဲ့ Appointment တွေမှတ်ခြင်း၊
- Appointment တွေအတွက် သတိပေးရန် Alarm ပေးထားနိုင်ခြင်း၊
- Calculator ၊
- PDA အတွက် အသုံးပြုတဲ့ Software (ဥပမာ– Windows Mobile Software ဖြင့် Microsoft Word, Excel, Internet Explorer, Outlook ကတစ်ဆင့် E-mail ရေးသားပေးပို့ခြင်း၊ Windows Media Player နှင့်သီချင်း၊ ဗီဒီယိုတွေကြည့်ရှုနိုင်ခြင်း၊ အသံသွင်းနိုင်ခြင်း) စတဲ့ Software တွေပါဝင်ပါတယ်။

**PDA ကို ဘယ်လိုလူမျိုးတွေအတွက်လိုအပ်ပါလဲ**

- အဆက်အသွယ်အများအပြားရှိသူတွေအတွက် လိပ်စာတွေ၊ ဖုန်းနံပါတ်တွေအများအပြားကို အချိန်တိုင်းကိုယ်နဲ့မကွာလိုအပ်နေသူတွေ၊
- လုပ်ငန်းကိစ္စရောကိုယ်ရေးကိုယ်တာကိစ္စရပ်တွေအတွက် Appointment တွေ အချိန်မပြတ်ရှိနေအောင် အလုပ်များသူတွေ၊ Appointment တွေကို အချိန်မတိုင်မီနေရာတိုင်းမှာ သတိပေးဖို့ လိုအပ်သူများ၊
- ကွန်ပျူတာနဲ့ Laptop မှာရှိတဲ့ အချက်အလက်တွေကို လိုအပ်နေပြီး ကွန်ပျူတာမှာထိုင်နေဖို့အချိန်မရသူများ၊ သို့မဟုတ် အလုပ်အရ အချိန်တိုင်း သွားလာနေရသူများ၊
- အင်တာနက်နှင့် E-mail တွေကို အချိန်နှင့်အမျှ ဆက်သွယ်စစ်ဆေးရန် လိုအပ်ပြီး မကြာခဏခရီးထွက်နေရသူများ၊
- E-mail နှင့် Word Processing လုပ်ဖို့အမြဲလိုအပ်နေပြီး Desktop PC နှင့် ချိတ်ဆက်ရန် Laptop ဝယ်ယူဖို့ ခက်ခဲနေသူတွေအတွက် အထူးသင့်တော်ပါတယ်။

**PDA တစ်ခုပျမ်းမျှတန်ဖိုး**

- PDA တွေဟာ အမျိုးအစားကိုလိုက်ပြီး US$ 150 ကနေ US$ 1000 အထိရှိနိုင်ပါတယ်။ များသောအားဖြင့်ကတော့ US$ 300 မှ US$ 500 ကြားရှိကြပါတယ်။

**PDA ကို PC တို့ Laptop တို့နဲ့ တွဲသုံးနိုင်လား**

- PDA တွေဟာ Desktop PC တွေ Laptop တွေနဲ့ တွဲသုံးနိုင်ဖို့နဲ့ PC တွေထဲမှာရှိတဲ့ Data တွေကို အလွယ်တကူသယ်သွားနိုင်ဖို့ တီထွင်ထားတာပါ။ PDA ကနေ PC နဲ့ Laptop

www.foreverspace.com.mm



တွေကို Data Synchronization လို့ခေါ်တဲ့နည်းနဲ့ ချိတ်ဆက်ပြီး Data တွေ ဖလှယ်ပါတယ်။ PDA နဲ့ PC ကို Serial သို့မဟုတ် USB Port နဲ့ ဆက်သွယ်လေ့ရှိပါတယ်။ ခု နောက်ပိုင်း PDA တွေဟာ Wireless နည်းတွေနဲ့ ဆက်သွယ်နိုင်နေကြပါပြီ။

**PDA ကနေ Internet အသုံးပြုပုံ**

– PDA တီထွင်ထုတ်လုပ်သူတွေဟာ အင်တာနက်ကိုပိုပြီး လွယ်ကူစွာအသုံးပြုနိုင်ဖို့ Web Page တွေပေါ်က သတင်းအချက်အလက်တွေကို Text အသွင်ပြောင်းပြီး ပို့တဲ့နည်းကို Web Clipping လို့ခေါ်ပြီး PDA တွေဆီ Wireless ပို့ပေးပါတယ်။

– မကြာခင်မှာပဲ PDA တွေကို မိုဘိုင်းဖုန်းတွေနဲ့တွဲပြီး ပြုလုပ်လာကြပြီး ဆယ်လူလာကွန်ရက်ကနေပဲတစ်ဆင့် အသံ Data ရော Text Data တွေပါ သုံးလာကြတော့မှာပါ။

ဒါကြောင့် ကိုယ်နဲ့အကိုက်ညီဆုံးနဲ့ အသုံးတည့်မယ့် Function တွေပါတဲ့ အသင့်တော်ဆုံး PDA အမျိုးအစားကို အခြားအမျိုးအစားတွေနဲ့နှိုင်းယှဉ်ပြီး ဝယ်ယူသင့်ပါတယ်။

# Wedding Cake မှာမယ်ဆိုရင်

ဝါကျွတ်ကာလဖြစ်တာမို့လို့ မင်္ဂလာအခမ်းအနားတွေအတွက် Wedding Cake တွေကို ခေတ်မီလှပတဲ့ဒီဇိုင်းတွေနဲ့ ဖန်တီးပေးနေတဲ့ Bake House တစ်ခုကို လမ်းညွှန်လိုက်ပါရစေ။ Wedding Cake အပြင် မွေးနေ့ကိတ်တွေနဲ့ အခြားစားစရာကိတ်မျိုးစုံလည်းရနိုင်ပါတယ်။ မှာယူတဲ့လူတွေများပြားတဲ့ အချိန်ဖြစ်လို့ ကြိုကြိုတင်တင်မှာမှ အဆင်ပြေနိုင်မယ်လို့ သိရပါတယ်။ စိတ်ဝင်စားတဲ့သူတွေအတွက် လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ –

EL Dorado Bake House

- အမှတ်–၄၊ ဝေဇယန္တာလမ်း၊
  သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၆၀၅၈၀၊ ၅၆၁၀၅၈၊ ၅၆၁၃၀၈၊ ၅၆၁၃၇၆
- အမှတ်– C ၂–၁၊ ၃၂ လမ်း၊
  ၇၇× ၇၈ လမ်းကြား၊
  မန္တလေး။
  ဖုန်း–၀၂–၈၉၆၇၅
  www.eldoradobakehouse.com

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **JASMINE Fashion Shop**
  ရွှေပါရမီ Shopping Mall ပထမထပ်၊ ပါရမီလမ်းနှင့် အင်းစိန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **BODY CULTURE**
  အမှတ် A-11၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **Smart Girl Beauty & Skin Care**
  လှည်းတန်းလမ်း၊ အ.ထ.က(၅) ကမာရွတ်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **အောင်သပြေကုမ္ပဏီလီမိတက် အရောင်းပြခန်း (နေပြည်တော်ဆိုင်ခွဲ)**
  အမှတ် ၆/၉၊ ဗိုလ်ချုပ်လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။
- **သက်တံရောင်စဉ် ဂျာနယ်**
  အမှတ်–၃၂/၃၄၊ ၆ လွှာ(ဝဲ)၊ ဘုန်းကြီးလမ်း(အောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၂၂၁၈၁၂၊ လိုင်းခွဲ–၁၀၅
- **Cyber Friends Internet Centre**
  အမှတ်–၄၈၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **AZURE Cosmectic Center**
  အမှတ်–စီ–၃၊ ၇၈ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
  ဖုန်း–၀၂–၃၈၀၃၆၊ ၇၂၂၁၁၊ ၄၄၉၁၉
  E-mail:azure@mandalay.net.mm
- **N.Y.C Fashion Shop**
  အခန်းအမှတ်–၁၀၃၊ ၁၀၄၊ Sky Walk Shopping Mall၊ မန္တလေး။
- **Koo's Korea Cosmetics & Food Centre**
  အမှတ်–၃(B)၊ မိုးကောင်းလမ်း၊ ကျောက်ကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၂၉၄၀၉
- **လူကြီးမင်း** CELL PHONE VILLA
  အမှတ်–၁၄၈၊ လသာလမ်း(အထက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၈၇၃၉၊ ၀၉–၅၀၂၂၂၂၅
  E-mail: lugyimin@myanmar.com.mm

www.foreverspace.com.mm



- **Mr Dentist Dental Clinic**
  အမှတ်–၃၅၀၊ အလုံလမ်း၊ Summit Parkview Hotel ၊ အခန်းအမှတ်–၂၄၅/၂၄၆၊ ဒုတိယထပ်၊ ဒဂုံမြို့နယ်။ ရန်ကုန်။ ဖုန်း–၂၁၁၈၈၈
  လိုင်းခွဲ–၂၄၅၊ ဖက်စ်–၂၉၆၁၃၈
  E-mail: apgroup@mptmail.net.mm
- **Fashion & Shopping Guide Journal**
  အမှတ်–၉၃၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၂၃၁၃
- **LOLANE Showroom**
  **Hair & Beauty Centre (3)**
  အခန်းအမှတ်–၉ ၊ ဒုတိယထပ်၊ EXCEL Shopping Mall၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၉၃၇၇၊ လိုင်းခွဲ–၆၂၀၉
- **ပန်းလက်ဆောင် လက်ဝတ်ရတနာအငှားဆိုင်**
  အမှတ်–A ၂၇/၂၈၊ မြေနီကုန်းပလာဇာ၊ ဒဂုံစင်တာအနီး၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Splendour Floral Service & Gift Shop**
  အမှတ်–၂၀ (B)၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၁၀၇၁၆၊ ၀၉–၅၀၂၁၁၉၈
- **CHANNEL Digital Photo Service**
  အမှတ်–၉၁၊ အနော်ရထာလမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၈၃၀၀၊ ၀၉–၅၁၃၁၉၃၄
- **လွှမ်းမိုးသူ (ဆိုင်ခွဲ)**
  Levle-4၊ အမှတ်–၆၀၅၊ ၆၀၆၊ ရွှေပါရမီ Shopping Mall၊ ပါရမီလမ်းနှင့် အင်းစိန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

# နိုင်ငံတကာအသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းသင်တန်းများ

ဒီကနေ့လူငယ်တွေဟာ ပညာရေးနယ်ပယ်မှာ လုပ်ငန်းခွင်ကို တိုက်ရိုက်ဝင်ရောက်နိုင်တဲ့ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရေးကို ပိုမိုစိတ်ဝင်စားလာကြတာတွေ့ရပါတယ်။ ပြည်ပမှာဆက်လက်ပညာသင်ဖို့ရည်ရွယ်တာပဲဖြစ်ဖြစ်၊ ကိုယ့်နိုင်ငံထဲမှာ အိုးမကွာအိမ်မကွာ သင်ယူချင်တာပဲဖြစ်ဖြစ် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ အသက်မွေးဝမ်းကျောင်းသင်တန်းတက်လိုသူတွေအတွက် စုံစမ်းတက်ရောက်နိုင်ဖို့ သင်တန်းကျောင်းလိပ်စာအချို့ ဖော်ပြပေးလိုက်ပါတယ်။

- MAA (Myanmar Accountancy Academy Ltd.)
  – အမှတ်–၃၇၇၊ ရွှေဘုံသာရိုပ်သာ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၀၅၀၁–၂၊ ၀၉–၈၀၃၄၉၁၆၊ ဖက်စ်–၃၈၀၇၉၇
  E-mail-james@maaglobal.com.mm
  - MAA-AAT Professional Training Centre
  အခန်း–၂၁ (တတိယထပ်)၊ ရတနာပုံဆိုင်ဘာကော်ပိုရေးရှင်း၊ ရတနာပုံဈေး၊ မန္တလေးမြို့။ ဖုန်း–၀၂–၈၉၄၁၂
- SCCD (Summit Center for Career Development)
  ဟိုတယ်သင်တန်းကျောင်း
  အခန်းအမှတ်–၂၀၄ (ဒုတိယထပ်)၊ Block B ၊
  ပုလဲကွန်ဒို မီနီယမ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၇၄၆၄၊ ၅၅၇၄၇၃၊ ၅၅၇၄၇၅၊ ၅၅၇၄၈၁
  (လိုင်းခွဲ–၈၃၅၊ ၈၃၄)
  E-mail-sccd@myanmarpartners.com.mm
  sccd@chindwin.com
  Website-www.sccd.com.mm
- British Council
  အမှတ်–၇၈၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၆၂၉၀၊ ၂၅၆၂၉၁၊ ၂၅၄၆၅၈ (လိုင်းခွဲ–၃၁၆)
- Center for Vocational Training (CVT)
  အမှတ်–၄၂ (တတိယထပ်)၊ MRCS အဆောက်အအုံ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၃၆၇၆၊ E-mail-cvtygn@yangon.net.mm
- TECH Training Center
  အမှတ်–၄၁၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၅၇၀၂၊ ၅၃၉၅၃၁၊ ၅၀၅၉၈၆
- KMD Computer Center
  အမှတ်–၅၅၀/၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၁၀၃၅၊ ၂၄၉၁၅၅၊ ၃၈၁၁၂၉၊ ၃၈၁၇၇၆
- MCC
  သိမ်ကြီးဈေး (စီ)ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၅၇၅၈၊ ၂၄၅၇၆၂
- မြန်မာ–စင်ကာပူသင်တန်းကျောင်း
  နာနတ်တောလမ်း၊ မာလာမြိုင်စိုက်ပျိုးရေးစင်တာအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# ၂၀၀၆ ခုနှစ် ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | နွမ်းပေမယ့် ပန်းမကြွေ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၅၀၀၆၀၆ | ဆရာဦးစံတင်အောင်ရွှေဘို | ၅၀၀ | ၁၅၀၀ | အောင်မြေ | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) | ဆောင်းပါးစု |
| ၂။ | မတေးဒါ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၈၁၁၀၆၀၆ | ရှင်မေယွန်း | ၁၀၀၀ | ၁၂၀၀ | လှိုင်ရတနာ | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဘာသာပြန် |
| ၃။ | မင်းကျန်စစ်ကို ချစ်တဲ့သူများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၂၇၀၆၀၈ | ဒေါက်တာမတင်ဝင်း ပညာရေးတက္ကသိုလ် | ၁၀၀၀ | ၁၈၀၀ | နန်းချစ်ကြည် | ၂၀၀၆၊ ဩဂုတ် (တ–ကြိမ်) | သမိုင်းပုံဝတ္ထု |
| ၄။ | အသိုင်းအဝိုင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၃၁၈၀၆၀၃ | ပါမောက္ခဒေါက်တာ မောင်မောင်စိုး (ဘောဂဗေဒ) | ၁၀၀၀ | | ပြည့်စုံ | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) | လူမှုသိပ္ပံ |
| ၅။ | နှလုံးသွေးကြောရောဂါများ ကာကွယ်ထိန်းသိမ်းရေး အတွက် မှန်ကန်သည့် စားသောက်နည်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၇၁၀၆၀၆ | ဒေါက်တာလှကြည် | ၅၀၀ | ၁၈၀၀ | တူဒေး | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) | ကျန်းမာရေး စာစဉ် |
| ၆။ | ၂နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၁၉၀၆၀၅ | ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) | ၅၀၀ | ၁၀၀၀ | ရှင်မတောင် | ၂၀၀၆၊ စက်တင်ဘာ (ဒု–ကြိမ်) | ကျန်းမာရေး |
| ၇။ | အကောင်းဆုံးဆုံးဖြတ်ချက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၉၀၀၆၀၆ | ဒေါက်တာအောင်မြင် (ဆေးမန်း) | ၁၀၀၀ | ၁၀၀၀ | အောင်မြင် | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) | ကျန်းမာရေး ဆောင်းပါးများ |
| ၈။ | မုဒိတာရောင်းနဲ့ အခြားဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၁၁၈၆/၂၀၀၄(၁၀) | ဝသုန် | ၁၀၀၀ | ၇၀၀ | ပုဂံ | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၉။ | မြန်မာလများနှင့် စပ်လျဉ်း၍<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၇၉၀၆၀၃ | ပြည်လွန်းရွှေ | ၅၀၀ | ၁၀၀၀ | ကံ့ကော် ဝတ်ရည် | ၂၀၀၆၊ ဩဂုတ် (ပ–ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၁၀။ | ရွှေမန္တလေး ... အမြင်မဲ့ပန်း နှင့် အိပ်မက်တစ္ဆေ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၁၉၀၆၀၃ | ကျော်စွာထက် | ၁၀၀၀ | ၈၀၀ | ပုဂံ | ၂၀၀၆၊ စက်တင်ဘာ (ပ–ကြိမ်) | ဝတ္ထုလတ် စုစည်းမှု |
| ၁၁။ | တရုတ်ကျေးလက်ဓာတ်စာကုထုံး<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၇၉၀၆၀၂ | မောင်မောင်လှိုင် (အပ်စိုက်ကု) | ၁၀၀၀ | ၇၀၀ | Perfect | ၂၀၀၆၊ ဇူလိုင် (ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် (တိုင်းရင်းဆေး) |

www.foreverspace.com.mm

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၂။ | သီပေါမင်း၏ နောက်ဆုံးနေ့ရက်များ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၄၀၅၀၅၁၀ | မောင်ဖေငယ် | ၅၀၀ | ၁၆၀၀ | New Myanmar Book | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | သမိုင်းမှတ်တမ်း |
| ၁၃။ | ထုတ်ကုန်၊သွင်းကုန်လုပ်ငန်းနည်းပညာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၈၅၀၆၀၈ | မြထွန်းအောင် | ၅၀၀ | ၂၈၀၀ | မျက်ပွင့် | ၂၀၀၆၊ အောက်တိုဘာ (ပ-ကြိမ်) | လုပ်ထုံးလုပ်နည်းလမ်းညွှန် |
| ၁၄။ | မြွေဟောက်မရဲ့ မျက်ပြေမျက်ရည်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၇၈၀၀၆၀၆ | ကိုပိုက် | ၅၀၀ | ၉၀၀ | မြစ်ခွဲကိုးစင်း | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၁၅။ | တစ်နေ့တလံ ပုဂံဘယ်ပြေးမလဲ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၀၀၆၁၃ | ဒေါက်တာသန်းထွန်း | ၅၀၀ | ၄၅၀၀ | သီရိဆွေ | ၂၀၀၆၊ ဩဂုတ် (ပ-ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၁၆။ | တောင်စောင့်ဘိုးဘိုးနှင့်မုဆိုးကျွန်တော်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၁၃၃၀၅၀၈ | မင်းရဲကျော် | ၅၀၀ | ၇၅၀ | ရွှေမင်းသမီး | ၂၀၀၆၊ ဩဂုတ် (ပ-ကြိမ်) | စွန့်စားခန်းဝတ္ထု |
| ၁၇။ | ကူးကျင်းမှ ကျားဆိုး<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၂၇၈၁၆၁၂ | အောင်ခင်စိုး | ၅၀၀ | ၇၀၀ | စိတ်ကူးသစ် | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | ဝတ္ထုပေါင်းချုပ် |
| ၁၈။ | နူမရော်လော်ဂျီ ဂျစ်ပစီဟောကိန်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၈၆၀၆၀၈ | မင်းသိခ် | ၅၀၀ | ၁၅၀၀ | မျက်ပွင့် | ၂၀၀၆၊ စက်တင်ဘာ (ပ-ကြိမ်) | ဗေဒင် |

# စနောက်ရင်း မွေးနေ့လက်ဆောင်ပေးနိုင်တဲ့ ဘောပင်

ဆယ်ကျော်သက်လူငယ်တွေကြားမှာ မွေးနေ့လက်ဆောင်အနေနဲ့ဖြစ်စေ၊ စနောက်ချင်လို့ဖြစ်စေ လက်ဆောင်ပေးလို့ကောင်းတဲ့ဘောပင်ပါ။ အမှတ်တမဲ့နဲ့ ဘောပင်ခလုတ်နှိပ်တဲ့အခါ ထိတ်လန့်ရုံလောက် ဓာတ်လိုက်တတ်လို့ပါ။ စာရေးချင်ရင်လည်း ရေးလို့ရတယ်။ မင်ချောင်းလည်း လဲလို့ရပါတယ်။ တန်ဖိုးကျပ် ၂၀၀၀ နဲ့ မဟာဗန္ဓုလပန်းခြံလမ်းနဲ့ ၃၅ လမ်းကြား၊ အနော်ရထာလမ်းပေါ်က Everfine Store မှာ ဝယ်ယူရရှိနိုင်ပါတယ်။


LIVING COLOR
MAGAZINE
526302
504496

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်
Editor's Choice

## ရောဂါနဲ့စားစရာ
### ဒေါက်တာမီမီကို




"မှန်ကန်တဲ့ ဘဝနေထိုင်မှုပုံစံပြောင်းလဲမှုတွေဟာ ဆေးဝါးကုသတာထက် ပိုပြီး အကျိုးသက်ရောက်မှု ရှိစေပါတယ်။... အစာလည်းဆေး၊ ဆေးလည်းအစာဆိုတဲ့ စကားအတိုင်း မှန်ကန်သင့်လျော်တဲ့ အစားအစာတွေ စားသောက်ခြင်းဟာ အလွန်အရေးကြီးပါတယ်။ ဝေဒနာသက်သာစေတဲ့ အစားအစာတွေကို လိုက်လျောညီထွေစားသောက်ခြင်း၊ မှန်ကန်တဲ့အစားအစာတွေ ရွေးချယ်စားသုံးခြင်းနဲ့သာ သင့်ခန္ဓာကိုယ်က ရောဂါတွေကို တိုက်ထုတ်ပစ်နိုင်မှာပါ"...ဟု နိဒါန်းပျိုးဖော်ပြထားသော အဆိုပါစာအုပ်မှာ Food & Juices For Health စာအုပ်ကို မှီငြမ်းရေးသားသည်ဟု ဖော်ပြထားသော်ငြား မူရင်းရေးသူ သို့မဟုတ် ရေးသည့်အဖွဲ့အစည်းကို ဖော်ပြထားခြင်း မရှိပေ။ ယင်းအချက်မှတစ်ပါး လူအားလုံး၏ ကျန်းမာရေးကိစ္စတွင် မည်သည့်ရောဂါဝေဒနာဆိုလျှင် မည်သည့်အစားအစာနှင့် သင့်လျော်သည်ဆိုသည်ကို ရေးသားဖော်ပြထားသော ကျန်းမာရေးစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

နှလုံးအောင့်ခြင်းရောဂါအတွက် အသင့်လျော်ဆုံးအစားအစာမှာ လတ်ဆတ်သောသစ်သီးနှင့် ဟင်းသီးဟင်းရွက်များပင်ဖြစ်ကြောင်း၊ ဗီတာမင် B ပါဝင်သည့် အစားအစာများကို နေ့စဉ် စားသုံးသင့် ကြောင်းတို့နှင့်အတူ အဆိုပါရောဂါအတွက် သုံးဆောင်သင့်သည့်အစားအစာများကို အကြံပြုဖော်ပြထားသည်။ နှလုံးသွေးကြောဆိုင်ရာရောဂါရှိသူများအတွက် စားသုံးသင့်သောအစားအစာများ၊ သွေးတိုးရောဂါ၏သက်ရောက်မှုများနှင့် ဆီးရွှင်ဆေးအချို့၏ အာနိသင်များကို ထည့်သွင်းရေးသားထားသည်။ ဆယ်လမွန်၊ တူနာ၊ မက်ကရယ်၊ ဆာဒင်းနှင့် ပင်လယ်ငါးများတွင် အိုမီဂါ ၃ ဖက်တီးအက်ဆစ်ဓာတ် ပါဝင်သောကြောင့် သွေးတိုးရောဂါသက်သာစေသည်ဟုဆိုထားပြီး အဆီများသော အသား၊ မလိုင်ပါသော နွားနို့နှင့် နို့ထွက်ပစ္စည်းများ၊ ကိတ်မုန့်၊ ဘီစကစ်မုန့်နှင့် မာဂျရင်းကို လျှော့စားသင့်သည်ဟု အကြံပြုထားသည်။ ဆားလျှော့စားရန်နှင့် ငှက်ပျောသီးစားရန် တိုက်တွန်းထားသည်။

လိပ်ခေါင်းရောဂါသည်များအနေနှင့် အမျှင်ဓာတ်များသည့် ပဲမျိုးစုံကဲ့သို့သော အစာများများစားပေးပါ။ လတ်ဆတ်တဲ့သစ်သီးနဲ့ ဟင်းသီးဟင်းရွက်များကို အခွံမခွာဘဲ စားပေးပါ။ အဆီနဲ့သကြားဓာတ်ပါတဲ့ အစားအစာများကို လျှော့စားပါ။ နေ့စဉ် အနည်းဆုံး ရေ (၂.၅)လီတာခန့် သောက်ပေးပါ။ လက်ဖက်ရည်နှင့် ကော်ဖီမသောက်ပါနှင့်ဟု ဆိုသည်။ သွေးကြောပိတ်ဆို့မှုကြောင့်ဖြစ်သော ခြေထောက်အနာဝေဒနာနှင့် သွေးကြောထုံးခြင်းဝေဒနာများအတွက် စားသုံးသင့်သည့် အစားအစာများလည်း အသေးစိတ်ဖော်ပြပါရှိသည်။ ဂေါက် (Gout) ရောဂါဟုခေါ်သည့် ရိုးဆစ်ရောင်ရမ်းမှုဝေဒနာရှင်များအနေနှင့် ဟင်းနုနယ်၊ ဂေါ်ဖီထုပ်နှင့် အစိမ်းရောင်ရှိ ဟင်းသီးဟင်းရွက်များ၊ ရေကန်စွန်း၊ တရုတ်နံနံ၊ ဂရိတ်ဖရု၊ မုန်လာဥနီ၊ နာနတ်သီး၊ ချယ်ရီသီး၊ ပဲနီလေးတို့ စားသုံးခြင်း၊ အနီရောင်ရှိသော အသား၊ ငါး၊ အခွံမာငါး၊ ကြွက်၊ တစေးဖောက်ထားသော အစားအစာ၊ မှိုနှင့် အရက်များရှောင်ခြင်း၊ ရေများများသောက်ခြင်းတို့ ပြုလုပ်သင့်သည်ဟု ဆိုထားသည်။ အအေးမိခြင်း၊ တုပ်ကွေးရောဂါဖြစ်ခြင်းများတွင် ဗီတာမင်အေနှင့် ဗီတာမင်စီဓာတ်များ ပါဝင်သည့်အစားအစာများ စားသုံးရန်နှင့် စားသုံးပုံကို အသေးစိတ်လမ်းညွှန်ထားသည်။ ကိုယ်ခံအားအဖွဲ့အစည်းကို ကြက်သွန်ဖြူစားသုံးပေးခြင်းနှင့် မြှင့်တင်ပေးနိုင်သည် အအေးမိချိန်တွင် နွားနို့နှင့် နို့ထွက်ပစ္စည်းများ မစားသုံးသင့်ဟု ဆိုသည်။

ဆက်လက်၍ အဖျားရောဂါ၊ ထိပ်ကပ်နာ၊ ပန်းနာရောဂါ၊ အဆုတ်လေပြွန်ရောင်ရမ်းနာ စသည့် ဝေဒနာများနှင့် စပ်လျဉ်း၍လည်း ရောဂါဇစ်မြစ်ပေါ်ပေါက် ပုံ၊ ရောဂါ၏သဘောသဘာဝနှင့် အဆိုပါရောဂါခံစားနေရသူများ စားသုံးသင့်သော အစားအစာများကိုလည်း ဖော်ပြထားသည်။ နာတာရှည် ပင်ပန်းနွမ်းနယ်ခြင်း ဝေဒနာခံစားရသူများအနေနှင့် ဘီစကစ်၊ ကိတ်မုန့်၊ အစာသွတ်မုန့်၊ သကြားနှင့် အဆီပါသောအစားအစာ၊ ဆီကြော်မုန့်များ၊ လက်ဖက်ရည်၊ ကော်ဖီ၊ ကိုလာနှင့်

www.foreverspace.com.mm

အမြှုပ်ပါသော အချိုရည်များ မစားသုံးသင့်ပါဟု အကြံပြုထားသည်။ ဆီးချိုဝေဒနာရှင်များ သကြားလုံးဝရှောင်ရမယ်ဆိုတဲ့ အယူအဆကတော့ ခေတ်နောက်ကျကျန်ခဲ့ပါပြီ။ ကစီဓာတ်ပါဝင်သော အစားအစာများကို များများစားသုံးပေးရမည်။ ပေါင်မုန့်၊ ခေါက်ဆွဲခြောက်၊ ထမင်း၊ လတ်ဆတ်သော အသီးအနှံ၊ အသီးအရွက်သုပ်၊ ဟင်းသီးဟင်းရွက်၊ ပဲနီလေး၊ ကုလားပဲ၊ အစေ့အဆန်နှင့် အခွံမာသီးများ စားသင့်သည်ဟု ရေးသားထားသည်။ ဆီးချိုဝေဒနာရှင်များအတွက် အစာစားသုံးမှုနှင့်ပတ်သက်၍ ကောင်းမွန်သော အကြံပြုချက်များ ပါဝင်သည်။

အရက်နာကျသူများ ဘလက်ကော်ဖီသောက်သည့် အစဉ်အလာမှာ မကောင်းကြောင်းဖော်ပြ၍ အရက်နာမကျရန်အတွက် အရက်သောက်ခြင်းနှင့် သောက်ပြီးနောက်တွင် ကျင့်သုံးသင့်သည့် စားသုံးမှုပုံစံများနှင့် အရက်နာကျပါက မည်သို့သော အစားအစာများ စားရမည်ဆိုသည်လည်း ဖော်ပြပါရှိသည်။

သံဓာတ်ချို့တဲ့မှုမဖြစ်ရန်လည်းကောင်း၊ သိုင်းရွိုက်ဂလင်းဆိုင်ရာရောဂါများ၊ အဝလွန်ခြင်း၊ အိပ်မပျော်ခြင်း စသည်တို့နှင့်ပတ်သက်၍လည်းကောင်း စားသောက်သင့်သည့်အစားအစာများ ပါဝင်သည်။ မှန်ကန်သင့်လျော်သော အစားအစာများကို ရွေးချယ်စားသုံးတတ်ခြင်းသည် စိတ်ဖိစီးမှုကို တိုက်ဖျက်ပေးကြောင်းနှင့် စိတ်ဖိစီးမှုဝေဒနာအတွက် နေ့စဉ် သစ်သီးနှင့် ဟင်းသီးဟင်းရွက်ငါးမျိုးခန့် စားသုံးပေးသင့်ကြောင်း၊ ရှောက်နှင့် သံပရာမျိုးရင်းဝင် သစ်သီးဖျော်ရည်များ သောက်သုံးပေးသင့်ကြောင်း၊ လက်ဖက်၊ ပန်းသီး၊ ပဲသီး၊ ဝိုင်အနီနှင့် ကြက်သွန်နီ၊ ကြက်အရေခွံ၊ ဥအမျိုးမျိုး၊ အဆီပါဝင်မှုနည်းသော နို့ထွက်ပစ္စည်းများ စားသုံးသင့်ကြောင်း အကြံပြုထားသည်။

တစ်ဖန် ရိုးဆက်ရောင်ရမ်းနာ၊ အရိုးပွရောဂါ၊ ဝတ်မှန်ကြောင့်ဖြစ်သော ဓာတ်မတည့်ခြင်း၊ အင်ပျင်ထခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အယ်ဇိုင်းမားရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ နားအတွင်းရောဂါပိုးဝင်ရောက်ခြင်း၊ အာသီးရောင်ခြင်း၊ ယာဉ်ရထားစီးနေစဉ် မူးဝေပျို့အန်ခြင်း၊ ဝက်ခြံပေါက်ခြင်း၊ အပူလောင်ခြင်း၊ ဓားရှခြင်းနှင့် သွေးခြည်ဥခြင်း၊ ပါးစပ်တွင် အနာပေါက်ခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ နှင်းခူပေါက်ခြင်း၊ ဂလူတင်ဓာတ်မတည့်မှုကြောင့် Coeliac ရောဂါဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း၊ သည်းခြေတွင် ကျောက်တည်ခြင်း၊ ရင်ပူခြင်း၊ အစာမကြေခြင်း၊ အူလမ်းကြောင်းမူမမှန်ခြင်း၊ သန်ထခြင်း၊ ဆီးကျိတ်ဆိုင်ရာရောဂါများ၊ သားအိမ်တွင်အလုံးတည်ခြင်း၊ သွေးဆုံးခြင်းနှင့်ဆက်နွှယ်နေသော ရောဂါများ ဓမ္မတာမလာမီခံစားရသော ဝေဒနာများ၊ မှိုစွဲခြင်း၊ ဆီးအိတ်ရောင်ခြင်း အစရှိသည့် ရောဂါပေါင်း ၄၉ မျိုးအတွက် ရောဂါဖြစ်ရခြင်းအကြောင်းရင်းများ ဝေဒနာဖြစ်ပွားပုံတို့နှင့်တကွ မြန်မာနိုင်ငံနှင့် ကိုက်ညီပြီး ရောဂါဝေဒနာကို တွန်းလှန်ကာကွယ်မှုပေးနိုင်မည့် အစားအစာများကို အသေးစိတ်လမ်းညွှန်အကြံပြုဖော်ပြထားသည်။

ခြုံ၍ဆိုရလျှင် 'ရောဂါနဲ့စားစရာ' ဟု အမည်ပေးထားသောစာအုပ်သည် အကျိုးများစေသည့် ကျန်းမာရေးပညာပေးစာအုပ်တစ်အုပ်ဖြစ်၍ မိသားစုတိုင်း၏နေအိမ်တွင် ရှိထားသင့်သော စာအုပ်များအနက်မှ တစ်အုပ်ဖြစ်သည်ဟု ဖော်ပြလိုပါသည်။ အစာစားသုံးမှုပုံစံမှန်ခြင်းအပြင် ကိုယ် လက်လေ့ကျင့်ခန်းယူခြင်းသည်လည်း တစ်ကိုယ်ရေကျန်းမာရေးတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်နေပါသည်ဟု အဆိုပါစာအုပ်တွင် ထည့်သွင်းရေးသားထားသည်။

ထုတ်ဝေတိုက် – ရတနာသိုက်
မျက်နှာဖုံးဒီဇိုင်း – ဝင်းထွန်း
အကြိမ် – ပထမအကြိမ်
ထုတ်ဝေနှစ် – ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၃၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၄၀၀၆၀၆

---

## မြန်မာနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ

**ဖြိုးသာရ**


လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသော မြန်မာနိုင်ငံအနေနှင့် လွတ်လပ်ရေးရသည့် ၄–၁–၁၉၄၈ ရက်နေ့မှစ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အစိုးရမဟုတ်သည့်အသင်းအဖွဲ့များ (NGOs) နှင့်လည်းကောင်း၊ စည်းလုံးညီညွတ်မှုကိုအခြေခံ၍ နိုင်ငံ၏အကျိုးအတွက် လုပ်ငန်းဆိုင်ရာကိစ္စရပ်များစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလျက်ရှိနေရာ အဆိုပါအဖွဲ့အစည်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများအနေနှင့် သိသင့်သိထိုက်သည်များကို သိရှိထားနိုင်ရန် ရည်ရွယ်ပြုစုခြင်းဖြစ်သည်ဟု စာရေးသူက ဆိုသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေနှင့် မည်သို့သော နိုင်ငံခြားရေးမူဝါဒချမှတ်ကျင့်သုံးနေသည်ဆိုသောကိစ္စမှာ အလွန်အရေးကြီးပေသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေနှင့် စည်းကမ်းကျန၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ချီတက်လျက်ရှိပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ရမည့် နိုင်ငံသားများသည် မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို သိရန်လိုအပ်ပေရာ ဤစာအုပ်ပါ 'မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝါဒ' ဟူသောအခန်းကို ဖတ်ရှုလေ့လာခြင်းဖြင့် နိုင်ငံခြားရေးမူဝါဒ၏

www.foreverspace.com.mm

အဓိပ္ပာယ်၊ မူဝါဒချမှတ်မှုဆိုင်ရာ အခြေခံမှုများကို သိနိုင်မည်ဖြစ်သည်။ ထိုအခန်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဆိုင်ရာ အခြေခံမူ (၈)ရပ်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ရပ်၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာ အရေးအခင်းနှင့် ပြဿနာများဖြေရှင်းရေးတွင် ပါဝင်ဆောင်ရွက်သည့်ကိစ္စရပ်များကို ဖော်ပြထားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဖွဲ့စည်းထူထောင်ပုံနှင့်အတူ မြန်မာနိုင်ငံနှင့် အာဆီယံဆက်နွှယ်ဆောင်ရွက်ပုံ၊ အာဆီယံ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ၏ ၂၀၂၀ ရည်မှန်းချက်၊ အာဆီယံ၏ အဓိကကျသည့် ပုံမှန်အစည်းအဝေးများနှင့် ကျင်းပပုံလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကြီးများ၊ အာဆီယံဆိုင်ရာ စီးပွားရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံ ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြေပြစ်စွာ ဖော်ပြထားသဖြင့် စာဖတ်သူများကို ဗဟုသုတရစေမည်ဖြစ်သည်။ တစ်ဖန် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (BIMSTEC) ပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပုံ၊ မြန်မာနိုင်ငံနှင့် BIMSTEC တို့အကြား ဆက်နွှယ်ပူးပေါင်းဆောင်ရွက်ပုံများကိုလည်း အစီအစဉ်တကျ ရေးသားဖော်ပြထားသည်။ မြန်မာနိုင်ငံအနေနှင့် အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံတို့နှင့်အတူ ဘင်းမ်စတက်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းမှာ အာဆီယံတွင် ပါဝင်ခဲ့ပြီးနောက် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ပေါင်းစည်းရေးနှင့်ပတ်သက်၍ သံတမန်ရေးအရ အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်သည် ဟု ဆိုသည်။




ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (United Nations)နှင့်ပတ်သက်၍ ယင်း၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းခွဲဝေဆောင်ရွက်ပုံများကို ဖော်ပြရာ၌ ကုလသမဂ္ဂဖွဲ့စည်းပုံစနစ်ဆိုင်ရာ ရုပ်ပုံကားချပ် (Organization Chart) ထည့်သွင်းထားခြင်းကြောင့် သိလွယ်မြင်လွယ်ဖြစ်စေသည်။ ကုလသမဂ္ဂအဖွဲ့ပေါ်ပေါက်လာပုံနှင့် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ အခန်းကဏ္ဍကိုဖော်ပြရင်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သောရလဒ်များ ပြည့်မီအောင် မဆောင်ကြဉ်းနိုင်သေးပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖန်တီးမှုတွင် အဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အပြည့်အဝထောက်ခံပူးပေါင်းသွားနိုင်မည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်ဟု စာရေးသူက သုံးသပ်ထားသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) အခန်းတွင် မြန်မာနိုင်ငံမှ လက်ခံထားရှိသည့် ILO ကွန်ဗင်းရှင်း ၁၉ ခုကို ဖော်ပြထားရာ ယင်းမှာ အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာမျက်နှာစာတွင် ပါဝင်ဆောင်ရွက်မှုအနေအထားကို လေ့လာနိုင်စေမည်ဖြစ်သည်။

ဆက်လက်၍ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ ကုလသမဂ္ဂလူဦးရေဆိုင်ရာလှုပ်ရှားမှု ရန်ပုံငွေအဖွဲ့ (UNFPA)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၊ ကုလသမဂ္ဂ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့ (UNODC)၊ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးအဖွဲ့ (UNHCR)၊ ကုလသမဂ္ဂ ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအစီအစဉ် (UNAIDS)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် (UNDCP) စသည့် ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများ ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံတွင် ရုံးနေရာ သတ်မှတ်ဖွင့်လှစ်ပြီး စီမံချက်များ ချမှတ်အကောင်အထည်ဖော်မှုများကို အကျဉ်းအားဖြင့် လေ့လာသိရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) နှင့် ဆက်စပ်၍ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူညီချက်များ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (GEF)နှင့် မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်ပုံ၊ ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၊ နိုင်ငံတကာ မြို့ပြလေကြောင်းအဖွဲ့ (ICAO)၊ အပြည်ပြည်ဆိုင်ရာ စာပို့တိုက်သမဂ္ဂအဖွဲ့ (UPU) နိုင်ငံတကာ ကြေးနန်းဆက်သွယ်ရေးသမဂ္ဂအဖွဲ့ (ITU)၊ ကမ္ဘာ့မိုးလေဝသဆိုင်ရာအဖွဲ့ (WMO)၊ နိုင်ငံတကာရေကြောင်းအဖွဲ့ (IMO)၊ ကမ္ဘာ့အသိပညာပိုင်ဆိုင်မှုဆိုင်ရာအဖွဲ့ (WIPO)၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့ (IFAD)၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့

www.foreverspace.com.mm



(UNIDO)၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာဘဏ် (IBRD)၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (IDA)၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ အမျိုးသမီးများအဆင့်အတန်းဆိုင်ရာကော်မရှင် (CSW)၊ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်နိုင်ငံများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သော မြန်မာနိုင်ငံ၏ ယင်းအဖွဲ့အစည်းများဆိုင်ရာ အခန်းကဏ္ဍနှင့် အဆိုပါအဖွဲ့များ၏ ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ သမိုင်းအကျဉ်း၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်း အခန်းစဉ်ဖွဲ့၍ ဖော်ပြထားသည်။

မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်ဖွဲ့စည်းထားသော မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (GMS) အကြောင်းကိုလည်း ပြည့်စုံစွာ လေ့လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အခြေခံကျသည့်ကဏ္ဍဖြစ်သော ဘက်မလိုက်လူပ်ရှားမှုနှင့်ပတ်သက်၍လည်း အကျဉ်းချုံး ဖော်ပြထားသလို ဖွံ့ဖြိုးဆဲ ၇၇ နိုင်ငံအုပ်စုတွင်ပါဝင်၍ နိုင်ငံတကာစီးပွားရေးရာပြဿနာရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားထားသည်။ အချုပ်အခြာအာဏာပိုင်မှုတွင် အရေးပါသည့်ကိစ္စတစ်ရပ်ဖြစ်သည့် နိုင်ငံနယ်နိမိတ်စာချုပ်များ ချုပ်ဆိုခြင်းကို ထည့်သွင်းဖော်ပြထားရာ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေနယ်နိမိတ်၊ ရေပြင်နယ်နိမိတ်ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားမှုအနေအထားကို သုံးသပ်နိုင်မည်ဖြစ်သည်။ နောက်ဆုံးအခန်းတွင် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံသော နိုင်ငံများကို ဖော်ပြထားရာ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံခြားရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်မှုကို သိနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် လာရောက်၍ သံရုံးဖွင့်ထားသည့်နိုင်ငံများ၊ ကောင်စစ်ဝန်ရုံးဖွင့်လှစ်ထားမှုအခြေအနေများကိုပါ ထည့်သွင်းဖော်ပြထား၍ ဗဟုသုတပွားများနိုင်မည်ဖြစ်သည်။

ခြုံ၍ဆိုရသော် အဆိုပါစာအုပ်သည် တင်ပြမှုအပိုင်းတွင် အစီရင်ခံစာသဘောမျိုး သက်ရောက်နေသော်ငြား နိုင်ငံတကာ မျက်နှာစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပါဝင်ရပ်တည်မှုအနေအထားကို ထင်သာမြင်သာဖြစ်စေခြင်း၊ နိုင်ငံတကာအဖွဲ့အစည်း ပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသိရှိနိုင်ခြင်းတို့ကြောင့် ဝယ်ယူသိမ်းဆည်း၍ လိုအပ်သလို အလွယ်တကူကောက်နုတ်အသုံးပြုနိုင်မည့် စာအုပ်ငယ်တစ်အုပ်ပင် ဖြစ်ပါသည်။

ထုတ်ဝေတိုက် – ရူဝံ
မျက်နှာဖုံးဒီဇိုင်း – ကိုတင်ထွဏ်း
အကြိမ် – ပထမအကြိမ်
ထုတ်ဝေနှစ် – ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၅၅၀၆၀၂

ROYAL Express

* မြန်မာပုံနှိပ်မီဒီယာလောကအတွင်းမှ လစဉ် အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ စာစောင်များကို အိမ်တိုင်ရာရောက်အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။
* Myanmar Partners Think Tank Group မှ ထုတ်ဝေဖြန့်ချိနေသော Living Color မဂ္ဂဇင်း၊ The Voice Weekly နှင့် ခေတ်မြန်မာ Weekly တို့ကိုလည်း အိမ်အရောက်ပို့ဝန်ဆောင်မှု ပေးခဲ့သည့် လုပ်ငန်းဖြစ်ပါသည်။
* Living Color Media အနေဖြင့် Royal Express ၏ ဝန်ဆောင်မှုအပေါ် များစွာကျေနပ်မှု ရှိပါသည်။
* Royal Express Services Group နှင့် စိတ်ချယုံကြည်စွာ ဆက်သွယ်ဆောင်ရွက်ကြည့်စေလိုပါကြောင်းတိုက်တွန်းလိုပါသည်။

အမှတ်(၁၁၄)၊ ပထမထပ်၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၉၇၉၀၉၊ ၀၉-၅၁၁၀၃၇၆၊ ဖက်(စ်) - ၂၉၇၉၀၉

**ယခုလ ပညာရှင်စာတမ်းအဖြစ် ဩဂုတ်လ ၂၅ ရက်နေ့က ရန်ကုန်မြို့ Myanmar Info-Tech ခန်းမ၌ Myanmar Information Technology Pte., Ltd. က ကြီးမှူးကျင်းပသော စီးပွားရေးစီမံခန့်ခွဲမှုပညာရှင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၏ Transformational Leadership ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမှုများမှအချို့ ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။**

**(အယ်ဒီတာ)**

# Transformational Leadership

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ဦးဆောင်မှုပေးတဲ့သူတွေဟာ အောင်မြင်မှုအဆင့်တစ်ဆင့်ကနေ နောက်တစ်ဆင့်ရောက်အောင် ဘယ်ပုံဘယ်နည်းဆောင်ရွက်တယ်ဆိုတာ Transformational Leadership ပေါ့နော်။ ခေါင်းစဉ်အနေနဲ့ Theme အနေနဲ့ Transformational Leadership လို့ ပြောထားပေမယ့်လည်း တကယ်တမ်းမှာချင်တာကတော့ ဦးဆောင်မှုပေးတဲ့သူတွေဟာ အစစ်အမှန်တွေဖြစ်ဖို့လိုတယ်။ အတုမရဘူး၊ အယောင်အဆောင်မရဘူး။ ဦးဆောင်မှုပေးတဲ့သူတွေဟာ ခေါင်းဆောင်မှုအဆင့်မြင့်လေလေ သူ့ရဲ့အစေခံတဲ့ တာဝန်မြင့်မားလာလေလေပဲ။ အဲဒီတော့ ရာထူးအဆင့်ကြီးလာလေလေ စိတ်ထား (Mindset) လုံးဝ Change ဖြစ်ဖို့လိုတယ်။ You are serving others. အခြားသူတွေအတွက် လုပ်နေတာဆိုတာ သိဖို့လိုတယ်။

ပထမဦးဆုံးပေါ့နော် သတိပြုမိစေချင်တာက People remember 20% of what they hear. ပြောသမျှ ဆိုသမျှအားလုံး ကို မှတ်မိတာပြန်စဉ်းစားရင် ရာခိုင်နှုန်း ၂၀ ပဲရှိတယ်။ ကိုယ့်ကိုယ်ကိုယ် သတိထားတယ်။ ကျောင်းဆရာဆိုတော့ သိပ်ပြောချင်တာ။ ကိုယ်ပြောသမျှအားလုံး ဘယ်လောက်လက်ခံသလဲဆိုရင် တကယ်တမ်းတော့ လက်မခံဘူး။ မမှတ်မိဘူး။ 40 % of what they hear and see. အဲဒီတော့ Visualization အရေးကြီးတယ်။



ဒီမှာသင်တဲ့ ဆရာတွေ၊ သင်တန်းတာဝန်ယူတဲ့သူတွေ အများကြီးပါတယ်။ တတ်နိုင်သမျှ Visualization လုပ်ပေးပါ။ ဟောပြောပို့ချတဲ့အခါ ဒီကနေ တစ်ယောက်ထဲ ကိုယ်ပြောချင်တာတွေ

www.foreverspace.com.mm

အားလုံးကို ဟောပြောတာမျိုးထက်ကို နားထောင်တဲ့သူတွေ တက်ရောက်လာတဲ့သူတွေရဲ့ Visualization ပေါ့နော်။ သူတို့ မြင်နိုင်တာကို စဉ်းစားပေးပါ။ နောက်ဆုံးတစ်ခုက What they discover for themselves ပေါ့နော်။ Learning အသိတရား တိုးဖို့ဆိုရင် ကိုယ့်ဟာကိုယ်ရှာမှရမယ်။ သူများပေးလို့မရဘူး။ ဟောပြောတာအားလုံး နားထောင်ပေမယ့် ခဏပဲရမယ်။ ပြီးတာနဲ့မေ့သွားမှာပဲ။ ဒါလေးကို သတိပြုမိစေချင်တယ်။

- 20% of what they hear,
- 40 % of what they hear and see,
- 80 % of what they discover for themselves.

ကိစ္စတော်တော်များများမှာ No one is right or no one is wrong. Both are right and both are wrong. အဲဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲ ဆိုတာက Leadership Challenge ပဲ။ တစ်ယောက်က ငါချည်းမှန်တယ်လို့ ပြောနေသရွေ့ There is no progress. တစ်ယောက်ကလည်း မင်းချည်းမှားတယ်လို့ ပြောနေသရွေ့ There is no progress. နှစ်ယောက်စလုံးမှန်နိုင်တယ်၊ နှစ်ယောက်စလုံးမှားနိုင်တယ်ဆိုတဲ့ အသိရဖို့ဟာ That's true leadership. လုပ်ငန်းတာဝန်ယူတဲ့သူတွေ၊ M.D တွေ၊ CEO တွေအားလုံး Perceptive က အရေးကြီးပါတယ်နော်။ ကြည့်ပုံကြည့်နည်းပေါ့။ ငါက ဒီလိုမြင်လို့ ငါ့အလားတူ နောက်တစ်ယောက်ကလည်း ဒီလိုမြင်ရမယ်လို့ တရားသေ မသတ်မှတ်ပါနဲ့။ သူ့ရှုထောင့်ကသူကြည့်ရင် သူ့အမြင်ကအမှန်ပဲ။ အခုတွေ့ရတာတွေ ကြားရတာတွေက တစ်ဖက်သတ်ချည်းပဲ။ ငါချည်းမှန်တယ်။ ငါချည်းမှန်တယ်ဆိုတဲ့အဓိပ္ပာယ်က အခြားသူက မှားနေပြီ။

အရင်တုန်းက ကျွန်တော်တို့သင်တယ်။ zero some ... တစ်ယောက်ကနိုင်ရင် တစ်ယောက်ကရှုံးရမယ်။ Positive နဲ့ Negative ၊ Leadership Challenge မှာ Zero some game ကစားလို့မရဘူး။ နှစ်ယောက်လုံးမှန်တဲ့ what we need to think of is what we call positive same game ပေါ့နော်။ နှစ်ယောက် လုံးမှန်တဲ့အနေအထားဖြစ်အောင် လုပ်ဖို့လိုတယ်။ ဦးဆောင်မှု တာဝန်ယူတဲ့သူတွေ၊ C.E.O တွေ၊ မန်နေဂျာတွေ၊ M.D တွေ သတိထားပါ။ တစ်ဖက်သတ်မကြည့်ပါနဲ့။ တခြားသူရဲ့အမြင်ကို နားလည်အောင်လည်း ကြိုးစားကြည့်ပါ။

## Communication

How to we communicate? Leadership is nothing but communication ပဲ။ ဦးဆောင်မှုကောင်းတဲ့သူတွေဟာ Communication ကောင်းတဲ့သူပဲ။ This is why we need to develop communication skills. Communication လို့ ပြောတဲ့အခါမှာ Be open and listen to the other person သူဘာ

**မြန်မာတွေ သိပ်ကြိုးစားကြတယ်လို့ ပြောတယ်။ ကြိုးစားတယ်ဆိုရုံနဲ့ မရဘူး။ ကြိုးစားသလောက် အကျိုးရှိသလားဆိုတာ အရေးကြီးတယ်။ မြင့်မြင့်တိုင်းမှ ရမယ်နော်။ လျှော့မတိုင်းနဲ့။**

ကြောင့် ဒီလိုပြောသလဲဆိုတာကို နားလည်အောင်ကြိုးစားပါ။ လက်ခံရမယ်လို့မပြောဘူးနော်။ It doesn't mean you have to accept what he say but at least your open willing to listen အဲဒီလို Openness အရေးကြီးတယ်။

နောက်တစ်ခုက Your experiences before being presented with new information. Information အသစ်တစ်ခုရတယ်။ အချက်အလက်အသစ်တစ်ခုရလာတယ်ဆိုရင် အဲဒီအချက်အလက်တစ်ခုတည်း စဉ်းစားတာမဟုတ်ဘူး။ အရင်တုန်းက ကိုယ်စဉ်းစားခဲ့တာတွေ၊ အရင်တုန်းကလုပ်ခဲ့တာတွေ၊ အရင်တုန်းကတွေးခဲ့တာတွေ အကုန်လုံးကအရေးကြီးတာပဲ။

There is not just one way to interpret something. အရာရာမှာ ကြည့်ပုံကြည့်နည်း ရှုထောင့်တွေအများကြီးရှိတယ်။ အဲဒါကို အားပေးစေချင်တယ်။ တစ်ဖက်တည်းမဟုတ်တာကို။ The key to understanding is meaning not words. လူတစ်ယောက်စကားပြောတဲ့အခါမှာ အဲဒီစကားနောက်ကပါတဲ့ အဓိပ္ပာယ်ကို နားလည်အောင်ကြိုးစားကြည့်ပါ။ ဦးဆောင်မှုပေးတဲ့သူတွေ၊ ဦးဆောင်မှုတာဝန်ယူတဲ့သူတွေ What is the meaning behind words? သုံးတဲ့ စကားလုံးတွေရဲ့အနောက်မှာပါတဲ့ အဓိပ္ပာယ်တွေဟာ အများကြီးရှိတယ်နော်။

ကွန်ဖြူးရှပ်ပြောသလို ... I hear and I forget.
I see and I remember.
I do and I understand.

Understanding ရဖို့ဟာ ကိုယ်ကိုယ်တိုင်လုပ်မှရမယ်။ အခု Perceptive ကို Lecture ပေးလို့ရတယ်။ ပုံပြလိုက်တဲ့အခါကျတော့ You understand because you do it. ကိုယ်ကိုယ်တိုင် Exposure ရတယ်။ အတွေ့အကြုံကိုအခြေခံတဲ့အသိတရားလောက် အားရှိတဲ့အသိတရားမရှိဘူး။ စာတွေ့မဟုတ်ဘူး။ ကိုယ်တွေ့လုပ်တဲ့အသိတရား။ အလုပ်ဆောင်ရွက်ချက်အပေါ်မှာ မူတည်ပြီးတော့ တိုးလာတဲ့အသိတရား။

ဆရာတို့ Leadership မှာ စဉ်းစားလာတာက To **be** a leader, to **know** and to **do** သုံးခုရှိတယ်။

www.foreverspace.com.mm



အခုလက်ရှိ 21st Century မှာ What is the major intellectual challenge? The challenge is leadership ပဲ။ တစ်ကမ္ဘာလုံးနဲ့ ကြည့်လို့ရှိရင်နော်။ မြန်မာပြည်တစ်ခုထဲတင် မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ၊ ကုမ္ပဏီတွေမှာ၊ လုပ်ငန်းအဖွဲ့အစည်းတွေမှာ၊ UN မှာလည်း ထိုနည်းတူစွာပဲ။ The same problem. We have the leadership challenges. အခု Leadership ကို ဦးစားပေးစဉ်းစားလာရမယ့်အချိန်ရောက်လာပြီ။ Leadership ကို မျက်ကွယ်ပြုလို့မရတော့ဘူး။ အရင်ပုံစံအတိုင်း Leadership ကို စဉ်းစားတာမျိုးမဟုတ်တော့ဘူး။

## Leadership

What is leadership? လို့ပြောလို့ရှိရင် .... The abality to get people to do, what they don't want to do, သူတို့မလုပ်ချင်တဲ့အလုပ်ကို လုပ်ဖြစ်အောင်စေခိုင်းတာ၊ ဦးဆောင်တဲ့လုပ်ငန်း ဖြစ်တယ်လို့ပြောတယ်။ ဒါပေမဲ့ and like it. အခုတော့ မလုပ်ချင်ဘူး။ တစ်ချိန်ကျရင်တော့ ဒါကိုနှစ်သက်လာတဲ့အနေအထားဖြစ်အောင် ပြောင်းဖို့လိုတယ်။ This is the another challenge of leadership. လူတိုင်းဟာ ကိုယ်ခိုင်းတာ လုပ်ချင်မှလုပ်ချင်မယ်။ ဆန္ဒပါချင်မှပါမယ်။ ပါတာ မပါတာတစ်ပိုင်း။ ဦးဆောင်မှု တာဝန်ယူတဲ့သူကတော့ ဒါကိုရနိုင်အောင် ကြိုးစားဖို့လိုတယ်။ ပြန်ပြောရလို့ရှိရင် Leadership is the ability to get people to do, what they don't to do and like it.

The best leaders operate in four dimensions. အဲဒါကြောင့် Four dimensional leadership လို့ပြောတာ။ Three dimensions တောင်မဟုတ်တော့ဘူး။ ပထမဦးဆုံး **Vision**. Leader must have vision. ကိုယ့်အဖွဲ့အစည်း ဘယ်အထိရောက်ချင်တယ်။ ကိုယ့်နိုင်ငံ ဘယ်အထိရောက်ချင်တယ်၊ ကိုယ့်လုပ်ငန်းဘယ်အထိရောက်ချင်တယ်ဆိုတဲ့ Visioning အရေးကြီးတယ်။ Visioning ဆိုတာလည်း လက်တွေ့မကျတဲ့ Visioning ဆိုတာမျိုးမဟုတ်ဘူးနော်။ It must be built on **reality**. ကိုယ့်ကုမ္ပဏီရဲ့အခြေအနေ၊ ကိုယ့်လုပ်ငန်းရဲ့အခြေအနေကို ကိုယ်သိတယ်။ ကိုယ့်နိုင်ငံရဲ့ အခြေအနေကို ကိုယ်သိတယ်။ အဲဒါတွေကို သိဖို့လိုတယ်။

နောက်တစ်ခုက အခုပြောလာတဲ့ Ethics ဒီမှာ စီးပွားရေး



www.foreverspace.com.mm



လုပ်ငန်းလုပ်တဲ့သူတွေကို အထူးသဖြင့် သတိပေးချင်တယ်။ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ငတေမာရင်ပြီးရော၊ အမြတ်ရဖို့အရေးကြီးတယ် အဲဒါမျိုး မစဉ်းစားတော့ဘူး။ You must be ethical. စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါမှာ ဒီ Ethics က အရေးကြီးလာတယ်။ Moral က အရေးကြီးလာတယ်။ နောက်ဆုံးတစ်ခုက Courage ပေါ့။ ဦးဆောင်တဲ့သူတွေမှာ သတ္တိရှိရတယ်။ Physical Courage ကို ပြောတာမဟုတ်ဘူးနော်။

Vision ရှိတဲ့ ဦးဆောင်မှုပေးတဲ့သူဟာ သေးသေးကလေး မစဉ်းစားပါနဲ့။ Think **big**. You have to think big. Vision လို့ပြောတဲ့အခါမှာ It must be very big vision ပေါ့နော်။ ဘာဖြစ်ချင်သလဲ၊ ကိုယ့်လုပ်ငန်း ဘာဖြစ်ချင်သလဲ၊ ကိုယ့်နိုင်ငံ ဘာဖြစ်ချင်သလဲ။ လီကွမ်ယူရေးတဲ့ From Third World to First စာအုပ်မှာ အနှစ် ၂၀ မှာ ဘာဖြစ်မလဲဆိုတာကို တစ်ခါတည်း ပြောထားပြီးသား။ ပြောထားရုံမဟုတ်ဘူးနော်။ လုပ်တယ်။ အပြောသိပ်များလို့မဖြစ်ဘူး။ The vision must be **new**. သူများ လုပ်နေတာတွေကိုပဲ လုပ်နေလို့မဖြစ်ဘူး။ You must always be innovative and creative နော်။ And they think **ahead**. နောက်ကျလို့မရဘူးနော်။ အဖွဲ့အစည်းတွေမှာလုပ်တဲ့သူတွေ၊ လုပ်ငန်းတွေမှာလုပ်တဲ့သူတွေ ပြောင်းလဲမှုတွေ ဒီလောက်များနေတဲ့အခါမှာ နှေးနေလို့ မရဘူး။ Leadership is the capacity to translate vision into reality. ကိုယ်မျှော်မှန်းထားတာကို လက်တွေ့ကျအောင်ဆောင်ရွက်ဖို့လိုတဲ့ Capacity ကို ပြောတာ။

ဒါလေးကတော့ သတိထားစေချင်တယ်။ Being a leader is like being a lady. If you have to tell people you are a lady or you are a leader, you are not. ငါခေါင်းဆောင်ပါလို့ ခဏခဏပြောတဲ့သူဟာ ခေါင်းဆောင်မဟုတ်တော့ဘူး။ Lady လိုပဲပေါ့နော်။ ငါ အမျိုးသမီးဖြစ်ပါတယ်လို့ ကြွေးကြော်စရာမလိုဘူး။ လူတွေသိတယ်။ People know you.

Remember; People follow someone who inspires them. နောက်လိုက်တွေ ဒီလူနောက်ကို ဘာကြောင့်လိုက်သလဲဆိုရင် သူ့ကိုလိုက်ရတဲ့အတွက် သူ့မှာ အားတွေရှိလာတယ်။ လုပ်ချင်ကိုင်ချင်စိတ်တွေတိုးလာတယ်။ People whit passion and vision achieve great thing. Passion အားထည့်ဖို့လိုတယ် နော်။ ဒီမှာ လူငယ်တွေပါပါတယ်။ လုပ်သမျှအားလုံးကို အားထည့်လုပ်ပါ။ မလျှော့နဲ့။ တံမြက်စည်းလှည်းတဲ့အခါမှာ အဲဒီတံမြက်စည်းလှည်းတာဟာ အကောင်းဆုံးတံမြက်စည်းလှည်းတာဖြစ်ရမယ်။ တံမြက်စည်းလှည်းတဲ့အလုပ်က အရေးမကြီးပါဘူးလို့မပြောနဲ့။ အဲဒီအလုပ်က အရေးကြီးကိုအရေးကြီးတယ်။ ဒီအခန်းမှာလည်းရင် ဒီအခန်းက အသန့်ရှင်းဆုံးအခန်း ဖြစ်ရမယ်။



Leacture ပေးတဲ့သူတွေဟာ ဒီ Leacture က သိပ်အရေးမကြီးပါဘူးလို့မပြောနဲ့။ Every leacture is the most important leacture in your life. Business လုပ်တယ်၊ Sale လုပ်တယ်၊ Every sale opportunity is the best, the most important thing in your professional life. ရှိသမျှအားလုံး အားထည့် နော်၊ မလျှော့နဲ့။ Good is not enough. You must do the best. စိတ်ထဲ နှလုံးထဲ Passion ရှိဖို့လိုတယ်။ အားထည့်ပါ။


Tasks achieved with energy and enthusiasm. အင်အား ရှိဖို့လိုတယ်။ တကယ်ကို စိတ်ပါလက်ပါလုပ်တာ။ တော်ရိရော်ရိ ဝတ်ကျေတန်းကျေ မလုပ်နဲ့။ ဝတ်ကျေတန်းကျေလုပ်တဲ့အလုပ်ဆိုတာ မရှိဘူး။ ဝတ်ကျေတန်းကျေလုပ်မယ်ဆိုရင် မလုပ်နဲ့တော့။ လခရဖို့ အလုပ်လုပ်ရတာမျိုးဆိုရင် မလုပ်နဲ့တော့။ အဲဒီအလုပ်ကို လာကိုမလာနဲ့တော့။

ဆရာတို့ သုံးပိုင်းရှိတယ်။ Personal Greatness, Organizational Greatness and Leadership Greatness. အဖွဲ့အစည်းတွေမှာ ထိရောက်တဲ့အဖွဲ့အစည်း၊ အောင်မြင်တဲ့အဖွဲ့အစည်း၊ တိုးတက်တဲ့အဖွဲ့အစည်းဖြစ်ဖို့ဆိုရင် အဲဒီအပိုင်းသုံးပိုင်းလိုတယ်။ တစ်ဦးတစ်ယောက်ချင်းရဲ့ တိုးတက်မှုဖြစ်ဖို့လိုတယ်။ Organization အနေနဲ့လည်း လိုတယ်။ Leader အနေနဲ့လည်းလိုတယ်။

အဖွဲ့အစည်းတွေမှာ Superior Performance ပေါ့နော်။ (ဘာ Ratio နဲ့တိုင်းတိုင်း) Sustained ဖြစ်ဖို့လိုတယ်။ ဒီနှစ်တော့ အဆင်ပြေတယ်။ နောက်နှစ်အဆင်မပြေလိုက်၊ နောက်တစ်နှစ် အဆင်ပြေတယ်။ နောက်နှစ်နှစ်အဆင်မပြေလိုက်။ အဲဒီလိုလုပ်လို့မရဘူး။ It must be sustained. အဲဒီ Sustained Effect က ဘာအရေးကြီးသလဲဆိုရင် Factors နှစ်ခုရှိတယ်။ Achiev-

www.foreverspace.com.mm






ing Results and Development Capacity. အဖွဲ့အစည်းတွေ တိုးတက်အောင်မြင်ဖို့ဆိုလို့ရှိရင် ရလဒ် (Result) တွေ အရေးကြီးတယ်။ UN မှာတော့ Result Based Management ပေါ့နော်။ RBM ဆိုတာ သင်နေတယ်။ Everything we must do is result base. အခုသုံးလာတဲ့ Management သီအိုရီကတော့ Result Based Management. လုပ်သမျှအားလုံးက အကျိုးရှိရ မယ်။ တော်တော်များများ လုပ်ငန်းတွေမှာ အလုပ်သိပ်များတယ် လို့ ပြောတယ်။ အလုပ်များတာအရေးမကြီးဘူး။ အိမ်မှာအိပ်နေရင်လည်း ဖြစ်တယ်။ အရေးကြီးတာ ကိုယ်လိုချင်တဲ့ရလဒ်ရဖို့ပဲ။ It is not the activity. ဟာ . . . ပင်ပန်းလိုက်တာလို့ လာမပြောနဲ့။ အရေးမကြီးဘူး။ ဘာရသလဲ ?။ မြန်မာတွေသိပ်ကြိုးစားကြတယ်လို့ ပြောတယ်။ ကြိုးစားတယ်ဆိုရုံနဲ့မရဘူး။ ကြိုးစားသလောက် အကျိုးရှိသလားဆိုတာ အရေးကြီးတယ်။ မြင့်မြင့်တိုင်းမှ ရမယ်နော်။ လျှော့မတိုင်းနဲ့။ ငါအားထည့်တာပဲ၊ ငါကြိုးစားတာပဲ မရဘူး။ လုပ်ငန်းတွေမှာ You are running but getting nowhere. အဲဒီလို ဖြစ်လို့ မရဘူးနော်။ You must get to the destination. (ပုံ-၁)

လူတွေမှာ Choice ရှိတယ်။ Choice ကိုလက်ခံတယ်။ ကိုယ်ရွေးလို့ရတယ်နော်။ ကိုယ့်ကိုယ်ကိုယ် မလျှော့နဲ့နော်။

Result Achieve ဖြစ်ဖို့က Execution of Key Priorities ဘယ်ဟာက အရေးကြီးဆုံးလဲဆိုတာ သုံးသပ်ဖို့လိုတယ်နော်။ ဆရာတို့ Management မှာ 80:20 rule ရှိတယ်။ ကိုယ်လုပ်သမျှ အလုပ်ထဲမှာ Only 20% of what you do is more important if will leave to 80% of the result. ဘယ်ကိစ္စက အရေးကြီးသလဲဆိုတာ ဖောင်းပေးဖို့လိုတယ်။


Leadership မှာ Capacity Development ခေတ်စားလာတယ်။ Capacity Development လုပ်တဲ့အခါမှာ Leadership Management Development လိုတယ်။ ဦးဆောင်မှု လိုတယ်။ ပြီးတော့ Individual Effectiveness နော်။ တစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ ဦးဆောင်မှု၊ ထိရောက်မှုကိုလည်း စဉ်းစားဖို့လိုတယ်။ သတိပေးချင်တာက 'Keep on doing what you always do, and you'll always get what you always get.' လုပ်နေကျအတိုင်းပဲ ဆက်သာလုပ်၊ ကိုယ်ရနေကျအတိုင်းပဲ ရမယ်။ ပိုပြီး ထူးထူးခြားခြား ရတာမဟုတ်ဘူး။ အဓိပ္ပာယ်က You must change the way to do things. ပုံမှန်အတိုင်းသာ ဆက်လုပ်နေရင် ဒီအတိုင်းပဲဖြစ်မယ်။

## Freedom and Power in People to Choose

လူတွေမှာ Choice ရှိတယ်။ Choice ကိုလက်ခံတယ်။ ကိုယ်ရွေးလို့ ရတယ်နော်။ ကိုယ့်ကိုယ်ကိုယ် မလျှော့နဲ့နော်။ All of you have complete choice. ဟာ လုပ်လို့မရပါဘူး . . . ရတယ်။ You have the choice. အဲဒါကို အားယူပါ။ တစ်ခါတလေ You rebel or quit. အလုပ်မလုပ်တော့ဘူး၊ ရတယ်။ This is a choice. အဲဒီလို Emotion တစ်ခုက Fear ကြောက်လို့၊ Malicious Obedience ခေါင်းညိတ် လိုက်တယ်။ ဒါပေမဲ့ စိတ်ထဲ၊ အသည်းထဲ၊ နှလုံးထဲပါပြီး ခေါင်းညိတ်တာမျိုး မဟုတ်ဘူးနော်။ ကြောက်လို့သာ ခေါင်းညိတ်လိုက်ရတာ။ လုပ်ငန်းတိုင်းမှာရှိတယ်။ တစ်ခုခုကို မျှော်ကိုးလို့၊ ရလဒ်တစ်ခုခုကို မျှော်ကိုးလို့ Reward ရဖို့အတွက် Willing Compliance ပေါ့။ ပြောတာကို လိုက်နာပါမယ်ဆိုပြီး လက်ခံတယ်။ အဲဒီသုံးချက်သည် Management. These are at the lower level. ဦးဆောင်မှု

www.foreverspace.com.mm

ပေးတဲ့သူတွေ သတိထားပါနော်။ It must be coming from anger. It must be coming from fear. It must be coming from reward. Leadership challenge မှာ ဖြစ်စေချင်တာကတော့ at the higher level. လူတွေဟာ တကယ်ကို ပျော်ပျော်ပါးပါးနဲ့ အလုပ်လုပ်ချင်တာ၊ Cheerful cooperation ပေါ့။ တကယ်ကို စိတ်တူသဘောတူ ဝိုင်းလုပ်မယ်ဆိုတာမျိုး။ Duty တာဝန်ရှိလာတယ်။ နောက်တစ်ဆင့် မေတ္တာ (Love) ကို အခြေခံထားပြီးတော့ Heartfelt Commitment ပေါ့။ အင်တိုက်အားတိုက် စိတ်ပါဝင်စားနဲ့ လုပ်တယ်။ ပြီးတော့မှ Meaning အဓိပ္ပာယ်ရှိလာတယ်။ Life has meaning. It is not meaningless. မွေးတဲ့အချိန်ကနေပြီး သေတဲ့အချိန်ကိုစောင့်နေတာ မဟုတ်ဘူး။ We are trying to create meaning. အဲဒါကြောင့်မို့ Creative Excitement ပေါ့နော်။ Try to have excitement. Excitement မရှိရင်မလုပ်နဲ့တော့။ ဆရာတို့အမြဲတမ်းပြောတယ်။ စာသင်တာမှာ ရင်ခုန်ရတယ်။ ရင် မခုန်ရင် စာမသင်နဲ့တော့။ အဓိပ္ပာယ်မရှိဘူး။ ဆရာတစ်ယောက်ဟာ ရင်မခုန်ရင် စာသင်ဖို့ အတန်းထဲမဝင်တာကောင်းတယ်။ အခုဆရာတော်တော်များများက ရင်မခုန်ဘဲ ဝင်နေတာ။ တပည့်တွေသိတယ်။ ဆရာ စိတ်ပါလား၊ မပါလားဆိုတာ။ (ပုံ-၂)




## ငါဆိုတာမရှိဘူး

The least important word is 'I'. ငါဆိုတာ အရေးမကြီး ဘူး။ ဦးဆောင်တဲ့သူတွေ အဲဒါအရေးကြီးတယ်။ You are not important. The most important word is 'we'. တို့တွေအားလုံး အလုပ်လုပ်ရမှာ။ That is complete mind change. အရင်လို Top-Down ပုံစံမဟုတ်တော့ဘူး။ You ဆိုတာ မရှိဘူး။ I ဆိုတာမရှိဘူး။ တို့တွေအားလုံး လုပ်ရမယ်။ You alone cannot do things. ဦးဆောင်မှုပေးတဲ့သူတွေကိုယ်က ဒါကိုလက်ခံလာရမယ်။ ငါတစ်ယောက်တည်းနဲ့ မဖြစ်ဘူး။ အားလုံးပါလာမှ ရမယ်။ ဒီမှာ ရာထူးကြီးကြီးယူတဲ့သူတွေ အဲဒါကို လက်ခံပေးပါ။ ကိုယ့်လူတွေကို ဆွဲဆောင်နိုင်အောင်၊ ခွန်အားပေးနိုင်အောင် ကြိုးစားဖို့လိုတယ်။

## နေရာတိုင်းမှာ Leadership ရှိတယ်

ဒုတိယပိုင်းအနေနဲ့ကတော့ **Be**, **Know** and **Do** leadership ပေါ့။ You have to **be** a leader, you have to know what leadership means and you have to **do** exercise of leadership ပေါ့နော်။ Good leaders are made not born. ကနဦးကတည်းက ဖြတ်ထားလိုက်တာ။ မွေးရာပါအရည်အချင်း မဟုတ်ဘူး။ ဒီမှာရှိတဲ့သူတွေအားလုံး All of you are leaders. ဆရာတို့လက်ခံတာ Leadership is not a position. အဆင့်မဟုတ်ဘူး။ Leadership is a function. ဆောင်ရွက်ချက်တစ်ခုဖြစ်တယ်။ ဘယ်သူပဲဖြစ်ဖြစ် တံမြက်စည်းလှည်းတဲ့သူကလည်း Leader ပဲ။ ရေအိမ်သန့်တဲ့သူကလည်း Leader ပဲ။ Leadership is everywhere. Leadership' function is everywhere. Position ကအရေးမကြီးဘူး။ We believe that leaders are not born but made. မွေးရာပါအရည်အချင်းလို့လက်ခံရင် လုပ်လို့မရတော့ဘူး။ Management သင်တန်းကျောင်းတွေ ဖျက်လိုက်လို့ရပြီ။ If you want to born leader ဆိုလို့ရှိရင် သားဖွားခန်းတွေက လိုလာပြီပေါ့။ But we believe that leader can be made. သင်တန်းတွေလိုတယ်။ Be, Know and Do. Leader မှာ သုံးခုပဲ လိုတယ်။ You must **be** a leader. You must **know** to be a leader. And you must **do** to be a leader. လို့ ပြောလို့ရတယ်။ အဲဒါတွေသာရှိရင် You influence others to achieve goals and make orga-

www.foreverspace.com.mm



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ အတ္ထုပ္ပတ္တိအကျဉ်း


- ၁၉၆၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇ (B.Com.) ဘွဲ့ကို ရရှိခဲ့ပြီး ၁၉၆၆ ခုနှစ်မှစ၍ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့။
- ၁၉၇၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Brighton Polytechnic မှ Management Studies ဖြင့် ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့။
- ၁၉၇၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ University of Warwick မှ Management Science and Operational Research ဖြင့် မဟာသိပ္ပံဘွဲ့ ရရှိခဲ့။
- ၁၉၇၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Institute of Science and Technology, University of Manchester မှ Management Science ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ (Ph.D) ရရှိခဲ့။
- ၁၉၈၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ University of Marburg တွင် ဘွဲ့လွန်ပါရဂူ ပညာရပ်ဆိုင်ရာများ လေ့လာဆည်းပူးခဲ့ပြီး Alexander Von-Humboldt Post-Doctoral Felloship Award ရရှိခဲ့ကာ "Burmese Entrepreneurship Creative Response in the Colonial Economy" ခေါင်း စဉ်ဖြင့် စာတမ်းတစ်ခု ပြုစုနိုင်ခဲ့။
- မြန်မာနိုင်ငံအတွင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက် အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ကောင်း တာဝန်များအသီးသီး ထမ်းဆောင်ခဲ့။
- ၁၉၉၂ ခုနှစ်တွင် နယူးယောက်မြို့ရှိ UNICEF ရုံးချုပ်၌ Chief of Cost and Economics Unit အဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် UNICEF Senior Programme Planning Officer အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ UNICEF Regional Planning Monitoring and Evaluation Officer အဖြစ်လည်းကောင်း တာဝန်များ အသီးသီး ထမ်းဆောင်ခဲ့။
- ဥရောပနှင့် အာရှနိုင်ငံများရှိ တက္ကသိုလ်များတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ။
- ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ ပညာရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့။
- ယခုအခါ အီတလီနိုင်ငံ Turin မြို့ရှိ United Nations System Staff College တွင် Principal အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိပြီး ကုလသမဂ္ဂ အဆင့်မြင့်အရာရှိများအတွက် ဖွံ့ဖြိုးမှု၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချလျက် ရှိ။
- ယခုအခါ UN Reform နှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။
- Management Sciences Operational Research Organizational Development, Human Resources Development, Managerial Economics, Cost Analysis, Health Economics, Health System Research and Development Economics စသည့် ဘာသာရပ်များကို လေ့လာခဲ့။
- အိမ်ထောင်ရှိပြီး သမီးတစ်ဦးထွန်းကားခဲ့။
- နှစ်စဉ် မြန်မာနိုင်ငံသို့ တစ်ကြိမ် ပြန်လာလေ့ရှိပြီး ထိုသို့ပြန်ရောက်လာသည့်အခါတိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်လည်းကောင်း၊ လူငယ်များ၏ ခေါင်းဆောင်မှုအရည်အသွေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်နိုင်ရန်လည်းကောင်း ဟောပြောပို့ချမှုများ ပြုလုပ်လျက်ရှိ။

nization more cohesive and coherent. အဲဒီမှာ စကားလုံး သုံးထားတာ chosesive and coherent စုစည်းဖို့လိုတယ်။ You must be cohesive. တချို့လုပ်ငန်းတွေ တော်တော်များများ ပြန့် နေတယ်။ ညီညွတ်မှုမရှိဘူး။ Coherent ကိုယ် ဘာလုပ်ချင်တာ လဲဆိုတာ ကိုယ်နားလည်တယ်။ You know exactly what you want in theme of the organization.

(ရှေ့လဆက်ရန်)

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

www.foreverspace.com.mm



# “Social Donation လုပ်တယ်ဆိုတာ ကိုယ့်အတွက်မဟုတ်ဘူး။ ကိုယ့်နိုင်ငံအတွက် လုပ်နေတာဆိုတာ သတိရှိကြဖို့လိုတယ်”

**သီတဂူဆရာတော် ဦးဉာဏိဿရနှင့် တွေ့ဆုံခြင်း**

ဉာဏ်လင်း

**L.C** ။ ။ ဗိုလ်တထောင်မှာကျင်းပတဲ့ တရားပွဲတစ်ခုမှာ ဆရာတော်ဘုရား ထည့်သွင်းဟောပြောသွားတာတစ်ခု ရှိပါတယ်ဘုရား။ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဟာ ဘာသာရေးစည်ပင်ထွန်းကားရေးအတွက် လှူဒါန်းခြင်း **Religious Donation** ပြုလုပ်ရာမှာ အားကောင်းကြသလောက် လူမှုဖူလုံရေးနဲ့ ကယ်ဆယ်ရေးတို့အတွက် လှူဒါန်းခြင်းဆိုတဲ့ **Social Donation** အပိုင်းမှာ တော်တော်အားနည်းတယ်လို့ အရှင်ဘုရား ထောက်ပြထားပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေ **Social Donation** ကိုအားပြုလုပ်ကြဖို့ အရှင်ဘုရားတိုက်တွန်းခဲ့တာ ရှိပါတယ်။ တပည့်တော်သိလိုတာက ယေဘုယျ လက်ခံကျင့်သုံးနေကြတဲ့ ဘယ်လိုအခြေခံယူဆချက်တွေကြောင့် **Social Donation** လုပ်ရာမှာ ဗုဒ္ဓဘာသာဝင်တွေ အားနည်းကြတာလဲဆိုတဲ့ အချက်ပါဘုရား...။

www.foreverspace.com.mm



**Dr. N** ॥ ॥ ဗုဒ္ဓဘာသာနိုင်ငံတွေဖြစ်တဲ့ အာရှကနိုင်ငံတွေမှာ Social Donation လုပ်တဲ့နေရာမှာ တော်တော်ကြီးကို အားနည်းတာတွေ့ရတယ်။ Social Donation ဆိုတဲ့နေရာမှာ ရေဘေး၊ မီးဘေးစတဲ့ Natural Disasters တွေကြောင့် အိုးအိမ်မဲ့ဖြစ်ရသူတွေ၊ ဒုက္ခသည်ဖြစ်ရသူတွေ၊ စားရမဲ့သောက်ရမဲ့တွေ၊ စစ်တွေဖြစ်ကြလို့ ဒုက္ခသည်ဘဝရောက်သွားတဲ့လူတွေကို ကူညီထောက်ပံ့ခြင်းလို့ပဲ ဘုန်းကြီးတို့က ဒီအတိုင်းပဲ အဓိပ္ပာယ်ဖွင့်ဆိုတယ်။ ဒီ Social Donation က သိပ်ကိုအရေးကြီးတယ်။ ဘုန်းကြီးတို့အာရှသားတွေ (အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တွေ) ဟာ ဘာသာရေးစည်ပင်ရေး၊ ရေရှည်တည်တံ့ရေးအတွက် လှူဒါန်းခြင်းဆိုတဲ့ Religious Donation ဘက်မှာတော့ အားရစရာကောင်းလောက်အောင် အားကြီးကြတာတွေ့ရတယ်။ ဘာပြုလို့ Social Donation ဘက်မှာ အားမသန်ရသလဲဆိုတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့အခြေခံအယူအဆကြောင့်လို့ ပြောရင်ရနိုင်တယ်။ ဗုဒ္ဓဘာသာတစ်ယောက်ဟာ (၁)အပါယ်လေးပါးက လွတ်မြောက်ရာလွတ်မြောက်ကြောင်းလုပ်မယ်၊ (၂) ကံ,ကံ၏ အကျိုးကိုမျှော်ကိုးပြီး ဘာသာရေးကိစ္စတွေမှာလှူဒါန်းမယ်။ (၃) နိဗ္ဗာန်ရောက်ကြောင်းအထောက်အပံ့ဖြစ်တဲ့ အလှူဒါနတွေပြုလုပ်မယ်။ ဒီအခြေခံယူဆချက်သုံးခုရှိတယ်။ ဒီတော့ ဗုဒ္ဓဘာသာ ဝင်တစ်ယောက်အနေနဲ့ ဒီသုံးခုကိုပဲ အာရုံစိုက်လုပ်ကြတယ်။ Social Donation လုပ်ပြီဆိုရင် ကိုယ်ကျိုးတွေအားလုံး စွန့်လွှတ်ရတာ။ ကိုယ်ပေးမယ့်သူရဲ့ ဘဝရပ်တည်နိုင်ရေး Survival Of Life ကိုပဲ ရှေးရှုရတယ်။ ကိုယ်ပေးလိုက်တာကြောင့် တစ်ဖက်သား စားစရာရသွားမယ်။ မကျန်းမာသူ ကျန်းမာသွားမယ်။ အိုးအိမ်မဲ့သူတွေ နေစရာနေရာရှိလာမယ်။ သူတို့ကို အဲဒီလိုလုပ်ပေးလိုက်လို့ ကိုယ်ပြန်ရမှာကို မမျှော်လင့်ရဘူး။ Social Donation လုပ်ဖို့ကို ဘာကပြဋ္ဌာန်းသလဲဆိုတော့ မေတ္တာနဲ့ကရုဏာက ပြဋ္ဌာန်းကြတာ။ အတ္တမပါရဘူး။ သူ့ဖို့ပဲဆိုတဲ့စိတ်ပဲ ရှိရမယ်။

**L.C ॥ ॥ တချို့က ပြောကြတာရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ Self-centered တွေ၊ ကိုယ်လွတ်မြောက်ရာလွတ်မြောက်ကြောင်းပဲရှာကြသူတွေလို့ ဝေဖန်ကြတာတွေရှိပါတယ်ဘုရား။ ကိုယ့်ပတ်ဝန်းကျင်ဘာပဲဖြစ်နေနေ၊ ကိုယ့်ဘာသာ နေတတ်အောင်နေသွားကြတယ်၊ နောင်ဘဝလူဖြစ်ရင်လည်း လူချမ်းသာ၊ နတ်ဖြစ်ရင်လည်း နတ်ချမ်းသာရလိုစိတ်နဲ့ Religious Donation လုပ်ရင်း ကိုယ့်ရဲ့နောင်ဘဝအတွက်ပဲ အာရုံဝင်စားကြတယ်လို့ ဆိုကြပါတယ်ဘုရား။ Social Donation လုပ်ဖို့ သိပ်စိတ်မဝင်စားကြဘူးလို့ဆိုကြပါတယ်။ အရှင်ဘုရားအနေနဲ့ ဒီအချက်ပေါ် ဘယ်လိုသုံးသပ်မိန့်ကြားလိုပါသလဲဘုရား။**

**Dr. N** ॥ ॥ အနောက်နိုင်ငံသားတွေက ဒီဘဝ (လက်ရှိဘဝ) ကိုပဲကြည့်တယ်။ သူတို့လုပ်နေတာတွေက ဒီဘဝအတွက် ဒီဘဝအဆင်ပြေကြဖို့ပဲ။ ဘုန်းကြီးတို့ အာရှသားတွေက အဲသည်လိုမဟုတ်ဘူး။ ဘဝသံသရာတစ်လျှောက်ကိုကြည့်တယ်။ သံသရာအတွက် အလုပ်လုပ်ကြတာ။ တစ်ဘဝတည်းမကြည့်ဘူး။ ပြောရရင်တော့ အရှေ့ကလူတွေရဲ့ဉာဏ်မျက်စိက အနောက်က လူတွေရဲ့ဉာဏ်မျက်စိထက် အများကြီးသာတယ်။ အရှည်ကိုမျှော်ကြည့်ကြတယ်။

ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ အိမ်ရှေ့မှာလာရပ်တဲ့ သာမဏေတစ်ပါးကို လက်အုပ်ချီဒူးထောက်ပြီး ဆွမ်းလောင်းဖို့ ဝန်မလေးဘူး။ အိမ်ထဲပင့်ဖိတ်၊ ဆွမ်းပွဲပြင်ပြီး ဆွမ်းတစ်နပ်ကပ်ဖို့ ဝန်မလေးဘူး။ ဒါပေမဲ့ အိမ်ရှေ့လာရပ်တဲ့ သူတောင်းစားကိုကျတော့ အိမ်ထဲခေါ်ဖို့မပြောနဲ့။ ထမင်းတစ်ပွဲမကျွေးချင်ကြဘူး။ ထမင်းကောင်း၊ ဟင်းကောင်းမကျွေးဘူး။ ထမင်းကျန်၊ ဟင်းကျန်ကိုပဲကျွေးတယ်။ တချို့ အိမ်နားတောင် အကပ်မခံချင်ကြဘူး။

ဒါဟာလည်း သံသရာအကျိုးကြီးပုံပေါ်မူတည်တာပဲ။ ဘုရားဟောထဲမှာ ဘာပါသလဲဆိုတော့ တိရစ္ဆာန်တစ်ကောင်ကို အစာတစ်နပ်ကျွေးမွေးရင် ဘဝတစ်ရာအကျိုးကြီးတယ်။ အကျင့်ပျက်တဲ့ယောကျာ်း၊ မိန်းမကို ကျွေးမွေးရင် ဘဝတစ်ထောင်အကျိုးကြီးတယ်။ သီလပြည့်စုံသူကိုကျွေးရင် ဘဝတစ်သိန်းအကျိုးကြီးတယ်လို့ဆိုထားတယ်။ အဆင့်ပေါင်း ၁၄ ဆင့် ရှိတယ်။ အဲဒီထဲမှာ ဘုရားကိုကပ်လှူပူဇော်တာ အကျိုးကြီးဆုံးပဲ။ အဲသည်တော့ လမ်းဘေးက ဆာလောင်မွတ်သိပ်နေတဲ့ သူတောင်းစားကိုမကျွေးဘဲ သီလရှိသူတွေကို သွားကျွေးကြတာပေါ့။ ဘုရားကတော့ ရွှေတွေဝင်းလို့။ ဒါပေမဲ့ ဘုရားခြေရင်းမှာ ဖုန်းတောင်းယာစကာ(သူတောင်းစား)တွေက ပုံလို့ဆိုရင် ဘယ်တင့်တယ်ပါ့မလဲ။ ဘုရားမှာလှူဒါန်းကြသလို ကံနည်းသူတွေကိုလည်း ကျွေးမွေးကြရမယ်။ Support လုပ်ပေးကြရမယ်။ Social Donation တွေလုပ်ပေးကြရမယ်။ Religious Donation လုပ်မှလည်း ပရိယတ္တိတည်မြဲရေးကို လုပ်နိုင်မယ်။ ဒါပေမဲ့ လူမှုရေးပိုင်းမှာ ကူညီကြဖို့ကိုတော့ မေ့မနေကြသင့်ဘူး။ နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲတဲ့သူတွေ အရမ်းများလာပြီဆိုရင် ဒုက္ခသည်တွေ၊ အိုးမဲ့အိမ်မဲ့တွေများလာရင်၊ ကျေးကျွန်တွေ၊ အစေအပါးတွေ၊ ပြည့်တန်ဆာတွေအရမ်းများလာရင် အဲဒီ နိုင်ငံရဲ့ ပုံရိပ် (Image)ကို ထိခိုက်တယ်။ ဒီတော့ Social Donation လုပ်တယ်ဆိုတာ ကိုယ့်အတွက်မဟုတ်ဘူး။ ကိုယ့်နိုင်ငံအတွက်လုပ်နေတာဆိုတာ သတိရှိကြဖို့လိုတယ်။ ကိုယ့်နိုင်ငံရဲ့ Image အတွက်ဆိုတာ သိရမယ်။

**L.C ॥ ॥ အင်တာနေရှင်နယ် ဟယ်ရယ်ထရီဗြူးန် သတင်းစာကြီးတစ်စောင်မှာ သတင်းစာဆရာတစ်ယောက်က ရေးသားခဲ့တာတစ်ခုရှိပါတယ်။ အချိန်က ဆူနာမီဖြစ်အပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးအတွက်**

www.foreverspace.com.mm

**အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံတွေက လူသားချင်းစာနာထောက်ထားတဲ့အကူအညီတွေ ရက်ရက်ရောရောပေးနေတဲ့အချိန်ဖြစ်ပါတယ်။ သူက ဘာပြောသလဲဆိုတော့ အာရှမှာ အေဂျင်စီတွေ သိပ်များများစားစား မရှိကြတဲ့အကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးတွေလုပ်ပြီဆိုရင်လည်း တက်တက်ကြွကြွ မရှိကြတဲ့အကြောင်း၊ ကပ်စေးနှဲကြတဲ့အကြောင်း၊ ရန်ပုံငွေခေါင်းပါးကြတဲ့အကြောင်းတွေကို ကွင်းကွင်းကွက်ကွက် ထောက်ပြထားပါတယ်။ (သူပေးချင်တဲ့ Message ကတော့ အာရှနိုင်ငံတွေဟာ အနောက်နဲ့ ကင်းလို့မရဘူးဆိုတဲ့အချက်ပါ။) အနောက် နိုင်ငံတွေနဲ့ အာရှနိုင်ငံတွေ ဘာကြောင့် အဲသလို ကွာခြားရတယ်ဆိုတာနဲ့ ပတ်သက်ပြီး အရှင်ဘုရားအနေနဲ့ ဘယ်လိုယူဆပါသလဲဘုရား။**

**Dr. N** ။ ။ ကဆုန်လပြည့်နေ့က ထိုင်းမှာကျင်းပတဲ့ ဗုဒ္ဓဘာသာညီလာခံမှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်လေးတစ်ခုကို ပြောပြမယ်။ Pannel Discussion တစ်ခုမှာ ဘုန်းကြီးတစ်ပါးက ဘာထပြောသလဲဆိုတော့ ဆူနာမီဒီရေလှိုင်းဒဏ်အခံရဆုံးဖြစ်တဲ့ ဖူးခက်ကမ်းခြေနားက ဗုဒ္ဓဘာသာဝင်တွေ ခရစ်ယာန်ဖြစ်ကုန်ကြပြီလို့ထောက်ပြတယ်။ ဆူနာမီခံလိုက်ရတဲ့သူတွေမှာ စားစရာမရှိ၊ နေစရာမရှိဖြစ်နေတာကို ထိုင်းဗုဒ္ဓဘာသာဝင်တွေ ဘယ်သူမှ သွားမကူကြဘဲ ဒီအတိုင်းကြည့်နေကြတယ်။ အဲဒီအချိန်မှာ ခရစ်ယာန်တွေကလာပြီး အစားစာတွေကျွေး၊ နေစရာတွေပေးနဲ့ ဝိုင်းပြီး ကူညီပံ့ပိုးလိုက်ကြတာ။ အားလုံးအခြေတကျလည်း ဖြစ်သွားရော အဲဒီဒုက္ခသည်တွေအားလုံးကို Church ကျောင်းတွေထဲသွင်းပြီး ခရစ်ယာန်အဖြစ်ပြောင်းပစ်လိုက်ကြတယ်။ ဒီတင်ပဲ ကိုယ့်အပေါ်ကျေးဇူးရှိဖူးသူတွေရဲ့အလိုကို လိုက်ကြရတာပေါ့။ အဲဒါဘာကြောင့်ဖြစ်ရတာလဲလို့ သူကမေးခွန်းမေးတယ်။ အဲဒီမှာ သဘာပတိက ဘာထပြောသလဲဆိုတော့ ထိုင်းမှာ ဗုဒ္ဓဘာသာဝင်လေးပုံထဲက တစ်ပုံလောက်က သွားကူညီခဲ့မယ်ဆိုရင် ဒီလိုဖြစ်မှာမဟုတ်ဘူးလို့ ဖြေတယ်။


ဘုန်းကြီးပြောချင်တာက ဘုန်းကြီးတို့တစ်တွေက ရှေ့ကနေ ပရိယတ္တိလုပ်သွားတဲ့အတွက်ကြောင့် လုံလောက်မှုရှိတယ်လို့ဆိုရပေမယ့် နောက်ကလူတွေက အင်တိုက်အားတိုက် Social Donation မလုပ်တဲ့အခါကျတော့ မထိရောက်သလိုဖြစ်နေတယ်။ သဒ္ဓါမခိုင်တဲ့အထဲ ဆင်းကလည်း ဆင်းရဲကြတော့ ပေးကမ်းထောက်ပံ့မှုများတဲ့ တခြားဘာသာနောက် လိုက်သွားကုန်ကြတာပေါ့။ အဲဒီတော့ ဘာသာရေးရေရှည်တည်တံ့ဖို့အတွက် လှူဒါန်းငွေလိုအပ်တယ်။ တစ်ဖက်မှာလည်း လူမှုရေးအတွက် မေ့မထားသင့်ကြဘူး။ ဟိုတစ်ချက် အာရှသားတွေ (အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တွေ)ဟာ မနှမြောတတ်ကြပါဘူး။ ဘုရားတည်မယ်ဟေ့၊ ကျောင်းဆောက်မယ်ဟေ့လို့ ကြေညာလိုက်လို့ရှိရင် ၁၀ သိန်းလှူတဲ့လူနဲ့ သိန်း ၁၀၀ လှူတဲ့လူနဲ့။ လှူဒါန်းကြဖို့အဆင်သင့်ပဲ။ Social Donation ဘက်မှာကျတော့ လှူကြရကောင်းမှန်းမသိကြလို့ မထည့်ဝင်ကြဘူး။ တကယ်တမ်း အစောက သတင်းစာသမားပြောသလို အာရှသားတွေဟာ ကပ်စေးနှဲတယ်ဆိုရင် ဘာသာရေးပိုင်းမှာလည်း ကပ်စေးနှဲကြလေကွာ။ အဲဒီလို မဟုတ်ဘူးနော်။ ဘာပြုလို့လဲဆိုတော့ ဦးဆောင်မယ့်သူမရှိလို့ပဲ။

**L.C ။ ။ Social Donation မလုပ်ကြဘူးဆိုတာက ဦးဆောင်မယ့်သူမရှိလို့ဆိုရင် ဘယ်လိုပုဂ္ဂိုလ်တွေ ဦးဆောင်သင့်တယ်လို့ထင်ပါသလဲဘုရား။ ငွေကြေးကြွယ်ဝ ချမ်းသာသူတွေဦးဆောင်သင့်သလား။ ကျော်ကြားသူတွေ ဦးဆောင်သင့်သလား။ ဒါမှမဟုတ်ရင် ဘာသာရေးခေါင်းဆောင်တွေက ဦးဆောင်သင့်သလား။ ဘယ်လိုဦးဆောင်သင့်ပါသလဲ။**

**Dr. N** ။ ။ ဟိုအရင်တုန်းကပုံစံဆိုရင်တော့ ဖိုခနောက်ဆိုင် (ဒါမှမဟုတ်) သုံးချောင်းထောက်ကုလားထိုင်လို ဦးဆောင်ကြတယ်။ ဒီဘက်ခေတ်မှာကျတော့ ကုလားထိုင်တွေက လေးချောင်းထောက်တွေဖြစ်ကုန်ပြီ။ အဲဒီလေးချောင်းစလုံးဟာ သိပ်အရေးကြီးတယ်။ တစ်ချောင်းမှကျိုးလို့မဖြစ်ဘူး။ အဲဒီ ဒေါက်တိုင်တွေကတော့ (၁) အစိုးရ၊ (၂) ဘာသာရေးခေါင်းဆောင်တွေ၊ (၃) လူမှုရေးအဖွဲ့အစည်းတွေ၊ (၄)ပစ္စည်းအင်အားတို့ပဲ။ ဘာသာရေးခေါင်းဆောင်တွေက ရှေ့ကနေပြီး Social Donation လုပ်ကြဖို့ လှည့်လည်ဟောပြောမယ်။ Educate လုပ်မယ်။ လူမှုရေးအဖွဲ့အစည်းတွေ ဥပမာ– NGO တွေ သိပ်လို အပ်တယ်။ စနစ်တကျလိုက်ပါကူညီပေးမယ့် အဖွဲ့အစည်းတွေ လိုအပ်တယ်။ ပစ္စည်းအင်အားကတော့ မပါမဖြစ်ပေါ့။ ငွေအင်အားမှ မတောင့်တင်းရင် အဲဒီ Project ကို ဘယ်လိုရေရှည်မှာ အကောင်အထည်

ဟိုအရင်တုန်းကပုံစံဆိုရင်တော့ ဖိုခနောက်ဆိုင် (ဒါမှမဟုတ်) သုံးချောင်းထောက်ကုလားထိုင်လို ဦးဆောင်ကြတယ်။ ဒီဘက်ခေတ်မှာကျတော့ ကုလားထိုင်တွေက လေးချောင်းထောက်တွေဖြစ်ကုန်ပြီ။ အဲဒီလေးချောင်းစလုံးဟာ သိပ်အရေးကြီးတယ်။ တစ်ချောင်းမှကျိုးလို့မဖြစ်ဘူး။ အဲဒီ ဒေါက်တိုင်တွေကတော့ (၁) အစိုးရ၊ (၂) ဘာသာရေးခေါင်းဆောင်တွေ၊ (၃) လူမှုရေးအဖွဲ့အစည်းတွေ၊ (၄)ပစ္စည်းအင်အားတို့ပဲ။

www.foreverspace.com.mm



ဖော်နိုင်မလဲ။ အစိုးရပိုင်းက ပါဝင်ဖို့ ဆိုတာကတော့ သိတဲ့အတိုင်းပဲ အရေးကြီးဆုံးပဲလို့ ဘုန်းကြီး ပြောချင်တယ်။ ဒါမှ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လုပ်နိုင်မှာပေါ့။ သယ်ယူပို့ဆောင်ရေးတွေမှာလည်း အစိုးရရဲ့ ပါဝင်မှုက လုံးဝလိုအပ်တယ်။ ဥပမာ–တစ်နေရာရာမှာ ငလျင်ဘေးတဲ့၊ ရေဘေးတဲ့ ဘာညာဆိုရင် ကားနဲ့သွားလို့ရတဲ့နေရာရှိတယ်။ သွားလို့မရတဲ့နေရာရှိတယ်။ ဒီအခါမှာ အစိုးရအနေနဲ့ ဒုက္ခသည်တွေကို အရေးပေါ်ကယ်ဆယ်ရေးတွေလုပ်ပေးဖို့ အချိန်တိုတိုအတွင်း အမြန်ဆုံးရောက်နိုင်မယ့် ပို့ဆောင်ရေးစနစ်တွေ အစိုးရက ပံ့ပိုးပေးဖို့လိုတယ်။ ဒီနေရာမှာ အစိုးရပါဝင်မှုကိုရမယ်။ မပါရင်တော့ အကြောင်းအမျိုးမျိုးနဲ့ အဲဒီ Project အောင်မြင်မှာ မဟုတ်ဘူး။

**L.C ။ ။ 'ငတ်ပြီးသေတဲ့မသာ မရှိဘူး' ဆိုတဲ့အချက်ပေါ်မှာ မငြင်းခုံလိုပါဘူး။ ဒါပေမဲ့ အငတ်မခံနိုင်ကြလို့ လမ်းဘေးရောက်ပြီးပျက်စီးသွားကြသူတွေ၊ မရည်ရွယ်ဘဲ ရာဇဝတ်မှုကျူးလွန်သူတွေတော့ နေရာမရွေးရှိနိုင်ပါတယ်။ အဓိကတရားခံကတော့ အလုပ်လက်မဲ့ပြဿနာပါပဲ။ ဒီတော့ ဘာသာပေါင်းစုံစုပေါင်းပြီး ရန်ပုံငွေရှာပြီး အိုးအိမ်မဲ့ဖြစ်နေသူတွေအတွက် ဇရပ်(သို့မဟုတ်) လူနေတန်းလျားတွေ တည်ဆောက်ပေးတာတို့၊ ရိက္ခာခွဲတမ်းကျ ဝေပေးတာတို့၊ သူတို့တစ်တွေရဲ့ အခြေခံကျန်းမာရေးကို စောင့်ရှောက်ပေးတာတို့ လုပ်မယ်ဆိုရင် ဖြစ်နိုင်ခြေရှိမရှိ။ ဘယ်လို အခက်အခဲတွေရှိနိုင်မလဲ။**

**Dr. N ။ ။** မင်းကွန်းတို့၊ ကုသိုလ်တော်တို့၊ မြသိန်းတန် ဘုရားတွေနားမှာ ဖုန်းတောင်းယာစကာတွေအများကြီးပဲ။ သူတို့အတွက် တစ်ခုခုလုပ်ပေးကြပါ။အဆောက်အအုံတွေတော့ ဆောက်လုပ်ထားတယ်။ ဒါပေမဲ့ အဲဒီအထပ်မြင့်အဆောက်အအုံတွေအနားမှာ သူတောင်းစားတွေရှိနေမယ်ဆိုရင် မဟန်သေးဘူး။ အထဲမှာ မဟုတ်မဟတ်လုပ်စားနေရင် မဟန်သေးဘူး။ Image ကောင်းမှာမဟုတ်ဘူး။ မိဘတွေဆင်းရဲကြလို့ သားသမီးတွေကို ကျောင်းမထားနိုင်။ အတန်းပညာမရှိတဲ့ သားယောက်ျားတွေက သူတစ်ပါးဆီမှာ ကျေးကျွန်ဖြစ်တဲ့သူဖြစ်၊ သူခိုး၊ ဓားပြဖြစ်တဲ့သူဖြစ်နဲ့။ မိန်းကလေးတွေဆိုရင်လည်း ပင်ပန်းကြီးစွာ အသက်မွေးရင်မွေး၊ အဲဒီလိုမှမဟုတ်ရင် သွေးသားရင်းပြီး ငွေရှာကြရ။ ဒီလိုလူတွေများလာရင် တိုင်းပြည်ဘယ်လိုတိုးတက်မလဲ

ဆင်းရဲသားတွေ လျော့ကျရေးအတွက်ကိုလည်း ထည့်သွင်းစဉ်းစား ပေးကြဖို့လိုတယ်။ အထက်မှာ ဘုန်းကြီးပြောခဲ့သလိုပေါ့။ ထည်ဝါတဲ့အဆောက်အအုံကြီးတွေနားမှာ သူတောင်းစားတွေ စုပုံနေတာမျိုး မဖြစ်သင့်ဘူးဆိုတာ။ ဒေါက်တိုင်လေးခု စုပေါင်းပြီး ဆင်းရဲသားတွေအတွက် နေစရာလုပ်ပေးရမယ်။ မိဘက ငွေကြေးမတတ်နိုင်လို့ ကျောင်းမနေရတဲ့ကလေးတွေ ကျောင်းထားပေးကြရမယ်။ ကျန်းမာရေးအခြေခံတွေကို ဝိုင်းဝန်းလုပ်ပေးကြရမယ်။ မိဘမဲ့ကလေးများဂေဟာတွေ ခပ်များများဆောက် လုပ်ကြရမယ်။ လူအိုရုံဘိုးဘွားရိပ်သာတွေကိုလည်း တိုးချဲ့ ဆောက်လုပ်ကြရမယ်။ တကယ်တော့ လက်ရှိ ဘိုးဘွားရိပ်သာ အရေအတွက်ဟာ မလုံလောက်သေးဘူး။ ဘယ်သူမှ ကြည့်ရှုမယ့်သူမရှိလို့ လမ်းဘေးရောက်နေကြတာတွေ တစ်ပုံကြီးပဲ ရှိသေးတယ်။ အနောက်နိုင်ငံတွေမှာ ဥပမာ–အမေရိကန်၊ ဗြိတိန်တို့မှာဆိုရင် ဆင်းရဲမှုပပျောက်ရေးကို လုပ်နေကြတယ်။ စားရမဲ့တွေကို ထောက်ပံ့တယ်။ အလုပ်လက်မဲ့ပြဿနာတွေကို ဖြေရှင်းပေးတယ်။ ဝင်ငွေမရှိတဲ့မိသားစုဝင်တွေကို ထောက်ပံ့တယ်။ ဒီလိုလုပ်တဲ့ကြားထဲကတောင် ဆင်းရဲမှုက ပပျောက်မသွားဘူး။ ဒါပေမဲ့ မဆိုးဘူးလို့ ဆိုရမှာပဲ။ သူဌေးသူကြွယ်တွေအနေနဲ့ အလှူငွေတွေများများ ထည့်ဝင်၊ NGO အစိုးရမဟုတ်တဲ့ Non-profit အဖွဲ့တွေကလည်း အလေအလွင့်မရှိအောင် ငွေကို စနစ်တကျခွဲဝေသုံးစွဲ။ ဘာသာရေးခေါင်းဆောင်တွေအနေနဲ့လည်း အားသွန်ခွန်စိုက် ဟောပြော

www.foreverspace.com.mm

ကြ။ အရိုးရကလည်း မဖြစ်မနေ ပါဝင်ကြမယ်ဆိုရင်တော့ ဟန်ကျနိုင်ပါလိမ့်မယ်။ အားလုံး Harmoniously Combine ဟန်ချက်ညီညီ စုပေါင်းလုပ်ကြဖို့ လိုတယ်။

**L.C ॥ ॥ Social Donation လို့ဆိုရာမှာ တပည့်တော်တို့ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အတိုင်းအတာအရ ဘယ်လိုကဏ္ဍတွေမှာ ပြုလုပ်ကြဖို့လိုအပ်တယ်လို့ အရှင်ဘုရား ယူဆပါသလဲ။ အရှင်ဘုရားတရားသွားဟောတဲ့ နိုင်ငံ ပေါင်း ၃၀ကျော်တွေမှာ Social Donation လုပ်တဲ့အပိုင်းမှာ ဘယ်လိုအနေအထားရှိပါသလဲ။ မြန်မာနဲ့ ဘယ်လို ကွာခြားချက်တွေရှိပါသလဲဘုရား။**

**Dr. N** ॥ ॥ အဲဒီလို ကွက်ပြီးပြောလို့မရဘူးလေကွာ။ ကမ္ဘာ့တိုင်းပြည်အတော်များများမှာ ဖြစ်နေတာ။ အရှေ့တောင်အာရှ ဗုဒ္ဓဘာသာနိုင်ငံတွေဖြစ်တဲ့ ထိုင်းတို့၊ ကမ္ဘောဒီယားတို့မှာလည်း ဒီအတိုင်းပဲ Social Donation လုပ်တဲ့အပိုင်းမှာ အတော်ကြီး အားနည်းတယ်။ ပရိယတ္တိဘက်မှာ ဒါနပြုကြသလို လူမှုရေး ပိုင်းမှာလည်း ဒါနပြုကြဖို့သင့်တယ်။ ဒါနဆိုတာ Support ပဲ။ Religious Donation မလုပ်ရင် ပရိယတ္တိဘက်မှာ ကျသွားနိုင်တယ်။ Social Donation မလုပ်ပြန်ရင်လည်း အထက်မှာ ပြောခဲ့တဲ့အတိုင်း သဒ္ဓါမခိုင်တဲ့လူတွေ အထောက်အပံ့များတဲ့ (Social Donation များများလုပ်တဲ့) ဘက်ဆီပါကုန်လိမ့်မယ်။ ဘုန်းကြီးတို့အနေနဲ့ နယ်လှည့်ပြီး တရားတွေဟောနေတာ၊ ဘာသာရေး အပေါ် ယုံကြည်မှုအားကြီးလာအောင် သဒ္ဓါအား တက်လာအောင် လုပ်ပေးနေတာ။ ဒီဘက် (ပရိယတ္တိ)အပိုင်းမှာတော့ လုံလောက်သလောက်ဖြစ်နေပါပြီ။

**L.C ॥ ॥ သာသနာပြုတဲ့နေရာမှာ အရှင်ဘုရားအနေနဲ့ ဘယ်လို Objectives တွေထားပြီး၊ ဘယ်လိုဒေါက်တိုင်တွေနဲ့ သာသနာပြုပါသလဲ။**

**Dr. N** ॥ ॥ Knowledge ပေးဝေရေးကို ဦးတည်တယ်။ ဗုဒ္ဓဘာသာအကြောင်း ဟောပြောတယ်။ ဗုဒ္ဓဘာသာကို ပိုင်ပိုင်နိုင်နိုင်သိပြီး ဟောပြောနိုင်မယ့်သူတွေကို မွေးထုတ်တယ်။ လိုအပ်တဲ့ Infrastructure တွေကို တည်ဆောက်တယ်။ လူကြီးအဖွဲ့တွေနဲ့ စနစ်

ငါတို့ကတော့ စေတီဟောင်းမြင်ရင် မနေနိုင်ဘူး။ ပြင်ရမှာပဲကွ။ ပြင်တဲ့နေရာမှာလည်း ယဉ်ကျေးမှုရှုထောင့်ကကြည့်ပြီး ရှေးလက်ရာမပျက်အောင်ပြင်ရမှာပဲ။ ရေညှိတွေတက်နေလို့ဆိုပြီး ခြစ်ချ၊ ထုံးတွေဖိသုတ်လိုက်လို့ အနုလက်ရာတွေ ပျက်စီးကုန်တာမျိုးလည်း မဖြစ်သင့်ဘူးပေါ့လေ။


တကျစီမံတယ်။ ဒီနေရာမှာ 4M ပေါ့။ Man Power, Money Power, Material Power နဲ့ Mind Power ပေါ့။ လူအင်အား မရှိဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ ကျွမ်းကျင်တဲ့လူတွေ မွေးရတယ်။ ငွေအင်အားမရှိပြန်ရင်လည်း ဘာမှလုပ်လို့မရဘူး။ ပစ္စည်းပစ္စယ အပိုင်းကလည်း အရေးကြီးတာပဲ။ အရေးကြီးဆုံးကတော့ Mind Power ပဲ။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အဲဒီစိတ်ဓာတ်က သိပ်အရေးကြီးတယ်။ အဆောက်အအုံ ဆောက်တော့မယ်ဆိုရင် သိပ်သိသာတယ်။ ဥပမာ–ကျောင်းဆောက်မယ်၊ ဘုရားတည်မယ်ဆိုရင် ပညာရှင်တွေရဲ့ Mind က သိပ် အရေးပါတယ်။ ဘုန်းကြီးအလှူခံလို့ရတဲ့ အလှူငွေနဲ့ သူတို့တစ်တွေကို အခကြေးငွေပေးရရင် ဘယ်လောက်မလဲ။ အဲဒီတော့ ပုံစံထုတ်တဲ့လူကလည်း ဒါနစိတ်နဲ့ သူရဲ့ပညာကို ပေးလှူပြီး လုပ်ပေးသွားတယ်။ ဆောက်တဲ့အင်ဂျင်နီယာကလည်း ဒီအတိုင်းပဲ။ မဖြစ်သာလို့ ငွေကြေးယူတဲ့သူက နည်းနည်းပါးပါးပဲရှိတယ်။ ဒီတော့ အလှူငွေ အားလုံးလိုလိုက အဆောက်အအုံအတွက်ပဲ ဖြစ်သွားတာပေါ့။ နောက်ပြီး အလှူငွေတွေအလေ အလွင့်မရှိအောင်လည်း အဲဒီ Mind Power ကပဲ ထိန်းပေးသွားတာ။ Honesty ရှိရှိ အလုပ်လုပ်ကြအောင် Mind ကပဲ လုပ်ပေးသွားတာ။ ဘုန်းကြီးအနေနဲ့တော ဘုန်းကြီးလိုလုပ်လို့တော့ မရဘူးပေါ့လေ။ Management နိုင်ရတာပေါ့။ ပရောဂျက်ကြီးတွေအတွက် အုပ်ချုပ်ရေးအဖွဲ့တွေ ဖွဲ့ထားတယ်။ ဘယ်သူ ဘယ်ဥစ္စာတာဝန်ယူဆိုပြီး တာဝန်ခွဲခြမ်းပေးထားရတယ်။ စနစ်တကျပေါ့လေ။ သာသနာပြုတဲ့နေရာမှာ 4P ပေါ့။ Preservation (ထိန်းသိမ်းခြင်း)၊ Propagation (ဝါဒဖြန့်ချိခြင်း)၊ Promotion (မြှင့်တင်ခြင်း)၊ (Re)Production (ပြန်လည်)(ထုတ်လုပ်ခြင်း)တွေပေါ့။

**L.C ॥ ॥ ပုဂံမှာ ဘုရားတွေပြန်လည်မွမ်းမံကြတာနဲ့ ပတ်သက်ပြီး သမိုင်းပညာရှင်တွေက ဒါမလုပ်သင့်ဘူး။ ရှေးလက်ရာအတိုင်းပဲ ထားသင့်တယ်လို့ဆို ကြပါတယ်။ ခရီးသွားတွေ လိုက်လံပြသနေတဲ့ ဧည့်လမ်းညွှန်တွေကလည်း ဒီလိုမွမ်းမံလိုက်တဲ့အတွက် နိုင်ငံခြားသားတွေက သိပ်ပြီး သဘောကျပုံမရဘူးလို့ဆိုကြပါတယ်။ ဒါပေမဲ့ ရန်ကုန်က ရွှေတိဂုံဘုရားမှာ ရွှေသင်္ကန်းတွေကပ်နေတာ၊ ဘုရားထီးတော်သစ်လဲလှယ်တာ၊ မွမ်းမံမှုအချို့ ပြုလုပ်တာတွေကိုကျတော့ ဘာမှစောဒကမတက်တာကို အံ့သြစရာကောင်းအောင် တွေ့နေရပါတယ်။ ဒီအပေါ်မှာ ဆရာတော့်အနေနဲ့ ဘယ်လိုသုံးသပ်မိန့်ကြားလိုပါသလဲ။**

**Dr. N** ॥ ॥ အရှေ့တိုင်းသားတွေက Very Pious ဖြစ်ကြတယ်။ အရမ်းဘာသာတရားကိုင်းရှိုင်းကြတယ်။ ဟောင်းနွမ်းနေတာကို လက်မခံနိုင်ဘူး။ ယိုယွင်းနေတာကို ကြည့်မနေနိုင်ကြဘူး။ အဟောင်းအနွမ်းတွေကို မွမ်းမံပြင်ဆင်တာကို ဘုရားက

www.foreverspace.com.mm





ချီးကျူးတယ်။ ဘုရားဟောင်းတွေကို ပြင်တာက preservation လုပ်တာပဲ။ အဟောင်းပြင်ရင် ကျန်းမာတယ်၊ အသက်ရှည်တယ်။ ဒီသဘောပဲ။ ပုဂံက ဘုရားတွေကိုပြင်တာဟာ ရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းမွမ်းမံတာပဲ။ ရွှေတိဂုံလည်း ဒီအတိုင်းပဲ။ စတင်ဆောက်တုန်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ ကျော်က ဒီပုံစံအတိုင်းမှမဟုတ်ဘဲ ခပ်ငယ်ငယ်ပဲ။ နောက်လူတွေက ဆင့်ပြီးမွမ်းမံလိုက်တာ ဒီနေ့ဒီပုံစံအတိုင်းဖြစ်လာတာပဲ။ အရင်က ထီးမှမပါဘဲ။ ပုဂံဘုရားတွေပြင်တာမကြိုက်တဲ့လူတွေ ရွှေတိဂုံဘုရားကိုကျတော့ ဘာကြောင့်မပြောကြသလဲ။ ထီးတော်လည်း လဲနေကြတာပဲ။ ရွှေတွေလည်း ကပ်နေကြတာပဲ။ ဟော့ ..ဒီမှာ ငါပြောမယ်။ မူလလက်ဟောင်း (အဟောင်းကြီးအတိုင်း) ကြည့်ချင်သူတွေ ပုံစံဟောင်းကို ရှေးမူမပျက် တူးဖော်ကြည့်ကြပါလား။ ထီးကိုဖြုတ်ပြီး အကုန်ပြန်ခွါ၊ ဥက္ကလာပမင်းကြီးတည်ခဲ့တဲ့ မူလပုံစံအတိုင်း ပြန်ပြောင်းကြည့်ကြပါလားလို့ ငါပြောလိုက်ချင်တယ်။ အင်္ဂလိပ်ခေတ်ကခင်းခဲ့တဲ့ မော်တော်ကားလမ်းတွေဆိုပြီး ဘာမှ ထပ်ဆင့်မပြုပြင်ဘဲ ဒီအတိုင်းကြည့်နေကြပါလား။ ရထားလမ်းတွေ နိုင်ငံတကာမှာ ခြောက်ပေရှိတယ်။ ဒီမှာ သုံးပေတည်းပဲ။ အင်္ဂလိပ်ခေတ်က အမွေဟောင်းပဲဆိုပြီး ဒီအတိုင်းကြည့်မနေသင့်ဘူး။ ဘုရားရဲ့ဓာတ်တော်တွေ ဌာပနာထားတယ်ဆိုတာ ဘုရားရဲ့ အသွေးတော်၊ အသားတော်တွေပဲ။ အဲဒီဓာတ်တော်တွေ ဌာပနာထားတဲ့ ဘုရားဟောင်းတွေကို ပြုပြင်မွမ်းမံတာဟာ မှန်မြတ်တယ်။ ငါတို့ကတော့ စေတီဟောင်းမြင်ရင် မနေနိုင်ဘူး။ ပြင်ရမှာပဲကွ။ ပြင်တဲ့နေရာမှာလည်း ယဉ်ကျေးမှုရှုထောင့်ကကြည့်ပြီး ရှေးလက်ရာမပျက်အောင်ပြင်ရမှာပဲ။ ရေညှိတွေတက်နေလို့ဆိုပြီး ခြစ်ချ၊ ထုံးတွေဖိသုတ်လိုက်လို့ အနုလက်ရာတွေ ပျက်စီးကုန်တာမျိုးလည်း မဖြစ်သင့်ဘူးပေါ့လေ။

**L.C ။ ။ အနောက်ကပညာရှင်တစ်ယောက်က ၃၈ ဖြာမင်္ဂလာကို စေ့စေ့ငုငုလေ့လာပြီး ကျောင်းတိုင်းမှာ အဲဒီ ၃၈ ဖြာမင်္ဂလာကို ပြဋ္ဌာန်းသင်ကြားသင့်တယ်ဆိုပြီး အဆိုပြုနေတာတောင်ရှိပါတယ်။ ဒါဟာ ဘာသာတိုင်း၊ လူမျိုး တိုင်းလက်ခံကျင့်သုံးနိုင်ပြီး တကယ်အကျိုးရှိစေမယ်လို့ လည်းသူကဆိုပြန်ပါတယ်။ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာနိုင်ငံမှာ ကျောင်းသားဝတ္တရားသုံးပါးဆိုပြီး ကောက်နုတ်ထားတာတော့ရှိပါတယ်။ ဒါပေမဲ့ ၃၈ ဖြာစလုံး ပြဋ္ဌာန်းထားတာတော့မဟုတ်ပါဘူး။ အရှင်ဘုရားအနေနဲ့ ဒီအချက်အပေါ် ဘယ်လိုထင်မြင်သုံးသပ်လိုပါသလဲ။**

**Dr. N** ။ ။ ကောင်းတယ်။ ၃၈ ဖြာကို ကျောင်းတိုင်းမှာ သင်ကြားသင့်တယ်။ ဒါပေမဲ့ ဒီကနေ့ဖြစ်နေတဲ့ပြဿနာက ဘာလဲဆိုတော့ Label ပြဿနာပဲ။ အမည်မှည့်ခေါ်ခြင်းနဲ့ ပတ်သက်ပြီး ငြင်းခုံနေကြတာက ပြဿနာပဲ။ ကောင်းမှန်းသိရင် လက်ခံကျင့်သုံးကြည့်ပေါ့။ ခုတော့ ဘယ်ဘာသာက ဘာမို့လို့နဲ့ ဒီ Label ကိုပဲ အကြောင်းပြုပြီး အလုပ်ကမဖြစ်ဘူး။ သစ္စာတရားမှာ Label မရှိဘူးဟေ့။ Meditation ဆိုတာ Technique ပဲ။ to stabilize the agitated mind ပဲ။ ကစဉ့်ကလျား စိတ်အစဉ်ကို ထိန်းသိမ်းခြင်းပဲ။ ဘယ်ဘာသာမဆို သုံးလို့ရတယ်။ အဲဒီလိုပဲ ၃၈ ဖြာမင်္ဂလာကိုလည်း သုံးလို့ရတယ်။ မင်္ဂလာတရားဆိုတာက လာမေးတဲ့သူပေါ်မူတည်ပြီး အဲဒီနာမည် ဖြစ်သွားတာ။ လောကမှာ ဘယ်အရာတွေက မင်္ဂလာပါလဲ ဘုရားလို့ လာလျှောက်မေးမြန်းလို့ ဒီအချက်တွေကတော့ မင်္ဂလာတွေပဲဆိုပြီး ဖြေပေးလိုက်တာဖြစ်တယ်။ ဒီတော့ ၃၈ ဖြာ မင်္ဂလာတရားလို့ ခေါ်မနေပါနဲ့။ Common Teaching, Common Law, Common Ground, Common Platform/ Highway ကြိုက်သလို ခေါ်ကြပေါ့။ ဘယ်ဘာသာက ဘာဆိုတာ အရေးမကြီးဘူး။ အဓိကကကျင့်သုံးကြဖို့ပဲ။ ဘယ်လောက်ကောင်းထားလဲ။ လူမိုက်ကို ရှောင်ပါတို့။ ပညာရှိထံ ဆည်းကပ်ပါတို့၊ ပူဇော်ထိုက်သူကို ပူဇော်ပါတို့။ ဘယ်လောက်ကောင်းထားလဲ။ ပြီးတော့မှ ဘယ်အရာကို လူမိုက်ခေါ်တယ်။ ဘယ်အရာကို ပညာရှိလို့ခေါ်တယ်။ Definition ဖွင့်ကြပေါ့။

**L.C ။ ။ စက်တင်ဘာ ၁၁ ရက် ဖြစ်ရပ်အပြီးမှာ အမေရိ**

www.foreverspace.com.mm

# သီတဂူအဓိပတိ ဆရာတော်အရှင်ဉာဏိဿရ၏ ကိုယ်ရေးအကျဉ်း

- သီတဂူအဓိပတိဆရာတော် အရှင်ဉာဏိဿရကို ပဲခူးတိုင်းအတွင်းရှိ သဲကုန်းမြို့၌ ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် နေ့တွင် ဖွားမြင်သည်။
- အသက် ခုနစ်နှစ်အရွယ်တွင် ဘုန်းကြီးကျောင်း၌ စတင်နေပြီး ဘုန်းတော်ကြီးပညာရေးနှင့် ဗုဒ္ဓစာပေများကို လေ့လာလိုက်စားခဲ့သည်။ အသက် ၁၅ နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ အသက် ၂၀ အရွယ်တွင် သဲကုန်း၌ပင် ရဟန်းဘောင်ဝင်ခဲ့သည်။
- ဆရာတော်သည် ၁၉၅၆၊ ၁၉၅၇ နှင့် ၁၉၅၈ ခုနှစ်များ၌ ဗုဒ္ဓပါဠိစာပေ၊ အငယ်တန်း၊ အလတ်တန်းနှင့် အကြီးတန်း စာမေးပွဲများ အောင်မြင်ခဲ့သည်။ ထို့နောက် မန္တလေးရှိ ခင်မကန်ပါဠိတက္ကသိုလ်၌ ဗုဒ္ဓဒေသနာဖြင့် မဟာဘွဲ့ရခဲ့သည်။ ထို့နောက် ရန်ကုန်ရှိ သံဃတက္ကသိုလ်၌ အင်္ဂလိပ်ဘာသာဖြင့် ဒီပလိုမာရရှိခဲ့သည်။
- ၁၉၆၅ ခုနှစ်၌ မြန်မာနိုင်ငံ ဧရာဝတီတိုင်း လေးမျက်နှာမြို့တွင် BBM ကောလိပ်ကို တည်ထောင်ခဲ့သည်။ ၁၉၆၈ ခုနှစ် မတိုင်မီအထိ ထိုကောလိပ်၌ ကျောင်းအုပ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်သာမက အုပ်ချုပ်ရေးမှူးအဖြစ်လည်း ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၈ ခုနှစ်၌ စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုးသို့ ကြွမြန်းခဲ့ပြီး သံဃာတော်များ၊ သီလရှင်များနှင့် သာမဏေများအား ဗုဒ္ဓစာပေသင်ကြားပေးခဲ့သည်။
- ဆရာတော် အရှင်ဉာဏိဿရသည် သာသနာပြန့်ပွားရေးအတွက် ကြားခံအဖြစ် အသုံးပြုနိုင်ရန် အင်္ဂလိပ်စာကို စဉ်ဆက်မပြတ်လေ့လာခဲ့ပြီး ၁၉၆၈ ခုနှစ်မှ ၁၉၇၅ ခုနှစ်မတိုင်မီအထိ စစ်ကိုင်း၌ သီတင်းသုံးနေထိုင်ခဲ့သည်။
- ၁၉၇၅-၇၈ ခုနှစ်များ၌ မွန်ပြည်နယ်ရှိ သပိတ်အိုင်တောရဘုန်းတော်ကြီးကျောင်း၌ တရားကျင့်ကြံအားထုတ်ခဲ့သည်။ ၁၉၇၉ ခုနှစ်၌ စစ်ကိုင်းတောင်ရိုးသို့ပြန်လာပြီး သီတဂူဝိဟာရဘုန်းတော်ကြီးကျောင်းကို တည်ထောင်ခဲ့သည်။ စစ်ကိုင်းဝန်းကျင်ရှိ သံဃာများ၊ သာမဏေများနှင့် သီလရှင်များအား ဗုဒ္ဓစာပေအကြောင်း သင်ကြားပေးခဲ့သည်။
- ၁၉၈၁ ခုနှစ်၌ စစ်ကိုင်းချောင် (ကျောင်း)များတွင် ကြုံတွေ့နေရသော ရေအခက်အခဲကိုဖြေရှင်းနိုင်ရေးအတွက် ရေပေးဝေရေးစီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် အလှူငွေများ လိုက်လံအလှူခံခဲ့သည်။ ယနေ့အခါ ချောင်ပေါင်း ကိုးရာကျော်၊ သံဃာ၊ သာမဏေ၊ သီလရှင်ပေါင်း ၉၀၀၀ ကျော်တို့အတွက် ယင်းရေစီမံကိန်းမှ သောက်ရေသန့်များ ဖြန့်ဝေပေးနိုင်ခဲ့သည်။
- ၁၉၈၇ ခုနှစ်၌ ရဟန်းသံဃာ၊ သီလရှင်၊ သာမဏေများနှင့် ငွေကြေးမတတ်နိုင်သူများ အခမဲ့ဆေးကုသမှုခံယူနိုင်ရန် ခုတင် ၁၀၀ ဆံ့ အာယုဒါနဆေးရုံကို ဆောက်လုပ်ခဲ့သည်။ အဆိုပါဆေးရုံ၌ နောက်ဆုံးပေါ် ခွဲစိတ်ပစ္စည်းကိရိယာများ၊ X-ray ယူနစ်များ တပ်ဆင်ထားပြီး အတွင်းလူနာဌာန၊ ပြင်ပလူနာဌာနများ ထားရှိထားသည်။ ဆရာဝန်၊ သူနာပြုနှင့် အထွေထွေ ဝန်ထမ်းပေါင်း ၆၀ ကျော်တို့ဖြင့် စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရေးအတွက် ဆရာတော်အနေနှင့် နယ်လှည့်တရားဟောပွဲများ တစ်နှစ်ပတ်လုံး ပြုလုပ်ခဲ့သည်။
- ၁၉၉၄ ခုနှစ်၌ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို တည်ထောင်ခဲ့ပြီး သာသနာ့အကျိုးပြုလုပ်ငန်းများ ပြုလုပ်နေသော ရဟန်းသံဃာများနှင့် သီလရှင်များအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခဲ့သည်။
- ဆရာတော် အရှင်ဉာဏိဿရသည် ၁၉၈၁ ခုနှစ်၌ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများသို့ ပြည်ပသာသနာပြုခရီးစဉ်များထွက်ခဲ့သည်။ ထိုအချိန်မှစပြီး နိုင်ငံပေါင်း ၃၀ ကျော်သို့ လှည့်လည်ကာ တရားတော်များ ဟောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုခရီးစဉ်၌ တက္ကသိုလ်အမြောက်အမြားဆီ သွားရောက်ကာ ဟောကြားမှုအချို့ ပြုလုပ်ခဲ့သည်။ ယင်းတက္ကသိုလ်များ၌ ဗန်ဒါဗစ်တက္ကသိုလ်၊ ဖစ်စ်တက္ကသိုလ်၊ အင်ဒီယားနားပြည်နယ်တက္ကသိုလ်နှင့် တင်းနက်စ်တက္ကသိုလ်တို့ ပါဝင်သည်။ ၁၉၉၆ ခုနှစ်၌ အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် မြို့တော်အော်စတင်၌ ဗုဒ္ဓဝိဟာရကိုတည်ထောင်ခဲ့သည်။
- ဆရာတော်သည် ပရိယတ္တိစာပေသင်ကြားရေး၌ အောင်မြင်ကျော်ကြားသည်သာမက လူသာမန်တို့ မဆောင်ရွက်နိုင်သည့် ရေ+ဆေး စီမံကိန်းများကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။ ဆရာတော် အရှင်ဉာဏိဿရသည် ဘာသာရေးစာအုပ် ၄၀ ခန့် ရေးသားထုတ်ဝေပြီးဖြစ်၍ လက်ရှိ၌လည်း ဘာသာရေးဆောင်းပါးများကို မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ရေးသားလျက်ရှိသည်။

www.foreverspace.com.mm

**ကန်ပြည်ထောင်စုရှိ တက္ကသိုလ်တစ်ခုမှာ ဘာသာကြီးလေးခုကို ကျောင်းသားတိုင်း မသင်မနေရအဖြစ်ပြဋ္ဌာန်းဖို့ စဉ်းစားခဲ့ကြတယ်လို့ဆိုပါတယ်။ ဒါမှသာ ဘာသာတစ်ခုအပေါ် တခြားဘာသာရပ်တစ်ခုက နားလည်နိုင်ပြီး ဘာသာရေးနဲ့ဆိုင်တဲ့ပြဿနာတွေကို ရှောင်ရှားနိုင်လိမ့်မယ်လို့ဆိုပါတယ်။ ဒါပေမဲ့ တပည့်တော်စဉ်းစားကြည့်တယ်။ ကျောင်းနေသူတိုင်း တက္ကသိုလ်ရောက်မယ်လို့ ပြောမရနိုင်ဘူး။ မူလတန်းနဲ့ပဲ ကျောင်းထွက်လိုက်ရသူတွေလည်းရှိတယ်ဆိုတော့ မူလတန်းကစပြီး သင်သင့်တယ်လို့တော့ထင်တာပဲ။ ဒီတော့ အဲဒီအိုင်ဒီယာကို ကမ္ဘာတစ်ဝန်းက အခြေခံမူလတန်းတွေမှာ ပြဋ္ဌာန်းဖို့ သင့်မသင့် အရှင်ဘုရား ဘယ်လိုယူဆပါသလဲ။**

**Dr. N** ။ ။ ပြဋ္ဌာန်းသင့်တယ်။ လုံးဝကိုပြဋ္ဌာန်းသင့်တယ်။ ဘာသာရေးခေါင်းဆောင်တွေစုရုံးပြီး ဘယ်အဆင့်မှာ ဘယ်အထိသင်ယူသင့်တယ်ဆိုပြီး ညှိနှိုင်းကြဖို့သင့်တယ်။ ဒါမှ ဘာသာတစ်ခုအပေါ် တခြားဘာသာက နားလည်လက်ခံလာမှာ။ ဒီနေရာမှာ အားလုံးသဘောထားကြီးကြဖို့လိုတယ်။သူတို့ကလေးတွေကို တခြားဘာသာဖြစ်သွားအောင် လုပ်တာမဟုတ်ဘူးဆိုတာသိရမယ်။ Convert လုပ်တာမဟုတ်ဘူး။ ကိုယ့်ဘာသာမှ ကိုယ့်ဘာသာမဖြစ်ရဘူး။ တခြားဘာသာတွေကိုလည်း နားလည်တတ်ရမယ်။ (Due) Respect ပေးရမယ်။ အဲဒီလိုမှ မဟုတ်ရင် ဘယ်လိုလုပ်ပြီး တခြားဘာသာအပေါ်ကိုယ်က နားလည်နိုင်မလဲ။ ဆိုတော့... ဘာသာကြီးလေးမျိုးကိုသင်မယ်ဆိုရင် တကယ်ကောင်းပါတယ်။ တခြားဘာသာလေးတွေကိုလည်း (ကလေးတွေ လိုက်နိုင်မယ်ထင်ရင်) သင်ကြည့်ကြပေါ့။ ဒီလို ဖြန့်ပြီးလေ့လာခြင်းအားဖြင့် အစွန်းရောက်မှုအပေါ် အခြေတည်ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေကို ရှောင်ရှားနိုင်ပါလိမ့်မယ်။ ရန်ပွဲတွေကို ရှောင်ရှားနိုင်လာပါလိမ့်မယ်။

ဒီနေရာမှာ တစ်ချက်သတိထားရမှာက ဘာလဲဆိုတော့ သင်ကြားမယ့် ဆရာ၊ ဆရာမတွေ မျှမျှတတသင်ကြားကြဖို့ပဲ။ ငါ့ဘာသာမို့ ပိုပိုသာသာသင်မယ်။ သူ့ဘာသာမို့လို့ နှိမ့်ချသင်မယ်ဆိုတာမျိုး မဖြစ်သင့်ဘူး။ တစ်ခုကို အမွှမ်းတင်သင်ပြီး တခြားတစ်ခုကို နှိမ့်ချသင်ရင် မလိုလားအပ်တဲ့ကိစ္စတွေ ဖြစ်လာနိုင်တယ်။ ပိုပြီးတော့တောင် ဆိုးရွားသွားနိုင်တယ်။ ဒီတော့ ဆရာ၊ ဆရာမတွေ အစွန်းမရောက်ကြဖို့လိုတယ်။ မျှမျှတတရှိကြဖို့ လိုအပ်တယ်။ ဘာသာတွေအကြောင်း Educate လုပ်ရုံပဲဆိုတာ သတိထားရမယ်။

**L.C** ။ ။ **ရှေးဟောင်းစေတီပုထိုးတွေကို Copy ကူးပြီး ပုံစံတူအောင် လိုက်ဆောက်နေတဲ့အပေါ် အရှင်ဘုရား ဘယ်လိုယူဆပါသလဲ။**

**Dr. N** ။ ။ ဒါလုပ်သင့်တယ်။ ရှေးဟောင်းစေတီပုထိုးတွေ ဆိုတာ Natural Disaster ကြောင့်ပဲဖြစ်ဖြစ် ချိန်ခါမရွေး ပျက်စီးသွားနိုင်တယ်။ အဲဒီအခါပုံစံတူတွေမရှိရင် ဘယ်လိုလုပ်မလဲ။ ဘယ်သွားကြည့်ကြမလဲ။ ယဉ်ကျေးမှုရှုထောင့်က ကြည့်ပြီး ဒီလိုပဲ နိုင်ငံတကာမှာလည်း လုပ်နေကြတာပဲ။ လန်ဒန်ကပြတိုက်တွေကို ဘုန်းကြီးသွားလည်ပတ်တယ်။ အဲဒီမှာ နိုင်ငံခြားသားတွေ ပြတိုက်ထဲက အမွေအနှစ်တွေကို ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်နေကြတယ်။ ဘုန်းကြီးလည်း ရိုက်တာပဲ။ အဲဒီမှာတင် ဘာသတိထားမိလဲဆိုတော့ တချို့ပြတိုက်တွေမှာ ရှေးလက်ရာအစစ်တွေဆိုရင် ဓာတ်ပုံရိုက်ခွင့်မပေးတာကို တွေ့ရတယ်။ ရိုက်လို့ရှိရင်လည်း Flash Gun သုံးခွင့်မပြုဘူး။ ဘာပြုလို့လဲဆိုတော့ Flash Gun ကြောင့် ရှေးလက်ရာတွေ တစ်နည်းတစ်ဖုံပျက်စီးလွယ်တယ်လို့ယူဆကြလို့ပဲ။ အဲဒါနဲ့ သွားမေးမြန်းကြည့်တော့ ဘုန်းကြီးတို့တစ်တွေ ရိုက်နေကြတဲ့ဟာတွေက အစစ်တွေမဟုတ်ဘူးတဲ့။ အတုတွေတဲ့။ အစစ်တွေထားရင် အကြောင်းအမျိုးမျိုးကြောင့် လူခိုးလို့ပဲဖြစ်စေ၊ တခြား အကြောင်းတွေကြောင့်ဖြစ်စေ ပျက်စီးသွားနိုင်တယ်တဲ့။ ဒါကြောင့် အတုတွေပဲ ပြတိုက်ထဲမှာ ပြထားတယ်ဆိုပဲ။ အဲဒါမျိုး နှစ်စုံသုံးစုံလောက်ရှိတယ်လို့ဆိုတယ်။ အဲဒီတော့ ဘုန်းကြီးတို့အနေနဲ့လည်း စေတီအတုတွေ အများကြီးလုပ်ထားသင့်တယ်။ အဲဒီလို လုပ်ကြတဲ့နေရာမှာလည်း ကိုယ့်အစွဲနဲ့ကိုယ်တော့ ရှိကြတာပေါ့လေ။ ပုဂံကရွှေစည်းခုံဘုရားပုံတွေတည်နေကြတာက ဘုရားက အဝေးကကြည့်ကတည်းက ထိုင်ပြီးကန်တော့ချင်စရာ။ အာနန္ဒာကျတော့ အထဲရောက်မှ ကြည်ညိုဖို့ကောင်းတာ။ ရွှေတိဂုံပေါ်က ပတ္တမြားမြတ်ရှင်ဘုရားနဲ့ မန္တလေးက မဟာမြတ်မုနိဘုရားနှစ်ခုမှာ မဟာမြတ်မုနိက ပိုပြီး ပေါ်ပြူလာဖြစ်တယ်။ ဘုရားဆိုတာ စကြာ့ရှင်နဲ့ နေရတယ်ဆိုတဲ့ အထာကလည်း ရှိသေးတာပဲ။ ဒါကြောင့် ဘုရားပုံတွေကို အများကြီးလုပ်သင့်တယ်။ ဘုရားရဲ့စွယ်တော်ဆိုလို့ရှိရင်လည်း ပုံစံတူတွေ Relics တွေ အများကြီးလုပ်ထားသင့်တယ်။

ညဏ်လင်း

### သီတဂူဆရာတော်၏ ဒါနပါရမီအလှူတော်များ

သီတဂူဆရာတော်သည် တရားပွဲများမှ အလှူခံရရှိသော သင်္ကန်း၊ ပစ္စည်း၊ ပရိဘောဂများနှင့် ဓမ္မပူဇာ၊ အလှူငွေများကို နှစ်စဉ်တပေါင်း လပြည့်မွေးနေ့ စသည်များ၌ ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူတော်များအား အကြိမ်ကြိမ် လှူဒါန်းခဲ့သည့်အပြင် စာအုပ်များရောင်းချရာမှ ရရှိသောငွေများကိုလည်း ရေ+ဆေး၊ လူအိုရုံ၊ မျက်မမြင်ကျောင်း၊ ခိုကိုးရာမဲ့ မိန်းကလေးများကျောင်း၊ တပ်မတော်နာလန်ထဆေးရုံ၊ ကုဋ္ဌနူနာ ဆေးရုံနှင့် မဟာဝိဇယစေတီတော်သို့ အားလုံးလှူဒါန်းတော်မူပါသည်။

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

## ၂၀၀၆၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

### ကားဈေးနှုန်း (၁၄-၉-၂၀၀၆)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၅ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၃၁၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၂၉၀ |
| Suzuki Wagon | R+ | (၆ခ)(ဇီးရောင်) | ၃၆၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၃၃၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၃၂၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၅၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၄၅၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၆၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၄၇၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၆၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၄၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၄၅၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၅၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၆၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၃၃၀ |
| Toyota Publica | 86/87 | (၁က) | ၂၀၀ |
| Toyota Publica | 86/87 | (၁ခ) | ၂၆၀ |
| Toyota Publica | 88 | (၁က) | ၂၂၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၆၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၈၅ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၃၀၀ |
| Sunny Super Saloon (1.5) | 86/87 | (၁ခ) | ၄၀၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၉၀ |
| Sunny Super Saloon (1.5) | 88/89 | (၁ခ) | ၃၆၀ |
| Sunny Super Saloon (1.5) | 90/91 | (၁က) | ၃၆၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 4/95 | (၂ခ) | ၉၀၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၉၅၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၉၁၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၈၀၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၆၅၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၃၂၀၀ |



* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။

* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm



## တီဗီရောင်စုံများ

(၁၀-၉-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၂၄၅,၀၀၀ |
| DISTAR | 2947 | 29" | ၄၉၁,၀၀၀ |
| DISTAR | 2545 | 25" | ၂,၄၆၂,၀၀၀ |
| Toshiba | 21 S3 | 14" | ၁၂၂,၀၀၀ |
| Toshiba | 29 A3 | 29" | ၁၈၉,၅၀၀ |
| SANYO | 21 KX8 | 21" | ၂၂၇,၀၀၀ |
| SANYO | 29 KX5 | 29" | ၃၈၅,၆၀၀ |
| SANYO | 21 AF8, VA | 21" | ၂၂၅,၀၀၀ |
| Samsung | 21M16 | 21" | ၂၄၃,၀၀၀ |
| SANYO | 14G81A | 14" | ၁၂၆,၀၀၀ |
| SKYWORTH | TN | 21" | ၁၅၆,၅၀၀ |
| SKYWORTH | No3 | 21" | ၁၅၉,၀၀၀ |

## ရေခဲသေတ္တာများ

(၁၀-၉-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ(CANCOOLER) | 405 | ၆၃၁,၀၀၀ |
| DISTAR | 960A | ၂၂၁,၀၀၀ |
| SANYO | SR570 | ၂၆၁,၀၀၀ |
| Panasonic | 184 G1 | ၁၉၅,၀၀၀ |
| Panasonic | 184 W | ၂၀၆,၀၀၀ |
| SANYO | SR 480N (two door) | ၃၉၅,၀၀၀ |
| SANYO | SR-409 D | ၄၅၅,၀၀၀ |
| SANYO | 563C | ၂၀၉,၀၀၀ |
| SANYO | 163CQ | ၁၉၁,၀၀၀ |
| TOSHIBA | 99BPT | ၃၇၁,၀၀၀ |

## VCD ပြစက်

(၁၀-၉-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၉၅,၀၀၀ |
| Samsung | Z10 MM | ၄၃၀,၀၀၀ |
| Samsung | 30 Me | ၆၄,၀၀၀ |
| DISTAR | 2217K | ၄၈,၀၀၀ |
| Crown | 5569 | ၄၅,၀၀၀ |
| Crown | 4359 | ၄၀,၅၀၀ |

## DVD ပြစက်

(၁၀-၉-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၉,၅၀၀ |
| SAMSUNG | 338 K | ၇၉,၅၀၀ |
| SAMSUNG | 256 T | ၇၅,၆၀၀ |
| SAMSUNG | 339 | ၃၉,၀၀၀ |
| Crown | 4329/4339 | ၅၉,၅၀၀ |
| Yamasu | 4385 | ၆၁၀,၀၀၀ |

## လေအေးစက်များ

(၁၀-၉-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၉၅,၀၀၀ |
| SANYO | 122G | ၄၄၆,၀၀၀ |
| SANYO | 124G | ၃၂၅,၀၀၀ |
| SANYO | 184G | ၇၃၆,၀၀၀ |
| SANYO | 99G | ၂၅၂,၀၀၀ |
| SANYO | 123S | ၄၅၉,၅၀၀ |
| SANYO | 131S | ၈၉၅,၅၀၀ |

## အဝတ်လျှော်စက်များ

(၁၀-၉-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၇၅,၀၀၀ |
| SAMSUNG | 438K | ၉၀,၀၀၀ |
| SANYO | 91AT | ၂၁၉,၀၀၀ |
| SANYO | Ws 92 AT | ၂၇၆,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆၀၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၈၅၀ |
| Junior Horlick (400g) | ၃၂၀၀ |
| Milo (400g) ခဲထုပ် | ၂၅၀၀ |
| Milo (400g) (ပုလင်း) | ၃၁၀၀ |
| Maltova (400g) (နီ) | ၂၅၅၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၆၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၃၈၀၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၂၅၀၀ |
| C Mix (၂၀ ထုပ်ဝင်) | ၁၆၅၀ |
| ENERGY (Nutrious Ceareal) (၃၀ထုပ်ဝင်) | ၂၀၀၀ |

www.foreverspace.com.mm

## ကုန်စျေးနှုန်းသတင်း

| | |
|---|---|
| NESCAFE (Red Cup)(200g) | ၄၁၅၀ |
| NESCAFE (Red Cup)ss(200g) (ခဲထုပ်) | ၂၉၀၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂၄၀၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂၇၅၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၂၅၀၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂၇၀၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၂၆၀၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၃၉၅၀ |
| Mike Coffee (၄၈ ထုပ်ဝင်) | ၃၇၅၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၈၀၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၃၉၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၄၂၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၂၂၅၀ |
| Ovaltine (400g) နီ | ၃၃၅၀ |
| Ovaltine (200g) နီ | ၂၀၅၀ |
| Ovaltine 400g (ဖြူ) | ၃၃၅၀ |
| Ovaltine 200g (ဖြူ) | ၂၃၀၀ |
| Ovaltine 400g (စက္ကူဘူး) | ၂၉၅၀ |

### နို့မှုန့်ဘူးများ
(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၉၇၀၀/၉၄၅၀ |
| Dumex (3plus)(700g) | ၆၇၀၀ |
| Dumex Step 1,2 700g | ၇၀၀၀/၇၅၀၀ |
| Dumex 1Plus 700g | ၆၈၀၀ |
| Dumex 1Plus (Honey) 700g | ၇၁၅၀ |
| Dumex Ma Ma Plus 400g | ၅၅၀၀ |
| Dumex Lactose free 400g | ၇၀၀၀ |
| Nestle BEAR BRAND 1 Plus 800 g | ၆၈၀၀ |
| Nestle ဆန် သံဘူး | ၂၇၅၀ |
| Nestle ဂျုံ သံဘူး | ၄၂၅၀ |

### နိုင်ငံခြား အရက်များ
(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၈၂၀၀ |
| Hennessy(V.S.O.P)(35Cl) | ၂၃၀၀၀ |
| Hennessy(V.S.O.P)(70Cl) | ၄၈၂၀၀ |
| VAT 69 (75Cl) | ၁၆၅၀၀ |
| Jonnie Walker (Red)(75Cl) | ၂၀၅၀၀ |
| Jonnie Walker (Red)(37.5Cl) | ၁၀၃၀၀ |
| Jonnie Walker (Red)(1Liter) | ၂၇၀၀၀ |
| Jonnie Walker (Black)(20Cl) | ၉၉၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၈၃၀၀ |
| Jonnie Walker (Black)(75Cl) | ၃၄၄၀၀ |
| Jonnie Walker(Black)(1Liter) | ၃၉၀၀၀ |
| Black & White (1Liter) | ၁၇၀၀၀ |
| Black & White (75Cl) | ၁၇၀၀၀ |
| Gold Label (75Cl) | ၅၇၅၀၀ |
| Black Cat (75Cl) | ၆၈၀၀ |
| Black Cat (35Cl) | ၃၈၅၀ |
| SCOTS CLUB (75Cl) | ၆၁၀၀ |
| SCOTTISH LEADER | ၈၇၅၀ |
| Grand Royal (ရွှေပတ်) | ၃၆၅၀ |
| Grand Royal (အပြား)အမဲ | ၉၅၀ |
| (KING ROBERT) VODKA (75CL) | ၅၅၀၀ |
| (KING ROBERT)Gin (75CL) | ၅၅၀၀ |
| (KING ROBERT) Whisky (75CL) | ၇၇၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁၈၅၀ |
| VAT 69(1Liter) | ၂၂၁၀၀ |
| Mekhong (75CL) | ၅၉၅၀ |
| Mekhong (37.5CL) | ၂၈၀၀ |
| Ballantine (75Cl) | ၁၁၆၅၀ |
| Ballantine (20Cl) | ၂၈၅၀ |
| SPEY ROYAL (70Cl) | ၄၃၀၀ |
| SPEY ROYAL (35Cl) | ၃၆၀၀ |

### မုန့်ပုံး သံဘူးများ
(၁၀-၉-၂၀၀၆)

| | |
|---|---|
| မိသားစု | ၆၃၅၀ |
| Jamboree | ၅၆၅၀ |
| Hwa Tai Ahways | ၆၁၅၀ |
| Cream Crackers(Hup Seng) | ၅၃၅၀ |
| Hwa Tai Celebrity | ၆၅၅၀ |
| (KHIAN GUAN) Top Choice | ၅၃၅၀ |
| (HWA TA) Choice | ၅၁၀၀ |
| (KWA TA) Festival | ၅၁၅၀ |
| (Munchys) Funmix | ၅၆၀၀ |

www.foreverspace.com.mm



| | |
|---|---|
| Hwa Tai Wonderful | ၅၁၀၀ |
| Lee Daily Delight | ၅၃၅၀ |
| Every Time | ၅၄၅၀ |
| Summer Day | ၄၈၅၀ |
| (Shan Fatl) Party | ၅၅၀၀ |
| Hwa Tai Megical | ၄၃၀၀ |
| (julie's) JAMBOREE | ၅၆၀၀ |
| (Julie's) CERIA | ၅၃၀၀ |

## ခေါက်ဆွဲခြောက်များ
(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၂၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၂၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၁၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၁၀ |
| TOMO (အုန်းနို့) | ၁၃၀ |
| MAMEE ကြာဆံ | ၁၄၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၂၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၂၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၂၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၁၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၁၀၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၃၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၁၀၀ |
| Shin Shin (ကြာဆံ) | ၁၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၂၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၀၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၁၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၄၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၄၀ |

## သွားတိုက်ဆေးများ
(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) White | ၄၅၀ |
| Colgate (40g) Double Cool Stripe | ၉၀၀ |
| Colgate (160g) Double Cool Stripe | ၁၄၀၀ |
| Close-Up (New)(18 g) | ၂၅၀ |
| Close-Up (160g) ပြာ | ၁၈၅၀ |
| DARLIE နှစ်ဘူးတွဲ | ၉၅၀ |
| LASER 100g | ၃၅၀ |
| Colgate Fresh Cool Mint 200g | ၁၅၀၀ |
| Colgate Great Regular 200 g | ၁၄၅၀ |
| Colgate Total Fresh Stripe 160g | ၂၇၅၀ |
| Colgate Whitening 160g | ၁၈၅၀ |
| Colgate gel (စိမ်း) 160g | ၁၇၅၀ |
| ZACT LION 90g | ၁၇၅၀ |
| Fresh & White Gel 75 g | ၉၀၀ |
| Smile Up 105g | ၈၅၀ |
| Fresh Up 160g | ၆၅၀ |

## ကိုယ်တိုက်ဆပ်ပြာများ
(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၂၈၀ |
| GIV (80g) | ၂၅၀ |
| Fuji | ၁၇၀ |
| Dettol (100g) | ၄၅၀ |
| Miss | ၂၂၀ |
| 1 Plus 1 | ၁၉၀ |
| DOVE | ၉၅၀ |
| Kanebo | ၁၁၅၀ |
| Protex | ၅၀၀ |
| Bamboo Salt | ၇၀၀ |
| Great | ၆၅၀ |
| Naturally Fair | ၂၀၀ |
| YOKO WHITENING Herbal 110g | ၁၁၀၀ |
| Vaseline HARMONY 100g | ၄၀၀ |
| Family Care | ၃၃၀ |
| O' Nice | ၁၁၀၀ |
| Fa 2 in 1 85 g | ၆၀၀ |
| ASEPSO | ၈၅၀ |
| CAMAY | ၇၀၀ |
| Palmolive အကြည် | ၃၃၀ |
| Spa | ၂၈၀ |
| E-Lan | ၂၂၀ |
| LUX 100g | ၄၀၀ |
| KAO | ၃၅၀ |
| Parrot | ၂၀၀ |
| Enchanteur | ၉၅၀ |
| Paris 135g | ၃၀၀ |
| A21 (နက်)70g | ၂၀၀ |
| A21 (နက်)125g | ၃၀၀ |
| DG Soap 100g | ၂၅၀ |

## ခြင်ဆေးခွေ
(၁၀-၉-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၀၀ |
| Fumakilla (10) coils | ၁၈၀ |
| MARS | ၁၇၀ |
| Fuji | ၁၇၀ |
| Raid | ၃၀၀ |
| ATAK | ၂၀၀ |
| FIGHTER | ၂၀၀ |
| GO! | ၂၈၀ |
| ပါရမီ | ၂၀၀ |
| MOSFLY | ၂၀၀ |
| ဂေါ်ဇီလာ | ၂၈၀ |
| Spider | ၂၈၀ |
| Golden Lion | ၂၅၀ |
| Special | ၂၅၀ |

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm



# ကွန်ပျူတာ ဈေးနှုန်းများ

(၁၀-၉-၂၀၀၆)



### ❑ KMD Family PC

- VIA C3 Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 40 GB Hard Disk
- 128 MB DDR RAM
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 330,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 2.53D GHz Processor
- MSI P4 MAN2-V M/B (Sound+VGA+LAN Builtin)
- 256MB DDR RAM (PC 400MHz)
- 80GB IDE HDD (Hitachi, 7200 RPM)
- P4 Tower Casing (Normal)
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 462,400 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium 4 3.06 A GHz (1MB,L2 Cache, 533 MHz)
- GIGA 8 VM-800 DDR P-775 Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 533 MHz)
- 80 GB HDD (Hitachi, 7200 RPM)
- 1.44MB FDD (Mitsumi)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse
- Mouse Pad
- P4 Casing (Normal Light Handle)

Price 686,000 Ks

### ❑ CFTG Power Compute

- Intel Pentium 4 3.0 F GHz processor (LGA 775)
- MSI Intel 848P Neo 2-V M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Hitachi) ,7200 rpm
- 1.44 MB FDD (Mitsumi)
- AGP 64 MB Graphic Card with TV out
- P4 ATX Tower Casing (Beside Fan/Handle)
- PS2 Win 98 Keyboard

www.foreverspace.com.mm

- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic), Digita Control

Price 709,800 Ks

### ❑ CFTG High Performance Computer

- Intel P4 3.4 GHz Processor (LGA 775 CPU)
- MSI Intel 848P Neo-2V MB (Sound+LAN Built-in)
- 256 MB 400 DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Hitachi PRM 7200)
- AGP 64 MB Graphic Card with T/V out
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 859,900 Ks

(ဇူလိုင်လဆန်းပိုင်းမှစ၍ သက်ဆိုင်ရာက နယ်စပ်ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တားမြစ်စိစစ်လိုက်ခြင်းနှင့် ငွေမာဈေးနှုန်းမြင့်တက်မှုတို့ကြောင့် ကွန်ပျူတာ Monitor နှင့် Hardware ပစ္စည်းအချို့ဈေးကွက်အတွင်း ပြတ်လပ်သွားခဲ့ရပြီး လက်ကျန် Hardware နှင့် ဆက်စပ်ပစ္စည်းများသည်လည်း ဆက်လက်ဈေးနှုန်းမြင့်တက်နေဆဲဖြစ်သည်။ အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ စက်တင်ဘာလ ၁၀ ရက်နေ့ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| Sony/ Lite-on CD Writer (52 x 32 x 52 x) | 39,000 Ks |
| Sony/Lite-on 16 x 8 x 48 x 24 DVD Writer | 69,000 Ks |
| Samsung DVD 16 x | 39, 000 Ks |
| Sony Combo Drive (52 x 32 x 52 x 16) | 57,000 Ks |
| Samsung Combo Drive (52 x 24 x 52 x 16) | 57,160 Ks |
| K 160 Watt Speakers with sub woodfer | 17,000 Ks |
| Microlab M 111 Speakers with sub woodfer | 29,000 Ks |
| Microlab M 528 Speakers with sub woodfer | 46,000 Ks |
| Microlab M 300 II Speakers with sub woodfer | 65,000 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 77,000 Ks |
| 512 MB (DDR RAM) PC 533 MHz (Kingston) | 68,000 Ks |
| 256 MB (DDR2AM) PC 533 MHz | 40,000 Ks |



### ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi-Notebook HDD) | 85,000 Ks |
| 160 GB Seagate | 112,000 Ks |

### ❑ Printer

| | |
|---|---|
| EPSON Acculaser C 1100 | 887,250 Ks |
| EPSON Dot Matrix Printer-LQ 300+ | 293,475 Ks |
| EPSON Dot Matrix Ptinter LQ 2180 | 873,600 Ks |
| EPSON C67 Printer | 98,280 Ks |
| EPSON C45 Inkjet Printer | 75,075 Ks |
| EPSON SP 230 Photo Printer | 170,625 Ks |
| EPSON SP 350 Photo Printer | 327,600 Ks |
| EPSON SP 1920 Photo Printer | 641,550 Ks |
| EPSON 6200 L Laser Printer | 238,875 Ks |
| Fuji Xerox Laser 3116 Printer (USB) | 150 US$ |
| Fuji Xerox Laser 3121 Printer (USB) | 180 US$ |

### ❑ Scanner

| | |
|---|---|
| EPSON Perfection 1270 Scanner | 142,800 Ks |
| EPSON Perfection 3170 Scanner(A4 Film) | 421,600 Ks |
| EPSON Perfection 3490 Scanner(A4 Film) | 245,700 Ks |
| EPSON Perfection 2580 Scanner(A4 Film) | 245,700 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 58,000 Ks |
| 1250 VA (Power Tree) | 101,000 Ks |
| 600 VA (Power Tree) Long Time | 101, 000 Ks |

**မှတ်ချက် ။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၃-၈-၂၀၀၆** ✳ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင်လ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သော အာရှဒေသတွင်းနိုင်ငံများ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါအသွင်ဖြစ်ပွားမှု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးများနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၅-၈-၂၀၀၆** ✳ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်္နိုင်းမြို့တွင် ဩဂုတ်လ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပခဲ့သည့် မြန်မာ-ဗီယက်နမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၇-၈-၂၀၀၆** ✳ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Ruengroj Mahasaranond နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။

**၈-၈-၂၀၀၆** ✳ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပမည့် ကဏ္ဍာစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်) ၏ နဝမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

✳ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနနှင့် မလေးရှားနိုင်ငံ Petroliam Nasional Berhad (PETRONAS) ကုမ္ပဏီတို့ Memorandum of Intent (MOI) ကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ လက်မှတ်ရေးထိုး။

**၁၀-၈-၂၀၀၆** ✳ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အယ်လ်ဘာတို၊ ဂျီ၊ ရိုမြူလိုနှင့် ဇနီး ခေါင်းဆောင်သော အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ။

✳ ပန်းချီဦးတင်မောင်မျင့် (အသက် ၆၄ နှစ်) ကွယ်လွန်။

**၁၁-၈-၂၀၀၆** ✳ (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပ။

✳ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၇/၂၀၀၆ ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း။

**၁၄-၈-၂၀၀၆** ✳ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားခန်းမဝင်းအတွင်း၌ ကျင်းပ။

✳ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၆) ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပ။

**၁၆-၈-၂၀၀၆** ✳ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာရီတိုင်းရှိ နေရာဒေသအချို့၌ ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပွား။

✳ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် ရန်ကုန်မြို့တို့အကြား ပျံသန်းမည့် Thai Air Asia လေကြောင်းလိုင်း၏ ဘန်ကောက်-ရန်ကုန်-ဘန်ကောက် စရိတ်သက်သာ လေကြောင်းခရီးစဉ်သစ် စတင်ပြေးဆွဲ။

**၂၀-၈-၂၀၀၆** ✳ မန္တလေးတိုင်း ညောင်ဦးမြို့နယ်တွင် တည်ဆောက်ထားသော မြေသားတမံ အလျား ၇၅၅၀ ပေ၊ အမြင့် ၆၄ ပေရှိ ငါ့သရောက်ရေလှောင်တမံဖွင့်လှစ်။

**၂၃-၈-၂၀၀၆** ✳ ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ဩဂုတ်လ ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် နိုင်ငံတကာခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးခေါင်းဆောင်သည့် ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

✳ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဩဂုတ်လ ၆ ရက်နေ့က ကျင်းပခဲ့သည့် Asia Cross Country Rally ဖိတ်ခေါ်ခရီးကြမ်းကားမောင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မမြသောင်းဝေ 1st Ladies Award ဆု ရရှိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

www.foreverspace.com.mm

* စင်ကာပူသမ္မတနိုင်ငံတွင်ကျင်းပမည့် Singapore Army Half Marathon-2006 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂၄-၈-၂၀၀၆** * ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယားခေါင်းဆောင်သည့် အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ။

**၂၆-၈-၂၀၀၆** * ပြည်ထဲရေးဝန်ကြီးဌာနမှ ကြေညာချက်အမှတ် ၂/၂၀၀၆ ဖြင့် ရှက်ဆစ်ဦးစီးသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ယင်းအဖွဲ့ဝင် များကို အကြမ်းဖက်သူများအဖြစ် ထုတ်ပြန်ကြေညာ။

**၂၇-၈-၂၀၀၆** * အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းပြပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အဆောက်အအုံ၌ကျင်းပ။

**၂၈-၈-၂၀၀၆** * ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဩဂုတ်လ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသော (၂၄) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဩဂုတ်လ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသော (၅၉) ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၃၁-၈-၂၀၀၆** * မလေးရှားနိုင်ငံ ရှားအလမ်မြို့တွင် ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း အနိုင်ရ ဗိုလ်စွဲ။

ကြော်ငြာ

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၃-၈-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Chen Yuan ခေါင်းဆောင်သောအဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

* ဂျာမနီနိုင်ငံ W.Scblafhorst AG & Co. Saucer Group မှ ဒါရိုက်တာများဖြစ်ကြသော Mr.Andreas Engelhardt နှင့် Mr.Henri Wiggers တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၇-၈-၂၀၀၆

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General, Ruengroj Mabasaranond ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Ms. Shari Villarosa သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Niko Lay A.Barabanov သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၈-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ရုံးမှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် အဖွဲ့ဝင် Ms. Elke Wisch, Deputy Representative နှင့် Ms. Anne, Claire Dufay Demoulin, Chief of Child Protection Section တို့နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၈-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၁-၈-၂၀၀၆

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Honourable Alberto G-Romulo နှင့် အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၈-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Grangxi ပြည်နယ် China-ASEAN Business and Investment Summit Secretariat မှ ဒါရိုက်တာ Mr.Hu Fuzhang ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၁၈-၈-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ မာ့ခ်ကန်းနင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊ အလီသည်လည်းကောင်း နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၂-၈-၂၀၀၆

* အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Patrick Vial သည် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၈-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ Minister Counseller Mr. Johennes Suripto သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၈-၂၀၀၆

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာဆီဒီးယားနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီး

www.foreverspace.com.mm

သီးတွေ့ဆုံဆွေးနွေး။

## ၂၅-၈-၂၀၀၆

* ဂျပန်နိုင်ငံ Yomiuri Sbimbun သတင်းစာ ဘန်ကောက်ဗျူရိုမှ သတင်းထောက် Mr.Kawate သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၈-၂၀၀၆

* UN Assistant Secretary-General and Deputy Executive Director of UNICEF Mr.Kul Chandra Gautam နှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၃၀-၈-၂၀၀၆

* ဗင်နီဇွဲလားသမ္မတ ဘိုလ်စ်ဗေးရီးယန်းသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး H.E. Mr.Vladimir Villegas သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

ကြော်ငြာ

www.foreverspace.com.mm



# NICE ဖိနပ်များ

**မြန်မာနိုင်ငံ ဖိနပ်ဈေးကွက်အတွင်းသို့ ဈေးနှုန်းအသင့်အတင့်ဖြင့် ဝင်ရောက်လာသော အဆင့်မီလူသုံးကုန် တစ်မျိုး ဖြစ်သည်။**



☆ CHU International Company Limited မှ ၂၀၀၅ ခုနှစ် ဧပြီလတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဒေါက်တာခင်မောင်ဦးဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀၀ ဝန်းကျင်ခန့်ရှိ။

☆ ထုတ်လုပ်မှုတွင်အသုံးပြုသော စက်ပစ္စည်းများကို တရုတ်နှင့် တရုတ် (တိုင်ပေ) တို့မှ တင်သွင်း။

☆ ကုန်ကြမ်းပစ္စည်းများကို မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ကိုရီးယား စသည့်နိုင်ငံများမှ ရယူထုတ်လုပ်။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိ။

☆ အမျိုးသားစီး၊ အမျိုးသမီးစီး၊ ကလေးစီးဖိနပ်များကို လည်သာ၊ သားရေတုများဖြင့် နွေရာသီစီး၊ မိုးရာသီစီး စသည်ဖြင့် ထုတ်လုပ်လျက်ရှိ။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ဟုဆို။

☆ ဈေးနှုန်းများမှာ ၆၀၀ ကျပ်ခန့်မှ ၃၀၀၀ ကျပ်ဝန်းကျင်ခန့်အထိ အသီးသီးရှိ။

☆ NICE ဖိနပ်အပြင် EVA Sandals, BEACH Sandals, Rubber Soles နှင့် EVA Soles များကို ထုတ်လုပ်ဖြန့်ချိ လျက်ရှိ။

☆ လူသုံးကုန်ပစ္စည်းများ ထပ်မံထုတ်လုပ်သွားရန် စီစဉ်ထားဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဒေါ်ခင်သီတာ (အရောင်းတာဝန်ခံ)
အမှတ်-၁၇၄၊ ၁၇၅၊ ပန်းဘဲခေါင်း မောင်ခက်လမ်း၊
စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၂၄၈၂၅၊ ၂၂၆၃၄၀

☆ **ကုမ္ပဏီလိပ်စာ**

**CHU International Company Limited.**
အမှတ်-၅၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၄၈၂၅ ၊ ၂၂၆၃၄၀ ၊ ၂၄၄၁၈၄ ၊ ဖက်စ် - ၂၂၀၃၀၇
E-mail : chuintl@myanmar.com.mm

www.foreverspace.com.mm



# Boss Smart Ball Pen

**မြန်မာနိုင်ငံ၏ စာရေးကိရိယာဈေးကွက်အတွင်း လူသုံးများလျက်ရှိပြီး သုံးစွဲသူအများစု သဘောကျနှစ်သက်မှု ရှိသော Ball Pen ဖြစ်သည်။**



☆ Beauty World Stationery Co., Ltd. မှ ၂၀၀၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ထုတ်လုပ်။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးခင်မောင်ဦးဖြစ်ပြီး ဝန်ထမ်းအင်အား ကိုးဦးခန့်ရှိ။

☆ စက်ပစ္စည်းများကို တရုတ် (တိုင်ပေ)မှ တင်သွင်း။

☆ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှသာမက ပြည်ပမှပါ မှာယူတင်သွင်းထုတ်လုပ်။

☆ Boss Smart Ball Pen များ၏ ဈေးနှုန်းမှာ တစ်ချောင်းလျှင် ၁၀၀ ကျပ်ဝန်းကျင်ရှိ။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိ။

☆ ယခုလောလောဆယ် ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့်ပစ္စည်းများမှာ Boss၊ Jumbo၊ Reynolds၊ Boss ggg၊ Boss Smart Gel စသည့် အမှတ်တံဆိပ် Ball Pen များနှင့် Smart Correction Pen များဖြစ်။

☆ အခြားကုန်ပစ္စည်းများ ထပ်မံထုတ်လုပ်ရန် စီစဉ်ထားကြောင်းသိရ။




☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**
**ဦးခင်မောင်ဦး (Managing Director)**
**Beauty World Stationery Co., Ltd.**
**အမှတ်-၆၃၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၆၅၆၈၊ ၂၉၈၃၉၃၊ ၂၄၂၇၇၅ (လိုင်းခွဲ-၂၂၂၆)၊ ၀၉-၅၁၃၀၅၉၅**

☆ **စက်ရုံလိပ်စာ**
**အမှတ်-၁၇၂၊ ဆရာစံလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။**

www.foreverspace.com.mm



# Technoland Computer Trading. Co., Ltd.

**ကွန်ပျူတာနှင့် ခေတ်မီကွန်ပျူတာဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ဒစ်ဂျစ်တယ်ကင်မရာအမျိုးမျိုးတို့အား ဖြန့်ဖြူးရောင်းချခြင်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသောလုပ်ငန်းဖြစ်သည်။**




- ကုမ္ပဏီကို ၂၀၀၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး Technoland Computer Sales and Services အမည်ဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးအား တင်သွင်းဖြန့်ဖြူးရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။
- မန်နေဂျင်းဒါရိုက်တာမှာ ဦးမြတ်စိုးဝင်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် လေးဦးနှင့် ဝန်ထမ်းအင်အား စုစုပေါင်း ၅၀ ဦးကျော်ရှိသည်။
- EPSON, Canon, View Sonic, Samsung, MSI, ASUS စသည့် အမှတ်တံဆိပ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ဒစ်ဂျစ်တယ်ကင်မရာအမှတ်တံဆိပ်အမျိုးမျိုးတို့ကို တစ်နေရာတည်းတွင် စုံလင်စွာရောင်းချပေးလျက်ရှိပြီး အာမခံသက်တမ်း တစ်နှစ် သတ်မှတ်ထားပေးသည်။
- iPod, Memory Stick, MP3 Player, MP4 Player စသည့် ခေတ်မီနောက်ဆုံးပေါ် ဒစ်ဂျစ်တယ်နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ အပါအဝင် ကွန်ပျူတာဆက်စပ်ပစ္စည်းအမျိုးအမည်စုစုပေါင်း ၁၀၀၀ ကျော်ခန့်ကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်ဟု ဆိုသည်။
- ကွန်ပျူတာပြုပြင်ထိန်းသိမ်းမှုအပိုင်းတွင် Software နှင့် Hardware Installation ၊ Computer Maintenance & Trouble-shooting နှင့် Network Installation & Maintenance တို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆိုင်မှဝယ်ယူသွားသောပစ္စည်းများသာမက ပြင်ပမှ ဝယ်ယူထားသောပစ္စည်းများကိုပါ လက်ခံပြုပြင်ဝန်ဆောင်မှုပေးလျက်ရှိသည်။



www.foreverspace.com.mm





- ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် Technoland Digital Photo Service ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပြီး Fuji Frontier 550 အမျိုးအစား Digital Minilab (ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်) ကို အသုံးပြု၍ ဖလင်ကင်မရာများ၊ Mobile Phone များ၊ ဒစ်ဂျစ်တယ် ကင်မရာများနှင့် ဒစ်ဂျစ်တယ်မီဒီယာအသီးသီးမှ ဓာတ်ပုံများကို Fuji Color Laser Paper အရည်အသွေးမြင့်ဓာတ်ပုံကူးစက္ကူဖြင့် အရွယ်အစား 5"x3.5" (PC) မှ 12"x18" အထိ ကူးယူပေးလျက်ရှိသည်။
- ခေတ်မီဘောင် (Frame) ဒီဇိုင်းအမျိုးမျိုးကိုအသုံးပြု၍ ဓာတ်ပုံဘောင်သွင်းခြင်းကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။
- www.technolandphoto.com အင်တာနက် Website ကို လွှင့်တင်ထားပြီး ဓာတ်ပုံများကို Online မှတစ်ဆင့် အိမ်တိုင်ရာရောက် ကူးယူပေးပို့ပေးခြင်း (Net Services) နှင့် ဓာတ်ပုံများကို Website အတွင်း စုစည်းသိမ်းဆည်းထားနိုင်မည့် Gallery များ ပြုလုပ်ပေးခြင်း စသည်တို့ကို လက်ခံဆောင်ရွက်ပေးသည်။




- ဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအတွက် အထူးနှုန်း ၂၀ ရာခိုင်နှုန်း Discount သတ်မှတ်၍ ကူးယူပေးလျက်ရှိသည်။
- ၂၀၀၆ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းပေါ်၌ Technoland Photo Studio နှင့် Computer Sales & Service ဆိုင်ခွဲသစ်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဟုဆိုသည်။



- နေ့စဉ် နံနက် ၈း၀၀ နာရီမှ ည ၈း၀၀ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိသည်။
- ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ–ဦးမြတ်စိုးဝင်း (မန်နေဂျင်းဒါရိုက်တာ)
  Technoland Computer Trading Co., Ltd. အမှတ်–၁၈၆/၁၈၈၊ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၅၆၅၊ ၃၇၂၂၁၁၊ ၃၇၃၅၁၆၊ ၃၈၄၇၈၀၊ ဖက်စ်–၂၇၉၅၆၅၊
  E-mail:technoland@myanmar.com.mm၊ Website:technolandphoto.com

www.foreverspace.com.mm



# 1 တစ်ဦးတည်းကိုယ်စားလှယ်

## SOLE DISTRIBUTORS

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Noritsu QSS-3501<br>ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်<br>(ဂျပန်) | ACCEL INTERNATIONAL CO., LTD.<br>အမှတ်–၄၂၂–၄၂၆၊ ဆဋ္ဌမထပ်၊ FJVC အဆောက်အအုံ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၂၀၉၂၊ ၂၀၂၀၉၆၊ ၂၀၂၁၀၁~ ၀၄ လိုင်းခွဲ–၁၆၃၊ ၁၆၆<br>ဖက်စ်–၂၀၂၀၇၉၊ ၂၉၅၂၅၄ | ဦးသီဟဇော်<br>(Sales & Marketing Manager) | ACCEL INTERNATIONAL CO., LTD.<br>ဆဋ္ဌမထပ်၊ SY အဆောက်အအုံ၊ ၇၈ လမ်း၊ မန္တလေး။<br>ဖုန်း–၀၂–၃၆၀၁၄၊ ၃၉၈၅၇<br>ဖက်စ်–၀၂–၃၆၀၁၄ |
| ၂။ | BANNER<br>အာဟာရဖြည့်စွက်ပရိုတိန်း<br>(ထိုင်း၊ Formulation by USA) | FAIR DEAL CO., LTD.<br>အမှတ်–၁၅၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၅၆၅၄၄၊ ၅၄၅၁၆၇၊ ၇၀၀၉၅၉ | ဦးနေလင်း<br>(Regionla Sales Manager) | FAIR DEAL CO., LTD.<br>အမှတ်–၄၁/၄၂၊ ၉ လမ်း၊ ကွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၇၀၃၉၄၊ ၇၀၃၉၅ |
| ၃။ | ENSURE Life<br>အာဟာရဖြည့်နို့မှုန့်<br>(နယ်သာလန်) | PAHTAMA GROUP CO., LTD.<br>အမှတ်–၆၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၅၄၄၊ ၇၀၁၆၂၁<br>e-mail:pahtama@myanmar.com.mm | ဒေါ်တင်တင်ရ<br>(Brand Manager) | PAHTAMA GROUP CO., LTD.<br>အမှတ်–၂၀၁၊ (၂၁၀) ရပ်ကွက်၊ ၂၆ (B) လမ်း၊ ၉၀× ၉၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၆၆၀၉၈ |
| ၄။ | IFB<br>Microwave Oven<br>(အိန္ဒိယ) | IFB HOME APPLIANCES (MYANMAR) SHOWROOM & SERVICE CENTRE<br>အမှတ်–၂၆၃၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၂၀၁၆၊ ၂၀၄၁၁၆၊ ၂၀၃၁၄၄<br>ဖက်စ်–၂၀၂၀၁၆<br>e-mail:ifbmyanmar@yangon.net.mm | ဦးအောင်အောင်ထွန်း<br>(Brand Manager) | မရှိ |
| ၅။ | Bio-Top<br>မျိုးစေ့၊ ပျိုးပင်၊ အပွင့်၊ အသီး၊ အားတိုးဆေးရည်<br>(မလေးရှား) | SUPREME GROUP OF COMPANIES<br>အမှတ်–၈၇/၈၈၊ ဗဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ဖုန်း–၂၂၉၇၉၁~ ၂၊ ၂၂၉၇၉၄~ ၇၊ ဖက်စ်–၂၂၉၇၅၃<br>e-mail:biotech@supreme.com.mm | ဒေါ်မြတ်မြတ်ခိုင်<br>(Manager) | SUPREME GROUP OF COMPANIES<br>အမှတ်–C/1 (9) ၇၇ လမ်း၊ ၃၂× ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၈၉၀၃၈ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# နာရေးကူညီမှုအသင်း (ရန်ကုန်)

**မြန်မာနိုင်ငံ၌ နာရေးကူညီမှုအခမဲ့ဆောင်ရွက်ပေးလျက်ရှိသော လူမှုရေးအဖွဲ့အစည်းများအနက် အင်အားအကြီးဆုံး အဖွဲ့အစည်း ဖြစ်သည်။**

- ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး နာရေးကူညီမှုများ စတင်ဆောင်ရွက်ခဲ့။
- ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့ဖြစ်ကြပြီး ကော်မတီအဖွဲ့ခုနစ်ဖွဲ့ရှိကာ အမှုဆောင်အဖွဲ့ဝင် ၂၈ ဦး၊ ရုံးဝန်ထမ်းနှင့် ယာဉ်မောင်းများအပါအဝင် ဝန်ထမ်းစုစုပေါင်း ၄၃ ဦးရှိ။
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ကွယ်လွန်သူများအား ရေဝေးသုသာန်၊ ထိန်ပင်သုသာန်၊ ထားဝယ်ချောင်သုသာန်နှင့် ကျိစုသုသာန်တို့အနက် သက်ဆိုင်ရာသုသာန်အအေးတိုက်သို့ အလောင်းကို ပို့ဆောင်ပေးခြင်း၊ နေ့ချင်းပြီး မီးသင်္ဂြိုဟ်ပေးခြင်း၊ နှစ်ရက်မြောက်သည့်နေ့တွင် မီးသင်္ဂြိုဟ်ပေးခြင်း၊ သုသာန်အအေးခန်းတွင်ထား၍ သုံးရက်မြောက်နေ့တွင် မီးသင်္ဂြိုဟ်ပေးခြင်း၊ အလောင်းအား အလူမီနီယံခေါင်းဖြင့် မီးသင်္ဂြိုဟ်ပြီးသည်အထိ ထည့်သွင်းတာဝန်ယူခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိ။
- ရပ်ဝေးမှ ရန်ကုန်မြို့သို့ လာရောက်ကွယ်လွန်သူများကို သက်ဆိုင်ရာရပ်ရွာသို့ အသင်းပိုင်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိ။
- ၂၀၀၁ ခုနှစ်တွင် ၂၈၈၀ ဦး၊ ၂၀၀၂ ခုနှစ်တွင် ၅၉၀၇ ဦး၊ ၂၀၀၃ ခုနှစ်တွင် ၆၆၄၃ ဦး၊ ၂၀၀၄ ခုနှစ်တွင် ၇၈၃၁ ဦး၊ ၂၀၀၅ ခုနှစ်တွင် ၉၂၀၃ ဦး၊ ၂၀၀၆ ခုနှစ် ဩဂုတ်လကုန်အထိ ၆၇၇၄ ဦး စုစုပေါင်း ၃၃,၄၀၈ ဦးကို ကူညီပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့ဟုသိရ။
- ရဟန်းသံဃာများနှင့် နေ့ချင်းသင်္ဂြိုဟ်မည့် အသက် ၈၀ ကျော် ကွယ်လွန်သူများအတွက် ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် ဆလွန်းယာဉ်သုံးစီးအပါအဝင် နာရေးကူညီမှုယာဉ် ၁၄ စီးရှိ။
- အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ တောင်ဥက္ကလာပမိခင်နှင့် ကလေးဆေးရုံ၊ သင်္ဃန်းကျွန်းစံပြဆေးရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံနှင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံတို့ရှိ ဆင်းရဲနွမ်းပါးပြီး ငွေကြေးမတတ်နိုင်သည့် မွေးလူနာနှင့် အရေးပေါ်ခွဲစိတ်ကုသမှုခံယူရမည့်လူနာများအတွက် ၂၀၀၃ ခုနှစ်မှ စတင်ပြီး ခွဲစိတ်ကုသစရိတ်ကို တာဝန်ယူကူညီထောက်ပံ့ပေးခဲ့ရာ ၂၀၀၅ ခုနှစ်အထိ လူနာစုစုပေါင်း ၆၆၅ ဦးအား ကူညီထောက်ပံ့ပေးခဲ့ပြီးဖြစ်။
- နေ့စဉ် နံနက် ၈း၃၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ ပိတ်ရက်မရှိ ကူညီဝန်ဆောင်မှုပေးလျက်ရှိ။
- အများပြည်သူထည့်ဝင်လှူဒါန်းငွေများဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၂) ရပ်ကွက် ဗိုလ်မှူး ဗထူးလမ်းရှိ ဧရိယာ ၂.၁၅ ဧက ကျယ်ဝန်းသော မြေကွက်ပေါ်၌ ၆၅ × ၅၇ ပေအကျယ်အဝန်းရှိ အသင်းပိုင်နှစ်ထပ်အဆောက်အအုံသစ်အပါအဝင် ဘိုးဘွားရိပ်သာ၊ ဆေးရုံငယ်၊ စာသင်ကျောင်း၊ ဝန်ထမ်းနေအိမ် စသည်တို့ကို တိုးချဲ့တည်ဆောက်နေလျက်ရှိ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လက်ရှိအသင်းလိပ်စာ–**

ဦးစန်းမြင့်ထွန်း (ပြန်ကြားရေးတာဝန်ခံ)
နာရေးကူညီမှုအသင်း (ရန်ကုန်)
ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်
သုဒ္ဒသနလမ်း၊ ၁၆/၂ ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၆၀၃၃၃၊ ၅၇၈၁၈၄၊ ၇၀၉၂၇၇၊
၇၂၈၀၈၉၊ ၆၃၉၄၉၀



www.foreverspace.com.mm

# မင်္ဂလာဗျူဟာအသင်းချုပ်

**မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာ ကြာမြင့်စွာ ဘာသာရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး ပံ့ပိုးကူညီမှုများကို ဆောင်ရွက်လျက်ရှိသော ဘာသာရေးအသင်းကြီးဖြစ်သည်။**

- ❑ ၁၉၅၆ ခုနှစ် မေလ ၁၉ ရက် (မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) တွင် သာသနာ ၂၅၀၀ပြည့်ပွဲတော်ကို ကြိုဆိုသောအားဖြင့် ဒီးဒုတ် ဦးသာဒင်ဦးဆောင်၍ စတင်တည်ထောင်ခဲ့။
- ❑ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ပေးစွမ်းနိုင်သည့် ၃၈ ဖြာ မင်္ဂလာတရားတော်ပြန့်ပွားရေးကို ရည်ရွယ်။
- ❑ ရာသက်ပန်အသင်းဝင်များသာလက်ခံပြီး အမှုဆောင်အဖွဲ့ဝင် ၄၁ ဦး၊ အသင်းသူအသင်းသား ၁၅၀၀ ဦးကျော်ရှိ။
- ❑ လစဉ် လပြည့်နေ့တိုင်း အခါတော်နေ့ ပူဇော်ပွဲများနှင့် တရားပွဲများကျင်းပ။
- ❑ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မစာပေသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိ။
- ❑ တစ်နှစ် သုံးကြိမ် ခုနစ်ရက် ဝိပဿနာတရားစခန်းများကျင်းပ။
- ❑ အပတ်စဉ် ကြာသပတေးနေ့တိုင်း စုပေါင်းမေတ္တာပွားများခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူခြင်းများပြုလုပ်။
- ❑ လပြည့်နေ့နံနက် အရုဏ်တက်တိုင်း ရွှေတိဂုံစေတီတော် ရာဟုထောင့် အောင်မင်္ဂလာတန်ဆောင်းမှ သစ်သီးဆွမ်း ၅၀၀ ကပ်လှူ။
- ❑ မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရားစေတီ၊ ကျောင်း၊ သိမ် အသီးသီးတွင် အလှူရှင်များ၏ဓမ္မဒါနဖြင့် ဩဝါဒပါတိမောက် ဓမ္မစေတီကျောက်စာများအား ဦးဆောင်၍ စိုက်ထူလှူဒါန်း။
- ❑ လစဉ် မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့မှဦးဆောင်၍ အလှူရှင်များ၏ ဒါနကုသိုလ်ဖြင့် ဆေးရုံရှိ ဆင်းရဲနွမ်းပါးသောလူနာများ၊ ပရဟိတစာသင်ကျောင်းများ၊ ဆင်းရဲနွမ်းပါးသော ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ အသက် ၉၀ ပြည့်ပုဂ္ဂိုလ်များအား ထောက်ပံ့လှူဒါန်း။
- ❑ ၁၉၉၇ ခုနှစ် ဇွန်လ ၇ ရက်မှစ၍ မင်္ဂလာဗျူဟာပရဟိတအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ရှစ်နှစ်အတွင်း ကျပ် ၁၉,၄၄၃,၉၆၉ ဖိုး ထောက်ပံ့လှူဒါန်းခဲ့။
- ❑ ၁၉၈၀ ပြည့်နှစ်မှစ၍ နှစ်လတစ်ကြိမ် ဒါနဉပပါရမီသွေးလှူဒါန်းပွဲများ ကျင်းပပြုလုပ်ခဲ့ရာ (၈၄) ကြိမ်မြောက်အထိ သွေးယူနစ်ပေါင်း ၂၂,၁၀၄ လှူဒါန်းခဲ့။
- ❑ မင်္ဂလာဗျူဟာ စာကြည့်တိုက်ဖွင့်လှစ်၍ ပိဋကတ်စာပေ၊ ဓမ္မစာပေတရားမှတ်စုများ ဖတ်မှတ်လေ့လာနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိ။
- ❑ မင်္ဂလာဗျူဟာရှင်သာမဏေပြုပွဲအဖွဲ့က နှစ်စဉ် ရှင်သာမဏေပြုပွဲအား ကျင်းပ။
- ❑ **လိပ်စာ**

မင်္ဂလာဗျူဟာအသင်းချုပ်
အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအနီး၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၀၉၅၈



www.foreverspace.com.mm



# သီတဂူ အာယုဒါနဆေးရုံ

**မြန်မာနိုင်ငံ၌ သာသနာ့ဝန်ထမ်းများနှင့် ဆေးဖိုးဝါးခမတတ်နိုင်၍ ဆေးကုသမှုမခံယူနိုင်ကြသော လူပုဂ္ဂိုလ်များအား အခမဲ့ကုသပေးသည့် အနည်းငယ်သော ကုသိုလ်ဖြစ်ဆေးရုံများအနက် တစ်ခုဖြစ်သည်။**

- ❑ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုး၌တည်ရှိ။
- ❑ သီတဂူအဓိပတိဆရာတော် အရှင်ဉာဏိဿရက ၁၉၈၅ ခုနှစ် (ကဆုန်လပြည့်နေ့) တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့။
- ❑ စာပေကျမ်းဂန်လေ့လာသင်ယူနေကြသော ရဟန်းသံဃာ၊ သီလရှင်များနှင့် ဆေးဖိုးဝါးခမတတ်နိုင်သူများအား အခမဲ့ကုသပေးသည့်အပြင် မည်သည့်ဘာသာလူမျိုးပင်ဖြစ်စေ လက်ခံကုသပေး။
- ❑ ပြင်ပလူနာဌာနနှင့် အတွင်းလူနာဌာနခွဲခြားထားပြီး အဆောက်အအုံခုနစ်ခုရှိ။
- ❑ ခေတ်မီခွဲစိတ်ခန်း၊ X-Ray ခန်း၊ အထွေထွေခွဲစိတ်ခန်းများရှိပြီး ခုတင် ၁၀၀ ဆံ့ ဆေးရုံဖြစ်။
- ❑ ဆရာဝန်၊ သူနာပြုနှင့် အထွေထွေကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၆၀ ဦးကျော်ရှိ။
- ❑ ခွဲစိတ်ပေးခဲ့ရသည့်ရောဂါများအနက် မျက်စိခွဲစိတ်ကုသမှုများ အများဆုံးပြုလုပ်ပေးခဲ့ရ။
- ❑ နိုင်ငံတကာမှ မျက်စိအထူးကုဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်များ၊ ခွဲစိတ်ပါရဂူများနှင့် သမားတော်များ စက်တင်ဘာလမှ မတ်လအထိ လာရောက်ကုသပေး။
- ❑ ရန်ကုန်နှင့် မန္တလေးတို့မှ ပြည်တွင်းဆရာဝန်များလည်း အပတ်စဉ် လာရောက်ကုသမှုများ ပြုလုပ်ပေး။
- ❑ မျက်စိလုံးဝကွယ်ပြီဟု လက်လျှော့ထားရသော မျက်မမြင် ၁၁ ဦးအား အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့။
- ❑ မျက်စိအထူးကုအစီအစဉ်ကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၂ နှစ်တာကာလအတွင်း လူနာ ၆၆၀၀ ဦးကျော်အား ကုသမှုပေးခဲ့။
- ❑ နေ့စဉ်အတွင်းလူနာ ၆၀ ဦးနှင့် အပြင်လူနာ ၂၅၀ ဦးကျော်တို့အား ကုသပေးလျက်ရှိ။
- ❑ ရပ်ဝေးမှလာရောက်ကုသသူများအတွက် တည်းခိုခန်းများ အခမဲ့စီစဉ်ပေးထား။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

  ဒေါက်တာခင်မောင်ဇော်
  (ဆေးရုံအုပ်ကြီး)
  အာယုဒါနဆေးရုံ
  စစ်ကိုင်းတောင်ရိုး၊
  စစ်ကိုင်းမြို့။
  ဖုန်း–၀၇၂–၂၁၃၁၀



www.foreverspace.com.mm

# ဘယ်ပစ္စည်းဘာ့ကြောင့်

# Which & Why



## နို့ဘူးပိုးသတ်ပေါင်းအိုး FARLIN Top-211

နို့ဘူး၊ ချိုလိမ်၊ နို့သီးခေါင်း စသည့် အပူဒဏ်ခံနိုင်သော ကလေးအသုံးအဆောင်ပစ္စည်းများကို ပိုးသတ်ပေးသည့် ပေါင်းအိုးဖြစ်။ ပေါင်းခံချိန် ငါးမိနစ်မှ တစ်နာရီအထိ လိုအပ်သောအချိန်ကို ညှိယူထားနိုင်။ နို့ဘူးငါးဘူးအထိပေါင်းထားနိုင်ပြီး ၁၅ မိနစ်ခန့်ပေါင်းခံခြင်းဖြင့် အသုံးအဆောင်များတွင် ပိုးမွှားများ ကပ်တွယ်ခြင်းမှ ကင်းစေသည်ဟုဆို။ တရုတ်(တိုင်ပေ)မှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၆၆၉၀၀ ဖြစ်။



## တစ်ခါသုံးကလေးဘောင်းဘီ

မွေးကင်းစအရွယ်မှစ၍ နှစ်နှစ်ခန့်အရွယ်အထိ အသုံးပြုနိုင်သော FARLIN အမှတ်တံဆိပ် တစ်ခါသုံးကလေးစက္ကူဘောင်းဘီဖြစ်။ တစ်ထုပ်တွင် ၁၆ ထည်ပါဝင်ပြီး ဆိုဒ်လေးမျိုးရှိဟုဆို။ တရုတ် (တိုင်ပေ) မှတင်သွင်းပြီး ရောင်းဈေး ကျပ် ၆၀၀၀ ဖြစ်။



## Bottle Warmer FARLIN

ကလေးများ၏ နို့ဘူးများအား အပူဓာတ်ထိန်းပေးထားနိုင်သော အပူထိန်းဓာတ်ဘူးဖြစ်၊ ရေလေးအောင်စခန့်ဘူးထဲထည့်ပြီး နို့ဖျော်ထည့်ထားသော နို့ဘူးကို ထည့်၍အသုံးပြုနိုင်။ တစ်ကြိမ်တည်းတွင် နို့ဘူးနှစ်ဘူးအသုံးပြုထားနိုင်ဟုဆို။ တရုတ်(တိုင်ပေ)မှတင်သွင်းပြီး ရောင်းဈေး ၂၅၁၀၀ ကျပ်ဖြစ်။


www.foreverspace.com.mm






## FARLIN နို့ရည်ညှစ်ထုတ်သောစုပ်ခွက်

နို့ချောင်းပိတ်ခြင်းနှင့် နို့အထွက်နည်းသော မိခင်များအတွက် လေပြွန်ဖြင့် နို့ရည်ညှစ်ထုတ်နိုင်သော စုပ်ခွက်ဖြစ်။ မိခင်များအား နာကျင်မှု မဖြစ်ပေါ်စေဟုဆို။ ရောင်းဈေး ကျပ် ၁၃၄၀၀ ဖြစ်ပြီး တရုတ်(တိုင်ပေ)မှ တင်သွင်း။




## Super Capacity Reading Lamp (YG - 3301)

စာကြည့်ရန်သာမက အလှဆင်မီးအိမ်အဖြစ် အသုံးပြုထားနိုင်သော LED စာကြည့်မီးအိမ်ဖြစ်။ ကားပုံ သဏ္ဍာန်ပုံဖော်ထားပြီး Adapter အပေါက်ပါ၍ သီချင်းနားထောင်နိုင်။ LED မီးလုံးရှစ်လုံးပါရှိ။ တရုတ်(တိုင်ပေ) မှ တင်သွင်းပြီး ရောင်းဈေး ၅၅၀၀ ကျပ်ဖြစ်။




## Wireless Headphone

ကြိုးမဲ့နားထောင်နိုင်သော Headphone ဖြစ်။ FM ပါရှိပြီး Receiver ဖြင့် TV, VCD, CD များကို နားထောင်နိုင်သည့်အပြင် အိမ်နောက်မှ ပြောဆိုသောစကားများကို ကြားနိုင်သည်ဟုဆို။ တရုတ် (တိုင်ပေ)မှတင်သွင်းပြီး ရောင်းဈေး ၁၆၀၀၀ ကျပ်ဖြစ်။



## Baby Walker BF 880

လမ်းလျှောက်သင်စကလေးငယ်များ လမ်းလျှောက်သင်ယူသည့်အခါ အသုံးပြုသော ကိရိယာဖြစ်။ လမ်းလျှောက်သင်မှုအပြင် စီးဆော့ကစားနိုင်ပြီး တီးလုံးအသံမျိုးစုံပါရှိသည်ဟုဆို။ ရောင်းဈေး ကျပ် ၅၈၅၀၀ ဖြစ်ပြီး တရုတ်(တိုင်ပေ)မှ ထုတ်လုပ်။

www.foreverspace.com.mm




## SKY VISION Speaker

MP3, MP4တို့ဖြင့် တွဲဖက်အသုံးပြုရသော Speakerဖြစ်။ Adapter အပေါက်ပါသည့်အပြင် Charging သွင်း၍လည်းအသုံးပြုနိုင်။ အရောင်သုံးရောင်ရှိပြီး ရောင်းဈေး ကျပ် ၁၆၀၀၀ ဖြစ်။



## TELESSCOPE Ruby Coated Optics

တောတောင်ရေမြေသဘာဝအလှရှုခင်းများကို ကြည့်ရှုခံစားနိုင်သော TELESSCOPE ဖြစ်။ ရော်ဘာခံ၍ ပြုလုပ်ထားသဖြင့် ရေစိုခံအသုံးပြု နိုင်။ တရုတ်နိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ၇၅၀၀၀ ကျပ်ဖြစ်။




## Bentn Rechargeable RH 160

LEDမီးလုံး ၁၁ လုံးပါရှိသော ဓာတ်မီးဖြစ်။ လေးနာရီ အားသွင်းပါက နာရီပေါင်း ၂၀ ခန့်ပြန်လည်အသုံးပြုနိုင်ဟုဆို။ မီးအလင်းရောင်နှင့် စူးရှမှုအနည်းအများကို ချိန်ယူထားနိုင်။ တရုတ်နိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ကျပ် ၅၅၀၀ ဖြစ်။




## Sony Cyber-shot W 50 ဒစ်ဂျစ်တယ်ကင်မရာ

ပုံအရည်အသွေးကို 6.0 Mega Pixels အထိ ရိုက်ကူးနိုင်ပြီး 390 Shots အထိ ရိုက်ကူးနိုင်သည့် Sony ဒစ်ဂျစ်တယ်ကင်မရာ အမျိုးအစားသစ်ဖြစ်။ ပုံရိပ်ကိုချဲ့ရန် Optical Zoom 3xပါရှိပြီး ပုံရိပ်ကိုကြည့်ရန် 2.5" LCD Screen ပါရှိ။ Interneal Memory 32 MB ရှိပြီး ရောင်းဈေး 295 US $ ဟု သိရ။

www.foreverspace.com.mm






## Click V Exciting Mouse

Mouse ကို အသုံးပြုနေစဉ် အသံ (Sound) နှင့် တုန်ခါမှု (Vibration) ကို ကြားသိ သိရှိနိုင်။ အရည်အသွေး 800 dpi ရှိပြီး USB နှင့် PS2 Port တို့ဖြင့် Windows စနစ် ကွန်ပျူတာများဖြင့် တပ်ဆင်အသုံးပြုနိုင်။ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ပြီး ရောင်းဈေး 22 US $ ဟုဆို။

## Noritsu QSS 3501 ဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်



ဒစ်ဂျစ်တယ်ကင်မရာအသုံးပြုသူများ၊ ဒစ်ဂျစ်တယ်မီဒီယာများမှတစ်ဆင့် ဓာတ်ပုံထုတ်ယူလိုသူများ၊ ဖလင် (သို့မဟုတ်) ဒစ်ဂျစ်တယ်ဓာတ်ပုံများကို CD သို့ ကူးယူသိမ်းဆည်းထားလိုသူများ၊ ကုမ္ပဏီလုပ်ငန်းသုံးဖိတ်စာများ၊ စီးပွားရေးလုပ်ငန်းသုံးကတ်အမျိုးမျိုး၊ Greeting Card ၊ Name Card ၊ Birthday Card များကို အချိန်တိုအတွင်း လွယ်ကူ လျင်မြန်စွာ ထုတ်ပေးနိုင်သည့် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်ဖြစ်။ ပုံနှိပ် အရည်အသွေး 300 dpi ရှိပြီး အနံ ရှစ်လက်မမှ အလျား ၂၄ လက်မအထိ ပုံကြီးချဲ့ကူးယူနိုင်။ ပုံရိပ်ကိုကြည့်ရှုနိုင်ရန် 17" CRT Monitor နှင့် 15" LCD Monitor နှစ်မျိုးပါရှိပြီး နှစ်သက်သလို တပ်ဆင်အသုံးပြုနိုင်။ ယခင် QSS Series ဓာတ်ပုံကူးစက်များထက် အရွယ်အစား ပိုသေးပြီး တစ်မီတာပတ်လည်နေရာတွင် ထားရှိနိုင်။ တစ်နာရီဓာတ်ပုံအရေအတွက် ၆၀၀ နှုန်း ကူးယူထုတ်လုပ်ပေးနိုင်ဟုသိရ။




## Fuji Fine Pix F11 ဒစ်ဂျစ်တယ်ကင်မရာ

ပုံအရည်အသွေး 6.3 Mega Pixel အထိ ရိုက်ကူးနိုင်ဟုသိရ။ ISO Auto 80, 100, 200, 400, 800 နှင့် 1600 အသီးသီး ချိန်ညှိရိုက်ကူးနိုင်။ Optical Zoom 36 mm ~ 108 mm (3x) နှင့် Digital Zoom 6.2x ပါရှိ။ ပုံရိပ်ကိုကြည့်ရှုနိုင်ရန် 2.5" LCD Monitor ပါရှိပြီး Movie ကို 640x480 pixels ဖြင့် ရိုက်ကူးနိုင်။ ရောင်းဈေး 342 US $ ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဒေါ်အေးလျှပ်စစ်၊ Ever Fine Store ၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart ၊ Accel Internatianal Co., Ltd. နှင့် Technoland Computer Sales & Services တို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm


ဤကဏ္ဍတွင်......

၁၅၀ ကမ္ဘာ့မိသားစုရုပ်ပုံလွှာ (၂)
၁၅၆ အမုန်သိဖို့အရေးကြီးသည်
၁၅၇ **Google** (သို့) **Administrator** နှင့် ဆက်သွယ်လိုပါသည်
၁၆၀ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၆) ၈
၁၆၂ ကျွန်တော်ပန်းချီကုန်သည် (၄၇)

(ယခင်လမှအဆက်)

# ကမ္ဘာ့မိသားစုရုပ်ပုံလွှာ ၂

ကျော်ဝင်း




## ဘင်္ဂလားဒေ့ရှ် သို့မဟုတ် ဖွံ့ဖြိုးရေးလှေကားပေါ်မှ ခြေတစ်လှမ်း

မုန်တိုင်း၏ ဗဟိုချက်မ မာလာဝီနိုင်ငံမှ မိုင်ပေါင်းထောင်ချီဝေးခဲ့ပြီဖြစ်သည့်တိုင် မြင်ကွင်းမှာ ထူးထူးခြားခြားပြောင်းလဲမလာသေးပါ။ မုန်တိုင်း၏ အစအနများကို တွေ့နေရဆဲဖြစ်ပါသည်။ သို့နှင့်တိုင် ဤနေရာတွင် ဆင်းရဲမွဲတေမှု မုန်တိုင်းများ စတင်ဆုတ်ခွာစပြုနေပြီဟူ၍တော့ ဆိုနိုင်စရာရှိပါသည်။ မရေရာ သောစွန့်စားမှုများနှင့် မပြည့်ဆည်းနိုင်သေးသော လိုအပ်ချက်များစွာရှိနေသေးသည့်တိုင် အသက်ရှင်ရပ်တည်ရေးတိုက်ပွဲမှာ တဖြည်းဖြည်းအောင်ပွဲရစပြုလာပြီဖြစ်သည်။ ဤသို့ အမှောင်တစ်ခြမ်း၊ အလင်းတစ်ဝက် လိမ်ယှက်ကခုန်နေသောနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်မှာ လူဦးရေသန်း ၁၄၀ မျှရှိရာ ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ 'ဗြဟ္မပုတ္တ' နှင့် 'ဂင်္ဂါ' မည်သော

www.foreverspace.com.mm

မဟာမြစ်ကြီးနှစ်သွယ်က ဘင်္ဂလားဒေ့ရှ်ကိုဖြတ်ပြီး အိန္ဒိယသမုဒ္ဒရာထဲသို့ စီးဝင်သွားသည်။ သို့ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများမှာ အဆိုပါမြစ်ကြီးနှစ်စင်း၏ မြစ်ဝကျွန်းပေါ်တွင်နေထိုင်ကြရပြီး နှစ်စဉ် ရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်ကြရမြဲဖြစ်သည်။

၁၉၇၁ ခုနှစ် ပါကစ္စတန်မှ ခွဲထွက်ရန်းကန်ခဲ့ကြရသော လွတ်လပ်ရေးစစ်ပွဲအတွင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသစ် ပေါ်ထွက်လာခဲ့ပါသည်။ လွတ်လပ်ရေးရသည့်နှစ်မှာပင် အလွန်ကြီးမားသော အငတ်ဘေးကြီးတစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြီး နိုင်ငံတစ်ဝန်းလုံး ကစဉ့်ကလျား ဖရိုဖရဲဖြစ်ကျန်ရစ်ခဲ့သည်။ ထိုစဉ်က ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးပြောခဲ့ဖူးသလို 'နိုင်ငံတကာခြင်းတောင်းကိစ္စ' (International Basket Case) (အားကိုးရာမဲ့နိုင်ငံဟု အဓိပ္ပာယ်ရသည်)ဟု ဆိုရလောက်အောင် အခြေအနေ ဆိုးခဲ့သည်။

သို့နှင့်တိုင် ယနေ့ဘင်္ဂလားဒေ့ရှ်မှာ ခြင်းတောင်းထဲမှ ခုန်ထွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ လွတ်လပ်ရေးရခါစကာလနှင့် နှိုင်းယှဉ်လိုက်လျှင် တစ်ဦးချင်းဝင်ငွေမှာ နှစ်ဆနီးပါးတိုးလာသည်။ လူ့သက်တမ်းမှာ ၄၄ နှစ်မှ ၆၂ နှစ်သို့ ရောက်လာသည်။ မွေးကင်းစ ကလေးသေပျောက်နှုန်းမှာလည်း ၁၉၇၀ ခုနှစ်က ကလေး ၁၀၀၀ တွင် ၁၄၅ ယောက်ရှိရာမှ ၂၀၀၂ ခုနှစ်တွင် ၄၈ ယောက်မျှသာရှိတော့သည်။ မှန်ကန်သော မဟာဗျူဟာချမှတ်ပြီး လိုအပ်သောရင်းနှီးမြှုပ်နှံမှုနှင့် မှန်မှန်ကန် ကန်ပေါင်းစပ်နိုင်လျှင် မျှော်လင့်ချက်လုံးဝကင်းမဲ့နေသောအခြေအနေမျိုးမှာပင် ရှေ့သို့ချီနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်က ပြသလိုက်သလို ရှိပါသည်။ ဤသို့ဆိုသည်နှင့် အစစအဆင်ပြေပြီဟု ထင်လိုက်လျှင်မူ တက်တက်စင်လွဲပါလိမ့်မည်။ ဘင်္ဂလားဒေ့ရှ်မှာ ဆင်းရဲမှုအရိပ်မည်းကြီးအောက်မှ လွတ်တတ်သေးသည် မဟုတ်ပါ။ လွန်ခဲ့သော မျိုးဆက်များအတွင်း အဆိုးဝါးဆုံး ဒုဗ္ဘိက္ခန္တရကပ်နှင့် သတ္တန္တရကပ် ကပ်ကြီးများမှ အထိုက်အသင့် လွန်မြောက်နိုင်ပြီဖြစ်သည့်တိုင် ကြီးမားကျယ်ပြန့်လှသော စိန်ခေါ်ချက် မြောက်မြားစွာနှင့် ယနေ့တိုင်ရင်ဆိုင်နေရဆဲ ဖြစ်သည်။

မာလာဝီမှပြန်ရောက်ပြီး လအနည်းငယ်အကြာမှာပင် ကျွန်တော် ဘင်္ဂလားဒေ့ရှ်သို့ ရောက်သွားခြင်းဖြစ်ပါသည်။ ဒက္ကားမြို့တော်၏ တစ်နံနက် ကျွန်တော်အိပ်ရာမှအထတွင် ပြုဆင်းလာသောရေစီးကြောင်းကြီးတစ်ခုလို လူတန်းရှည်ကြီးတစ်ခုကို မြင်လိုက်ရရာ ကျွန်တော့်မှာ တအံ့တဩ ငေးကြည့်မိသည်။ သူတို့ အားလုံးမှာ ဆင်ခြေဖုံးရပ်ကွက်များ၊ ဆင်းရဲသားရပ်ကွက်များမှ ထွက်ခွာလာကြပြီး စက်ရုံအလုပ်ရုံများရှိရာ မြို့ပြင်သို့ဦးတည်နေကြသည်။ အနီးကပ်တိုးကြည့်လိုက်တော့မှ အားလုံးလိုလိုမှာ အမျိုးသမီးငယ်လေးများဖြစ်နေသည်ကို သတိပြုမိသည်။ ကျွန်တော့်အထင် အသက် ၁၈ နှစ်နှင့် ၂၅ နှစ်ကြားရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ သူတို့တစ်တွေမှာ လျင်မြန်စွာဖွံ့ဖြိုးလာသော အထည်ချုပ်စက်ရုံများမှ အလုပ်သမားများဟု သိရပါသည်။

လွန်ခဲ့သောနှစ်များအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အထည်ချုပ်စက်ရုံတော်တော်များများကို ကျွန်တော်ရောက်ခဲ့ဖူးသည်။ သို့နှင့်အမျှ သူတို့တစ်တွေ၏ လုပ်ငန်းခွင်မြင်ကွင်းမှာ ကျွန်တော့်အတွက် မစိမ်းလှသလိုရှိနေခဲ့ပါသည်။ လိုဏ်ဂူကြီးတစ်ခုလိုကျယ်ပြောသော အခန်းကျယ်ကြီးတစ်ခု။ လူတစ်ယောက်၊ စက်တစ်လုံးကိုယ်စီနှင့် အလုပ်လုပ်နေကြသော မိန်းကလေးငယ်များ၊ စားပွဲရှည်ကြီးများထက်တွင် အဝတ်စတွေဖြတ်၊ ညှပ်ကိုက် လုပ်နေသော ယောကျ်ားအချို့လည်း ရှိသည်။ အထည်စများမှာ ထုတ်လုပ်ရေး လမ်းကြောင်းတစ်လျှောက် မရပ်မနား ရွေ့သွားပြီး နောက်ဆုံး တံဆိပ်တပ်ဌာန ရောက်သွားသည်။ GAP, Polo, Wal Mart စသော နာမည်ကျော်တံဆိပ်များ တပ်၊ ထုပ်ပိုးပြင်ဆင်ကာ အမေရိကနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချကြမည်ဖြစ်သည်။ ဘယ်လိုမှ စိတ်ဝင်စားစရာမရှိသော ပျင်းရိငြီးငွေ့စရာအလုပ်မျိုး ဖြစ်ပါသည်။

အထည်ချုပ်စက်ရုံအလုပ်သမလေးများမှာ လုပ်ငန်းခွင်ရှိရာသို့ နှစ်နာရီမျှ ခရီးပြင်းနှင်လာခဲ့ရသည်။ မနက် ၇ နာရီ သို့မဟုတ် ၇ နာရီခွဲ အလုပ်ထဲရောက်သည်နှင့် မိမိတာဝန်ကျရာ အပ်ချုပ်စက်ရှေ့ထိုင်ကာ နောက်ထပ် ၁၂ နာရီလုံးလုံး မထတမ်းအလုပ်လုပ်ကြရတော့သည်။ နားချိန်ဆို၍ နေ့လယ်စာ စားချိန် အချိန်တိုလေးသာရသည်။ ပြောရလျှင် တပိုတပါးသွားဖို့ပင် အချိန်မပေးနိုင်။ ဒီကြားထဲ မသတီစရာ ရာဂမျက်နှာများနှင့် ဘော့စ်ဆိုသူများ၏ ထိကပါး ရိကပါးဒဏ်ခံရသေးသည်။ သည်လိုနှင့် ရှည်ကြာခက်ခဲပျင်းစရာကောင်းလှသော တစ်နေ့တာ ကုန်လွန်တော့မှ နွမ်းလျအိမ်ပြန်ကြရတော့သည်။ အိမ်ပြန်ချိန်က မှောင်ရီပျိုးနေပြီဖြစ်ရာ လူဆိုးလူမိုက်၊ မုဒိမ်းအန္တရာယ်နှင့်ကြုံရသည်များလည်း ရှိတတ်သေးသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ဆိုလျှင် ဤသို့သော 'ချွေးစက်ရုံလုပ်ငန်းများ' (မဝရေစာပေး၍ခိုင်းသောအလုပ်များ)မှာ လူထုဆန့်ကျင်ကန့်ကွက်မှုများ၏ ပစ်မှတ်များ ဖြစ်လေ့ရှိပါသည်။ အဆိုပါ ဆန့်ကျင်ကန့်ကွက်မှုများကြောင့်ပင် သူတို့နိုင်ငံမှ လုပ်ငန်းခွင်အခြေအနေများမှာ လုံခြုံစိတ်ချ၊ တိုးတက်လာခြင်းဖြစ်သည်။ သို့နှင့်တိုင် ဆိုခဲ့ပါချမ်းသာသော နိုင်ငံများမှ ဆန့်ကျင်ကန့်ကွက်သူများအနေနှင့် မိမိတို့နှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများမှ 'ချွေးအလုပ်သမားများ' အတွက်လည်း စာနာပေးသင့်သည်ဟု ထင်ပါ

www.foreverspace.com.mm




သည်။ သူတို့အစိုးရများအနေနှင့် ဘင်္ဂလားဒေ့ရှ်လို နိုင်ငံများမှတင်ပို့ရောင်းချသောအဝတ်အထည်များကို တံခါးပိတ်ကာ 'ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ' (Protectionism) ကို လက်တွေ့ကျင့်သုံးလျက်ရှိကြသည်။ ဤသည်၏အကျိုးဆက်အနေနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ချွေးအလုပ်သမားများမှာ လုပ်ငန်းခွင်ပျောက်ဆုံးမည့်အန္တရာယ်နှင့် ရင်ဆိုင်လာကြရသည်။ သို့မဟုတ် ပို၍ဆိုးဝါးသောလုပ်ငန်းခွင်အခြေအနေနှင့် ရင်ဆိုင်လာကြရသည်။

စင်စစ် ဘင်္ဂလားဒေ့ရှ်မှ အထည်ချုပ်စက်ရုံ အလုပ်သမများမှာ မာလာဝီလိုနိုင်ငံများနှင့် နှိုင်းယှဉ်လိုက်လျှင် ခေတ်သစ်စီးပွားရေးထဲသို့ ခြေတစ်လှမ်းချနိုင်ခဲ့ပြီဟု ဆိုနိုင်စရာရှိပါသည်။ နာမည်ဆိုးနှင့်ကျော်ကြားသော 'ချွေးစက်ရုံ' များသည်ပင် ဆင်းရဲတွင်းမှတက်နိုင်ရေးအတွက် ပထမဆုံးလှေကားဆန်လို ဖြစ်နေသည်။ ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတ်မှတ်သလို မျှော်လင့်ချက်ကင်းမဲ့သော အခြေအနေမျိုးမှ အိပ်မက်အသစ်တွေမက်ခွင့်ရလာစေသည့် မိုန်ပြပြအလင်းရောင်ဟု ဆိုနိုင်ပါလိမ့်မည်။

ကျွန်တော်၏ ဘင်္ဂလားဒေ့ရှ်ခရီးစဉ်အတွင်း အင်္ဂလိပ်ဘာသာနှင့်ထုတ်ဝေသော သတင်းစာတစ်စောင်ကို ကောက်ကြည့်လိုက်ရာ အထည်ချုပ်စက်ရုံအလုပ်သမများနှင့် အင်တာဗျူးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ သူမတို့တစ်တွေပြောပြသော ဇာတ်လမ်းများမှာ ကရုဏာသက်စရာ၊ စိတ်ဝင်စားစရာများဖြစ်သလို အလေးအနက်စဉ်းစားသင့်သည်များလည်းပါသည်။ အလုပ်သမတစ်ဦးချင်းစီက သူမတို့ရင်ဆိုင်နေရသော ခက်ခဲကြမ်းတမ်းသည့် လုပ်ငန်းချိန်များ၊ အလုပ်သမားအခွင့်အရေးကင်းမဲ့နေသည်များနှင့် အမျိုးသမီးတစ်ယောက်အတွက် ဂုဏ်သိက္ခာထိခိုက်စော်ကားခံရသည်များကို ရင်ဖွင့်ပြကြသည်။ တစ်ပြိုင်နက်တည်းမှာပင် ဤမျှ စိတ်ပျက်စရာကောင်းသော ထိုအလုပ်သည်ပင် သူမတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်နေသည်ကိုလည်း ရိုးရိုးသားသားပြောပြသွားကြသည်။

အထည်ချုပ်စက်ရုံမှ အလုပ်သမအများစုမှာ ကျေးလက်ဒေသမှ ရောက်လာကြသူတွေများသည်။ အလွန်အကျွံဆင်းရဲမွဲတေမှုနှင့် နပန်းလုံးနေရသူများပီပီ ကျောင်းမနေနိုင်၊ စာမတတ်။ အချိန်မရွေးကြုံတွေ့နိုင်သော အငတ်ဘေးနှင့်အမြဲတစေရင်ဆိုင်နေရသည်။ ထို့ထက်ပို၍ဆိုးသည်မှာ 'မဟာဖိုဝါဒ' လွှမ်းမိုးသောလူ့အဖွဲ့အစည်း၏ ရှောင်လွှဲမရသော အနိမ့်ခံမိန်းမသားဘဝဖြစ်သည်။ အကယ်၍ သူမတို့တစ်တွေသာ ရွာမှမခွာနိုင်ခဲ့လျှင် ၁၉၇၀ အလွန်နှင့် ၁၉၈၀ အလွန်နှစ်များကို ဖြတ်သန်းခဲ့ရကာ သူမတို့အစ်မကြီးများလိုပင် ငယ်ငယ်ရွယ်ရွယ်နှင့် အတင်းအကျပ် ယောကျ်ားအပေးစားခံရမည်။ အသက် ၁၇၊ ၁၈ လောက်နှင့် သားသည်အမေဖြစ်မည်။ နောက်ဆုံးသချိုင်းကုန်းရောက်သည်အထိ လင်သား၏ အရိုက်အနှက်၊ အနှိပ်အစက်ခံသွားရလိမ့်မည်။ ယခုလို ရွာမှခွာပြီး မြို့ပြအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ခွင့်ရလိုက်ခြင်းသည်ပင် သူမတို့ တစ်ဦးချင်းစီအတွက် ဘဝလွတ်မြောက်ရေးလို ဖြစ်နေတော့သည်။ ဘယ်တုန်းကမှ မရရှိခဲ့ဖူးသော မဟာအခွင့်အလမ်းကြီးတစ်ခုလို ဖြစ်နေတော့သည်။

အင်တာဗျူးထဲမှ အမျိုးသမီးငယ်များက သူမတို့တစ်တွေ၏ အိပ်မက်များကို ဤသို့ ဖွင့်ဟလာကြသည်။ မစို့မပို့



www.foreverspace.com.mm



ဝင်ငွေလေးထဲမှ တတ်နိုင်သမျှ ခြိုးခြံစုဖောင်းကြပုံ၊ နောင် မိမိတို့ချစ်ခင်မြတ်နိုးသူနှင့် တစ်ဘဝထူထောင်ရန် မျှော်လင့်ကြပုံ၊ ယခုထက် အခြေအနေပိုကောင်းလာပါက ကျောင်းပြန်တက်ပြီး ပိုမိုမြင့်မားသောဘဝကို မျှော်မှန်းထားကြပုံ စသည်ဖြင့် ယခင်မျိုးဆက်ဟောင်းများအနေနှင့် ဘယ်လိုမှ မက်ခွင့်မရခဲ့သော အိပ်မက်အသစ်များ ဖြစ်ပါသည်။ သည်လိုနှင့် အနောက်တိုင်းသားတို့အမြင်တွင် ဆိုးဝါးနံ့ချာလှပြီဟု ယူဆကြသော ချွေးစက်ရုံများသည်ပင် ဘင်္ဂလားဒေ့ရှ် မိန်းမငယ်များအတွက် မျှော်လင့်ချက်များ စတင်ရာ လှေကားတက်ခုံ ဖြစ်လာရတော့သည်။

ချမ်းသာသောနိုင်ငံများမှ ဆန့်ကျင်ကန့်ကွက်သူများက ဒက္ကားအထည်ချုပ်စက်ရုံများအနေနှင့် လုပ်ခတိုးပေးလျှင်ပေး၊ မဟုတ်ပါက ပိတ်လိုက်သည်က ပိုကောင်းသည်ဟု ဆိုကြသည်။ သို့နှင့်တိုင် ဤသို့ အလုပ်ရုံပိတ်လိုက်ပါက အလုပ်သမအမျိုးသမီးများအနေနှင့် မျှော်လင့်ချက်အားလုံးကုန်ဆုံးရာ ကျေးလက်အနိမ့်ခံဘဝသို့ ပြန်လည်သက်ဆင်းရမည်ကိုမူ အဆိုပါဆန့်ကျင်ကန့်ကွက်သူများ သတိပြုမိကြဟန်မတူ။ စင်စစ် အထည်ချုပ်စက်ရုံများမှာ ကျေးလက်အမျိုးသမီးထုအတွက် တစ်ဦးချင်းဘဝလွတ်မြောက်ရေးသာမက ဘဝသစ်အတွက် ပထမဆုံး ခြေလှမ်းသစ်ဟုလည်း ဆိုနိုင်စရာရှိပါသည်။ ပြောရလျှင် ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံများသည်ပင် စက်မှုထူထောင်ရေး၏ ပထမဆုံး လှေကားဆန်ကို မဖြတ်ဘဲ ယခုအနေအထားသို့ရောက်နိုင်လိမ့်မည်မဟုတ်ပါ။ တစ်ချိန်က နယူးယောက်အထည်ချုပ်စက်ရုံများကို ပြန်လည်သတိရကြဖို့ ကောင်းပါသည်။

အဝတ်အထည်လုပ်ငန်းမှာ မကြာသေးခင်နှစ်များလောက်မှစ၍ ဘင်္ဂလားဒေ့ရှ်စီးပွားရေးကို နှစ်စဉ် ၅ ရာခိုင်နှုန်းကျော်တိုးတက်စေခဲ့ပါသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ဘင်္ဂလားဒေ့ရှ်လူဦးရေ၏ တစ်ဝက်ကျော်မျှရှိသော အမျိုးသမီးထု၏ စိတ်ဓာတ်နှင့် ခွန်အားကိုလည်း အားသစ်လောင်းပေးလိုက်သလို ရှိသည်။ (အမျိုးသမီးများအပေါ် တစ်ဖက်သတ်အစွဲနှင့် နှိမ့်ချဆက်ဆံလေ့ရှိသော လူ့အဖွဲ့အစည်းတစ်ခုအတွက် ဤအပြောင်းအလဲမှာ အများထင်ထားကြသည်ထက် ပို၍အရေးကြီးပါသည်။) တစ်ချိန်တည်းမှာပင် အဆိုပါအမျိုးသမီးများ ကျောခိုင်းထွက်ခွာခဲ့ရာ ကျေးလက်ဒေသများမှာလည်း လျင်မြန်စွာပြောင်းလဲလာနေပြီဖြစ်သည်။ ဤသို့ ဖြစ်ရသည်မှာ မြို့ရောက်အမျိုးသမီးငယ်များမှတစ်ဆင့် တောသို့ရောက်လာသော ငွေကြေးအရင်းအနှီးနှင့် အိုင်ဒီယာသစ်များ၊ ပိုမိုကျယ်ပြန့်သော တောနှင့်မြို့ ကူးလူးဆက်ဆံမှုများနှင့် ကျေးလက်စိုက်ပျိုးရေးနှင့် မြို့ပြထုတ်လုပ်ရေးကဏ္ဍများကို 'ခွ' ၍ စီးပွားရှာလာကြသော တူရူချက်များကြောင့်ဟု ဆိုနိုင်ပါလိမ့်မည်။ ပြောရလျှင် အဝတ်အထည်လုပ်ငန်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေရှည်စီးပွားရေးတိုးတက်မှုအတွက် အခြေခံကောင်းများ မွေးထုတ်လိုက်သလို ရှိသည်ဟု ဆိုနိုင်လိမ့်မည်ထင်ပါသည်။

၂၀၀၃ ခုနှစ်လောက်က ဖြစ်သည်။ ကိုလံဘီယာတက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် ကျွန်တော်တို့ ဒက္ကားမြို့တော်အနီးမှ ကျေးရွာတစ်ရွာသို့ရောက်သွားခဲ့ကြသည်။ ကျွန်တော်တို့နှင့်အတူ စိတ်ဝင်စားစရာကောင်းသော 'အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခု' (NGO) မှ ခေါင်းဆောင်တစ်ယောက်လည်း ပါသည်။ ယခုအခါ BRAC ဟု လူသိများနေပြီဖြစ်သော ဘင်္ဂလားဒေ့ရှ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖြစ်ပါသည်။ ထိုရွာတွင် BRAC မှ ကူညီဖွဲ့စည်းပေးသော ကျေးလက်အစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် ဆုံဖြစ်ခဲ့ကြသည်။ ကိုယ်စားလှယ်အများစုမှာ အမျိုးသမီးများဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရသည်။ သူမတို့တစ်တွေမှာ ရွာထဲနှင့် ရွာမှ ဒက္ကားသို့သွားသော လမ်းမကြီးတစ်လျှောက် စားသောက်ကုန်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း စသည့် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နေကြသူများဖြစ်သည်။

လှပသောဆာရီများကို ဝတ်ဆင်ထားကြသော အမျိုးသမီးများမှာ ခြောက်ယောက်တစ်တွဲထိုင်နေကြပြီး စုစုပေါင်း အတန်းခြောက်တန်းရှိသည်။ သူတို့အားလုံးက ကျွန်တော်တို့ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်ပြီး ကျွန်တော်တို့မေးသမျှကို စိတ်ပါလက်ပါဖြေကြသည်။ အတန်းတစ်တန်းတွင် ပါဝင်သော အမျိုးသမီးခြောက်ယောက်မှာ 'အသေးစားငွေချေးလုပ်ငန်း' (Micro finance) ယူနစ်တစ်ခုမှ အဖွဲ့ခွဲတစ်ခုကို ကိုယ်စားပြုသည်။ အတန်းခြောက်ခုလုံး၏ ရှေ့ဆုံးမှထိုင်နေသော အမျိုးသမီးမှာ ယူနစ်တစ်ခုလုံး၏ ချေးငွေလုပ်ငန်းတစ်ခုလုံးကို တာဝန်ယူကြီးကြပ်ရသူဟု သိရသည်။

အတန်းတစ်တန်း (အဖွဲ့ခွဲတစ်ခု) တွင်ပါဝင်သော အမျိုးသမီးခြောက်ယောက်လုံးမှာ သူတို့ထဲမှ တစ်ယောက်ယောက် ငွေချေးလျှင် သေချာပေါက်ပြန်ဆပ်နိုင်စေဖို့ အပြန်အလှန်တာဝန်ခံပေးရသည်။ BRAC နှင့် ၎င်း၏ဂုဏ်သိက္ခာကြီးသော လုပ်ဖော်ကိုင်ဖက် 'ဂရမ်မီဘဏ်' က ဤလုပ်ငန်းကို စတင်တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ သူတို့က ဆင်းရဲတွင်းမှမတက်နိုင်ဖြစ်နေသောအဖွဲ့ဝင်များ (အမျိုးသမီးအများစုပါဝင်သည်) ကို အသေးစားလုပ်ငန်းများအစပျိုးလုပ်ကိုင်နိုင်ရန် ဒေါ်လာအနည်းငယ်မျှ ထုတ်ချေးပေးသည်။ လုပ်ငန်းမှ ငွေပေါ်တော့မှ ပြန်ဆပ်ရသည်။ အတိုးနှုန်းသည် အထူးသက်သာသည်။ မှန်မှန်ကန်ကန်ပြန်ဆပ်နိုင်ဖို့လည်း အဖွဲ့ဝင်အချင်းချင်းတာဝန်ခံကြီးကြပ်စေသည်။

www.foreverspace.com.mm

ဘဏ်လုပ်ငန်းနှင့် ဘယ်လိုမှ မနီးစပ်သော ကျေးလက်လူထုတွင် သူတို့၏ စမ်းသပ်ချက်ကို စတင်ခဲ့ရာ အားလုံးက ကွဲမည်ဟုထင်ခဲ့ကြသည်။ သို့သော် လက်တွေ့တွင် အကြွေးဆုံးငွေ မရှိသလောက်နည်းပြီး အထူးအောင်မြင်မှုရလာခဲ့သည်။ ယခုအခါ BRAC နှင့် ဂရမ်မီဘဏ်တို့က အတတ်နိုင်ဆုံးလုပ်ငန်းစရိတ်လျှော့ချပြီး လုပ်ငန်းတိုးချဲ့နိုင်ရန် ကြိုးပမ်းနေကြသည်ဟု သိရပါသည်။

ဆိုခဲ့ပါ အသေးစားငွေချေးလုပ်ငန်းက အသေးစားဘိဇနက်လုပ်ငန်းများကို အမှန်ပင် မွေးထုတ်နိုင်ခဲ့ပါသည်။ ကျွန်တော့်အတွက် ပို၍အံ့အားတသင့်ဖြစ်ရသည်မှာ ဤအောင်မြင်မှုထက် ပြောင်းလဲလာသော အမျိုးသမီးများ၏ သဘောထားဖြစ်ပါသည်။ ဤအချက်ကို အမျိုးသမီးများနှင့် ကျွန်တော်တို့၏ အပြန်အလှန်စကားဝိုင်းတွင် အထင်အရှားတွေ့လိုက်ရသည်။ ကျွန်တော်တို့အဖွဲ့တွင် ကိုလံဘီယာတက္ကသိုလ် 'မေလ်မန်' လူထုကျန်းမာရေးကျောင်းမှ ဌာနမှူး ဒေါက်တာအလန်ရိုဆန်ဖီးလ် ပါလာသည်။ ဒေါက်တာမှာ မျိုးပွားမှုနှင့်ဆိုင်သော ကျန်းမာရေးကိစ္စများတွင် ကမ္ဘာသိ အထူးကျွမ်းကျင်သူဖြစ်ပါသည်။

သူက အမျိုးသမီးများကို "ခင်ဗျားတို့မှာ ကလေးဘယ်နှယောက်ရှိသလဲ" ဆိုသော မေးခွန်းနှင့် စဖွင့်လိုက်သည်။ အမျိုးသမီးတွေက ဘာမှပြန်မဖြေ။ သို့ဖြင့် "ငါးယောက်ရှိရင် လက်ညှိုးထောင်ပါ" ဟု နိမိတ်ပြမေးခွန်းကို ပြောင်းမေးရသည်။ လက်ညှိုးတစ်ချောင်းမှ တက်မလာပါ။ "လေးယောက်"...။ ဒါလည်း လက်ညှိုးတစ်ချောင်းမှမထောင်။ "သုံးယောက်ဗျာ" .. အမျိုးသမီးတစ်ယောက်က သူ့အဖော်တွေကို ရှက်ကိုးရှက်ကန်းငဲ့ကြည့်ပြီး မထောင်ချင်ထောင်ချင်နှင့် လက်ညှိုးတစ်ချောင်းထောင်သည်။ "နှစ်ယောက်"...။ အမျိုးသမီးထု၏ ၄၀ ရာခိုင်နှုန်းလောက် လက်ညှိုးတွေထောင်ကြသည်။ "ကိုင်း တစ်ယောက်ဗျာ" နောက်ထပ် ၂၅ ရာခိုင်နှုန်းလောက် လက်ညှိုးတွေတက်လာသည်။ "တစ်ယောက်မှမရှိတဲ့သူကော လက်ညှိုးထောင်ပါ"။ လက်ညှိုးတော်တော်များများ မြင်လိုက်ရသည်။ ပျမ်းမျှတွက်ကြည့်လျှင် အမျိုးသမီးအများစုမှာ ကလေး တစ်ယောက်မှ နှစ်ယောက်အထိသာ ရှိကြသည်။ 'ဘယ်ဆိုးလို့လဲ...။'

ဒေါက်တာက နောက်ထပ်မေးခွန်းတစ်ခုကို ပြောင်းမေးပြန်သည်။ "ခင်ဗျားတို့ ကလေးဘယ်နှယောက်လိုချင်ကြလဲ၊ စိတ်ထဲရှိတဲ့အတိုင်းဖြေပါ" ထုံးစံအတိုင်း ငါးယောက်မှစသည်။ လက်ညှိုးတစ်ချောင်းမှတက်မလာ။ လေးယောက်၊ သုံးယောက်စသည်ဖြင့် တဖြည်းဖြည်းလျှော့သွားသည်။ မထူးခြားပါ။ နောက်ဆုံး နှစ်ယောက်ဆိုတော့မှ လက်ညှိုးအားလုံးလောက်နီးနီး မြောက်တက်လာသည်။ စင်စစ် ဤတိမ်းညွှတ်မှုမှာ အသစ်ဖြစ်သည်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်လိုနိုင်ငံမျိုးအတွက် အလွန်ရှေ့တန်းရောက်သည့်ခြေလှမ်းဟူ၍ပင် ဆိုနိုင်လောက်သည်။ ဒေါက်တာမှာ ကျေနပ်လို့မဆုံး။ ခရီးစဉ်တစ်လျှောက်လုံး ဒီအကြောင်းကိုသာ တဖွဖွပြောနေတော့သည်။ သူ့အနေနှင့် ၁၉၆၀ အလွန်နှစ်များလောက်ကတည်းက အာရှတစ်ခွင် ပြပြစင်ခဲ့ပြီဖြစ်ရာ ကျေးလက်အမျိုးသမီးအများစုတွင် ကလေးခြောက်ယောက်မှ ခုနစ်ယောက်အထိရှိသည်ကို ကောင်းကောင်းသိထားသည်။ ယနေ့ ဘင်္ဂလားဒေ့ရှ်အမျိုးသမီးများကား လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကလိုမဟုတ်တော့။ သိပ်ကို ခေတ်မီနေကြပြီဖြစ်ပါသည်။

မြို့ပြဒေသရှိ အမျိုးသမီးများအတွက် လုပ်ငန်းကိုင်ငန်းများ၊ ကျေးလက်ဒေသရှိ အမျိုးသမီးများအတွက် လယ်ယာလုပ်ငန်းနှင့်မဆိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများမှာ အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးထုလွတ်လပ်ရေးအတွက် အခြေခံတွန်းအားဟု ဆိုနိုင်ပါသည်။ အမျိုးသမီးများ ပညာသင်ကြားခွင့်ရလာသည်နှင့်အမျှ မိသားစုစီမံကိန်းများ ရှိလာသည်။ သားဆက်ခြားနည်းနာများဖြင့် မိသားစုဘဝကို ပိုင်ပိုင်နိုင်နိုင် တွက်ဆပြင်ဆင်လာနိုင်သည်။ သို့နှင့်အမျှ မွေးကင်းစကလေးသေဆုံးနှုန်းကို လျှော့ချနိုင်ရုံမျှမက ကလေးများ၏ပညာရေးနှင့် ကျန်းမာရေးကိုလည်း အလေးထား ဂရုစိုက်လာနိုင်သည်။ ဤမျှအရေးကြီးသော အပြောင်းအလဲများကို အကြောင်းခြင်းရာတစ်ခုတည်းနှင့် အပြည့်အစုံရှင်းပြနိုင်လိမ့်မည်တော့မဟုတ်ပါ။ ပွင့်လန်းလာသော စီးပွားရေးအခွင့်အလမ်းများ၊ နီးစပ်လာသောအတွေးအခေါ်သစ်များနှင့် တိုးတက်လာသော ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုများ၏ စုပေါင်းအသီးအပွင့်ဟု ဆိုရမည်သာ ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်မှာ ဖွံ့ဖြိုးရေးလှေကားထစ်၏ ပထမဆုံးလှေကားဆန်ပေါ်သို့ ခြေလှမ်းတင်နိုင်ခဲ့ပြီဟု အသေအချာဆိုနိုင်ပြီဖြစ်ပါသည်။ ဤသည်မှာလည်း ဘင်္ဂလားဒေ့ရှ်လူထုကိုယ်တိုင်၏ မဆုတ်မနစ်သော အားထုတ်မှု၊ BRAC လို၊ ဂရမ်မီဘဏ်လို NGO များ၏ ကူညီပံ့ပိုးမှုနှင့် နိုင်ငံတကာပရဟိတအဖွဲ့အစည်းများ၏ စေတနာသဒ္ဓါတရားတို့မှ စုပေါင်းမွေးထုတ်လိုက်သော အသီးအပွင့်ဖြစ်ပါသည်။ ထို့ထက် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုအဆုံးသတ်ရေးစီမံချက်အတွက် ဘင်္ဂလားဒေ့ရှ်မှာ လာခြင်းကောင်းသော စံပြနမူနာတစ်ရပ်ဟု ဆိုနိုင်လိမ့်မည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**ကျော်ဝင်း**

**စာညွှန်း:–** The End of Poverty (By Jeffery Sachs)

www.foreverspace.com.mm

# အမှန်သိဖို့ အရေးကြီးသည်

ဘုန်းမင်းဝေ


**တစ်နေ့မှာ ကျွန်တော်ဟာ သူငယ်ချင်း ကွန်ပျူတာသမားတွေရှိတဲ့ ဂျာနယ်တိုက်တစ်တိုက်ကို အလည်ရောက်သွားခဲ့ပါတယ်။ သူတို့ကတော့ ဖောင်ပိတ်ရက်ဆိုတော့ ထပ်ခိုးကျဉ်းကျဉ်းလေးပေါ်က ကွန်ပျူတာခန်းမှာ စကားတောင်သိပ်မပြောနိုင်ဘဲ အလုပ်ရှုပ်နေလေရဲ့။ သူတို့ အလုပ်ရှုပ်နေလို့ ကျွန်တော်လည်း အားတုံ့အားနာနဲ့ ဘေးမှာဝင်ထိုင်ရင်း အခန်းကို မျက်လုံးတစ်ချက် ဝေ့ကြည့်မိလိုက်တယ်။ အရင်ဆုံး သတိထားမိတာက အခန်းရဲ့မျက်နှာကြက်ဖြူဖြူပေါ်မှာ၊ ဘေးနံရံတွေမှာ ဆော့ပင်နဲ့ရေးခြစ်ထားတဲ့ ဝါကျအတိုအထွာလေးတွေပါပဲ။**

ကျွန်တော်လည်း စိတ်ဝင်တစား ထပြီး စူးစမ်းမိပါတယ်။ 'ငါကတော့ ခပ်ညံ့ညံ့ကောင်ပါ'တဲ့။ "ပိုင်စိုး၊ ဒါ ဘယ်သူရေးတာလဲ"လို့ သူငယ်ချင်းကို လှမ်းစပ်စုမိတယ်။ သူက မော်နီတာက မျက်လုံးမခွာဘဲ "အဲဒါ ကျွန်တော်"လို့ လှမ်းဖြေတယ်။ "ဒီပေါ်တက်လာတဲ့ လူတိုင်း တစ်ခုတစ်ခုစီ ရေးသွားကြတာပဲ"လို့ တစ်ဆက်တည်းလှမ်းပြောတယ်။

ရေးထားတာတွေကတော့ အစုံပါပဲ။ 'ငြိမ်းချမ်း၊ စာရိုက်သည်'တဲ့။ 'ကောင်းတာလုပ်လျှင် ကောင်းသောအကျိုးဖြစ်မည်'တဲ့။ အများကြီးပါပဲ။ ၁၉၃၅ ခုနှစ်ထုတ် ဂန္ထလောကမဂ္ဂဇင်းထဲက ဆရာဇော်ဂျီရဲ့ ကောက်နုတ်ချက်လေးတစ်ခုတောင် ပါသေးရဲ့။

စာတွေကို စုံစုံစိစိ လိုက်ဖတ်ပြီး ကုလားထိုင်ပေါ်မှာ တစ်ခါပြန်ထိုင်လိုက်တယ်။ ဟော…ကွန်ပျူတာမော်နီတာဘေးက နေရာလွတ်တွေမှာပါ ရေးထားတာပဲ။ ပိုင်စိုးကိုင်နေတဲ့ ကွန်ပျူတာမော်နီတာဘေးမှာက အင်္ဂလိပ်လို စာလေးတစ်ခု။ ဘာတဲ့…'Gun Don't Kill People, People Kill People' တဲ့။ ဝါကျလေးကို အဓိပ္ပာယ်ပြန်ကောက်ရင်း ကျွန်တော် တော်တော်လေး သဘောကျမိသွားတယ်။ "ပိုင်စိုးရေ… ဒီစာကရော ဘယ်သူရေးတာ လဲ" လို့ စပ်စုမိပြန်တယ်။ "မမှတ်မိတော့ဘူးကွာ"လို့ စိတ်မရှည်တဲ့လေသံနဲ့ ပြန်ဖြေပါတယ်။ ဟုတ်ပါရဲ့၊ ကျွန်တော်ကလည်း အလုပ်ရှုပ်နေတဲ့သူကိုမှ အားမနာလျှာမကျိုး နှောင့်ယှက်နေမိတာကိုး။

ကျွန်တော်လည်း ဘာစကားမှ ထပ်မပြောဖြစ်တော့ဘဲ ဘေးနားမှာ ငြိမ်ငြိမ်လေးထိုင်ရင်း လွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ်လောက်က သတင်းအဖြစ်အပျက်လေးတွေကို သတိရမိပါတယ်။ တော်တော်များများ သိကြမှာပါ။ အမေရိကန် အထက်တန်းကျောင်းတွေမှာ ကျောင်းသားလူငယ်တွေ သေနတ်ကိုင်ပြီး ရမ်းကားပစ်ခတ်လို့



www.foreverspace.com.mm



ရှယ်ဘူတွေရော လူမမယ်ကလေးတွေပါ ခဏခဏ သေခဲ့ကြရတာလေ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမက။ အကြိမ်ရေများလာတော့ တာဝန်ရှိတဲ့လူကြီးတွေလည်း အထိတ်တလန့် ဖြစ်ခဲ့ရတယ်။ အရင်းစစ်လိုက်တော့ အမေရိကန်နိုင်ငံမှာ သေနတ်လက်နက်ကို ဖောဖောသီသီနဲ့ တရားဝင် ကိုင်ဆောင်ခွင့်ပေးတာရယ်၊ ပြီးတော့. . . စိတ်ခံတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတွေကြောင့်ရယ်လို့ အဖြေထွက်လာတယ်။ စစ်လက်နက်ပစ္စည်း ကုမ္ပဏီကြီးတွေကိုလည်း ကန့်ကွက်တာတွေ၊ အရေးယူဖို့ တောင်းဆိုတာတွေ ဖြစ်ခဲ့ပါတယ်။ အဲ ... ဒါပေမဲ့ စောစောက ဝါကျလေးအတိုင်း တွေးရရင်တော့ ကျည်ဆန်တွေက လူတွေကို သတ်ခဲ့တယ်ဆိုပေမယ့် အဲဒီကျည်ဆန်တွေကို လူတွေကပဲ ညှစ်ထုတ်ခဲ့ကြတာ မဟုတ်လား။ လူတွေရဲ့ အရောင်ဆိုးတဲ့ စိတ်ခံတ်ကပဲ လူတွေကို သတ်ခဲ့တာပါ။ သေနတ်တွေကတော့ ဓားစာခံဖြစ်ခဲ့ကြတယ်ထင်တာပါပဲ။

သေနတ်တွေတင် မဟုတ်ပါဘူး။ အခြား အခြားသော ရုပ်ဝတ္ထုပစ္စည်း၊ အယူဝါဒသဘောတရားတွေဟာလည်း လူတွေရဲ့ စိတ်ဆန္ဒတွေကြားမှာ မြေစာပင် တရားခံဖြစ်ခဲ့ရတယ် မဟုတ်လား။ သေသေချာချာ ပြန်စဉ်းစားကြည့်ပါ။ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို ဖျက်ဆီးပြီး လူ့အသက်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သူဟာ အဏုမြူဗုံးမဟုတ်ပါဘူး။ စစ်သွေးဆာနေတဲ့ လူတစ်စုရဲ့ စိတ်ဆန္ဒကြောင့် သေကျေပျက်စီးခဲ့ရတာပါ။ ဒီလိုပါပဲ၊ ဒုတိယကမ္ဘာစစ်ကာလတုန်းက လူ ၂၂ သန်းလောက် သေခဲ့ရတာ၊ သန်း ၃၀ ကျော် ဒဏ်ရာရခဲ့တာတွေဟာ စစ်လက်နက်ပစ္စည်းကြောင့် မဟုတ်ပါဘူး။ ဟစ်တလာရဲ့ ဂျာမန်စစ်တပ်ကြီး သူများနိုင်ငံတွေကို ကျူးကျော်ခဲ့တာ၊ အကျဉ်းစခန်းတွေ၊ ခံတ်ငွေ့စခန်းတွေမှာ ဂျူးလူမျိုးပေါင်းများစွာ အသက်ပေးခဲ့ရတာတွေဟာလည်း ဖက်ဆစ်ဝါဒကြောင့်ပါလို့ အပြစ်ပုံချလို့မရဘူးမဟုတ်လား။ အမှန်တကယ်တော့ စနစ်ကို လိုရာဆွဲပြီး ကျင့်သုံးခဲ့တဲ့ လူတွေကြောင့်ပါ။ မော်စီတုန်းရဲ့ 'မဟာခုန်ပျံကျော်လွှားမှုလုပ်ငန်း'၊ 'ယဉ်ကျေးမှုတော်လှန်ရေး' တွေကြောင့် တရုတ်ပြည်သူသန်းနဲ့ချီပြီး အသက်ဆုံးရှုံးခဲ့ရတာဟာ ကွန်မြူနစ်စနစ်ကြောင့်မဟုတ်ပါဘူး၊ အတွေး အမြင်မှားယွင်းခဲ့တဲ့လူတွေကြောင့်ပဲလေ။

လူတွေဟာ သူတို့ရဲ့အတောမသတ်နိုင်တဲ့ လောဘ၊ ထိန်းသိမ်းမနိုင်တဲ့ ဒေါသတွေနဲ့ လုပ်ချင်ရာလုပ်ခဲ့ပြီးမှ ဒါဟာ ဒါကြီးတွေကြောင့်ပါလို့ ရုပ်ဝတ္ထုပစ္စည်းအတော်များများကို အပြစ်ပုံချတတ်ပါတယ်။ ဆိုကြပါစို့။ လူတစ်ယောက်အရက်တွေအလွန်အကျွံသောက်လို့ သေတယ်ပေါ့။ အရက်က သူ့ကိုသတ်တယ်လို့ လူအများစုက ပြောကြပါလိမ့်မယ်။ တကယ်တမ်းသေချာဆန်းစစ်ရင်တော့ အရက်က လူကိုလည်ပင်းညှစ်၊ ဓားနဲ့ခုတ်ပြီး မသတ်နိုင်ပါဘူး။ လူတွေကိုယ်တိုင်က သူတို့ရဲ့ စိတ်ဆန္ဒနောက်ကိုလိုက်လျောပြီး ထင်ရာလုပ်ခဲ့ကြတာပဲ မဟုတ်လား။ အရက်ကြောင့်သေတဲ့လူ၊ မူးယစ်ဆေးဝါးကြောင့်သေတဲ့လူ အစရှိတဲ့ ဒီလူတွေကိုသတ်ခဲ့တာ အရက်၊ မူးယစ်ဆေးတွေ မဟုတ်ပါဘူး။ လူတွေကပဲ သတ်ခဲ့တာပဲမဟုတ်လား။

သိပ္ပံပညာ၊ စက်မှု၊ ဆေးပညာ၊ နည်းပညာဆိုင်ရာနယ်ပယ်မှာ ဆန်းသစ်တီထွင်နိုင်မှုဟာ လူ့သမိုင်းရဲ့မှတ်တိုင်တစ်ခု၊ တိုးတက်မှုတစ်ခုပါပဲ။ အသစ်အဆန်းတွေ တီထွင်ပေါ်ပေါက်လာတာဟာ နိယာမတစ်ခုမို့ တားဆီးလို့မရပါဘူး။ လူသားတွေအနေနဲ့ တိုးတက်မှုကို ဘယ်လိုအသုံးချရမလဲဆိုတာပဲ အရေးကြီးတဲ့ပြဿနာတစ်ခုပါ။ ကောင်းကျိုးအတွက် သုံးတတ်ဖို့ လိုအပ်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေဟာ လူတွေရဲ့ဖန်တီးမှုကြောင့် ဖြစ်လာရတာပါ။ ဒါပေမဲ့ တကယ်တမ်းကျတော့ လူတွေဟာ ရုပ်ဝတ္ထုရဲ့လွှမ်းမိုးထိန်းချုပ်မှုအောက်ကို ရောက်နေကြရတယ်မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ စိတ်အခံအားနည်းပါးမှုတွေကြောင့်ပါပဲ။

တိုးတက်လာတဲ့နည်းပညာဟာ အခွင့်အရေးမယူတတ်ပါဘူး။ လူတွေကပဲ အခွင့်အရေးယူကြ၊ အတ္တရှိတတ်ကြ၊ ဉာဏ်များတတ်၊ တရားခံရှာတတ်ကြတာပါ။

တစ်ခါတုန်းကပေါ့ ရွာတစ်ရွာမှာ ပန်းပဲသမားတစ်ယောက်ရှိသတဲ့။ တစ်နေ့မှာတော့ လူတစ်ယောက်က သူ့ဆီမှာ ဓားရှည်တစ်ချောင်းအပ်တယ်။ သူကလည်း ဖောက်သည်ရဲ့စိတ်တိုင်းကျဖြစ်အောင် အသေအချာလုပ်ပေးလိုက်တယ်။ ဒါ သူ့ရဲ့ထမင်းစားတဲ့အလုပ်ပဲ မဟုတ်လား။ အဲ…ဒါပေမဲ့ အဲဒီလူက သူလုပ်ပေးလိုက်တဲ့ ဓားကိုသုံးပြီး လူတွေကို လိုက်သတ်ခဲ့တယ်။ ဓားပြတိုက်ခဲ့တယ်။ အဲဒီလူကို ဖမ်းပြီး တရားရုံးမှာစစ်ဆေးတော့ လုယက်သူက ဘယ်လိုလျှောက်လဲချက်တင်တယ် ထင်သလဲ။ အမှန်တကယ် အပြစ်ရှိတာက သူမဟုတ်ပါဘူး၊ ပန်းပဲဆရာပါပဲတဲ့။ သူလုပ်ပေးတဲ့ဓားက အရမ်းကောင်းတော့ သစ်ပင်ခုတ်၊ ဝါးခုတ်ရဖို့မတန်လို့ ပိုပြီးတန်မယ်ထင်တာကို လုပ်ခဲ့တာပါတဲ့။ အဓိကတရားခံကတော့ ပန်းပဲဆရာပါပဲတဲ့။ လူသတ်လက်နက်ကိုလုပ်ပေးတဲ့အတွက် ပန်းပဲဆရာမှာ အပြစ်ရှိပါတယ်တဲ့။ ပန်းပဲဆရာဟာ ဓားလုပ်မပေးခဲ့ရင် သူလည်း လူသတ်နိုင်မှာ မဟုတ်ဘူးလို့ဆိုသတဲ့။ ကဲ သူပြောတာ မှန်သလား၊ မှားသလား။ ဘယ်လိုဆုံးဖြတ်ကြမလဲ။

ဘာပဲဖြစ်ဖြစ် အမှန်ကို သိမြင်နိုင်ဖို့က အရေးကြီးတာမို့ ရုပ်ဝတ္ထုတွေနဲ့ ဝါဒတွေကို လူတွေက တရားခံလို့ လက်ညှိုးထိုးနေတာကိုတော့ စဉ်းစားသုံးသပ်ဖို့ လိုပါပြီ။

**ဘုန်းမင်းဝေ**

www.foreverspace.com.mm

# Google (သို့မဟုတ်) Administrator နှင့် ဆက်သွယ်လိုပါသည်

ချွန်ထူးဟန်

**ပြီး ခဲ့သည့် မေလက တောင်တရုတ်ပင်လယ်ရေအောက်၊ စင်ကာပူနိုင်ငံအနီးရှိ Fiber Optic ကေဘယ်လ်ကြိုးပျက်စီးသွား၍ မြန်မာနိုင်ငံအတွင်းမှ Net User အားလုံး အင်တာနက်နှင့် ရက်အနည်းငယ်ခန့် အဆက်အသွယ်ပြတ်တောက်သွားသည်ကို အင်တာနက်မိတ်ဆွေများအားလုံး မှတ်မိကြပါလိမ့်မည်။ Cybermania ဟု ခေါ်နိုင်သော အင်တာနက်စွဲလမ်းမှုကို ဖြစ်ပေါ်ခံစားနေသူအားလုံး စိတ်ကသိကအောက်ဖြစ်ခဲ့ကြသည်ကိုလည်း ကောင်းစွာ တွေ့မြင်ခဲ့ရသည်။ တစ်ပတ်ခန့်အကြာတွင် Connection မှာ ပုံမှန်နီးပါးပြန်ဖြစ်လာခဲ့၍ Net Friend များ စိတ်သက်သာရာရခဲ့သည်။ Google Chat ပြောချင်သူများလည်း စိတ်သက်သာရာရခဲ့ကြသည်။ Main Server ၏ Administrator ၏ ကျေးဇူးကြောင့်ဟု ပင်ဆိုရပေမည်။**



ဆောင်းပါးရှင်အလုပ်လုပ်နေသော မီဒီယာမှ လုပ်ဖော်ကိုင်ဖက် အယ်ဒီတာများတွင် မနက်ရုံးရောက်သည်နှင့် ပြိုင်တူလုပ်လေ့ရှိသော အလေ့အထတစ်ခု ရှိသည်။ ကွန်ပျူတာရှေ့သို့ အလုအယက် ဝင်ထိုင်။ Gmail တွင် Login လုပ်ပြီး ပြည်တွင်းပြည်ပမှ မိတ်ဆွေသူငယ်ချင်းများနှင့် အပြန်အလှန်အဆက်အသွယ်လုပ်လိုက်ရပါမှ မိမိတာဝန်ယူထားသော လုပ်ငန်းပိုင်းများကို ဆက်လက်လုပ်ကိုင်နိုင်ကြသည်။ Gmail Inbox ထဲတွင် မီးနီ၊ မီးစိမ်းသင်္ကေတတို့ဖြင့် အွန်လိုင်းပေါ်ရောက်နေသော သူငယ်ချင်းများကို တွေ့ရသည်မှာလည်း လွန်စွာပင် စိတ်ချမ်းမြေ့ကြည်နူးဖွယ်ရာပင် ဖြစ်သည်။ ကိုယ်သိသောအင်ဖော်မေးရှင်းကို Click တစ်ချက်နှိပ်ပြီးသူ့ကိုပြော။ သူသိသော အင်ဖော်မေးရှင်းကို ပြန်ယူရသည်မှာလည်း လွန်စွာစိတ်လှုပ်ရှားစရာကောင်းလှသည်။ အကယ်၍ တစ်စုံတစ်ယောက်က "ခင်ဗျား တစ်နေ့မတွေ့ရရင် မနေနိုင်တဲ့မျက်နှာကို ပြောပါ" ဟု မေးလာလျှင် ဆောင်းပါးရှင်အနေဖြင့် ချစ်သူ့မျက်နှာ ဟုဖြေမည့်အစား Web Page ဟုသာ ပြန်ဖြေဖြစ်မည်မှာ သေချာ

www.foreverspace.com.mm




ပါသည်။

မှတ်မိပါသေးသည်။ တောင်တရုတ်ပင်လယ်အောက်က ဖိုင်ဘာကေဘယ်လ်ပျက်စီးနေစဉ်ကာလအတွင်း Cyber Cafe များမှ ဝန်ထမ်းများက Gtalk နှင့် Gmail မရဟုပြောလိုက်သောကြောင့် စိတ်ဓာတ်ညှိုးငယ်စွာ ပြန်သွားကြသော Net Friend များ၏ အမူအရာ ဖြစ်သည်။ Cyber Cafe ဖွင့်လှစ်ထားသူတစ်ဦးက သူ၏ဆိုင်သို့လာသော User အများစုမှာ Gmail နှင့် Google Chat ကို အဓိကထားသုံးစွဲကြကြောင်း၊ Google ကြောင့် သူ၏ စီးပွားရေးတိုးတက်လာသည်ဟု သွယ်ဝိုက်ပြောဆိုနိုင်ကြောင်း ပြောပြဖူးသည်။ ယနေ့ အောင်မြင်လျက်ရှိသော စီးပွားရေးကုမ္ပဏီကြီး အတော်များများနှင့် အချို့သောဌာနဆိုင်ရာများတွင်လည်း Gmail သည် လွန်စွာအသုံးဝင်သော Office Tool တစ်ခုသဖွယ်ဖြစ်ပြီး လုပ်ငန်းအချင်းချင်း အပြန်အလှန်ဆက်သွယ်ရာ၌ တမန်တော်ကောင်းတစ်ဦးနေရာသို့ ရောက်နေပါသည်။ ထို့ပြင် Gtalk ပြောဆိုခြင်းသည် အင်တာနက်အသုံးပြုခသာ ကုန်ကျသဖြင့် ရေမြေရပ်ခြားဝေးကွာနေကြသော မိဘနှင့် သားသမီး၊ လင်နှင့်မယား၊ မိတ်ဆွေများနှင့် ချစ်သူရည်းစားတို့အချင်းချင်း နေ့တိုင်းလိုလို ဆက်သွယ်နိုင်သည်ကို တွေ့ရသည်။ သူငယ်ချင်းတစ်ဦးကမူ "If you Wanna Save Your FEC, Use The Gtalk" ဟု အကြံပြုဖူးသည်။ ပြောရလျှင် Google က တင်ဆက်ထားသော Gmail သည် အခြားသော Free Mail များနှင့် နှိုင်းစာလျှင် Mega Byte များသည်ကတစ်ကြောင်း၊ အင်တာနက်ကဖေးတွင် အသုံးပြုခ တစ်နာရီလျှင် မြန်မာငွေ ရာဂဏန်းသာ ပေးရရုံနှင့် ပြည်တွင်းပြည်ပမှ မိတ်ဆွေများနှင့် တယ်လီဖုန်းထဲမှ စကားပြောသလို ပြောဆိုနိုင်သည်ကတစ်ကြောင်း၊ အခြားသော VOIP အစီအစဉ်များပေးသည့် Skype၊ MSN ၊ Yahoo Messager တို့နှင့် နှိုင်းစာလျှင် Line Speed

**ကျွန်ုပ်တို့၏ အသိဉာဏ်တံခါးကို သွယ်ဝိုက်သောအားဖြင့် ဖွင့်လှစ်ပေးနေသော (သို့မဟုတ်) ကျွန်ုပ်တို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနေသော အမြန်လမ်းက ဂလိုဘယ်ပလက်ဖောင်း မိတ်ဆွေကောင်းကြီးတစ်ဦးဟုဆိုလျှင် မှားမည်မထင်ပေ။**

အနည်းငယ်ကောင်းရုံနှင့် ပြောဆိုနိုင်သည်ကတစ်ကြောင်းတို့ကြောင့် မြန်မာနိုင်ငံသား Net User အားလုံးအတွက် မိတ်ဆွေကောင်းတစ်ဦးဟုပင် ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့၏ အသိဉာဏ်တံခါးကို သွယ်ဝိုက်သောအားဖြင့် ဖွင့်လှစ်ပေးနေသော (သို့မဟုတ်) ကျွန်ုပ်တို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနေသော အမြန်လမ်းက ဂလိုဘယ်ပလက်ဖောင်းမိတ်ဆွေကောင်းကြီးတစ်ဦးဟုဆိုလျှင် မှားမည်မထင်ပေ။

မကြာသေးမီက Gmail Web-Page ကို ဖွင့်ပြီး User Name နှင့် Pass-




word ရိုက်၍ Login လုပ်လိုက်ရာ ဆိုင်းဗုံမဆင့်ဘဲ mail-google.com:443 ဟူသည့် Error ဆန်ဆန် စာသားတက်လာသည်။ Error ဖြစ်သည်ထင်၍ Refresh ပြန်လုပ်ကြည့်ပါ သေးသည်။ ထို့နောက်တွင်မှ အဆိုပါစာတမ်းအောက်တွင် ဤသို့ရေးသားထားသည်ကို တွေ့လိုက်ရသည်။ Net Friend များအားလုံး မြင်ဖူးကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ ယင်းမှာ To have the rating of this page re-evaluated, please contact your administrator ဟူ၍ ဖြစ်သည်။ The Voice Weekly တွင် တစ်ခါက ဆောင်းပါးရှင် ဘာသာပြန်ခဲ့ဖူးသော နိုင်ငံတကာ ဆောင်းပါးတစ်ပုဒ်ကို ချက်ချင်းသတိရလိုက်သည်။ ဆောင်းပါးအမည်က လိုဏ်ဂူကြီးထဲက Google ၏ နည်းပညာ ပရိယာယ်နှင့် ကြောင်နှင့် ကြွက်ဂိမ်းဟူ၍ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ Gmail ကို Login လုပ်ရန် Google(သို့မဟုတ်) Administrator နှင့် ဆက်သွယ်လိုပါသည်။ သို့သော် မဆက်သွယ်မီ သူတို့အတွက် မေးခွန်းတို့မှာ ဤသို့ အစီအရီ ရှိနေသည်။ ဓမ္မဒါနပြုမည်လော (သို့မဟုတ်) ဓမ္မမစ္ဆရိယပဲ ဖြစ်နေမည်လော။ ဆောင်းပါးရှင်တို့ Living Color Media အပါအဝင် မြန်မာနိုင်ငံသား Net Friend အားလုံးသည် ဓမ္မဒါနပြုချင်သူချည်းများသာဖြစ်သည်ဟု အလေးအနက် ယုံကြည်ပါသည်။

**ချွန်ထူးဟန်**

■

www.foreverspace.com.mm



(ယခင်လမှအဆက်)



# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

## ၃၆ (ဂ)

လူထုစိန်ဝင်း

### Operating in Unfamiliar Markets နယ်မြေစိမ်းမှာ စီးပွားရေးလုပ်ကိုင်ခြင်း

၁၉၈၀ ခုနှစ်များအတွင်းနဲ့ ၉၀ ခုနှစ်များအတွင်းမှာ စင်ကာပူအစိုးရက စီးပွားရေးလုပ်ငန်းများကို နိုင်ငံရပ်ခြားထိ တိုးချဲ့ကြဖို့ ဆော်ဩခဲ့တယ်။ ကုမ္ပဏီအများအပြားက အမေရိကန်ဈေးကွက်ကြီးထဲကို ဝင်ရောက်ခဲ့ကြတယ်။ ဒါပေမဲ့လို့ အခက်အခဲတွေအများကြီး ကြုံတွေ့ခဲ့ရတယ်။ အချိန်ကွာခြားချက်၊ ယဉ်ကျေးမှုကွာခြားချက်၊ စီးပွားရေး လုပ်ပုံလုပ်နည်းများ ကွာခြားချက်တို့ကိုထည့်မတွက်မိခဲ့ကြဘူး။ နဖူးတွေ့ ဒူးတွေ့ကျမှ သိကြရတယ်။ ဒါ့အပြင် ယှဉ်ပြိုင်မှု ကြီးမားများပြားတာကိုလည်း စင်ကာပူကုမ္ပဏီတွေ လိုက်မမီနိုင်ကြဘူး။ နောက်ဆုံးကျတော့ ကုမ္ပဏီတွေဟာ လက်လျှော့တပ်ဆုတ်ပြီး အာရှတိုက်ဘက်ကို ခြေဦးလှည့်ခဲ့ကြတယ်။

ကွန်ပျူတာထုတ်လုပ်တဲ့ IPC ကုမ္ပဏီဟာလည်း အလားတူအဖြစ်မျိုး ဩစတြေးလျမှာကြုံခဲ့ရတယ်။ ဩစတြေးလျမှာ

www.foreverspace.com.mm



ပီစီကွန်ပျူတာဈေးကွက် ကြီးထွားလာတာကို သတိထားမိပြီး IPC က ဈေးကွက်ထဲဝင်ခဲ့တယ်။ ကိုယ်တိုင်တိုက်ရိုက် ဖြန့်ဖြူးခြင်းက ပိုပြီးအကျိုးရှိစေလိမ့်မယ်ဆိုတဲ့ယူဆချက်နဲ့ ဝင်ရောက်ခဲ့တာ ဖြစ်တယ်။

ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ ဩစတြေးလျလူမျိုးတွေက တစ်နေရာတည်းမှာ တံဆိပ်မျိုးစုံတင်ရောင်းတဲ့ဆိုင်မျိုးကိုမှ သဘောကျကြတယ်။ ကြိုက်ရာရွေးဝယ်ခွင့်ရတယ်လို့ ယူဆကြတယ်။ IPC ဟာ ဒေါ်လာသန်းပေါင်းများစွာ အရှုံးပေါ်ပြီး ၁၉၉၆ ခုနှစ်မှာ ရုပ်သိမ်းခဲ့တယ်။ ဒီလို ရုပ်သိမ်းခြင်းဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်တယ်။ အခုတော့ IPC က တရုတ်ဈေးကွက်နဲ့တခြားအာရှနိုင်ငံများဈေးကွက်ကို အလေးထားတော့တယ်။

နောက်ဆုတ်သင့်ချိန်မှာ နောက်ဆုတ်ခြင်းဟာ အမြော်အမြင်ရှိတဲ့၊ ရဲရင့်ပြတ်သားတဲ့ လုပ်ရပ်ဖြစ်တယ်။ အရှုံးပေးတာ၊ သတ္တိကြောင်တာလုံးဝမဟုတ်ဘူး။ ငွေ၊ အချိန်နဲ့ လုပ်အားတွေကို အချည်းနှီးမဖြစ်စေဘဲ တခြားအကျိုးရှိစေမယ့်နေရာများမှာ လုပ်ကိုင်နိုင်ခွင့်ရှိစေခြင်းဖြစ်တယ်။

ဂျပန်ကုမ္ပဏီများဟာ ဒီနေရာမှာ အင်မတန်တော်တယ်လို့ နာမည်ရတယ်။ ဈေးကွက်အခြေအနေ မကောင်းစပြုလာတာနဲ့ တစ်ပြိုင်နက်ချက်ချင်းရုပ်ပစ်လေ့ရှိတယ်။ ဘယ်တော့မှ နှောင့်နှေးလေ့မရှိဘူး။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ စက်ရုံတွေအများကြီးပျက်စီးခဲ့ရတဲ့ ဂျပန်ဟာ လူအားနဲ့လုပ်ရတဲ့ ဈေးပေါပေါပစ္စည်းတွေ များများထုတ်ခဲ့တယ်။ နောက်ပိုင်းကျတော့ တခြားအာရှနိုင်ငံတွေက ဈေးပေါပစ္စည်းတွေ ထုတ်လာကြတဲ့အတွက် ဂျပန်က လိုင်းပြောင်းပြီး အဆင့်မြင့်ပစ္စည်းတွေ ထုတ်ခဲ့တယ်။

ကားလုပ်ငန်းမှာလည်း အလားတူပဲဖြစ်ခဲ့တယ်။ မူလက ဈေးပေါပေါကား

**ဂျပန်ကုမ္ပဏီများဟာ ဒီနေရာမှာ အင်မတန်တော်တယ်လို့ နာမည်ရတယ်။ ဈေးကွက်အခြေအနေ မကောင်းစပြုလာတာနဲ့ တစ်ပြိုင်နက် ချက်ချင်းရုပ်ပစ်လေ့ရှိတယ်။ ဘယ်တော့မှ နှောင့်နှေးလေ့မရှိဘူး။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ စက်ရုံတွေ အများကြီးပျက်စီးခဲ့ရတဲ့ ဂျပန်ဟာ လူအားနဲ့လုပ်ရတဲ့ ဈေးပေါပေါပစ္စည်းတွေ များများ ထုတ်ခဲ့တယ်။ နောက်ပိုင်းကျတော့ တခြားအာရှနိုင်ငံတွေက ဈေးပေါပစ္စည်းတွေ ထုတ်လာကြတဲ့အတွက် ဂျပန်က လိုင်းပြောင်းပြီး အဆင့်မြင့်ပစ္စည်းတွေ ထုတ်ခဲ့တယ်။**

တွေထုတ်ခဲ့တယ်။ နောက်တော့ ကိုရီးယား၊ မလေးရှားတို့ကပါ ကားတွေထုတ်လုပ်လာကြတော့ ဂျပန်က သူတို့လိုက်မမီနိုင်တဲ့ ဈေးကြီးဇိမ်ခံကားတွေနဲ့ တခြား အဆင့်မြင့်ကားတွေ ပြောင်းထုတ်ခဲ့တယ်။ အမေရိကန်နဲ့ ဥရောပကို ထိုးဖောက်ဝင်ရောက်ခဲ့တယ်။ အာရှဈေးကွက်ကိုတော့ ဈေးချိုချိုပစ္စည်းတွေနဲ့ ဆက်လက်ဝင်ရောက်နေဆဲဖြစ်တယ်။

ဂျပန်ကုမ္ပဏီများရဲ့ နည်းဗျူဟာက များစွာနည်းယူစရာတွေ တွေ့ရတယ်။ ဈေးကွက်မှာ ယှဉ်ပြိုင်မှုဆိုတာ အမြဲတမ်းရှိနေတာဖြစ်တယ်။ နည်းပညာတွေကလည်း နေ့စဉ်တိုးတက်ထွန်းကားနေတယ်။ နောက်ရောက်လာတဲ့ ကုမ္ပဏီတွေက နည်းပညာမြင့်မြင့်နဲ့ ဈေးကွက်ထဲဝင်ရောက်လာလို့ ကိုယ်ကယှဉ်နိုင်စွမ်း မရှိတဲ့အခါ မယှဉ်နိုင်တာကို သိရတယ်။ အရှုံးခံပြီး ဆက်မျှောမနေဘဲ စောစောရုပ်ပစ်နိုင်လေ အရှုံးသက်သာလေဖြစ်တယ်။ တချို့က သိက္ခာကြောင့်ဖြစ်စေ၊ ကိုယ့်ပစ္စည်းအပေါ်ထားရှိတဲ့ သံယောဇဉ်ကြောင့်ဖြစ်စေရုပ်သင့်ချိန်မှာ မရုပ်နိုင်တာကြောင့် နောက်ဆုံးဒေဝါလီခံရတဲ့ အဆင့် ရောက်သွားတာမျိုးတွေရှိတယ်။

တချို့ကျတော့လည်း အခြေအနေမှန်ကို မသုံးသပ်တတ်ကြဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေးနောက်ခံကားချပ်တွေဟာ စီးပွားရေးအခြေအနေအပေါ်မှာကြီးစွာ ဩဇာသက်ရောက်ကြောင်း နားမလည်ကြဘူး။ အဲဒါကြောင့်မှန်ကန်တဲ့ ဆုံးဖြတ်ချက်များ မချနိုင်ကြဘူး။ စီးပွားရေးလုပ်သူမှန်သမျှ နိုင်ငံရေးနဲ့ လူမှုရေးကို လေ့လာသိရှိထားဖို့ လိုအပ်တယ်။ နောက်ပြီးတော့ ရှုံးနေတာကို ရှုံးနေပြီလို့ သိဖို့လည်းလိုအပ်တယ်။ မနိုင်မှန်းသိလျက်နဲ့ ဆက်ပြီးတိုက်နေတာဟာ မိုက်မဲခြင်းသာဖြစ်တယ်။ မနိုင်တဲ့နေရာမှာ ဆက်မတိုက်ဘဲ နောက်စစ်မျက်နှာတစ်ခုပြောင်းပြီး တိုက်သင့်တယ်။ တိုက်ပွဲတစ်ခုရှုံးခြင်းဟာ စစ်ပွဲတစ်ခုလုံး ရှုံးတာမဟုတ်ဘူးဆိုတာ အမြဲနှလုံးသွင်းသင့်ကြောင်းရေးရင်း နိဂုံးချုပ်လိုက်ပါတယ်။

## နိဂုံးစကား

၃၆ ပါးစစ်ဗျူဟာကျမ်းကြီး အကြောင်းရေးခဲ့တာ ဒီမှာတင်နိဂုံးချုပ်ပါပြီ။ ၃၈ လ လုံးလုံး စိတ်ရှည်လက်ရှည်ဖတ်ခဲ့ကြတဲ့ ပရိသတ်များနဲ့ ၃၈ လ လုံးလုံး စာမူကို စောင့်ဆိုင်းယူငင်ကြတဲ့ အယ်ဒီတာအဖွဲ့သားများအားလုံးကို ကျေးဇူးတင်ရှိကြောင်းပြောရင်း နှုတ်ဆက်စကားဆိုလိုက်ရပါတယ်။

**လူထုစိန်ဝင်း**

၆–၉–၂၀၀၆

■

www.foreverspace.com.mm

(ယခင်လမှအဆက်)



**ပန်းချီတင်ထွန်းလှိုင်၏ 'ရှက်လွင့်ခြင်း'**

# ကျွန်တော် ပန်းချီကုန်သည်

( ၄၇ )

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

## ယနေ့ ကျွန်တော်...(၅)

ပန်းချီမင်းဇော်မှာ ပန်းချီလူမင်းနှင့် မတူပါ။

ကျွန်တော်နှင့် ကံပိုစပ်မှုရှိသည်ဟု ကျွန်တော်ထင်၏။

သူ၏ ပန်းချီကားများကို ပန်းချီလူမင်းကားများထက် ပို၍သွက်အောင် ကျွန်တော်ရောင်းပေးနိုင်ခဲ့၏။

သူလည်း အကျိုးရှိ၊ ကျွန်တော်လည်း အကျိုးရှိ။

နောက်... သူ၏ ထူးခြားသောဂုဏ်ပုဒ်တစ်ခုမှာ သူ ကျွန်တော့်ပန်းချီပြတိုက်၌ ပန်းချီရေးစဉ် နှစ်စဉ်ငွေရှင်းကြချိန်၌ ကျွန်တော် သူ့ထံမှ ရရန်ကြွေးမရှိခဲ့ဖူးပါ။ ကျွန်တော်က သူ့ကိုပေးရန် အကြွေးသာ ရှိခဲ့၏။ ထိုစဉ်က သူကလည်း ငွေမလို။ ရစရာရှိသော ငွေကိုပင် လာမယူသေးဘဲ အချိန်ကြာမြင့်စွာ ကျွန်တော့်ထံတွင် ပစ်ထားတတ်သေး၏။

ကျွန်တော့်ထံ၌ လက်တွဲလုပ်ထားဖူးသည့် ပန်းချီဆရာများတွင် ဤကဲ့သို့သော ပန်းချီဆရာမှာ မင်းဇော်တစ်ယောက်သာ ရှိဖူးပါသည်။ ထို့ကြောင့်လည်း ပန်းချီမင်းဇော်အကြောင်းကို ကျွန်တော်ရေးစဉ်က ပန်းချီဖြင့် ငွေလည်းရှာတတ်သူ...ရှာရသောငွေကိုလည်း ထိန်းသိမ်းနိုင်သူအဖြစ် ကျွန်တော်တင်စားဖော်ပြခဲ့ဖူးပါသည်။

ပန်းချီမင်းဇော်နှင့်ဆန့်ကျင်ဘက်ဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦး ကျွန်တော့်လက်တွင်ရှိ၏။

ပန်းချီတင်ထွန်းလှိုင်...။

ပန်းချီတင်ထွန်းလှိုင်မှာ ကျွန်တော့်ပန်းချီပြခန်းကို စတင်ဖွင့်လှစ်သည့်နေ့မှစ၍ ကျွန်တော်နှင့် လက်တွဲခဲ့သူဖြစ်၏။

ကျွန်တော်ပျိုးထောင်ပေးခဲ့သည့် ပန်းချီဆရာများတွင် အအောင်မြင်ဆုံး ပန်းချီဆရာအဖြစ်လည်း သတ်မှတ်နိုင်၏။

ဤနေရာ၌ အအောင်မြင်ဆုံးဆိုသည့် ဝေါဟာရကိုတော့ မသုံးချင်ပါ။ အငြင်းပွားသူများ ပေါ်လာနိုင်သည်။ ကျွန်တော်အငြင်းမပွားချင်ပါ။ ထို့ကြောင့် ကျွန်တော့်ကို အကျိုးအပြုခဲ့ဆုံးပန်းချီဆရာဟုပင် ဆိုကြပါစို့...။

စာရှုသူ...။

သင် ယုံနိုင်စရာမရှိပါ။

ကျွန်တော့်ပန်းချီပြခန်း စဖွင့်သည့်အချိန်မှ လေးနှစ်ခန့်အချိန်အတွင်း ပန်းချီတင်ထွန်းလှိုင်တစ်ဦး၏ ပန်းချီကားရောင်းရငွေမှာ ကျွန်တော့်ပန်းချီပြတိုက်မှ ကျန်ပန်းချီဆရာအားလုံး၏ ပန်းချီကားရောင်း

www.foreverspace.com.mm



ပန်းချီသက်နိုင်စိုး၏ 'ပအို့ဝ်အလှ – ၂'

ရငွေ့ထောက် ပိုများ၏။

ဤအဖြစ်ကို တင်ထွန်းလှိုင်နှင့် ကျွန်တော့်မိသားစုသာ သိပါသည်။ ကုန်သည်မှုလျှို့ဝှက်ချက်တစ်ခုအဖြစ် ဝှက်ထားပါသည်။ ယခု ကျွန်တော့်ကို စွန့်သွားသော ပန်းချီဆရာများအကြောင်း ရေးသားသောအခါ၌ မဖော်ပြ၍မဖြစ်သဖြင့် ဖော်ပြရခြင်းဖြစ်၏။

ကျွန်တော့်ပန်းချီပြခန်းစဖွင့်စအချိန် ...သုံးလေးနှစ်သက်တမ်းအချိန်အတွင်း ပြတိုက်မပိတ်ပစ်ရဘဲ ပန်းချီကုန်သည် အသက်မွေးဝမ်းကျောင်းကို ဆက်လက်လုပ်နိုင်ခဲ့ခြင်းမှာ ပန်းချီတင်ထွန်းလှိုင်၏ ကျေးဇူးနှင့် ပန်းချီကားဟောင်း (Old Masters) များ ရောင်းနိုင်ခဲ့သည့် ကျေးဇူးကြောင့်ပင် ဖြစ်၏။

ခေတ်မီပန်းချီပြခန်းတစ်ခု ပျိုးထောင်ရသည့် စရိတ်စကမှာအလွန်ကြီးပါသည်။ ပြတိုက်အတွက် အဆောက်အအုံငှားခနှင့် အဆောက်အအုံအတွက် အခြားကုန်ကျသော အထွေထွေစရိတ်များပင် လစဉ်ဆယ်သိန်းကျော် ရှိ၏။ နှစ်စဉ်ပြခန်းအတွက် အထွေထွေစရိတ်မှာ သိန်းနှစ်ရာကျော်ခန့် ရှိ၏။ ဤအသုံးစရိတ်ဒဏ်ကို ရေရှည်ခံနိုင်ရန်မှာ မလွယ်ပါ။

ပန်းချီတင်ထွန်းလှိုင်ကို ကျွန်တော့်ပြတိုက်မဖွင့်မီ နှစ်လအချိန်ခန့်က စမြင်ဖူး၏။

ပန်းချီကျော်လင်းဆွေခေါ်သွားပြီး မိတ်ဆက်ပေးခဲ့ခြင်းဖြစ်၏။

ထိုစဉ်က ပန်းချီတင်ထွန်းလှိုင်မှာ အလုံဘက်တွင် နေ၏။

တိုက်သစ်တစ်ခု၏ လေးထပ်၊ ငါးထပ် အမြင့်ခန့်တွင်ရှိသော အခန်း...။ ထိုအခန်း ကျဉ်းလေး၌ သွားငှားနေပါသည်။

သူ့တိုက်ခန်းရောက်ရန် ကျွန်တော် မနည်းကြိုးစားတက်ခဲ့ရ၏။

ထိုစဉ်က ပန်းချီတင်ထွန်းလှိုင်မှာ အိမ်ထောင်ကျစ...။

အသက်ကလည်း ၂၅ နှစ် ၂၆ နှစ်ခန့်သာ ရှိဦးမည်...။

အသားညိုညို...။

အရပ်မြင့်မြင့်...။

ရုပ်ရည်ကလည်း သန့်ပါသည်။

သူ့ဇနီးကလည်း ငယ်ငယ်ချောချောကလေး...။

သူတို့နေသောအခန်းတွင် တင်ထွန်းလှိုင်၏ ရေးပြီးပန်းချီကားနှင့် ပန်းချီရေးကိရိယာပစ္စည်းများ...။ နောက်...အိပ်စရာ အိပ်ရာတစ်ခုသာ ရှိ၏။

အခြားအိမ်ထောင်ပစ္စည်းများ ဘာမှမရှိပါ။

တစ်ခန်းလုံးတွင် ညားကာစ သူ့ချစ်ဇနီးငယ်ငယ်ချောချောလေးနှင့် သူ့ပန်းချီကားများသာရှိသည်ဟု ဆိုပါစို့...။

သူ့ပန်းချီကားများကို ကျွန်တော်မြင်သည်နှင့် ကြိုက်၏။

အားလုံးလှသည်။

ဘုရားပုထိုးပုံ...။

ဘုန်းကြီးနှင့် ဘုန်းကြီးကျောင်းပုံ...။

ရုပ်သေးပုံ...။

ကလေးငါးမျှားနေပုံ...။

ရေခပ်သွားနေသော အမျိုးသမီးများပုံ...။

www.foreverspace.com.mm

"မင်း...ကိုယ့်ပန်းချီပြခန်းမှာ ပင်တိုင်ရေးပါလား"

ကျွန်တော်က သူ့ကို ဖိတ်ခေါ်လိုက်၏။

"ကျွန်တော်ရေးချင်တယ်။ ရေးမယ်။ ဒါပေမဲ့ ကျွန်တော် ငွေကြိုလိုချင်တယ်။ ကျွန်တော်ပန်းချီကားကြီးကြီးတွေ ရေးချင်တယ်။ ရေးဖို့က ငွေလိုတယ်။ ဒီပန်းချီကားကြီးတွေရေးဖို့က တစ်ယောက်တည်း ရေးလို့မရဘူး။ လူငှားရသေးတယ်။ အလုပ်သမားစရိတ်ကလည်း ရှိသေးတယ်"

"မပူနဲ့။ မင်းလိုမယ့်ငွေ ငါအကုန်ထုတ်ပေးမယ်"

သူ့ပန်းချီကားသုံးကားကို ထိုနေ့၌ပင် တစ်ကားပျမ်းမျှတစ်သိန်းနှုန်းဖြင့် ဝယ်လိုက်သည်။


ထိုကားသုံးကားကို မိတ်ဆွေကြီး တယ်ရီနှင့် ကလောက်စ်တို့ ရန်ကုန်ရောက်လာချိန်၌ ထုတ်ပြလိုက်၏။

သူတို့နှစ်ယောက်စလုံး ကြိုက်၏။

ချက်ချင်း ကျွန်တော့်ထံမှ အမြတ်ပေးပြီး ပြန်ဝယ်လိုက်၏။

ပန်းချီတင်ထွန်းလှိုင်၏ ပန်းချီရေးဟန်မှာ ရီရာလီဇင် (Realism)ပင် ဖြစ်၏။ သို့သော်...ရိုးရိုး Realism မဟုတ်ဘူး။ အင်ပရက်ရှင် (Impressionism)ဘက်ကို

**ပန်းချီတင်ထွန်းလှိုင်၏ 'ရုပ်သေးပွဲ'**



ကူးနေသော ပန်းချီကားများ ဖြစ်၏။

သူသည် အရောင်၏အလှများကို သိ၏။ အလွန်ခံစားတတ်၏။ အခြားလူများခံစားနိုင်အောင်လည်း တင်ပြနိုင်စွမ်း၏။

ဟင်းလင်းပြင် (Space) များ၏ တန်ဖိုးကိုသိ၏။ သူ့အတွက် အကျိုးရှိအောင် သုံးတတ်၏။

သူ့ပန်းချီကားများ၏ အရေအတွက်မှာ စိတ်ကူးဖြင့်ရေးသော ရေးကွက်များ မဟုတ်။ ယနေ့ မြန်မာနိုင်ငံ၌ တကယ်ရှိနေသောပြရုပ်များ ဖြစ်၏။

ထိုပြရုပ်များကို သူ့ပန်းချီမရေးမီ ဓာတ်ပုံအရင်သွားရိုက်ရ၏။

ဓာတ်ပုံကိုအခြေခံပြီး ပန်းချီဆွဲ၏။

သို့သော်...သူအခြေပြုထားသော ဓာတ်ပုံများသည် ဓာတ်ပုံများသာဖြစ်ပြီး သူ့ပန်းချီကားများမှာ ဓာတ်ပုံများ မဟုတ်ပါ။

ဓာတ်ပုံတွင် မမြင်တွေ့နိုင်သော အလှများကို သူ့ပန်းချီကားတွင် ပုံပေါ်အောင်...အလှများကို စုအောင်ပြုပြင်နိုင်စွမ်းအားရှိသည်ဟု ဆိုနိုင်၏။

သူသည် အစိုးရပန်းချီပညာသင်ကျောင်းမှ အောင်လာသူတစ်ဦး ဖြစ်၏။ ပန်းချီပညာသင်ကျောင်းမှဆင်းစက ပန်းချီမင်းဝေအောင်ထံ အလုပ်လုပ်ပြီး ပညာသင်၏။ သူ၏ပန်းချီရေးဟန်မှာ မင်းဝေအောင်၏ ပန်းချီရေးဟန်နှင့် ဆင်ဆင်တူနေသည်ဟု ပြောနိုင်၏။

မှန်ပါသည်။

ပန်းချီမင်းဝေအောင်၏အရိပ်များ သူ့ရေးဟန်ပေါ်၌ ကျနေပါသည်။

သို့သော်...တင်ထွန်းလှိုင်သည် တင်ထွန်းလှိုင် ဖြစ်၏။

ကျွန်တော်သတိပြုမိသည့်အချက်တစ်ရပ်မှာ သူ့ပန်းချီကားချပ်ကို ပန်းချီမြတ်နိုးသူ...ပန်းချီကားဝယ်ချင်သူ ကြိုက်အောင်...ခံစားတတ်အောင်...ဝယ်ချင်အောင် ကိုမင်းဝေအောင်ကဲ့သို့ပင် ပြုလုပ်နိုင်စွမ်း၏။ ကိုမင်းဝေအောင်ထံမှ ပညာကို ယူနိုင်စွမ်းရှိခဲ့သည်ဟု ဆိုနိုင်၏။

ကျွန်တော် မှားနိုင်ပါသည်။

ကျွန်တော့်ထင်မြင်ချက်ကို တင်ပြနေခြင်းဖြစ်၏။

ကျွန်တော့်ပန်းချီပြခန်းစဖွင့်စ ပထမ ၂ နှစ်၊ သုံးနှစ်အချိန်များအတွင်း သူ့ပန်းချီကားများကို ဆက်တိုက်ရေးသည်။

ကားသေးများ မဟုတ်။

ကားကြီးများ ဖြစ်၏။

သူသည် ဝယ်သူကို ညှို့ယူနိုင်သော မှော်ပညာတတ်ထားသည်လားမသိ။ ထိုစဉ်က သူရေးပြီးသမျှ အကုန်နီးပါး ရောင်းရ၏။

ထိုအချိန်က တင်ထွန်းလှိုင်မှာ အလွန်ခွဲကောင်း၏။

အလွန်ချစ်စရာပန်းချီဆရာလေး ဖြစ်၏။

ရေးအားအလွန်ရှိ၏။

တစ်ကားပြီးတစ်ကား ဆက်တိုက်ရေးနိုင်စွမ်း၏။ တစ်ညလုံးမအိပ်ဘဲ ပန်းချီ ရေးတတ်၏။

မနက်ဘက်...နေ့လယ်ဘက် သူ့ထံ မသွားနှင့်...။

အိပ်နေပြီ။

ညနေဘက်များ၌ သူ့ထံသွားလျှင်လည်း သူ့လက်နှင့် စုတ်ချက်ပြတ်ရသည်ဟု မရှိလှပါ။

တင်ထွန်းလှိုင်၏ဘဝမှာ တစ်ရှိန်ထိုး အောင်မြင်၏။

သူ့ဝင်ငွေ ဘယ်မျှအထိ ရှိခဲ့သည်။ သူဘယ်အဆင့်အထိ အောင်မြင်ခဲ့ဖူးသည်ကို ကျွန်တော်အသိဆုံးဖြစ်၏။ သူသည် ယုံနိုင်စရာမရှိသော အဆင့်တစ်ခုကို တက်လှမ်းခဲ့ဖူးသည်။

ကျွန်တော့်သားအပါ သူ့ကို စင်ကာပူနိုင်ငံသို့ ခေါ်သွားသည်။

ယိုးဒယားနိုင်ငံသို့ ခေါ်သွားသည်။

ထိုနိုင်ငံများမှ ပန်းချီပြတိုက်များကို လိုက်ပြသည်။

ပြည်ပအတွေ့အကြုံများရှိခဲ့ပြီးနောက် သူ့လက်ရာမှာ ပို၍ပင် တောက်

www.foreverspace.com.mm

ပြောင်လာ၏။

ကျွန်တော့် ပန်းချီပြခန်းစဖွင့်သည့် ပထမငါးနှစ်ဟူသောအချိန်မှာ တင်ထွန်းလှိုင်ဘဝ၏ ရွှေရောင်လွှမ်းသောနေ့ရက်များဟူ၍ မှတ်ယူနိုင်၏။

သို့သော်...သို့သော်...။

တင်ထွန်းလှိုင်၏အောင်မြင်မှုမှာ မီးရှူးမီးပန်းတစ်ခုသဖွယ် ဖြစ်ခဲ့သည်။ ကျွန်တော် စိတ်မကောင်းပါ။

ပန်းချီတင်ထွန်းလှိုင်တွင် အားနည်းချက်များ ရှိသည်။

သူ့စိတ်က နုလွန်းသည်။

သူ့အောင်မြင်မှုကြောင့် ရောင်ပြန်ဟပ်လာသောဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း မရှိရှာပါ။

ဤနေရာ၌ သူ့ဘဝဇာတ်လမ်းများကို ကျွန်တော် ဘာမှမရေးပြချင်တော့ပါ။

သူနှင့်ကျွန်တော် မတွေ့ကြသည်မှာလည်း ကြာချေပြီ။

သူ့ပန်းချီကားများကလည်း အလွန်အထွက်နည်းနေသည်။ တစ်ခါတစ်ရံမှ လူကြုံနှင့်ပေးလိုက်သောကားများ ရောက်လာတတ်၏။ သူ့ကို ကျွန်တော်ပြန်တွေ့ချင်သည်။

ပြန်တွေ့လျှင်တော့ သူ့ထံ၌ ခွင့်တောင်းပြီး သူခွင့်ပြုလျှင် သူ့ဘဝဇာတ်ကြောင်းကို ဆက်ရေးချင်ပါသေးသည်။

လောလောဆယ်တော့ ယခုအဆင့်၌ပင် ရပ်လိုက်ကြပါစို့။

ကျွန်တော်တင်ပြချင်သည်မှာ ကျွန်တော်ပျိုးထောင်ပေးခဲ့သော ပန်းချီဆရာများတွင် ကျွန်တော်စိတ်ပျက်ခဲ့သူများ ရှိခဲ့သလို ကျွန်တော့်ကို စိတ်ချမ်းသာအောင် ပြုခဲ့သည့်...ကျွန်တော်ပန်းချီကုန်သည်ဘဝကို အသက်ဆက်နိုင်အောင် ပြုပေးခဲ့သည့် တင်ထွန်းလှိုင်ကဲ့သို့ ပန်းချီဆရာများလည်း ရှိခဲ့ပါသည်ဟူသောအချက်ပင်...။

ရယ်ရပါသည်။

ကျွန်တော်မွေးခဲ့သော ပန်းချီဆရာ အုပ်စုတစ်ခု ထွက်သွားကြပြီးနောက်



ပန်းချီမြင့်နိုင်၏ 'ဆူးလေရှုခင်း'

ယနေ့ မြန်မာ့ပန်းချီဈေးကွက်ကို ကျွန်တော် ဘယ်သို့ သုံးသပ်သင့်သည်ဟူ၍ပင် မပြောတတ်တော့ပါ။

မှန်ပါသည်။

တစ်ခါတစ်ရံ ပန်းချီပြခန်းဖွင့်၍ စီးပွားရှာစားနိုင်သောခေတ်ပင် ကုန်သွားပြီလားဟု ထင်မြင်စရာရှိ၏။

ဥပမာအဖြစ် တင်ပြပါမည်။

ယနေ့ မြန်မာပန်းချီဆရာအချို့မှာ ရိုးရိုးပန်းချီရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမပြုလိုကြတော့။ ပန်းချီလည်း ရေး...ပန်းချီကုန်သည်လည်းလုပ်မည်ဟူသောစိတ်ကူးမျိုး ရှိနေကြ၏။ ဤစိတ်ကူးမျိုးရှိသူများကိုပင် အုပ်စုနှစ်စု ခွဲလိုက်နိုင်သေး၏။

ပန်းချီဆရာအချို့က ပန်းချီရေးရန် အခန်းရှာငှားပြီး ထိုအခန်း၌ပင် ပန်းချီရေး... ထိုအခန်း၌ပင် သူတို့ပန်းချီကားကို ရောင်းနိုင်ရန် ကြိုးစားနေသည်။ ဤသည်မှာ ပထမအုပ်စု...။

ပန်းချီဆရာအချို့က ခင်မင်သူအချင်းချင်းငွေစု၍ ကိုယ်ပိုင်ပန်းချီ ပြခန်းများကိုတည်ထောင်ပြီး မိမိတို့ရေးသော ပန်းချီကားများကို မိမိတို့ကိုယ်ပိုင် ပန်းချီပြခန်း၌သာ ရောင်းကြမည်။

ဤသည်မှာ ဒုတိယအုပ်စု...။

အုပ်စုနှစ်ခုလုံး၏ စိတ်ကူးများမှာ မဆိုးပါ။

အောင်မြင်နိုင်ပါသည်။

အောင်မြင်ကြပါစေဟုလည်း ကျွန်တော်ဆုတောင်းသည်။

သူတို့အောင်မြင်သောခေတ်သို့ ရောက်လာခဲ့လျှင်တော့ ကျွန်တော်ကဲ့သို့သော ပန်းချီကုန်သည်များလည်း မြန်မာနိုင်ငံ၌ ရှိစရာမလိုတော့ဘူးပေါ့ခင်ဗျာ။

ကျွန်တော်တို့ ငွေရှာစားရန်အတွက် အခြားအလုပ်သစ်တစ်ခုခုကို စဉ်းစားရတော့မည်။

လောလောဆယ်တော့ စောင့်ကြည့်နေရဦးမှာပေါ့ခင်ဗျာ။

ဤသို့ ဈေးကွက်ပြောင်းလဲလာခဲ့ရသည်မှာလည်း အကြောင်းမဲ့မဟုတ်ပါ။

အကြောင်းအမျိုးမျိုး ရှိပါသည်။

အဓိကအကြောင်းကတော့ ငွေရင်းရှိသူ မြန်မာအချို့က မြန်မာပန်းချီကားများကို ရင်းနှီးမြှုပ်နှံမှုအနေနှင့် ဝယ်ကြမည်ဟူသော စိတ်ကူးမျိုးပေါ်ခဲ့ကြသည့်အတွက် ဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း(လေသူရဲတစ်ဦး)**